သတ္တမမြောက်

ကျော်အောင်စံထားဆရာတော်ကြီး


# အရှင်ဝါယာမာဘိဝံသ

၏

# ဗုဒ္ဓဂါယာ

[illegible]ဘုရားမှတ်တမ်း

# အဓိဋ္ဌာန်ကျင့်စဉ်ကျမ်း



ရှင်သည် အရှင်အာနန္ဒာကို "အာနန္ဒာ . . ဖယ်လော့ ငါဘုရား၏ ရှေ့မှာ မရပ်တည်လာလင့်" ဟု မိန့်တော်မူ၏၊

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . နာဠာဂီရိဆင်သည် ရှန့်ရင်း ကြမ်းတမ်းလှ၏၊ လူကိုသတ်၏ ကမ္ဘာဖျက်မီးနှင့်တူ၏၊ ရှေးဦးစွာ အကျွန်ုပ်ကို နင်းသတ်ပြီးနောက်မှ အရှင်ဘုရားထံသို့ လာရောက်ပါစေ" ဟု အရှင်အာနန္ဒာက ပြန်ကြားလျှောက်ထားလေသည်။ သုံးကြိမ်တိုင်တိုင် မြတ်စွာဘုရားရှင်က တားမြစ်မိန့်ကြား ပါသော်လည်း ရပ်မြဲရပ်၍နေလေ၏၊ မဖယ်သွားချေ၊ ထိုအခါ မြတ်စွာဘုရားရှင်သည် အာနန္ဒာကိုမြော၍ မရ သည့်အဆုံး၌ တန်ခိုးတော်ဖြင့်ဖယ်စေ၍ ရဟန်းတို့အကြား၌ ထားယူရလေသည်၊

## သားသည်မိခင်တစ်ယောက်၏ ဖြစ်ပုံ

ထိုစဉ်၌ သားသည်မိခင်မိန်းမတစ်ယောက်သည် နာဠာဂီရိဆင်ကို မြင်တွေ့ရ၍ သေဘေးမှကြောက်လန့် ကာ ပြေးသွားရှာလေသော် ရင်ခွင်ဖြင့်လွယ်ပိုက်လာခဲ့လသော သားငယ်ကိုနာဠာဂီရိဆင်နှင့် မြတ်စွာဘုရားရှင် တို့၏ အကြား၌ စွန့်ပစ်ချထား၍ ပြေးသွားလေ၏၊

နာဠာဂီရိဆင်သည် ထိုမိန်းမကိုလိုက်၍ မမှီသည့်အဆုံး၌ ပြန်လှည့်လာပြီး သူငယ်၏ ဟနီးသို့ သွားပြန် လေ၏၊ ထိုအခါ သူငယ်သည် သည်းထန်စွာ အော်ဟစ်ငိုကြွေးလေ၏၊ မြတ်စွာဘုရားရှင်သည် နာဠာဂီရိဆင်ကို သီးဆန့်ရည်ညွန်း ပွိုသအစ်သည့် ဩဒိဿမေတ္တာတော်ဖြင့် ဖြန့်၍ အလွန်ချိုမြိန်သော ဗြဟ္မာမင်းအသံတော်ဖြင့်-

"အိုနာဠာဂီရိ . . သင့်ကို အရက်တစ်ဆယ့်ခြောက်ဖိုးတိုက်၍ မူးယစ်အောင် ပြုကြသည်မှာ အခြားသူကို ဖမ်းယူသတ်ဖို့ ပြုလုပ်ကြသည်မဟုတ်၊ စင်စစ်သော်ကား ငါဘုရားကို ဖမ်းယူသတ်ဖြတ်ဖို့ရန် ပြုလုပ်ကြလေသည်၊ အကြောင်းမဲ့ ခရီးသွားများကို ပင်ပန်းစေကာ မလှည့်လည်ပါလင့်၊ ငါဘုရားရှိရာ ဤအရပ်သို့သာ ဖြောင့်ဖြောင့် လာခဲ့ပါလော့" ဟု မိတ်ခေါ်တော်မူလိုက်၏၊

နာဠာဂီရိ ဆင်ကြမ်းကြီးသည် မြတ်စွာဘုရား၏ ချိုမြိန်လှစွာသော စကားတော်ကို ကြားရလျှင် မျက်စိ နှစ်မွှင့် လင်းလင်းပွင့်၍ မြတ်စွာဘုရား၏ ရူပကာယ အဆင်းတော်ကို ဖူးမြော်ရ၍ ထိတ်လန့်သံဝေဂ ရရှိကာဘုရား တေဇော် အာနုဘော်တော်ကြောင့် အရက်မူးကင်းပျောက်ပြီးလျှင် နှာမောင်းကိုအောက်သို့ တွဲခွဲချလျှက် နားနှစ်ဖက် တို့ကို တဖျတ်ဖျတ် လှုပ်ရှားကာ မြတ်စွာဘုရားရှင်ထံသို့ လာရောက်၍ ခြေတော်ရင်း၌ ဝပ်စင်းလေ၏တော့၏၊

ထိုအခါ မြတ်စွာဘုရားရှင်သည် နာဠာဂီရိ ဆင်ကို "နာဠာဂီရိ . . သင်သည် တိရစ္ဆာန် ဆင်ဖြစ်ချေသည်၊ ငါကား ဘုရားတည်းဟူသော ဆင်မင်းဖြစ်ချေသည်၊ ဤအချိန်မှစ၍ ရှန့်ရင်းသူ ကြမ်းတမ်းသူ၊ လူသတ်သူမဖြစ် စေလင့်၊ သတ္တဝါခပ်သိမ်းတို့၌ မေတ္တာနှင့်ယှဉ်သော စိတ်ကို ရအောင် ကြိုးကုတ်အားထုတ်လော့" ဟု မိန့်တော်မူ၍ လက်ျာအတ် လက်တော်ကိုဆန့်တန်းလျှက် ဆင်၏ဦးခေါင်း၌ သုံးသပ်ကိုင်တွယ်တော်မူကာ -

မာတုဥ္စရနာဂမာသဒေါ၊ ဒုက္ခံဟိကုဥ္စရနာဂမာသဒေါ၊

နဟိ နာဂဟတဿ ကုဥ္စရ သုဂတိ ဟောတိ ဣတောပရံယတော၊

နာဠာဂီရိမည်တွင် တိုတိရစ္ဆာန်ဆင်၊ ဒုစရိုက်စုမကောင်းမှုမပြု ရှင်းရှင်း ငါဘုရားတည်းဟူသောဆင်မင်းသို့ သတ်လိုသော စိတ်ရင်းဖြင့် မချဉ်းမကပ်လာလင့်၊ နာဠာဂီရိမည်တွင် တိုတိရစ္ဆာန်ဆင်၊ ဗုဒ္ဓနာဂအမည်ရ ငါဘုရားသို့ သတ်လိုစိတ်ရင်း ချဉ်းကပ်ခြင်းသည်ဆင်းရဲဖြစ်ကြောင်း၊ မကောင်းမှုသာတည်း။ ထိုစကားမှန်ပြား၏၊ နာဠာဂီရိ

မည်တွင် ဇာတိရွာနက်ဆင်၊ ဗုဒ္ဓနာဂတဝင်ရသား၊ ဝါတုရားကို ထိပ်ပါးပုတ်ခတ် သတ်ဖြတ်လိုစိတ်ရှိသောသူ၏ အနီးရှာ၊ ဝဋ္ဋဖူးနှုတ်တဝမ့်၊ တမလွန်သော လောကပိုတဝသို့ ဟုတ်ဖြတ်ကြွေသွားရလေသည်ရှိသော် လူ့ရပ် နတ်ရွာ ကောင်းရာသုဂတိသည် တစိုးတစိမဖြစ် မရှိနိုင်ချေ။

မာဓမခေါ်မာဓပမောခေါ်၊ နပဟိ ပမတ္တဘုဝတ် ဝဇ္ဇိကော။

ထွဋ်ေဥ တထာ ကနိုဿသိ၊ ယေနတွဲ သုဂတိ ဂမိဿသိ။

နာဠာဂိရိမည်တွင် ဇာတိနိရွာနက်ဆင်၊ ဝါတကားဟု ဝါကြွားဆိုညစ် မာန်မယစ်လင့်၊ ကုသိုလ်ဆယ်ပွင့် သင်မစေ့လျော့လင့်၊ အကြောင်းကား၊ ကုသိုလ်ဆယ်ပါး မင်္ဂလာတရား၌ စိတ်အားဖြင့် မေ့ပေါ့လျော့ကြကုန်သော ဦးမည်ဦးမြူ ထိုသူတို့သည် လူ့ရပ်နတ်ရွာ ကောင်းရာသုဂတိသို့ မလားမရောက်ကြကုန်၊ အကြင်ကုသိုလ်ကောင်းမှု ဖြင့် သင်သည် လူ့ရပ်နတ်ရွာကောင်းရာ သုဂတိသို့လားရောက်ရလတ္တံ့၊ သင်သည်သာလျှင်၊ ထိုကောင်းမှုကို မြဲရပေလတ္တံ့၊ သုန့်ကို ကုသိုလ်ကောင်းမှုပြုမှု သုဂတိသို့သင်ရောက်လိမ့်မည်ဟု ဆိုလိုသည် ဟူ၍ တရားဟောတော် မူလေသည်၊ နာဠာဂိရိဆင်မင်း၏ တကိုယ်လုံးအကြားမလပ် နှစ်သက်ခြင်းပီတိဖြင့် တွေ့ထိအပ်လေသည်၊ အတယ်၍ဖြား တရိစ္ဆာန်မဟုတ်ခဲ့လျှင် ထိုနေရာမှာပင် သောတာပတ္တိဖိုလ်သို့ ရောက်လေရာ၏။

လူအပေါင်းတို့သည် တန်ခိုးပြာဋိဟာကို မြင်ကြရ၍ ပွဲတင်ထပ်မျှ ကောင်းကြီးပေးကြလေ၏၊ လက်ပန်း ပေါက်ခတ်ကြကုန်၏၊ အလွန်ဝမ်းမြောက်ကြကာ အထူးထူးသော တန်ဆာတို့ကို ဆုလာဘ်အဖြစ်ပစ်ချကုန်၏၊ ထိုတန်ဆာတို့သည် ဆင်တကိုယ်လုံး ဖုံးအုပ်လုမတတ် ဖြစ်ကုန်၏၊ ထိုအချိန်မှစ၍ နာဠာဂိရိဆင်သည် 'ဓနပါလ ဆင်' ဟူ၍ အမည်တွင်လေသည်၊ တထူးအားဖြင့် ထိုဓနပါလဆင်ကို ဆုံးမသော အစည်းအဝေး တရားပွဲ၌သတ္တဝါ အပေါင်း ရှစ်သောင်းလေးထောင်တို့သည် အမြိုက်ရည်ကို သောက်သုံးပြဲရလေသည်။

မြတ်စွာဘုရားရှင်သည် ဓနပါလဆင်မင်းကို ငါးပါးသီလ၌ တည်စေတော်မူ၏၊ ဆင်မင်းသည် မိမိ နှာမောင်းဖြင့်မြတ်စွာဘုရားခြေတော်၌ မြေမှုန့်တို့ကို တယုတယ ဖွေ့ယူကာဦးခေါင်းထက်၌ ဖြန့်ကြလျက် ပုဆစ် တုတ်လျက်သား နောက်သို့ ဆုတ်လေ၏၊ မြတ်စွာဘုရားရှင်ကို နောက်ဆုံးမြင်လောက်ရာအရပ်၌ ရပ်တည်ပြီးလျှင် တစ္ဆတသေ ရှိခိုးလျှက် မိမိ၏ ဆင်တင်းကုတ်သို့ ဝင်လေ၏၊ ထိုအချိန်မှ အစပြုကာ အလွန့်အလွန်ယဉ်ကျေးသော ဆင်သုံးတော်ကောင်းကြီးဖြစ်ကာ တသက်လုံးတဦးတစ်ယောက်ကိုမျှ ညှင်းဆဲမှု မပြုတော့ပြီ။

မြတ်စွာဘုရားရှင်သည် စိတ်နှလုံး အလိုပြည့်ရကား "စုပုံနေသော တန်ဆာ ဥစ္စာများသည် ပစ်လွှင့်သူ ဥစ္စာရှင်တို့လက်သို့ အသီးသီးရောက်စေသော်" ဟု အဓိဋ္ဌာန်တော်မူပြီးနောက် "ယနေ့ ဝါတုရားသည် ကြီးစွာသော တန်ခိုးပြာဋိဟာကို ပြအပ်လေပြီ၊ သို့ရကား ရာဇဂြိုလ်မြို့တွင်း၌ ဆွမ်းခံလှည့်လည်ရန် မသင့်လျော်တော့ချေ" ဟု ဆင်ခြင်တော်မူ၍ တိတ္ထိတို့ကို နှိမ်နင်းတော် မူပြီးလျှင် စစ်အောင်နိုင်သော မင်းမြတ်ပမာရဟန်း၊ အပေါင်း ခြံရံလျက် ရာဇဂြိုလ်ပြည်မှ ဝေဠုဝန်ကျောင်းတိုက်သို့သာ ပြန်ကြွတော်မူလေသည်။ မြို့သူမြို့သား လူအပေါင်း တို့သည် များစွာသော စားဖွယ်၊ သောက်ဖွယ်၊ ခဲဖွယ်တို့ကို ယူဆောင်ကြကာ ဝေဠုဝန်ကျောင်းတိုက်သို့ သွားရောက် ကြပြီးလျှင် ကြီးစွာသောအလှူဒါနကို ဖြစ်ကြစေကုန်၏၊ ထိုအခါ လူတို့သည် -

ဒဏ္ဍောနေကောဝမေယန္တို၊ အတုံ့ထေယျံတသာဟိစ။

အာဒေဿနအသဒ္ဒေန၊ နာဂေါဒဏ္ဍောမဟေသိနာ။

ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ အချို့သော ဆရာများတို့သည် သံဆူးတပ်နှံ၊ တုပ်လျှင်တန်ဖြင့် လည်းကောင်း၊ လှံချွန်းတောင်း လတ်နက်ကောင်းတို့ဖြင့် လည်းကောင်း၊ ကြိမ်လုံးတို့ဖြင့်လည်းကောင်း။ နှိပ်နှက်ထိုးဆွအကြမ်း နည်းဆုံးမကြကုန်၏၊ သုံးလူ့ထွတ်ထား မြတ်ဘုရားကမူ သံဆူးတပ်နှံ တုတ် လှံမကိုင်မပါဘဲ၊ သတ်ဖြတ်နှိပ်စက် တစ်စုံတစ်ရာ လတ်နက်မပါဘဲ နာဠာဂိရိ ဆင်မင်းကို မေတ္တာရေချမ်းတို့ ဖျန်း၍အကြမ်းဟူသမျှ ပြောက်စေဆုံးမ တော်မူ တပ်ပြီ။

ဤဝိတိဂါထာကို ဝမ်းမြောက်ဝမ်းသာ သီဆိုကြလေသည်။

နာလန္ဒာကျောင်းတော်ရာကြီးအဲ့တေးထပ်

ဝေဘာတုံစံတမျှ မဂ္ဂဓလသေဘင်းကျော်၊ နာလန္ဒာကျောင်းတော်မှာ အပေါင်းနော်လူနှင့် ပြတ္တာ နတ်ဝေနေယျာကို၊ ပြေမောင်ဘူးတို့အခွင့် ဆယ့်ခုနစ်ပြောက်သည့်ငါမှာ ရောက်လှည့်ခါဆိုမြင့် မောက်ပြည့်စွာ၊ ဖြတ္တစိုးမွှင့်ပါလို့ဖိုးသ ဿဆင့် မင်ဥာဏ်။ ။ ရေကြေ ဘဝဝါဘုရားရယ်က၊ ညာသနား အွှတ်တယ်တဲ့တဲ ။ ။ အယာဗွားဝဋ်နတ်စံထွေ၊ ကျွတ်လွယ်ရန် ဓေသနာညှိပါလို့၊ ဆေရ်သာရိပုတ္တရာအရှင် ရှပ်မရကာတွင်။ ။ ချုပ်အဝနိဗ္ဗာန်ဝင်သည်၊ နှိပ်စံမွှင့်ဌာနတွဲ့လေး ။ ။

၁၃၁၇ ခု၊ ပြာသိုလဆုတ်သုံးရက်၊ တနလာ (၁၉၅၆- ဇန်နဝါရီ ၃၀ ရက်)

နံနက် (၅) နာရီအချိန် ရာဇဂြိုလ်မှ ဘတ်(စ်)ကားဖြင့်သွားရာ မြောက်ဘက် (၁၆) မိုင်ခန့် ဘိဟာမြို့သို့ ရောက်သည်၊ (၃၂) မိုင်ခန့်မှာ ရထားလမ်းဆုံး ဘတ္တိယပူရမြို့ ဝိဿာခါကျောင်းအမကြီးဖွားရာဒေသရောက်သည်။ ဘတ္တိယပူရမှ အနောက်ဘက် ဝင်္ဂါမြစ်တမ်းအလိုက် မိုင် (၃၀) လောက်သွားလျှင် ပါတနားခေါ် ပါဋလိပုတ်မြို့ကြီးသို့ ရောက်သည်၊ ကားခ နှစ်ကျပ်လေးပဲကျ၏၊ သီရိဓမ္မာသောကမင်းကြီး၏ နေပြည်တော်ဖြစ်၏၊ ယခုထက်တိုင် စည်ကားလျှက်ရှိသည်။ စီးလာသောကားကို ဟိန္ဒူဓမ္မသာလာ တိုက်ခရပ်တခုတွင် ရပ်နိုင်းပြီး တည်းခိုနားနေသည်၊ ညနေလေးနာရီလောက်ရောက်၏၊ နောက်တနေ့ ပြာသိုလ်လဆုတ် လေးရက် အင်္ဂါနေ့တွင် မြင်းလှည်းတကျပ်ရှစ်ပဲ ပေး၍အသွားအပြန် ငှားရမ်းပြီး ခရီးနှစ်မိုင်ခန့်ဝေးသော တတိယ သင်္ဂါယနာတင်သည့်နေရာ အသောကာရာမ ကျောင်းတိုက်ကြီးသို့ရောက်သည်၊ ရေတိုင်ကြီးအနီး၌ လုံးပတ်ရှစ်ပေခန့်ရှိသော တတိယသင်္ဂါယနာတင် အထိမ်းအမှတ် စိုက်ထူထားသော ကျောက်တိုင်ကြီးကို မိစ္ဆာဝါဒီကုလားများက ချိုးဖွဲ့ ဖျက်ဆီးထားသဖြင့် အလျား ခေသးငါးတောင်ခန့် တုံးလုံးလှဲနေသည့်ပြင် အခြားအကျိုးအအက်များကိုလည်း တွေ့မြင်ရ၏၊ ရပ်နေရာ၏ အရှေ့ဘက် ပေတရာခန့်တွင် မုခ်ပေါက် ရှစ်မျက်နှာရှိ စေတီကြီးတဆူကို တွေ့ရ၏၊ ထိုစေတီကြီးမှာ သစ်ပင်တော ချုံများတွေဖုံးအုပ်နေသဖြင့် ခပ်ဝေးဝေးကကြည့်လျှင် မျှပုတ်ကြီးဟုထင်ရ၏။

ထိုစေတီကြီးအနီးနားတွင်လည်း စေတီပျက်များတောင်းကုန်းတမျှ ဖြစ်နေကြသည်ကိုလည်း တွေ့မြင်ရ၏၊ ထိုစေတီများနားတွင် သုဝတောင်းချက်ဂါထာ (၃၀)ပတ်စိပ်ပြီး ဘုရားဖူးခဲ့၏၊ ထိုစေတီ ပျက်များမှ ကုလားကလေး

ငါးယောက်တို့ ထွက်လာပြီး ကျွန်ုပ်ကိုလက်တုပ်ချီပြီးရပ်နေကြ၏။ ပုတီးစိတ်ပြီးလျှင် သူတို့ကို အမှုဝေ၍ ငါးယောက်တို့ ထွက်လာပြီး ကျွန်ုပ်ကိုလက်တုပ်ချီပြီးရပ်နေကြ၏။ ထို့နောက်ဂုဏ်းနေရာ၏ အရှေ့မြောက် တစ်မိုင်ခန့်တွင် သီရိမင်္ဂလာသောတမင်းကြီး၏ ကုသိုလ်တော်ကြီးကြယ်ခန်းနား ထို့နောက်ဂုဏ်းနေရာ၏ အရှေ့မြောက် တစ်မိုင်ခန့်တွင် သီရိမင်္ဂလာသောတမင်းကြီး၏ ကုသိုလ်တော်ကြီးကြယ်ခန်းနားသော စာတိုက်ကြီးသင်္ချာန် မှန်ဝရုစ်ပေါက်နှင့် ရေတွင်းဟောင်းကြီးတစ်ခုကို တွေ့ရ၏။ ဂုဏ်းအနီးပေ (၂၀၀) ခန့်တွင် မိဖုရားကြီး စံနန်းတော်ဟောင်း တိုက်ပျက်ကြီးတစ်ခုရှိ၏။ ဂုဏ်းနန်းတော်ပျက်ကြီးကို ကုလားများက လမ်းပိတ်ထားပြီး သူတို့ဘာသာနှင့် ဆိုင်သောအဆောက်အဦး ပြုလုပ်ထား၏။ ဝင်ခွင့်မရချေ။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံတွင် သာသနာကိုဆည်းကပ် ကိုးကွယ်သော မင်းအဆက်ဆက်တို့ ရှိကြရာ သီရိမင်္ဂလာသောတမင်းကြီးသည် ဘုရားသခင် ဝါဆိုတော်မူရာ မြို့ရွာ ဌာနများနှင့် သာသနာတော် အဆောက်အဦးကြီးများကို အမှတ်အသားအဖြစ် ကျောက်စာတိုင်ကြီးများ အနိုင် အခန့် စိုက်ထူထားခဲ့လို့သာ ရှာဖွေရာတွင်သဲလွန်စများ ရရှပေ၏။ သို့မဟုတ်ပါက ဘုရားသခင် မည်သည့်နေရာ ဖွင့်တော်မူ၍ မည်သည့်ဌာနများကို ဝါဆိုသီတင်းသုံးတော်မူသည်များကို မမှန်းဆနိုင်လောက်အောင် ညှိုးငယ်စွာ ဖြစ်ကြပေလိမ့်မည် နှစ်ပေါင်းတစ်ထောင်ကျော်ခန့်က သာသနာတော် အဆောက်အဦးများကို ယုတ်မာသော တုလားမိစ္ဆာတို့ ဖျက်ဆီးခဲ့ကြရာ တလုံးစုံ မပျက်စီးနိုင်၍ အချို့သော အဆောက်အဦးများ မြေကြီးတောချုံတို့ဖြင့် မလွှမ်းဖုံးသေးမီအချိန်က တရုတ်ပြည်မှ ဗုဒ္ဓဘာသာဝင် တရုတ်ဘုန်းတော်ကြီးဖာဟီယန်သည် အိန္ဒိယပြည်သို့ ဟိမဝန္တာ ခေါင်တန်းကြီးများကိုဖြတ်၍ ကုန်းလမ်းဖြင့်လာရောက်ပြီး ဘုရားများဖူးမြော်စဉ်က တွေ့ကြုံဖူးမြင် ခဲ့သော ခရီးစဉ်မြေပုံများကို တရုတ်ပြည်ရှိ ပိဋကတ်တိုက်တွင်ထားရာ ကျောက်စာဖတ်ဆိုင်ရာတ သွားရောက် ကူးယူပြီးလွန်ခဲ့သော နှစ်ပေါင်းခုနစ်ဆယ်ကျော်ခန့်မှစ၍ ရှာဖွေတူးဖော်လျှက် ရှိနေသဖြင့် ဤမွန်မြတ်သောဘုရား သခင် ဝါဆိုတော်မူရာ ကျောင်းတော်ရာကြီးများ စေတီတော်ကြီးများကို တွေ့မြင်ဖူးမြော်ကြရပေ၏။

ထို့ကြောင့် သီရိမင်္ဂလာသောတမင်းကြီးနှင့် ဇုတိယဗုဒ္ဓဘာသာ တရုတ်ဘုန်းတော်ကြီး ဖာဟီယန်တို့ကို အလွန်ကျေးဇူးတင်ထိုက်လှပေ၏။ ကျေးဇူးအထူးလည်းတင်ပါ၏။ ထို့ပြင် အိန္ဒိယကြေးမုံကျမ်းကြီးကို စီစဉ် ရေးသားသော ရခိုင်ပြည်သား ဆရာတော်ကြီး ဦးကဝိန္ဒကိုယ်တော်အား လည်းကောင်း၊ ဗုဒ္ဓဝါဆိုတော်စဉ်စာအုပ်ကို ရေးသားသော ရန်ကုန်မြို့ (၂၂) လမ်း၊ တိုက်နံပါတ် (၁၁၄)မှ ဦးအောင်ပန်းအားလည်းကောင်း၊ ကျေးဇူးတင်ထိုက် လှပေ၏။ နောက်တနေ့တွင် ပါတနားမြို့ တည်းခိုသော တိုက်ဇရပ်မှမြင်းရထား ၈ ရှစ်ပဲပေး၍ ငှားစီးပြီး ခရီးနှစ်မိုင် ဝေးသည့် ဝင်္ဂါမြစ်ဆိပ်တွင်ကမ်း ဒီဂါဂဘူတာသို့သွားရာ ခရီးတမိုင်ကျော်ရောက်သောအခါ ပါတနားမြို့နှင့်ဆက်စပ် လျှက်ရှိသော ဘန်ကီပူမြို့တွင် တည်ထားသော သီရိမင်္ဂလာသောတမင်းကြီး၏ သဗ္ဗါဓောထက်သန်လှသဖြင့် မိမိ ကိုယ်တို အဝတ်ပတ်လျှက် ဆီမွှေးတို့ဖြင့်လိမ်းကျံပြီး မီးရှို့လှူသော မဟာစေတီကြီးကို ဝင်ရောက်ဖူးမျှော်၏ ပါလာသော ဖယောင်းတိုင် အမွှေးတိုင်များကိုပူဇော်၍ သုဂတော (၅)ချက် ပုတီး(၃) ပါတ်စိတ်၏ ပုတီးစိတ်နေစဉ် သာရုဓေါ်လံများကြားရ၏။ မေတ္တာပို့ အမျှဝေပြန်လာပြီးနောက် ဒီဂါဂဆိပ်ကမ်းသို့ ဆက်လက်သွားရာ ခရီးမိုင် (၅၀) ဝေးသော မုစ်ဖားပူရီမြို့သို့ မီးရထား လက်မှတ်ဝယ်ယူလျှက် ဂုဏ်းဆိပ်ကမ်းမှ ကော်မိုရန် သင်္ဘောသို့ဆင်း ၍ (၃) မိုင်ကျယ်သော ဝင်္ဂါမြစ်ကိုကူးသွား၏။ တစ်ဖက်ကမ်းရှိ ဝလေဇာဆိပ်သို့ ရောက်သောအခါ သင်္ဘောမှဆင်း၍ ဆွန်ပူရဘူတာတွင် မီးရထားသို့ ပြောင်းရမည် မီးရထားက ထားသောသင်္ဘောဖြစ်၍ သင်္ဘောခမပေးရချေ။ ဆွန်ပူရ

ဘုတာမှ နှလ်ဖားဘုတာသို့ ရောက်သောအခါ မီးရထားမှဆင်း၍ ဘုတာနှင့် တစ်မိုင်ဝေးသည့် ဘာလ်ဂါတ် ဆေးဝါးဆရမ်း(ဝ်) ခေါ်သော ဟိန္ဒူဓမ္မသာလာတိုက်ရေပ်ကြီးသို့ မြင်းလှည်းငှားစီး၍ တည်းခိုရ၏၊ တစ်ညအိပ် နားနေပြီးနောက် တနေ့တွင် -

၁၃၀၇-ခု၊ ပြာသိုလဆုတ် (၅) ရက်ဗုဒ္ဓဟူး (၁၉၄၆၊ ဖေဖော်ဝါရီလ ၀ ရက်) နံနက် (၆) နာရီတွင် ကားတစီး (၁၂) ကျပ် ပေး၍ ငှားပြီး မုဇရပ်ဖားပူရဆိမြို့မှ (၂၁) မိုင်ဝေးသော ယခုအခေါ် သဏ္ဍတဘာသာဖြင့် ဘေဆာ(လ်)လဝ် ဝေသာလီမြို့သို့ သွား၏၊ မြို့ဟောင်းသို့ ရောက်သောအခါ ကျောက်စာဘုတ်က တူးဖော်ထားသော ဗုတ်နန်းတော်ရာကြီးကို လှည့်လည်ကြည့်ရှုပြီးလျှင် ကားနှင့် ဆက်လက်၍ အရှေ့တရပ်သို့ သွားသောအခါ ၁မိုင်ကျော်ကျော်တွင် ရွာတစ်ရွာ၏ အနီးတွင် ဘုရားသခင်ငါးကြိမ်မြောက် ဝါဆိုတော်မူရာ ကူဋာဂါရ အစည်ရှိ ဝါသိကာရုံကျောင်းတော်ရာ ကုဋေကာရစေတီတော်ကို ဖူးမျှော်၍ သုဂတော (၅)ချက်ပုတီး(၃)ပတ်စိတ်၏၊ ပြီးလျှင် စေတီတော်နှင့် ပေတစ်ရာကျော်ခန့်တွင် တာဠာသောကမင်း ဒုတိယသင်္ဂါယနာ တင်တော်မူသော နေရာအထိမ်း အမှတ်ထိမ်မျှားက ခြင်္သေ့ရုပ်ကြီးဝပ်လျက် အမြင့်ပေ (၄၀) ကျော်လုံးပတ် (၁၂) ပေခန့် သီရိဓမ္မာသောကမင်းကြီး စိုက်ထူထားသော ကျောက်တိုင်ကြီးကို အဟောင်းပကတိ အတိုင်းတွေ့မြင်ရ၏၊ ထိုမှ ကူတာဂါရစေတီတော်ကို လှည့်လည်ကြည့်ရှုဖူးမျှော်ရာတွင် မြတ်စွာဘုရား သခင်သည် အာယု သင်္ခါရလွှတ်တော်မူရန် မာန်နတ်အား ခွင့်ပြုတော်မူပြီးနောက် ဤနေရာမှ ဝေသာလီပြည်သို့ စိမ်းစိမ်းကြည့်တော်မူပြီးလျှင် ညီတော်အနန္ဒာ အား "ငါဘုရားသည် ဝေသာလီပြည်ကို နောက်ဆုံးကြည့်ခြင်း" ဟု မိန့်တော်မူရာ ဌာနဖြစ်သဖြင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးအား အထူးအောင့်မေ့ တမ်းတမိ၏၊ ထိုနေရာကို ရှေးဆရာများက တေးထပ်ဖြင့် ဖွဲ့ဆိုထား သည်မှာ -

ဝါသိကာရုံကူဋာဂါရ-စေတီတော်ဘွဲ့တေးထပ်

ဝေသာလီမိုပ်ကနတ်၊ ဟိတ်သဘာက်ကြမ်းထွေ၊ ပရိတ်ဇက်မန်းရေကို၊ ဖျန်းမွှေကာပယ်လှင့်။ ။ ဘုံပြသာဒ် ရေစ်ဆာဝယ် မြတ်ဓမ္မာ-ဟောပြတ်ကြူဖွင့် ။ ပဥ္စမ-မြတ်ဝါတော်ကို၊ ကတ်ခါနေဘ်ဆိုမှုင့်။ နတ်ရွာခေါ် ဟိုဇာဆင့်ဆီသို့ ပိုထတင်းပြန့်လွှင်၊ ခရမ်းစုံ- လောင်မည်ဟပ်သလို ရောင်ခြည်ဓါတ်၊ ထုးလွန့်အမြိုင်းပြောင်ကြည် လျှံ မြူကွန့်ဆိုင်သည်၊ ဖူးညွန့်စိုင် ဘဝဂါပ်နီးရယ်တ၊ အမတာလမ်းဖွင့်တဲ့ မြေညီဆင့်ချဲစေတီ၊ မြင့်အတွဲ၊ မွှေသနီကို ချွေဝစ် ပန်းညွှတ်တိုလေး ။ ။

နန်းတော်ဟောင်း နေရာကို ရာဂျာဘ်ဆယလ်တဝဟန် ဟုခေါ်သည်၊ ၎င်းဝေသာလီမြို့မှ ပြန်လာရာ ဘုံဝေး တည်းခိုဇရပ်သို့ ရောက်၏။ ဘုရားသခင် (၄၅) ဝါ နောက်ဆုံးဝါဆိုတော်မူရာ ဗေလုဝရွာသို့ မြင်းလှည်းငှား ပြီး ထွက်လာခဲ့ရာ ဗေတိယရွာသို့ ရောက်သည်။ ၎င်းရွာမှ ၈နောက်မြောက် ခရီးဆယ်မိုင်ခန့်တွင် လောတ်သိယ ရွာသို့ ရောက်သည်၊ ၎င်းရွာ၏အနီးတွင် နောက်ဆုံးဝါဆိုတော်မူရာ ကျောင်းတော်ကိုရှာဖွေရာ ဘောခံများ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသော ကုန်းမြေရောင်ရောင် မြေကွက်ပေါ်တွင် ကျောက်တိုင်ငုတ် နှစ်တောင်ခန့်ကို သာတွေ့ရ၏၊၎င်းကျောက်တိုင်မှာ သီရိဓမ္မာသောကမင်းကြီး အထိမ်းအမှတ်အဖြစ် စိုက်ထားသော ကျောက်တိုင်

ဖြစ်ပေ၏၊ မိစ္ဆာများ ဖျက်ဆီးပစ်ထားသည်။ ရင်းကျောင်းတော်ရာ စံနေရာတွင် ဘုရားကိုအာရုံပြုပြီး သုဂတော (၅)ချက် (၃) ပတ်စိပ်ပြီး ပူဇော်ခဲ့၏ (၃၀) တိုသားတို့အားလည်း အမျှဝေခဲ့၏။ ဝေဠုဝကျောင်းတော်ရာမှ ပြန်လာခဲ့၏။

၁၃၁၇-ခု၊ ပြာသိုလဆုတ် (၆) ရက် ကြာသပတေးနေ့ (၁၉၅၆၊ ဖေဖော်ဝါရီ ၂ ရက်) နံနက် (၆)နာရီ အချိန် မူဇာပူမြို့မှ ခရီး (၁၆)မိုင်ဝေးသော မဟာဝါလ်ဘူတာသို့ မီးရထားစီးလာခဲ့၏၊ ဘုရားသခင်ဘုံကြိမ် မြောက်ဝါ၊ ဆယ့်ရှစ်ကြိမ်မြောက်ဝါ၊ ဆယ့်ကိုးကြိမ်မြောက်ဝါ သုံးဝါဆိုတော်မူရာ စာလိယတောင်သို့ တုလား သူဌေးတစ်ဦး၏ဆင်တစီးကို အသွားအပြန် ငွေတဆယ်ပေး၍ မဟာဝါလ်ဘူတာ မြောက်ဖက်ခရီးဆယ်မိုင်ခန့် ဝေးသော စာလိယ ယခုအခေါ် ဇူလိတောင်သို့ ရောက်သောအခါ ဆင်ကို တောင်ခြေတွင်ထားပြီး တောင်ပေါ် တက်သွားရာတွင် မို့မို့မောက်မောက် ကုန်းပြင်ဖြစ်နေသော စေတီပျက်သင်္ချာန်တစ်ခုကိုတွေ့ရ၏၊ အုတ်ကျိုး အုတ်ပဲ့များ ကျောက်ပြားအကျိုးအပဲ့များကို လည်းတွေ့ရသည်၊ ရင်းနေရာတွင် ဘုရားကိုရည်မှန်းပြီး သုဂတော (၅)ချက်ပုတီး (၃) ပတ်စိတ်၏၊ ဘုရားရှင်ပုံတော်ကို ဖူးမြင်ရ၏၊ ရင်းတောင်ကြီးမှာ သစ်ပင်ကြီးငယ် အသွယ်သွယ်တို့ ပေါက်ရောက်စိမ်းလန်းစိုပြေနေကြ၏၊ ငှက်ပေါင်း စုံတို့သည်လည်း ဖူးမြော်နေကြပေ၏။ ရင်းတောင်ပေါ်မှ ပြန်ဆင်းလာပြီး မြင်းလှည်းစီး၍ ဝေသာလီတည်းခိုရပ်သို့ ပြန်လာခဲ့၏။

၁၃၁၇-ခု၊ ပြာသိုလဆုတ် (၇) ရက်နေ့ သောကြာနေ့ (၁၉၅၆၊ ဖေဖော်ဝါရီ ၃ ရက်)

နံနက် (၆)နာရီ ဝေသာလီမှ ပါတနားသို့ပြန်လာပြီး ပါတနားမှ ညနေ (၆)နာရီ ဗာရာဏသီမြို့သို့ မီးရထားဖြင့် ခရီးထွက်ခဲ့သည်၊ နောက်တနေ့နံနက် ဗာရာဏသီမြို့သို့ရောက်သည်၊ ဘူတာမှ မြန်မာဘုန်းတော်ကြီး ဦးနန္ဒဝံသကျောင်းကို ကားဖြင့်သွား၍ တည်းခို၏၊ ကားခတစ်ကျပ် ပေးရ၏၊ ဗာရာဏသီမြို့အဝင်မှာ ဂင်္ဂါမြစ်ကို ဖြတ်ကျော်ထားသော ကားရထားကူးရန် နှစ်ထပ်တံတားကြီးရှိ၏၊ အလွန်ကြီးကျယ်ပေ၏၊ ပြာသိုလဆုတ် (၉) ရက်၊ တနင်္ဂနွေနေ့ ကားစီး၍ မိဂဒါဝုန်သို့သွား၏၊ ကားခတစ်ကျပ်ပေးရ၏၊ မိဂဒါဝုန်တောသည် ဘုရားသခင် ပဥ္စဝဂ္ဂီတို့အား ဓမ္မစကြာတရားဦးကို ဟောကြားရာတောကြီးဖြစ်၏၊ ဗာရာဏသီမြို့မှ မြောက်ဘက် ခြောက်မိုင် လောက်ဝေး၏၊ မိဂဒါဝုန်တောအလည် ဘုရားသခင် ဓမ္မစကြာဟောတော်မူသော နေရာ၌ အသောက မင်းတရားကြီး တည်ထားသော စေတီတော်ကြီးသည် မိစ္ဆာများဖျက်၍ ပျက်စီးခဲ့လေသည်၊ ဘိနပ်တော်မျှသာ ကျန်တော့သည်၊ ဓမ္မစကြာစေတီတော်၏ အရှေ့ဘက်ပေ (၃၀၀)ခန့် ဘုရားရှင် အနတ္တလက္ခဏသုတ်ကို ဟောတော်မူရာ၌ တည်ထားသော ဓမ္မရာဇိကစေတီတော်ကြီး ရှိသေး၏၊ လုံးပတ်တော် အတောင်(၁၉၀)၊အမြင့် (၅၅) တောင်လောက်ရှိ၏၊ မုခ်ဝရှစ်မုခ်ရှိ၏၊ ကျောက်အုပ်များဖြင့် တည်ထား၏။ ဓမ္မစကြာစေတီတော်၏ နှစ်ဖာလုံ ခန့်အလို ကားလမ်း၏ လက်ယာဘက်တွင် ကျောက်သာနှီစေတီတည်ရှိ၏၊ ဘုရားရှင် ကြွလာတော်မူလာသည်ကို ပဥ္စဝဂ္ဂီတို့ ကြိုဆိုတွေ့ကြရာ၌ တည်ထားသော စေတီကြီးဖြစ်၏၊ ယခု ဒုတ်တိုကြီးဖြစ်နေ၏။ ထိုအပေါ် မီးပြတိုက် တလေး ပြုလုပ်ထား၏။

အသောကကျောက်တိုင်သည် ဓမ္မစကြာစေတီတော်၏ မြောက်ဘက်နားမှာရှိ၍ ကျိုးနေ၏၊ အမိုးအကာ နှင့်ပြုလုပ်ထား၏၊ ဓမ္မစကြာစေတီတော်ကြီး၏ ပတ်ဝန်းကျင်မှာ ရဟန္တာများ၏ ကျောင်းတော်ရာများ တည်ရှိ၏။

တူးဖော်ထားသော တိုက်ကျောင်းတော်ရာကြီးများ များစွာတွေ့ရှိရ၏၊ ရဟန္တာများကျောင်းတော်ရာ၊ နန္ဒိယသူကြွယ် ကျောင်းတော်ရာ၊ ကုမာရကဿပ၏ ကျောင်းတော်ရာ၊ ရေမြောင်းနှင့် သမင်များ၊ ဓါတ်တော်တိုက်ကြီး၊ တောမိပင်နှင့် အာလိန်ငါးဆင့်၊ တရုတ်ဘုရားကျောင်း၊ ဟိန္ဒူဘုရားကျောင်းပြတိုက်ကြီးတို့ကို ကြည့်ရှုပြီး အောက်ပါအတိုင်း မှတ်သားလာခဲ့၏။

နန္ဒိယကျောင်းတော်ရာသည်၊ ဓမ္မစကြာစေတီတော်၏ မြောက်ဘက်ပေ (၃၀၀) လောက်မှာရှိ၏၊ တူးဖော်ထားသော အခန်းပေါင်းများစွာရှိ၏၊ ကုမာရကဿပကျောင်းတော်ရာသည် နန္ဒိယသူကြွယ်ကျောင်းတော်ရာ၏ အနောက်ဘက်တပ်လျှက် တည်ရှိ၏၊ အခန်းပေါင်းများစွာရှိ၏၊ ရေကန်၊ မြောင်းနှင့် သမင်များမှာ ဓမ္မစကြာ စေတီ၏ အရှေ့မြောက်ဘက်ပေ -၂၀၀လောက်မှာတည်ရှိ၏၊

ဓာတ်တော်တိုက်ကြီးသည် ဓမ္မစကြာစေတီ၏ အရှေ့ဘက်၊ ပေ-၂၅၀ လောက်မှာရှိ၍ တိုက်တွင်းမှာ ရုပ်ပွားတော်နှင့် ပန်းချီဆေးရေးထားသော ရုပ်များရှိ၏၊ သီဟိုဠ်ဘုန်းတော်ကြီး ဦးစီးပြုလုပ်ထား၏၊ တောမိပင်နှင့် အာလိန်ငါးဆင့်မှာ ဓါတ်တော်တိုက်၏ အရှေ့မြောက်ဘက်နားရှိ၏၊

တရုတ်ဘုရားကျောင်းသည်၊ ဓါတ်တော်တိုက်၏ အရှေ့ဘက်ပေသုံးရာလောက် ကားလမ်း၏ လက်ဝဲလက်မှာ တည်ရှိ၏၊ အတွင်းမှာ ဗုဒ္ဓဝင်ပန်းချီကားများ၊ ဘုရားရုပ်ပွားတော်ကြီးရှိ၏၊ ဟိန္ဒူဘုရားကျောင်းသည် ဓမ္မစကြာ စေတီ၏ တောင်နားမှာရှိ၏၊ ရုပ်ပွားရုပ်လုံးပန်းချီကားများရှိ၏၊ ပြတိုက်ကြီးသည် ဓမ္မစကြာစေတီ၏ အရှေ့ တောင်ဘက် ကားလမ်း၏ လက်ယာဘက်ကွေ့ထဲမှာ တည်ရှိ၏၊ ရှေးဟောင်းပစ္စည်းများ ပြထား၏၊ ဘုရားရုပ် တော်မှုကြီးလည်းရှိ၏၊ ဝင်ကြည့်ရာ နှစ်ပဲပေးရ၏၊ ကျောက်ထီးကြီးလည်းရှိ၏၊ ထိပ်ဝ (၇) တောင်ခန့်ရှိ၏၊ အားလုံးကြည့်ရှုလေ့လာပြီး မိဂဒါဝုန်ဆရာတော်ကြီး ဦးကိတ္တိကျောင်းတည်းပြီး ဓမ္မစကြာစေတီတွင် တနေ့ (၁၀၀) ပတ်နှင့် အဓိဋ္ဌာန်(၃) ရက်သာဝင်၍ သုဂတော (၅) ရက် အဓိဋ္ဌာန်စိပ်၏၊ သုဂတော (၅)ရက် အဓိဋ္ဌာန်ပုတီး စိပ်ရာ၌ သုဂတော တပုဒ်ကိုတလုံးချပြီး (၅) ပုဒ်ကို (၅)လုံးချ၍ စိပ်၏၊ ထို့ကြောင့် (၂) နာရီလောက် စိပ်လျှင် (၁၀၈) ပတ် တောင်းတောင်းပြီး၏၊ နေ့ဆွမ်းစားပြီး နေ့ (၁၁) နာရီလောက်တ စိပ်လျှင်နေ့ပိုင်း (၂)ရက်ပြီး၍ ပရိတ်များ၊ ဂါထာမန္တာန်များရွတ်၏၊ ညနေ (၅) နာရီလောက်ပြီး၏၊ ညနေ (၅)နာရီ အချိန်မှစပြီး ဓမ္မစကြာ ဘုရားသက်တော်အရ ၈၀ ကြိမ် ရွတ်ဖတ်ပူဇော်ရန် အဓိဋ္ဌာန်ပြီးရွတ်တော့၏၊

. ဓမ္မစကြာရွတ်ပုံမှာ သိတ္တန်ပဠ္ဌဝင်္ခိနံ၊ (လ) ဓမ္မစက္ကံဘဂဝတာမဟေ ဟူသော ဥယျောဇဉ် ဂါထာသုံးပုဒ်ကို တစ်ခေါက်ရွတ်၏၊ ဧဝံမေသုတံ၊ ဧကံသမယံ၊ ဘဂဝါဗာရာဏသိယံဝိဟာရတိမှစ၍၊ ယံကိဉ္စိသမုဒယ ဓမ္မံ- သဗ္ဗံတံ- နိရောဓ ဓမ္မန္တိတိုင်အောင် အကြိမ်ရှစ်ဆယ် ရွတ်ဖတ်ပူဇော်၏၊ နောက်ဆုံး ရှစ်ဆယ်တစ်ကြိမ်မြောက်တွင် ဥယျောဇဉ် ဂါထာသုံးပုဒ်မှစပြီး (လ) ဥပသမ္ပဒါအပေက္ခာသိတိုင်အောင် ရွတ်ဖတ်ပူဇော်၏၊ အနတ္တလက္ခဏ သုတ်တော်မှာတော့၊ ဥယျောဇဉ် ဂါထာနှစ်ပုဒ်မှစ၍ ပဥ္စဝဂ္ဂိယာနံသိတ္တန္တံ အမူဒါယအာသဝေဟိစိတ္တာနိ ဝိမုစ္စိံသုတိုင်အောင် အစအဆုံး-၈၀- ရှစ်ဆယ့်တစ်ခေါက် ရွတ်ဖတ်ပူဇော်၏၊ မြန်မြန် မရွတ်ပဲနှင့် မှန်မှန် ရွတ်ဖတ်ပူဇော်၏၊ ညနေ (၅) နာရီခွဲတ ရွတ်ဖတ်ပူဇော်ရာ နောက်တနေ့နံနက် (၄)နာရီခွဲမှ ပြီးတော့၏၊

၁၃၁၇- ပြာသိုလ်လဆုပ် (၁၀)ရက်၊ တနင်္လာနေ့ (၁၉၅၆၊ ဖေဖော်ဝါရီ ၆ ရက်)

နံနက် (၄)နာရီခွဲမှပြီး၍ ရှုတ်ဖတ်ပူဇော်နေစဉ်တွင် တွေ့ကြုံရသော သဘောတရားများမှာ အောက်ပါအတိုင်း ဖြစ်၏၊ ဓမ္မစကြာ(၃)ခေါက် ရွတ်ပြီးလျှင် တောင်းကင်မှ နှင်းဖွဲ့ကလေးများ ကျလာကြ၏၊ ဓမ္မစကြာ ပြီးဆုံးသည့်တိုင်အောင်ကျနေ၏၊ နောက်တစ်ခေါက်ရွတ်လျှင် အဖြူရောင်တိမ်တိုက်ကြီးက ဓမ္မစကြာဘုရားပုံစံလို ဖြစ်နေ၏၊ အကျွန်ုပ်က ထိုဓမ္မစကြာဘုရားပုံ တိမ်တိုက်အလည်က ဓမ္မစကြာရွတ်နေလျှက်ရှိ၏၊ ထိုဘုရားပုံ တိမ်တိုက်ကြီးအတွင်းမှ တဖြည်းဖြည်း နတ်ပုံများ ပေါ်လာနေကြ၏၊ ဖြူ နီ၊ ပြာ၊ ဝါ တောက်ပြောင် ထိန်လက်နေသော အရောင်များဖြင့်ပေါ်လာကြ၏၊ နတ်သမီးများလည်း ပေါ်လာကြ၏၊ ထူးဆန်းသောအချက်က အိန္ဒိယ တိုင်းသားဝတ်စုံများဖြင့်တစ်မျိုး၊ ဗမာပန်းချီဆရာများရေးသော နတ်သားနတ်သမီးပုံများကတစ်မျိုး၊ အင်္ဂလိပ်၊ အမေရိကန်ဝတ်စုံတို့ဖြင့် အမျိုးမျိုးဖြစ်နေကြ၏၊ အားလုံး ဗမာပန်းချီဆရာ ရေးထားသော နတ်ခေါင်းဆောင်းများ ဆောင်းထားကြ၏၊ အားလုံး တူညီတာကခေါင်းဆောင်းများဖြစ်ကြ၏၊ အကျွန်ုပ်ကို လက်အုပ်ချီပြီး ကျွန်ုပ်ရွတ်သော ဓမ္မစကြာကို နာယူနေကြ၏၊ အချိန်က ည (၁၀) နာရီလောက်ရှိ၏၊ ညတစ်နာရီမှာ ဓမ္မစကြာရှစ်ဆယ်တစ် ခေါက်ပြီးတော့၏၊ အနတ္တလက္ခဏာသုတ် စရွတ်တော့၏၊ နတ်များပျောက်ကွယ်သွားကြ၏၊ ဖြူသောအရောင် များဖြင့် မကိုဋ်ကုလဲ အဖြူရောင် ဆောင်းထားကြသော နတ်ဗြဟ္မာများပေါ်လာကြပြန်၏။ တည်ငြိမ်အေးချမ်းစွာ မတ်ထပ်ရပ်လျှက်လက်အုပ်ချီပြီး နားနေကြ၏၊ အာရုက်တက်သည့်တိုင်အောင်နာယူနေကြ၏၊ နံနက် (၄) နာရီခွဲလျှင် မေတ္တာပို့အမျှဝေ၏၊ သာဓုခေါ်သည့်ပြီး ပုံတင်ထင်သွား၏၊ ပြီးလျှင် ဗြဟ္မာများလည်း ပျောက်ကွယ် သွားကြ၏၊ ကျွန်ုပ်လည်း ခေတ္တမှေးအိပ်လိုက်တော့၏၊ နံနက်လင်းတော့ အဝတ်ဖြူနှင့် လူကြီးတစ်ယောက်က လာနှိုး၏၊ ထိုနှိုးလာသောလူကြီးက ဆံတုံးကြီးနှင့်ဖြစ်၏၊ အကျွန်ုပ်လဲ ထပြီး ရေတော်ကပ်ထားသော သပိတ်ကို ယူ မျက်နှာသစ်၍ ရေထမ်းပြီးဘုရားကို ရည်မှန်းကာ ဖယောင်းသုံးတိုင်၊ အမွှေးတိုင် (၃) တိုင်ပူဇော်လျှဒါန်း ပရိတ်ယူ၍ သုဂတော (၅)ချက်၊ အဓိဋ္ဌာန်ပုတီး ၁စိပ်မီ မှတ်တမ်းရေးလိုက်၏၊

၁၃၁၇-ခု၊ ပြာသိုလဆုပ် (၁၁) ရက်၊ အင်္ဂါနေ့ (၁၉၅၆၊ ဖေဖော်ဝါရီ ၇ ရက်)

နံနက် (၆)နာရီခွဲ အဓိဋ္ဌာန်ပုတီးစစိပ်၏၊ နှစ်ရက်မြောက်ဖြစ်၏၊ နံနက် (၁၀) နာရီ (၁၅) မှာ အဓိဋ္ဌာန် ပုတီးပြီး၍ ဂါထာမန္တာန်များဆက်စိပ်၏၊ နေ့ (၁၁) (၃၀)၌ ခေတ္တနားပြီး သပိတ်ဖုံးတွင် ထည့်လှူထားကြသော သစ်သီးများစား ရေသောက်ပြီး အဓိဋ္ဌာန်ပုတီးဆက်စိပ်၏၊ နေ့ (၃) နာရီမှာ ဂါထာမန္တာန်များပြီး၍ ပရိတ်များ ရွတ်ဖတ်ပူဇော်နေ၏၊ ဓမ္မစကြာဘုရား ရင်ပြင်ကြီးကနေပူနေ၍ မြောက်ဖက်ရိပ်သည့်နေရာမှာ ဓမ္မစကြာ စေတီရှိရာဘက် အာရုံပြုပြီး ရွတ်ဖတ်နေ၏၊ ညနေ (၄)နာရီခွဲမှာ ရေချိုးသွား၍ ရင်ပြင်အလယ်မှာထိုင်၍ ရွတ်ဖတ်ပူဇော်နေ၏၊ ညနေ (၅) နာရီ (၁၅) တွင်ပြီး၍ ဓမ္မစကြာအဓိဋ္ဌာန်စတော့၏၊ ဓမ္မစကြာအဓိဋ္ဌာန် စရွတ်လျှင် အမွှေးနံ့သာများ သင်းပျံ့နေ၏၊ ဓမ္မစကြာ (၁၀) ခေါက်လောက်ရွတ်ပြီးတ တော်တော်မှောင်၏ အမှောင်ထဲတွင် အဖြူ အဝါ၊ အပြာ၊ အစိမ်း၊ အလင်းရောင် (၂)တောင်လောက်အမြင့်ရှိသော အတန်းလေးများက ရှာထောင်ချီရှိနေ၏၊ ထို့ကြောင့် ကျွန်ုပ်ပတ်ဝန်းကျင် လင်းနေ၏၊ မီးရောင်စုံကဲ့သို့ ဖြစ်နေ၏၊ ရောင်စုံရှက်ပြာ၍ နေသောကြောင့် မျက်စိမှိတ်၍ ရွတ်ဖတ်ပူဇော်နေ၏၊ တစ်ခေါက်ပြီးတိုင်း လက်အုပ်ချီကန်တော့၏၊

ဘုရားကိုမလွှတ်တမ်း အာရုံပြုပြီး ရှုတ်နေ၏၊ နောက်ထပ် (၁၀) ခေါက်လောက်ရလျှင် တကိုယ်လုံးကြွတက်သွားသည်ဟု ထင်ရ၏၊ ကျွန်ုပ်က မျက်စိမဖွင့်ပဲ ရှုတ်နေ၏၊ နေရာတစ်ခုရောက်ပြီး ရှုတ်ဖတ်ပူဇော်နေသည်ဟု သိနေ၏၊ မျက်စိကိုအလင်းရောင်များက ထိုးလွှန်းနေ၍ဖွင့်ပြီး ရှုတ်လိုက်၏၊ ဓမ္မစကြာစေတီ နေရာမဟုတ်ပဲ မြအတိပြီးသော ကျောက်ဖြာကြီးပေါ်ထိုင်လျှက်ရှုတ်နေ၏၊ ပတ်ဝန်းကျင်က နတ်ဗြဟ္မာများလည်း ကျွန်ုပ်ကို ဖြီရှုလျှက်လက်အုပ်ချီ နာယူနေ၏၊ ကျွန်ုပ်လည်း ဓမ္မစကြာကိုသာ အာရုံပြု အထူးနှလုံးသွင်း၍ ရှုတ်ဖတ်ပူဇော်နေ၏ အခေါက်ရှစ်ဆယ်ရောက်လျှင် နာရီကြည့်တော့ (၁၂) နာရီခွဲနေ၏၊ ဘာမှမချန်ပဲ အစအဆုံးရှုတ်လိုက်၏၊ ပြီးလျှင် အနတ္တလက္ခဏာသုတ် စရှုတ်ဖတ်ပူဇော်တော့၏၊ ထိုအခါ ထိုင်ခွင်းမြသားကြီးမှ ဘော်သာစွာရောင်အပြင်ကြီးပေါ် ရှုတ်ဖတ်ပူဇော်ပြန်၏၊ ရှုတ်ချည်းပြောင်းလဲသွား၏၊ ရောင်စုံနတ်ဗြဟ္မာများ မဟုတ်တော့ပဲ ပတ်ဝန်းကျင် တစ်ခုလုံး ဗြဟ္မာများသာဖြစ်နေတော့၏၊

ထိုအာရုံများကို ဖျောက်ပြီး အနတ္တလက္ခဏာသုတ်တော်ကိုသာ အထူးအာရုံပြုပြီး ပီပီပြင်ပြင် ပြတ်ပြတ်သားသား နာရော်ဘွယ်ဖြစ်အောင် ရှုတ်ဖတ်ပူဇော်နေ၏၊ တစ်ကြိမ်ပြီးတိုင်း တစ်ကြိမ်ပြီးတိုင်း လက်အုပ်ချီပြီး ကန်တော့၏၊ ကျွန်ုပ်ကန်တော့တာမြင်တော့ ဗြဟ္မာများကလဲ ဦးသုံးကြိမ်ချ ကန်တော့နေကြ၏၊ ကျွန်ုပ်ကလည်း ထိုအာရုံတွေကို ဖျောက်ပြီးအထူးအာရုံစိုက်ပြီး ရှုတ်ဖတ်ပူဇော်နေ၏၊ အိပ်ခြင်စိတ်၊ ညောင်းညာစိတ်၊ ထုံကြင်တဲ့ သဘောများမပေါ်လာဘဲ ရှုတ်လို့အထူးအာရုံလာ၍ အလွန်ပီတိဖြစ်ပြီး ရှုတ်ဖတ်ပူဇော်နေရ၏၊ သို့နှင့်ဝင် (၈၀) ကြိမ်ပြီး၍ (၈၁) ကြိမ်မြောက် ရှုတ်ဖတ်ပူဇော်နေ၏၊ ပဋ္ဌာန်ပွဲယာနံ၊ ဘိက္ခုနီ၊ အနုပါဒါယ-အာသဝေဟိစိတ္တာနိ၊ ဝိမုစ္စိသုံးလဲရောက်ရောဓမ္မစကြာရင်ပြင်ကော်ပေါ်ပြန်ရောက်နေ၏၊ နာရီကြည့်လိုက်တော့(၄)နာရီ(၄၀) ဖြစ်နေ၏၊

မေတ္တာပို့ အမျှဝေ၍ ခေတ္တအနားယူ မှေးနေလိုက်၏၊ ဝတ်မြူနှင့် လူကြီးတစ်ယောက်လာနိုး၍ နိုးလာ၏၊ နာရီကြည့်လိုက်တော့ နံနက် (၆)နာရီခွဲနေ၏၊ ထပြီးကိုယ်လက်သန့်ရှင်း ကျောင်းသွား ရေတော်ခပ်တပ်ပြီး ပရိတ်ယူ သုဂတော ငါးချက် ပုတီးစိပ်ရန် ဖြစ်ပြီးမှတ်တမ်းရေးလိုက်၏၊

၁၃၀၇-ခု၊ ပြာသိုလ်လဆုပ် (၁၂) ရက် ဗုဒ္ဓဟူးနေ့ (၁၉၅၆၊ ဖေဖော်ဝါရီ ၈ ရက်)

နံနက် (၇) နာရီမှစ၍ပုတီးအဓိဋ္ဌာန်စိပ်ရန် ပရိက်ယူပြီး ကမ်ဋ္ဌာန်စိပ်တော့၏၊ ဓမ္မစကြာစေတီဘိနပ်တော် ရင်ပြင်အလယ်မှာ ထိုင်စိပ်၏၊ ပုတီးစိပ်လို့ (၂၇) ပတ်လောက်ရလျှင် ကျွန်ုပ်ရှေ့ ရေတော်တပ်ထားသော သပိတ်တေးယာဘက်အဖုံးထဲတွင် ကုလားမလေး (၃) ယောက်က ဂုတ်ဖျော၊ သရက်၊ လိမ္မော်သီးများနှင့်ငွေများ ထည့်လှူသွား၏၊ ကျောင်းတလည်း ဆွမ်းထုပ်လာပို့သွား၏၊ ကျွန်ုပ်ပုတီးကိုသာ စိပ်နေ၏၊ ပုတီးပါတ် (၁၀၈) ပတ်ရလျှင် နေ့(၁၁)နာရီ (၂၀) ရှိနေ၍ဆွမ်းစားပြီးနေရိပ်သော နေရာကထိုင်ပြီး ပုတီးစိပ်ရန် စောင့်ကြည့်သောအခါ ဓမ္မစကြာ ဘုရား ဘိနပ်တော် အနောက်ဘက်ကပ်လျှက် ဝါးရုံပင်ကြီးတွေ့၍ တယ်ဆန်းပါလား ငါပုတီးစိပ်တာ ဒီတနေ့နှင့် (၃) ရက်ရှိပြီ ဒီအပင်ကိုမတွေ့ရ ဒီကနေ့မှ တွေ့ရ၏၊ ငါ့အတွက် ပုတီးစိပ်ရန် တစ်နေ့လုံးအတွက် အရိပ်ရတာသဲ ဆိုပြီး ဝါးရုံပင်ကြီးအောက် သွားစိပ်နေတော့၏၊ ညနေ(၅)နာရီ (၁၅)မိနစ်တွင် ဂါထာမန္တာန်များလဲ စိပ်ပြီး ပရိတ်တော်များလဲကာ ဓမ္မစကြာသုတ်ရှုတ်ဖတ်ပူဇော်ရန် ပရိက်ယူအဓိဋ္ဌာန်ပြု၍ ဓမ္မစကြာရှုတ်ဖတ်ပူဇော်တော့၏၊ ဓမ္မစကြာ ဘိနပ်တော်အပြင်မှရှုတ်၏၊ ဓမ္မစကြာရှုတ်တာ တကြိမ်ပြီးသည်နှင့် တပြိုင်နက် ကျွန်ုပ်ဦးခေါင်းအထက်

(၁၅) တောင်တွာလောက်တနေ ဖြူဖွေးဝင်းလက်နေသော အထပ် (၉) ထပ်ရှိသော မျက်နှာကျက်ကြီး စေ့စေ့ကြာ ထောင်တွာလောက်တနေ ဖြူဖွေးဝင်းလက်နေ၏၊ တအေးမှုတ်များကလည်း တသဝ်းသင်းလှိုင်ကြိုင်နေ၏၊ နတ်များက စေတီအဝန်းအဝိုင်းအပြည့် မိုးတုပ်လျှက် ရှိနေ၏၊ တမျှော်မှုတ်များကလည်း တသင်းသင်းလှိုင်ကြိုင်နေ၏၊ စေ့စေ့ကြာကိုသာ တထူးတာရှုစိုက်၍ ရွတ်ဖတ် စေ့စေ့ကြာတရားတော်ကို ပူဇော်ကြတာ ဖြစ်မှာဘဲလို့ တောက်စမှုပြီ၊ စေ့စေ့ကြာကိုသာ တထူးတာရှုစိုက်၍ ရွတ်ဖတ် စေ့စေ့ကြာတရားတော်ကို ပူဇော်ကြတာ ဖြစ်မှာဘဲလို့ တောက်စမှုပြီ၊ စေ့စေ့ကြာသုတ်တော်ထဲ အာရုံ စူးစိုက်နေ၏၊ ပုတီးကိုင်၍ စေ့စေ့ကြာတသုတ်လုံးဆုံးလျှင် တလုံးချ၍ ရွတ်ပင်၏၊ စေ့စေ့ကြာသုတ်တော်ထဲ အာရုံ စူးစိုက်နေ၏၊ ပုတီးကိုင်၍ စေ့စေ့ကြာတသုတ်လုံးဆုံးလျှင် တလုံးချ၍ ရွတ်ပင်၏၊ စေ့စေ့ကြာရွတ်တာ ရောယ်ပြီး ရွတ်နေတော့ညောင်းညာမှန်းလဲမသိ ထုံကျဉ်ကိုက်ခဲခြင်းလဲမပေါ် ဖြစ်နေ၏၊ စေ့စေ့ကြာရွတ်တာ ရောယ်ပြီး ရွတ်နေတော့ညောင်းညာမှန်းလဲမသိ ထုံကျဉ်ကိုက်ခဲခြင်းလဲမပေါ် ဖြစ်နေ၏၊ တစ်ဝတ်တချိန်တွင် ငှက်ပေါင်းစုံမြည်သံများကြားရ၏၊တိရစ္ဆာန်ပေါင်းစုံတို့၏ တသံလည်းကြားရ၏၊လမ်းလျှောက် ပြီးရွတ်ရန် မျက်စိဖွင့်ကြည့်လိုက်တော့ နဂါးကိုယ်လုံးများဖြင့် ဝိုင်းရံပတ်နေကြ၍ လမ်းလျှောက်လို့ မဖြစ်သဖြင့် ထိုင်လျှက် ဆက်ရွတ်ဖတ်ပူဇော်နေ၏၊ သို့နှင့် စေ့စေ့ကြာ (၁၀၈) ခေါက်ပြီးလျှင် နာရီကြည့်၏၊ ည (၁) ချက် ထိုးနေ၏၊ အနတ္တလက္ခဏာသုတ်စရွတ်ပြန်၏၊ တစ်သုတ်ဆုံးသည်နှင့်တစ်ပြိုင်နက် တနက်ကစါန်ထီးဖြူများ၊ စေတီ အဝန်းအဝိုင်းအပြည့်ဖွင့်လျှက် စိုက်ထူထားကြ၏၊ အနတ္တလက္ခဏာသုတ် (၁၀၈) ခေါက်ပြီးဆုံးသည်နှင့် တပြိုင်နက် မျက်နှာကျက်ရော ထီးဖြူများပါ ပျောက်ကွယ်သွားပြီး သာစုခေါ်သံပဲ့တင်ထပ်သွားတော့၏၊

၁၃၁၇-ခု ပြာသိုလ်လဆုတ် (၁၃) ရက်၊ ဗုဒ္ဓဟူးနေ့ (၁၉၅၆၊ ဖေဖော်ဝါရီ ၉ ရက်)

အစီဌာန်ပြီး၍ နံနက် (၆)နာရီအချိန် အာရုံဆွမ်းစားပြီး တရားကာသီမြို့ ကန်တိုမင်ဘူတာမှ လက်မှတ်ခံ၍ မီးရထားဖြင့် (၁၃၈) မိုင်ဝေးသော ကုသိနာရုံသို့သွားရာ (၁၄)ရက်နေ့နံနက် ကြာသပတေးနေ့ (၆) နာရီမှိုးသား ဘူတာသို့ရောက်၏၊ ရင်းမှ တားဖြင့် (၂၂) မိုင်ဝေးသော ကုသိနာရုံသို့ နံနက် (၁၀) နာရီ ရောက်ရောက်၏၊ ကုသိနာရုံစေတီ၏ မြောက်ဘက်ဦးစန္ဒာမုနိရခိုင်ဘုန်းတော်ကြီးကျောင်းတွင် တည်းခို၏၊

နေ့ဆွမ်းစားပြီး ကုသိနာရုံ စေတီတော်ကိုဖူးသည်၊ထိုကုသိနာရုံစေတီတော်သည် ပရိနိဗ္ဗာန်စံရာ၌ တောစော မိတ်လောင်ရာမှ ဓါတ်တော်များကို ဒေါနပုဏ္ဏား ခွဲဝေပေးရာတွင် မလ္လာမင်းတို့အတွက်ရသော ဓါတ်တော်များကို ဌာပနာ၍ တည်ထားသော စေတီတော်ကြီးဖြစ်သည်၊ နောက်မှ ဆရာတော် ဦးစန္ဒာမုနိထပ်မံပြုပြင်ထား၏၊ ဉာဏ်တော်အမြင့် (၉၂) ပေခွဲ လုံးပတ် (၁၇၀) ရှိ၏၊

ကုသိနာရုံ စေတီတော်ကြီးရှေ့ အာရုံခံဘုတ်တိုက်တန်ဆောင်းအတွင်း ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး တောစော မိတ်လောင်မီ မလ္လာမင်းတို့၏ အမတ်ကြီးဟန်ဓုလကမိုင်းစေရှက်အရ မာလာရဏ္ဍာသား ဒေဝဆုရခေါ် တျောက်ဆစ် သမားက ပုံတော်အတိုင်းထုလုပ်ခဲ့သည်ဟု အဆိုရှိ၏၊ ထိုပုံတော်တန်ဆောင်းသည် ကုသိနာရုံစေတီတော်ကြီး၏ အနောက်ဘက်ကပ်လျှက်ရှိ၏၊ ဉာဏ်တော် (၁၄)တောင်ခန့်ရှိ၍ အနောက်ကိုမျက်နှာမူပြီး မြောက်သို့ ဦးခေါင်း ပြုလျှက်တည်နေတော်မူ၏၊

ရဟန္တာကျောင်းတော်ရာများသည် စေတီတော်ကြီး၏ ပတ်လည်မှာ တည်ရှိကြ၍ ကျောက်စာဌာနမှ တူးဖော်ထားသော ရှေးဟောင်းတိုက်ပျက်ကြီးများရှိကြ၏၊ ရှေးက အင်ကြင်းဥယျာဉ်တော်သည် ယခုအခါ လူမှုအင်ကြင်းပင်ငယ် သုံးပင်ခန့်သာရှိ၏၊ ယင်းတိုက်ပင်၊ သပြေပင်၊ ညောင်ပင်များသာ အများအပြားရှိနေတော့ ၏၊ ရေကြည်တော်သုံးဆောင်သော နေရာဌာနသည် စေတီတော်မှ အနောက်တောင်ဘက် တိုက် (၃၀၀) ခန့်

ဝေးသော ကားလမ်းတွေ့မှာတည်ရှိ၏။ ဘုတ်တိုက်ငယ်တလုံးနှင့် အတွင်းမှာ ဆင်းတုတော်တဆူ ရေကန်များ ရှိ၏၊ ရင်းရှပ်ပွားတော်ကို မတကုမာရ ဘုရားဟု၍ ခေါ်ကြ၏။

မကုဋဗန္ဓာစေတီတော်သည် ဘုရားရှုပ်အလောင်းတော် တေဇောခါတ်လောင်သောနေရာ၌ တည်ထားသော စေတီတော်ကြီးဖြစ်၏၊ ကုသိနာရုံ စေတီတော်မှ အရှေ့ဘက် တစ်မိုင်ခန့်အကွာ ဝထမဝင်လာသော ကားလမ်း မြောက်ဖက်မှာ တည်ရှိပေ၏။ ယခု ပြိုပျက်နေသည်၊ အခြားသော အဆောက်အဦးများမှာ မထာတောမိအသင်း တိုထ် ဘုရားဖူးများ တည်းခိုရန် တိုက်ခရပ်များစွာရှိပေ၏၊ ကျွန်ုပ်သည် အားလုံးကြည့်၍ မှတ်သားပြီး ရှိနိုင်ထုန်းတော်ကြီးဦးစန္ဒာမုနိကျောင်းပြန်ပြီး ဆရာတော်ကို ကုသိနာရုံစေတီမှာ အဓိဋ္ဌာန် (၃)ရက် ဝင်မည့် အကြောင်း လျှောက်ထားပြီး ယနေ့ညနေ (၅) နာရီမှစ၍အဓိဋ္ဌာန်ဝင် ပုတီးစိပ်တော့၏။

ပြာသိုလကွယ် အဖိတ်နေ့ဖြစ်၍ လမိုက်သောညဖြစ်၏၊ လမ်းမီးနှင့် ဘုရားမီးရှိနေ၍ အလင်းရောင် တောင်းနေ၏၊ သုဝဏ္ဏ(၅)ချက်ဂါထာ ယနေ့ညတွင် ဘုရားဝါတော်အရ (၄၅) ပါတ် အဓိဋ္ဌာန်ပြီးစိပ်၏၊ ပုတီးပါတ် (၃၀) ရလျှင် ည (၁၀)နာရီ ထိုးနေ၏၊ သူခြေတိတ်ဖြစ်၏၊ ဘုရားရုပ်ပြင်တော် လမ်းလျှောက်စိပ်ပြန်၏၊ တောင်းတင်မှ လေးတောင်လောက် အလင်းရောင်များ တခုပြီးတစ်ခု ကျလာ၏၊ ကျွန်ုပ်က လမ်းလျှောက်ပြီ လျှောက်ပြီးစိပ်နေ၏၊ ရုပ်ပြင်တော်တစ်ခုလုံး အလင်းရောင်များ ပြည့်သွား၏၊ ကျွန်ုပ်လမ်းလျှောက်သော နေရာလောက်သာ ကျန်တော့၏၊ ပုတီးလေးပါတ်လောက်ရတော့ အလင်းရောင်များက နတ်ပုံများ ဖြစ်သွားကြ၏၊ ကျွန်ုပ်လမ်းလျှောက်သောဘက် ဦးညွှတ်၍ လက်အုပ်ချီနေကြ၏၊ ပုတီးခြောက်ပတ်ရလျှင်၊ စေတီတော်ရှေ့တွင် ပြန်ထိုင်စိပ်၏၊ နတ်များကလည်း ကျွန်ုပ်ထိုင်သောဘက် လှည့်ပြီးဦးညွှတ်နေကြပြန်၏၊ ဖြူနီပြာဝါ စိန်မောင်း ရောင်ခြည်တော်များသည် စေတီတော်ကြီးကိုယ်လုံးတော်မှတပြတ်ပြတ်နှင့် ကွန့်မြူးနေ၏၊ ကျွန်ုပ်က ရောင်ခြည် တော်များကို အာရုံပြုပြီး စိပ်နေ၏၊ ပုတီး(၄၅)ပတ်ရသည့်တိုင်အောင် ရောင်ခြည်တော်များ ကွန့်မြူးနေတုံးဖြစ်၍ နတ်များကတော့ မရှိကြတော့ပေ၊ နာရီကြည့်တော့ (၀)နာရီနှင့်မိနစ် (၅၀) ရှိနေ၏၊ ဆက်ပြီး ဂါထာမန္တာန်များ စိပ်၏၊ နံနက် (၄) နာရီထိုးလျှင် အားလုံးပြီး၍ မေတ္တာပို့ အမျှဝေ၍ ခေတ္တမှေးလိုက်၏၊ နံနက် (၆)နာရီခွာနီးလာ၏၊ ကျွန်ုပ်ရှေ့က ရေတော်ကပ်ထားသော သပိတ်ကရေများ မရှိတော့ဘဲ ဆွမ်းများ၊ ပဲကြော်များ သပိတ်ထဲရောက်နေ၏၊ ဘယ်အချိန်လာထည့်သွားသည်မသိ၊ သို့နှင့် ကျွန်ုပ်မျက်နှာသစ်ရန် ကျောင်းသွား၊ ကိုယ်လက်သန့်ရှင်းပြီး ဆွမ်းများ ဘုရားကပ် သပိတ်ဖုံးထဲရေတော်ထည့်ကပ်ပြီး ပရိတ်ယူပြီး မှတ်တမ်း ရေးလိုက်၏။

ခ၃၁၇-ခု၊ ပြာသိုလကွယ်၊ ကြာသာပတေးနေ့ (၁၉၅၆၊ ဖေဖော်ဝါရီ ၁၀ ရက်)

ပုတီးအဓိဋ္ဌာန်စိပ်၏။ ပုတီးပါတ် (၃၀) ရလျှင် နေ့ဆွမ်းစားပြီး ကျောင်းတော်မှူကြီးအာရုံခံတိုက်ထဲ ဝင်စိပ်၏၊ ယနေ့၊ နေနှင့်ည(၉၀)စီရအောင် အဓိဋ္ဌာန်ပြီးစိပ်၏၊ နတ်ဖြန်ဆိုရင် ကျွန်ုပ်မွေးရက်၊မွေးလ ဖြစ်၍ အထူးအဓိဋ္ဌာန်ပြီးစိပ်၏၊ ရှေ့မျက်နှာဖက်က ဘုရားဖူးများတတွက်သားပြီး တောာတော်နောက်ကနေစိပ်၏၊ မျက်စိ မှိတ်ပြီးစိပ်နေ၏၊ ပုတီး (၉)ပါတ်ရလျှင် ကျောင်းတော်မှူကြီးက တိုယ့်ဘက်လှည့်နေသည်ဟု ထင်ရ၏၊ အာရုံသာသော ဖြစ်မှာပါဆိုပြီး မျက်စိဖွင့်၍ ကြည့်စိပ်၏၊ ကျွန်ုပ်ဘက်လှည့်တာ သေချာနေ၏။ ကျွန်ုပ်လည်း အထူးအာရုံပြု စိပ်နေ၏၊ ည (၉) နာရီထိုးလျှင် တံခါးပိတ်ထုလာ၍အပြင်ထွက်ပြီး ကုသိနာရုံစေတီတော်ကြီး ရှေ့တွင် စိပ်နေ၏။

ည(၉)နာရီခွဲတော့ ပုတီးပါတ် (၉၀) ရ၏၊ နေ့တစ်ဌာန်ပြီး၍ ညတစ်ဌာန်ဆက်စိပ်၏၊ ညတစ်ဌာန်မှာ သုဝဏ္ဏ (၅)ချက် ဟုဝိုင်ဆုံ၊ တလုံးမစိပ်တော့ပဲ၊ သုဝဏ္ဏတချက် တလုံးချပြီးအဓိဋ္ဌာန် (၁၀၈) ပါတ်စိပ်၏၊ စိုင်စိုင်ဖြိုး ပိတုန်းတွေတုပ်လိုက်လာပြီး ကျွန်ုပ်ခေါင်းပေါ် ခဲပြီး၊ အသံများလည်း ဆူညံနေအောင် တော်မြည်နေကြ၏၊ ဝါသူတို့ အလုပ်၊ ငါ့အလုပ်က ပုတီးစိပ်ဖို့ဘဲလို့အောက်မေ့ပြီး ပုတီးကိုသာ အထူးအာရုံပြုပြီး စိပ်နေ၏၊ ပုတီးပါတ် (၄၆) ပါတ်ရလျှင် ပိတုန်းသံများ ပျောက်သွား၏၊ ပုတီးပါတ် (၅၀)ရတော့ ကျွန်ုပ်၏ အရှေ့ဘက် တောင်ဘက်လောက် စီကိုက်(၂၀၀)လောက်က အမယ်လေး အလိုလေး ကယ်ပါကယ်ပါဟု အော်မည်ကြသော အသံများကြွက်ကြွက် ညံအော်နေကြ၏၊ ပုတီးပါတ်(၈၀)ရသည့်တိုင်အောင် အော်နေကြ၏။ ကျွန်ုပ်ကပုတီးခကာရပ်ပြီး သူတို့ကို အမျှပေးဝေ၏၊ မေတ္တာပို့၏၊ အာရုံပြုပြီး အမျှပေးဝေ၏၊ မေတ္တာလဲပို့ပေး၏၊ (၁၅) မိနစ်လောက်ကြာအောင် အမျှဝေမေတ္တာပို့ပေး၏၊ ထိုအသံများ (၁၅) မိနစ်လောက်ကြာမှ တိတ်သွားကြ၏။ ပုတီးဆက်စိပ်၏၊ ပုတီးပါတ် (၁၀၈)ရတော့ နာရီကြည့်လိုက်၏၊ ညသန်းခေါင်ကျော် (၁) နာရီနှင့်မိနစ် (၅၀) ရှိနေ၏၊ ၂ကျိုပ်ရှစ်ဆူဂါထာနှင့် သုတဝန္နာ ဂါထာများစိပ်နေ၏ နံနက်အာရုဏ်လာချိန် (၅) နာရီ (၂၀) မှာပြီး၍မေတ္တာထိုင်လျက် မှေးပြီးတိပ်၏၊ ထိုအခိုက် ကျွန်ုပ်နံဘေးက ဘုံးတနဲမြည်သံကြီးကြားရပြီး လူးလိမ့်ပြီး အသံဆိုးကြီးနှင့် အော်နေ၏၊ ကျွန်ုပ်လည်း မအိပ်နိုင်တော့ဘဲ မျက်စိဖွင့်ကြည့်လိုက်၏၊ ရင်ပြင်နှင့်အမျှ ကုလားကြီး တစ်ယောက်လူးလိမ့်အော်နေ၏၊ ကျွန်ုပ်က ဘုရားရှေ့တပ်ထားသော ရေတော်ကိုလက်ခုပ်ကလေးနှင့်ယူပြီး လွှဲဘက်ကိုပက်လိုက်၏၊ လူးလိမ့်သောလူကြီး ပျောက်သွား၏၊ မအိပ်တော့ဘဲ ဒီကနေ့ ငါ့မွေးနေ့မွေးရက်ဘဲဆိုပြီး ကျောင်းသွားကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်း ရေးလိုက်၏၊

၁၃၁၇-ခု၊ တပို့တွဲလဆန်း (၁) ရက်၊ တနင်္ဂနွေနေ့ (၁၉၅၆၊ ဖေဖော်ဝါရီ ၁၀ ရက်)

နံနက် (၅)နာရီ (၁၅) မိနစ်အချိန်၊ ပရိတ်ယူ၍ မြတ်စွာဘုရားသခင်အား ကန်တော့ ပုတီးပါတ် (၁၀၈) ပါတ် အဓိဋ္ဌာန်ပြီးစိပ်၏၊ ပဋ္ဌိမဗုဒ္ဓဝန္ဒနာ နောက်ဆုံးမှာ ကန်တော့က 'ဟန္ဒ-ဒါနိဘိက္ခဝေ-အာမန္တယာမိဝေါ- ဝယဓမ္မာ-သင်္ခါရာ-အပ္ပမာဒေန-သမ္ပာဒေထ" တပုဒ်လုံးဆုံး တစ်လုံးချပြီးစိပ်၏၊ တစ်နာရီလျှင် ပုတီး (၇) ပါတ်ရ၏၊ နံနက် (၇) နာရီ တံခါးဖွင့်ချိန်မှစ၍ ညတံခါးပိတ်ချိန်ထိ ကုသိနာရုံဘုရား အာရုံခံတိုက် ကျောင်းတော်မှူးကြီး ကျောဘက်ကစိပ်၏၊ ပုတီး (၇)ပါတ်လောက်ရလျှင် လူသေကောင်များ အဆက်မပြတ် အာရုံထဲမှာ တွေ့ရ၏၊ ပုတီးပါတ်(၃၀)ရတော့ ကျောင်းကပ္ပိယကြီးက ကျွန်ုပ်သပိတ်ဖုံးထဲ ဆွမ်းဟင်းများ ထည့်သွား၏၊ (၃၅) ပါတ်ရလျှင် (၁၀) နာရီထိုးနေ၍ ခေတ္တနားပြီး ဆွမ်းစား၏၊ ဆွမ်းစားပြီး ကျောင်းသွား၍ ရေချိုးပြီးလျှင် ဘုရားပြန်လာ ပုတီးဆက်စိပ်၏၊ ညနေ (၅) နာရီထိုးလျှင် ပုတီးပါတ်အားလုံးပေါင်း (၇၀)ရ၏၊ ည (၁၀) နာရီထိုး၍ တံခါးလာပိတ်သဖြင့် အပြင်ထွက် ကုသိနာရုံစေတီတော်ရှေ့တွင်ကန်တော့ပြီး ပုတီးဆက်စိပ် ၏၊ စေတီတော်၏ ထီးတော်မှ ဘုရားစေတီ၏ ကိုယ်လုံးတော် အောက်ခြေတိုင်အောင် (၆)ပါးသော ရောင်ခြည်တော် များသည် အဆက်မပြတ် ကွန့်မြူးတော်မူနေ၏၊ (၁၀၈) ပါတ်ပြီးသည့်တိုင်အောင် ရောင်ခြည်တော်များ ဖူးတွေ့ရ၏၊ ည (၁၁) နာရီ ပဌမအဓိဋ္ဌာန်ပြီး၍ ဒုတိယအကြိမ် (၇၅) ပါတ်ဓိဋ္ဌာန်ပြီး ဆက်စိပ်ပြန်၏၊

ကျွန်ုပ်တို့ယ်ပွားများ ရင်ပြင်တော် အပြည့်ဖြစ်နေ၏၊ ပုတီးတစ်ပတ်လောက်ကြာအောင်ဖြစ်နေ၏၊ နောက် ပျောက်သွားပြီး ကျွန်ုပ်တကိုယ်တည်းသာ ကျန်နေ၏၊ တဖန်ရင်ပြင်တော်အပြည့်ဖြစ်သွားပြန်၊ တစ်ယောက်တည်း ကျန်ပြန်နှင့် (၃) ကြိမ်လောက်ဖြစ်၏၊ ကျွန်ုပ်က ဟန္ဒါဒါနိဘကူဝေ-ပဋ္ဌိမဝုဋ္ဌဝဒနကို ပီပီပြင်ပြင်ဆို၍စိပ်၏၊ ပုတီး (၃) ပါတ်လောက်ရတော့ အဝတ်ဖြူနှင့် လူများ (၅၀)ကျော် အရေအတွက်ရှိသော လူများထဲမှ ရှေ့ဆုံးလူကြီးက ပဋ္ဌိမဝုဋ္ဌဝဒနာကို အရှင်ဘုရားရွတ်ဆိုမှ ကြားရပါတယ်၊ မကြားရတာအနှစ် (၂၀၀၀) လောက်ရှိပါပြီဘုရား သာဓုပါဘုရားသာဓုပါဟု လျှောက်ပြီး နာယူနေကြ၏၊ ဒုတိယအကြိမ် (၄၅) ပါတ်ပြည့်လျှင် နာရီကြည့်တော့ နံနက် (၅)နာရီခွဲနေ၏၊ အဝတ်ဖြူနှင့် လူများလည်း မရှိကြတော့ပေ၊ ဘုရားကန်တော့ မေတ္တာပို့အမျှဝေ၍ ကျောင်းသွားပြီး ဆရာတော်ကို ကန်တော့၍ ရှေ့ခရီးဆက်ခဲ့ပြန်၏၊

၁၃၁၇-ခု၊ တပို့တွဲလဆန်း (၂) ရက်၊ တနင်္ဂနွေနေ့ (၁၉၅၆၊ ဖေဖော်ဝါရီ ၁၂ ရက်)

ဂယာသိနာရုံမှ(၁၀၂)မိုင်ဝေးသော လုမ္ဗနီသို့ ကားဖြင့်လာခဲ့၏၊ ဂေါရဂ္ဂုတို ညနေ(၃)နာရီလောက် ရောက်သည်၊ ဂေါရဂ္ဂုမှ မီးရထားစီး၍ လာခဲ့သည်၊ နောင်ဂါဉ်မှ (၂၀) မိုင်ဝေးသော လုမ္ဗိနီကို ဘတ်(စ်)ကားဖြင့် ပြန်လာခဲ့သည်၊ လုမ္ဗနီကိုရောက်လျှင် မယ်တော်မာယာ၏ ဇာတ်သိုင်ဝု လုမ္ဗနီဥယျာဉ်အလယ် ကုန်းမြင့်ပေါ်မှာ တည်ရှိ၍ လို့က်ဝုအတွင်း၌ အင်ကြင်းတိုင်းကို တိုင်၍အလောင်းတော် ဖွားမြင်တော်မူပုံ နှစ်ဆူတွေမြင်ရလေ၏၊

အာသောက ကျောက်တိုင်သည် အလောင်းတော်ဖွားမြင်ပြီးစ မြေခုနှစ်လှမ်းလှမ်းသည့် အဆုံးဖွင့်နေရာ၌ အထိမ်းအမှတ်အဖြစ် အာသောကမင်းကြီးတည်ထားခဲ့သော လိုက်ဝုမှ အနောက်မြောက် (၁၄) တိုက်ခန့်ကွာ၍ ရှစ်တောင်ခန့် မြင့်သည်၊

ရေသန့်စင်သော နေရာသည် အလောင်းတော် ဖွားမြင်ပြီးစ ရေသုံးသပ်ရာကန်များဖြစ်၍ လိုက်ဝုမှ တောင်ဘက်ကိုက် (၂၀) ခန့်အကွာမှာရှိ၏၊ ရေကန်ကြီးက ပေ(၅၀) ခန့်ပတ်လည် ရှိမည်ထင်၏၊ မြေပုံနှင့် သျှောက်တိုင်များသည် လိုက်ဝု၏ တောင်ဘက် မြောက်ဘက်ကိုက် (၁၅၀)စီလောက်ကွာ၍ လိုက်ဝုဘုရားမှမြေများ တိုးရှပ်၍ ဝိုင်ထုထား၏၊

လုမ္ဗနီမှ အနောက်ဘက် (၁၂) မိုင်ခန့်မှာ တပိုလဝတ်ပြည်တည်ရှိ၍ ယခုအခါအသွားအလာ နည်းနေ၏၊ ဒေဝဒဟပြည်သည် လုမ္ဗနီအရှေ့ဘက်(၁၂)မိုင်ခန့်မှာတည်ရှိသည်။ ဟိမဝန္တာတောင်ကြီးသည် လုမ္ဗနီမြောက်ဘက် (၈) မိုင်ခန့်မှာတည်ရှိသည်၊ လုမ္ဗနီအသောကကျောက်တိုင်နားမှာ တညအိပ် အဓိဋ္ဌာန်ပုတီးစိပ် အာသာတမင်၊ စိုက်ထူထားသော အာသောကကျောက်တိုင်ရှိပြီ၊ ပုတီးအဓိဋ္ဌာန်စိပ်၏၊ ဘုရားအလောင်းကြွေးဝါးသော သုံးခွန်းသော စကားကို တခွန်းလျှင် (၄၅)ပါတ် (၃)ခွန်း (၁၃၅) ပါတ် အဓိဋ္ဌာန်စိပ်၏၊ သုံးခွန်းသော စကားတော်မှာ (၁) အဂ္ဂေါဟ မသ္မိလောကဿ လောကကြီးမှာ ငါအမြတ်ဆုံးဖြစ်၏၊ (၂) သေဋ္ဌောဟ မသ္မိလောကဿ-လောကကြီးမှာ ကောင်းမွန်အဆင်ဆုံးဖြစ်၏၊ (၃) ဇေဋ္ဌောဟမသ္မိလောကဿ - လောကကြီးမှာ ငါအကြီးဆုံးဖြစ်၏၊

အထက်ပါသုံးခွန်းကို ပဌမအခွန်းညနေ (၅)နာရီမှ ပရိုက်ယူပြီးစိပ်၏၊ အဂ္ဂေါဟမသ္မိလောကဿ "တဝှန်ဆုံး တစ်လုံးချ စိတ်၏၊ ပီပီပြင်ပြင် ရွတ်ဆိုပြီး စိပ်၏၊ တပါတ်ကို (၄) မိနစ်ကြာ၏၊ (၃) ပါတ်ပြီးလျှင် ညတော်တော်မှောင်နေ၏၊ မီးရောင်မရှိ၍ ပါတ်ဝန်းကျင်ကလည်း တောကြီးဖြစ်နေ၍ ပိုမှောင်သည်ထင်ရ၏၊

အမှတ်အသားကျောက်တိုင်ကြီးတို့ ကျော်ပြီး အရှေ့ဘက်မျက်နှာပြု၍ စိပ်၏၊ ကျောက်တိုင်ကြီး အရှေ့ဘက်ကိုက် (၂၀)အကွာလောက်မှာ ဘုရားအလောင်း ခြေခုနစ်လှမ်းလှမ်းသွားသော နေရာ၌ အသောကမင်းတရားက ကြာပွင့်ခံ စေတီလေးခုနစ်ဆူ တည်ထားခဲ့၏၊ ယခု ပျက်စီး၍ စေတီများက အဝ (၃) ပေ၊ အမြင့် (၂) ပေသာသာ ခန့်ရှိသော ဘုလုံးလေးများ ဖြစ်နေ၏၊ ရေးဘုတ်ဖြင့်ပြုလုပ်ထား၏၊ အုတ်စီထားတာသာ ရှိတော့၏၊ အင်္ဂတေကိုင်ထားတာ ပျက်စီးကုန်၏၊ တဆူနှင့်တဆူ (၂) တောင်လောက်ကွာ၏၊ ထိုဘုရားအလောင်းခြေလှမ်း အထိမ်းအမှတ် စေတီလုံးလေးများဘက် မျက်နှာမူ စိပ်နေတာဖြစ်၏၊ မျက်စိမှိတ် စိပ်နေတာဖြစ်၏၊ (၇) ပါတ်လောက်ရတော့ မျက်ခွံပေါ် အလင်းရောင်များ ဝင်လာ၏၊ ဖွင့်မကြည့်ပဲ စိပ်မြဲစိပ်နေ၏၊ (၁၀) ပါတ်ရတော့ ဖွင့်ကြည့်လိုက်၏၊ ထိုဘုရားစေတီ ခုနစ်ဆူပေါ် (၈) ပေလောက်ရှည်သော ဝါဆိုဖယောင်းတိုင် (၇)တိုင် ထွန်းထားတာတွေ့ရ၏၊ ထိုအလင်းရောင်ကြောင့် ပါတ်ဝန်းကျင်အားလုံး လင်းနေ၏၊ ကျွန်ုပ်လည်း အထူးဝမ်းသာသွား၏၊ သာဓုလည်း ခေါ်မိ၏၊ ပုတီးအပါတ် (၂၀)လောက်ရလျှင် လည်ဘီးလောက်ရှိသော ဝဇ္ဇမှာကြာပွင့် (၇)ပွင့်တို့ ဘုလုံးခုနစ်ခုအရှေ့ဖက် (၁၀)တောင်အကွာလောက်မှာ ပေါ်လာကြ၏၊ ထိုကြာပွင့်ကြီး (၇)ပွင့်မှာ တစ်ပွင့်နှင့်တစ်ပွင့် နှုတ်ခမ်းခြင်းထိနေကြ၏၊ အထပ် (၉)ထပ်ရှိ၏၊ ရဲရဲတောက်ပြောင်ပြီး အနီရောင်ပြေးနေကြ၏၊ ကျွန်ုပ်လည်း မမှိတ်မသုံ စူးစိုက်ကြည့်၍ ပုတီးကိုသာ စိပ်နေ၏၊ သို့နှင့်ပင် ပဋ္ဌမ (၄၅) ပတ်ပြီးသွား၍ နာရီကြည့်လိုက်၏။ ည (၉) နာရီထိုးနေ၏၊ ဒုတိယပိုဒ် "သေဌေဘာမသို့လောကဿ" တို့ ဆက်စိပ်၏၊ (၃) ပါတ်လောက်ရလျှင် ထိုဝဇ္ဇမှာကြာပွင့်နီပေါ်မှ ရောင်ခြည်တော်များ လွှတ်၍ ကွန့်မြူးတော်မူ နေကြ၏၊ ကျွန်ုပ်ပီတိများ အတောမသတ်နိုင်အောင် ဖြစ်နေ၏၊ ပီပီပြင်ပြင်ဖြင့် ရွတ်ဆိုပူဇော်စိပ်နေ၏၊ ဒုတိယကြိုးဝါးတော်မူသော မိန့်ခွန်းတော် (၄၅) ပါတ်ပြည့်၍ နာရီကြည့်လိုက်၏၊ ည (၁၂) နာရီထိုးနေ၏၊ ကြာပွင့်ကြီးများပေါ်မှ ရောင်ခြည်တော်များက ပျောက်မသွားသေးပေ၊

တတိယပိုဒ်"စေဌေဘာမသို့"ပုဒ်ကိုဆက်စိပ်၏၊ ပုတီးသုံးပါတ်ရလျှင် လုမ္ဗိနီအင်ကြင်းဥယျာဉ်ကြီးအပြည့်မှ ထိုကြာပွင့်များနှင့် ရောင်ခြည်တော်များတို့ နတ်များဖူးမျှော်နေကြတာ မြင်တွေ့ရ၍ ကိုယ့်ကိုယ်ကို ဟုတ်မှဟုတ်ပါ့ လေလားဟု သံသယဖြစ်မိ၏။ ငါ့လုပ်ငန်းက ပုတီးစိတ်ဖို့ဘဲ ဆိုပြီးအာရုံတွေဖျောက်ပြီး စိပ်နေ၏၊ ထိုမြင်ကွင်းက တော့ ပျောက်မသွားပေ၊ ပုတီး(၄၅)ပါတ် ပြီးဆုံးသည့်တိုင်အောင် ကြာပွင့်ကြီးများ ရောင်ခြည်များ၊ နတ်ဗြဟ္မာများ မြင်တွေ့နေရတုံးပင်၊ နာရီကြည့်တော့ နံနက်အာရုဏ်ဦးအချိန် (၃) နာရီခွဲနေ၏၊ ဆက်ပြီးနှစ်ကိုယ်ရှစ်ဆူဂါထာနှင့် မန္တာန်စိတ်၏၊ နံနက် (၄) နာရီခွဲမှ ထိုမြင်ကွင်းများ ပျောက်သွား၏၊ ဖယောင်းခုနစ်တိုင်ကတော့ ပျောက်မသွားပေ၊ မနက် (၆) နာရီထိုးမှ ဂါထာမန္တာန်များပြီး၍ အထူးမေတ္တာပို့နေ၏၊ ပြီးလျှင် အထူးအမျှဝေလိုက်၏၊ ရေတော် တင်ထားသော ဘပိတ်အေးမှာ လှမ်းချထားသော သပိတ်ဖုံးထဲတွင် သစ်သီးမျိုးစုံ ရောက်နေကြ၏၊ ပြဲစသီး၊ နာနတ်သီး၊ မာလကာသီး၊ သခွာသီး၊ ပိန္နဲသီး၊ သစ်တော်သီး၊ သခွားသီး တို့ဖြစ်သည်၊ ကျွန်ုပ်လည်း သပိတ်ထဲမှ ရေများနှင့် မျက်နှာသစ်ပြီး မလှမ်းမကမ်းတွင် ရှိနေသော ရေကန်ကြီးဆီသွား၍ ရေချိုးပြီး ဘုရားရေတော်ကပ် သစ်သီးများကပ် ဂုဏ်တော်(၉)ပါး၊ ပုတီး(၉) ပါတ်စိပ် သရဏဂုံ (၃) ပါး (၉) ပါတ်စိပ်ပြီး၊ သစ်သီးများစား ရေသောက်ပြီး ရှေ့ဆက်၍ ခရီးထွက်ခဲ့တော့၏၊

၁၃၀၇-ခု၊ တပို့တွဲလဆန်း (၃) ရက် တပါနေ့ (၁၉၄၆၊ ဖေဖော်ဝါရီ ၁၃ ရက်)

နောင်ဂါးဘူတာသို့ ကားဖြင့်သွားပြီး မီးရထားစီး၏၊ ညနေ (၃) နာရီလောက်မှာ သာဝတ္ထိမြို့ ဘာလ်ရမ်ပူ ဘူတာသို့ ရောက်၏၊ ဘူတာရောက်ခါနီး အစိရဝတီမြစ်ကို ဖြတ်တူးထားသော တံတားကြီးကို ကျော်ရ၏၊ ဘူတာမှ တမိုင်ခန့် အရှေ့တောင်ဘက်နားမှာ မြန်မာဘုန်းတော်ကြီး ဦးအာစရကျောင်းရှိရာ သွားရောက်တည်းခိုး၏၊ ထိုတဖုထမန်အားဖြင့် (၁) မိုင်ဝေးသော ဇေတဝန်အနီး မြန်မာဘုန်းတော်ကြီး ဦးမဟိန္ဒကျောင်းရှိရာ သွားရောက် တည်းခို၏၊

သာဝတ္ထိနှင့် ဖူးမြော်ပွယ်ရာများ

တဏ္ဍာမ္ဗစေတီတော်သည် ဘာလ်ရမ်ပူမှအလာ ဇေတဝန်ရောက်ခါနီး (၀) မိုင်ခန့်အလို ကားလမ်း၏ တောင်ဘက် သရက်ဥယျာဉ်အတွင်းမှာ တည်ရှိရာ ဘုရားရှင်တိတ္ထိနှင့် တန်ခိုးပြိုင်ရာ သရက်ဖြူပင်ရင်း၌ တည်ထား သော စေတီကြီးဖြစ်ရာ မြေလုမ်း (၆၀)လောက်တတ်ရသည်၊ စေတီပျက်တောင်ကုန်းကြီး ဖြစ်နေသည်၊

ဒေဝဒတ်မြေမျိုသော ရေကန်သည် သရက်ဖြူစေတီမှ အနောက်(၃) ဖာလုံလောက်အကွာ တံတားတွေ၏ မြောက်ဖက်က ရေကန်ကြီးဖြစ်သည်၊ ရေများနေ၍ မထင်ရှားလှ၊ ချောင်းကြီးလိုဖြစ်နေ၏၊ နွေအခါ ရေနည်းမှ ထင်ရှားသည်၊ စိဉ္စမာန မြေမျိုသောရေကန ဒေဝဒတ်မြေမျိုသော ရေကန်မှအနောက်ဘက် ဖာလုံဝက်ခန့်သာ ကွာ၍ ကားလမ်း၏ လက်ယာဘက်မှာရှိသည်၊

သာဝတ္ထိပြည်မြို့ရိုးတံတားသည် ဘုန်းတော်ကြီး ဦးမဟိန္ဒကျောင်းမှ အနောက်ဘက် (၂) ဖာလုံခန့်သာ ဝေး၍ အနောက်မြောက်မှ မြို့ရိုးကိုဖေါက်၍ ကားလမ်းသစ်ဖောက်လုပ်ထားသည်၊ သောဘိနီစေတီသည် မြို့ရိုး အတိုင်းအဝင်ဝမှ ကားလမ်း၏ လက်ျာဘက်ကွေ့မှာတည်ရှိ၍ တိတ္ထိများတည်ထားခဲ့သော စေတီဖြစ်သည်၊ ပျက်နေ သည်၊ ကောသလမင်းကြီး၏ နန်းတော်ရာသည် ကားလမ်းအတိုင်းသွားလျှင် အရှေ့ဘက်အစွန်းနားမှာ တည်ရှိ၍ (၃) ထပ်တိုက်အထက်ရှုပုံဖြစ်သည်၊ ကောက်ဆုံးအထပ် မြေထဲမြုပ်နေသည်၊ အနီးမှာ မလ္လိကာ မိဖုရားကြီး၏ နန်းတော်ဆောင်တစ်ခုလည်း ရှိရာပုံတူဖြစ်သည်၊

ပဋာစာရီကူးသော အစိရဝတီမြစ်သည် သာဝတ္ထိပြည် အရှေ့ဘက်ဂုာတည်ရှိ၍ မြို့တပိုင်း ကမ်းပါးပြိုထဲ ပါသွားပြီး ရင်းမြစ်မှာ ပဋာစာရီ၏ ရင်သွေးကလေး မျောပါသွားသည်၊ ပုဗ္ဗာရုံကျောင်းတော်သည် ဝိသာခါ ဆောက်လုပ်ခဲ့သော ကျောင်းတိုက်ကြီးဖြစ်ရာ ယခုအစိရဝတီမြစ်ထဲ ပါသွားလေပြီ၊ အန္ဓဝနခေါ်မိုက်တောဥယျာဉ် သည် ဘုန်းတော်ကြီးကျောင်းအရှေ့ဘက် တစ်ဖာလုံခန့်အကွာ သရက်ဥယျာဉ်ကြီးဖြစ်သည်၊

ရှေးကသူကန်းများနေခဲ့ပြီး သူတန်းတောမိုက်ပင်များရှိ၍ အန္ဓဝနမိုက်တောဟု ခေါ်သည်၊ ယခုမိုတ်ပင် တစ်ပင်သာ တွေ့ခဲ့သည်၊

အာနန္ဒာဗောဓိပင်၊ ပုတိဂတ္တရဟန္တာအနီးစေတီ၊ ကောသမ္ဗက ကျောင်းဆောင်၊ သာမည ရဟန္တာ အနီးစေတီ၊ ရှစ်ခေါင့်ရေတွင်းကြီး၊ အင်္ဂုလိမာလ အနီးစေတီ၊ ဂန္ဓာကုဋိတိုင်၊ အသူရိန်ချွတ်ရာပလ္လင်၊ သလာလကုဋိ ကျောင်း၊၊ ကရေရိကုဋိကျောင်း၊၊ ခမ္ဘာရုံကျောင်းကြီး၊၊ ကဏ္ဍာမ္ဗစေတီ၊ ဒေဝဒတ် မြေမျိုသောရေကန်၊ စိဉ္စမာန မြေမျိုသောရေကန်၊ သာဝတ္ထိမြို့ရိုး တံတိုင်းကြီး၊ သောဘိနီစေတီ၊ ကောသလမင်းကြီး၏ နန်းတော်ရာ၊ အစိရဝတီမြစ်၊

ပုဗ္ဗာရုံကျောင်းတိုက်၊ မြန်မာဘုန်းတော်ကြီးကျောင်း၊ အနုဝနေခေါ် မိုက်တော စကျွပါမထေရ်နေသောတောသည် စေတဝန်မှ အနောက်ဖက် (၂) မိုင်ခန့်မှာ တည်ရှိသည်။ ၊ အချိန်ရက သွားသင့်သည်။ စေတဝန်ကျောင်းတော်ရာသည် ဘုန်းတော်ကြီးကျောင်းအနောက်ဘက်ကပ်လျက် ကားလမ်းတစ်ခုသာ ခြားသည်၊ တမိုင်ပတ်လည်ခန့် ကျယ်ဝန်း၍ ရှေးကကျောင်းဆောင်ပေါင်း (၆၀၀) ကျော်ခန့် ရှိခဲ့လေသည်။

## စေတဝန်ကျောင်းတော်ခြေတွင်း (၁၀) ဌာန

၁။ အာနန္ဒာဗောဓိပင်သည် မြန်မာဘုန်းတော်ကြီးကျောင်းရှိရာ အရှေ့ဘက်မှ ဝင်သွားလျှင် လမ်း၏ လက်ဝဲဘက်ဒေါင့်မှာ ဇုတ်ခုံနှင့် ညောင်ပင်ကြီးဖြစ်သည်။ ဘုရားလက်ထက် မဟာဗောဓိပင်မှ အသီးရှစ်လုံးယူ၍ ရှင်အာနန္ဒာစိုက်ခဲ့သော စေတဝန်ပတ်ဝန်းကျင်ရှိ ဗောဓိပင်ရှစ်ပင်တို့တွင် တပင်ဖြစ်ကြောင်း ဦးမဟိန္ဒမိန့်သည်၊

၂။ ပုဗ္ဗိဝတ္တုရဟန္တာအရိုးဓါတ်စေတီသည် အာနန္ဒာဗောဓိမှ တောင်ဘက် ကိုက် (၁၀၀) ခန့်သာဝေး၍ လက်ျာကွေ့ထဲမှာ တည်ရှိသည်။

၃။ ကောသမ္ဗက ကျောင်းဆောင်သည် ပုတိဝတ္တု စေတီမှ အတက်ကိုက် (၁၀၀) ခန့်လောက် လမ်းကွေ့ထိပ်မှာ တည်ရှိသည်။

၄။ သာမညရဟန္တာအရိုးဓါတ်စေတီများသည် ကောသမ္ဗကကုဋိမှ အနောက်မြောက်ဖက် အဆင်းလမ်း၏ လက်ျာဘက်ကွေ့ထဲမှာ ရှိသည်၊ စေတီငယ်လေး (၄) ဆူဖြစ်သည်။ ၎င်းစေတီငယ်လေးများ ရှင်သာရိပုတ္တရာ၏ အရိုးဓာတ်တော်နှင့်ပရိက္ခရာများ ဌာပနာတည်ထားသည်ဟု ဆိုကြသည်။

၅။ ရှစ်ဒေါင့်ရေတွင်းကြီးသည် ရဟန္တာအရိုးစေတီမှအလွန် လမ်း၏လက်ျာဘက်ရှိ ဇုတ်ခုံနှင့်ရေတွင်းကြီးဖြစ်သည်။ ရောဂါအားလုံး ပျောက်သည်ဟု အယူရှိကြသည်။ မျက်နှာဝရှစ်တောင် အနက်(၁၀)တောင်ခန့်ရှိသည်။

၆။ အင်္ဂုလိမာလ အရိုးဓါတ်စေတီသည် ရှစ်ဒေါင့်ရေတွင်းမှ မြောက်ဖက်လမ်း၏ လက်ဝဲဘက်ကွေ့ထဲမှာ တည်ရှိ၍ စေတီငုတ်တလေးဖြစ်သည်။

၇။ ဂန္ဓကုဋိတိုက်ကျောင်းတော်ရာသည် အာနန္ဒာဗောဓိမှ မြောက်ဘက်ကိုက် (၂၀၀) ခန့်လမ်း၏ လက်ဝဲဘက်မှာတည်ရှိသည်။ ဇုတ်ခုံရာကြီးဖြစ်သည်။ ၎င်းကို ကျောက်စာဘက်မှ ကောသမ္ဗတကုဋိဟု စာရေးထားသည် ဆရာတော်ကြီး ဦးမဟန္တိကား အသုမိန်နတ်သား တရားဟောချုပ်သော ပလ္လင်မှာ ဂန္ဓကုဋိ၏ ရှေ့မှာသာရှိသည်ဟု ကျမ်းဂန်များ အဆိုရှိ၍ ၎င်းကုဋိသာ ဂန္ဓကုဋိဖြစ်သင့်ကြောင်း ယုတ္တိပြ၍ဆိုမိန့်လေသည်။ (၁၄)တောင် ပါတ်လည် ခန်းမရှိ၍ အလျား(၇) တောင် အနံ (၅) တောင်ရှိ ညောင်စောင်းရာနောက်ဘေး၌ (၆) တောင်ပါတ်လည် ဆင်ဝင်တိုက်ခန်းငယ်ရှိသည်။ ၎င်းအခန်းငယ်၏ ပတ်လည်တွင် အလျား (၃၆)တောင်၊ အနံ(၁၃)တောင်မျှ ကျယ်သော တိုက်ခန်းရှိသည်။ ၎င်းသာလျှင် ဂန္ဓကုဋိတိုက်တွင်းရှိ ညောင်စောင်းရာ အစစ်ဖြစ်ကြောင်း၊ စေတဝန် ဆရာတော်ကြီးက မိန့်သည်။

၈။ အသုရိန်နတ်မင်းသား တရားဟောရာပလ္လင်သည် ဂန္ဓကုဋိ၏ တောင်ဘက်အစွန်းနှင့် တန်းတန်း မျက်နှာစာမှ အရှေ့အနောက် အလျားရှိသော ဇုတ်ခုံကြီးဖြစ်သည်၊ ၎င်းမှာ ဂန္ဓကုဋိမှ ညောင်စောင်းပုံဖြစ်သည်၊

အသုမှန်နတ်ကြီးအား ၎င်းအပေါ်မှာနေ၍ တရားဟောဖွတ်ခဲ့သည်။ အလျား (၂၆) တောင် ကျနံ (၆) တောင်မျှ ရှိသည်။

၉။ သလာလကုဋိသည် ဂန္ဓကုဋိ၏ မြောက်ဘက်ကိုက် (၁၀၀) လောက်မှာ တည်ရှိသည်၊ ကောသလမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သော ထင်းရှူးသား ကျောင်းတော်ဖြစ်သည်၊ ၎င်းကျောင်းဆောင်ကို ကျောက်စာ၌မူ ဓနုကုဋ်ဟု စာရေးထားသည်၊ ဆိုခဲ့ပြီးသော အကြောင်းများကြောင့် သင့်ရာစဉ်းစားယူရန်သာ ဖြစ်သည်။ ကျောင်းတော်များမှာ ပုံတူများသာဖြစ်ကြသည့်အတိုင်း အရှည်မကွာလှချေ။

၁၀။ ကရေရိကုဋိသည် သလာလကုဋိ၏ မြောက်ဘက် ကိုက် (၁၀၀) လောက်မှာပင် တည်ရှိသည်၊ အနီးမှာ ရေဆိတ်ပင်ရှိသောကြောင့် ကရေရိကုဋိဟု ခေါ်သည်၊ ဂန္ဓကုဋိနှင့် ပုံတူသာဖြစ်သည်။

၁၁။ ဓမ္မာရုံကြီးသည် ကရေရိကုဋိ၏ အရှေ့တောင်ထောင့်ဘက် လမ်းကလေးသာခြားသည်၊ အလျား၊ အနံ အတောင် (၇၀) လောက်ရှိ၍ အခန်းပေါင်းများစွာနှင့် အလယ်က ခန်းမပလ္လင်ပုံများ ပါရှိလေသည်။ ခန်းမအလျား (၂၆) တောင်၊ အနံ (၂၃) တောင်၊ ပလ္လင်ရာအလျား (၁၅)တောင်၊ အနံ (၁၃) တောင်ခန့်ရှိသည်။ မဏ္ဍပ်ဟာလ ထန်ဆောင်း ဖြစ်ဟန်တူပါသည်၊

မှတ်ချက် အမှာစကား • ဇေတဝန်ကျောင်းတော်တွင် ဘုရားရှင်လက်ထက်က ကျောင်းဆောင်ပေါင်း (၆၀၀) လောက်ရှိသော်လည်းကျောင်းဆောင်ကြီး လေးဆောင်မှာသာ ဘုရားရှင်အနေများသည်။ ၎င်းကျောင်းဆောင်ကြီး (၄) ဆောင်တို့တွင် သလာလကုဋိကျောင်းဆောင်သာ ကောသလမင်းကြီးဆောက်၍ ကျန်ကျောင်းဆောင်များမှာ အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဆောင်များ ဖြစ်သည်။

ဂန္ဓကုဋိတိုက်ရှိ ညောင်စောင်းအခြေတည်ရာမှာ ယခုကမ္ဘာပွင့်သော ဘုရားရှင်တို့၏ မစွန့်အပ်သော အဝိဇဟိတဌာနကြီး (၄) ပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သည်၊ ဘုရားရှင်တိုင်း ဤညောင်စောင်းနေရာ ပလ္လင်မှာ နှစ်ပေါင်းများစွာ နေရမည်ဟုဆိုလိုသည်။

ငါတို့၏ ဂေါတမဘုရားရှင်လည်း(၂၅)နှစ်တိုင်တိုင် ၎င်းဂန္ဓကုဋိညောင်စောင်း ပလ္လင်တော်မှာ နေထိုင်သွားခဲ့လေသည်။ ဤကဲ့သို့ လေ့လာမှတ်သားပြီး ဇေတဝန်ကျောင်းတော်ရာ ညောင်စောင်းသို့ပြန်လာပြီ၊ ထိုနေ့ညနေမှစ၍ ဂုဏ်တော်တစ်ပါးလျှင် ပုတီးပါတ် (၂၇၀)နှင့် ပရိတ်(၁၁) သုတ်၊ ပဋ္ဌာန်း၊ အနတ္တလက္ခဏာသုတ်၊ မဟာသမယသုတ်များပေါင်း (၁၈)သုတ် (၉) ရက်တိုင်တိုင် အဓိဋ္ဌာန်ပြီးစိပ်တော့၏။

ပရိတ်ပြီး ပုတီးစိပ်လို့(၉) ပါတ်အရတွင် မထိုင်နိုင်အောင် အလွန်ပူပြင်းလာ၏၊ ထို့ကြောင့် ကျွန်ုပ်စိတ်ထဲတွင် အဓိဋ္ဌာန်ပြုလိုက်သည်၊ ဘုရားရှင်တို့၏ မစွန့်အပ်သော အဝိဇဟိတညောင်စောင်းနေရာ မှန်ပါလျှင် အေးချမ်းစွာ (၉) ရက်ပါတ်လုံး အဓိဋ္ဌာန်ပုတီးများ စိပ်ပွားနိုင်၍ အကျွန်ုပ်၏ ရည်ရွယ်ချက်ကြီးများ အောင်မြင်ပါစေသတည်းဟု အဓိဋ္ဌာန်လိုက်သည်နှင့် တပြိုင်နက် အပူများပျောက်သွားပြီး အလွန်အေးချမ်းသွား၏။ အရဟံဂုဏ်တော် (၁၀၈) ပါတ်ရလျှင် နာရီကြည့်လိုက်၏။ ည (၈) နာရီ ထိုးနေ၏။ လမ်းမီးများရှိနေ၍ ထိုအလင်းရောင်များကြောင့် ကျွန်ုပ်ထိုင်နေရာမှာ အလင်းရောင်ရနေ၏၊ နောက်ထပ် (၁၀၈) ပါတ်ဆက်စိပ်ပြန်၏။ ပုတီး (၉) ပါတ်ရတော့ "ဘိုသမဏာဘန္တေ ဣန္ဒိတဖွဲ့-စရဏ" လို့ ပြောလိုက်သောအသံသည် ကျွန်ုပ်ရှေ့ကကြားလိုက်ရ၏။

ပုတီး (၂၇) ပါတ်ရလျှင် လူဖြူဖြူကြီး ကျွန်ုပ်ညာဘက်တနေပြီးရပ်နေ၏၊ လက်အုပ်ချီပြီး ပျောက်သွား ပြန်၏၊ ပုတီးပါတ်(၉၀)ရလျှင် ထိုလူဖြူဖြူကြီး ပေါ်လာပြန်၏၊ တစ်ယောက်ပေါ်လာ၊ တစ်ယောက်ပေါ်လာနှင့် စေတဝန်ကျောင်းပြည့်သွား၏၊ ပဌမပေါ်လာသော လူဖြူကြီးက "ဘန္တေမင်္ဂလာသုတ္တံဒေသေတု" လက်အုပ်ချီ လျှောက်၍ ကျွန်ုပ်က မင်္ဂလာသုတ်မှစ၍ ပုဗ္ဗဏှသုတ်တိုင်အောင် ပရိတ်(၁၁)သုတ်လုံး ပီပီပြင်ပြင် ဘုရားကို အာရုံပြု လက်အုပ်ချီ ရွတ်ဖတ်ပူဇော်နေ၏၊ ကျွန်ုပ်ရွတ်ဖတ်ပူဇော်နေသော ရှေ့တွင်ကြာပန်းဖြူနီ ပြာဝါနှင့်နှင်းဆီ မြလေး၊ စံပါယ်ပန်းမျိုးစုံနှင့် သစ်သီးမျိုးစုံများ၊ ဖြူထည်တဝါထည် အဖြူထည်များ တစ်ယောက်ပြီးတစ်ယောက် လာလှူနေကြ၏၊

ပရိတ် (၁၁) သုတ်လုံး ဆုံးသွားလျှင် "ဣဒံမေပုညံ ဣမံ ဝရိသဘာ ဓမ္မ" ဟု (၃) ကြိမ် ရွတ်ဆိုလိုက်၏၊ အားလုံး သာဓုခေါ်၍ ပျောက်သွားကြ၏၊ နောက်ထပ် (၁၀၈) ပါတ်ပြည့်မှာ (၁၈) ပါတ်လိုသေး၍ ဆက်စိပ်၏၊ (၁၈) ပတ်ပြည့်လျှင် ကျင်ငယ်သွားချင်တာနှင့် အပြင်ထွက်၍ကျောင်းပြန်ပြီး ကျင်ငယ်စွန့်၍ ပြန်လာ၏၊ ကျွန်ုပ် ထိုင်သော နေရာတွင် လှူထားကြသော အဝတ်များထပ်လျက်ခင်းထားတာတွေ့ရ၏၊ ကျွန်ုပ်လည်း ထိုအဝတ်များ ခင်းထပ်ထားသော နေရာမှာပင်ထိုင်၍ ကျန်ပုတီးပါတ်များစိပ်တော့၏၊ နာရီ (၃) ပါတ်လောက် စိပ်လိုက်လျှင်(၂၄) ပါတ်ရ၍ တနေ့အဓိဋ္ဌာန် (၂၇၀) ပါတ်ပြီး၏၊ နာရီကြည့်လိုက်၏၊ ည(၃)နာရီထိုးနေ၍အာရုဏ်ဦးပိုင်း နီးလာ၍ မေ့ာစကြာနှင့် မဟာသမယသုတ်များရွတ်၏၊ နံနက်(၄)နာရီအာရုဏ်လာတော့ပြီး၏။ မေတ္တာပို့အမျှဝေပြီး ခေတ္တမှေးလိုက်၏၊ တင်ပလ္လင်ခွေ ပေါ်လက်ဝါးချင်းထပ်ကာ အိပ်နေသောကြောင့် အိပ်နေတယ်လို့မသိရပေ၊ နံနက်(၆)နာရီ မှာနိုးလာ၏၊ ကျွန်ုပ်၏ရှေ့တွင် ဖယောင်းတိုင်များ အမွှေးတိုင်များ ကောက်ညှင်းပေါင်းများ၊ အကြော်များ၊ ဖျပါတီ၊ ဗေဒုစာများ လှူထားကြတာတွေ့ရ၏၊ ဘယ်အချိန်ကလှူထားကြမှန်းမသိပေ၊ ကျွန်ုပ်လဲ ရေတော်သပိတ်ယူ ဘုန်းတော်ကြီး ဦးမဟိန္ဒကျောင်းသွား ကိုယ်လက်သန့်ရှင်းပြီး ရေတော်ခပ်၍ပြန်လာ၏၊ စေတဝန်ကျောင်း ဘုရားရှင်၏ ပြောင်စေဝင်းတော်နေရာရောက်လျှင် ရေတော်ကပ်လှူပါနိုင်းထားကြသော ခဲဘွယ်ဘောဇဉ်များ ဘုရားရှင်ကိုကပ်ပြီး ဒုတိယနေ့ အဓိဋ္ဌာန်အတွက် ပရိက်ယူ၍ ပုတီးစိတ်တော့၏၊ 'သမ္မာသမ္ဗုဒ္ဓေါ"ဂုဏ်တော်ကို လုံးခြင်းမစိတ်ဘဲ ဂါထာဖြင့်စိပ်၏၊ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်အဲ့ဂါထာကား -

သမ္မာသမ္ဗု ဒ္ဓေါသဗ္ဗညူ၊ သမ္မာလောကုတ္တရောနဝ၊

သမ္မာနိဏာသဝေါဟံသာ၊ သမ္မမောရဝိဥ္ဓယော၊

သမ္မာသမ္ဗုဒ္ဓညာဏောန၊ သမ္မာသမ္ဗုဒ္ဓသေသကော၊

သမ္မာသမ္ဗုဒ္ဓေါလောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓတေနမော။

ဤဂါထာသည် သမ္မာရှစ်ချက်ဖြစ်၍ တပုဒ်ဆုံးတလုံးချစိတ်က၊ တပါတ်ရလျှင် ရှစ်ပါတ်ရ၏၊ ထို့ဖြစ်၍ (၁၀)ပါတ်ရလျှင် သမ္မာတပါတ်ရှစ်ပါတ်ရ၏၊ ဤသမ္မာသမ္ဗုဒ္ဓေါဂါထာတ စုန်းနတ်အပေါင်းတို့ ကြောက်ရွံ့၏ဟု တဝန်ကို ညွှန်ပြထား၏၊သမ္မာသမ္ဗုဒ္ဓေါဂါထာ - (၉)ပါတ်ရတော့ 'ဘန္တေသမကာ - ရာဟုလောဝါဒသုတ္တံဒေသေတု'

ဟု စီစီပြင်ပြင်ကြီးလျှောက်သော အသံကြားရ၏၊ ကျွန်ုပ်တယနေ့ ပုတီးပါတ်(၂၇၀) ပြီးမှကျန်တိစ္စများ ပြုလုပ်ဆောင်ရွက်မည်ဟု သံဒိဋ္ဌာန်ချထားသောကြောင့် 'ခမထ ခမထ ရတ္တိယံ ဓဒသေဿာမိ' ပြန်ပြောပြီးပုတီး စိတ်နေ၏၊ ပုတီးပါတ် (၂၀)ရသွား၍ နာရီကြည့်၏၊ နံနက်(၁၀)နာရီထိုးနေ၏၊ နောက်ထပ်(၂၆) ပါတ်ရ အောင်ဆက်စိတ်၏၊ ထိုအတွင်းမုန့်မျိုးစုံ သစ်သီးမျိုးစုံလာလှူကြသော ကုလား၊ ကုလားမ(၃၀)ကျော်လောက်ရှိ၏၊ သူတို့အားလုံးက အမွှေးတိုင်များ ထွန်းညှိပူဇော်ပြီး ဆုတောင်းပဌနာပြု၍ပြန်သွားကြ၏၊

ပုတီး(၆)ပါတ်ပြီးတော့ (၁)နာရီ(၁၀)မိနစ်ရှိနေ၍ ပုတီးပါတ်လည်း (၂၀၈)ပါတ်ရ၍ နေ့ဆွမ်းစား၏၊ ငှက်ပျော၊ မာလကာ၊ ပြဓာ၊ နာနာတ်၊ သစ်တော်၊ သတော်သီးများကို တစ်လုံးစီစား၏၊ နာနတ်နှင့် သခော်သီးတ တစ်ခြမ်းစီစား၏၊ ဇရူဓာ၊ ပလာတာ၊ တကြော်၊ ထပ်တရာများတခုစီ စား၏၊ ခေါက်ဆွဲနှင့် ဖဲပေါက်လဲ နဲနဲစီစား၏၊ ပိုသောသစ်သီးမုန့်များ ကျောင်းသွားပို့လှူ၏၊ ရေလဲချိုးခဲ့ပြီး နေ့(၁၂)နာရီခွဲပြန်လာပြီး ကျန်ပုတီးပါတ်များ ဆက်စိတ်၏၊ ညနေ(၃)နာရီ ထိုးလျှင် ပုတီး(၁၂)ပါတ်ရ၍ တဒိုနှင့် ဝေတွပုတီးပါတ်(၃၀၄)ပါတ် ရသောကြောင့် (၃၄)ပါတ်အပိုဖြစ်၏၊ (၂၇၀)သာယူပြီး ယနေ့အတို့ ပုတီးအဓိဋ္ဌာန်ပြီး၍ ပရိတ်အဓိဋ္ဌာန်များ ဆက်ရွတ်ဖတ် ပူဇော်နေ၏၊ ည(၇)နာရီခွဲလျှင် ပရိတ်များ၊ ဂါထာမန္တာန်များရွတ်ပြီး၍ မေတ္တာပို့အမျှဝေ၏၊ သာဓုသံများ ဝဲ့တင်ထပ်အောင်ကြားရ၏၊ ကျွန်ုပ်ရှေ့တွင် မနေ့တရောက်လာသော အဖြူဝတ်သောလူကြီးရောက်နေ၏၊ ဟိန္ဒူအဝတ်အစားဖြစ်၏၊ အားလုံးပြီး၍ဘုရားဝတ်ချကန်တော့ပြီး တင်ပလ္လင်ခွေထိုင်လိုက်သည်နှင့်တပြိုင်နက် ထိုတောကြီးက ဘန္တေ ရာဟုလောဝါဒသုတ္တံဒေသေတု လျှောက်တောင်းပန်သဖြင့်၊ ကျွန်ုပ်ကရာဟုလောဝါဒသုတ · ဆင်္ခါဝါလသုတ်၊ ဓါရဏသုတ် ပရိမိတ္တဇာလသုတ်၊ ကဿပ ဗောဇ္ဈင်သုတ်၊ မောဂ္ဂလာန ဗောဇ္ဈင်သုတ်၊ ဝေါထမစော်ပရိဘ်ရွှမ်သုတ်တို့ကို ရွတ်ဖတ်ပူဇော်ဟောကြားပြီးအမျှပေးဝေလိုက်၏၊

ဓေတဝန်ကျောင်းတော်ရာတွင်၊ အပြည့်နာယူနေကြသော ပရိတ်သတ်ကြီးက သာဓုခေါ်၍ ပျောက်တွယ် သွားကြ၏၊ ပန်းနံ့သာအမွှေးတိုင်များ၊ သစ်သီးမျိုးစုံများလည်း လှူဒါန်းထားခဲ့ကြ၏၊ နာရီကြည့်လိုက်တော့ ညအာရှက်ဦး (၃)နာရီခွဲနေ၏၊ ကျွန်ုပ်လည်း ခေတ္တထိုင်လျှက် မှေးအိပ်လိုက်၏၊ နံနက် (၅)နာရီခွဲ နိုးလာ၍ ဦးမဟိန္ဒကျောင်းပြန်သွားပြီး ကိုယ်လက်သန့်ရှင်း၍ ရေတော်ခပ်ပြန်လာ၊ တတိယနေ့ အဓိဋ္ဌာန်အတွက် ပရိတ်ယူပြီး ဝိဇ္ဇာစရဏသမ္ပန္နောဂါထာစိတ်၏၊ ၄င်းဂါထာတဝိဇ္ဇာစရဏ ၇ ချက် တောင်းမတောင်းဆင်ခြင်နိုင်သော အကျိုးတိုရရှိနိုင်သော ဂါထာဖြစ်၏၊ နံနက် (၆)နာရီခွဲတစ၍ စိတ်၏၊

ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသာတရော၊
ဝိဇ္ဇာတနေကောသဗ္ဗညူ၊ ဝိဇ္ဇာစဓာရဝိဇ္ဇာယော၊
ဝိဇ္ဇာစရဏသမ္ပန္နော၊ တိသော ဝိဇ္ဇာ ပကာသိတာ၊
အာလဗ္ဗယ သမ္ပန္နော၊ ဝိဇ္ဇာစရဏ တေ နမော၊

တစိုင်ဆုံးတစ်လုံးချပြီးစိတ်၏၊ နေ့(၁၁)နာရီထိုးသော် အပါတ်(၂၀)ရ၏၊ ထို့ကြောင့် အပါတ်(၁၂၀)ညီမျှ၍ (၁၂၀) ပါတ်ရေတွက်ရ၏၊ လှူထားကြသော သစ်သီး၊ ခဲမှုယ်၊ တောလည့်များစားပြီး၊ ကျောင်းပြန်ရေချိုး၊ နေ့(၁၂)နာရီခွဲ ပြန်လာပြီး အဓိဋ္ဌာန်ပုတီးစိတ်ပြန်၏၊ ည(၁၀)နာရီခွဲလျှင် ဝိဇ္ဇာစရဏဂါထာအပါတ် (၄၀)ရ၏၊ ထို့ကြောင့်

အဝါတ်(၂၈၀)နှင့်ညီမျှ၍နံနက်ပိုင်းက ပုတီးပါတ်နှင့် ပေါင်းသော် ပုတီးပါတ် (၄၀၀)ရ၍အဝိုနှင့်တကွ (၂၇၀)တနေ့ အဓိဋ္ဌာန်ပြီးသွား၏၊ ဆက်ပြီးပရိတ်တော်ပေါင်း (၂၂)သုတ်နှင့် ဂါထာမန္တာန်များ ရွတ်ပူဇော်နေ၏၊ အဝတ်ဖြူနှင့် လူကြီးလည်းရောက်လာပြီး နာနေ၏၊ နံနက်(၃)နာရီ ထိုးလျှင် အားလုံးပြီး၍ မေတ္တာပို့အမျှဝေပြီး ခေတ္တထိုင်လျှက် မှေးအိပ်နေ၏၊ နံနက်(၅)နာရီ နိုးလာ၏၊ ကျောင်းသွားကိုယ်လက်သန့်ရှင်းပြီး ပရိကံယူ၊ စတုတ္ထနေ့ သုဝဏ္ဏ ၉ - ချက်ဂါထာ အဓိဋ္ဌာန်စိတ်၏၊ ထို့အတူ ပဥ္စမနေ့ လောကဝိဒူ ၇- ချက်ဂါထာ ◦ ဆဋ္ဌမနေ့၊ ပုရိသ (၃)ချက်၊ ဓမ္မသာရ ထိ ၄-ချက် အလိုခပ်သိမ်းပြည့်စုံသော ဂါထာ၊ သတ္တာ -၈ချက် သောတကင်း၍ စိတ်ကောင်း ရရှိသောဂါထာသတ္တမနေ့၊ အဋ္ဌမနေ့ဗုဒ္ဓေါ - ၈ချက်၊ မပျက်စီးနိုင်သောဂါထာ၊ နဝမနေ့ ဘဂဝါ(၉)ချက်၊ ဆင်းရဲကင်း ဘုန်းကျက်သရေပြည့်စုံသောဂါထာ၊ နဝမနေ့ နံနက်(၆)နာရီမှ ပရိကံယူပြီး စ၍စိတ်၏၊ စတုတ္ထနေ့မှ အဋ္ဌမနေ့တိုင် အောင် ညညနက်ပရိတ်သတ်များ ပရိတ်လာနာကြတာသာထူး၏၊ ပုတီးစိတ်လို့ (၃)ပါတ်လောက် ရှိနေသော အဝတ်ဖြူနှင့်လူကြီးရောက်လာပြီးသူက ဒီဇေတဝန်ကျောင်းရာမြေကိုစောင့်ရသော ဘုမ္မစိုး နတ်ကြီး ဖြစ်ကြောင်း ကောဏ္ဍညာ၊ ဝေါဏဂုံ၊ ကဿပ၊ ဂေါတမ၊ ဘုရားလေးဆူတိုင်အောင် မှီခဲ့ကြောင်း နောက်ပွင့်မည့် အရိမေတ္တေယျဘုရားရှင်လဲ မှီမည်ဖြစ်ကြောင်း အရှင်ဘုရားယနေ့ နောက်ဆုံးရက်၊ နဝမဂုဏ်တော်ဘဂဝါ၊ အဓိဋ္ဌာန် ပုတီးပြီးလျှင် တပည့်တော်တို့ ပြီးကြောင်းမိန့်ပါ၊ တပည့်တော်အလွန် ဖုံးတွယ်တောင်းသော ဘုရားအဆူဆူတို့ အဝိဇယိတဋ္ဌာနမြေမြှုပ်များကို လိုက်ပြပါမယ်၊ ယခုပုတီးအဓိဋ္ဌာန်စိတ်ပါဖုံး ဘုရားဆိုပြီး ဝတ်ချသွားတော့၏၊ တွန်ုပ်လည်း ပုတီးဆက်စိတ်၏၊ တနာရီပုတီး (၅)ပတ်သာရ၏၊ ဘဂဝါ (၉)ချက် ဂါထာတရှည်ခြင်းကြောင့်ဖြစ်၏၊ ဘဂ္ဂသဝေါသမ္ဘာဝတော့ ဘဂ္ဂရာဝေါသမတ္တတွော ဘဂ္ဂပါဂေါစ တုသလော၊ ဘဝဝါရ ဝိဇ္ဇယော၊ ဘဂ္ဂရာဝေါ ဘဂ္ဂဝေါသော၊ ဘဂ္ဂမောယော အနာသဝေါ၊ ဘဂ္ဂသံသာရ မဂ္ဂတော၊ ဘဂ္ဂံဂါ နာမတေနမော ။ ။ တဝါတ်ကို (၉) ပါတ်ရ၍ တနာရီ (၅)ပါတ်ပြီးခြင်းကြောင့် ပုတီးပါတ်(၄၅)ပါတ်ရ၏၊ နေ့ (၁၁)နာရီထိုးလျှင် (၂၅)ပါတ်ရ၏၊ ခေတ္တနားနေ ဆွမ်းစားရေချိုးပြီး နေ့(၁၂)နာရီခွဲမှ အဓိဋ္ဌာန်စစိပ်၏၊ နေ့ (၂)ချက်မှာ ပုတီးပါတ် (၀)ပါတ်ရ၍ (၂၇)ပါတ်အဝိုနှင့်တကွ (၂၇၀)ပါတ်တနေ့ အဓိဋ္ဌာန်ပြီး၍ ပရိတ်များဂါထာမန္တာန်များ ရွတ်ဖတ်ပူဇော်၏၊ ည(၇)နာရီတွင် အားလုံးရွတ်ဖတ်ပူဇော်ပြီး၏။ မေတ္တာပို့ အမျှဝေ၏၊ ည(၈)နာရီမှာ ပြီး၏။ အဝတ်ဖြူ ဝတ်ထားသော ဘုမ္မစိုးနတ်မင်းကြီးရောက်လာ၏၊ ဦးပဥ္စင်းကမေးသည်မှာ - တကာကြီး ဘုမ္မစိုးနတ်အဖြစ်ကို ဘာတုသိုလ်ကြောင့် ရပါသလဲ -

နတ် - တပည့်တော်ကောဏ္ဍညဂုဏ်ဘုရားရှင်အား ပရိက္ခရာရှစ်ပါးလှူခဲ့၍ ဘုမ္မစိုးနတ်အဖြစ် ရပါတယ်ဘုရား၊ ဝါတင်မကသေးပါဘူးဘုရား၊ ရန်အပေါင်းရှင်းနိုင်တဲ့ ဓရင်းလက်နက်ရပါတယ် - တန်ခိုးအရာမှာလည်း သူ မတူအောင် ထက်မြက်လှပါတယ်- အဝိဇယိတ- လေးဌာနကိုလဲစောင့်ရှောက် နေရပါတယ်။

ပဥ္စင်း - ဗုဒ္ဓဂါယာမဟာဗောဓိနေရာ၊ မိဂဒါဝုန်ဓမ္မစကြာဟောသောနေရာ၊ ဝန္နကုဋိဇေတဝန်ကျောင်းတော်ရာ အတ်ဿနတို့ စောင်းတန်းဦးနေရာ ဤအဝိဇယိတ - လေးဌာနကို တကာဘုမ္မစိုးနတ်မင်းကြီးက စောင့် ရှောက်ထားရတယ်ပေါ့၊ နာမည်ဘယ်လိုခေါ်ပါသလဲ -

နတ် - အဝိဇယိတရက္ခိုနဒေဝလို့ ခေါ်ပါတယ်ဘုရား

ဝဠင်း- အဝိဇယိတလေးဌာနက ဘုရားအစုစုတို့ သီတင်းသုံးတော်မူခဲ့သော နောင်ဘုရားများလည်း သီတင်းသုံးတော်မူမည်ဖြစ်သော မြေထူး၊ မြေမြတ်များကို ဦးပဥ္စင်းဖူးမျှော် ကြည်ရှုပူဇော်လိုပါတယ်။ နှစ်သိန်းလေးသောင်း အထုရှိသော တခြေမှ ယခုဇေတဝန်ကျောင်းတော်ရာအထက် မြေလွှာထိ ကြည်ရှုဖူးမျှော်ဖို့ရာ ဖြစ်ဖို့ ဝန်မလေးဘူးဆိုလျှင် ဦးပဥ္စင်းကိုပြပေးပါလား ဘိုးတိုး၊ အပေါ်ယံကတော့ မြင်တွေ့နေရပါပြီ အထက်မြေလွှာရဲ့ သဘာဝတရားကိုပေါ့ ဘိုးတိုး-

နိုး - အရှင်ဘုရား မေးတာက နက်နဲလှပါတယ် တပည့်တော်တောင် အရှင်ဘုရားလို မတွေးမိဘူး၊ ဘုရား ဘုရားရှင်တိုင်းဒီနေရာများမှာ၊ ဒီနေရာမြတ်များမှာ အသုံးပြုကြတယ်၊ နေတော်မူ ကြတယ်ဆိုတော့ ကျန်အခြားမြေများထက် ဝိသေသရှိကိုရှိမှမယ်လို့ တပည့်တော် ထင်မိပါတယ်၊ တပည့်တော်သိထားရတာကတော့ ဒီအဝိဇယိတနေရာမြတ်တို့မှာ ကျောက်တောင် ကျောက်ထွင့်များ မထိုးဖောက်နိုင်သစ်ပင်ပါးပင်ကြီးတို့ ထိုးဖောက်မပေါက်နိုင် မြဲနှယ်ဝိတ်ပေါင်းမဖြစ်ပေါ်လာနိုင်၊ မည်သည့်မီးလက်နက်မျိုးမှ ဖျက်ဆီးနိုင်၊ ရေမလွှမ်းနိုင်၊ မိုးဖျက်ဆီးနိုင် လေကြီးမုန်တိုင်းတို့ ဒီမြေမြတ်များလွင့်ပါးရွေ့လျားအောင် မတိုက်ခိုက်နိုင်ဘူးဆိုတာတော့ သိထားရပါတယ်ဘုရား၊ ထို့ပြင်လဲ ကမ္ဘာကြီးမီးလောင်ပျက်စီးသောအခါ၊ ဤအဝိဇယိတမြေမြတ်များသာ နောက်ဆုံးမှ မီးလောင်ပျက်စီးသွားရခြင်း၊ ကမ္ဘာမြေကြီးပြန်လည်ဖြစ်ထွန်းလာသောအခါ ဤအဝိဇယိတ မြေမြတ်နေရာများက ရှေ့ဦးစွာ ဖြစ်ထွန်းပေါ်လာခြင်းဆိုတဲ့ ဖြစ်ရပ်အမှန်များကို ကမ္ဘာစောင့်နတ်မင်းကြီးက ပြောပြလို့သိရပါတယ်ဘုရား၊ အဲဒါကြောင့် ဒီနေ့ဘုရားများမှာ စူးစမ်းလေ့လာ ကြည့်ရင်းအံ့ဩဘနန်း တွေ့ကြရမှာတော့ အမှန်ပဲဘုရား။

ဝဠင်း - ဒါဆို ဘိုးဘိုးလေ့လာစူးစမ်းထိုက်တဲ့ နေရာမြတ်တွေဖြစ်နေတာ အမှန်ပေါ့နော် -

နတ် - တပည့်တော်တို့ ဤအဝိဇယိတဇေတဝန်ကျောင်းတော်ရာ မြတ်စွာဘုရား သီတင်းသုံးတော်မူသည့်ခုတင်ညောင်စောင်းအောက်က မြေလွှာတွေကို လေ့လာစူးစမ်းလိုက်လျှင် ကျန်သောနေရာများဝါအားလုံးသိသွားရမှာပဲ၊ ဦးပဥ္စင်းက တပည့်တော်လက်ကိုသာ ဆွဲကိုင်လိုက်ခဲ့ လေ့လာကြည့်ရှုကြမယ်၊ ဦးပဥ္စင်းလည်း ဘုမ္မစိုးရက္ခနဲဒေဝနတ်ကြီးလက်ကိုင်လိုက်သွား၏။ ဘုမ္မစိုးနတ်မင်းကြီးထံ တန်ခိုးနှင့်ဇေတဝန် ကျောင်းတော်ရာတည့်တည့်မြေအောက်ကို ခဏဆိုသလို ရောက်ရှိသွားကြ၏။ နတ်ကြီးကိုယ်ရောင်မြင့် အားလုံးကို ထင်ရှားမြင်တွေ့ရ၏။ အံ့မခန်းပေ။ ရေးသားဖော်ပြခြင်းငှာ ထောင်ခက်ခဲလှဘိတောင်း။ အသေးစိတ်ဖော်မပြနိုင်သော်လည်း အကြမ်းဖြင်းလောက်တော့ အပုံထသိန်းတပုံလောက်သော အကြမ်းဖြင်းတတ်စွမ်းသလောက် ရေးသားတင်ပြပါမည်။

နိုးနိုးမြေတို့၏ အသွေး အရောင်များဖြစ်ကြသော မြေဝါနု၊ မြေဝါနုဆီ၊ မြေနီ၊ မြေနုနီအဆီ၊ မြေနက်၊ မြေနက်အနုအဆီ၊မြေပြာ မြေပုပ်မြေညို၊ မြေဖြူ မြေနီညို၊ အစရှိသောမြေသားများတို့နှင့်ဘယ်လိုမှ မရောယှက်တပ်လျှက် အမှိုသဟဲပြုနေခြင်းမျှသာ သဘာဝမြေများက ရှုတည်ဖြစ်ရှိနေကြ၏၊ အဝိဇယိတမြေမြတ်များတို့ ဝါတ်လည်ဝိုင်းပြီး ကျေးကျွန်ရင်းများပမာ ဖြံရံနေကြရ၏။အခြားအခြားသော

မြေများနှင့်မရောယှက်ပေ၊ သေလာဝထေစ်ပေါ်ရပ်တည်နေသော နာရကီရွှေသားရွှေတုံးရွှေခဲကြီးလို ယူနေ့ာတစ်သိန်းရပ်တည်နေ၏။

ထိုအထက်က ယူဇနာငါးသောင်း ရပ်တည်နေသော သိဂ်နိတ်ရွှေ တောင်ကြီး ရွှေတုံးကြီး ရပ်တည်နေ၏၊ ထိုအထက်က ဓမ္မရစ်ရွှေတုံး ရွှေခဲကြီး ယူဇနာ ငါးသောင်း ရပ်တည်နေ၏၊ ထိုအထက်၊ ပတ္တမြားရောင်မြေ၊ သန္တာရောင်မြေ၊ မြရောင်မြေ၊ နီလာရောင်မြေတို့ ရပ်ကည်နေကြသည်၊ ဤအပေါ်မှ နိုးရိုးမြေတို့ ရပ်တည်နေကြ၏၊ ထိုမြေများက သူ့အသွေးနှင့် သူ့အရောင်များက တောက်ပထွန်းထိန်နေကြ၏၊ အခြားအခြားသော မြေမှိုးရိုးများ အာအရောင်မှုမရှိကြတဲ့ ကြာအနန်းမြင်တွေ့ရ၏၊ တံ့မခန်းမြင်တွေ့ ရ၏၊ ကြက်သီးမွေးညင်းများလည်း မြေတ်ထနေ၏၊ ဘုမ္မစိုးနက်ကြီးကလည်း လက်အုပ်ချီ ကျွန်ုပ် ကလည်း လက်အုပ်ချီပြီး ဘုရားဂုဏ်တော်များကို စိတ်ထဲက ရွတ်ဖတ်ပူဇော်ပြီး နတ်ကြီးနောက် လိုက်၍ကြည့်ရှုနေ၏၊ နီလာရောင်မြေထုအပြင်ကြီးအတွင်းမှာ ကျောင်းတော်အမျိုးမျိုး ပုံစံများပေါ်လွင်ထင်ရှားစွာ တွေ့မြင်ရ၏၊ ကျောင်းတော်ပုံများ မရေတွက်နိုင် ကျောင်းတော်(၁)ပုံ၊ (၁)ပုံ(၃)တောင်ခန့်မျှ ရှိသည်၊ ထိုအဝိစဟိတ မြေကြီးအကျယ်အဝန်းက (၄)မာလုံ (၅)ဓာလုံ ခန့်လောက်ရှိသည်၊ ထင်၏၊ ထိုမြေကြီးထု တေ့ရန်ပတ်လည်တိုင်ကြီးသည် ရှုမညီးနိုင်အောင် ဖြစ်နေပေ၏။

ထိုကျောင်းတော်နေရာမှ မဟာဗောဓိ နေရာသို့ ရက္ခိဒေဝဘုမ္မစိုးနတ်ကြီးခေါ် ဆောင်သွားသည့်နောက်လိုက်သွား၏၊ ရောတ်လျှင်နာရီ ကြည့်လိုက်၏၊ ည(၁၁)နာရီထိုးနေ၏၊ မဟာဗောဓိ အနောက်မျက်နှာမှစ၍ လေ့လာကြသည်၊ ရပ်တည်နေမှုမြေထုအခြေအနေ အသွေးအရောင် အဆင်းတို့မှာ သိပ်မကွာလှ၊ အထက်ဆုံးနီလာမြေ နေရာ မှာ မြ၊ သားမြေဖြစ်နေ တာသာထူး၏၊ ထိုအထက်က မှိုးနိုးမြေမှာလည်း ပျားဖရောင်းလိုဖြစ်နေ၏၊ ခုအားဖြင့် ယူဇနာ (၅၀)ခန့်ရှိ၏ဟု နတ်ကြီးကပြော၏၊ ထိုပျားဖယောင်းမြေဝါတ်လည်မှာ ဗောဓိညောင်ရွက်ပုံ သဏ္ဌာန်များသန်း ကုဋေတုဋ္ဌာ ချိပြီးရှိနေကြတာ တံ့မခန်းဖြစ်နေ၏၊ ကျွန်ုပ်နှင့် နတ်မင်းကြီးတို့မှာ ဖူးမဝအောင် လက်အုပ်ချီဦးညွှတ်ကြပြီး မြေပေါ်မှာ တည်ထားသော မဟာဗောဓိစေတီတော်ကြီး ရှေ့ရောက်လာကြပြီး ပါတ်လည်လှည့်ဖူးမျှော်ပြီး နတ်ကြီးက ပြောသည်မှာ ဒီမဟာဗောဓိစေတီ ကြီးကို အသောကမင်းတရားတည်ခဲ့သည့် ဘုရားပွင့်တော်မူပြီး အနှစ်(၅၀၀)ကျော်လောက်မှ ပသိဘုရင်များ၏ စစ်သည်များကအခြေကနေတူးဖော်ချိုးဖျက်နေကြသည်ကို သိ၍တပည့် များလွှတ်ပြီး ဘုတ်သင်ရှင်းလင်းပြစ်လိုက်ရတယ်၊ ထိုအခါကြမှ သူတို့မဖျက်တော့ပဲ ပြေးကုန်ကြတယ်၊ သဏ္ဌာန်နေရာများက စေတီများလည်းခြောက်ဆူလောက် ဖျက်ဆီးခံလိုက်ရတယ်၊ ယခုလက်ရှိအနိမ့်တစ်ဆူပဲ ကျန်နေတော့သည်၊

ထိုသဏ္ဌာန်အပါအဝင် အရန်ခြောက်ဆူတို့၏ နေရာမြေများတိုလည်း လေ့လာကြတော့ မဟာဗောဓိမြေထုကဲ့သို့အရောင်အဆင်း ရပ်တည်နေကြပုံမဟာဗောဓိမြေနှင့် တစပ်တည်းရပ်တည်နေကြ၏၊ ထိုမြေမြတ်ထုကြီးက - ဖါ ထည်- တမျတ်မှာ တမျတ်မှာတမိုင်လောက် ရှိမည်ထင်၏၊ ထိုနေရာမှ ဖြည်းဖြည်းမျှော်

လှေလာပြီး မိဂဒါဝုန်သွားကြ၏၊ တခေါက်ခြင်းမိဂဒါဝုန် ရောက်သွားကြလျှင်အရှေ့တရပ်ကနေ မြေထုကို လှေလာပြီးတောက်မြေမှုတထက်မြေသားတိုင်အောင် လှေလာကြ သောအခါ အာဒေ့ဟာရောင်မှ မနော်တဲ နိုင်ဝတ်ပတ်လည်လောက် မြေထုကြီးမှာ ရွှေသားအစစ်တဲ့ သို့ရွှေရောင်တလက်လက် တောက်ပြောင်နေ၏၊ ရွှေသားနုကြီးပတ်လည်မှာ စက်ဝိုင်းပုံသဏ္ဍာန်များ သိန်းသန်းကုဋေချီပြီးတည်ရှိနေ၏၊ တုံမနေမှုကြုံတွေ့ဖူးမြင်လေ့လာရ၏၊ ထိုကနေတဖန် သက်သကိုသွားကြပြန်၏၊ သက်သရောက်လျှင် ရက္ခိန္ဒဘုမ္မစိုးနတ်ကြီးကဒိကျောက်တိုင်က အသောက စိုက်သောကျောက်တိုင်ဖြစ်သည်၊ ဘုရားရှင် နတ်ပြည်မှ လူ့ပြည်ဆင်းသက်လာတော့ ရွှေဦးဗွာညာခြေဖဝါးတော် ချတော်မူသော နေရာအထိမ်းအမှတ်အဖြစ်စိုက်ထူထားခြင်းဖြစ်သည်၊

နတ် - ဦးဝဋင်းနတ်ဇန်သက်သကိုသွားမှာ မဟုတ်လား၊ သွားမှာပါ ဘိုးဘိုး။

နတ် - ဒီနေရာကို သေသေချာချာမှတ်ထားပါ အားလုံးဖူးပြီးပြန်လာသောအခါ တပည့်တော်လည်း တမျှဝေးဝေါ သာခုံခေါ်ပါရစေ။

ဝဋင်း- ဘိုးဘိုးကို တောင်းတောင်းအမျှဝေပေးပါမယ်၊

နတ် - လာလာ အရှေ့အရပ်က နေဝင်ပြီး အဝိဇတိတ မြေမြှတ်တို့ လှေလာရအောင်ဟုပြောသဖြင့် တျွန်ုပ်လည်းလိုက်သွား၏၊ မြေထုအနေအထား မြေအသွေးအရောင်များ ဇေတဝန်ကျောင်းတော်ရာမြေနှင့်တူ၏၊ ထူးတာက အသောက ကျောက်တိုင်အောက်တည့်တည့်နီလာမြေပြင်ပါတ်လည် ခြေတော်ရာများသိန်းသန်းကုဋေချီပြီးဖူးတွေ့ရ၏၊ ထိုခြေတော်ရာများက အရောင်တောက်ပနေကြ၏၊ တျွန်ုပ်နှင့် နတ်ကြီးတို့ အထူးအားရပါးရဖူးမျှော်ကြပြီးဇေတဝန် ပြန်လာခဲ့ကြသည်၊ နံနက်အာရုဏ်တတ်အချိန် ဇေတဝန်ရောက်၏၊ ဇေတဝန်ညောင်စောင်းရာ အထူးဦးတိုက်ရှိခိုးပြီး အနားယူထိုင်လျှက် မေ့အိပ်လိုက်၏၊ နံနက်(၆)နာရီမှာ ထပြီး အသင့်တွေ့ရသည့်သစ်သီးများ၊ ဖယောင်းတိုင်၊ အမွှေးတိုင်ထုစ်လျှကိုယ်သတ်သန့်ရှင်းပြီး ဆွမ်းစား၍ရှေ့ခရီးဆက်ခဲ့တော့၏၊

သာဝတ္ထိမှ သက်သနဂိုရ်မြည်သို့

၁၃၁၇ - တပို့တွဲလဆန်း(၁၂) ရက် ကြာသပတေးနေ့

နံနက်(၇)နာရီတွင် ဘာလာရန်ပူမှ မီးရထားဖြင့် သာဝတ္ထိက မိုင်(၃၀၀)ခန့်ဝေးသော သက်သနဂိုရ်မြည်သို့ ထွက်လာခဲ့၏၊ နံနက်(၉)နာရီတွင် ဝွန်ဇါကိုရောက်၏၊ ဝွန်ဇါဘူတာမှ ရထားစောင့်ပြီး ခရီးဆက်ရာ လက်ခနောင်မြို့သို့ညနေ (၃)နာရီလောက်ရောက်၏၊ ကားငှားပြီး ရှေးပသီဘုရင်များ၏ နန်းတော်ကြီးများ သင်းချိုင်းဂူကြီးများ ကြည့်ရှုပြီးဘူတာပြန်လာ ည(၀)နာရီ လောက်ရထားပြောင်းစီး၍ ခရီးဆက်ခဲ့ရာ တပို့တွဲ လဆန်း(၁၃)ရက် နံနက် (၉)နာရီ(၁၅)မှာ ရှုကိုဟာဘတ်ဘူတာ ကိုရောက်၏၊ ၎င်းမှ ရထားလိုင်းပြောင်း၍ ဆက်ထွက်ခွာလာရာ နံနက် (၁၀)နာရီမှာ သက်သန္ဒိရာပကွနဘူတာသို့ ရောက်၏၊ လမ်းသွားရင်း ပုတီးစိတ်လာခဲ့ရာ ပုတီးပတ် ပေါင်း(၃၀၀)လောက်ရ၏၊ ဘူတာတွင် ကုလားကြီး(၈)ယောက် ဆလံပေးပြီး

ထိုင်နဲ့ရှိရာခေါ်သွား၏၊ သူ့ပခုံးပေါ်က တဘက်ကလေးခင်းပေးပြီး အထိုင်နိုင်း၏ လက်ဝါးလေးဖြန့်ပြီး ခဏအနေ နိုင်းပြီး သူကအပြင်ခဏ ထွက်သွား၏၊ ပြန်လာတော့ ပဲပလာတာ(၃)ချပ်၊ စမူဆာ(၁၀)ခု၊ လက်ဖက်ရေကြမ်း(၁)ခွက်၊ ကျွန်ုပ်ကိုတပ်၍စားသောက်ပြီးနေ့(၁၂)နာရီခွဲလောက် ဘတ်စ်ကားဖြင့် သက်သသွား၏၊ ကားခ(၆)ပဲ ပေးရ၏၊ နေ့(၁)နာရီမှာသက်သနဝိုမ်မြည်ကိုရောက်၏၊ သက်သမှာ ယခုအခေါ်သံကဿခေါ် ရွာငယ်လေးသာရှိတော့၏၊ တိမ်ခြေ (၂၉)အိမ်လောက်ရှိ၏၊ ပက္ကနဘူတာမှ အနောက်မြောက်ဘက် (၆)မိုင်လောက်သာဝေး၏၊သက်သ ရောက်လျှင် မနေ့ညကတွေ့ခဲ့သော ကျောက်တိုင်ရှိရာသွား၏၊ ကျောက်တိုင်ကြီးနားရောက်၍ ကျောက်တိုင်ထိပ်က ဆင်ရုပ်ကိုသေသေချာချာ ကြည့်လိုက်၏၊ ကျောက်ဆင်ရုပ်အမြင့်သည် နှစ်တောင်၊ အောက်ခံကျောက်တိုင်(၃) တောင်ခန့်မြင့်သည်၊ အပေါ်က (၄)ပေ ပါတ်လည်ကျောက်မကျွပ်မိုးထား၏၊ ဘုရားရှင်တာဝတိံသာမှ ဆင်းသက် တော်မူလာရာအဦးဆုံး ညာခြေတော်ချရာတွင်အထိမ်းအမှတ်အဖြစ် အသောကမင်းကြီး စိုက်ထူခဲ့သော ကျောက်တိုင်ဖြစ်၏၊ရှင်သာရိပုတ္တရာ ကျောင်းတော်ရာသည် ကျောက်ဆင်ရုပ်မှ တောင်ဘက်ဂိုက်(၁၀၀)ခန့် ဝေး၍မြင့်မားသော မြေပုံကုန်းပြင်ကြီးဖြစ်၏၊ သုံးဧပ်လောက်ရှိမည်ထင်ရ၏၊ငှင်းကျောင်းတော်၌ လင်းနို့သား(၅၀၀)မှ ဖြစ်လာသောရဟန်း(၅၀၀)ကို ရှေးဦးစွာအဘိဓမ္မာခုနစ်ကျမ်းကို ရှင်သာရိပုတ္တရာ ဟောကြားသင်ပေးခဲ့ရာ ကျောင်းတော်ဖြစ်၏။ ၎င်းအဘိဓမ္မာ(၇)ကျမ်းသည် ယခုထက်တိုင် သာသနာဝင် ကျမ်းများ ၌တည်၏၊ ကျောက်ဆင်ရုပ်နှင့် (၂)ဖာလုံလောက်ကွာ၍ နန်းတော်ဟောင်းကြီးရှိ၏။ အခန်းပေါင်းမရေတွက် နိုင်အောင် များလှ၏၊ တမိုင်နည်းပါးကျယ်မည်ထင်၏၊ လူပေါင်းများစွာနေထိုင်ကြသည်ဖြစ်၍ ယခုအခါသံကဿ ရာ ဟုတွင်နေ၏၊

ဤသက်သနဝိုမ်မြည်မှာ ဘုရားရှင်(၇)ဝါမြောက်ဝါဆိုဦးတွင်သာဝတ္ထိမြည် ကဏ္ဍမ္ဗသရက်ပြုပင်ရင်း၌ တိတ္ထိတို့အားတန်ခိုးပြခါ နိမ်နင်းပြီးနှစ်လုမ်းသုံးဖဝါးဖြင့်တာဝတိံသာတက်၍ ဝါဆိုတော်မူကာ အဘိဓမ္မာ (၇)ကျမ်း ကို ဟောတော်မူပြီးလျှင် သီတင်းကျွတ်လပြည့်နေ့မှာ လက်ဝဲလက်ယာ ရွှေစောင်းတန်းငွေစောင်းတန်း ခြံရံလျှက် အလယ်မှပတ္တမြားစောင်းတန်းတို့ဖြင့် သက်သနဝိုမ်မြည်မြောက်တံခါးရှိ ကျောက်ဆင်ရုပ် ကျောက်တိုင်နေရာမှာ စောင်းတန်းလှေကားဦးဆိုက်ခါဆင်းသက်တော်မူခဲ့လေသည်၊ ဘုရားရှင်တိုင်းမစွန့်အပ်သော အဝိဇဟိတဌာနကြီး လေးပါးတို့တွင်တပါးအပါအဝင် ဖြစ်ပေသည်၊

မှတ်ရန် သိ၊ ဟော၊ မြဲနေ၊ ဆင်းနတ်မြေ၊ လေးတွေ့ဌာနေ အဝိဇဟိတ၊

သက်သနဝိုမ်မြည်၌ မြေပုံပါအစီတနေရာများကြည့်ရှုမှတ်သားလေ့လာပြီး ရှင်သာရိပုတ္တရာလင်းနို့သား ငါးရာရဟန်းတို့ အဘိဓမ္မာဟောကြားသင်ပြသော ကျောင်းတော်နေရာပြန်ပြီး ပဋ္ဌာန်းပစ္စည်းဝါရ (၃) ကြိမ်ရွတ်ဖတ် ပူဇော်နေ၏၊ ထူခြားချက်က မြေထဲမှမီးခိုးများနေရာအနှံ့အပြား အလိပ်လိုက် ထွက်ကြပြီးကျွန်ုပ် ရွတ်ဖတ် ပူဇော်သည့်ခေါင်းပေါ်ရောက်လာကြသောအခါ မျက်နှာကျက်တဲ့သို့ဖြစ်၍ ကျွန်ုပ်ကိုနေမပူအောင် ဒုပ်မိုး ထား၏၊ ထိုနေ့ညနေ(၆)နာရီတွင် (၃)ကြိမ်ရွတ်ဖတ်ပူဇော်ပြီးအားလုံး မတ္တာပို့အမျှဝေ၏၊ အသောကဆင်ရုပ် ကျောက်တိုင် နေရာလာခဲ့သည့်ဒီကနေ့ထည့်တာဝ်နေရာတွင် ဝုဏ်တော်တပါးကို တနာရီပွားများပြီး ပရိတ်(၁၁)သုတ်ရွတ်ဖတ် ပူဇော်ရန် အဓိဋ္ဌာန်၍ ပရိတ်ယူအဓိဋ္ဌာန်စတော့၏၊ အသောကဆင်ကျောက်တိုင်ကိုကျော၍ အရှေ့မျက်နှာမှ၍

တစ်ဌာန်ပုတီးစိတ်၏၊ ရေကို နန်းတော်ရာဟောင်းနားမှာရှိ ရေတိုင်ကြီးမှခပ်၍ သောက်တော်ရေအဖြစ် ကပ်လှူ၏။ ပါလာသော နံ့သာတိုင် အလင်းတိုင်များလည်းပူဇော်၏၊ စိတ်ထဲမှ အရဟံဂုဏ်တော်ဂါထာကို ရွတ်ပွားနေ၏၊ ထိုအခိုက် နားနားတွင်အသံထွက်ရွတ်ပွားပါဘုရားဟု ပြောလာ၏၊(၃)ကြိမ်လောက်ပြော၍ အသံထွက် ရွတ်ပွား တော့၏၊ ပုတီးလေးပတ်ပြည့်လျှင်တနာရီစေ့၍ သမ္မာသမ္ဗုဒ္ဓ (၈)ချက် ပညာရှိသောဂါထာ အသံထွက် ရွတ်ပွားနေ၏၊ ထိုအခိုက်တွင် ပန္နက်ဆိတ်၊ တင်းလိပ်၊ အိမ်မြှောင်၊ ပင့်ကူ၊ ပိုးဟပ်၊ ချိုးပိုးထိုး တို့လို အကောင်များ ထောင်သောင်းချီပြီ။ ကျွန်ုပ်ပါတ်ဝန်းကျင် ရှိနေကြသည်၊ ဂါထာ(၃)ပါတ်ရလျှင် တထွာသာသာ လောက်လူများ ဖြစ်တုန်ကြသည်၊ လေးပါတ်ပြည့်တော့ (၁)နာရီစေ့သွားပြန်၍ဝိဇ္ဇာစရဏ၊ (၇)ချက် ကောင်းမကောင်းဆင်ခြင် နိုင်သော ဂါထာဆက်စိတ်၏၊ ပုတီးတပါတ်အတွင်း မိုးသဲလေးများကျလေလဲခပ်ဖြင်းဖြင်း တိုက်ခပ်လာ၏၊ ကျွန်ုပ်တ မထဲ ရွတ်နေ၏၊ နှစ်ပါတ်အတွင်းအားလုံးကင်းရှင်းသွား၏၊ ပုတီး(၄)ပါတ်ရသဖြင့် တနာရီစေ့သွားပြန်၏၊ သုဂတော(၉)ချက် အေးရန်ကင်း၍ချမ်းသာခြင်းရှိသော ဂါထာဆက်စိပ်၏၊ အသံဆိုးများဖြင့် ထောင်သောင်း ချီသောသူများ အော်ဟစ်နေကြ၏။ ဘာအော်ဟစ်နေတယ်ဆိုတာ နားမလည်ပေ၊ (၄)ပါတ်အတွင်း ဗမာလို ဂုဆိုးတောင်ရှည်ဝတ် ရပ်ဖုံးအကျီနှင့် လူတယောက်လာပြီးကန်တော့၏၊ အရင်ကသူ့စိနားမှာ ကျောင်းလေးနှင့် နေကြောင်းမြန်မာပြည်သား ဖြစ်ကြောင်း၊ အနှစ်(၂၀)လောက်နေပြီးသေ၍ ယခုရုက္ခစိုးဖြစ်နေကြောင်း လွန်ခဲ့သော အနှစ်(၃၀၀) လောက်ကဟုပြောပြီး ကျွန်ုပ်ရွတ်ပွားနေသော ဂုဏ်တော်ကိုနာခံနေ၏၊ (၄)ပတ်ပြည့်တော့ လောက ဝိဒူ(၇)ချက် အကျိုးပြီးသော ဂါထာစိတ်၏၊ ရုက္ခစိုးကြီးက မီးထွန်းပေး၏၊ အမွှေးတိုင်လည်းထွန်းပေး၏၊ သစ်သီးများပန်းများလဲ လှူထား၏၊ (၁)နာရီစေ့၍ပုတီးပါတ်ရပ်၏၊ ရှေ့ဆက်ပြီး - ပုရိသ(၃)ချက်၊ ဓမ္မသာရထိ(၄) ချက်၊ အလိုခပ်သိမ်းပြည့်စုံသောဂါထာ ရွတ်ဖတ်ပူဇော်နေ၏၊ ထိုဂါထာပုတီး (၁)ပါတ်အတွင်းပန်းများ တောင်းတင်ပေါ်ကကျလာကြသည်၊ ကျွန်ုပ်ပတ်လည်နှင့်ကျောက်တိုင်ပတ်လည်ပန်း ပင်မျိုးစုံများကျွန်ုပ်ထိုင် နေသောပေါင်မြုပ်လောက်အောင်ထုရှိ၏၊ တစ်နာရီစေ့တော့ထိုဂါထာပြီး၍ နာရီကြည့်လိုက်၏၊ ည(၁၁)နာရီ ကျော်သွား၏။ ရှေ့ဆက်ပြီး သတ္ထာဒေဝ မနုဿနံ (၈)ချက် သောကကင်း၍စိတ်တောင်းရရှိသောဂါထာစိတ်၏၊ ပုတီးနှစ်ပါတ်လောက်ရတော့၊ အဆိမ့်မွှာရွှတ်သံများ ပီပီပြင်ပြင်ကြားနေရ၏၊ ရုက္ခစိုးကြီး လာထိုင်နေတုန်းဖြစ်၏၊ ဂါထာများမများအောင် အတော်ဂရုစိုက်ရွတ်ရ၏၊ ထိုဂါထာ(၄)ပါတ်စိတ်တော့ တစ်နာရီ ပြည့်သွား၍ ဗုဒ္ဓေါ (၈)ချက်အောက်ပြန်မှုက်စီးခြင်းကင်းသော ဂါထာရွတ်ဖတ်ပူဇော်၏၊ သီချင်းဆိုသံနှင့် စေ့င်းတီးသံများကြားလာရ ၏၊ ပုတီး(၄)ပါတ်ပြီး၍ တနာရီစေ့သည့်တိုင်အောင်ကြားလာရ၏၊ ရုက္ခစိုးကြီးလည်းရှိနေတုံးပင်၊ ဘဂဝါ (၉)ချက် ဆင်းရဲကင်း၍ ဘုန်းကျက်သရေနှင့် ပြည့်စုံသော ဂါထာဆက်ရွတ်စိတ်၏၊ ကြေးစည်သံ၊ ခေါင်းလောင်းသံ၊ ခရုသင်း မှုတ်သံများ အဆက်မပြတ်ကြားနေရ၏၊ ထိုဂါထာ(၄)ပါတ်ပြည့်၍တစ်နာရီစေ့သဖြင့် နာရီကြည့်လိုက်သောအခါ (၄)နာရီထိုးနေ၏၊ အောင်စည်အောင်သံများလည်း ပျောက်သွား၏၊ ပရိတ်များဆက် ရွတ်၏၊ နံနက်(၆)နာရီထိုးလျှင် အားလုံးပြီး၍ မေတ္တာပို့အမျှဝေ၏၊ ရုက္ခစိုးကြီးကအားရပါးရ ကြေနပ်နှစ်သိမ့်စွာ သာဓုခေါ်၏၊ ကျွန်ုပ်လည်း ဘုရားကပ်ထားသော ရေယူမျက်နှာသစ် သစ်သီးများစားပြီး ခရီးဆက်ရန်ပြင်၏၊ ရုက္ခစိုးကြီးက သူကားဂိတ်သို့ လိုက်ပို့ပါမည်ပြော၍ လိုက်လာပြီး ကားပေါ်တင်ပေး၏၊ ကားလည်းပေးသွား၏၊

ဤနေရာတွင်ရပ်၍ ဗုဒ္ဓဂါယာခရီးသွားမှတ်တမ်းအား အပြီးသတ်လိုက်ရပါသည်။ ကျန်တပိုင်း များဖြစ်သော ပတ္တနမှ မိုင်(၁၂၀)ဝေးသောအာဂါရာမြို့၄င်းမှ (၁၂၂)မိုင်ဝေးသောဒေလီမြို့၄င်းမှစ၍ အလျှသွား ထုံသော ၄င်းမှ (၇၉၇)မိုင်ဝေးသော မဒရပ်မြို့၊ ၄င်းမှ (၄၄၂)မိုင်ဝေးသော သီဟိုဠ်သို့ခရီးသွားမှတ်တမ်းများကို အချိန်ရလျှင် အဆင်ပြေလျှင် ဆက်လက်ထုတ်ပါဦးမည်။

မှတ်ချက် - ဗုဒ္ဓဂါယာဘုရားဖူးခရီးစဉ်သည် အလျှင်းသင့်သလိုသွားခဲ့ရပါသည်၊ ထို့ကြောင့်ဗုဒ္ဓဝင်ကို အလျှင်းသင့်သလိုမရေးဘဲ အစီအစဉ်တိုင်းသာရေးမည်ဖြစ်၍ ဖွားတော်မူခန်းကစပြီးရေးသွားပါမည်။

x.x x x x x x x x x

## ဘုရားအလောင်းတော်ဖွားမြင်ခန်း

ပစ္ဆိမယာဝသား ဘုရားအလောင်းတော်တို့၏ မယ်တော်တို့မှ၊ တပါးအခြားသောမိန်းမတို့မှာ မိမိတို့၏ ကိုယ်ဝန်ကို ဆယ်လထက်အလွန်သော်၄င်း၊ ဆယ်လစောက်အယုတ်သော်၄င်း ဆောင်ကုန်လျှက်- ရက်၊ လမပြည့်မူ၍ ဖွားမြင်တတ်ကြကုန်၏၊ လျောင်းထိုင်ရပ်သွားလေးပါး ဣရိယာပုတ်တို့ဖြင့် ဖွားမြင်တတ်ကြကုန်၏၊ အချို့ လျောင်း၍ဖွားမြင်တတ်ကြကုန်၏၊ အချို့ထိုင်၍ အချို့ရပ်၍ အချို့သွား၍ ဖွားမြင်တတ်ကြကုန်၏။

ပစ္ဆိမယာဝသားဘုရားအလောင်းတို့၏ မယ်တော်တို့သည်မူကား ထိုသို့မဟုတ်ကုန်မူ၍ ပဋိသန္ဓေယူသော နေ့ရက်အချိန်ကာလမှစတင်လျှက် လအားဖြင့်ဆယ်လ ရက်အားဖြင့်နှစ်ရာကိုးဆယ့်ငါးရက်အတိုင်းအရှည် ပြည့်စုံစေ့ရောက်သောအချိန်ကာလ၌သာ ထိုကိုယ်ဝန်ပဋိသန္ဓေကိုဆောင်ကြပြီးလျှင်ရပ်သော ဣရိယာပုတ်ဖြင့်သာ ဖွားမြင်ကြမြဲဓမ္မတာဖြစ်ကုန်၏၊ ဖွားမြင်ရာ၌လည်းတစုံတရာစက်ဆုတ်ဖွယ်ရာ အညစ်အကြေးတို့ဖြင့် လိမ်းကျံ ပေရေခြင်းမရှိပဲ သန့်ရှင်းစင်ကြယ်သည်ဖြစ်၍ ကာသိကိုင်းဖြစ်အထည်သစ်အပေါ်၌ တင်ထားအပ်သော ပတ္တမြား ရတနာကဲ့သို့ တင့်တယ်ထွန်းပစွာ ဖွားမြင်တော်မူကြမြဲဖြစ်ကုန်၏။

ဘုရားလောင်းတော်တို့မှတပါး အခြားသူတို့သည် မိခင်၏ကမ္မဇလေလှုပ်ရှားသောအခါ၌ ထိုလေ၏ အဟုန်အားဖြင့် ခြေကားအထက်ဦးခေါင်းကားအောက် ဦးစောက်ပြောင်းပြန်လန်၍ကြပြီးလျှင် မိခင်၏ ယောနိဒွါ ရဟသာဝေဝယ် မာလှသောအသားစိုင်အတွင်းရပ်မှ တင်းကြပ်စွာ မိညှပ်ဖျစ်ညှစ်ဘိသကဲ့သို့ ဝွန်းရိမ့်ကြမ္မလှမ်း အလွန်ထိခိုက်နာကျင်လှသောဆင်းရဲဒုက္ခကို ခံစားကြရကုန်လျှက် အသူတရာနက်သော ချောက်အတွင်းသို့ ကျရောက်သက်ဆင်းရဘိသကဲ့သို့၄င်း၊ ကျဉ်းမြောင်းလှစွာသော သံတောက်ပေါက်သော့ပေါက် မှ ဆင်မြောင်ကြီး ကို ဆွဲဝင်ထုတ်ဆောင်ဘိသကဲ့သို့၄င်း၊ မချိဆင်းရဲပင်ပန်းငြီးငြင်စွာ ထွက်မြောက်ဖွားမြင်လာကြကုန်၏။

ဘုရားလောင်းတော်တို့မူကား ထိုသို့မဟုတ်ကုန်ဘဲမကျိုက်ရေစင်၏ အတွင်းမှရေဆင်းသည်အလား လွယ်ကူသက်သာစွာ ထွက်မြောက်ဖွားမြင်ကြရကုန်၏။ ဥပမာအားဖြင့် တရားဟောပြီး၍ ဓမ္မာသနပလ္လင်မှ ငြိမ်းညင်းသာယာစွာ ကြွဆင်းလာသော ဓမ္မကထိကအရှင်မြတ်ကဲ့သို့၄င်း၊ စောင်းတန်းလှေကားမှ ချမ်းသာငြိမ် သက်စွာသက်ဆင်းလာသော ယောက်ျားကဲ့သို့၄င်း၊ ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းသည် မြေတောင်ကို ဖောက်ထွင်း၍ထွန်းလင်းထွက်ပြူလာသကဲ့သို့ ၄င်း ကြောက်လန့်ခြင်း အလျှင်းမရှိ၊ သတိသစ္စဉ်နှင့် ပြည့်စုံစွာ၊ မျက်လုံးတော်တို့ကိုဖြန့်လျှက် ငြိမ်သက်ချမ်းသာစွာ ထွက်ကြွသန့်စင်ဖွားမြင်တော်မူကြကုန်၏။

## မယ်တော်မဟာမာယာဒေဝီဒေဝဒဟပြည်သို့ ကြွချီကြောင်း

မယ်တော်မဟာမာယာဒေဝီသည် ဆီကိုသပိတ်ဖြင့်ဆောင်သကဲ့သို့ ဘုရားအလောင်းတော်ကို ဆယ်လ ပါတ်လုံး ဝမ်းကြာတိုက်ဖြင့် လွယ်ပိုက်သိမ်းဆောင်လျက် ရင့်မာခြင်းသို့ ရောက်လာသောအခါ မိမိ၏ ဇာတိရပ်မြေ ဆွေမျိုးတို့နေရာ ဒေဝဒဟပြည်သို့သွားရောက်လိုသော ဆန္ဒလှုံ့ဆော်လတ်ရကား သုဒ္ဓေါဒနမင်းကြီးအား 'အရှင် မင်းကြီး အကျွန်ုပ်သည်ဆွေမျိုးတို့၏စံရာ ဒေဝဒဟပြည်သို့ သွားလိုပါသည်ဟု' လျှောက်ထားပန်ကြားလေ၏။

သုဒ္ဓေါဒနမင်းကြီးသည်လည်း 'ကောင်းပြီ'ဟုဝန်ခံခွင့်ပြုတော်မူ၍ ကပိလဝတ်နေပြည်တော်မှသည် ဒေဝဒဟပြည်သို့တိုင်အောင် ခရီးလမ်းကို ညီညွတ်ပြေပြစ်စွာပြင်ဆင်စေပြီး ထိုခရီးလမ်း၏ နံပါးနှစ်ဘက်တို့၌ ငှက်ပျောပင်စိုက်ခြင်း၊ ရေပြည့်အိုး၊ ရေအိုးစင်များတည်ထားခြင်း၊ ကွမ်းသီးပင်စိုက်ခြင်း၊ တံခွန်အောင်လံတို့ ထိုးစိုက်ထောင်လွှင့်ထူခြင်း စသည်တို့ဖြင့် ခရီးလမ်းတစ်ခုကို နတ်လမ်းမတအသွင်တင့်တယ်စွာ ဆင်ယင်စေပြီးလျှင် မဟာမာယာဒေဝီမိဖုရားကြီးကို အသစ်ဖြစ်စေသော ရွှေထမ်းစင်ပေါ်၌ ထိုင်နေစံပွါယ်လျက် ထိုရွှေထမ်းစင်ကို အမတ်မင်းချင်းယောကျ်ားပေါင်းတစ်ထောင်တို့အား ပင့်ချီဆောင်ကြဉ်းစေ၍ တရားအခွင့်အားလျော်စွာ အမှုတော်ကို ထမ်းဆောင်ကြရန် ခြွေရံသင်းပင်းဝင် ကိုယ်ရံတော်အဆောင်အယောင်အခမ်းအနားများစွာတို့ဖြင့် ဒေဝဒဟပြည် သို့ပို့စေတော်မူ၏။ ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့ မယ်တော်မာယာကြွချီခန်း၌ ကျမ်း စာရာတို့အဆိုအမိန့် မတူကြပုံကို အနုဒီပနီ၌ ဖေါ်ပြထားသည်။

## လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်

ကပိလဝတ်နေပြည်တော်နှင့် ဒေဝဒဟပြည်နှစ်ပြည်ထောင်တို့၏ အကြား၌ ထိုနှစ်ပြည်ထောင် သား လူအများတို့ အသုံးပြုခြင်းငှာထိုက်သော လုမ္ဗိနီမည်သော အင်ကြင်းတောသည် ရှိ၏၊ ထိုအင်ကြင်းတောသည် မဟာမာယာ ဒေဝီမိဖုရားကြီး ကြွသွားဆိုက်ရောက်တော်မူသောအခါ၌ ပင်ရင်းပင်ခြေမှ အခက်အဖျားတိုင်အောင် ပင်လုံးကျွတ်အပင်တိုင်းပွင့်လျက်ချည်းရှိ၏။ ထိုအင်ကြင်းတော အင်ကြင်းပင်တို့ဝယ် အပွင့်အကြားအခက် အလက် တို့အကြားမှ အဆင်းငါးထွေ အရေအရောင်ရှိသော ပိတုန်းကုပ်စုတို့သည်ရင်း၊ အမျိုးမျိုးသော ငှက်အပေါင်း တို့သည်ရင်း၊ ချိုမြိန်သာယာနာပျော်ဖွယ် အသံတို့ဖြင့် ဝဲပျံတွန်မြူးတွန်ကျူးလျက် ရှိကြကုန်၏၊ ထိုအင်ကြင်း တောတခုလုံးသည် သိကြားနတ်မင်း၏ စိတ္တလတာမည်သော ဥယျာဉ်တော်နှင့်မခြား ပျော်ပါးမွေ့လျော်ဖွယ်ရာ ဆန်းကြယ်စွာသော ဂုဏ်ကျေးဇူးအထူးတို့နှင့်ပြည့်စုံလျက်ရှိ၏။ ဘုန်းတန်ခိုးအာနုဘော်တော်ကြီးမြတ် သောမင်း သည် ကောင်းစွာပြုပြင်စီရင်ထားအပ်သည့် ပျော်ပွဲစားရပ်ဝန်းပမာလွန်စွာ ပျော်ရွှင်ကြသော အသံတို့ဖြင့် တရုံမစဲ မြိုင်မြိုင်သဲ ဆူညံနေဘိသကဲ့သို့ရှိနေ၏။ ဤကား အဋ္ဌကထာ၏ဖွင့်ဆိုချက်တည်း။

လုမ္ဗိနီအင်ကြင်းတော၌ရှိကုန်သောအင်ကြင်းပင်တို့၏ အခက်အလက်အပွင့်အဖူးတို့၏ အကြား အကြားတို့မှ အလွန်အကြူးအထူးမွေ့လျော်ခြင်းကို ပြုတတ်သည့် နားဝင်ချိုသော စိတ်မှာရွှင်ပြုံးဖွယ် အထူး မြည်တွန်တတ်ကုန်သော၊ အင်ကြင်းပန်း၊ ရနံ့ဝတ်ရည်တို့ဖြင့် ယစ်ကာ ဝမ်းသာဝမ်းမြောက်ကုန်သော ထိုပန်းနံ့ ဝတ်ရည်တို့ကို ခံစားသွားလာပျံဝဲလျက် ရှိကြကုန်သော သူတပါးအဖို့ကိုပါ ဆောင်ယူတတ်သော ပျားပိတုန်းမ

တို့သည် သတယာရင့်ကျွမ်းအပ်သည်ဖြစ်၍ ထိုလုမ္ဗိနီအင်ကြင်းတောသည် နတ်တို့နှစ်သက်အပ်သည့် နန္ဒဝန် ဥယျာဉ်နှင့် တူလှပေ၏။

ဝိဘူသိတာဟာလခ နာတိဧလိနီ၊ ဝိဘူသိတာဂီဝနံ တေဝမာလိနီ၊

သဓါဧနာနံနယနာလိမာလိနီ၊ ဝိလုမ္ဗိနီဝါတိပိ ရောစိလုမ္ဗိနီ။

အရှယ်နမျိ လူတိုထို၏စိတ်ကို မောက်ပြားချောက်ချားတုန်လှုပ်စေနိုင်သော ပုတီးနားချောင်းသွယ် ပြောင်းစုံလင်တန်ဆာဆင်အပ်သည့်ကို အင်္ဂါအစိတ်အပိုင်းရှိပေသော ပန်မျိုးစုံလင် ပန်ဆင်လျှက်ရှိသော မိန်းမပျို သည် အလွန်တင့်တယ်သကဲ့သို့ ဆန်းပြားစုံလင်တန်ဆာဆင်အပ်ပြီးဖြစ်၍ အပါခပ်သိမ်းလူအပေါင်းတို့၏ မျိုတ် ဆုန် ရွှင်ကြည်သည့် မျက်စိတည်းဟူသော ပိတုန်းတို့စုရုံးခိုနားရာ မာလာဖူးငုံပန်းမျိုးစုံပေထသော၊ လုမ္ဗိနီဝေါ ဥယျာဉ်တော်သည် ဗျိုနုသောထိုမိန်းမနှင့်အလှဂုဏ်ဆိုင် သနိုင်ငါနိုင် အပြိုင်လုသကဲ့သို့ အလွန်အကြူ အထူးဆန်းကြွယ်တင့်တယ်လေပြီ ....၊ ဤကားဇုဒ္ဓဝင် အဋ္ဌကထာဆရာတော်အရှင်ဗုဒ္ဓဃောသမထေရ်၏ လမ္ဗိနီဥယျာဉ်တော်ဖွဲ့တေးရပ်ပေတည်း။

ထိုကဲ့သို့ လွန်ကဲစွာတင့်တယ်ခြင်းရှိသော လုမ္ဗိနီအင်ကြင်းတောကို မြင်တော်မူလတ်၍ မဟာမာယာဒေဝီ မိဖုရားကြီးအား ထိုအင်ကြင်းတောသို့ သက်ဝင်ပျော်ပါးကစားရွှင်မြူးလိုသောဆန္ဒသည် ထင်ရှားစွာဖြစ်ပေါ် လာပေ၏၊ အမတ်တို့သည်လည်း သုဓ္ဓေါဓနမင်းကြီးအား ပန်ကြားလျှောက်ထားပြီးလျှင် မဟာမာယာဒေဝီ မိဖုရား ကြီးကိုရှေ့ထမ်းစင်ဖြင့် ဆောင်ယူကာမင်္ဂလာအင်ကြင်းတောသို့ဝင်ကြကုန်၏။

နတ်ဗြဟ္မာတို့ စုဝေးကြခြင်း

မဟာမာယာဒေဝီမိဖုရားကြီးလုမ္ဗိနီအင်ကြင်းတောအတွင်းသို့ ဝင်ရောက်တော်မူသောခဏ၌ပင် နတ် အပေါင်းတို့သည်'ယနေ့အလောင်းတော်သူမြတ်သည်မယ်တော်ဝမ်းကြာတိုက်မှ ထွက်မြောက်သန့်စင်ဖွားမြင် တော်မူလိမ့်မည်' ဟူ၍ အုတ်အုတ်ကျက်ကျက်ဖြစ်လျှက် လောကဓာတ်စကြာဝဠာတိုက်တသောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့သည် အလောင်းတော်၏ ဖွားမြင်ခြင်းဝိဇာတမင်္ဂလာကို ပူဇော်သက္ကာပြုကုန်အံ့ဟူ၍အထူးထူးသော မင်္ဂလာဘဏ္ဍာလက်ဆောင်တို့ကိုယူဆောင် ကိုင်ဆွဲကြကုန်လျှက် ဤစကြာဝဠာတိုက်အလုံးပြည့်ဖုံးအောင် ပေါင်းစုံ စုဝေးလာရောက်ကြပြီးသော်လည်း၊ ကောင်းကင်တပြင်လုံး နတ်ထီးဖြူတို့ဖြင့် လွှမ်းဖုံးမိုးကာ၍ မင်္ဂလာသီချင်းတို့ကို သီဆိုရင့်ကျူးကြကုန်လျှက်နတ်၌ ဖြစ်သော တူရိယာသံတို့ဖြင့်ဂုဏ်၊ ခရုသင်းသံတို့ဖြင့် ဂုဏ်၊ တပြိုင်တည်းပဲ့တင်ထပ် စေမြဲရပ်တည်လာကြလေကုန်၏၊ မဟာမာယာဒေဝီမိဖုရားကြီးသည် မင်္ဂလာအင်ကြင်းတောအတွင်းသို့ ရောက်တော်မူလျှင်ပင် ပြောင့်မတ်လုံးဝန်းသော ပင်စည်ရှိ၍ ပန်းအတိထန်းဆံ့ဆင်အပ်သော အင်ကြင်းပင်၏ အခက်ကို လက်ဖြင့်လှမ်းယူလိုလေသည်၊ မင်္ဂလာရှိသော ထိုအင်ကြင်းခက်သည်လည်း အသက်ရှိသူတလား လူအများ၏စိတ်နှလုံးကို ချောက်ချားနောက်မှေ့အံ့ဩစေလျှက် ရေနွေးဝယ်ပြုတ်ဖျော့အပ်သောကြိမ် ညွှန့်ကဲ့သို့ အသိုအလျှောက်အောက်သို့ တွဲလျှားညွှတ်ကိုင်းကာ မဟာမာယာဒေဝီမိဖုရားကြီး၏ လက်ဝါးအပြင်သို့ အဆင်သင့် ကပ်ရောက်လာလေသည်၊

မဟာမာယာဒေဝီမိဖုရားကြီးသည် လက်ဝဲမြစ်သို့ အဆင်သင့် ကပ်ရောက်လာသော ထိုအင်ကြင်းခက်ကို မြေးငှက်၏ နှုတ်သီးပမာ တျာတျာနီမြန်းသော လက်သည်းအရောင်တို့ဖြင့်တောက်ပ၍ ကြာမိုးတန္နီး လုံးဝန်း ပြေညီသည့်လက်ချောင်းရှိသော အသစ်စက်စက်ဆင်မြန်းအပ်သည့် ရွှေလက်ကောက်တို့ဖြင့် တင့်တယ်လျှက် နှစ်သက်ဖွယ်ရာရှိသောလက်ျာလက်ဖြင့် ဆွဲကိုင်ဆန့်တန်း၍ ရပ်တည်တော်မူလေ၏။ အင်ကြင်းခက်ကို လက်ျာလက်ဖြင့် ဆွဲကိုင်ရပ်တည်နေသော မဟာမာယာဒေဝီမိဖုရားကြီးသည် မည်းနက်ညိုမှောင်ရွာမည့်ရောင် ဖန်ဆင်းသည့် တိမ်ခွင်မိုးရပ်အကြားမှထင်ရှား ထွက်ပြူစလဆန်း၏ အရေးကဲ့သို့ ရင်းတခဏမြင်း ဝင်းဝင်းပြိုးပြက် တောက်ပလျက်သော လျှပ်စစ်အရောင်ကဲ့သို့, ရင်းနန္ဒဝန် ဥယျာဉ်တော်၌ဖြစ်ပေါ်သော နတ်သမီးကဲ့သို့, ရင်းအလွန် အကြူအထူးတင့်တယ် တော်မူပေ၏။

## အလောင်းတော်ကိုဖွားမြင်ခြင်း

မဟာမာယာဒေဝီမိဖုရားကြီး ရွှေချည်ထဘီကိုဝတ်၍ ငါးကြင်းမျက်စိနှင့်တူသော အကွက်တို့ဖြင့် ဆန်းကြယ်သော အပေါ်ရုံဘွဲ့မြူလွှာကို ခြေဖျားတိုင်အောင် ဝတ်ရုံဆင်မြန်းလျှက် မင်္ဂလာအင်ကြင်းခက်ကို ယာလက်တော်ဖြင့် ကိုင်ဆွဲကာ လွန်ကဲသောတင့်တယ်ခြင်းဖြင့်တင့်တယ်စွာ ရပ်သောခဏ၌ မဟာမာယာဒေဝီ၏ အလောင်းတော်ကို ဖွားမြင်ကြောင်းတမ္မဝလေတို့သည် တုန်လှုပ်လာကြကုန်၏။ ထိုအခါ ကိုယ်လုပ်မောင်းမ မှူးမတ်ဇနီးသော လူအပေါင်း တို့သည် မဟာမာယာဒေဝီအတွက် တင်းတိမ်ကန့်လန့်ကာတို့ဖြင့် ပတ်ကာဝန်းရံကြကုန်ပြီးလျှင် ထိုအပါးမှ ဖယ်ရှား ဆုတ်ခွာ ကြလေကုန်သည်။

မဟာမာယာဒေဝီ မိဖုရားကြီးသည် မင်္ဂလာအင်ကြင်းခက်ကို ယာလက်တော်ဖြင့်ကိုင်ဆွဲလျှက်တင့်တယ်စွာ ရပ်တည်စဉ် ခဏ၌ပင် မဟာသမုဒ္ဒရာနှင့်တကွသော စကြာဝဠာတိုက် တသောင်းလုံး ထစ်ချွန်းမြည်ဟိန်းလျှက် တုန်ထိန်းစက်ပမာ သိမ့်သိမ့်ခါလှုပ်ခြင်း၊ နတ်ဗြဟ္မာအပေါင်းတို့ ကောင်းချီးပေးခြင်း၊ နတ်ပန်းမိုး ရွာသွန်းပြိုးခြင်း၊ နတ်လူတို့၏ တူရိယာအပေါင်းတို့ အလိုအလျောက် သာယာစွာမြည်ခြင်း၊ မီလာအောက်ထပ်၊ စကြာဝဠာအတွင်း ဟင်းလင်းပွင့်ခြင်း၊ အစရှိသောသုံးဆယ့်နှစ်ပါး ထူးခြားဆန်းကြယ် အံ့ဖွယ်သရဲလွန်ကဲကြီးမြတ်လှစွာသော ပုဗ္ဗနိမိတ် ကြီးတို့ ထပြိုင်နတ်တည်းဖြစ်စေလျှက် မဟာသက္ကရာဇ် ၆၈ ခု ဥတုဝိမာန တဆုန်လပြည့်သောကြာနေ့ ဝိသာခါ နက္ခတ်နှင့် စန်းယှဉ်လျှက်နေစဉ် ဝေပုလ္လတောင်ဦးမှ ထွက်မြူးလွန့်ဝဲလာသော ရတနမျက်ရှင်ရှိသည် တရံဆင့်ခံယူအပ်သော ရွှေကာလပ်အတွင်းသို့ ဖြည်းညှင်းသာယာစွာ သက်ဆင်းလာသကဲ့သို့ လက္ခဏာကြီး ဇယ်အသွယ်သွယ်တို့ဖြင့် တင့်တယ်စွာတန်ဆာဆင်အပ်သော မြတ်စွာဘုရား၊အလောင်းတော်သည် မယ်တော် မာယာဒေဝီ၏ စေတီတိမ်ပမာ ဝမ်းကြာတိုက်မှကောင်းစွာသန့်စင်မီးရှူးဖွားမြင်တော်မူ၏။

ယင်းသို့သန့်စင် ဖွားမြင်သောအခါ၌ ကောင်းကင်ထက်မှ ပူနွေးသောရေအယာဉ် ရေပူစမ်းတသွယ်၊ ချမ်းအေးသောရေအယာဉ် ရေအေးစမ်းတသွယ်အားဖြင့် ရေအယာဉ်နှစ်သွယ်တို့သည် ပယ်ကိုယ်ကပင် ဝေကြယ် သန့်ရှင်းရင်းဖြစ်ကြသည့် သားတော်မယ်တော် နှစ်ပါးလုံးတို့အား ပူဇော်သက္ကာရအလို့ငှာ အလိုအလျောက် ထွက်ပေါ်ကုန်၍ ဘုရားအလောင်းတော်နှင့်မယ်တော်တို့၏ ကိုယ်၌အပူအအေးမျှတမှု အဖြေ့ဥတုကို ယူစေကြ ကုန်၏။

### ဗြဟ္မာနတ်လူတို့ အဆင့်ဆင့် ခံယူခြင်း

ထိုသို့ဖွားမြင်ပြီးသောခဏ၌ပင်လျှင် ကိလေသာမှ စင်ကြယ်သော စိတ်ရှိကြသည့် ဗြဟ္မာကြီးလေးဦးတို့သည် ဘုရားအလောင်းတော်မြတ်ဖြစ်သော သားတော်ကို ရှေးဦးစွာ ရွှေဇာကွန်ရက်ဖြင့် ခံယူကြ၍ မယ်တော်၏ ရှေ့မှောက်၌ ထားကြပြီးလျှင် "ရှင်မိဖုရား.. နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်ပါလော့၊ ရှင်မိဖုရားအား ဘုန်းတံခိုးအာနုဘော် ကြီးမြတ်သော သားတော် ဖြစ်ပေါ်ပွားမြောက်ခဲ့လေပြီ" ဟုပြောဆိုကြကုန်၏။

ထို့နောက်ဗြဟ္မာကြီးလေးဦးတို့၏ လက်မှ မဟာရာဇ် နတ်မင်းကြီးလေးဦးတို့သည် မင်္ဂလာရှိသူ ဟူ၍ သမုတ်ပညတ် ခေါ်ဝေါ်အပ်သော သစ်နက်ရေဖြင့် သားတော်ကို ခံယူကြကုန်၏၊ တဖန် ထိုနတ်မင်းကြီးလေးဦးတို့၏ လက်မှ လူတို့သည် ဘွဲ့ဖြူပုဆိုးဖြင့် သားတော်ကို ခံယူကြကုန်၏။

ထို့နောက် လူတို့၏ လက်မှ လွတ်၍ ဘုရားအလောင်းတော်သည် ရွှေပြနင်းနှင့်အတူ ညီညွတ်စွာသော ခြေတော်အစုံတို့ဖြင့် မြေပေါ်၌ကြကြရပ်လျက် အရှေ့မျက်နှာအရပ်ကို ကြည့်ရှုတော်မူ၏၊ ထိုသို့ ကြည့်ရှုတော်မူသည်ရှိသော် အရှေ့အရပ်မျက်နှာဝယ် အထောင်မက များစွာကုန်သော စကြာဝဠာတိုက်တို့သည် တပြင်တည်းဖြစ်ကုန်၏၊ စကြာဝဠာတတိုက်နှင့်တတိုက်ခြားနားမှုမရှိ ပတာသိ တဆက်တည်း တပြန့်တည်းကဲ့သို့ ဟင်းလင်းထင်ကုန်၏၊ ထိုအရှေ့အရပ်မျက်နှာ၌ နေကြကုန်သော နတ်လူတို့သည် ဘုရားအလောင်းတော်မြတ်ကို နံ့သာ ပန်းမာလ်စသည်တို့ဖြင့် ပူဇော်ကြကုန်လျက် -

"အိုယောကျ်ားမြတ်.. ဤအရပ်မျက်နှာ၌အရှင်ယောကျ်ားမြတ်နှင့် တူသောသူမရှိပါ၊ အရှင်ယောကျ်ားမြတ်ထက်သာလွန်မြင့်မြတ်သူကား အဘယ်မှာ ရှိပါတော့နည်း" ဟူ၍ ပြောဆိုကြကုန်၏။

ဤအတူတူ၌(တည့်တည့်) အရပ်လေးမျက်နှာ၊ အထောင့်အရပ်လေးမျက်နှာ၊ အောက်အရပ် လေးမျက်နှာ၊ အထက်အရပ်မျက်နှာအားဖြင့် အရပ်ဆယ်မျက်နှာတို့ကို အစဉ်အတိုင်း ကြည့်ရှုတော်မူ၍ ထိုအရပ်ဆယ်မျက်နှာလုံးမှာဝင် ကိုယ်တော်မြတ်နှင့်တူသောသူ တစုံတယောက်ကိုမျှ မြင်တော်မမူသောကြောင့် ရပ်တည်တော်မူရာအရပ်မှ မြောက်အရပ်သို့ မျက်နှာတူရှု ခုနစ်ဖဝါး ခုနစ်လှမ်း လှမ်းကြွတော်မူ၏။

ယင်းသို့ လှမ်းကြွတော်မူသောအခါ မဟာဗြဟ္မာမင်းသည် အလောင်းတော်မြတ်အား ထီးဖြူတော်ဖြင့် ဆောင်းမိုးလျက်၊ သုယာမနတ်မင်းကြီးသည် သားမြီးယပ်ကို ကိုင်ဆောင်လျက် ထိုမှတပါး ကုန်သော နတ်တို့သည် ခြေနင်း၊ သန်လျက်၊ မကိုဋ်သင်းကျစ်ဟူသော မင်းမြောက်တန်ဆာ ငါးပါးကို နတ်ဗြဟ္မာများ စွဲကိုင်၍ လိုက်ပါကြသော်လည်း စွဲကိုင်သူနတ်ဗြဟ္မာတို့ကို မမြင်ရဘဲ မင်းမြောက်တန်ဆာ တို့ကိုသာလျှင် အများမြင်ကြရကုန်၏၊

**ထူးခြားချက်ကြီးများ ။ ။** ယင်းသို့လှမ်းကြွတော်မူသောအခါ၌ ဘုရားအလောင်းတော်မြတ်သည် ပကတိမြေ၌ သာလျှင် လှမ်းကြွတော်မူ၏၊ လူအပေါင်းတို့၏ စိတ်၌ကား ကောင်းကင်ခရီးဖြင့် လှမ်းကြွသည်ဟု ထင်မြင်ရ၏၊ အဝတ်တန်ဆာမပါမထင် ဖွားမြင်တိုင်းမသော ပကတိကိုယ်တော်ဖြင့်သာ လှမ်းကြွတော်မူ၏၊ လူအပေါင်း၏ စိတ်၌ကား ဝတ်စားစုံလင်တန်ဆာဆင်လျက် လှမ်းကြွသည်ဟု ထင်မြင်ရ၏၊ ဖွားသစ်စအရွယ် သူငယ်အဖြစ်ဖြင့်သာ လှမ်းကြွတော်မူ၏၊ လူအပေါင်း၏ စိတ်၌ကား တစ်ဆယ့်ခြောက်နှစ်သားအရွယ်ရှိသည်ဟု ထင်မြင်ရ၏၊ ယခုရေးသားပြဆိုခဲ့သည်ကား အလောင်းတော်မြတ် မြောက်အရပ်သို့ ခုနစ်လှမ်း လှမ်းကြွတော်မူသောအရာဝယ်

ဝုဒ္ဓဝင်အဋ္ဌကထာ၊ သုတ်မဟာဝါအဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာတို့၌ ဖော်ပြသည့်အတိုင်း ရေးသားခဲ့ခြင်းဖြစ်သည်၊ နိဒါနကထာ၊ ဝိမာနဝတ္ထု အခန်း၌ကား ရေးသားဖော်ပြလတ္တံ့သောအတိုင်း အနည်းငယ်ထူးခြား၍ အကျယ်အဝင့်မှန့်ဆိုထားသည်၊ ထိုသို့ လှမ်းကြွတော်မူသောအခါ၌ မဟာဗြဟ္မာမင်းသည် သုံးယူဇနာရှိသော ထီးဖြူတော်ကို ဆောင်းမိုးလျက်လိုက်ပါ၏၊ ထို့အတူ စကြာဝဠာမှ ကြွင်းသော စကြာဝဠာတိုက်တို့၌ ရှိကြသည့် မဟာဗြဟ္မာမင်းတို့သည် သုံးယူဇနာရှိသော ထီးဖြူတော်ကို ဆောင်းမိုးလျက်လိုက်ပါကုန်ရကား စကြာဝဠာတိုက်အလုံးသည် ထီးဖြူတော်ပန်းကုန်းဖြင့် ဖုံးလွှမ်းပြည့်နှက်လျက်ရှိပေ၏၊

ထို့အတူ ဇာတိခေတ်ပေါင်း စကြာဝဠာ တိုက်တသောင်းတို့၌ နေကြကုန်သော သုယာမနတ်မင်းပေါင်း တသောင်းတို့သည်လည်း သားမြီးယပ်တို့ကို ကိုယ်စီကိုယ်ငှ ကိုင်စွဲကြကုန်၍ သန္တုသိတ နတ်မင်းပေါင်း တသောင်းတို့သည်လည်း ပတ္တမြားယပ်ပန်းတို့ကို ကိုယ်စီကိုယ်ငှ ကိုင်စွဲကြကုန်၍ စကြာဝဠာတောင်နံရံတိုင်အောင် တလွဲလွဲခတ်လျက် ရပ်တည်ကြကုန်၏၊

ထို့အတူ စကြာဝဠာတိုက်တသောင်းတို့၌ နေကြကုန်သော သိကြားနတ်မင်းပေါင်း၊ တသောင်း၊ တို့သည်လည်း ခရုသင်းပေါင်းတသောင်းတို့ကို မှုတ်ကုန်လျှက် ရပ်တည်ကြကုန်၏၊ ထိုမှတပါး နတ်သားတို့သည်လည်း အချို့ကား ရွှေပန်းတို့ကို ဆွဲကိုင်ကြကုန်လျှက်၊ အချို့တား ငွေတော် ပန်းတို့ကို စွဲကိုင်ကြကုန်လျှက်၊ အချို့တား မှန်ကြေးမုံ၊ ပန်း၊၊ ကြေးမုံပမာ တဖျတ်ဖျတ် အရောင်ထွက်သောပန်းတို့ကို စွဲကိုင်လျှက် အချို့တား တံခွန်ပန်းတို့ကိုစွဲကိုင်ကုန်လျှက် အချို့ကား ရတနာခဲချယ် ပုဇော်ဖွယ်တို့ကို စွဲကိုင်ကုန်လျှက် ရပ်တည်ကြကုန်၏၊ နတ်သမီးတို့သည်လည်း အမျိုးအမည်အားဖြင့် များလှစွာကုန်သော ပူဇော်သက္ကာ မင်္ဂလာဘဏ္ဍာတို့ကို အသီးသီးကိုယ်စီကိုယ်ငှ စွဲကိုင်ကြလျှက် စကြာဝဠာတိုက်အလုံးကို လွှမ်းဖုံးပြည့်နှက်စေ၍ ရပ်တည်ကြကုန်၏၊

ဤသို့လျှင် မျက်စိအရသာကို ဆောင်ယူတတ်သည့် ကျွေးရသာယ နတ်ဆေးသဖွယ် များကြွယ်သော ပူဇော်မှုတစီတရင်တို့ ဖြစ်ရှိနေစဉ် ထောင်ပေါင်းများစွာသော နတ်ခရုသင်း၊ လူခရုသင်းတို့ကို တညှင်းညှင်း မှုတ်ကြကုန်စဉ်၊ ထောင်ပေါင်းများစွာ နတ်တူရိယာ၊ လူတူရိယာတို့ကို တီးမှုတ်ကြကုန်၏၊ နတ်တညာတို့ ဝမ်းသာ ရွှင်ပြကုန်ကြစဉ် အလောင်းတော်မြတ်သည် မြောက်အရပ်သို့ ခုနစ်ဖဝါး ခုနစ်လှမ်း လှမ်းကြွ၍ ရပ်တည်တော်မူ၏၊

ထိုသို့ အလောင်းတော်မြတ် ရပ်တည်တော်မူသော ခဏ၌ အလုံးစုံသော လူနတ်ဗြဟ္မာတို့သည် မည်သည့် အသံမျှ မမြစ်စေကြပဲတိတ်ဆိတ်ငြိမ်သက်ကြကုန်လျှက် "ယခုအခါ အလောင်းတော်လောင်းမြတ်သည် ငါတို့ကို မည်သို့သော စကားမြွက်ကြားမိန့်ဆိုလိမ့်မည်နည်း" ဟု နားစွင့်ကာသာ နေကြကုန်၏၊

"ရဲရဲတောက်စကား ကြုံးဝါးမြွက်ခိုတော်မူခြင်း"

ဘုရားအလောင်းတော်မြတ်သည် မြောက်အရပ်သို့ တစ်ခု ခုနစ်လှမ်း လှမ်းကြွတော် မူပြီး၍ ခုနစ်ခုမြောက်သော ဖဝါးအလှမ်း၌ ရပ်တည်တော်မူလျှက် -

အဂ္ဂေါဟမသ္မိ- ငါသည် လူသုံးပါးထက် မြတ်သူဖြစ်၏၊ (တစ်နည်း) ငါသည် လူသုံးပါးတွင် အမြတ်ဆုံး

ဖြစ်၏၊ ဇေဋ္ဌောဟမသ္မိလောကဿ - ငါသည် လူသုံးပါးထက် ကြီးကဲသူဖြစ်၏၊ (တနည်း) ငါသည်လူသုံးပါးတွင် အကြီးအကဲဆုံးဖြစ်၏၊ သေဋ္ဌောဟမသ္မိလောကဿ - ငါသည် လူသုံးပါးထက် ချီးမွမ်းအပ်သူဖြစ်၏၊ (တနည်း) ငါသည် လူသုံးပါးတွင် အချီးမွမ်းအပ်ဆုံးဖြစ်၏၊ အယမန္တိမာဇာတိ- ဤယခု ဝဋ်သန္ဓေ တည်နေရခြင်းသည် ငါ့အဖို့မှာ နောက်ဆုံးဝဋ်သန္ဓေတည်နေရခြင်းဖြစ်၏၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ - ယခုအခါ၌ ငါ့အဖို့မှာ တဖန် သဝသစ်ဖြစ်ရခြင်း၊ မရှိတော့ပြီဟူ၍ လောကဓါတ်စကြာဝဠာတိုက်ပေါင်း တသောင်းလုံးကို ကိုယ်တော်မြတ်၏ အသံတော်ဖြင့် တပြိုင်နက်တည်း ကြားလွှဲစေ၍ ရဲရဲတောက်စကားကို ကြုံးဝါးကျူးရင့်တော်မူ၏၊

ဤသို့ အာသဘိဝါစာ ရဲရဲတောက်စကားကို အလောင်းတော်သူမြတ်ကြုံးဝါး မြွက်ဆိုတော်မူ သောအခါ ဖြတ်သွားနတ်လူ တစ်စုံတစ်ယောက်သော သူကချွန်းတုံ့တဖန် ပြန်လှန်ငြင်းဆိုခြင်းငှာ မစွမ်းနိုင်ရကား အလောင်း တော်သူမြတ်အား အလုံးစုံသော ဖြတ်သွားနတ်လူတို့သည် ကောင်းချီးပေးကြကုန်၏၊

အထူးမှတ်သားရန် ကြောင်းအကျိုးများ -

ဤအလောင်းတော်သူမြတ် ဖွားမြင်စဉ်ကတွင် ဖြစ်ပေါ်သော ထူးခြားချက်တို့တွင် -

(၁) ညီညွတ်သော ခြေတော်အစုံဖြင့် မြေပထဝီ၌ ကြံ့ကြံ့ ရပ်တည်တော်မူခြင်းသည် ဣဒ္ဓိပါဒ် လေးပါးကို ရဖို့ရန် ရှေ့ပြေး ပုဗ္ဗနိမိတ် ဖြစ်ပေ၏၊

(၂) မြောက်အရပ်သို့ မျက်နှာမူ၍ မျက်နှာမူခြင်းသည် သတ္တဝါအားလုံးကို လွှမ်းမိုးအုပ်နိုင်ခြင်း၏ ရှေ့ပြေး ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၃) နတ်ထီးဖြူအဆောင်းအမိုး ခံရခြင်းသည် အရဟတ္တဖိုလ်တည်းဟူသော မြတ်သော ထီးဖြူကိုရရန် ရှေ့ပြေး ပုဗ္ဗနိမိတ် ဖြစ်ပေ၏၊

(၄) မင်းမြောက်တန်ဆာ ငါးပါးကို ရခြင်းသည် တဒင်္ဂဝိမုတ္တိ ဝိက္ခမ္ဘနဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပ္ပဿဒ္ဓိဝိမုတ္တိ၊ နိဿရဏဝိမုတ္တိတည်းဟူသော ဝိမုတ္တိငါးမျိုး ကျွတ်လွတ်ခြင်းငါးမျိုး တို့ဖြင့် ကျွတ်လွတ်ဖို့ရန် ရှေ့ပြေး ပုဗ္ဗနိမိတ် ဖြစ်ပေ၏၊

(၅) အလုံးစုံသော အရပ်ဆယ်မျက်နှာကို အပိတ်အပင်မရှိကြည့်မြင်တော်မူရခြင်းသည် အလုံးစုံသော တရားကို အပိတ်အပင်အဆီးအတားမရှိ သိမြင်သော အနာဝရဏဉာဏ်တော်ကို ရဖို့ရန် ရှေ့ပြေး ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၆) ငါသည် လူသုံးပါးတွင်၊ အမြတ်ဆုံး၊ အကြီးဆုံး၊ အကဲဆုံး၊ အချီးမွမ်းအပ်ဆုံးသူဖြစ်၏ဟူ၍ ရဲရဲတောက် စကားကြုံးဝါးမြွက်ဆိုတော်မူခြင်းသည် နတ်ဗြဟ္မာ နတ်လူတွင် မည်သူတစ်ဦးတစ်ယောက်မျှ မတားမြစ်နိုင် မလည်စေနိုင်သည့် မြတ်သောဓမ္မစကြာကို လည်စေနိုင်ဖို့ရန် ရှေ့ပြေး ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၇) ယခု ပဋိသန္ဓေ တည်နေရခြင်းသည် ငါ့အဖို့မှာ နောက်ဆုံးပဋိသန္ဓေ နေရခြင်းဖြစ်၏၊ ယခုအခါ တဖန်ဘဝအသစ်ဖြစ်ရခြင်း မရှိတော့ပြီ" ဟူ၍ ရဲရဲတောက် စကား ကြုံးဝါး မြွက်ဆိုတော်မူခြင်း သည်အနုပါဒိသေသပရိနိဗ္ဗာန်ဝင်စံပြီးတေးဖို့ရန် ရှေ့ပြေး ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

အလောင်းတော်သုမြတ် ဖွားကာခဲ့ စကားဆိုသူသည့် သုံးဘဝ

မြတ်စွာဘုရားအလောင်းတော်သည် ဖွားမြင်ကာစ၌ စကားဆိုတော်မူသည်မှာ ဤသိဒ္ဓတ္ထမင်းသားနောက်ဆုံးဘဝသာမဟုတ်၊ မဟောသဓာသုခမိန် ဖြစ်သောဘဝ၊ ဝေဿန္တရာမင်းဖြစ်သော ဘဝ၌လည်း ဤသို့ပင် ဖွားမြင်ကာစ၌ စကားဆိုတော်မူသည်ဖြစ်၍ ဤနောက်ဆုံးဝဋ္ဋိမ သိဒ္ဓတ္ထမင်းသားဘဝနှင့် ပေါင်းသုံးဘဝ တို့၌ဖွားမြင်ကာ စတင်စကားဆိုတော်မူ၏ဟု သတ်မှတ်အပ်၏။

(၁) အနည်းငယ်ရှင်းလင်းပြဆိုဦးအံ့၊ မြတ်စွာဘုရားအလောင်းတော်သည် မဟောသဓာသုခမိန် ဖြစ်တော်မူသောဘဝ၌ မယ်တော်ဝမ်းမှ ထွက်မြောက်သန္ဓေဖွားမြင်လာနိုက်တွင် သိကြားနတ်မင်းလာ၍ ဘုရားအလောင်းတော်၏ လက်၌ဆေးတုံးနှံ့သာခေါက်တုံးကိုထားသဖြင့် ဆေးတုံးနှံ့သာခေါက်တုံးကို ဆုပ်ကိုင်လျက် မယ်တော်ဝမ်းမှဖွားမြင်လာသောအခါ မယ်တော်က ကြည့်ရှုရာတွင် လက်၌ဆုပ်ကိုင်ထားသော အရာ မြင်၍ 'ချစ်သား အဘယ်ဝတ္ထုကို ယူ၍လာခဲ့သနည်း'ဟု မယ်တော်က မေးမြန်းရာ၌ 'ဆို မွေးမိခင် ဆေးပါတည်း' ဟူ၍ ပြန်ကြားပြောဆိုတော်မူ၏။

ဤသို့ဆေးကို ဆုပ်ကိုင်လျက် မွေးဖွားမြင်လာသည့် အဖြစ်ကြောင့် ထိုဘုရားအလောင်းတော်အားပြဿဓောမာရနဆေးသုငယ်ဟူသော အမည်ကို ရှေးဦးစွာမှည့်ခေါ်ကြကုန်၏။ နောက်အခါ ထိုဆေးကို ဖိုး၌ထည့်သွင်းသိမ်းဆည်းထား၍ အလောင်းတော်၏ ခမည်းတော် သိရိဝဍ္ဍနသူဌေးကြီး၏ ဦးသင်းခေါင်းခဲနာမှအစ ရောက်လာကြသော မျက်စိကွယ်သူ၊ နားပင်းသူ အစရှိသော ရောဂါ ဝေဒနာ တို့၏ အနာရောဂါဟူသမျှတို့ကို ဆေးဖြင့်ပျောက်ငြိမ်းချမ်းသာစေသောကြောင့် ထိုဆေး၏ ကျေးဇူး ဂုဏ်ရည်ထက်မြက် ကြီးမြတ်သည်ကို အစွဲပြု၍ဆေး၏အရှင်ဖြစ်သော ဘုရားအလောင်းတော်သတို့သားကို မဟောသဓ မြတ်သောဆေးရှင်သတို့သားဟူ၍ ခေါ်ဝေါ်ကြကုန်၏။

(၂) ဝေဿန္တရာမင်းဘဝ၌လည်း မယ်တော်ဝမ်းတွင်းမှ ဖွားမြင်ကာစတွင်ပင် လက်ယာလက်ကို ဆန့်တန်း ဖြန့်ခင်း၍ 'မွေးမယ်တော်. . ရွှေနန်းတိမ်တော်၌တစုံတခုသောဥစ္စာဝတ္ထုသည် ရှိပါ၏လော အလှူဝါနကို လှူပါအံ့'ဟု ဆိုလျက်ဖွားမြင်လာ၏။ ထိုအခါမယ်တော်သည် သားတော်အား'ချစ်သား သင်သည် ဥစ္စာ ရှိသောနန်းတော်၌ဖြစ်လာ၏။' ဟုဆို၍သားတော်၏ ဖြန့်လျှက်ထားသောလက်ကို မိမိ၏လက်ဝေါ အပြင်၌ကိုင်ယူတင်ထား၍ ဥစ္စာတစ်ထောင်ထုပ်ကို သားတော်၏လက်၌ထားပေး၏။ ဤသို့လျှင် အလောင်းတော်ဘုမြတ်သည် ဝေဿန္တရာမင်းဘဝ၌လည်း ဖွားကာစ၌ စကားဆိုတော်မူ၏။

(၃) ရှေးတွင်ပြဆိုခဲ့သည့်အတိုင်း၊ နောက်ဆုံးဖြစ်သောဤ သိဒ္ဓတ္ထမင်းသားဘဝ၌လည်း၊ ဖွားကာစ ကာလ၌ရဲရဲတောက်စကား ကြုံးဝါးမြွက်ဆိုတော်မူ၏။ ဤသို့လျှင် မြတ်စွာဘုရားအလောင်းတော်သည် သုံးဘဝတို့၌ မယ်တော်ဝမ်းမှ ထွက်မြောက်သန္ဓေဖွားမြင်ကာစ၌ စကားဆိုတော်မူ၏။

ဖွားမြင်တော်မူသောအခါ ဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ်တို့နှင့်ထိုနိမိတ်တို့၏ အကျိုးများ

ဘုရားအလောင်းတော်ကို ဖွားမြင်သောကာလထိုစကာ၌လည်း၊ ပုဗ္ဗနိမိတ်တို့သည် ထင်ရှားဖြစ်ပေါ်လာ ကုန်၏။ ထိုသို့ ဖွားမြင်လာသော အခါ ထင်ရှားဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ်တို့နှင့် ထိုနိမိတ်တို့၏အကျိုး တို့ကို

မဟာပဒါနသုတ်အဋ္ဌကထာ ဝုဒ္ဓဝင်အဋ္ဌကထာတို့၌လာသည့်အတိုင်း တပေါင်းတည်းတွဲစပ်၍ ပြဆိုပေအံ့၊

(၁) ဘုရားအလောင်းတော် ယောကျ်ားမြတ်ကို ဖွားမြင်သောခဏ၌ လောကဓာတ်တသောင်းသည် တုန်လှုပ်၏၊ ဤလောကဓာတ်စကြာဝဠာတိုက်တသောင်း တုန်လှုပ်ခြင်းသည်ကား အလောင်းတော် ယောကျ်ားမြတ်၏ သဗ္ဗညုတဉာဏ်တော်မြတ်ကို ထိုးထွင်းမြင်သိရရှိအံ့သော ရှေ့ပြေးအကြောင်းပုဗ္ဗနိမိတ် ဖြစ်ပေ၏၊

(၂) လောကဓာတ်စကြာဝဠာတိုက်တသောင်း၌ နေကြကုန်သောနတ်ဗြဟ္မာတို့သည် ဤစကြာဝဠာ တခုတည်း သော ပေါင်းစုစည်းဝေးကြကုန်၏၊ ဤလောကဓာတ်စကြာဝဠာတိုက်တသောင်း၌ နေကြကုန်သော နတ်ဗြဟ္မာတို့ ဤစကြာဝဠာတခု တည်း၌ ပေါင်းစုစည်းဝေးကြခြင်းသည်ကား ဓမ္မစကြာတရားတော်ကို ဟောတော်မူသောအခါ၌ နတ်ဗြဟ္မာအပေါင်းတို့ တပြိုင်နက်စုဝေး၍ တရားတော်ကိုနာယူရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၃) ဖွားမြင်လာသော အလောင်းတော်ယောကျ်ားမြတ်ကို ရှေးဦးစွာ ဗြဟ္မာနတ်တို့က ခံယူကြကုန်၏၊ ထိုသို့ ရှေးဦးစွာ နတ်ဗြဟ္မာတို့ခံယူခြင်းသည် ရူပါဝစရ ဈာန်တရားလေးပါးတို့ကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၄) ဖွားမြင်လာသော အလောင်းတော်ယောကျ်ားမြတ်ကို ဗြဟ္မာနတ်တို့ခံယူပြီး နောက်လူတို့ ခံယူကြကုန်၏၊ ထိုသို့ ဗြဟ္မာနတ်တို့ ခံယူကြပြီးနောက်လူတို့ ခံယူကြခြင်းသည် ရူပါဝစရ ဈာန်လေးပါးကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်းပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၅) ညို့ကြိုးဖြင့် ဖွဲ့ယှက်စီရင်အပ်သော စောင်ညှင်းတို့သည် မတီးမခတ်ရပဲ အလိုအလျောက် မြည်ကုန်၏၊ ထိုသို့စောင်းညှင်းများ မတီးမခတ်ရပဲ အလိုအလျောက်မြည်ကြခြင်းသည် အစဉ်အတိုင်းဝင်စားအပ်သည့် ရူပါဝစရ သမာပတ်လေးပါး၊ အရူပါဝစရသမာပတ်လေးပါး၊ နိရောဓသမာပတ်အားဖြင့် ဤကိုးပါး သော အနုပုဗ္ဗဝိဟာရသမာပတ်တို့ကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၆) သားရေဖြင့်ဖွဲ့ယှက်ချက်အပ်သော စည်းကြီးစည်ငယ် ဗုံကြီးဗုံငယ် တို့သည် မတီးမခတ်ရပဲ အလို အလျောက်မြည်ကြကုန်၏၊ ထိုသို့ စည်ကြီးစည်ငယ်များ မတီးမခတ်ရပဲ အလိုအလျောက်မြည် ကြခြင်းသည် အလွန်မြတ်သောတရားစည်တော်ကြီး ရိုက်တီးယွမ်းသော် လူနတ်တို့ကို ကြားသွဲစေတော်မူ မည် ရှေ့ပြေးအကြောင်းပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၇) လူတို့အား သွင်းနှောင်တုတ်ချည်ကုန်သော နှောင်အိမ်နှောင်ကြိုးတို့သည် အပိုင်းပိုင်း ပြတ်ကုန်၏၊ ထိုသို့ ပြတ်ခြင်းသည် ငါတည်းဟူသော မာန်မာနတို့အကြွင်းမဲ့ အမြစ်ပြတ် ပယ်သတ်နိုင်ရန် ရှေ့ပြေး အကြောင်းပုဗ္ဗနိမိတ်ဖြစ်ပေ၏။

(၈) ကြေးနီ၌ပြီတွယ်တင်ကပ်သော အညစ်အကြေးတိုအချဉ်ရည်ဖြင့် ဆေးကြောလိုက်သကဲ့သို့ ရောဂါသည် တို့၌ခွဲတပ်လျှက်ရှိသော ရောဂါစပ်သိမ်းတို့ ပျောက်ငြိမ်းကြကုန်၏။ ထိုသို့ ရောဂါစပ်သိမ်းပျောက်ငြိမ်း ကြခြင်းသည် လူများအပေါင်း၏ အလုံးစုံသောဝဋ်ဒုက္ခရောဂါ၏ ကင်းငြိမ်းမှုဖြစ်သော သစ္စာလေးပါး တရားတို သိမြင်ဖို့ရန် ရှေ့ပြေးအကြောင်းပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၉) ဘဝိဝမ်းတွင်းမှပင် မျက်စိကွယ်ခဲ့ကြသောသူတို့သည် အဆင်းရှုပါရုံကို ဝကတိလူတို့ကဲ့သို့ပင် မြင်ကြကုန်၏။ ထိုသို့ မြင်ကြခြင်းသည် လူများအပေါင်းတို့ ဒိဗ္ဗသောတဉာဏ်ကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏။

(၁၀) ခြေဆွံ့သဖြင့် မသွားနိုင်ကုန်သောသူတို့သည်ခြေသန်စွမ်းလာကာ သွားနိုင်ကြကုန်၏။ ထိုသို့သွားနိုင်ကြခြင်းသည် ဣဒ္ဓိပါဒ်လေးပါးကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏။

(၁၂) အမိဝမ်းတွင်းမှပင် ဆွံ့အသဖြင့်စကားမပြောနိုင်သောသူတို့သည် သတိတရားဖြစ်ပွားလာကာ စကားပြော ဆိုတတ်ကုန်၏၊ထိုသို့ သူအ,များစကားပြောတတ်လာခြင်းသည် သတိပဋ္ဌာန်လေးပါးတရားကိုရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏။

(၁၃) ကြောက်မက်ဖွယ်ရာဒေသကြမ်းဟု ပြောသော အရပ်တပါးသို့ရောက်ရှိနေကြသော လှေသင်္ဘောများသည် ဆိပ်ကမ်းသို့ ချမ်းသာစွာရောက်ကုန်ကြ၏၊ထိုသို့ ရောက်ခြင်းမှာ ပဋိသမ္ဘိဒါဉာဏ်လေးပါးကိုရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏။

(၁၄) ကောင်းကင်၌တည်သော ရတနာအမျိုးမျိုးမြေ၌ တည်သော ရတနာအမျိုးမျိုးတို့သည် မိမိတို့၏ အလွန်တွန်းလင်းသော အရောင်အဝါဖြင့် တောက်ပကုန်၏။ ထိုသို့ရတနာအမျိုးမျိုးတို့ မိမိတို့ အရောင်ဖြင့် တောက်ပခြင်းသည် တရားတည်းဟူသော အရောင်အလင်းကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏။ တရားအလင်းရောင်ကို ဝေနေယျတို့အားပေး၍ ကိုယ်တော်မြတ်၏ ဘုန်းတန်ခိုးရောင်ဖြင့် တောက်ပြောင်ခြင်း၏ ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏။

(၁၅) ရန်သူဖြစ်ကြသော သတ္တဝါတို့အချင်းချင်းချစ်ခင်သည့် မေတ္တာစိတ်ကို ရကြကုန်၏၊ထိုသို့ မေတ္တာစိတ်ကိုရရှိခြင်းသည် ဗြဟ္မဝိဟာရတရားလေးပါးကိုရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏။

(၁၆) ငရဲမီးငြိမ်းအေး၏။ ထိုသို့ ငရဲမီးငြိမ်းအေးခြင်းသည် လောကဒေါသ - စသော မီးတစ်ဆယ့်တစ်မျိုးတို့ ငြိမ်းအေးဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏။

(၁၇) မှောင်အတိကျနေသော လောကန္တရိက်ငရဲတို့၌ အရောင်အလင်းသည် ထင်းလင်းစွာဖြစ်ပေါ်၏၊ ထိုသို့ ဖြစ်ပေါ်ခြင်းသည် အဝိဇ္ဇာတည်းဟူသော အမိုက်အမှောင်ကို ပယ်ဖြိုခွင်း၍ အလင်းဉာဏ်ပညာဝိဇ္ဇာတို့ပြနိုင်ပေးနိုင်ရေး၏ ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏။

(၁၈) စီးမြဲသော မြစ်ရေအယဉ်သည် မစီးတော့ဘဲ ရပ်တန့်၏။ ထိုသို့ရပ်တန့်ခြင်းသည် စတုဝေသာရဇ္ဇဉာဏ်ကို ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏။

(၁၉) မဟာသမုဒ္ဒရာ၌ရှိသမျှသော ရေသည်ချိုမြိန်ကောင်းမွန်သော အရသာရှိ၏၊ ထိုသို့ မဟာသမုဒ္ဒရာ၌ရှိသမျှသော ရေသည် ချိုမြိန်သော အရသာရှိခြင်းသည် ကိလေသာတို့ ငြိမ်းအေးမှု တည်းဟူသော ချိုမြိန်သော အရသာတန်ခိုးတည်း ရရှိဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏။

(၂၀) ကြမ်းတမ်းသော လေပြင်းများမတိုက်ခိုက်ဘဲ ဖြည်းညင်းသာယာအေးချမ်းစွာသော လေသာလျှင် တိုက်ခတ်၏။ ထိုသို့ လေပြင်းလေကြမ်းများ မတိုက်ခိုက်ခြင်းသည် ခြောက်ဆယ့်နှစ်မျိုးသော မိစ္ဆာဒိဋ္ဌိအယူ

ဝါဒဆိုးတို့ ပပျောက်ပြိုကွဲဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၂၁) မိုးကောင်းကင်သစ်ပင်တောင်ထိပ် - စသည်၌ရောက်ရှိကြသော ငှက်တို့သည် မြေပြင်သို့ သက်ဆင်းလာကြကုန်၏၊ ထိုသို့သက်ဆင်းလာကြခြင်းသည် ကိုယ်တော်မြတ်၏ အဆုံးအမဩဝါဒကို နာယူ၍လူများအပေါင်းတို့ အသက်ထက်ဆုံး သရဏဂုံခံယူကြရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၂၂) လမင်းသည် ရှေးအခါက ထက်ထွန်းလင်းသာယာတင့်တယ်၏၊ ထိုသို့ တင့်တယ်ခြင်းသည် လူအများအပေါင်းတို့ နှစ်သက်ခြင်းရှိကြမည့် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏။

(၂၃) နေမင်းသည် မပူမအေး ကညစ်အကြေးကင်းဝေးသန့်ရှင်းသဖြင့် ကောင်းသော ဥတုနှင့် ပြည့်စုံသည်၊ ထိုသို့ပြည့်စုံခြင်းသည် ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုဖြစ်ဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၂၄) နတ်တို့သည်မိမိတို့၏ ဗိမာန်ရှေ့မှောက်တံခါးပေါက်အဝ၌ ရပ်တည်ကြကုန်လျှက် လက်ပန်း ပေါက်ခတ်ခြင်း၊ လက်ခမောင်းခတ်ခြင်း၊ လေချွန်ခြင်း၊ ပုဆိုးအဝတ်တို့ကို ပစ်မြှောက်ခြင်း စသည်တို့ဖြင့် ကြီးစွာသော ကစားပျော်မြူးမှုကို ပျော်မြူးကြကုန်၏၊ ထိုသို့ပျော်မြူးကြခြင်းသည် ဘုရားဖြစ်တော်မူ၍ ဥဒါန်းရင့်ကျူးတော်မူဖို့ရန်ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၂၅) လေးကျွန်းအလုံးနှံ့စပ်သော မိုးကြီးသည်းထန်စွာရွာသွန်း၏၊ ထိုသို့ မိုးကြီးသည်းထန်စွာ ရွာသွန်းခြင်းသည် ကြီးမြတ်သော ဉာဏ်တော်အဟုန်ဖြင့် တရားတည်းဟူ သော အမြိုက်မိုးကို ရွာဖြိုးသွန်းချဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၂၆) လူများအပေါင်းတို့ ဆာလောင်ခြင်းကင်းကြ၏။ ထိုသို့ ဆာလောင်မှုကင်းကြခြင်းသည်၊ ကာယဂတာသတိတည်းဟူသော အမြိုက်တရားကိုရရှိဖို့ရန်၊ တနည်း - ကာယဂတာ သတိတည်းဟူသော အမြိုက်ဓါတ်ကို သုံးဆောင်ရ၍ကိလေသာဆာလောင် ခြင်းကင်းဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၂၇) လူများအပေါင်းတို့ရေသိပ်ခြင်း ရေငတ်ခြင်း ကင်းကြကုန်၏၊ ထိုသို့ ရေသိပ်မှုကင်းကြခြင်းသည် လူများအပေါင်းတို့ အရဟတ္တဖိုလ် ချမ်းသာဖြင့်ချမ်းသာကြဖို့ရန် ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပေ၏၊

(၂၈) ဝိတ်တွယ်ဖိုးကာလျှက်ရှိသော တံခါးရွက်တို့သည် အလိုအလျောက်ပွင့်ကြကုန်၏၊ထိုသို့ တံခါးရွက်တို့ အ ိုအလျောက် ပွင့်ကြလပ်ကြခြင်းသည် မဂ္ဂရှစ်ပါးတည်းဟူသော နိဗ္ဗာန်တံခါးကြီး ပွင့်လပ်ဖို့ရန် ရှေ့ပြေးအကြောင်းပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၂၉) အပွင့်မျိုးသစ်ပင်၊ အသီးမျိုးသစ်ပင်တို့သည် အပွင့်ရောအသီးပါ ပွင့်ကြသီးကြကုန်၏၊ထိုသို့ ပွင့်ကြသီးကြခြင်းသည် ဝိမုတ္တိတရားတည်းဟူသော ပန်းပွင့်အပေါင်းတို့ပွင့် ကြဖို့ရန်၎င်း၊ အရိယာဖိုလ်လေးပါးတည်းဟူသော အသီးတို့ဖြင့် သီးကြဖို့ရန်၎င်း ရှေ့ပြေးအကြောင်း ပုဗ္ဗနိမိတ်ဖြစ်ပေ၏၊

(၃၀) လောကဓာတ်စကြဝဠာတိုက်ကစ်သောင်းလုံးတံခွန်တည်းဟူသော တခုတည်းသော ပန်းဖြင့် ဖုံးလွှမ်းလျှက်ရှိ၏။ လောကဓာတ်စကြဝဠာတိုက်တသောင်းလုံးတံခွန်အောင်လံ အပြည့် ဖုံးလျှက်ရှိ၏၊ ထိုသို့ တံခွန်တည်းဟူသော ပန်းဖြင့် ဖုံးလွှမ်းခြင်းသည် အရိယမဂ်တည်းဟူသော အောင်လံတံခွန် ဝန်းအပြည့်

နှုးလွှမ်းဖို့ရန် ရှေးပြေးအကြောင်းပုဗ္ဗနိမိတ်ဖြစ်ပေ၏။

ထိုမှတပါး ဆန်းကြယ်ပန်းမိုးအလွန်ရနံ့ကောင်းသည့် ပန်းမိုးတို့ ရွာသွန်းခြင်း၊ နေမင်း လင်းလျှတ်နှိုစဉ်ပင် နက္ခတ်ကြယ်တာရာတို့ တောက်ပခြင်း၊ မြေအပြင်မှ အလွန်ကြည်လင်သော ရေစိမ့်၍ထွက်ခြင်း၊ တွင်းအောင်းတိရိစ္ဆာန်တို့မိမိတို့ နေရာမှထွက်ကြခြင်း၊ လောဘဒေါသမောဟတို့ မဖြစ်ခြင်း၊ မြေအပြင်၌ မြူမထခြင်း၊ မကောင်းသော အနံ့တို့ ကင်းခြင်း၊ နတ်၌ဖြစ်သောနံ့သာနံ့ ကြိုင်လှိုင်ခြင်း၊ ရှုပခြပဟ္မာတို့တို လူတို့မျက်စိဖြင့် လင်းလင်းထင်းထင်း မြင်ရခြင်း၊ သတ္တဝါတို့၏ စုတေမှု ပဋိသန္ဓေတည် နေမှုတို့မရှိခြင်း အစရှိသည့် ပုဗ္ဗနိမိတ်တို့လည်း ထင်ရှားဖြစ်ကုန်၏၊ ထိုပုဗ္ဗနိမိတ်တို့ ဖြစ်ခြင်းမှာ ဆိုအပ်ပြီးသည့်မှကြွင်းသော မြတ်စွာဘုရား၏ ဝုဏ်တော်ကျေးဇူးတော်တို့ကို ရရှိဖို့ရန်ရှေးပြေးအကြောင်းပုဗ္ဗနိမိတ်တို့ ဖြစ်ကုန်၏။

ဖွားဖက်တော်ခုနစ်ဦးတို့အကြောင်း

မြတ်စွာဘုရား အလောင်းတော်တို့ ဖွားမြင်တော်မူသော အခိုက်ကာလ ထိုကော၌ပင် –

၁။ ဘဒ္ဒကစ္စာနာမည်သောရာဟုလမယ်တော် ယသော်ဓရာမင်းသမီး။
၂။ အာနန္ဒာမင်းသား၊
၃။ ဆန္နအမတ်၊
၄။ ကာဠုဒါယီအမတ်၊
၅။ ကဏ္ဍကမြင်းတော်၊
၆။ မဟာဗောဓိ – ဗုဒ္ဓဓဟာညောင်ပင်၊
၇။ ရွှေအိုးကြီးလေးလုံး –

၌ (၇)ပါးတို့သည် တပြိုင်တည်းဖွားမြင်ဖြစ်ပေါ်လာကြကုန်၏။ အလောင်းတော်မြတ်နှင့်တကွ ဖွားဖော်ဖက် ဖြစ်လာသောကြောင့်၌(၂)မျိုးတို့ကို 'ဖွားဖက်တော်ခုနစ်ပါးတို့'ဟူ၍ခေါ်ဆိုအပ်ကုန်၏၊ ထိုခုနစ်ပါးတို့တွင်'

၁။ ဘဒ္ဒကစ္စာနာယသော်ဓရာ မင်းသမီးကား ဒေဝဒဟပြည်ကို အစိုးရသော သုပ္ပဗုဒ္ဓမင်းနှင့် အမိတ္တာ ဒေဝီမိဖုရားကြီးတို့မှ ဖွားမြင်သည်၊
၂။ အာနန္ဒာမင်းသားကား သုဒ္ဓေါဒနမင်းကြီး၏ ညီတော်အမိတ္တောဒနသာကီဝင်မင်းသားဖြစ်သည်၊
၃။ မဟာဗောဓိပင်ကား မဇ္ဈိမဒေသ ဥရုဝေလတောတွင် ဘုရားရှင်တို့ပွင့်တော်မူရာဇယပိုင်ရှိ အချပ်အရှာ တောင်မြေအရပ်၌ ပေါက်လာသည်၊
၄။ ရွှေအိုးကြီးလေးလုံးတို့ကား ကပိလဝတ်နေပြည်တော်ရွှေနန်းတော်အရပ်အတွင်း၌ပေါ်ပေါက်လာသည်၊
(က) ထိုလေးလုံးတို့တွင် တလုံးကား သင်္ခ – အမည်ရှိ၏၊ ထိုရွှေအိုး၏ အဝအကျယ်သည် တဂါဝုတ် ပမာဏရှိ၏။
(ခ) တလုံးကား ဧလ – အမည်ရှိ၏၊ အဝကကျယ်အားဖြင့် နှစ်ဂါဝုတ်ပမာဏရှိ၏။
(ဂ) တလုံးကား ဥပ္ပလ – အမည်ရှိ၏၊ အဝအကျယ်အားဖြင့် သုံးဂါဝုတ်ပမာဏရှိ၏။

(ယ) တလုံးကား ပုဏ္ဍရိက အမည်ရှိ၏။ အဝတကျယ်အားဖြင့် လေးဂါဝုတ် • အယုဇနာပမာဏရှိ၏၊ ဤရွှေအိုးကြီးလေးလုံးတို့မှ ရွှေကို ထုတ်ယူသုံးစွဲလတ်သည် ရှိသော် ယူရာမထင်ဘဲ ပြည့်မြဲ အနေ ဖြစ်၍ ပြည့်ကုန်၏။ ဤရွှေအိုးကြီးလေးလုံးအကြောင်းကို မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ စက်သုတ်အဖွင့် စာမျက်နှာ - ၂၈၅ နှင့် ဒီဃနိကာယ်သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ စာမျက်နှာ ၂၅၃ - သောဏဒဏ္ဍသုတ်အဖွင့်၌ ပြဆိုထားသည်၊

ဤဖွားဖက်တော်ခုနစ်ဦးတို့၏ အမည်အစဉ်ကို ရှေး၌ပြဆိုခဲ့သည်ကား ဇာတကအဋ္ဌကထာ ပထမတွဲ စာမျက်နှာ (၆၃)၊ ဗုဒ္ဓဝင်အဋ္ဌကထာ စာမျက်နှာ(၃၂၂)ဒီဃနိကာယ်မဟာဝဂ္ဂအဋ္ဌကထာ မဟာ ပဒါနသုတ်အဖွင့် စာမျက်နှာ (၁၈)တို့ ၌လာရှိသော အတိုင်းပြဆိုခြင်းဖြစ်သည်၊ ဆရာ အဆက်ဆက်တို့လည်း ဤအတိုင်းသာ ဖြန့်ဆိုကြကုန်၏။ 'အာ - ဗော - ကာ - ယ၊ ဆ - ရွှေကက်' ဟူ၍ လင်္ကာအချုပ်ရေးထုတ်ကြ ကုန်သည်၊

အင်္ဂုတ္တရအဋ္ဌကထာပဌမတွဲဧတဒဂ္ဂဝဂ်ကာဠုဒါယိဝတ္ထု အဖွင့်စာမျက်နှာ(၂၉၄)၌၎င်း၊ ဝိနည်းသာ ရတ္ထဒီပနီဋီကာ ဒုတိယတွဲ မဟာခန္ဓကရာဟုလဝတ္ထုအဖွင့်စာမျက်နှာ (၂၄၄) ၌၎င်းဖွား ဖက်တော် (၇)ခုနစ်ဦးတို့ကို ရေတွက်ပြဆိုရာတွင် အာနန္ဒာမင်းသား၏ အမည်ကို ထည့်သွင်းရေတွက် ခြင်းမပြုဘဲ (၁) ဗောဓိပင် (၂) ယသော်ဓရာ (၃) ရွှေအိုးကြီးလေးလုံး (၄) အာဇာနီယဆင်တော် (၅) ကဏ္ဍကမြင်းတော် (၆) ဆန္နအမတ် (၇) ကာဠုဒါယီအမတ် ဟူ၍ရေတွက်စီစဉ်ဖော်ပြထားသည်၊ ထိုထိုဋီကာက ဆောင်မထေရ်တို့၏ အလိုအတိုင်းဖွင့်ပြခြင်းဖြစ်သည်ဟု မှတ်ယူရာ၏၊

## မဟာမာယာဒေဝီ ကပိလဝတ်ပြည်သို့ပြန်

ကပိလဝတ်ပြည်၊ ဒေဝဒဟပြည် နှစ်ပြည်ထောင်သား လူအများတို့သည် မိဖုရားကြီးမဟာ မာယာ ဒေဝီနှင့်တကွ ဘုရားအလောင်းသားတော်မြတ်ကို ယူဆောင်ကြဉ်းကြကုန်၍ ကပိလဝတ်နေပြည်တော်သို့ သွားကြကုန်၏။

## ကာဠဒေဝီလရသေ့ကြီးအကြောင်း

ထိုသို့ယူဆောင်၍ ကပိလဝတ်နေပြည်တော်သို့ အလောင်းတော်နှင့်တကွ မယ်တော်တို့ ဆိုက်ရောက် သော နေ့၌ပင်သိကြားနတ်မင်းအမှူးရှိသော တာဝတိံသာနတ်အပေါင်းတို့သည်'ကပိလဝတ်ပြည်၌ သုဒ္ဓေါဒန မင်းကြီးအား သတို့သားမြတ်ကိုဖွားမြင်ရရှိပေ၏၊ ထိုသတို့သားမြတ်သည် ဗုဒ္ဓပလ္လင် ဗောဓိပြင်၌ ဘုရားစင်စစ် ဖြစ်တော်မူလတ္တံ့' ဟုနှစ်သက်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်၍ ပုဆိုးအဝတ်ပစ်မြောက်ခြင်း၊ လက်ပန်း ပေါက်ခတ်ခြင်း စသည်တို့ကို ပြုကြကုန်လျက် မြူးတူးပျော်ပါးကစားကြကုန်၏၊

ထိုအခါ သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်တွင် သွားလာထွက်ဝင် အစဉ်ဆက်ခံလေ့ရှိသော အဘိညာဉ် ငါးပါး သမာပတ် ရှစ်ပါးတို့ကို ရသည့် ကာဠဒေဝီလရသေ့သည် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်မှ ရှေ့နေ့များ ကဲ့သို့ပင် ဆွမ်းစားခြင်း ကိစ္စပြီးသော်နေ့သန့်ရန်အလို့ငှာ တာဝတိံသာနတ် ပြည်သို့ ကြွရောက်၍ရတနာဗိမာန် အတွင်းခင်းထားအပ်သော ရတနာပလ္လင်ထက်၌ထိုင်နေတော်မူကာ ဈာန်သမာပတ်ချမ်းသာကို ခံစားတော်မူပြီးလျှင်

ဝိမာန်တံခါးဝ၌ရပ်လျှက် ထိုမှဤမှကြည့်ရှုလတ်သော် ယုဇနာခြောက်ဆယ်ရှိသော နတ်ခန်းလမ်းမ၌ နတ်ဝတ် ဦးပေါင်း ဝမ်းမြောက်ခြင်းကို ပြုကြလျှက် ဘုရားအလောင်းတော်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းစကားပြောကြား၍ မြူးထူးပျော်ပါးကစားနေကြသော သိကြားနတ်မင်း အမှူးရှိသည့် နတ်တို့ကို မြင်လေသည်တွင် 'ဗိုနတ်အပေါင်းတို့ အသင်တို့သည် အဘယ့်ကြောင့် ဤသို့ အားရရွှင်လန်းဝမ်းမြောက်ဝမ်းသာ နှစ်သက်ပျော်ပါးကစားကြကုန် သနည်း၊ ထိုအကြောင်းကို ငါ့အားပြောကြားကြကုန်' ဟုမိန့်ဆို၏။

ထိုအခါ နတ်အပေါင်းတို့က ' အရှင်ရသေ့မင်းမြတ် ယနေ့သုဒ္ဓေါဒနမင်းကြီးအား သတို့သားမြတ်ဖွားမြင်လတ်ပြီ၊ ထိုသားတော်မြတ်သည် ခပ်သိမ်းသော ဘုရားရှင်တို့ဘုရားဖြစ်တော်မူရာ မြေခြာ ဦးကိုင် မဏ္ဍိုင်ချက်ဗွေဗုဒ္ဓဂယာပင် ဗောဓိပြင်၌ ပလ္လင်ဖွဲ့ခွေ နေတော်မူလျှက် တရားခပ်သိမ်းကို ပြီးပြီမ်း ကုန်စင်သိမြင်တော်မူသော ဘုရားဖြစ်တော်မူ၍ တရားစကြာဒေသနာကို ကောင်းစွာဖြစ်စေတော်မူသော တရားအားဟောကြားတော်မူလတ္တံ၊ ထိုမြတ်စွာဘုရား၏ အဆုံးအပိုင်းအစမရှိ ထူးမြတ်လှစွာသော မြတ်စွာဘုရား၏ တင့်တယ်ခြင်း၊ အသရေတော်ကို ဖူးမြင်ခြင်းငှာငှင်း၊ ဟောတော်မူအပ်သော တရားဒေသနာတော်မြတ်ကို ဆက်ဆက် ထင်ရှားကြားနာခြင်းငှာငှင်း အခွင့်ကောင်းကြီးကိုရကြ ပေတော့အံ့၊ ဤအကြောင်းကြောင့် အကျွန်ုပ်တို့ သည်ဤသို့ အားရ ရွှင်လန်းဝမ်းမြောက် ဝမ်းသာနှစ်သက် ပျော်ပါးကြကုန်သည်၊' ဟု မြေကြားလျှောက်ထား ကြကုန်၏၊

ကာဠဒေဝိလရသေ့သည် ထိုတာဝတိံသာနတ်တို့ မြေကြားလျှောက်ထားသော စကားကိုကြားသိရ၍ တာဝတိံသာနတ်ပြည်မှ ဆောလျှင်စွာ သက်ဆင်းခဲ့ပြီးလျှင် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ ဝင်၍ခင်းထား အပ်သော နေရာ၌ ထိုင်နေတော်မူ၏၊ သုဒ္ဓေါဒနမင်းကြီးနှင့် ပြောဆိုမြဲ ဖြစ်သောပဋိသန္ထာရ - အစေ့အစပ်စကား မိန့်ကြားပြောဆိုပြီးသော် 'ဒကာတော်မင်းကြီး သားတော်ဖွားမြင်လည်ဟု ကြားသိရပေသည်၊ ထိုသားတော်ကို ရှုမြင်လိုပေသည်၊' ဟု မိန့်ဆိုသဖြင့် သုဒ္ဓေါဒနမင်းကြီးသည်လည်း တန်ဆာစုံလင် ဆင်ယင်အပ်သော သားတော်မြတ်ကို ဆောင်ယူခဲ့စေ၍ ဆရာဒေဝိလရသေ့ကို ရှိခိုးစေအံ့သောငှာ ရှေးရှုဆောင် ပေ၏၊ ထိုသို့ ဆောင်စဉ်ခဏ၌ပင်လျှင် အလောင်းတော်မင်းသား၏ ခြေတော်အစုံတို့သည် ပျံခုန်မြောက်တတ်၍ မည်းနက်ညိုမှောင်သော တိမ်တောင်အကွင့်တို့၌ ပြိုက်ပြိုက်လက်လက် ပြိုးပြိုးဖျတ်သော လျှပ်စစ်နွယ်ကဲ့သို့ သပ္ပါယ်စွာ ဖွဲ့ယှက်ထားအပ်သည့် ဒေဝီလရသေ့၏ ဆံကျစ်မြားတို့၌ တန့်နားစံပါယ်တည်တော်မူကုန်၏၊

အထူးမှတ်ရန်ကား အလောင်းတော်မြတ်အား ထိုနောက်ဆုံး ပစ္ဆိမဘဝ ကိုယ်အဖြစ်ဖြင့် ရှိခိုး ထိုက်သည့် တပါးသောသူ မည်သည်မရှိချေ။ အကယ်၍ ထိုအကြောင်းကို မသိသူတို့က ပစ္ဆိမဘဝသား ဘုရား အလောင်းတော်၏ ဦးခေါင်းကို ရသေ့၏ ခြေရင်း၌ ထားမိခြေကုန်အံ့၊ ရသေ့၏ဦးခေါင်းသည် ခုနစ်စိတ် ခုနစ်မွှာကွဲမည်သာဖြစ်၏၊

ကာဠဒေဝီလရသေ့သည်လည်းဤသို့ ဘုရားအလောင်းတော်၏ အံ့ဖွယ်သရဲထူးကဲသော ဘုန်းတန်ခိုး ရှိသည်၏ အဖြစ်ကို စင်စစ်တွေ့မြင်ဆင်ခြင်ကြဆသတိရ၍ ငါ၏ ကိုယ်ကိုဖျက်ဆီးခြင်းငှာ မသင့်တကား' ဟု စဉ်းစားဆုံးဖြစ်ပြီးသော် ထိုင်ရာမှထ၍ ဘုရားအလောင်းတော်မြတ်ကို လက်အုပ်ချီလေ၏၊ ခမည်းတော်

သုဇ္ဇောဓနမင်းကြီးသည် ထိုသို့သော အံ့ဖွယ်သရဲကို မြင်၍ မိမိ၏သားတော်ကို ရှိခိုးပေ၏။

## ကာလဒေဝိလရသေ့ကြီး၏ပြုံးရယ်ခြင်းနှင့်ငိုကြွေးခြင်းအကြောင်း

ကာဠဒေဝိလရသေ့သည် အသိဉာဏ်ငါးပါးသမာပတ်ရှစ်ပါးတို့ကိုရသော ရသေ့သူမြတ်ဖြစ်၍ ရှေးလွန်လေပြီးသောအတိတ်၌ကမ္ဘာလေးဆယ်နောက်လာလတ္တံ့သော အနာဂတ်၌ ကမ္ဘာလေးဆယ်ဤသို့ ရှေ့နောက် ကမ္ဘာရှစ်ဆယ်တို့ကို အောက်မေ့ဆင်ခြင်သိမြင်နိုင်ပေ၏။ ဤကာဠဒေဝိလရသေ့၏ အကြောင်းအရာ အကျယ်ကို အနုဒီပနီ၌ဖော်ပြထားပေသည်။

ကာဠဒေဝိလရသေ့သည် အလောင်းတော်မင်းသား၏ ပြည့်စုံသော လက္ခဏာကြီးငယ်ကို ကြည့်ရှု လျှက် 'ဘုရားစင်စစ်ဖြစ်အံ့လော' 'စိစစ်ဆင်ခြင်တော်မူလတ်သော်' ဤမင်းသားသည်ကား ယုံမှားဖွယ်မရှိ ဧကန်စင်စစ်ဘုရားဖြစ်လတ္တံ့ဟု အနာဂတံသဉာဏ်ဖြင့် သိမြင်လေ၍ 'ဤမင်းသားကား အံ့ဖွယ်ထူးမြတ်စွာသော ယောကျ်ားပေတကားဟု' အားရဝမ်းသာရှိလှစွာ၍ ပြုံးရယ်တော်မူလေသည်။ ထို့နောက် တဖန်ဤမင်းသား ဘုရားဖြစ်သည်ကို ဖူးမျှော်ခွင့်ရပါအံ့လော၊ မရအံ့လော'ဟု ဆင်ခြင်ပြန်လေသော် 'ဖူးမျှော်ခွင့်ရတော့မည်မဟုတ်ချေ၊ ငါသည်ဤအလောင်းတော်မင်းသားဘုရားမဖြစ်မီပင် သေလွန်၍ ဘုရားအရာအထောင်ပင် ကြွရောက်ချည်းကပ်၍ အမြိုက်တရားဟောကြားသိစေခြင်းငှာ မတတ်နိုင်ရာသည့် အရူပဘုံ၌ ငါဖြစ်ရပေအံ့' ဟုအနာဂတံသဉာဏ်ဖြင့်ပင်သိမြင်လေ၍ 'ငါသည်ဤသို့ ပါရမီကျေးဇူးအထူးတို့နှင့်ပြည့်စုံသော အံ့ဖွယ်ကောင်းလှသည့် ယောကျ်ားဘုရားဖြစ်သည်ကို ဖူးမြော်ခြင်းငှာ ရတော့မည် မဟုတ်ချေ၊ ဤသို့ဘုရားဖြစ်သည်ကို မဖူးမျှော်ရခြင်းသည် ငါ့အတွက်တကြီးစွာသော ဆုံးရှုံးခြင်းပေတကား' ဟု သည်းထန်ပြင်းပြသော နှလုံးမသာမယာခြင်းဖြင့် ငိုကြွေးလေ၏။

ဤ၌ အရူပဗြဟ္မာပြည်တွင်သည်မှာ ရုပ်တရားလုံးဝမရှိ စိတ်စေတသိက်တည်းဟူသော နာမ်တရား သာရှိသည့်ဘုံဖြစ်သည်။ ထိုအရူပဗြဟ္မာဘုံသို့ အရူပဈာန်ကိုရသော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်နှင့် ထိုအရူပဈာန်ကို ရသော သောတာပန်သကဒါဂါမ်အနာဂါမ်အရိယာပုဂ္ဂိုလ်တို့သာလျှင် ပဋိသန္ဓေကပ်ရောက်နေရ၏။ ထိုဘုံသို့ ရောက်ရှိ သော သောတာပန်သကဒါဂါမ် အရိယာတို့မှာ အောက်ဘုံသို့ပြန်၍ မဆင်းတော့ပြီ ရှေ့ဘဝက အောက် ဖြစ်သော ကာမသုဂတိဘုံရှုပဗြဟ္မာဘုံတို့၌ ဖြစ်စဉ်ကာလမဂ်ဖိုလ်ရောက်အောင် ကျင့်ကြံအားထုတ်နည်းကို ကိုယ်တိုင် လက်တွေ့ကျင့်သုံးခဲ့သူများ ဖြစ်ကြ၍ သူတပါး၏ တရားသံကို မကြားရသော်လည်း ရှေ့ဘဝကလက်တွေ့ ကျင့်သုံး ခဲ့သည့် ဝိပဿနာလမ်းစဉ်မှာ ထင်လင်းပြီးဖြစ်၍ ထိုလမ်းစဉ်အတိုင်းကျင့်ကြံသဖြင့် ထိုအရူပဘုံမှာပင် အထက်မဂ်ဖိုလ်ကို အရဟတ္တမဂ်အရ - အရဟတ္တဖိုလ်တိုင်အောင်ရရှိ၍ ဝဋ်ဘဝဇာတ်သိမ်းငြိမ်းတော်မူကြသည်။

ကာဠဒေဝိလရသေ့အာဠာရရသေ့ဥဒကရသေ့ ထိုတဲ့သို့ လူ့ပြည်ကတိဟိတ်ပုထုဇဉ် အရူပဈာန်ရ ပုဂ္ဂိုလ်အဖြစ်ဖြင့်သေ၍ ထိုအရူပဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့မှာ ဘုံ၏ဓမ္မတာအားဖြင့် ရုပ်တရား လုံးဝမရှိသည်အတွက် ဘုရားဖူးရန် တရားနာရန် မျက်စိစက္ခုပသာဒရုပ်၊ နား သောတပသာဒရုပ်ဟို့လည်း လုံးဝမရှိရကား ထိုအရူပဘုံ သို့ ဘုရားရှင်တို့ကြွရောက် တရားဟောသော်လည်း ဘုရားကိုမဖူးမြင်နိုင် တရားကိုမကြားနာနိုင်ကြသောကြောင့်

သုဇွါဓနမင်းကြီးသည် ထိုသို့သော အံ့ဖွယ်သရဲကို မြင်၍ မိမိ၏သားတော်ကို ရှိခိုးပေ၏။

## ကာလဒေဝီလရသေ့ကြီး၏ပြုံးရယ်ခြင်းနှင့်ငိုကြွေးခြင်းအကြောင်း

ကာဠဒေဝီလရသေ့သည် အသိဉာဏ်ငါးပါးသမာပတ်ရှစ်ပါးတို့ကိုရသော ရသေ့သူမြတ်ဖြစ်၍ ရှေးလွန်လေပြီးသောအတိတ်၌ကမ္ဘာလေးဆယ်နောက်လာလတ္တံ့သော အနာဂတ်၌ ကမ္ဘာလေးဆယ်ဤသို့ ရှေ့နောက် ကမ္ဘာရှစ်ဆယ်တို့ကို အောက်မေ့ဆင်ခြင်သိမြင်နိုင်ပေ၏။ ဤကာဠဒေဝီလရသေ့၏ အကြောင်းအရာအကျယ်ကို အနုဒီပနီ၌ဖော်ပြထားပေသည်။

ကာဠဒေဝီလရသေ့သည် အလောင်းတော်မင်းသား၏ ပြည့်စုံသော လက္ခဏာကြီးငယ်ကို ကြည့်ရှု၍ 'ဘုရားစင်စစ်ဖြစ်အံ့လော' 'စိစစ်ဆင်ခြင်တော်မူလတ်သော်' ဤမင်းသားသူငယ်ကား ယုံမှားဖွယ်မရှိ ဧကန်စင်စစ်ဘုရားဖြစ်လတ္တံ့ဟု အနာဂတံသဉာဏ်ဖြင့် သိမြင်လေ၍ 'ဤမင်းသားကား အံ့ဖွယ်ထူးမြတ်စွာသော ယောကျ်ားပေတကားဟု အားရဝမ်းသာရှိလှစွာ၍ ပြုံးရယ်တော်မူလေသည်။ ထို့နောက် တဖန်ဤမင်းသား ဘုရားဖြစ်သည်ကို ဖူးမျှော်ခွင့်ရပါအံ့လော၊ မရအံ့လော'ဟု ဆင်ခြင်ပြန်လေသော် 'ဖူးမျှော်ခွင့်ရတော့မည်မဟုတ်ချေ၊ ငါသည်ဤအလောင်းတော်မင်းသားဘုရားမဖြစ်မီပင် သေလွန်၍ ဘုရားအရာအထောင်ပင် ကြွရောက်ချည်းကပ်၍ အမြိုက်တရားဟောကြားသိစေခြင်းငှာ မတတ်နိုင်ရာသည့် အရူပဘုံ၌ ငါဖြစ်ရပေအံ့' ဟုအနာဂတံသဉာဏ်ဖြင့်ပင်သိမြင်လေ၍ 'ငါသည်ဤသို့ ပါရမီကျေးဇူးအထူးတို့နှင့်ပြည့်စုံသော အံ့ဖွယ်ကောင်းလှသည့် ယောကျ်ားဘုရားဖြစ်သည်ကို ဖူးမြော်ခြင်းငှာ ရတော့မည် မဟုတ်ချေ၊ ဤသို့ဘုရားဖြစ်သည်ကို မဖူးမျှော်ရခြင်းသည် ငါ့အတွက်တကြီးစွာသော ဆုံးရှုံးခြင်းပေတကား' ဟု သည်းထန်ပြင်းပြသော နှလုံးမသာမယာခြင်းဖြင့် ငိုကြွေးလေ၏။

ဤ၌ အရူပဗြဟ္မာပြည်တူသည်မှာ ရုပ်တရားလုံးဝမရှိ စိတ်စေတသိက်တည်းဟူသော နာမ်တရားသာရှိသည့်ဘုံဖြစ်သည်။ ထိုအရူပဗြဟ္မာဘုံသို့ အရူပဈာန်ကိုရသော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်နှင့် ထိုအရူပဈာန်ကို ရသော သောတာပန်သကဒါဂါမ်အနာဂါမ်အရိယာပုဂ္ဂိုလ်တို့သာဝ ပဋိသန္ဓေကပ်ရောက်နေရ၏။ ထိုဘုံသို့ ရောက်ရှိသော သောတာပန်သကဒါဂါမ် အရိယာတို့မှာ အောက်ဘုံသို့ပြန်၍ မဆင်းတော့ပြီ ရှေ့ဘဝက အောက် ဖြစ်သော ကာမသုဂတိဘုံရှုပဗြဟ္မာဘုံတို့၌ ဖြစ်စဉ်ကာလမဂ်ဖိုလ်ရောက်အောင် ကျင့်ကြံအားထုတ်နည်းကို ကိုယ်တိုင် လက်တွေ့ကျင့်သုံးခဲ့သူများ ဖြစ်ကြ၍ သူတပါး၏ တရားသံကို မကြားရသော်လည်း ရှေ့ဘဝကလက်တွေ့ ကျင့်သုံးခဲ့သည့်ဝိပဿနာလမ်းစဉ်မှာ ထင်လင်းပြီးဖြစ်၍ ထိုလမ်းစဉ်အတိုင်းကျင့်ကြံသဖြင့် ထိုအရူပဘုံမှာပင် အထက်မဂ်ဖိုလ်ကို အရဟတ္တမဂ်အရ - အရဟတ္တဖိုလ်တိုင်အောင်ရရှိ၍ ဝဋ်ဘဝဇာတ်သိမ်းငြိမ်းတော်မူကြသည်။

ကာဠဒေဝီလရသေ့အာဠာရရသေ့ဥဒကရသေ့ ထိုတဲ့သို့ လူ့ပြည်ကတိဟိတ်ပုထုဇဉ် အရူပဈာန်ရ ပုဂ္ဂိုလ်အဖြစ်ဖြင့်သေ၍ ထိုအရူပဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့မှာ ဘုံ၏ဓမ္မတာအားဖြင့် ရုပ်တရား လုံးဝမရှိသည့်အတွက် ဘုရားဖူးရန် တရားနာရန် မျက်စိစက္ခုပသာဒရုပ်၊ နား သောတပသာဒရုပ်ဟို့လည်း လုံးဝမရှိရကား ထိုအရူပဘုံ သို့ ဘုရားရှင်တို့ကြွရောက် တရားဟောသော်လည်း ဘုရားကိုမဖူးမြင်နိုင် တရားကိုမကြားနာနိုင်ကြသောကြောင့်

တို့အရူပဘုံသို့ ဘုရားရှင်တို့လည်းကြွရောက်၍ တရားဟောတော်မမူကြကုန်၊ ပုထုဇဉ်တို့မှာလည်း သုတဝါဏီတ တရားသံကို ကြားနာရခြင်းတည်းဟူသော ပရတောဃောသပစ္စည်းကိုမရလျှင် မည်သည့်နည်းနှင့်မျှ ခင်ပိုယ်ကို မရနိုင်ကြကုန်၊ ထို့ကြောင့် ထိုအရူပဘုံသို့ ပုထုဇဉ်အဖြစ်ဖြင့် ကပ်ရောက်ဖြစ်ပွားကြရသည့် ကာဠဒေဝီလရသေ့၊ အာဠာရရသေ့၊ ဥဒကရသေ့တို့မှာ ကာဠဒေဝီလနှင့် ဥဒကရသေ့တို့ကား နေဝသညာနာသညာ ယတနဘုံသို့ ကပ်ရောက်ကြသဖြင့် မဟာကပ်ပေါင်းရှစ်သောင်းလေးထောင်ကြာအောင် အာဠာရရသေ့ကား အာကိဉ္စညာ ယတနဘုံသို့ရောက်သဖြင့် သံသရာစက်မှော်ကြရမည့်ပုဂ္ဂိုလ်များဖြစ်ကြကုန်၏၊ ဤ ကပ်ကမ္ဘာအတွင်း ထွန်းပြည့်၍ ဘုရားပွင့်သော်လည်း ၎င်းတို့မှာ ကျွတ်ခွင့်မရှိကြကုန်၊

ဤ၌ ကာဠဒေဝီလရှင်ရသေ့သည် ရူပဘုံ၌စိတ်ညစ်လျှင် ထိုရူပဘုံ၌မဖြစ်နိုင်ဘူးလောဟု မေးရန်ရှိ၏၊ ကာဠဒေဝီလရှင်ရသေ့မှာ လောကီဈာန်သမာပတ်ရှစ်ပါးလုံးကို ပြည့်စုံသူဖြစ်၍ ရူပဘုံ၌ ဖြစ်လို၏ဟု စိတ်ညွတ်ခြင်းရှိပါလျှင် မိမိစိတ်ညွတ်ရာ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပဗြဟ္မာဆယ်ဘုံတို့တွင် အလိုရှိရာ ဘုံ၌ဖြစ်နိုင်ခွင့်ရှိပေ၏၊ ဤကားအဖြေတည်း၊

ထိုသို့ဖြစ်နိုင်ခွင့်လျှင် ရူပဆယ်ဘုံတွင် မိမိနှစ်သက်ရာ တဘုံဘုံ၌ စိတ်ညွတ်ပါတော့လောဟု မေးရန်ရှိ၏၊ ထိုသို့ စိတ်ညွတ်ဖို့ရန် အစီအရင်၌ မလိမ္မာသောကြောင့် စိတ်မညွတ်ခြင်းဖြစ်သည်ဟု ဖြေဆိုရာ၏၊ ဆိုလိုရင်းမှာ လောကီဈာန်သမာပတ်ရှစ်ပါးလုံးကို ရရှိသောပုဂ္ဂိုလ်သည် ရူပဗြဟ္မာဘုံ၊ အရူပဗြဟ္မာဘုံတို့တွင် မိမိစိတ်ညွတ်ရာဘုံ၌ ဖြစ်နိုင်ပေ၏၊ ဒေဝီလရသေ့သည်လည်း အောက်ဖြစ်သော ရူပဗြဟ္မာဘုံ၌ စိတ်ညွတ်လျှင်ထို စိတ်ညွတ်ရာရူပဗြဟ္မာဘုံ၌ဖြစ်နိုင်၏၊ ထိုသို့ဖြစ်လျှင် ရူပဗြဟ္မာအဖြစ်ဖြင့် ဘုရားကို ဖူးနိုင်ရာ၏၊ သို့သော်ထိုသို့ စိတ်ညွတ်ရန် အစီအရင်၌မလိမ္မာသူ မသိရှိသူ ဖြစ်သဖြင့် အောက်ရူပဘုံ၌ဖြစ်ဖို့ရန် စိတ်မညွတ်နိုင်ပေရာဟု ဆိုလိုသည်၊

ဤသို့ဖြစ်သော်လည်း ဒေါမနဿတရားကို သမာပတ်ဖြင့် ခွာထားသူဖြစ်သောကြောင့် ဒေဝီလ ရသေ့မှာ ဤကဲ့သို့ ဒေါမနဿဖြစ်ကာ မငိုကြွေးသင့်ဟူ၍ စောဒနာရန်ရှိပြန်၏၊ ခွာရုံသာခွာရသော ကြောင့်ဝင် ဒေါမနဿဖြစ်ကာ ငိုကြွေးခြင်းဖြစ်သည်၊ အနည်းငယ်ထင်ရှားစေဦးအံ့ . . မဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီးသော ကိလေသာတို့သာ နောက်ထပ်ပုဂ္ဂိုလ်သန္တာန်၌ မဖြစ်နိုင်ကြကုန်၊ လောကီဈာန်သမာပတ်ဖြင့် ခွာရုံသာခွာထား ရသော ကိလေသာတို့သည်ကား အားကြီးသော အကြောင်းနှင့်တွေ့ဆုံလျှင် ဖြစ်ပေါ်လာတတ်ကုန်၏၊ ထို့ကြောင့် ဒေဝီလရှင်ရသေ့မှာ ဒေါမနဿကို မဂ်ဖြင့် မပယ်သတ်ရသေးပဲ သမာပတ်ဖြင့် ခွာရုံသာ ခွာထားရသောကြောင့် ဒေါမနဿဖြစ်ကာ ငိုကြွေးခြင်းဖြစ်သည်ဟူ၍ ဖြေဆိုရာ၏၊

ထိုသို့ ငိုကြွေးသောအခါ ဒေါမနဿဖြစ်ရကား ဈာန်မှလျှောကြပြီဖြစ်သောကြောင့် ထိုဒေဝီလ ရသေ့အားအရူပဘုံသို့ ဘဝပဋိသန္ဓေတည်နေကပ်ရောက်ခြင်းသည် အဘယ်သို့ဖြစ်နိုင်တံ့နည်းဟူ၍ မေးရန်ရှိ ပြန်၏၊ မပင်မပန်းဘဲ တဖန်ပြန်၍ ရသောကြောင့် အရူပဘုံဘဝပဋိသန္ဓေကပ်ရောက် နေနိုင်သည်ဟု ဖြေဆိုရာ၏၊ ထင်ရှားစေဦးအံ့ . . လောကီဈာန်သမာပတ်ရရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အားကြီးသော အကြောင်းနှင့် တိုက်ဆိုင်တွေ့ကြုံသဖြင့် ခွာရုံသာခွာထားရသော ကိလေသာတို့ ဖြစ်ပွားက ဈာန်သမာပတ်မှ လျှောကြကုန်

သော်လည်း တားကြီးသောလွန်ကျူးခြင်းသို့မရောက်ကြကုန်သည်ရှိသော် ဖြစ်ပေါ်လာသောတိလေသာ အဟုန်ငြိမ်းစဲလျှင် မပင်မပန်းပဲ တဖန်ဈာန်သမာပတ်ကို ရရှိကြသည်၊ 'ဤသူတို့သည်ဈာန်မှ လျှောကျသူတို့တည်းဟူ၍ မသိနိုင်လောက်အောင်ရှိကုန်၏'၊ အချုပ်မှတ်ရန်မှာ . . . ဒေဝီလရသေ့တို့ကဲ့သို့ သမာပတ်ရှစ်ပါးလောက် ဈာန်များကိုရသော ပုဂ္ဂိုလ်တို့မှာစိတ်ညစ်လျှင် ရူပဗြဟ္မာပြည်တောက်ဆယ်ဘုံနှင့်အရူပဗြဟ္မာဘုံတို့တွင် မိမိစိတ်ညွတ်ရာ တဘုံဘုံ၌ဖြစ်နိုင်၏၊ စိတ်မညွတ်လျှင်ရရှိသော လောကီဈာန်သမာပတ်တို့အနက် အထက်ဆုံးဖြစ်သော ဈာန်သမာပတ်က အကျိုးပေးခွင့်ရသဖြင့် ထိုဈာန်၏အကျိုးပေးရာဘုံ၌သာ ဖြစ်ရ၏၊ ထိုကဲ့သို့ စိတ်ညွတ်လျှင် အလိုရှိရာ စိတ်ညွတ်ရာဘုံ၌ဖြစ်နိုင်သည်ဟူ၍ သိမြင်ခြင်းမှာလည်း ဘုရားသာသနာတွင်မှာသာ မြတ်စွာဘုရားဟောကြားချက်အရ သိရှိနိုင်သည်။

သာသနာပအခါ၌ ထိုကဲ့သို့ ထိုးထိုးထွင်းထွင်းမသိမြင်နိုင်ပေ၊ ထို့ကြောင့်ပင် ဒေဝီလရှင်ရသေ့မှာသာသနာတွင် ဘုရားတပည့်မဟုတ်သဖြင့် ထိုကဲ့သို့ စိတ်ညွတ်ရန် အစီအရင်ကို မသိမြင်နိုင်ချေ၊ အကယ်၍သိမြင်လျှင် ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပဗြဟ္မာဆယ်ဘုံတို့တွင် တဘုံဘုံ၌ ဖြစ်လို၏ဟု စိတ်ညွတ်ရာ၏၊ ယခုမူ ထိုအစီအရင်ကို မပြုမိပဲ မိမိနေဝသညာ နာသညာ ယတနခေါ်သော အထက်ဆုံး အရူပဘုံ၌ ဖြစ်ရောက်ဆော မြတ်စွာဘုရားကို ဖူးမြင်ခွင့်မရမည့်အရေး တွေးတောနှလုံးပူပန်ကာ ခေါသဇောကျ၍ ငိုကြွေးရှာလေသည်၊ ထိုသို့ ငိုကြွေးသောအခါ ဒေဝီလရှင်ရသေ့မှာ ဈာန်မှလျှောကြ၏၊ သို့သော် တစုံတခုသော ဒုစရိုက်မှုကြီးများကို ပြုမိခြင်းအလျှင်းမရှိသောကြောင့် ခေါသတိလေသာအဟုန် ငြိမ်စဲသွားလျှင်ပင် ဈာန်မှလျှောကျသွားသည်ဟူ၍ မသိနိုင်လောက်အောင် ကသိုဏ်းပရိကံကို တဖန်ပွားများသောအခါ မပင်မပန်း အလွယ်တကူ လောကီသမာပါတ်ရှစ်ပါးကို ရရှိပြန်သည်၊ ထို့ကြောင့် ဒေဝီလရှင်ရသေ့ကြီး စုတေသောအခါ လောကီဈာန် သမာပတ်ရှစ်ပါးတို့အနက် အထက်ဆုံးဖြစ်သည့် နေဝသညာ နာသညာ ရတနာဈာန်၏ အကျိုးပေးရာ နေဝသညာ နာသညာ ယတန(အရူပ) ဗြဟ္မာဘုံ၌ဖြစ်ရလေသည်ဟု မှတ်ရာ၏။

## လူတို့တမေးလျှောက်ခြင်း

ထိုသို့ ကာလဒေဝီလရှင်ရသေ့ကြီး ရယ်လိုက်ငိုလိုက်ပြုလုပ်သည်ကိုမြင်ကြရ၍ နန်းတွင်းသူနန်းတွင်းသားလူအများတို့က 'ငါတို့၏ အရှင်ရသေ့ကြီးသည် ယခုပင် ရယ်၍တဖန်ငိုပြန်၏၊ ထူးဆန်းစွာတကားဟု စဉ်းစားကြပြီးလျှင်' အရှင်ရသေ့မြတ် အကျွန်ုပ်တို့၏ အရှင့်သားအတွက် အန္တရာယ်တစ်စုံတရာရှိပါသလောဟုမေးလျှောက်ကြကုန်၏၊ ထိုအခါ ဒေဝီလရှင်ရသေ့ကြီးက 'ဤမင်းသားအတွက် အန္တရာယ်တစုံတရာမရှိပေ၊ ဤမင်းသားသည် ကေန်ဘုရားစင်စစ်ဖြစ်လိမ့်မည်' ဟု ဖြေဆိုလေ၏၊ 'ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် အရှင်ရသေ့သည် ငိုကြွေးတော်မူပါသနည်း၊ လူအပေါင်းတို့ကမေးသောအခါ ဒေဝီလရှင်ရသေ့က 'ဤသို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသည့်ယောကျ်ား မြတ်စွာဘုရားဖြစ်သည်ကို ငါဖူးမျှော်ခွင့်ရတော့မည်မဟုတ်ပေ၊ ငါ့အားကြီးစွာသော ဆုံးရှုံးမှုကြီးနစ်နာမှုကြီး ဖြစ်စွတကားဟု ကိုယ်ရေးကိုယ်တာအတွက် စိုးရိမ်ပူဆွေးငိုကြွေးခြင်းဖြစ်သည်ဟု ဖြေဆိုပေ၏။'

'ဤသို့ဝုဒ္ဓဝင်အဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာ၊ ဒီနလင်္ကာရဋီကာတို့၌ ဖွင့်ပြသည့်အတိုင်း ရေးသား ခဲ့ပေသည်။ အချို့ ဗုဒ္ဓဝင်စကားပြေကျမ်းတို့၌ကား 'သုဒ္ဓေါဒနမင်းကြီးက အလောင်းတော်မင်းသားသည် အဘယ် အရွယ်၌ ရဟန်းပြု၍ ဘုရားဖြစ်မည်နည်းဟု မေးသောအခါ ကာဠဒေဝီလရသေ့ ကြီးက 'အသက်၃၅နှစ် အရွယ်တွင် ဘုရားဖြစ်လိမ့်မည်' ဟုဖြေဆိုကြောင်းရေးသားကြပေသည်။ ထိုသို့ ရေးသားကြခြင်းမှာ နောက်၌ပြဆိုလတ္တံ့သော အတိုင်းဒေဝီလရသေ့က မိမိ၏ တူတော်သူ နဠကသား နာလကလုလင်အား ပြောကြားသော အခန်း၌ ပါရှိသည့် 'အမောင်နာလက သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်မှာ သားတော်တစ်ပါးဖွားမြင်ခဲ့လေပြီ ထိုသားတော်သည် ဘုရား ညွှန့်လျာဖြစ်ပေသည် သုံးဆယ့်ငါးနှစ်လွန်သောအခါ ဘုရားဖြစ်လိမ့်မည်' ဟုပြောကြားချက်မှ ယူဆောင်၍ ရေးသား ခြင်းဖြစ်ပေသည်။ သုဒ္ဓေါဒနမင်းတရားကြီးကား သားတော်မင်းသားဘုရားဖြစ်လိမ့်မည်ဟူသော ပြောကြားချက်တိုမင် မနှစ်သက်နိုင်ပေ၊ သားတော်ဘုရားဖြစ်သည်ကို မမြင်လို၊ စကြာမင်းဖြစ်သည်ကိုသာ မြင်လိုသူဖြစ်၍ 'ဘုရား အလောင်းမင်းသားသည် အဘယ်အရွယ်၌ ရဟန်းပြု၍ ဘုရားဖြစ်လိမ့်မည်နည်းဟု အဘယ်နည်းနှင့် မျှမေးမည် မဟုတ်သောကြောင့်ရှေးဟော်ပြရာဝါ ဗုဒ္ဓဝင်အဋ္ဌကထာဇာတ်အဋ္ဌကထာ ဒီနာလင်္ကာရဋီကာတို့၌ ထိုအကြောင်းကို မရေးသား မဖွင့်ပြခဲ့ခြင်းဖြစ်၍ ဤဗုဒ္ဓဝင် ကျမ်း၌လည်းထိုအကြောင်းကို မရေးသားခြင်းဖြစ်ပေသည်။'

ဓမ္မစကြာတရားဟောရန် မိဂဒါဝုန်တောသို့ ကြွတော်မူခြင်း

ထိုသို့ သဟမ္ပတိဗြဟ္မာကြီး ပြန်သွားပြီးသောအခါ မြတ်စွာဘုရားသည် 'ငါကား အဘယ်သူ အားရှေးဦးစွာ တရားဟောရပါမည်နည်း၊ အဘယ်သူသည် ငါဟောသောတရားကို လျှင်မြန်စွာသိပါမည်နည်း'ဟု ကြံစည် ဆင်ခြင်တော်မူသည်။ တဖန် ဆက်၍ 'ကာဠာမ၏ အမျိုးအနွယ်ဖြစ်သော ဤအာဠာရ ဂိုဏ်းဆရာကြီးသည် စတိပညာ ဘာဝနာပညာ ပါရိဟာရိကပညာတည်းဟူသော ပညာသုံးပါးနှင့် ပြည့်စုံသူဖြစ်ပေ၏၊ ရှည်လျားစွာ သော ကာလကပင် ဉာဏ်ပညာ မျက်စိဝယ် ကိလေသာ မြူမှုန်တင်းစင်လည် အဝ္ဒရာကွပုဂ္ဂိုလ်လည်းဖြစ်ပေ၏၊ ငါဘုရားသည် ကာဠာမ၏ အနွယ်ဖြစ်သော အာဠာရဂိုဏ်းဆရာကြီးအား ရှေးဦးစွာ တရားဟောရမူ ကောင်းလေစွ ထိုအာဠာရဂိုဏ်းဆရာကြီးသည် ငါဘုရားဟောကြားအပ်သော တရားကို လျှင်မြန်စွာ ထိုးထွင်းသိမြင်လိမ့်မည်'ဟူ၍ မြတ်စွာဘုရားအား အကြံအစည် ဖြစ်ပြန်လေသည်။

ထိုအခါ နတ်သားတယောက်သည် ကိုယ်ထင်မပြပဲ 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား ကာဠာမ၏ အနွယ်ဖြစ်သော အာဠာရဂိုဏ်းဆရာကြီးသည် သေလွန်၍ခုနစ်ရက်ရှိခဲ့ပြီဘုရား' ဟု မြတ်စွာဘုရား အားလျှောက် ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် နတ်သားလျှောက်ထားရုံဖြင့် မယုံကြည်သေးတဲ၊ သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ကြည့်ရှုလတ်သော် အာဠာရရသေ့သေလွန်ပြီး၍ အရူပ ဗြဟ္မာလေးဘုံအနက်၊ သုံးဆင့်မြောက် အာကိဉ္စညာရတနဘုံ၌ ဖြစ်နေသည်ကိုမြင်တော်မူသည်။ တစ်ဖန်ကြည့်ရှုပြန်သော် ဥဒကရသေ့ကြီးအား တရားဦးဟောရန် အကြံဖြစ်ပြန်တယ်၊ နတ်သားတစ်ယောက်က ယမန်နေ့ညဉ့်သန်းခေါင်အချိန်ကပင် ဥဒက ရသေ့ကြီး သေလွန်ခဲ့ပါပြီဘုရားဟု လျှောက်ထားရာ ယုံကြည်မှု ဆုံးဖြတ်ချက်မျှ ပြုတော်မမူဦးဘဲ ကိုယ်တော်တိုင် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူလတ်သော် နတ်သားလျှောက်ထားသည့်အတိုင်း လွန်ခဲ့သောညဉ့်

သန်းခေါင်ကာလ၌ ဥဒကဂိုဏ်းဆရာကြီးသည် စုတိပြတ်ကြွေသေလွန်ခဲ့ပြီးလျှင် အရူပဗြဟ္မာလောကတို့တွင် ကြီးမြတ် လေးဆင့်မြောက်သော (ဘဝဂ်ခေါ်သည့်)နေဝသညာနာသညာယတနဘုံ၌ ဖြစ်သည်ကို သဗ္ဗညုတ ဉာဏ်တော်ဖြင့် တောင်းစွာသိမြင်တော်မူလေသည်။

ထိုအခါ မြတ်စွာဘုရားအား ရာမ၏ သားဖြစ်သော ဥဒကဂိုဏ်းဆရာကြီးသည် ရသင့်ရထိုက်သော မဂ်နိုင်သို့ တစ်ခွဲကြီးမှုံလေစွာတကား အတယ်၌များ ဥဒကဂိုဏ်းဆရာကြီးသည် ငါဘုရား ဟောကြားအပ်သော ဤတရားတော်ကို ကြားနာရပါမူ လျှင်မြန်စွာသစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်လေရာ၏'ဟု အကြံတော်ဖြစ်ပြီးလျှင် တဖန်ဆက်၍' ငါတားအတယ်သူအား ရှေးဦးစွာ တရားဟောရပါမည်နည်း။ အဘယ်သူသည် ငါဟောသောတရားကို လျှင်မြန်စွာ သိပါမည်နည်း'ဟု အကြံတော် ဖြစ်ပြန်လေ၏။

ထိုအခါ မြတ်စွာဘုရားအား ပဥ္စဝဂ္ဂီရဟန်းငါးဦးတို့သည် ငါဘုရား၏ အပေါ်၌လွန်စွာ ကျေးဇူးများကြကုန်၏။ ထိုပဥ္စဝဂ္ဂီရဟန်းငါးဦးတို့သည် ဥရုဝေလ တောတုပ်အတွင်း၌ ဒုက္ကရစရိယာခြောက်နှစ်ကြာအောင်ကျင့်ကြံနေသော ငါဘုရားကို ဆည်းကပ်နီးပါး ခစားလုပ်ကျွေးဖူးကြကုန်၏၊ သို့ဖြစ်၍ ငါသည်ပဥ္စဝဂ္ဂီရဟန်းငါးဦးတို့အား ရှေးဦးစွာ တရားဟောရပါမူကောင်းလေစွ' ဟု အကြံတော်ဖြစ်ပြီးလျှင် တဖန်ဆက်၍ 'ယခုအခါ၌ ပဥ္စဝဂ္ဂီရဟန်းငါးဦးတို့သည် အဘယ်အရပ်များ၌နေကြကုန်သနည်း' ဟု အကြံတော် ဖြစ်ပြီးနောက် ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် ကြည့်ရှုတော်မူလတ်သော် ဗာရာဏသီပြည် အနီးကျွသိပတနအမည်ရှိသော 'မိဂဒါဝုန်' တောကြီး၌ ပဥ္စဝဂ္ဂီရဟန်းငါးဦး တို့နေထိုင်ကြသည်ကို မြင်တော်မူလေ၏။

ဤအရာ၌ ပဥ္စဝဂ္ဂီရဟန်းငါးဦး၊ ကိုယ်တော်မြတ်အပေါ်၌ ကျေးဇူးများပုံကို ထည့်သွင်းစဉ်းစားဆင်ခြင်တော်မူသည်ကား မြတ်စွာဘုရားသည် သူ့ကျေးဇူးကို အထူးအောက်မေ့သူဖြစ်၍ ဆင်ခြင်တော်မူလေသည် ကျေးဇူးမပြုဘူးသူအား တရားမဟောလို၍ ဆင်ခြင်သည်မဟုတ်။

မြတ်စွာဘုရားသည် 'ငါဘုရားသည် မိဂဒါဝုန်တောသို့ ကြွသွား၍ ဓမ္မစကြာတရားကို ဟောကြားမည်'ဟု ကြံစည်တော်မူပြီးလျှင် ဗောဓိမဏ္ဍိုင်ကုန်း၏ အနီးမှာပင် ဆွမ်းခံလှည့်လည်ကာ ဝါဆိုလဆန်း (၁၄)ရက် နေ့တိုင်အောင် နေတော်မူပြီးနောက် ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ နံနက်စောစောတွင် 'ဗာရာဏသီပြည်သို့ သွားတော့အံ့' ဟု သပိတ်သင်္ကန်းကို ပြင်ဆင်ယူဆောင်ကာ တဆယ့်ရှစ်ယူဇနာဝေးကွာသော ခရီးကို ခြေပြင်မှ ခြေလျှင်ကြွသွားတော်မူလေ၏။

မဟာဗောဓိနှင့်ဝယာ ဗုဒ္ဓဂယာတားသုံးဂါဝုတ်ဝေး၏၊ မဟာဗောဓိနှင့် ဗာရာဏသီပြည်မှာ တဆယ့်ယူဇနာဝေးကွာ၏၊ ရှေးရှေးမြတ်စွာဘုရားတို့သည် ဓမ္မစကြာတရားကို ဟောကြားရန် မိဂဒါဝုန်တောသို့ ကောင်းကင်ခရီးဖြင့် ပျံ၍ကြွကာ ကြွတော်မူကုန်၏၊ အကျွန်ုပ်တို့၏ မြတ်စွာဘုရားမှာ ဥပကတက္ကတွန်း၏ အနာဂါမ်ဖြစ်လတ္တံ့သော အကြောင်းရှေ့တောင်းမှုကို မြင်တော်မူသဖြင့် 'ယခုအခါ ဥပကသည်ဤခရီးသို့လာနေ၏၊ ထိုဥပကသည် ငါဘုရားကို ဖူးမြင်တွေ့နိုင်ကာနီးနေ၍ ပြောဆိုပြီးသွားလိမ့်မည် နောက်တချိန်တွင် သူ့အောင်ကို ငြီးငွေ့၍ ငါဘုရားထံမှောက်လာရောက် တရားနာပြီးလျှင် ယခုဘဝအနာဂါမ်အရိယာဖြစ်၍ ဒုတိယဘဝ၌ အဝိဟာဘုံသို့ တပ်ရောက်ကာ ရဟန္တာဖြစ် လိမ့်မည်' ဟုသိတော်မူပြီးလျှင် တဆယ့်ယူဇနာ ဝေးကွာသောခရီးကို

မြေပြင်မှ ခြေလျှင် ကြွသွားတော်မူလေသည်။

ဥပကတက္ကတွန်းနှင့် တွေ့တော်မူခြင်း

ထိုသို့ မြတ်စွာဘုရားသည် မဟာဗောဓိမှ တရုဏာသီပြည်သို့ မြေပြင်မှ ခြေလျှင်ကြွသွားတော်မူလတ်သော် မဟာဗောဓိနှင့် ဗုဒ္ဓဂယာ၏ အကြား၌ ခရီးသွားဆဲဖြစ်သော ဥပကတက္ကတွန်းသည် မြတ်စွာဘုရားရှင်ကို မြင်၍အနီးသို့ ချဉ်းကပ်ပြီးလျှင် 'ငါရှင် . . သင်၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်ဟူသော ဣန္ဒြေခြောက်ပါးတို့သည် ကြည်လင်လှတုန်၏၊ ကိုယ်ရေအဆင်းသည်လည်း သန့်ရှင်းပင်ကြယ်လျှက် ဖြိုးဖြိုးဖြက်ဖြက်ရှိပေ၏၊ ငါ့ရှင် . . သင်သည် အဘယ်ဆရာကို ရည်မှန်း၍ရဟန်းပြုခဲ့ပါသနည်း' ဟု မြတ်စွာဘုရားကို မေးမြန်းလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဥပကတက္ကတွန်းကို ဂါထာဖြင့် ဤသို့ ဖြေကြားတော်မူ၏။

(၁) သဗ္ဗာဘိဘူ သဗ္ဗဝိဒူ ဟမသ္မိ၊ သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော၊
သဗ္ဗဉ္ဇဟော တဏှက္ခယေ ဝိမုတ္တော၊ သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

ဥပက . . 'ငါဘုရားသည် ဘုံသုံးပါး၌ဖြစ်သော တရားအားလုံးကို လွှမ်းမိုး စိုးစုပ်တတ်သူဖြစ်၏၊ တရားအလုံးစုံကို အကုန်အစင် အကြွင်းမဲ့သိမြင်သူလည်းဖြစ်၏၊ ခပ်သိမ်းသော တေဘူမကတရားတို့၌ တပ်မက်ခြင်း၊ ငြိမ်မှားခြင်း၊ တွေဝေခြင်းအစရှိသည့် ကိလေသာတည်းဟူသော လိမ်းကျံခြင်းဖြင့်လည်း ကင်းစင်သူဖြစ်၏၊ ခပ်သိမ်းသော တေဘူမကတရားကို ပယ်ရှားစွန့်ပစ်သူလည်းဖြစ်၏၊ တဏှာ၏ ကုန်ရာနိဗ္ဗာန်၌ စိတ်ချွတ်ညွတ်ကျွတ်လွတ်သက်ဝင်၍ တည်သူလည်းဖြစ်၏၊ သို့ရကား တရားအလုံးစုံကို ဆရာမရှိမိမိအလိုလိုထိုးထွင်းသိမြင်သူဖြစ်သောကြောင့် အဘယ်မည်သော သူတယောက်ကို ဤသူကားငါ၏ ဆရာတည်း' ဟု ညွှန်ပြဖွယ်ရာ ရှိအံ့နည်း၊ မရှိသည်သာ။

(၂) န မေ အာစရိယော အတ္ထိ၊ သဒိသော မေ န ဝိဇ္ဇတိ၊
သဒေဝကသ္မိံ ၊ လောကသ္မိံ၊ နတ္ထိ မေ ပဋိပုဂ္ဂလော။

ဥပက . . ငါဘုရားအား ဆရာဟူ၍မရှိ၊ ငါ့ထက်မြတ်သူဆရာကို မဆိုထားဘိ ငါနှင့်တူသောသူသည်ပင်မရှိ၊ နတ်နှင့်တကွသော သတ္တလောက၌သီလအစရှိသော ဂုဏ်ကျေးဇူးတို့ဖြင့် ငါဘုရား၏ ကိုယ်စားပြုလောက်သူပင်မရှိ။

(၃) အဟံ ဟိ အရဟာ လောကေ၊ အဟံ သတ္ထာ အနုတ္တရော၊
ဧကောမှိ သမ္မာသမ္ဗုဒ္ဓေါ၊ သီတိဘူတောသ္မိ နိဗ္ဗုတော။

ဥပက . . . ငါသည် လောက၌ ပူဇော်အထူးကို ခံထိုက်သော အရဟံဂုဏ်ရှင်ဖြစ်ပေ၏၊ ငါသည် လောက၌အတုမရှိလွန်ကဲမြင့်မြတ်သော လူနတ်တို့၏ ဆရာလည်းဖြစ်ပေ၏၊ ငါသည် တရားအလုံးစုံကို မဖောက်မပြန် သယမ္ဘုဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်သည်ဖြစ်၍ ပြိုင်ဘက်မပြုတဆူတည်းသာ ဖြစ်၏၊ ကိလေသာမီးအေးငြိမ်းပြီးသူလည်းဖြစ်၏။

(၄) ဓမ္မစက္ကံ ပဝတ္တေတုံ၊ ဂစ္ဆာမိ ကာသိနံ ပုရံ၊
အန္ဓဘူတသ္မိံ လောကသ္မိံ၊ အာဟဉ္ဆံ အမတဒုန္ဒုဘိ။

ဥပကာ . . ငါဘုရားသည် မမွေကြောတရားကို ဟောကြားခြင်းငှာ ကာသိတိုင်း ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောသို့ သွားရောက်ပေအံ့၊ ပညာမျက်စိမှို မရှိစမ်းရန် သုကန်းသဖွယ်ဖြစ်သော နတ်လူအပေါင်း၌ တရားဒေသနာတည်းဟူသော အမြိုက်စည်ကြီးကို ရိုက်တီးဆော်ရွမ်းရန် ကာသိတိုင်း ဗာရာဏသီပြည်သို့ ငါသွားအံ့ဟုဆိုလိုသည်။

ထိုအခါ ဥပကတက္ကတွန်းသည် 'ငါ့ရှင် . . သင်ဝန်ခံသည့်အတိုင်းသာဆိုလျှင် သင်သည် အနန္တဇိနဂါ(?) ညာဏ်ရှင်မာနိုဝါးပါးကို အောင်မြင်ပြီးသူဖြစ်မှာဘဲ' ဟု၍မြတ်စွာဘုရားကို ပြောဆိုလေသည်၊ မြတ်စွာဘုရားကလည်း -

(၅) မာဒိသာ ဝေ ဇိနာ ဟောန္တိ၊ ယေ ပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာဓမ္မာ၊ တသ္မာဟ မုပက ဇိနော။

ဥပကာ . . ငါကဲ့သို့သဘောရှိကုန်သော မြတ်စွာဘုရားတို့သည် အာသဝေါတရားလေးပါးတို့၏ ကုန်ရာ အရဟတ္တ မဂ်ညာဏ်သို့ရောက်တော်မူကုန်လျက် ယုတ်မာဆိုးဝါးအကုသိုလ်တရားတို့ကို ပယ်ရှားအောင်မြင်တော်မူကြကာ ဇိနအမည်တော်ရှိကုန်၏။ ငါသည်လည်း ထိုဘုရားတို့နည်းတူ အာသဝက္ခယ အရဟတ္တမဂ်ညာဏ်သို့ ရောက်လျှက် ယုတ်မာဆိုးဝါး အကုသိုလ်တို့ကိုပယ်ရှားအောင်မြင်ပြီးသောကြောင့် ဇိနအမည်တော်ရှိ၏ ဟူ၍ဥပကာတက္ကတွန်းကို မိန့်တော်မူ၏။

ထိုအခါ ဥပကတက္ကတွန်းသည် 'ငါ့ရှင် . . သင်ပြောသည့်အတိုင်း ဟုတ်တန်ရာ၏' ဟု ပြောဆိုပြီးလျှက် ဦးခေါင်းကို ငြိမ့်ပြီးလျှင် လမ်းမရိုးကို ဖယ်လွဲ၍ ဝင်္ကဘာဇနပုဒ်သို့ သွားလေ၏။ ဤသို့ မြတ်စွာဘုရားနှင့် စကားနီးနှော အမေးအဖြေ အပြန်အလှန်ပြောလိုက်ရခြင်းသည်ပင် ဥပကာ၏ ဖို့ရာ နောက်ခါ၌ ရဟန်းပြုဖို့ရန် အားကိုးရန်အကြောင်းတစ်ခုဖြစ်လေ၏။ မှန်၏၊ ဥပကသည် အဓိကာရ အထိကရ ကောင်းမှုကုသိုလ်ထူး ရှိသောသူပေတည်း၊ ထို့ကြောင့်ပင် မြတ်စွာဘုရားသည် ထိုဥပကနှင့် တွေ့ဆုံရန် ခြေလျှင် ကြွတော်မူခဲ့ခြင်း ဖြစ်သည်။ ဤ၌မွေစကြာတရားမဟောမီမြတ်စွာဘုရားဟောကြားအပ်သည့် တရားစကားကို ကြားနာရသူတို့မှာ မဂ်ဖိုလ်မရ တရားအထုံဝါသနာပါရုံမျှ အကျိုးခံစားရမြဲမှုဟာဖြစ်သောကြောင့် ဥပကသည် ဤမျှနက်နဲသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့် စပ်သည့် တရားစကားကို ကြားနာရပါသော်လည်း မဂ်ဖိုလ်ကို မရဘဲ နောက်အခါ ရဟန်းပြုရန် အထုံဝါသနာပါရုံမျှ အကျိုးခံစားရလေသည်။

## ဥပကဝတ္ထုအကျဉ်းချုပ်

ဥပကတက္ကတွန်းသည် ဝင်္ကဘာဇနပုဒ်၌ မုဆိုးရွာငယ်တစ်ခုကို အမှီပြု၍ ထိုမုဆိုးရွာငယ်တွင်အကြီးအကဲ ဖြစ်သောမုဆိုး၏ ကိုးကွယ်လုပ်ကျွေးခြင်းကိုခံလျှက် ကျောင်းငယ်တစ်ခုဖြင့် နေလေ၏။ ထိုဇနပုဒ်၌ မှိုခြင်၊ ယင်ဘေးထူပြောလှသောကြောင့် ဥပကတက္ကတွန်းကို အိုးစရည်းကြီးတလုံး၌ နေစေကြကုန်၏။

မုဆိုးသည် ဝေးစွာသော သမင်တောသို့ သွားလိုသည်ဖြစ်၍ 'သမီး . . ငါတို့၏ဆရာ ရဟန္တာတစ်ရှင်မြတ်အား လျှောက်ပတ်ကောင်းမွန်စွာ ပြုစုလုပ်ကျွေးရစ်လော့၊ မမေ့မလျော့နှင့်' ဟု သမီးစာပါ ဆာဝါ

ဘုရွန် - ၆၁၀၊၂၄၈။ ၈-၆၁၊ ၂၉၄ ကိုမှာထားခဲ့၍ သားများညီများနှင့်တကွ တောအရပ်သို့ သွားလေ၏။

မုဆိုးကြီး၏ သမီးဆာဝါသည်ကား ကြည့်ရှုချင်ဖွယ် တင့်တယ်လှပေ၏။ မိန်းမတို့၏ ပြည့်စုံဖွယ်ရာ ကိုယ်အင်္ဂါအစိတ်အပိုင်း အဖုအစုနှင့် ပြည့်စုံ၏။ ဖခင်မုဆိုးကြီးခရီးထွက်၍ နောက်တနေ့၌ ဥပကတက္ကတွန်းသည် မုဆိုးကြီးအိမ်သို့ လာလတ်သော် ကွမ်းပြင်ဆင်မှုစသည်ကို ပြု၍ ကျွေးမွေးရန် အနီးသို့ ကပ်လာသော ထိုမုဆိုးသမီး ဆာဝါမြင်၍ရာဂဖြင့် နှိပ်စက်အပ်ရကား ဆွမ်းကိုပင်မစားနိုင်ဘဲ ခွက်ဖြင့် ဆွမ်းကိုယူ၍မိမိနေရာသို့ သွားပြီးလျှင် ဆွမ်းခွက်ကို သင့်လျော်ရာ၌ ချထား၍'ဆာဝါကိုရမှ ငါအသက်ရှင်တော့မည်၊ မရလျှင် ငါသေတော့မည်'ဟု အောက်မေ့ကာ အစာမစားပဲ လျောင်းလဲအိပ်စက်၍ နေလေ၏။

ခုနစ်ရက်မြောက်နေ့၌ မုဆိုးကြီးသည် အိမ်သို့ ပြန်လာပြီးသမီးဆာဝါကို ဆရာဥပကာ၏ အကြောင်း ခြင်းရာကို မေးမြန်းလတ်သည်တွင် ဆာဝါက 'ဖခင် ဖခင်၏ ဆရာဥပကာသည် တနေ့သော်ဖအိမ်သို့လာ၍ နောက်ထပ်မလာတော့ပါ' ဟုပြောဆိုလေသော် ဖခင်မုဆိုးကြီးသည် အဝတ်အစားလဲလှယ်မှုမပြုနိုင်ဘဲ တောမှလာခဲ့သော အသွင်ဖြင့်ပင် 'ဆရာဥပကာကို ချဉ်းကပ်၍ အကြောင်းအရာကို မေးအံ့' ဟု၍ကြကာ ထိုစဏ မှာပင် ဆရာဥပကာ၏ နေရာသို့ သွားရောက်၍ 'ဘယ်လိုမကျန်းမာခြင်းမျိုးလည်းဘုရား' ဟုခြေတို့ကို စမ်းသပ်ဆုပ်နယ်ကာ မေးမြန်းလေ၏။ ဥပကတက္ကတွန်းသည် အဖြေစကားမပြောကြားသေးပဲ၊ ညည်းတွား၍သာ ဘယ်စောင်းညာ ပြန်လူးလဲ၍ နေလေ၏။ မုဆိုးကြီးက'ပြောသာပြောပါ အရှင်ဘုရား၊ အကျွန်ုပ်ပြုလုပ်နိုင်သော အရာခပ်သိမ်းကို ပြုလုပ်ပေးပါမည်' ဟူ၍ ဆိုလေသော် ဥပကတက္ကတွန်းသည် 'ဆာဝါကိုရမှ ငါ့အသက်ရှင်မည်၊ မရလျှင် ဤနေရာ၌ သေခြင်းကသာ မြတ်၏' ဟုဆိုလေ၏။

မုဆိုးကြီးက 'အရှင်ဘုရား. . တစုံတခုသော အတတ်ပညာကိုတတ်သိပါသလား'ဟုမေး လတ်သော် ဥပကတက္ကတွန်းသည်'မတတ်သိပါ'ဟူ၍ ပြောဆိုဖြေကြားလေသည်။ တဖန်မုဆိုးကြီးက 'အရှင်ဘုရား. . တစုံတခုသော အတတ်ပညာကိုမျှ မတတ်သိသောသူသည် အိမ်ထောင်မှုကို စီမံခန့်ခွဲနိုင်မည်မဟုတ်ပါ'ဟု ပြောဆိုလေသော် ဥပကတက္ကတွန်းက 'ငါသည်တစုံတခုသော အတတ်ပညာကိုမတတ်သိပါ၊ စင်စစ်သော်ကား ငါသည် သင်တို့၏ ရရှိသော အသားများကို ထမ်းပိုးဆောင်ယူပါမည်၊ အသားများကိုလည်း ရောင်းချ ပေးပါမည်'ဟု ပြောဆိုလေ၏။

မုဆိုးကြီးသည်'ငါတို့အားလည်း ဤသို့ အသားများကို ထမ်းယူ၍ရောင်းချခြင်းကိုသာ နှစ်သက် အပ်ပါ၏' ဟုပြောဆိုကာဆောင်၍သမီးတညာဆာဝါကို ဥပကအား ထိမ်းမြားပေးစားလေ၏။

ထိုဥပကနှင့် ဆာဝါနီးမောင်နှံတို့ ဆက်ဆံပေါင်းသင်းမှုကို အစွဲပြု၍ ဖွားမြင်ဖြစ်ပေါ်လာသော သားကို သုဘဒ္ဒဟုအမည်မှည့်ကြလေ၏။ ဆာဝါသည် သားကလေးငိုကြွေးသောအခါ၌ "အမဲသားထမ်း၊ တက္ကတွန်း၊ ရဟန်းလူထွက်သား၊ မုဆိုးနောက်လိုက်၊ ငါ့ကိုကြိုက်၊ အမိုက်လူထွက်သား၊ မိခင်ချော့သိပ်၊ အငိုတိတ် မောင် အိပ်ပါတော့သား၊ မြက်ချိုးလိမ်စိန်ပုစက်တယ်နှင့်၊ စက်ပါတော့သားရွှေစင်၊ မျှော်ကြောင်းဝယ်မာယာနှင့်၊ ဖွဲ့ဆိုကာ' အမေလွဲမယ်ပ၊ ရွှေဝဲအငိုတိတ်၊ မင်းအိပ်စေချင်၊ မောင့်ဖခင်လူတွင်နောက်ဆုံး၊ သည့်နှယ်ကိုရှောင်ခွာလို့၊ နောက်နောင်ခါလွှတ်ဆောင်ရှားပါတော့၊ မွေးမယ်တော်ခုမှာထားလိုက်မယ်၊ သားလှရွှေတုံး"ဟု ဤသို့

သေည်မြည်တွန်တောက်တီးပြောဆိုတာ သားချော့သီချင်းဖြင့် ဥပကတို ထိပါးစောင်းမြောင်းတာ ဖြက်ရယ်ပြောင် လှောင်မှုပြုလေ၏။

ထိုအခါ ဥပက က'ရှင်မ. . သင်က ငါ့ကို တိုးတွယ်ရာမဲ့သူဟု၍မှတ်ထင်သလော၊ ငါ့မှာ အနန္တဇိန အမည်ရှိသော မိတ်ဆွေကောင်းကြီးရှိလေသည်၊ ငါသည် ထိုအနန္တဇိန မိတ်ဆွေဟောင်းထံသို့ သွားလိမ့်မည်'ဟု ပြောဆိုလတ်သော်ဆာဝါသည်'ဤသို့ စောင်းချိတ်ထိပါးပြောကြားလျှင် ဥပကသည် နာကျည်းကျဉ်နာမခံသာရှိ၏' ဟုသိပြီးလျှင် ထိုသားချော့သီချင်းကို အဖန်ဖန်သီဆိုလေ၏။ ဥပကသည် တနေ့သ၌ တပါးသူအား အသိမပေး မပြောကြားတော့ပဲ မရှိမနေသသို့ ထွက်ခွာခဲ့လေ၏။

မြတ်စွာဘုရားသည်လည်း ထိုအချိန်အခါမှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူ၍ မြစ်သည်ရှိသော် ထိုသူအားငါဘုရားကို မြကြကုန်လော့ဟု၍ ရဟန်းတို့ကို စောစောဝင် ကြိုတင် မှာကြားထားတော်မူနှင့်၏။ ဥပကသည်လည်း အနန္တဇိနသည် အဘယ်အရပ်၌နေသနည်း'ဟု လမ်းတလျှောက် တွေ့မြင်သူများကို မေးမြန်းလျှောက်လာခဲ့ရာ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းတိုက် အလယ်၌ရပ်ပြီးလျှင် 'အရှင်တို့. . အနန္တဇိနသည် အဘယ်၌ နေပါသနည်း' ဟု ရဟန်းတို့ကို မေးမြန်း လျှောက်ထားလေ၏။ ထိုဥပကကို ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ခေါ်ဆောင်သွားကြကုန်၏။ ဥပကသည် မြတ်စွာဘုရားကို မြင်လျှင်ပင် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . အရှင့်ဘုရားတို့ တပည့်တော်ကို မှတ်မိသိရှိကြပါကုန်သေး၏လောဟု မေးမြန်းလျှောက်ထား၏။ မြတ်စွာဘုရားက ဥပက. . အိမ်း ငါဘုရားသည် သင့်ကိုမှတ်မိသိရှိ၏၊ သင်သည် ယခုအခါ အဘယ်အရပ်၌နေသနည်း' ဟု မေးတော်မူလတ်သော် ဥပကသည် 'ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား. . အကျွန်ုပ်သည် ဝင်္ကဟာရဇနပုဒ်၌နေပါ၏' ဟု လျှောက်ထား လေ၏၊ ထိုအခါ မြတ်စွာဘုရားက 'ဥပက. . သင်သည် အသက်အရွယ်ကြီး ရင့်သူဖြစ်ခဲ့လေပြီ သင်သည်ရဟန်း ရဟန်းပြုလုပ်နေနိုင်ပါမည်လော' ဟု မေးမြန်းတော်မူလတ်သော် ဥပကသည် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . တပည့်တော်ရဟန်းပြုပါမည်ဘုရား'ဟု မလျှောက်ထားလေ၏၊ ထိုအခါမြတ်စွာဘုရားသည် ရှင်ရဟန်းပြုစေပြီးလျှင် ဥပကအားသင့်လျော်သော ကမ္မဋ္ဌာန်းအလုပ် ကြိုးစားအားထုတ်လျှက် အနာဂါမိဖိုလ်၌ တည်ပြီးလျှင် ထိုဘဝမှ စုတေပြီးလျှင် သုဒ္ဓါဝါသဗြဟ္မာဘုံငါးဘုံတို့တွင် အောက်ဆုံး ဝဠမ အဝိဟာဘုံ၌ ဖြစ်လေ၏၊ ထိုအဝိဟာဘုံ၌ ဖြစ်ပြီးလျှင် မကြာမီပင် အရဟတ္တဖိုလ်းသို့ရောက်လေ၏။

## ဆာဝါအကြောင်းအကျဉ်းချုပ်

ဥပကလုထွက်စွန့်ခွာသွားလတ်သည်ရှိသော် ဆာဝါသည် လု့တောင်၌ငြီးငွေ့၍ သုဘဒ္ဒသားငယ်ကို အမိုးအား အပ်နှံခဲ့ပြီးလျှင် ဥပကသွားသော လမ်းခရီးအတိုင်းသွား၍ သာဝတ္ထိပြည်သို့ရောက်သောအခါ ထိကျုန်မတို့ထံ၌ ရဟန်းမိန်းမပြု၍ ဝိပဿနာတရားပွားများ ကြိုးစား အားထုတ်လေရာ လေးပါးသောမဂ် အစဉ်ဖြင့် အရဟတ္တဖိုလ်၌ တည်၍အသေဝါကုန်ခန်းကာ ရဟန္တာမဖြစ်ပြီးလျှင် ဆာဝါထေရီဟု၍ အမည်တွင် လေ၏။

## မြတ်စွာဘုရားမိဂဒါဝုန်တောသို့ရောက်တော်မူခြင်း

ထိုအခါ မြတ်စွာဘုရား အစဉ်သဖြင့် ခရီးဒေသစာရီကြွ ချီတော်မူလတ်သော မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့် နေ့ညနေချမ်း အချိန်၌ ဗာရာဏသီပြည်ဣသိပတနမိဂဒါဝုန်တော ပဉ္စဝဂ္ဂီတို့အထံသို့ ဆိုက်ရောက်တော်မူ၏၊ ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် မြတ်စွာဘုရားကြွတော်မူသည်ကို အဝေးမှပင်မြင်ကြ၍ -

ငါ့ရှင်တို့ . . . ဤရဟန်းကြီး ဂေါတမသည် လာနေပြီ၊ ထိုရဟန်းကြီးဂေါတမသည် ကမ္မဋ္ဌာန်း အလုပ်မှလျှော့ကြသူ ကမ္မဋ္ဌာန်းလုံ့လထွက်ကြီး ဖြစ်၏၊ ပစ္စည်းလေးပါးပေါများရန် ကျင့်ကြံသူဖြစ်၏၊ ပစ္စည်းလေးပါး ပေါများရန်အတက်သို့လည်း ဆောင်သွားသူဖြစ်သည်၊ ထိုရဟန်းကြီးဂေါတမကို ရှိမခိုးကြစတမ်း။ သို့သော် ထိုရဟန်းကြီး ဂေါတမထိုင်လိုလျှင် ထိုင်ရအောင် နေရာကိုမူကားခင်းထားကြမည်' - ဟု အချင်းချင်း ကတိကဝတ် ထားကြကုန်၏၊ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့၏ စိတ်ဖြစ်ပုံကို သိတော်မူ၍ ထိုပဉ္စဝဂ္ဂီရဟန်းငါးဦး တို့ကိုအထူးရည်ညွှန်းကာဖြန့်သောမေတ္တာ တရားပွားများတော်မူလေ၏၊ ထိုပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် မြတ်စွာဘုရားကိုယ်တော်မြတ် မိမိတို့၏ အနီးသို့ နီးကပ်နီးကပ်၍လာလျှင် ဗုဒ္ဓတေဇော်အာနုဘော် မေတ္တာတေဇော် အာနုဘော်တို့ဖြင့် တွေ့ထိအပ်ကြရကား မူလထားခဲ့ရင်း ကတိကဝတ်၌ မတည်နိုင်ကြဘဲ ငါးဦးလုံးပင် မြတ်စွာဘုရားကို ခရီးဦးကြိုဆိုကြ၍တဦးက မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို လှမ်းယူခဲ့လေ၏၊ အခြားတဦးက ခြေဆေးရေကို၊ အခြားတဦးက ခြေဆေးအင်းပျဉ်ကို အခြားတဦးက ခြေပွတ်တိုးခြမ်းကို အသီးသီးချထားလေ၏၊

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီတို့ခင်းထားအပ်သော နေရာ၌ထိုင်တော်မူပြီးလျှင် ခြေတော်တို့ကို ဆေးကြောတော်မူလေသည်၊ ဤသို့ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် ကတိကဝတ်ပျက်ပြားကြကာ မြတ်စွာ ဘုရားအား တာယက်တနေဖြင့် ရှိသေကျိုးနွံမှုပြုကြသော်လည်း စကားပြောဆိုသောအခါ မြတ်စွာဘုရားကို 'ဂေါတမဟူသော အမည်ဖြင့်၎င်း၊ အာဝုသော - ငါ့ရှင်ဟူ၍ကိုယ်ရည်တူထားကာ ပြောကြားကြခြင်းဖြင့် ၎င်းပြောဆိုကြလေသည်၊

ငါ့ရှင် ဂေါတမ . . . ငါတို့သည် ဥရုဝေလ တောအုပ်အတွင်း သင်ကမ္မဋ္ဌာန်းအလုပ်အားထုတ်စဉ် အခါ၌သင်၏ သပိတ်သင်္ကန်းများကို ယူဆောင်သည်ပိုးကာ လှည့်လည်ခဲ့ကြပါကုန်၏၊ သင်နေသော သစ်မြစ်ကျောင်း၊ ပရဝုဏ် ကိုလည်း တံမြက်လှည်းခဲ့ကြပါကုန်၏၊ ငါတို့ ငါးဦး ဖဲခွာထားပြီးနောက် အဘယ်သူသည် သင်၏ဝတ်ကြီးဝတ်ငယ်ကို ပြုစုပါသနည်း၊ ငါတို့ဖဲခွာသွားကြသောအခါ သင်သည် ထွေရာလေးပါးအကြံ့အများပဲရှိပါ၏လား၊ 'ဤသို့ အစရှိသဖြင့် မြတ်စွာဘုရားကို 'ဂေါတမ' ဟူသောအမည်ဖြင့်၎င်း အာဝုသော - ငါ့ရှင်' ဟူ၍ကိုယ်ရည်တူထားကာ ပြောကြားခြင်းဖြင့်၎င်း ပဋိသန္ထာရ စကားပြောကြားကြလေ၏၊

ထိုအခါ မြတ်စွာဘုရားသခင်က ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့ . . သင်တို့သည် ငါဘုရားကို 'ဂေါတမ' ဟူသော အမည်ဖြင့်၎င်း၊ 'အာဝုသော - ငါ့ရှင်' ဟူ၍ ကိုယ်ရည်တူထားပြောကြားခြင်းမျိုးဖြင့်၎င်း မပြောဆိုကြ ကုန်လင့် ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့ ငါသည်ကား သစ္စာမဉယျမဖွတ်ပုံ အလုံးစုံကို အကုန်မကျန် အမှန်ထိုးထွင်း၊ လင်းလင်းသိမြင် သည်ဖြစ်၍ ပူဇော်အထူးကို ခံထိုက်သော ဘုရားစင်စစ်ဖြစ်လတ်ပြီး ရဟန်းတို့ . . သင်တို့သည် နားကိုနိုက်ထောင်ကြကုန်လော့၊ ငါဘုရားသည် အမြိုက်နိဗ္ဗာန် တရားကို ရရှိပေါက်ရောက်ခဲ့လေပြီ၊ ငါဘုရားသည် သင်တို့ကို ဆုံးမသင်ကြားပေးမည်၊ ငါဘုရားသည် သင်တို့အားတရားဟောပေမည်၊ ငါဘုရားဆုံးမအပ်

သည့်အတိုင်းသင်ချစ်သားတို့ လိုက်နာကျင့်သုံးကြလျှင် အိမ်ရာတည်ထောင်လူ့ဘောင်ကို စွန့်ခွာ၍ သာသနာဝန်ထမ်းရဟန်းအဖြစ်သို့ ကပ်ရောက်ကြသည်၊ဇာတိကုလပုတ္တအမျိုးဇာတ်အားဖြင့် ဖြစ်သော အမျိုးကောင်းသား၊ အာစာရကုလပုတ္တ - ဇာတ်ပင်နိမ့်စေကာမူ ကိုယ်ကျင့်ကောင်းသဖြင့် ကုလပုတ္တအမည်ရသော အမျိုးကောင်းသား ဤအမျိုးကောင်းသားနှစ်မျိုးတို့ မျှော်ကိုးတောင့်တအပ်သည့် အရဟတ္တဖိုလ်ချမ်းသာကို မျက်မှောက်ဘဝမှာပင် မကြာမြင့်မီ ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေပြီးလျှင် နေကြရပေလိမ့်မည်၊' ဟု မိန့်ဆိုတော်မူလတ်သော် ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် မယုံကြည်နိုင်ကြပဲ 'ငါ့ရှင်ဂေါတမ သင်သည်ဒုက္ကရစရိယာ ခြောက်နှစ်ကြာကျင့်စဉ် လူသာမန်တို့ကျင့်နိုင်ခဲသော အပါနကဈာန်ကို ကျင့်ကြံဝင်စားခြင်းသည်ဖြင့် သော်မှလည်း အရိယာအဖြစ်ကို ပြုစွမ်းနိုင်သည့် အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်ကို မရပါဘဲလျှက် ယခုအခါသင်သည် ပစ္စည်းလေးပါး ပေါများဖို့ရန် ကျင့်ကြံသောသူဖြစ်ခါမှ ပဓာနအလုပ်မှ လျှော့ကျစေပြီးသူ ကာမဂုဏ်လူထွက်ပြီး ဖြစ်ခါမှ ပစ္စည်းလေးပါး ပေါများရန်အတက်သို့ သယ်ဆောင်သွားသူဖြစ်ခါမှ လူတို့၏ သာမာန်ကုသိုလ်ကမ္မပထ တရား ဆယ်ပါးထက်လွန်မြတ်သော အရိယာအဖြစ်ကို ပြုနိုင်စွမ်းသည့် အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတ ဉာဏ်ကို အဘယ်မှာလျှင် ရောက်နိုင်ပါမည်နည်း' ဟူ၍ မိုးသားစွာပင် ပြန်ကြားပြောဆိုကြလေ၏၊

ထိုသို့ ပြောဆိုကြသည်ရှိသော် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းငါးဦး တို့ကို 'ရဟန်းတို့ . . ငါဘုရားသည် ပစ္စည်းလေးပါး ပေါများဖို့ရန်ကျင့်ကြံသောသူမဟုတ်ပေ၊ ပဓါနအလုပ်မှ လျှော့ကြပြီးသူ ကာမဂုဏ် လူထွက်ကြီးသည်လည်း မဟုတ်ပေ၊ ပစ္စည်းလေးပါးပေါများရန်အတက်သို့သယ်ဆောင်သွားသူ လည်းမဟုတ်ပေ၊ ရဟန်းတို့ ငါသည် သစ္စာဥေယျဓမ္မ အပုံအလုံးစုံကို အကုန်မကျန် အမှန်ထိုးထွင်း လင်းလင်းသိမြင်သည် ဖြစ်၍ ပူဇော်အထူးကို ခံထိုက်သော ဘုရားစင်စစ် ဖြစ်လတ်ပြီ၊ ရဟန်းတို့ . . သင်တို့သည် နားကိုစိုက်ထောင်ကြ ကုန်လော့၊ ငါဘုရားသည် သင်တို့အား တရားဟောပေအံ့၊ ငါဘုရားဆုံးမအပ်သည့်အတိုင်းသင်ချစ်သားတို့ လိုက်နာကျင့်သုံးကြလျှင် အိမ်ရာတည်ထောင်လူ့ဘောင်ကို စွန့်ခွာ၍ သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ကပ်ရောက် ကြသည့် ဇာတိကုလပုတ္တ အာစာရကုလပုတ္တ အမျိုးကောင်းသားနှစ်မျိုးတို့ မျှော်ကိုးတောင့်တအပ်သည့် အရဟတ္တဖိုလ်ချမ်းသာကို မျက်မှောက်ဘဝမှာပင်မကြာမြင့်မီ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေခဲ့ပြီးလျှင် နေကြရပေလိမ့်မည်' ဟူ၍ မိန့်ဆိုတော်မူလတ်သော် ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် မယုံကြည်နိုင်ကြသေးပဲ နှစ်ကြိမ်မြောက်လည်း ရှေးနည်းအတူပင် ပြောဆိုကြပြန်ကုန်၏၊

ဒုတိယအကြိမ်မြောက် မြတ်စွာဘုရားက ရှေးနည်းတူ ပစ္စည်းလေးပါးပေါများဖို့ရန် ကျင့်ကြံသောသူမဟုတ်ကြောင်းသည်ကို မိန့်ဆိုသော်လည်း ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် မယုံကြည်မြဲ မယုံကြည်နိုင်ကြသေးပဲ သုံးကြိမ်မြောက်ရှေးနည်းတူပင် ပြောဆိုကြပြန်ကုန်၏၊

ထိုအခါ မြတ်စွာဘုရားသည် မူတမျိုးပြောင်းလွှဲကာ 'ရဟန်းတို့ သင်တို့ကို ငါဘုရားသည် ရှေးအခါ ဥရုဝေလတောအုပ်ဝယ် ပဓာနအလုပ်ကို အားထုတ်နေစဉ် ကာလက သင်တို့အား မဖျင်းမရိအောင် သင်တို့ထံ ငါလာ၍ 'ငါ့ရှင်တို့ အရပ်တပါးဖဲ့သွားကုန်တဲ့ ဟူ၍ပြောရာလေးဝါ၊ အကြံမများကြလင့်၊ ငါ့အားအရောင်တွေအလင်းတွေကမ္မဋ္ဌာန်းနမိတ်တွေထင်လာပြီ ဟူ၍များ သင်တို့အထင်ကြီးအောင် ငါဘုရား ပြောဆိုခဲ့ဘူးသည်ကို

သင်တို့ စဉ်းစားမိကြပါသလား။' ဟူ၍ မိန့်ဆိုတော်မူလတ်သော် ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည်လည်း 'အကယ်၍ မှား၍ ရဟန်းဂေါတမသည် ပဓာနအလုပ်ကို အားထုတ်စဉ်အခါက ရဟန္တာဖြစ်ပြီဟုပြောဆိုလျှင် ငါတို့ယုံကြည်ကြမည်ဖြစ်၏၊ သို့သော်လည်း ဤရဟန်းဂေါတမသည် ထိုစဉ်ကထိုကဲ့သို့ လှည့်ဖြား၍မပြောကြားခဲ့ချေ၊ ယခုမူကား အကယ်စင်စစ်ရှိသော ဂုဏ်ကိုသာလျှင် ပြောဆိုခြင်းဖြစ်သည်ဟု စဉ်းစားဆင်ခြင်မိကြပြီးလျှင် ထိုစကားတခွန်းတည်းဖြင့်ပင်သတိရကြပြီး မြတ်စွာဘုရားအပေါ်၌ ရိုသေခြင်း ဂါရဝတရားကို ဖြစ်ပွားစေ၍ 'အမှန်ပင် ဤရဟန်းကြီး ဂေါတမသည် ဘုရားဖြစ်လာပြီ' ဟု မရိတ်မသုန် ယုံကြည်ကြပြီးလျှင် 'နောဟေတံဘန္တေ • မြတ်စွာဘုရား ရှေးအခါ ပဓာနအလုပ်ကို အားထုတ်နေစဉ် ကာလက ရှင်တော်ဘုရား ဤစကားမျိုး မိန့်ကြားပြောဆိုဘူးသည်ကို အကျွန်ုပ်တို့ စဉ်းစား၍ မရပါ၊ မပြောဆိုဘူးပါ ဟူ၍ ပြန်ကြားလျှောက်ထားဝန်ခံကြလေသည်။

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့ကို ကိုယ်တော်မြတ်ဘုရားဖြစ်ကြောင်း ကောင်းစွာသိစေနိုင်လေပြီ၊ ထိုအခါပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် မြတ်စွာဘုရားစကားတော်ကို ရိုသေစွာနာယူကြပြီး၊ နားကို စိုက်၍ထောင်ကြကုန်ပြီ အရဟတ္တဖိုလ်သို့ ရောက်ရှိရန် မိမိတို့စိတ်ကို ရှေးရှုဆောင်ကြလေကုန်ပြီ၊ ထိုအခါ မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ ဘုရားစင်စစ်ဖြစ်ကြောင်းကို ပဉ္စဝဂ္ဂီရဟန်းတို့ကို ကောင်းစွာသိစေ၍ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့်နေ့နေ့ ညနေချမ်း နေမင်းကလည်း မိမိအရောင်အလင်းဖြင့် ပကတိအမှောင်ထုကို ပယ်ရှင်းလွင့်ဖြောက် ထွန်းလင်းတောက်ပလျှက် အနောက် အရပ်၌ ဝင်လုဆဲဆဲ လမင်းကလည်း ဥတ္တရာသဠ်နက္ခတ်နှင့်ယှဉ်ကာ မိမိ၏ အရောင်အလင်းဖြင့် ပကတိအမှောင်ထုကို ပယ်ရှင်းလွင့်ဖျောက် ထွန်းလင်းတောက်ပလျှက် အရှေ့လောကဓာတ်မှ ထွက်လာဆဲ အချိန်တွင် ဓမ္မစက္ကပဝတ္တနသုတ္တန်ကို အစအဆုံး ဟောကြားတော်မူလေ၏၊ ဤ 'ဒွေမေ ဘိက္ခဝေ အန္တာ' ဟူသော ပုဒ်ကို ရွတ်ဆိုလိုက်သည်နှင့် တပြိုင်နက် ထွက်ပေါ်လာသောအသံတော်သည် အထက်ဘဝဂ်အောက်အဝီစိသို့ နိုက်လျှက်လောကဓာတ်စကြဝဠာတိုက်ပေါင်း တသောင်းလုံးပြန့်နှံ့၍တည်လေသည်၊ ထိုအခါမှာပင် ကုသိုလ်မူလက ရင့်ကျက်ပြီး ဖြစ်ကြ၍ သစ္စာလေးပါး တရားသိဖို့ရန်အဓိကာရ ကုသိုလ်ထူးမြှုခဲ့ဘူးကြသော ဗြဟ္မာပေါင်းတဆယ့်ရှစ်ကုဋေတို့သည် တညီတညွတ်တည်း စည်းဝေးနှင့်ပြီးဖြစ်ကုန်၏။

ထိုသို့ မြတ်စွာဘုရားသခင် ဓမ္မစကြာတရားဟောတော်မူသောအခါ၌လည်း ပဋိသန္ဓေနေတော်မူသောအခါ ဖွားမြင်တော်မူသောအခါ ဘုရားဖြစ်တော်မူသောအခါ များမှာကဲ့သို့ပင် တုံ့ဖွယ်သရဲ ထူးထဲသည့်သုံးဆယ့်နှစ်ပါးသော နိမိတ်ကြီးများ ထင်လာကြကုန်၏။

ထိုသို့ အရှင်ကောဏ္ဍည သောတာပတ္တိဖိုလ်၌ တည်သောအခါ မြတ်စွာဘုရားသည် 'အညာသိဝတဘောကောဏ္ဍညော၊ အညာသိဝတဘောကောဏ္ဍညော - တို၊ . . ကောဏ္ဍညသည် သစ္စာလေးပါးတရားကိုထိုးထွင်းသိမြင်လေပြီတကား၊ တို့ . . ကောဏ္ဍညသည် သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်လေပြီတကား' ဟု ဝမ်းမြောက်ရွှင်လန်းဥဒါန်းစကားကို တသောင်းတိုက်သားနတ်လူတို့ ကြားသိလောက်အောင် မြွက်ဆိုကျူးရင့်တော်မူလေ၏၊ ဤသို့ မြတ်စွာဘုရား၏ 'အညာသိဝတ' စသည်ဖြင့်ဥဒါန်းစကားမိန့်ကြားကျူးရင့် တော်မူသော

ကြောင့်ပင် အရှင်ကောဏ္ဍညမထေရ်၏ အမည်သည် 'အညာသိကောဏ္ဍညမထေရ်'ဟူ၍ ထင်ရှားအမည်တွင်လေသည်။

ထိုသို့သောတာပန်ဖြစ်ပြီးသောအခါ အရှင်အညာသိကောဏ္ဍညမထေရ်သည် 'ဘုန်းတော်ကြီးမြတ်သောမြတ်စွာဘုရား . . အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်သာမဏေအဖြစ်ကို ရရပါစေဘုရား၊ ရဟန်းအဖြစ်ကို ရရပါစေဘုရား'ဟူ၍ မြတ်စွာဘုရားကို ရှင်ရဟန်းအဖြစ်ကို တောင်းပန်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် သင်္ကန်းတော်အတွင်းမှ လက်ျာရွှေလက်တော်ကို ထုတ်ဖော်ဆန့်တန်းလျှက် ဗြဟ္မာမင်း၏ အသံတဲ့သို့အသံတော်ဖြင့် '(၁) ဧဟိဘိက္ခု၊ (၂) သွာက္ခာတောဓမ္မော၊ (၃) စရဗြဟ္မာစရိယံသမ္မာဒုက္ခဿ အန္တကိရိယာယ • (၁) ရဟန်းလာလော့သင်ချစ်သား၊ တောင်းခံအပ်သော ရှင်ရဟန်းအဖြစ်ကို ခံယူလော့ (၂) တရားတော်ကို ငါဘုရားကောင်းစွာဟောကြားအပ်ပြီ (၃) သင်သည် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှာ အထက်မဂ်သုံးပါးတည်းဟူသော မြတ်သော အကျင့်ကို ကျင့်ကြံကျိုးကုတ်ရစေလော့ အားထုတ်လော့' ဟု မိန့်ကြားတော်မူလေ၏။ ထိုသို့မြတ်စွာဘုရား မိန့်ဖော်ကြားသည့် ဂါထာဝါကျ သုံးခွန်းတို့တွင် (၁) အမှတ်ပါပဌမဝါကျပြီးဆုံးလျှင် ရှင်အညာသိကောဏ္ဍည၏ ရဟန်းခံခြင်း၊ ရဟန်းပြုခြင်းကိစ္စ ပြီးမြောက်အောင်မြင်လေသည်။

(ထိုအရှင် ကောဏ္ဍညအားမြတ်စွာဘုရားက 'ဧဟိဘိက္ခု' ဟုခေါ်တော်မူလိုက်သည်နှင့် တပြိုင်နက်ပင် နဝိုအသွင်ကွယ်ပျောက်လျှက် ရှင်ရသေ့အဖြစ်ပြီးမြောက်အောင်မြင်လေသည်၊ ဆံရိတ်ပြီး သင်္ကန်းများကို ဝတ်ရုံပြီးဖြစ်လေတော့၏။ သင်္ကန်းတထည်ကိုခါး၌ဝတ်လျှက် အခြားသင်္ကန်းတထည် ကေသီကိုရုံလျှက် အခြားသင်္ကန်းတစ်ထည်သင်္ကန်းကြီးကို ပခုံး၌တင်လျှက် လက်ဝဲပခုံးစွန်း၌ သပိတ်ကိုလွယ်လျှက် ပရိက္ခရာရှစ်ပါးတို့သည့်နေရာနှင့်သူ အဆင်သင့်ဆင်ယင်ပြီးဖြစ်ကာ ဝါတော်ခြောက်ဆယ်ရ သက်တော်ရှစ်ဆယ်ရှိသော မထေရ်ကြီးကဲ့သို့ ကြည်ညိုဖွယ်သော ဣရိယာပုတ်နှင့်ပြည့်စုံလျှက် မြတ်စွာဘုရားတည်းဟူသော ဆရာဥပဇ္ဈာယ်ရှိကာ မြတ်စွာဘုရားကို ရှိခိုးလျှက် တည်နေသည်။

ဤဧဟိဘိက္ခုရဟန်းတို့ရရှိသော ပရိက္ခရာကို ဣဒ္ဓိမယပရိက္ခရာ ဟူ၍ခေါ်၏၊ အကြင်သူသည် သင်္ကန်းစသော ပရိက္ခရာရှစ်ပါး ထိုမှမတတ်နိုင်လျှင် သပိတ်သင်္ကန်းကို သောတာပန်စသော အရိယာပုဂ္ဂိုလ်အားဖြစ်စေ ပုထုဇန်သီလဝန္တရဟန်းအားဖြစ်စေ လှူဒါန်းဆပ်တပ်ပြီးလျှင် 'ဤယခုလှူဒါန်းဆပ်ကပ်သော ပရိက္ခရာအလှူသည် နောက်အခါ၌ ဧဟိဘိက္ခုရဟန်းဖြစ်ဖို့ရန် ပစ္စည်းအထောက်အပံ့ဖြစ်ပါစေသတည်း'ဟု 'ဆုတောင်းပတ္တနာမှုကိုပြု၏၊ ထိုသူ၏ ထိုပရိက္ခရာအလှူသည် အဓိကာရကောင်းမှုနှင့် ပြည့်စုံလတ်သည်ရှိသော် မြတ်စွာဘုရားတို့၏ မျက်မှောက်တော်၌ ဣဒ္ဓိမယပရိက္ခရာရဖို့ရန် ဧဟိဘိက္ခုရဟန်းဖြစ်ဖို့ရန် ဖြစ်နိုင်၏။ (သာရတ္ထ - ဋီ ၂ မျက်နှာ ၅၀-မှ)

မြတ်စွာဘုရားသည် ထိုမိဂဒါဝုန်တော၌ပင် ဝါကပ်နေတော်မူသော နောက်တနေ့ ဝါဆို လပြည့်ကျော် ၁ ရက်နေ့၌ ဝပ္ပမထေရ်ကို အဆုံးမတရားဩဝါဒပေးတော်မူလျှက် ဆွမ်းခံမကြွေးဘဲ ကျောင်း၌သာလျှင် နေတော်မူ၏၊ ကျန်သော ရဟန်းလေးပါးတို့ဆွမ်းခံထွက်ကြကုန်၏၊ ဝပ္ပမထေရ်သည် ထိုနေ့နံနက်ခင်းမှာပင် သောတာပန်ဖြစ်လေ၏၊ ထိုနည်းတူ နောက်တနေ့ ဝါဆိုလပြည့်ကျော် ၂ရက်နေ့၌ ဘဒ္ဒိယမထေရ်ကို နောက်တနေ့ ဝါဆိုလ

ပြည့်ကျော် ၃ရက်နေ့၌ မဟာနာမ မထေရ်ကို နောက်တနေ့ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့၌ အဿဇိမထေရ်ကို အဆုံးအမပြဩဝါဒ ပေးတော်မူလျက် ဆွမ်းခံမကြွပဲ ကျောင်း၌သာလျှင် နေတော်မူ၏၊ ထိုမထေရ်တို့သည်လည်း နိမိတ်နေ့၌ပင် သောတာပတ္တိဖိုလ်သို့ ရောက်ရှိကြပြီးလျှင် မြတ်စွာဘုရားအထံတော်၌ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ခံယူကြကုန်၏၊

မြတ်စွာဘုရားသည် ဝါဆိုလပြည့်ကျော် ၅-ရက်ကြာသပတေးနေ့သို့ ရောက်လာသောအခါ ပဉ္စဝဂ္ဂီ ရဟန်း(၅)ဦးတို့အား အာသဝေါကုန်ခန်းရဟန္တာ အဖြစ်သို့ရောက်ကြစေရန် အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူ၍ အနတ္တလက္ခဏသုတ်တွက်ဒေသနာနိဂုံး ပြီးဆုံးသောအခါ၌ ပဉ္စဝဂ္ဂီရဟန်း(၅)ဦးတို့သည် အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ကြလေကုန်၏၊

သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်းတို့အကြောင်း (ဟေမဝတသုတ်)

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ နေဝင်လုဆဲဆဲ အချိန်တွင် ဓမ္မစကြာတရားကို ဟောတော်မူ၏၊ ထိုဂနေ့ ညဉ့်သန်းခေါင်ယံအချိန်တွင် ဟေမဝတသုတ် (သာတာဂိရိသုတ်) ကို ဟောတော်မူ၏၊ ထိုသုတ်ကို ဟော်တော်မူရခြင်းအကြောင်းအရာအကျယ်ကား -

ဤဘဒ္ဒကမ္ဘာတွင် လူတို့၏ အသက်အနှစ် နှစ်သောင်းတန်း၌ ကဿပမြတ်စွာဘုရား ပွင့်တွန်းတော်မူ၍ အာယုကပ်၏ ငါးပုံလေးပုံဖြစ်သည့် အနှစ် တစ်သောင်းခြောက်ထောင်ကြာ ကာလပတ်လုံး တည်နေတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူခဲ့လေသည်၊ ထိုကဿပမြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို ကြီးစွာသော ပူဇော်မှုဖြင့်ပူဇော်ကြကာ ရှာပနတိစ္စကို ပြုကြလေသည်၊ ထိုကဿပမြတ်စွာဘုရား၏ သရီရဓာတ်အမွေတော်မြတ်သည် အစိတ်စိတ်အမြွာမြွာမဖြစ်ပဲ ရွှေစိုင်ရွှေတုံးကဲ့သို့ တလုံးတခဲတည်းဖြစ်၍သာ ကြွင်းကျန်တည်ရှိလေသည်၊ ဤကဲ့သို့တည်ခြင်းသည် သက်တော်ရှည်မြတ်စွာဘုရားတို့၏ ထုံးတမ်း၊ စဉ်လာ ဓမ္မတာဖြစ်၏၊

သက်တော်တိုသော မြတ်စွာဘုရားတို့သည်ကား လူများအပေါင်းတို့ အသီးသီး စေ့ငှအောင် မဖူးမျှော်ကြရကုန်ပါပင် ပရိနိဗ္ဗာန်စံဝင်တော်မူကြကုန်၏၊ ထို့ကြောင့် သက်တော်တိုသော မြတ်စွာဘုရားတို့သည် 'ထိုထိုမြို့ ရွာ၊ ဒေသတို့၌ နေထိုင်ကြသူလူအများအပေါင်းတို့သည် ငါဘုရားပရိနိဗ္ဗာန်စံဝင်ပြီးနောက် ဓာတ်တော်ပူဇော်မှုကို ပြု၍လည်း ကုသိုလ်တရားတိုးပွားစေရစ်ကြကုန်လိမ့်မည်'ဟု ငဲ့ညှာထောက်ထား သနားသဖြင့် 'ဓာတ်တော်များသည် အစိတ်စိတ်အမွှာမွှာကွဲပြန့်ရစ်ကြကုန်စေသတည်း'ဟု အဓိဋ္ဌာန်တော်မူကြကုန်၏၊ သို့ရကား ထိုသက်တော်တိုသော မြတ်စွာဘုရားတို့၏ သရီရဓာတ်တော်မြတ်တို့သည် အကျွန်ုပ်တို့ ကိုးကွယ်ရာမြတ်စွာဘုရား၏ ဓာတ်တော်အမွေတော်များကဲ့သို့ ရွှေမှုန်များ ပမာအစိတ်စိတ်အမြွာမြွာကွဲလျက် ပြန့်နှံ့တော်မူကြကုန်၏'

လူအပေါင်းတို့သည် ကဿပမြတ်စွာဘုရား၏ တဆူတည်းသော သရီရဓာတ်တော်မြတ်ကို ဓာတ်တော်တိုက် တည်ဆောက်ကြ၍ အမြင့်တယူဇနာ အဝန်းအဝိုင်းအားဖြင့်လည်း တယူဇနာရှိသော စေတီတော်ကြီးကို တည်ထားကြကုန်၏၊ ထိုစေတီတော်ကြီးမှာ အဝိုင်းအခြားအားဖြင့် တမျက်နှာလျှင် တဂါဝုတ်စီ အလျှားရှိ၍ တမျက်နှာလျှင် မုခ်ဦးဝင်ပေါက် တံခါးကြီး တပေါက်စီရှိရကား တံခါးတပေါက်နှင့် တပေါက်အကြား တဂါဝုတ်စီ၊ ကွာခြားလေသည်၊

တံခါးမှုးဦးတပေါက်ကို တရားကာသီပြည်ရှင် ကိကီမင်းကြီးက ဒါယကာခံ၏၊ အခြားတပေါက်ကို ကိကီမင်းကြီး၏သားတော် ပဌဝိန္ဒရမင်းသားက ဒါယကာခံ၏၊ အခြားတပေါက်ကို စစ်သူကြီးဦးဆောင်၍ အမတ်အပေါင်းတို့က ဒါယကာခံကြ၏၊ အခြားတပေါက်ကို သူဌေးကြီးဦးဆောင်၍ တိုင်းသူပြည်သားတို့က ဒါယကာခံကြ၏၊ စေတီတော်ကြီးတည်ထားရာ၌ စီအပ်သောအုတ်တို့ကား ရွှေအုတ် ရတနာအုတ်များသာ ဖြစ်သည်၊ အုတ်တချပ်တချပ်လျှင် အဖိုးတသိန်းတန်၏၊ ဆေးဒါန်း မြင်းသီလာတို့ဖြင့် အင်္ဂတေကိစ္စကို ပြုကြ၍၎င်း၊ မွှေးကြိုင်သင်းပျံ့သော ဆီဆေးပတ်တို့ဖြင့် ရေကိစ္စကိုပြုကြ၍ရင်း၊ ထိုစေတီတော်မြတ်ကြီးကို တည်ထားကြကုန်၏၊

ဤကဲ့သို့ စေတီတော်ကြီးတည်ထားပြီးသောအခါ အမျိုးကောင်းသော သူငယ်ချင်းနှစ်ယောက်တို့သည လူ့ဘောင်မှထွက်၍ မြတ်စွာဘုရား မျက်မှောက်တော်က တပည့်ခံခဲ့ကြသော သာဝကကြီးတို့ထံတွင် ရှင်ရဟန်းပြုကြကုန်၏၊ အထူးမှတ်ရန်မှာ - သက်တော်ရှည်မြတ်စွာဘုရားတို့၏ သာသနာ၌ဘုရားလက်ထက်တော်တကြကုန်၏၊ အထူးမှတ်ရန်မှာ - သက်တော်ရှည်မြတ်စွာဘုရားတို့၏ သာသနာ၌ဘုရားလက်ထက်တော်တွင် တပည့်ခံခဲ့ရသော သာဝကကြီးများကသာရှင်သာမဏေပြုတော် မူကြရကုန်၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်မှ ဖြစ်ကြသော တပည့်သာဝကတို့သည်ကား ထိုအမွှမ်းပြုလုပ်ခွင့်ကို မရနိုင်ကုန်၊

ထိုအခါ ထိုအမျိုးကောင်းသား သူငယ်ချင်းရဟန်းနှစ်ပါးတို့သည် 'အရှင်မြတ်တို့ ဘုရား . . မြတ်စွာဘုရားသာသနာတော်၌ အားထုတ်ဖွယ်ရာ ရဟန်းအလုပ်တို့ကား အဘယ်မျှရှိပါကုန်သနည်း ဘုရား' ဟု သာဝကကြီး တို့ကို လျှောက်ထားမေးမြန်းကြကုန်၏၊ ထိုအခါ သာဝကကြီးတို့က 'ငါ့ရှင်တို့ . . မြတ်စွာဘုရား သာသနာတော်၌ အားထုတ်ဖွယ်ရဟန်းအလုပ်တို့ကား (၁)ဝါသာဓုရခေါ် ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်း ကျင့်သုံးမှုတည်းဟူသော အားထုတ်ဖွယ်ရာ ရဟန်းအလုပ် (၂) ပရိယတ္တိဓုရခေါ် စာပေ ပရိယတ်သင်ကြားပို့ချမှုတည်းဟူသော အားထုတ်ဖွယ်ရာ ရဟန်းအလုပ်ဟူ၍ နှစ်ပါးရှိကုန်၏၊ ထိုနှစ်ပါးတို့တွင် (၁) အမျိုးကောင်းသားရဟန်းတော်သည် ဆရာဥပဇ္ဈာယ်များအထံ၌ ငါးဝါတိုင်တိုင်နေပြီးလျှင် ဝတ်ကြီးဝတ်ငယ်များကို ဖြည့်ကျင့်၍ ပါတိမောက်တိုရင်း၊ နှစ်အာဏာဝါရ သုံးဘာဏာဝါရမျှရှိသော သုတ္တန်တို့ကိုင်း လေ့လာနိုင်နင်းအောင် ပြုလျှက် ဝိပဿနာ အလုပ်ကမ္မဋ္ဌာန်း အားထုတ်ပုံကို ကျကျနနသင်ယူပြီးလျှင် ဂိုဏ်းဂဏသံဃာဒါယကာ ဒါယိကာမများ၌ တွယ်တာ စွဲမင်မှုကို ဖြတ်တောက်ကာ လူသူမနီးတောကြီးတည်းသို့ဝင်ပြီးနောက် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်အပ်၏၊ ဤသို့အားထုတ်ခြင်းသည် ဝါသဓုရခေါ် ဝိပဿနာကမ္မဋ္ဌာန်း၊ စီးဖြန်း ကျင့်သုံးမှုတည်းဟူသော အားထုတ်ဖွယ်ရာ ရဟန်းအလုပ်မည်၏၊ (၂) မိမိ၏အစွမ်းအလျောက်နိကာယ်တရပ် ပိဋကတ်ကိုဖြစ်စေ၊ နိကာယ်နှစ်ရပ်ပိဋကတ်ကို ဖြစ်စေ၊ နိကာယ်သုံးရပ်ပိဋကတ်ကိုဖြစ်စေ၊ နိကာယ်ငါးရပ် ပိဋကတ်ကိုဖြစ်စေ အတ်မြောက်လိမ္မာအောင်သင်ယူပြီးလျှင် သစ္စါအနက် မချွတ်မယွင်း သန့်ရှင်းစင်ကြယ်အောင် ပရိယတ္တိသာသနာတော်ကို အားထုတ်အပ်၏၊ ဤသို့အားထုတ်ခြင်းသည် ပရိယတ္တိဓုရခေါ် စာပေပရိယတ္တိ သင်ကြားမှုတည်းဟူသော အားထုတ်ဖွယ်ရာ ရဟန်းအလုပ်မည်၏" ဟူ၍မိန့်တော်မူကြကုန်၏၊

ထိုအခါအမျိုးကောင်းသား သူငယ်ချင်းရဟန်းနှစ်ပါးတို့သည် "ရဟန်းအလုပ်အားထုတ်ဖွယ်ရာ ဓုရနှစ်ပါးတို့တွင် ဝါသာဓုရသာလျှင် သာလွန်မြင့်မြတ်ချီးမွမ်းအပ်၏" ဟု ပြောဆိုကြပြီးလျှင် "ငါတို့သည်ကားအသက်ငယ်ရွယ်ကြသေး၏၊ အသက်ကြီးသောအခါမှ ဤဝိသဓုရကမ္မဋ္ဌာန်းအလုပ်ကိုဖြည့်ကျင့်ကြကုန်အံ့၊ အသက်အရွယ်

မကြီးပြင်းသေးမှီ ပရိယတ္တိစုရခေါ် စာပေပရိယတ်သင်ကြားပို့ချမှုတည်းဟူသော ရဟန်းအလုပ်အားထုတ်ဖွယ်ရာကို ပြည့်စုံပြီးစီးစောင်ဖြည့်ကျင့်ကြဦးမည်" တိုင်ပင်ကာ ပရိယတ်တမှုကို ကြိုးစားအားထုတ်ကြလေရာ ပင်ကိုယ်ပထတိအပင် ပညာရှိသူများဖြစ်ကြ၍ ကာလမကြာမီပင် ပိဋကတ်သုံးပုံအလုံးစုံ၌ တစ်ဖက်ကမ်းရောက်တတ်မြောက်ကျွမ်းကျင်ကြကုန်လျှက် ဝိနည်းအဆုံးဖြတ်ရာ၌လည်း လွန်စွာကျွမ်းကျင်လိမ္မာတော်မူကြကုန်၏။ ထိုအမျိုးကောင်းသားသူငယ်ချင်း ရဟန်းနှစ်ပါးတို့အား ပရိယတ်တတ်မြောက်မှုကို အကြောင်းပြုကာ သာသနာတော်ဝယ် ထင်ပေါ်ကျော်စောခြင်း တပည့်ပရိသတ်အခြံအရံများခြင်းသည်လည်းကောင်း၊ ယင်းသို့အခြံအရံများကို အကြောင်းပြု၍ လာဘ်လာဘလွန်စွာ ပေါများခြင်းသည်လည်းကောင်း ဖြစ်လေ၏။ တစ်ပါးတစ်ပါးလျှင် တပည့်ထမန်း ရဟန်းပရိသတ် ငါးရာငါးရာစီရှိကြကုန်၏။

ထိုမထေရ်မြတ်နှစ်ပါးတို့သည် မိမိတို့ထံမှောက်သို့ ရောက်ရှိဆည်းကပ်လာကြသည့် ပရိသတ်သေးငါးတို့အား မြတ်စွာဘုရား၏ ဆုံးမဩဝါဒ အစစ်အမှန်ကို ညွှန်ကြားဟောပြောကြကုန်လျှက် နေတော်မူကြကုန်၏။ သို့ရာတွင် ဘုရားထာဝနေပွင့်ထွန်းတော်မူဖြစ်သောအခါတဲ့သို့ သာသနာ သုံးဝါးစည်ကားတောက်ပလျှက် ရှိလေ၏။

ဓမ္မဝါဒီရဟန်းနှင့် အဓမ္မဝါဒီရဟန်းတို့၏ ဝိနည်းမူခြင်း

ထိုအခါတောရကျောင်း တိုက်တစ်ခု၌ ဓမ္မဝါဒီရဟန်းနှင့် အဓမ္မဝါဒီရဟန်း၊ ဤရဟန်းနှစ်ပါးတို့နေထိုင်လျှက်ရှိကြကုန်၏။ ထိုရဟန်းနှစ်ပါးတို့တွင် အဓမ္မဝါဒီရဟန်းသည် ရတ်စက်ရုပ်ရင်းသူ နုတ်ထွက်ကြမ်းသူဖြစ်၏။ တစ်နေ့သော် အဓမ္မဝါဒီရဟန်း၏ ထင်ထင်ရှားရှား ကြားသိ၍ ဓမ္မဝါဒီရဟန်းက "ငါ့ရှင်သင်ပြုသော ဤအမှုသည် သာသနာတော်အား မလျှောက်ပတ်ခြေဟု" အဓမ္မဝါဒီ ရဟန်းကို အပြစ်တင်စောဒနာလေ၏။ ထိုအခါ အဓမ္မဝါဒီရဟန်းက "ငါ့ရှင်. . သင်အာကို မြင်လို့လည်း သင်အာကိုကြားလို့လည်း အရမ်းမစွပ်စွဲနှင့် ဤသို့ အစရှိသည်ဖြင့် စကားရှင်းပျောက်အောင် ပြန်၍ ပြန်း၍ ပြောဆိုလေသော် ဓမ္မဝါဒီ ရဟန်းက 'ငါ့ရှင်. . ဝိနည်းမိုရ်မထေရ်မြတ်ကြီးများ သိကြပါလိမ့်မည်ဟု" ပြောဆိုလေ၏။

ထိုအခါ အဓမ္မဝါဒီရဟန်းသည် ဤဝတ္ထုကို ဝိနည်းမိုရ်မထေရ်ကြီးတို့ တရားလမ်းရှိတိုင်း ဆုံးဖြတ်ကြလျှင် ငါ့အားစေကန်ပင် သာသနာတော်၌ထောက်ရာတည်ရာ ရှိတော့မည်မဟုတ်'ဟု စဉ်းစားမိ၍ ထိုဝိနည်းမိုရ်မထေရ်ကြီးတို့ကို မိမိဘက်သို့ပါအောင် သွေးဆောင်ဖြားယောင်းမှု ပြုလိုသဖြင့် ထိုခဏ၌ပင် လတ်ဆောင်အတွက် ပရိက္ခရာတို့ကိုယူဆောင်လျှက် ထိုဝိနည်းမိုရ် မထေရ်ကြီးနှစ်ပါးတို့၏ထံမှောက်သို့ သွားရောက်ချဉ်းကပ်ပြီးလျှင် မိမိယူဆောင်ခဲ့သော ရဟန်းပရိက္ခရာအသုံးအဆောင်တို့ကို ငိုသေလေးမြတ် ချဉ်းကပ်နီးပါး စေးလုပ်တွေ့လျှက် အလုံးစုံသော ဝတ်ကြီးဝတ်ငယ်ကို ပြည့်စုံစွာ ဖြည့်ကျင့်လိုသူ အယောင်ဟန်ဆောင်ပြုလေ၏။

ထို့နောက် တနေ့သ၌ အဓမ္မဝါဒီရဟန်းသည် ဝိနည်းမိုရ်မထေရ်ကြီးနှစ်ပါးညီမှ စည်းဝေးရာ ဌာနသို့ သွားရောက်ချဉ်းကပ်ပြီးလျှင် ရှိခိုးလျှက် မထေရ်ကြီးတို့က ပြန်သွားဖို့ရန် ခွင့်လွှတ်အပ်သော်လည်း ရပ်တည်မြဲတိုင်းရပ်တည်ပေတပ်၍ နေလေသည်။ ထိုအခါ မထေရ်ကြီးတို့က ထိုအဓမ္မဝါဒီရဟန်းကို 'ငါ့ရှင်. . သင့်မှာ

ပြောစရာအကြောင်းထူးတစ်ခုခုရှိပါသလား'ဟု မေးတော်မူကြကုန်၏၊ အဓမ္မဝါဒီ ရဟန်းသည် ရှိပါသည် အရှင်ဘုရားတို့.. တပည့်တော်မှာ ရဟန်းတပါးနှင့် သိက္ခာပုဒ်ကို လွန်ကျူးချက်နှင့် ပါတ်သက်၍ ငြင်းခုန်မှု ဖြစ်ခဲ့ပါသည်' ထိုစောဒကရဟန်းသည် အကယ်၍ ဤအကြောင်းဝတ္ထုကို အရှင်မြတ်တို့၏ထံမှောက်သို့ လာရောက် လျှောက်ထား တရားလမ်းရှိတိုင်း ဆုံးဖြတ်သင့်သည့်အတိုင်း ဆုံးဖြတ်တော်မမူကြပါလင့် ဟုလျှောက်လေ၏၊

မထေရ်ကြီးတို့က သံဃာ့တောင်သို့သက်ရောက်လာကြသော အကြောင်းတို့ကို ဆုံးဖြတ်သင့်သည့် အတိုင်း မဆုံးဖြတ်ရန်မသင့်လျော်ဘူး' ဟု မိန့်ဆိုတော်မူကြလေသော် ထိုအဓမ္မဝါဒီရဟန်းသည် 'အရှင်ဘုရားတို့ ဤကဲ့သို့ ဆုံးဖြတ်တော်မူမြဲကြပါလျှင် တပည့်တော်သာသနာတော်၌ ဆောက်တည်ရာရှိတော့မည်မဟုတ်ပါ၊ ထိုမကောင်းမှုသည် တပည့်တော်၏ မကောင်းမှု ပင်ဖြစ်ပါစေတော့ ။ သံသရာအပြစ်ကို တပည့်တော်ပင်ခံပါမည်၊ အရှင်ဘုရားတို့ကသာ ထိုအမှုကို မဆုံးဖြတ်ကြပါကုန်လင့်' ဟု လျှောက်ထားလေ၏၊

ဝိနည်းဓိုရ်မထေရ်ကြီးတို့သည်လည်း ထိုအဓမ္မဝါဒီရဟန်းက အတင်းအကြပ်မလွဲမရှောင်သာ တောင် လျှောက်ထားပြောဆိုအပ်ရကား 'ကောင်းပါပြီငါ့ရှင်ဟု' နောက်ဆုံးတွင်ဝန်ခံ စကားမိန့်ကြား တော်မူလိုက် ကြကုန်၏၊ ထိုအဓမ္မဝါဒီရဟန်းသည် ဝိနည်းဓိုရ်မထေရ်ကြီးတို့အထံမှ ဝန်ခံချက်ကိုရယူပြီးလျှင် တဖန်ထိုသော ရွာကျောင်းတိုက်သို့ ပြန်သွား၍ဝိနည်းဓိုရ်မထေရ်ကြီးတို့ထံ ငါပြုလုပ်ရန် ကိစ္စအဝဝ ပြီးစီးခဲ့ပြီ' ဟု အောက်မေ့ကာ ဓမ္မဝါဒီရဟန်းကို ရှေ့တထတ်တိုး၍ လွှမ်းမိုးနိုင်စေတ် မထီမဲ့မြင် ပြုလျှက် ကြမ်းကြုတ်ခက်ထန်စွာ ပြောဆိုလေ၏၊

ဓမ္မဝါဒီ ရဟန်းသည် 'ဤအဓမ္မဝါဒီ ရဟန်းအား ခွဲရှာခြင်းတင်းလှချေတကား' ဟု အောက်မေ့ကာ ထိုခဏမှာပင် တောရွာကျောင်းတိုက်မှ ထွက်ခဲ့၍ ဝိနည်းဓိုရ်မထေရ် အခြံအရံ ရဟန်းတထောင်တို့၏ အထံသို့ ချဉ်းကပ်ပြီးလျှင် 'ငါ့ရှင်တို့.. သံဃာ့တောင်သို့ သက်ရောက်လာသောအကြောင်း ဝတ္ထုကိုတရားလမ်း ရှိသည့်အတိုင်း ဆုံးဖြတ်သင့်သည် မဟုတ်ပါလော၊ သို့မဟုတ် အကြောင်းဝတ္ထုကို သံဃာ့တောင်သို့ မသက်ရောက် စေဆဲ စောဒကရဟန်းဒုဒိတကရဟန်းတို့ကို အချင်းချင်းမိမိတို့၏အပြစ်ကို ဝန်ခံစကားပြောကြားစေ၍ ညီညွတ်အောင်ပြုသင့်သည်မဟုတ်လော၊ ယခုမူကား၊ ဤဝိနည်းဓိုရ် မထေရ်ကြီးတို့သည် အကြောင်းဝတ္ထုကိုလည်း မဆုံးဖြတ်ကြကုန်၊ ညီညွတ်အောင်လည်းမပြုလုပ်ကြကုန် ဤသို့ဆုံးလည်းမဆုံးဖြတ် ညီညွတ်အောင်လည်း မပြုလုပ်ခြင်းသည် ဘယ်နှာပါလိမ့်ဟု လျှောက်ထားတိုင်ကြားလေသည်၊ ထိုအခြံ ရဟန်းတထောင်တို့သည်လည်း ဓမ္မဝါဒီရဟန်းလျှောက်ထားသော စကားကိုကြားရလျှက် ဝိနည်းဓိုရ်ဆရာတော်ကြီးနှစ်ပါးတို့သည် တစုံတခု အကြောင်းထူးကို သိအပ်ပြီးဖြစ်လိမ့်မည်'ဟု အောက်မေ့ကြကာတစုံတရာ ပြန်ကြားပြောဆိုမှု မပြုကြဘဲ ဆိတ်ဆိတ်နေကြကုန်၏၊

ထိုအခါ အဓမ္မဝါဒီရဟန်းသည် အခွင့်ကောင်းကိုရယူ၍ 'ငါ့ရှင် .. သင်သည် ရှေ့အခါကဝိနည်း ဓိုရ်မထေရ်များ သိကြပါလိမ့်မည်ဟု ပြောဆိုခဲ့သည်၊ ယခုအခါ ဝိနည်းဓိုရ်မထေရ်တို့အား ထိုအကြောင်းဝတ္ထုကို လျှောက်ထားပါဦးတော့လား'ဟု ဓမ္မဝါဒီရဟန်းကိုဖိနှိပ်ပြောဆိုကာ 'သင်သည် ယနေ့ကစ၍ အရှုံးကြီးရှုံးလေပြီ ငါတို့နေထိုင်ရာ တောရွာကျောင်းတိုက်သို့ သင်ပြန်၍မလာခဲ့လေလင့်' ဟု ရှုန့်ရင်းကြမ်းတမ်းစွာပြောဆို၍ ခဲသွား၏၊

ထို့နောက်မှ ဓမ္မပါဒီရဟန်းသည် ဝိနည်းဓိုရ်မထေရ်ကြီးတို့ထံသို့ ချဉ်းကပ်ပြီးလျှင် 'အရှင်ဘုရားတို့သည် မြတ်စွာဘုရား၏ သာသနာတော်ကို မငဲ့ကွက်ဘဲ ဤအဓမ္မပါဒီရဟန်းသည် ငါတို့ကိုမြူစုလုပ်ကျွေးပေ၏၊ ငါတို့ကို နှစ်သိမ့်စေ၏ဟု ပုဂ္ဂိုလ်ကိုသာလျှင် ငဲ့ကွက်ကြကုန်၏၊ သာသနာ၏ မျက်နှာကိုမကြည့်ဘဲ ပုဂ္ဂိုလ်၏ မျက်နှာကိုသာ ကြည့်ကုန်၏၊ သာသနာတော်ကို မစောင့်ရှောက်ကြဘဲ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်ကိုသာလျှင် စောင့်ရှောက်ကြကုန်၏၊ ယနေ့ကစ၍ အရှင်ဘုရားတို့သည် ဝိနည်းအဆုံးအဖြတ်ကို မဆုံးဖြတ်သင့်တော့ချေ၊ ယနေ့မှာ ကဿပမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော် မူခဲ့လေပြီတကား' ဟု ကျယ်လောင်စွာသောအသံဖြင့် မြည်တမ်း၍ 'ကဿပမြတ်စွာဘုရားကား ပျက်စီးခြင်းမလှ ပျက်စီးရချေပြီဟု' ငိုကြွေးလျက် ဝိနည်းဓိုရ် မထေရ်တို့ထံမှ ထွက်ခွာဖဲသွားလေ၏။

ထိုအခါ ဝိနည်းဓိုရ် မထေရ်ကြီးနှစ်ပါးတို့သည် ထိတ်လန့်သောအသံ သံဝေဂစိတ်နှလုံးဖြစ်ရှိကြကာ 'ငါတို့သည် အလဇ္ဇီဒုဿီလပုဂ္ဂိုလ်ကိုသာငဲ့ညှာစောင့်ရှောက်ကြကုန်လျက် သာသနာတော်တည်းဟူသော ရတနာစိုင်ကြီးကို ထုံးဖိုင်ချောက်ကမ်းပါး၌ စုန်ချပစ်ခဲ့လေပြီ'ဟု နောင်တတဖန် ပူပန်ခြင်းကုက္ကုစ္စ ဖျော်ချက်နှိပ်စက်အပ်သောစိတ်ရှိကြကုန်ရကား စုတိပြတ်ကြွေသေလွန်သောအခါ အထက်နတ်ပြည်၌ မဖြစ်နိုင်ကြပဲ ထိုမထေရ်နှစ်ပါးတို့တွင် တစ်ပါးသည် ဟိမဝန္တာတောအတွင်း ယေမဝတမည်သော တောင်၌ ယေမဝတအမည်ရှိသော နတ်ဘီလူးမင်းဖြစ်လေသည်၊ အခြားတပါးသည် မဇ္ဈိမဒေသအတွင်း သာတမည်သောတောင်၌ သာတာဂိရအမည်ရှိသော နတ်ဘီလူးမင်းဖြစ်လေ၏၊ ထိုမထေရ်ကြီးနှစ်ပါးတို့၏ အခြံအရံ ဖြစ်ကြသည့် ရဟန်းတထောင်တို့သည်လည်း ထိုမထေရ်ကြီးနှစ်ပါးတို့၏ အတုကိုသာ လိုက်ပါကျင့် ကြကုန်လျက် အထက်ထက်နတ်ပြည်၌ မဖြစ်နိုင်ကြကုန်ဘဲ ထိုနတ်ဘီလူးကြီးများ ဖြစ်ကြကုန်လေ၏၊ ထိုဝိနည်းဓိုရ်မထေရ်ကြီးတို့၏ပစ္စည်းလေးပါး ဒါယကာတို့သည်ကား အထက်နတ်ပြည်၌ ဖြစ်ကြလေကုန်၏၊

ဤယေမဝတနတ်မင်းနှင့် သာတာဂိရနတ်မင်းနှစ်ဦးတို့သည် နှစ်ကျိပ်ရှစ်ဦးသော နတ်စစ်သူကြီးတို့တွင် စာရင်းအဝင်အပါ တန်ခိုးအာနုဘော်လွန်စွာ ကြီးမားကြသော နတ်မင်းကြီးများလည်းဖြစ်ကြကုန်၏၊ တစ်လတစ်လလျှင် ရှစ်ကြိမ်ရှစ်ကြိမ်တရားဆုံးဖြတ်ရန် ဟိမဝန္တာတောအတွင်း ဆေးဝါး မြင်းသိလာကျောက်အပြင်ဝယ် နာဂဝတီအမည်ရှိသောမဏ္ဍပ်၌ သီဟိုဠ်မှုအလိုအဝဝတီမည်သောတောင်၌ နတ်တို့၏ အစည်းအဝေးပွဲဖြစ်မြဲ ဓမ္မတာတည်း၊ ထိုအစည်းအဝေးပွဲ၌ ယေမဝတနတ်မင်းနှင့် သာတာဂိရနတ်မင်းတို့သည်လည်း ပါဝင်စည်းဝေးကြမြဲ ဓမ္မတာဖြစ်၏၊

ထိုအခါ သာတာဂိရနတ်မင်း ယေမဝတနတ်မင်းတို့သည် ထိုနတ်အစည်းအဝေးပွဲကြီး၌ အချင်းချင်း တွေ့မြင်ကြ၍ လူပြည်က ဖြစ်ရပ်ကို မှတ်ကြပြီးလျှင် 'မိတ်ဆွေ . . သင်သည် အဘယ်အရပ်၌ဖြစ်ရသနည်း၊ မိတ်ဆွေ . . သင်ကော အဘယ်အရပ်၌ဖြစ်ရသနည်းဟု မိမိ၏ ဖြစ်ရာအရပ်ဘုံဌာနကို မေးမြန်းမြေဆိုကြ၍ "မိတ်ဆွေ ငါတို့ကား ပျက်စီးခြင်းကြီးပျက်စီးကြရချေပြီ ငါတို့သည် ရှေးအခါ ကဿပမြတ်စွာသာသနာတော်အတွင်း၌ နှစ်ပေါင်းနှစ်သောင်းတာလပါတ်လုံး ရဟန်းတရားကို ကြိုးစားအားထုတ်ခဲ့ပါလျက် တယောက်သော အလဇ္ဇီဒုဿီလ ပါပမိတ်ကို အမှီပြု၍ နတ်ဘီလူးမျိုး၌ ဖြစ်ကြရကုန်၏၊ ငါတို့၏ ပစ္စည်းလေးပါးဒါယကာတို့သည်ကား အထက်

တာမာဝစရနတ်ပြည်တို့၌ ဖြစ်ကြကုန်လေပြီ' ဟူ၍ပြောဆိုကြကာ ပြစ်းထန်စွာ နှလုံးမသာမယာဖြစ်ကြကုန်လေ၏။

ကတိကဝတ်ထားကြခြင်း

ထို့နောက်မှ သာတာဂိရနတ်မင်းသည် 'အဆွေတော်ဟေမဝတနတ်မင်း.. . သင်တို့၏ နေရာ ဟိမဝန္တာတော မည်သည်ကား ဖုံဘွယ်သူရဲထူးကဲသောတောဟု ခေါ်ဝေါ်သမုတ်အပ်သောတော ဖြစ်ပေသည်။ သို့ဖြစ်၍ တစုံတခုဖုံဖွယ်သရဲထူးကဲသော အကြောင်းကို တွေ့မြင်ကြားသိခဲ့လျှင် ငါ့အားလည်း လာရောက်ပြော ကြားလှည့်ပါဟု ဟေမဝတနတ်မင်းကိုမှာကြားပြောဆိုလေ၏။ ဟေမဝတနတ်မင်းသည်လည်း 'အဆွေတော် သာတာဂိရနတ်မင်း.. . သင်တို့၏နေရာ မဇ္ဈိမဒေသမည်သည်ကား မြင့်မြတ်သောပုဂ္ဂိုလ်တို့ ဖြစ်ထွန်း ပေါ်ပေါက်နေထိုင်ရာဖြစ်သဖြင့် ဖုံဖွယ်သရဲထူးကဲသောဒေသဟု သမုတ်အပ်ပေ၏။ သို့ဖြစ်၍တစုံတခု ဖုံဖွယ်သရဲ ထူးကဲသော အကြောင်းကိုတွေ့မြင်ကြားသိခဲ့လျှင် ငါ့အားလည်းလာရောက်ပြောကြားလှည့်ပါဟု သာတာဂိရ နတ်မင်းကို မှာကြားပြောဆိုလေ၏' ဤသို့လျှင် သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်း သူငယ်ချင်းနှစ်ယောက် တို့သည် အချင်းချင်းကတိကဝတ်စကား ပြောဆိုမှာထားမှုပြုကြလျှက် ထိုနတ်ဘီလူးဘဝကို မစွန့်နိုင်ကြတဲ ပေါင်းသင်းဆက်ဆံကာ နေထိုင်ခဲ့ကြရာ ဘုရားတဆူနှင့်တဆူအကြား ကာလတည်းဟူသော ဗုဒ္ဓန္တရအသင်္ချေယျ ကပ်တခုပင် ကျော်လွန်ခဲ့လေသည်။ ဤကာလအတွင်း မဟာပထဝီမြေကြီးသည်လည်း တယူဇနာနှင့် သုံးဂါဝုတ်မျှ အထက်သို့ မြင့်တက်ခဲ့လေပြီ။

ထိုအခါ အကျွန်ုပ်တို့၏ ဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ဘုရား ဆုပန်နိယတဗျာဒိတ် ခံတော်မူခဲ့သည်မှ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကြာ ကာလပါတ်လုံး ပါရမီဆယ်ပါးတရားတို့ကို ဖြည့်ကျင့်ဆည်းပူး၊ အထွတ်အထိပ်ရောက်အောင် ဖြည့်စုံစေဦး၍ တုသိတာနတ်ပြည်၌ ဖြစ်တော်မူပြီးလျှင် ထိုတုသိတာနတ်ပြည်၌ နတ်သက်တမ်းပြည့်အောင် တည်နေတော်မူလျှက် ရှေး၌ဆိုအပ်ခဲ့ပြီးသော ကြောဝဠာတိုက်တသောင်းမှ နတ်အပေါင်းတို့လာရောက်ကာ ဘုရားဖြစ်ရန် တောင်းပန် ဖပ်ကာ ကြည်ခြင်းကြီးငါးပါးတို့မြင့်ကြည့်ရှုတော်မူ၍ နတ်ဗြဟ္မာ အပေါင်းတို့အား ဘုရားဖြစ်ရန် ဝန်ခံစကား ပြောကြားလိုက်လျှင် နိမိတ်ကြီးသုံးဆယ့်နှစ်ပါးတို့.. ထင်ရှားဖြစ်ကုန်စဉ် လောကဓာတ်ကြောဝဠာပေါင်း တိုက်တသောင်းတို့ တုန်လှုပ်စေ၍ ဤလူ့ပြည်ဝယ် မဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်နေတော် မူခဲ့၏။

ဤသာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်း သူငယ်ချင်းနှစ်ဦးတို့သည် ထိုသို့ မြတ်စွာဘုရားအလောင်း ပဋိသန္ဓေတည်နေတော်မူသောအခါ ဖြစ်ပေါ်သော နိမိတ်ကြီး သုံးဆယ်နှစ်ပါးတို့ကို မြင်တွေ့ကြပါကုန်သော်လည်း 'ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေတော်မူခြင်းကြောင့် ဤနိမိတ်ကြီးတို့ဖြစ်ပေါ်ကုန်၏'ဟု မစဉ်းစားမဆင် ခြင်မိကြမသိရှိကြကုန်။ ဘုရားအလောင်းတော် ဖွားမြင်တော်မူသောအခါ၌ရင်း၊ တောထွက်တော်မူသောအခါ၌ရင်း၊ ဘုရားဖြစ်တော်မူသောအခါ၌ရင်း၊ နိမိတ်ကြီးသုံးဆယ့်နှစ်ပါးတို့သည် ထင်ရှားဖြစ်ကြကုန်၏။ ထိုနိမိတ်ကြီးတို့ကို တွေ့မြင်ကြပါကုန်သော်လည်း နတ်မင်းကြီး နှစ်ဦးတို့သည် ဤအကြောင်းများကြောင့် ဤနိမိတ်ကြီးများဖြစ်ကြကုန် ဟု ရှေးနည်းအတူပင် မစဉ်းစားမဆင်ခြင်မိကြ မသိရှိလိုက်ကြကုန်။

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့ကိုခေါ်တော်မူ၍ အပြန် သုံးပါးအခြင်းအရာ တဆယ့်နှစ်ပါးရှိသော ဓမ္မစကြာဒေသနာကို ဟောကြားတော်မူသည်ရှိသော် ထင်ရှားဖြစ်ပေါ်လာသည့် မြေလျှင်ကြီးစွာလှုပ်ခြင်းကိုရင်း၊ တုံ့ဖွယ်သရဲထူးကဲသော နိမိတ်ကြီးသုံးဆယ့်နှစ်ပါးတို့ကိုရင်း၊ ထိုနတ်မင်းကြီးနှစ်ဦးတို့အနက် သာတာဂိရနတ်မင်းကြီး တဦးသာလျှင် ဝဠမဦးစွာမြင်လတ်၍ ထိုနိမိတ်ကြီးသုံးဆယ့်နှစ်ပါးတို့၏ အကြောင်းရင်းပင်ဖြစ်သည့် မြတ်စွာဘုရား ဓမ္မစကြာတရားဟောကြားတော်မူနေဆဲဖြစ်သည်ကို သိရှိပြီးလျှင် မိမိ၏ အခြံအရံနတ်ဘီလူးပရိတ်သတ်ငါးရာနှင့်တကွ မြတ်စွာဘုရားထံမှောက်သို့ရောက် ချဉ်းကပ်၍ ဓမ္မစကြာတရားဒေသနာကို နာကြားပါသော်လည်း တစုံတခုသော မဂ်ဖိုလ်တရားထူးကို မရနိုင်ချေ။

အကြောင်းကား သာတာဂိရနတ်မင်းကြီးသည် ဓမ္မစကြာတရားကိုနာကြားနေစဉ် မိမိ၏ သူငယ်ချင်း ဟေမဝတနတ်မင်းကို အောက်မေ့အမှတ်ရ၍ 'ငါ၏သူငယ်ချင်း ဟေမဝတနတ်မင်းသည် ဤတရားပွဲကြီးသို့ လာရောက်သလော၊ မလာရောက်သလောဟုတွေးတောကြံစည်ကာ တရားနာသပိတ်သတ်ကို ကြည့်ရှုလတ်သည်တွင် မိမိ၏သူငယ်ချင်း ဟေမဝတနတ်မင်းကိုမမြင်ရ၍ "ငါ၏ သူငယ်ချင်း ဟေမဝတနတ်မင်းနှယ် ကြာမြင့်နေဘတ်ကျလိုက်လေ၊ ဤမျှလောက် အနတ်သဒ္ဒါဆန်းကြယ်လှစွာသော မြတ်စွာဘုရား၏ ဓမ္မစကြာတရားဒေသနာကို မနာကြားရတော့ချေ' ဟု စိတ်ပျံ့လွင့်နေမှုကြောင့်ပင် မဂ်ဖိုလ်တရားထူးကို မရနိုင်ပဲရှိလေ၏။

နေဝင်သော်လည်း မြတ်စွာဘုရားဓမ္မစကြာတရားဟောကြား၍ မပြီးဆုံးသေးချေ၊ ထိုအခါ သာတာဂိရနတ်မင်းသည် 'ငါ၏ သူငယ်ချင်းဟေမဝတနတ်မင်းကို သွားရောက်ခေါ်ယူခဲ့ပြီးမှ ထိုသူငယ်ချင်းနှင့်တကွ လာရောက်၍ တရားဒေသနာကိုနာကြားတော့အံ့' ဟု ကြံစည်စိတ်ကူးပြီးလျှင် ဆင်ယာဉ်၊ မြင်းယာဉ်၊ ဂဠုန်ယာဉ်စသည်တို့ကို ဖန်ဆင်း၍ နတ်ဘီလူးပေါင်းငါးရာတို့ခြံရံလျက် ဟိမဝန္တာသို့ မျှော်ရှု၍ကောင်းကင်ခရီးဖြင့် သွားလေ၏။

## နတ်မင်းနှစ်ဦးတို့ ကောင်းကင်၌တွေ့ဆုံကြခြင်း

မြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေနေတော်မူသောအခါ ဖွားမြင်တော်မူသောအခါ၊ ဟောထွက်တော်မူသောအခါ ဘုရားဖြစ်တော်မူသောအခါ၊ ပရိနိဗ္ဗာန်စံတော်မူသောအခါတို့၌ နိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့သည် ထင်ရှားဖြစ်ပေါ်ကြသော်လည်း ကြာမြင့်စွာမတည်ကြပဲ ဖြစ်ပြီးလျှင် ခဏအတွင်းပျောက်ကင်း ချုပ်ငြိမ်းကြတုန်၏။ မြတ်စွာဘုရား ဓမ္မစကြာတရားဟောကြားတော်မူသောအခါ၌ကား ထိုနိမိတ်ကြီးသုံးဆယ့်နှစ်ပါးတို့သည် တုံ့ဖွယ်သရဲထူးကဲသောသဘောရှိကြလျက် တခဏခြင်း ပျောက်ကင်း၍ မသွားကြဘဲ တာလအတန်ကြာတည်ပြီးမှသာ ချုပ်ပျောက်ကြလေသည်။ သို့ရကား ဟေမဝတနတ်မင်းသည်လည်း ဟိမဝန္တာတောအတွင်း၌ ထိုနိမိတ်ကြီးသုံးဆယ့်နှစ်ပါးတို့ တုံ့ဖွယ် သရဲထူးထူးတဲတဲဖြစ်ပေါ်နေသည်ကို တွေ့မြင်ရ၍ ဤတောအတွင်း၌ ဖြစ်လာသောအခါမှစ၍ ဤကဲ့သို့ တုံ့ဖွယ်သရဲထူးကဲသော မွှေ့လျော်ဖွယ်နှင့် ပြည့်စုံစွာ ဤတောင်ကြီးကားတခါမျှ မဖြစ်ဘူးချေ၊ ယခုကား ဖြစ်နေပေ၏။ ယခုပင် ငါတို့၏ ကတိကဝတ်အတိုင်း ငါ၏ သူငယ်ချင်း၊ သာတာဂိရနတ်မင်းကို သွားရောက်ခေါ်ဆောင်ခဲ့၍ ထိုသူငယ်ချင်းနှင့်တကွ လာရောက်ကြ၍ ဤအံ့မခန်းသည့် ဟိမဝန္တာတောပန်းတို့၏ အသရေစည်းစိမ်ချမ်းသာတို့ကို မွေ့လျော်ပျော်ပါးခံစားပေအံ့ဟု စိတ်ကူးကြံစည်ပြီးလျှင် သာတာဂိရနတ်မင်းနှင့်အတူပင် ဆင်ယာဉ်၊ မြင်းယာဉ်၊ ဂဠုန်ယာဉ်စသည်တို့ကို ဖန်ဆင်း၍ နတ်ဘီလူးပေါင်းငါးရာတို့ ခြံရံလျက်

မဋ္ဌိမဒေသသို့ ရွှေရှုကောင်းကင်ခရီးဖြင့် လာလေ၏။

ထိုအခါ နတ်မင်းကြီးနှစ်ဦးတို့သည် ရာဇဂြိုလ်မြို့၏ အပေါ်ကောင်းကင်အပြင်၌ ရုတ်ဆိုင်တွေ့ရှိကြ၍ အချင်းချင်းမေးမြန်းကြသည်တွင် ဟေမဝတနတ်မင်းက အဆွေတော်သာတာဂိရနတ်မင်း. . ပဒုမာသွာတော အတွင်း၌ ငါနတ်ဖြစ်လာသောအခါမှစ၍ ဤဟိမဝန္တာတောင်ကြီးသည် ဤကဲ့သို့ အခါမဲ့ဖူးပွင့်ကြသော သစ်ပင်တို့ဖြင့် မွေ့လျော်ဖွယ်ရာ တခါမျှမဖြစ်ဖူးချေ၊ သို့ရကား၊ ငါသည်သင်နှင့် တကွ ထိုအံ့မခန်း ဟိမဝန္တာတောပန်းတို့၏ အသရေစည်းစိမ်ချမ်းသာတို မွေ့လျော်ပျော်ပါးခံစားစေအံ့ဟူ၍ကြံစည်ပြီးလျှင် သင့်တို ခေါ်ရန်အတွက် ထွက်လာခဲ့သည်ဟု ပြောဆိုလေ၏။

သာတာဂိရနတ်မင်းကလည်း 'အဆွေတော် ဟေမဝတနတ်မင်း. . သင်သည် ဤအခါမဲ့ပန်းတို့ ထူးဆန်းစွာ ဖူးပွင့်ခြင်း၏ အကြောင်းကိုသိပါရဲ့လား ဟေမဝတနတ်မင်းကို မေးမြန်းလေလျှင် ဟေမဝတနတ်မင်းသည် 'မသိပါအဆွေတော် သာတာဂိရနတ်မင်း'ဟူ၍ ပြေကြား‌လေ၏၊ တဖန် သာတာဂိရနတ်မင်းက 'အဆွေတော် ဟေမဝတနတ်မင်း. . ဤအံ့ဖွယ်သရဲထူးကဲသော သဘောသည် ဟိမဝန္တာဟောကြီးတခုတည်းသာ ဖြစ်ပေါ်သည် မဟုတ်၊ စင်စစ်သော်ကား စကြာဝဠာလောကဓာတ်အပေါင်း တိုက်တသောင်းတို့၌ပင် အညီအမျှဖြစ်ကြသည် အဆွေတော် ဟေမဝတနတ်မင်း. . လောကသုံးခွင်ဘုံအပြင်၌ မြတ်စွာဘုရားသခင် ပွင့်တော်မူလာပြီ။ ထိုမြတ်စွာဘုရားသည်ကား ယခုအခါ တရားဓာသီပြည်အနီး ဣသိပတနအမည်ရှိသော မိဂဒါဝုန်တောကြီး၌ ဓမ္မစကြာတရား ဟောတော်မူသောကြောင့် လောကတခွင်လုံး၌ အံ့မဆုံးအောင် မဖြစ်ဘူးဖြစ်ထူးတဲသော နိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့ ထင်ရှားဖြစ်ပေါ်လာတုန်၏' ဟု ဟေမဝတနတ်မင်းကို ပြောဆိုလေ၏။

ဤသို့လျှင် သာတာဂိရနတ်မင်းသည် မိမိ၏ သူငယ်ချင်းဟေမဝတနတ်မင်းကို မြတ်စွာဘုရားထင်ရှား ပွင့်တော်မူလာပြီဖြစ်ကြောင်း ပြောကြား၍ ထိုသူငယ်ချင်း ဟေမဝတနတ်မင်းကို မြတ်စွာဘုရားထံသို့ ခေါ်ဆောင်လိုရကား -

အဇ္ဇဝန္နရသော ဥပေါသထော၊ ဒိဗ္ဗာရတ္တိ ဥပဋ္ဌိတာ၊

အနောမနာမံ သတ္ထာရံ၊ ဟန္ဒပဿာမ ဂေါတမံ၊

အဆွေတော်ဟေမဝတနတ်မင်း. . ယနေ့ကား ပန္နရသီတိထိကြိမ်တွေ့လပြည့်နေ့ဥပုသ်စေတည်း၊ ယနေ့ ညဥ့်ကား မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားတော်မူသောနေ့ဖြစ်၍ စကြာဝဠာတိုက်တသောင်းမှ တရားနာ လာရောက်ကြသော နတ်ဗြဟ္မာအပေါင်းတို့၏ ကိုယ်ရောင်အဝတ်တန်ဆာရောင် ဗိမာန်ရောင်တို့ဖြင့်၊ လရောင် ကြယ်ရောင် နက္ခတ်အရောင်တို့ဖြင့်ရှင်း ဝိသုဒ္ဓိနတ်ဘုရားမြတ်၏ ကိုယ်တော်ရောင်ဖြင့်ရှင်း၊ ဇမ္ဗူဒိပ်တကျွန်းလုံးကို အလှဆုံး တန်ဆာဆင်ထားသည့်ပမာ အလွန်သာယာသော ညဥ့်အခါဖြစ်ပေ၏၊ အဆွေတော်ဟေမဝတနတ်မင်း ဘုရား ဟုတ်သလော၊ မဟုတ်သလောဟု တွေးတောယုံမှား စိတ်များနေသင့်ပါသလော၊ ယခုပင် မယုတ်လျော့သော ဂုဏ်တော်တို့ဖြင့် ဗုဒ္ဓအဝဝါအစရှိသည့် အမည်ထူးကိုရရှိတော်မူလျက် လူနတ်ဗြဟ္မာသတ္တဝါတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော ဂေါတမနွယ်ဖွားမြတ်စွာဘုရားကို သွားရောက်ဖူးမြော်ကြပါကုန်စို့ဟု ဟေမဝတနတ်မင်းကို ပြောဆိုလေ၏။

ထိုအခါ ဟေမဝတနတ်မင်းသည် သာတာဂိရနတ်မင်းပြောဆိုသော စကားကိုကြား၍ 'ဤသာတာဂိရနတ်မင်းသည် အနေ့ာ-မနောမသတ္တာရ' အစရှိသည်ဖြင့် မိမိဖူးတွေ့ခဲ့ရသော ပုဂ္ဂိုလ်ကားဘုရား သဗ္ဗညုစင်စစ်ဖြစ်သည်ကို ရဲရဲဝံ့ဝံ့ပြောဆို၏။ လောက၌ဘုရားသဗ္ဗညုတို့ကား ဖြစ်နိုင်ခဲရနိုင်ခဲတကုန်၏၊ ပူရဏကဿပ စသည်တို့လို ပုဂ္ဂိုလ်များကသာ ဘုရားသဗ္ဗညုဟုဝန်ခံကြလျှက် မိစ္ဆာဉာဏ်မက်ပြီးလျှင် လူမှာအပေါင်းတို့ အလွဲမိုက်နှိပ်စက်ဖျက်ဆီးကြသည်၊ သာတာဂိရနတ်မင်းဖူးတွေ့ခဲ့သော ရဟန်းဂေါတမသည် ဘုရားသဗ္ဗညု စင်စစ်ဖြစ်ခဲ့လျှင် တာဒိဂုဏ် ကောင်းဆိုးနှစ်တန်လောကဓံကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်းမရှိမှုဂုဏ်နှင့် စင်စစ်ပြည့်စုံသူဖြစ်ရပါလိမ့်မည်၊ ထို့ကြောင့် မြတ်စွာဘုရားတို့မှာသာ ပြည့်စုံနိုင်သော တာဒိဂုဏ်နှင့် ပြည့်စုံသူဟုတ်မဟုတ်ကို ငါစုံစမ်းဦးအံ့ဟု၍ကြံစည်ပြီးလျှင် တာဒိလက္ခဏာကို မေးမြန်းလိုသည်ဖြစ်၍ -

> ကစ္စိမနောသုပဏိ ဟိတော၊ သဗ္ဗဘူတေသု တာဒိနော၊
> ကစ္စိဣဋ္ဌေ အနိဋ္ဌေ စ၊ သင်္ကပ္ပဿ ဝသီကတာ၊

အဆွေတော် သာတာဂိရနတ်မင်း. . အသို့နည်း၊ သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏ စိတ်သည် တာဒိဂုဏ်နှင့် ပြည့်စုံသူပီပီ ခပ်သိမ်းသောသတ္တဝါတို့၌ချစ်ခြင်း မုန်းခြင်းအလျှင်းမရှိ ပကတိတည်တံ့ပါ၏လော၊ အသို့နည်း၊ သင်ဖူးတွေ့ခဲ့သော ဘုရားဂေါတမသည် ဣဋ္ဌာရုံအနိဋ္ဌာရုံတို့၌ ချစ်မုန်းသောအား၊ ဖြစ်ပွားတတ်သည့် ကာမဝိတက်ဗျာပါဒဝိတက် ဟိံသာဝိတက်တို့ကို ပယ်ရှားကင်းရှင်းနိုင်နင်းအောင် ပြုအပ်ပါကုန်၏လောဟူသော ဤဂါထာကို ရွတ်ဆိုမေးမြန်းလေ၏၊

ထိုအခါ သာတာဂိရနတ်မင်းသည် မြတ်စွာဘုရား၏ တကယ်စင်စစ်သဗ္ဗညုဘုရား ဖြစ်ကြောင်းအပြီးအပြတ်ဆုံးဖြတ်အပ်ပြီးဖြစ်သဖြင့် ထိုဟေမဝတနတ်မင်း စုံစမ်းမေးမြန်းအပ်သည့် အလုံးစုံသော သဗ္ဗညုမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို ဝန်ခံဖြေကြားလိုရကား -

> မနောစဿ သုပဏိဟိတော၊ သဗ္ဗဘူတေသု တာဒိနော၊
> အထော ဣဋ္ဌေ အနိဋ္ဌေ စ၊ သင်္ကပ္ပဿ ဝသီကတာ။

အဆွေတော် ဟေမဝတနတ်မင်း. . ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏ စိတ်တော်သည် တာဒိဂုဏ်နှင့် ပြည့်စုံသူပီပီ ခပ်သိမ်းသော သတ္တဝါတို့၌ ချစ်ခြင်း မုန်းခြင်းအလျှင်းပင်မရှိ ပကတိတည်တံ့ပါ၏၊ ယခုဘုရား ဖြစ်သောအခါ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသည်ကိုမဆိုထားဘိဦး၊ ဘုရားဖြစ်ရန်ပါရမီတို့ကို ဖြည့်ကျင့်တော်မူစဉ်တပင် ဆဒ္ဒန်ဆင်မင်းဘဝ၌ကိုယ်တော်၏ အသက်ကိုလုပ်ကြံသတ်ဖြတ်သော သောနုတ္တိုရ်မုဆိုးကို သိလျှက် ရန်ငြိုးထားခြင်းမရှိမိမိ၏အစွယ်ကို ကိုယ်တိုင်ဖြတ်၍ ပေးအပ်လှူဒါန်းတော်မူခဲ့၏၊ မျောက်မင်းဘဝ၌လည်း ကိုယ်တော်၏ ဦးခေါင်းကို ကျောက်တုံးဖြင့် ထုစက်သတ်ဖြတ်သော ရန်သူပုဏ္ဏားကို အမျက်မထား ခရီးလမ်းညွှန်ပြတော်မူခဲ့၏၊ ဓမ္မပါလမင်းသားဘဝ၌လည်း ကိုယ်တော်၏ ခြေနှစ်ဘက်ကို ထွဲကိုင်၍ ယူဇနာခြောက်ဆယ်ရှိသော တဥတောင်တောက်ချောက်ကမ်းပါးအတွင်းသို့ ရက်ရက်စက်စက် ဦးခေါင်းဇောက်ထိုးပြစ်ချသော ပုဏ္ဏကဘီလူးကိုလည်း အမျက်မထား တရားဟောတော်မူခဲ့၏၊ ထို့ကြောင့် 'မနောစဿသုပဏိဟိတော' စသည်ဖြင့် သာတာဂိရနတ်မင်း ရဲရဲတင်းတင်းဖြေဆိုခြင်းဖြစ်သည်၊ အဆွေတော်ဟေမဝတနတ်မင်း. . ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် ဣဋ္ဌာရုံ၊

အနိဋ္ဌာရုံတို့၌ ချစ်မုန်းသောအားဖြင့်ပွားတတ်သည့် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်တို့ကို ဝယ်ရှားထင်းရှင်းနိုင်အောင် ပြုအပ်ပါကုန်ပြီဟူသော ဤဂါထာကို ရွတ်ဆိုဖြေကြားလေ၏။

ဤသို့ ဟေမဝတနတ်မင်းသည် ရှေးဦးစွာ မနောဒွါရနှင့်စပ်၍ ကာဝိဂုဏ်နှင့် ပြည့်စုံသည်၊ မပြည့်စုံသည်ကို မေးမြန်း၍ သာတာဂိရနတ်မင်းကြီးကလည်း ပြည့်စုံကြောင်းဝန်ခံစကား ပြောကြားလတ်သည်ကို ကြားနာရပြီးလျှင် ပို၍နိုင်မြဲအောင်ယခုအခါ ဒွါရသုံးပါးနှင့် စပ်၍လည်း၊ စင်ကြယ်မှုရှိ မရှိကို မေးမြန်းလိုရကား (တနည်း) ရှေးဦးစွာ ဒွါရသုံးပါးနှင့် စပ်၍ကာဝိဂုဏ်နှင့် ပြည့်စုံသည်ကို အကျဉ်းချုပ်အားဖြင့် မေးမြန်း၍ သာတာဂိရနတ်မင်းကလည်း ပြည့်စုံကြောင်းဝန်ခံစကား ပြောကြားလတ်သည်ကို ကြားနာရပြီးလျှင် ပို၍နိုင်မြဲအောင် အကျယ်အားဖြင့် မေးမြန်းလိုရကား -

ကစ္စိအဝိန္နာဝိယတိ၊ ကစ္စိပါဏောသု သညတော၊

ကစ္စိအာရာပ မာဒမှာ၊ ကစ္စိဈာနံ နရိဉ္စတိ။

အဆွေတော် သာတာဂိရနတ်မင်း၊ . သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် အသို့နည်း၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှကင်းသူဖြစ်ပါ၏၊ အသို့နည်းသတ္တဝါတို့၌ သတ်ဖြတ်ညှင်းဆဲခြင်း ဒုစရိုက်မှုမှတောင်းစွာ စောင့်စည်းရှောင်ကြဉ်သူဖြစ်ပါ၏လော အသို့နည်း ငါးပြာအာရုံကာမဂုဏ်တို့၌ ခုံမင်ငြိတပ်တပ်မက်မော၍ စိတ်ထားပျော်မွေ့မေ့လျော့ခြင်း ပမာဒ ကာမေသုမိစ္ဆာစာရ အပြဟွာစရိယ ဒုစရိုက်များမှ ကင်းရှင်းဝေးကွာပါ၏လော အသို့နည်း နီဝရဏငါးပါးပယ်ရှားဝေးလျှတ် ဈာန်သမာပါတ်ကို မဆိတ်သုန်းစေသူဖြစ်ပါ၏လောဟူသော ဤဂါထာကို ရွတ်ဆိုမေးမြန်းပြန်လေ၏။

ထိုအခါ သာတာဂိရိနတ်မင်းကလည်း မြတ်စွာဘုရားသည် ယခုအခါမှာသာ အဒိန္နာဒါန်စသည်တို့မှ ဝင်စစ်ရှောင်ကြဉ်သည်မဟုတ်သေး၊ ရှေးလွန်ခဲ့သောအခါကလည်း ရှည်မြင့်စွာသော ကာလပတ်လုံး အဒိန္နာဒါန်စသည်တို့မှ ရှောင်ကြဉ်တော်မူခဲ့သည်၊ ထိုထိုဒုစရိုက်မှုမှ ရှောင်ကြဉ်ခဲ့ခြင်း ဝိရတိတောင်းမှုတည်းဟူသော အာနုဘော်ကြောင့် ထိုထိုမဟာပုရိသလက္ခဏာတော်ကြီးများကို ရရှိတော်မူ၏၊ ယခုလောကလည်း 'ရဟန်းဂေါတမသည် အဒိန္နာဒါန်ဒုစရိုက်မှ ရှောင်ကြဉ်တော်မူ၏' စသည်ဖြင့် မြတ်စွာဘုရား၏ ကျေးဇူးတော်ကြေးကြော်ကြားလေသည်၊ ထို့ကြောင့် စင်ကြယ်သန့်ရှင်းရဲတင်းသော စကားဖြင့် ဖြေကြားလိုသည်ဖြစ်၍ -

နဒေသာအဒိန္နံအာဒိယတိ၊ အထောပါဏေသု သညတော၊

အထောအာရာ ပမာဒမှာ၊ ဗုဒ္ဓေါဈာနံနရိဉ္စတိ။

အဆွေတော် ဟေမဝတနတ်မင်း၊ . ငါဖူးတွေ့ခဲ့ရသောမြတ်စွာဘုရား အရှင်သည်ကိုယ်နှုတ်ဖြင့် မပေးအပ်သည့် သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှ ကင်းလှသူဖြစ်ပေ၏၊ သတ္တဝါတို့၌ သတ်ဖြတ်ညှင်းဆဲခြင်း ဒုစရိုက်မှုမှတောင်းစွာ စောင့်စည်းရှောင်ကြဉ်သူဖြစ်ပေ၏၊ ငါးပြာအာရုံကာမဂုဏ်တို့၌ ခုံမင်ငြိတွယ်တပ်မက်မော၍ စိတ်ထားပျော်မွေ့မေ့လျော့ခြင်းပမာ ကာမေသုမိစ္ဆာစာရ အပြဟွာစရိယ ဒုစရိုက်များမှ ကင်းရှင်းဝေးကွာစေ၏၊ နီဝရဏငါးပါး ပယ်ရှားဝေးကွာလျှတ် ဈာန်သမာပတ်ကို မဆိတ်သုန်းစေသူလည်းဖြစ်ပေ၏-ဟူသော ဤဂါထာကို ရွတ်ဆိုဖြေကြား

ဤသို့ ဟေမဝတနတ်မင်းသည် ကာယဒွါရ၌ စင်ကြယ်ကြောင်းအခြေစကားကို ကြားသိရပြီးနောက် ယခုအခါ ဝစီဒွါရ စင်ကြယ်မှုရှိမရှိကို မေးမြန်းလိုရကား -

ကစ္စိမုသာ နဘဏတိ၊ ကစ္စိန ခီဏ ဗျပ္ပထော၊

ကစ္စိဝေ ဘူတိယံနာဟ၊ ကစ္စိသမ္ဖံ နဘာသတိ၊

အဆွေတော် သာတာဂိရနတ်မင်း. . . အသို့နည်း သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် မုသား စကား မပြောကြားသူဖြစ်ပါသလော၊ သို့နည်း သတ္တဝါတို့အား စိတ်ထားညစ်နွမ်းစေကောင် ညှဉ်းပန်းတတ်သော ကြမ်းတမ်းယုတ်မာ ဖရုသဝါစာစကားမပြောကြားသူဖြစ်ပါ၏လော၊ အသို့နည်း သူနှစ်ဦးတို့၏ မေတ္တာတရား ဖျက်ပြားဆိတ်သုန်းစေတတ်သော ကုံးတိုက်စကား မပြောကြားသူဖြစ်ပါ၏လော၊ ကောင်းမြိန် စကားဖြင်း အလားတူးစီး အပွားအနှစ်မဲ့ပြီး သမ္ဖပ္ပလာပ စကားမပြောကြားသူ ဖြစ်ပါ၏လော ဟူသော ဤဂါထာကို ရွတ်ဆိုမေးမြန်းလေ၏၊

ထိုအခါ သာတာဂိရနတ်မင်းကလည်း မြတ်စွာဘုရားသည် ယခုအခါ ဘုရားဖြစ်သောအခါမှာသာ ဝစီဒုစရိုက်တို့မှ ရှောင်သည်မဟုတ်သေး ရှေးလွန်ခဲ့သော အတိတ်အခါကလည်း ကာလရှည်မြင့်စွာပင် မုသာဝါဒ သည်တို့မှ ရှောင်ကြဉ်တော်မူခဲ့၏၊ ထိုထိုဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခဲ့သော ဝိရတိကောင်းမှုကုသိုလ် ကံနေသော် ကြောင့် မေးတွင်းတော်တခု၌ မေးညှင်းတော်တပင် တပင်စီသာ ပေါက်ရောက်ခြင်း ဥဏ္ဏာလုံ မွေးရှင်ဘော်ပေါက် ရောက်ခြင်းစသော ထိုထိုမဟာပုရိသလက္ခဏာတော်ကြီးများကို ရရှိတော်မူ၏၊ တလောကလုံးကလည်း 'ရဟန်း ဂေါတမသည် မုသာဝါဒဒုစရိုက်တို့မှ ရှောင်ကြဉ်တော်မူ၏' စသည်ဖြင့် မြတ်စွာဘုရား၏ ကျေးဇူးစကား ပြောကြားရ လေသည်၊ ထို့ကြောင့် စင်ကြယ်သန့်ရှင်း ရဲတင်းသောစကား ပြောကြားလိုသည်ဖြစ်၍ -

မုသာစသော နဘဏတိ၊ အထော န ခီဏဗျပ္ပထော၊

အထော ဝေဘူတိယံ နာဟ၊ မန္တာ အတ္ထံ သော ဘာသတိ၊

"အဆွေတော် ဟေမဝတနတ်မင်းငါ တွေ့ခဲ့ရသော မြတ်စွာဘုရားသည် မုသားစကားကို မပြောကြား သူလည်း မှန်ပေ၏၊ ကြမ်းတမ်းယုတ်မာသော ဖရုသဝါစာစကားမပြောကြားသူလည်း မှန်ပေ၏၊ ကုံးတိုက်စကား မပြောကြားသူလည်း မှန်ပေ၏၊ ပညာမြင့်မိုရ်းခြား၍ အကျိုးရှိသောစကားကိုသာ ပြောကြားတော်မူပေ၏" ဟူသော ဤဂါထာကို ရွတ်ဆိုပြောကြားလေ၏၊

ဤသို့ ဟေမဝတနတ်မင်းသည် ဝစီဒွါရ၌ စင်ကြယ်ကြောင်း အခြေစကားကို ကြားသိရပြီးနောက် ယခုအခါ မနောဒွါရ၌ စင်ကြယ်မှု ရှိမရှိနှင့် မောဟကို လွန်မြောက်လျက် စက္ခုငါးပါးနှင့် ပြည့်စုံသူ ဟုတ်မဟုတ်ကို မေးမြန်းလိုရကား -

ကစ္စိနရဇ္ဇတိ ကာမေသု၊ ကစ္စိ စိတ္တံအနာဝိလံ

ကစ္စိ မောဟံ အတိက္ကန္တော၊ ကစ္စိ ဓမ္မေသုစက္ခုမာ၊

"အဆွေတော် သာတာဂိရနတ်မင်း. . အသို့နည်း သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် ဝတ္ထုကာမကိလေသာကာမတို့၌ ခုံမင်တပ်မက်ခြင်းတည်းဟူသော အဘိဇ္ဈာတရား ပယ်ရှားတင်းရှင်းသူ မှန်ပါ၏လော၊ အသို့နည်း သင်တွေ့ဖူးခဲ့ရသော မြတ်စွာဘုရား၏ စိတ်သည် ဗျာပါဒဓါတ်တရားဖြင့် နောက်ပြားနောက်ကျခြင်းမှ တင်းရှင်းပါ၏လော၊ အသို့နည်းသင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် မိစ္ဆာဒိဋ္ဌိ၏ အခြေခံအကြောင်းတရား

မောဟလေးပါးကို ပယ်ရှားလွန်မြောက်ပြီးသူ မှန်ပါ၏လော၊ တသို့နည်း အလုံးစုံ လောကတရားတို့၌ အဆီးအတား အဝိတ်အပင်မရှိ ထိုးထွင်းမြင်တတ်သော ပညာမျက်စိရှိသူမှန်ပါ၏လော" ဟူသော ဤဂါထာကို ရွတ်ဆိုမေးမြန်းလေ၏။ ဤဂါထာ၌ ဝွါရသုံးသွယ်စင်ကြယ်ရှုမှုဖြင့် လည်းဘုရားမဟုတ်သေး၊ သဗ္ဗညုတဉာဏ်တနည်း၊ ကျေငါးပါးနှင့် ပြည့်စုံသူဖြစ်မှသာ ဘုရားစင်စစ်ဖြစ်နိုင်သည်ဟု နှလုံးသွင်း၍ ကစ္ဆိမေသုစတ္တုမှာ - တရားအလုံးတို့၌ထိုးထွင်း သိမြင်တတ်သော ပညာမျက်စိရှိသူမှန်ပေ၏လောဟူ၍ မေးမြန်းခြင်းဖြစ်လေ၏။

ထိုအခါ သာတာဂိရနတ်မင်းကလည်း မြတ်စွာဘုရားသည် အဟတ္တပိုလ်သို့ ရောက်သေးမှီ အနာဂါမိမဂ်ဉာဏ်ဖြင့် ကာမရာဂကိလေသာနှင့် ဗျာပါဒ ကိလေသာတို့ကို ပယ်ရှားပြီးဖြစ်သောကြောင့် ကာမဝတ္ထုတို့၌ တပ်မက်သော သာယာခြင်းကင်းရှင်းတော်မူခဲ့၏။ ဗျာပါဒဓါသ တရားဖြင့်ဖောက်ပြားနောက်ကျခြင်းမှ ကင်းရှင်းသော စိတ်လည်းရှိတော်မူ၏၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့် မိစ္ဆာဒိဋ္ဌိ၏ အကြောင်းဖြစ်သည့် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော သစ္စပဋိစ္ဆာဒကမောဟကို ပယ်ရှားပြီးဖြစ်သောကြောင့် မောဟကို လွန်မြောက်ပြီးသူလည်းဖြစ်ပေ၏၊ ဆရာမကူသယမ္ဘူဉာဏ်ဖြင့်ပင် သစ္စာလေးပါးကို သိမြင်တော်မူသောကြောင့် ဉာဏ်မျက်စိများတိုလည်းရတော်မူပြီးဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရား၏ မနောဒွါရ၌စင်ကြယ်ခြင်းရှိကြောင်းနှင့် သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍ဘုရားစင်စစ်ဖြစ်တော်မူကြောင်းကို ရဲရဲတောက်ကြွေးကြော်မြွက်ကြားလိုသည်ဖြစ်၍ -

နသောရှုတိ ကာမေသု၊ အထောစိတ္တံအနာဝိလံ၊
သဗ္ဗမောဟံ အတိက္ကန္တော၊ ဗုဒ္ဓေါ ဓမ္မေသု စက္ခုမာ၊

အဆွေတော် ဟေမဝတနတ်မင်း. . . ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် ဝတ္ထုကာမ ကာမဂုဏ်တို့၌ ခုံမင်တပ်မက်ခြင်းတည်းဟူသော အဘိဇ္ဈာတရား ပယ်ရှားကင်းရှင်းသူလည်းမှန်ပေ၏၊ ငါတွေ့ဖူးခဲ့ရသော မြတ်စွာဘုရား၏ စိတ်တော်သည် ဗျာပါဒဓါသတရားဖြင့် ဖောက်ပြားနောက်ကြခြင်းမှလည်း ကင်းရှင်းပေ၏၊ ငါတွေ့ဖူးခဲ့ရသော မြတ်စွာဘုရားသည် မိစ္ဆာဒိဋ္ဌိ၏ အခြေခံအကြောင်းတရား အလုံးစုံသော မောဟလေးပါးကို ပယ်ရှားလွန်မြောက်ပြီးသူလည်း မှန်ပေ၏၊ ခပ်သိမ်းသောတရားတို့ကို သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်းသိမြင်တော်မူသောကြောင့် ဗုဒ္ဓဟူသောအမည်ကို ရရှိတော်မူသည့်အပြင် ကျေငါးပါးနှင့် လည်းပြည့်စုံတော်မူပေ၏ - ဟူသော ဤဂါထာကို ရွတ်ဆိုမြွက်ကြားလေ၏၊

ဤသို့လျှင် ဟေမဝတနတ်မင်းသည် မြတ်စွာဘုရားရှင်၏ ဝွါရသုံးပါး၌ စင်ကြယ်သန့်ရှင်း တော်မူခြင်းနှင့် သဗ္ဗညုဘုရားစင်စစ်ဖြစ်တော်မူခြင်းကို ကြားသိရှင်လန်းအလွန်ဝမ်းမြောက်ပြီးလျှင် အတိတ်သာသနာဘပမြတ်စွာသာသနာတော်အတွင်းက အကြားအမြင်များခြင်း၊ ဗဟုသုတမဂ်လာကြောင့် လွန်စွာ သန့်ရှင်းသော ဉာဏ်ပညာဖြင့် မထင်မပြီးရုတ်တိုင်းထိသော စကားရှိသူဖြစ်ရကားတဲ့ဖွယ်သရဲ ထူးကဲသော မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကိုဆက်၍ အဖန်နှာယူပြန်လိုရကား -

ကစ္စိဝိဇ္ဇာယ သမ္ပန္နော၊ ကစ္စိသံသုဒ္ဓ စာရဏော
ကစ္စိဿ အာသဝါ ခီဏာ၊ ကစ္စိနတ္ထိ ပုနဗ္ဘဝေါ၊

အဆွေတော် သာတာဂိရနတ်မင်း၊ သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် ဘုရားစကား ပြည့်စုံသော

ဝိဇ္ဇာချတ်စီမှင့် ပြည့်စုံသူ မှန်ပါ၏လော၊ အသို့နည်း နိဗ္ဗာန်သို့သွားကြောင်း မြေကောင်းသဖွယ်ဖြစ်သည့် စင်ကြယ်သော စရဏတရားတဆယ့်ငါးပါး ရှိသူမှန်ပါ၏လော၊ အသို့နည်း သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏ သန္တာန်၌ အာသဝေါတရားလေးပါးတို့ ရှားပါးကုန်ခန်းပြီးဖြစ်ကြပါကုန်၏လော၊ အသို့နည်း သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားမှာ တံဖန်ဘဝသစ်၌ဖြစ်ရခြင်း ပဋိသန္ဓေနေရခြင်း ကင်းပါ၏လောဟူသော ဤဂါထာကို ရွတ်ဆို မေးမြန်းလေ၏။

ထိုအခါ သာတာဂိရ နတ်မင်းသည် မြတ်စွာဘုရား၏ သဗ္ဗညုဘုရားစင်စစ်ဖြစ်တော်မူခြင်း၌ နှစ်နှစ် ကာကာ သက်ဝင်ယုံကြည်ဆုံးဖြတ်အပ်သော စိတ်နှလုံးရှိသူ ဖြစ်ရကား၊ ဟေမဝတနတ်မင်းမေးမြန်း အပ်သည့် ဂုဏ်အားလုံးတို့၌ မြတ်စွာဘုရားထင်ရှားကုန်လုံးပြည့်စုံစွာ ရှိကြောင်းဝန်ခံဖြေကြားလိုသည်ဖြစ်၍ -

ဝိဇ္ဇာယ စေဝ သမ္ပန္နော၊ အထောသိ သုစက္ခုစာရဏော။
သဗ္ဗာသ အာသဝါ ခီဏာ၊ နတ္ထိ တဿ ပုနဗ္ဘဝေါ။

အဆွေတော် ဟေမဝတနတ်မင်း. . . ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် ဘုရားစတော ပြည့်စုံရသော ဝိဇ္ဇာမျက်စိနှင့် ပြည့်စုံသူလည်းမှန်ပေ၏၊ ထို့ပြင် နိဗ္ဗာန်သို့သွားကြောင်း၊ မြေကောင်းသဖွယ် စင်ကြယ်သော စရဏတရား တဆယ့်ငါးပါးရှိသူလည်း မှန်ပေ၏၊ ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏သန္တာန်၌ အလုံးစုံသော အာသဝေါတရားတို့ ရှားပါးကုန်ခန်းပြီးလည်း ဖြစ်ကြပါကုန်၏၊ ထိုငါဖူးတွေ့ခဲ့ရသော မြတ်စွာ ဘုရားမှာ ထပ်ဖန်ဘဝအသစ်၌ဖြစ်ရခြင်း ပဋိသန္ဓေနေရခြင်းလည်း ကင်းပေ၏ဟူသော ဤဂါထာကို ရွတ်ဆို ဖြေကြားလေ၏။

ထိုအခါ ဟေမဝတနတ်မင်းသည် 'သခင်သာတာဂိရနတ်မင်းဖူးတွေ့ခဲ့ရသော မြတ်စွာဘုရားသည် သဗ္ဗာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားစင်စစ်ဖြစ်ပေ၏' ဟု မြတ်စွာဘုရား၌ ယုံမှားခြင်းကင်းပြီးလျှင် ကောင်းကင်၌ ရပ်တည်ခြင်းအပင် မြတ်စွာဘုရားကို ချီးမွမ်းလိုသဖြင့်၎င်း၊ သာတာဂိရနတ်မင်းကိုလည်း ဝမ်းမြောက် စေလိုသဖြင့်၎င်း -

သမ္ပန္နံ မုနိနော စိတ္တံ၊ ကမ္မုနာ ဗျပ္ပထေန စ
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဓမ္မတော နံ ပသံသသိ၊

အဆွေတော် သာတာဂိရိနတ်မင်း. . . သင်ဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏ စိတ်တော်သည် အာဒိဂုဏ်နှင့်လည်း ပြည့်စုံပါပေ၏၊ ကာယကံစင်ကြယ်မှု၊ ဝစီကံ စင်ကြယ်မှု၊ မနောကံစင်ကြယ်မှုတို့နှင့်လည်း ပြည့်စုံပါပေ၏၊ အဆွေတော် သာတာဂိရိနတ်မင်းသည် ဝိဇ္ဇာသုံးပါး၊ စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို ဟုတ်မှန်သောအတိုင်းပင် ချီးမွမ်းအားရ နှစ်သက်စေလေ၏။

ထိုအခါ သာတာဂိရနတ်မင်းသည်လည်း 'အဆွေတော်ဟေမဝတနတ်မင်း. . . သင်ပြောဆိုသော အကြောင်းအရာသည် ပြောသည့်အတိုင်းပင်ဖြစ်ပေ' အဆွေတော်သည် မြတ်စွာဘုရား၏ဂုဏ်ကို ကောင်းကောင်း ကြီးလည်းသိအပ်ပါပြီ ကောင်းစွာလည်းဝမ်းမြောက်အပ်ပါပြီ' ဟု ပြောဆိုလိုသော အဓိပ္ပါယ်ဖြင့် ထိုဟေမဝတ နတ်မင်းကို ထပ်မံဝမ်းမြောက်စေလိုပြန်ရကား -

သမ္ဗုဒ္ဓ ပုနိနော စိတ္တံ၊ ကမ္မုနာ ဗုဒ္ဓ ထေနစ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဓမ္မတော အနုမောဒသိ။

အဆွေတော် ယောမဝတနတ်မင်း ငါဖူးတွေ့ခဲ့ရသော မြတ်စွာဘုရား၏ စိတ်တော်သည် တာဒိဂုဏ်နှင့်လည်းပြည့်စုံပေ၏၊ ကာယကံစင်ကြယ်မှု၊ ဝစီကံစင်ကြယ်မှု၊ မနောကံစင်ကြယ်မှုတို့နှင့်လည်း ပြည့်စုံပေ၏၊ အဆွေတော် ယောမဝတနနတ်မင်းသည် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို ဟုတ်မှန်သောအတိုင်းပင် ကြည်ညို ဝမ်းမြောက်ဝါပေ၏ဟူ၍ ပြောဆိုပြီးလျှင် ဟေမဝတနနတ်မင်းကို မြတ်စွာဘုရားထံသို့ သွားရောက်ရန် တိုက်တွန်းနိုးဆော်ခေါ်ယူလိုပါသဖြင့် -

သမ္ဗုဒ္ဓံ ပုနိနောစိတ္တံ၊ ကမ္မုနာ ဗုဒ္ဓတောနစ၊
ဝိဇ္ဇာစရဏ သမ္ပန္နံ၊ တန္တပဿာမ ဂေါတမံ။

အဆွေတော် ဟေမဝတနနတ်မင်း. . . ငါဖူးတွေ့ခဲ့ရသောမြတ်စွာဘုရား၏ စိတ်တော်သည် တာဒိဂုဏ်နှင့် ပြည့်စုံပေ၏၊ ကာယကံစင်ကြယ်မှု၊ ဝစီကံစင်ကြယ်မှု၊ မနောကံစင်ကြယ်မှုတို့နှင့် လည်း၊ ပြည့်စုံပေ၏၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို ယခုပင် သွားရောက်ဖူးမျှော်ကြပါစို့ဟူသော ဂါထာကို ရွတ်ဆိုခေါ်ယူလေသည်။

ထိုအခါ ဟေမဝတနတ်မင်းသည် ရှေးဘဝကပင်ပါလာသော ဉာဏ်ပညာဗဟုသုတအစွမ်းရှိသူပီပီ ဓိဓိနှစ်သက်အပ်သော ဂုဏ်တော်ရှုတို့ဖြင့် မြတ်စွာဘုရားကိုချီးမွမ်းလျှက် သာတာဂိရနတ်မင်းကို ဘုရားဖူးသွားရန် ဝန်ခံခေါ်ယူလိုသည်ဖြစ်၍ -

ဧဏိဇင်္ဃံ ကိသံဝီရံ၊ အပ္ပါဟာရံ အလောလုပံ ။
မုနိံ ဝနသ္မိံ ဈာယန္တံ၊ ဧဟိ ပဿာမ ဂေါတမံ ။
သီဟံဝေကစရံနာဂံ၊ ကာမေသု အနပေက္ခိနံ ။
ဥပသင်္ကမ္မ ပုစ္ဆာမ၊ မစ္စုပါသပ္ပမောစနံ ။

အဆွေတော် သာတာဂိရိနတ်မင်း. . . လာသွားကြစို့၊ ဇောဓမြိုင်ဖျား ဧဏီသားကဲ့သို့ လုံးလျားဖင့်တယ်သည့် သလုံးမြင်းခေါင်းရှိတော်မူသော ရှည်ခြင်းငါမည်တို့သည်တား လေးအသေး စတုမြင့်မှုခြောက်ဆင့် ဝန်းသင့်သည့်အရာဝန်းလှစွာသည့် အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံတော်မူသော ကိုယ်တွင်းတိုယ်ပနှစ်ဝသောရန်ကို တွန်းလှန်ဟိုက်ဖျက်ခြင်းငှာစွမ်းနိုင်သည့် လုံ့လဝီရိယရှိတော်မူသော၊ တထပ်တည်းသော ကိုယ်ခန္ဓာမှတခဲ့ အစာအာဟာရကိုမှီဝဲလေ့ရှိသော အစာအာဟာရ၌ လောလုပ္ပတဏှာကို ပယ်ရှားပြီး ဖြစ်တော်မူသော မင်ဉာဏ်လေးပုံနှင့်ပြည့်စုံတော်မူသော ဆိတ်ငြိမ်ရာတောအရပ်၌ ဈာန်ဝင်စားတာ နေလေ့ရှိတော်မူသော ဂေါတမနွယ်ဖွား ရှင်တော်ဘုရား တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော ဂေါတမမြတ်စွာရှင်တော်ဘုရားကို ယခုပင်သွားရောက်ဖူးမျှော်ကြပါစို့ဟူသော ဂါထာကို ရွတ်ဆိုခေါ်ယူလေသည်။

အဆွေတော်သာတာဂိရနတ်မင်း. . . ငါတို့သည် ကေသရာဇာခြင်္သေ့မင်းအတူသာမာန် လူတို့ချဉ်းကပ်ရန် မလွယ်ကူသော လောကဓံတို့ကိုလည်း သည်းခံတော်မူသော လောကဓာတ်တိုက်တခု၌ တရာ

တည်သောဖြစ်ပွင့်တော်မူသော ဆဒ္ဒန်ဆင်မင်းနှင့် အတူကြီးမားသော ကာယညာဏဗလစွမ်းဟန်နှင့် ပြည့်စုံသော ဝဿကာမလူသမှုတို့၌ ဆန္ဒရာဝတင်းရှင်းတော်မူသော မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ချဉ်းကပ်ကြပြီးလျှင် သေမင်း၏ ကျော့ကွင်းတည်းဟူသော ဝေဒနာမကဝဋ်ဒုက္ခမှ လွတ်မြောက်ရာမှန် နိဗ္ဗာန်တရားကို လျှောက်ထားမေးမြန်းကြပါကုန်စို့ဟူသော ဝါဒကိုရွတ်ဆိုကာ သာဝကဂီရနတ်မင်းနှင့်တကွ အခြံအရံဖြစ်ကြသည့် နတ်ဘီလူးတထောင်တို့ကို ဘုရားထံမှောက် သွားရောက်ဖူးမျှော်တရားတော်နာယူရန် တိုက်တွန်းခေါ်ယူလေသည်။

## တာင်ဒီအမျိုးသမီး သောတာပန်တည်ခြင်း

ထိုနေ့ကား ရာဇဂြိုလ်မြို့၌ ဝါဆိုလပွဲသဘင်ကြီး ဆင်ယင်ကျင်းပနေသော နေ့ဖြစ်လေသည်။ ထိုအခါ ဂတ်ဝန်းကျင်မှ မွန်မြတ်သော အဆင်းတန်ဆာတို့ဖြင့် တန်ဆာဆင်ယင်အပ်သော တာဝတိံသာနတ်မြို့တော်ဝယ် တင့်တယ်ကြီးမြတ်သော နတ်၏ စည်းစိမ်ကို ခံစားရသော နတ်သငီးကဲ့သို့ ရာဇဂြိုလ်ပြည်ကြီးဝယ် ကုရရဃရမြို့၌ နေသူတာင်ဒီအမည်ရှိသော အမျိုးသမီးသည် မိဘတို့၏ အိမ်ပြသာဒ်ထက်သို့တက်၍ ခြသေ့်ခံသော လေသွန်တံခါးတိုဖွင့်လျှက် ဖွားမြင်အံ့ဆဲဆဲသောဝန်၏ ပင်ပန်းခြင်းကို ပယ်ဖျောက်လိုသဖြင့် လေညှင်းခံကာ ရပ်တည်နေဆဲဖြစ်၏။ တာင်ဒီအမျိုးသမီးကား ရာဇဂြိုလ် ပြည်သူဖြစ်၏၊ အရွယ်ရောက်သောအခါ ကုရရဃရမြို့၌ အိမ်ထောင်ကျ၍ သောဏာကုဋိကဏ္ဏမထေရ်၏ အလောင်းဝိုယ်ဝန်ရှိသောအခါ မိဘရပ်ထံပြန်၍ ကိုယ်ဝန်သားကို ဖွားမြင်အံ့ဟု ကြံစည်ကာ ရာဇဂြိုလ်ပြည် မိဘအိမ်သို့ ပြန်လာ၍ ပြာသာဒ်ထက်သို့ တက်ပြီးလျှင် ဖွားအံ့ဆဲဆဲသော ကိုယ်ဝန်ကြောင့်ဖြစ်သည့် ပင်ပန်းခြင်းကိုပယ်ဖျောက်ရန် လေညှင်းခံ၍နေခိုက် နတ်ဘီလူးနှစ်ဦးတို့ ပြောသော ဘုရားဂုဏ်တော်များကို တဆင့်စကားကြားနာရလေသည်။

တာင်ဒီအမျိုးသမီးသည် ထိုနတ်ဘီလူးစစ်သူကြီးနှစ်ဦးတို့ အသီးသီးပြောဆိုကြသည့် ဘုရားရှင်၏ ဂုဏ်တော်နှင့်စပ်သော တရားစကားကို ၈၊ လယ်၊ ဆုံး သုံးပါးလုံးကြားနာရ၍ မြတ်စွာဘုရားတို့သည် ဤသို့ တုံ့မှယ် အထူးဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူပါပေစွတကားဟု ဘုရားဂုဏ်ကို အာရုံပြု၍ နှစ်သက်ခြင်းပီတိ တရားကို ဖြစ်ပွားစေပြီးလျှင် ထိုပီတိဖြင့်ဝင် နိဝရဏတရားတော်တို့ကိုပယ်ခွာ၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းမှု ပြုလေလျှင် ထိုနေရာ၌ရပ်တည်နေရင်းပင် သောတာပတ္တိဖိုလ်သို့ ရောက်ရှိလေ၏။ ထိုတာင်ဒီ အမျိုးသမီးသည် မာတုဂါမ မိန်းမတို့အနက် ရှေးဦးစွာသောတာပန်တည် အရိယာသာဝကဖြစ်၍ အမျိုးသမီးပိုင်းတွင် အကြီးဆုံး အမကြီးသဖွယ်ဖြစ်လေသည်။ ထိုညဉ့်မှာပင် တာင်ဒီအမျိုးသမီးသည် သောဏာကုဋိကဏ္ဏမထေရ်၏အလောင်း သတို့သားကို ဖွားမြင်ပြီးနောက် မိဘအိမ်တွင်အလို့ရှိသလောက် နေထိုင်ပြီးလျှင် မိမိနေရာ ကုရရဃရမြို့သို့ ပြန်သွားလေ၏။

ထိုသို့ မြတ်စွာဘုရားကို ရှေးတကြိမ်တခါမျှ မဖူးတွေ့ဘူးဘဲလျက် တဆင့်စကားကြားသိကာ ဘုရားဂုဏ်ကို သတ်ဝင်ယုံကြည်ပြီးလျှင် သူတပါးအတွက် ချက်၍ထားသောထမင်းပွဲကို အလွယ်တကူ စားသုံးသူကဲ့သို့ သောတာပတ္တိဖိုလ်၌တည်သောကြောင့်ပင် ထိုတာင်ဒီအမျိုးသမီးဥပါသိကာကို မြတ်စွာဘုရားသည် နောက်အခါ ဇေတဝန်ကျောင်း၌ ရဟန်းအပေါင်းတို့ အလယ်၌ထိုင်နေတော်မူကာ ဥပါသိကာမတို့ကို စတုဒ်ဘွဲ့နှင်းသဘင်

ဆင်ယင်တော်မူလတ်သည်ရှိသော် 'ချစ်သား ရဟန်းတို့ . . တဆင့်စကားကြားသဖြင့် ရတနာသုံးပါး၌ သက်ဝင်ကြည်ညိုကြသူ ငါ့ဒကာ၊ ဒါယိကာ၊ ဥပါသကာ၊ ဥပါသိကာ အပေါင်းတွင် ကုရရဃရမြို့၌နေသူ ကာဠီအမည်ရှိသော အမျိုးသမီးသည် အမြတ်ဆုံးအသာလွန်ဆုံးဖြစ်၏' ဟူ၍ အနုဿဝပဿာဓ တဆင့်ကြားရုံဖြင့် ကြည်ညိုသော သရာ၌ တော်ထားတော်မူလေ၏။

နတ်စစ်သူကြီး နှစ်ဦးတို့ဘုရားထံမှောက်ရောက်ရှိကြခြင်း၊ သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်းနှစ်ဦးတို့သည် မိမိတို့၏ အခြွေအရံဖြစ်သည့် နတ်ဘီလူးတထောင်ခြံရံကုန်လျက် ထိုညဥ့်သန်းခေါင်ယံ အချိန်၌ တရာဏသီပြည် ဣသိပတနမိဂဒါဝုန်သို့ သွားရောက်ကြ၍ ဓမ္မစကြာတရားဟောကြားတော်မူစဥ် ဖွဲ့ခွေသောတင်ပလ္လင်ကို မဖျက်ရသေးဘဲ ထိုင်နေမြဲ ထိုင်နေတော်မူသော မြတ်စွာဘုရားအထံသို့ ဆည်းကပ်ရှိခိုးပြီးလျှင် -

အတ္တတာနံပဝတ္တာမှ သဗ္ဗဓမ္မာ နပါရရဲ ။

ဗုဒ္ဓံဝေရတယာတိတံ၊ မယံပုစ္ဆာမ ဂေါတမံ ။

သစ္စာလေးပါးမြတ်တရားကို အကျဉ်းအကျယ်နှစ်သွယ်ပိုင်းခြားဟောကြားတော်မူသော ခပ်သိမ်းသော တရားတို့၌ အဘိညာ + ပရိညာ + ပဟာန + ဘာဝနာ + သစ္ဆိကိရိယ + သမာပတ္တိအားဖြောက်ပါးသော အချင်းအရာတို့ဖြင့် အဘက်ကမ်းရောက် ထက်မြောက်သိမြင်တော်မူသော မောဟတည်းဟူသော အိပ်ပျော်ခြင်းမှလည်း နိုးကြားတော်မူသော၊ ပါဏာတိပါတစသည် ငါးတန်သောရန်တို့ကိုလည်း လွန်မြောက်တော်မူပြီးသော ဂေါတမနွယ်ဖွား ရှင်တော်ဘုရားကို အကျွန်ုပ်တို့သည် မသိမမြင်သော အချက်များကိုလျှောက်ထား မေးမြန်းပါရစေတုန်ဘုရားဟူသော ဤဂါထာဖြင့် မြတ်စွာဘုရားကိုချီးမွမ်းလျက် ပြဿနာမေးလျှောက်ရန် ခွင့်ပန်ကြလေကုန်သည်။ ခွင့်ပန်ပြီးလျှင် ထိုနတ်မင်းကြီး နှစ်ဦးတို့တွင် တန်ခိုးပညာသာလွန်မြင့်မြတ်သော ဟေမဝတနတ်မင်းသည် မိမိမေးလျှောက်လိုသော အကြောင်းအရာကို မေးလျှောက်လိုရကား -

ကိသ္မိံလောကောသမုပ္ပန္နော၊ ကိသ္မိံ ကုဗ္ဗတိသန္ထဝံ၊

ကိဿလောကော ဥပါဒါယ၊ ကိသ္မိံလောကောဝိဟညတိ။

ဘုန်းတော်ကြီးသောမြတ်စွာဘုရား . . အဘယ်တရား ထင်ရှားရှိလတ်သော် သတ္တလောက၊ သင်္ခါရလောကနှစ်ပါး ထင်ရှားဖြစ်ပါသနည်း။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းသည် အဘယ်တရားထင်ရှားရှိလတ်သော် သတ္တဝါအပေါင်းသည်အဘယ်တရား၌ ငါဥစ္စာ' ဟူ၍ တဏှာဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့မှုပြုကြပါသနည်း။ အဘယ်တရားကို အစွဲပြု၍သတ္တလောကသင်္ခါရလောက ဟူ၍ ခေါ်ဝေါ်မှုဖြစ်ပါသနည်း။ အဘယ်တရား ထင်ရှားရှိလတ်သော် တနည်းအဘယ်တရားကြောင့် လူ၊နတ်၊ဗြဟ္မာသတ္တဝါအပေါင်းသည် ပင်ပန်းနွမ်းနယ်ရသနည်းဟူသော ဤဂါထာဖြင့် မြတ်စွာဘုရားကို လျှောက်ထားမေးမြန်းလေ၏။

ထိုအခါမြတ်စွာဘုရားသည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်တည်းဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ စိတ်ဖြင့် သိအပ်သော တရားတည်းဟူသော ဗာဟိရာယတန ခြောက်ပါးတို့ဖြင့် အစွမ်း၏ ထိုဟေမဝတနတ်မင်း၏ အမေးကို ဖြေတော်မူလိုသည်ဖြစ်၍ -

ဆသုလောကော သမုပ္ပန္နော၊ ဆသုကုဗ္ဗတိ သန္ထဝံ ။

ဆန္နမေဝ ဥပါဒါယ၊ ဆသုလောကော ဝိဟညတိ

ဟေမဝတနတ်မင်း. . အဇ္ဈတ္တိကာယတန ခြောက်ပါးဗာဟိရာယတနခြောက်ပါးတို့ ထင်ရှား ရှိလတ်ဖြစ်လတ်သော်သတ္တလောက၊ သင်္ခါရလောက နှစ်ပါးထင်ရှားဖြစ်ပေါ်လာ၏။ လူနတ်ဗြဟ္မာသတ္တဝါအပေါင်း တည်းဟူသော သတ္တလောကသည် ပရမတ္ထတရားသားအားဖြင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော အဇ္ဈတ္တိကာယတနခြောက်ပါး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ စိတ်ဖြင့် သိအပ်သောတရားအစုတည်း ဟူသော ဗာဟိရာယတန ခြောက်ပါး၊ ဤအာယတန တဆယ့်နှစ်ပါးတို့သာလျှင်ဖြစ်၏။ ထိုအာယတန တဆယ့် နှစ်ပါးတို့လွတ်၍ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါဟူ၍မရှိ။ လယ်ယာ၊ မိုးမြေရွှေငွေပါး အစရှိသော သင်္ခါရလောက ဟူသည်လည်း ပရမတ္ထတရားအားဖြင့် ဗာဟိရာရတန ခြောက်ပါးကို လွတ်၍သက်မဲ့ ခန္ဓာတည်းဟူသော သင်္ခါရ လောက ဟူ၍မရှိ ထို့ကြောင့် မြတ်စွာဘုရားသည် 'ဆသုလောကောသမုပ္ပန္နော - အဇ္ဈတ္တိကာယတနခြောက်ပါး ဗာဟိရာရတန ခြောက်ပါးတို့ထံ ငါ့အားရှိလတ် ဖြစ်ပေါ်လတ်သော် သတ္တလောကသင်္ခါရလောက နှစ်ပါးထင်ရှား ဖြစ်ပေါ်လာ၏' ဟူ၍ဖြေဆိုတော်မူသည်။

ဟေမဝတနနတ်မင်း. . . လူနတ်ဗြဟ္မာသတ္တဝါအပေါင်းသည် အဇ္ဈတ္တိကာယတနခြောက်ပါး ဗာဟိ ရာယတနခြောက်ပါး ဤတရားအစု၌ 'ငါ+ငါ့ဥစ္စာ' ဟူ၍ တဏှာဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့မှုပြု၍ နေကြ၏။ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းသည် ငါသူတပါးယောကျ်ား မိန်းမလယ်ယာမိုးမြေ အစရှိသည် ထင်မှတ်၍ 'ငါ' ဟူ၍ရင်း၊ 'ငါ့ဥစ္စာ' ဟူ၍ရင်း တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူမိတ်ဖွဲ့အပ်သမျှ တရားအစုသည် ပရမတ္ထတရားသားအားဖြင့်ဖော်ပြရာ ပါအဇ္ဈတ္တိကာယတနခြောက်ပါး၊ ဗာဟိရာရတနခြောက်ပါး တရားအစုမျှသာဖြစ်၏။ မှန်၏. . . လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းသည် မျက်စိကိုမှုလည်း 'ငါ+ငါ့ဥစ္စာ' ဟူ၍စွဲယူထင်မှတ်တဏှာဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့ကြ၏။ နားကို သော်ရင်း၊ နှာကိုသော်ရင်း၊ လျှာကိုသော်ရင်း၊ ကိုယ်ကိုသော်ရင်း၊ စိတ်ကိုသော်ရင်း၊ အဆင်းကိုသော်ရင်း၊ အသံကိုသော်ရင်း၊ အနံ့ကိုသော်ရင်း၊ အရသာကိုသော်ရင်း၊ အကြမ်းအနု အပူအအေးစသော အတွေ့အထိကို သော်ရင်း၊ စိတ်ဖြင့် ကြသိအပ်သည့် ဓမ္မကိုသော်ရင်း၊ 'ငါ + ငါ့ဥစ္စာ'ဟူ၍ စွဲယူထင်မှတ်တဏှာဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့ကြ၏။ ထို့ကြောင့် မြတ်စွာဘုရားသည်'ဆသုကုဗ္ဗတိသန္ထဝံ - လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းသည် အဇ္ဈတ္တိကာယတနခြောက်ပါး ဗာဟိရာရတနခြောက်ပါး၌တရားအစု၌ 'ငါ + ငါ့ဥစ္စာ'ဟူ၍ တဏှာဒိဋ္ဌိဖြင့် မိတ်ဖွဲ့မှုပြု နေကြ၏' ဟူ၍ဖြေဆိုတော်မူသည်။

ဟေမဝတနတ်မင်း. . . အဇ္ဈတ္တိကာယတနခြောက်ပါး ဗာဟိရာယတနခြောက်ပါး၌ တရားတို့ ထင်ရှားရှိလတ်သော် တနည်း၊ဤတရားများကြောင့် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းသည် ပင်ပန်းနွမ်းနယ်ရ၏။ အာ- ဒိတ္တပရိယာယဒေသနာတော်အတိုင်း အာယတနတစ်ဆယ့်နှစ်ပါးတို့ကိုရာဂမီး၊ ဒေါသမီး၊ မောဟမီး အစရှိသော တဆယ့်တစ်မီးတို့တညီးညီး တပြောင်ပြောင်တောက်လောင်လျှက် ရှိပေ၏။ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါ အပေါင်းတည်းဟူသော သတ္တလောကဟူသည်မှာလည်း ပရမတ္ထတရားသားအားဖြင့် အာယတန တစ်ဆယ့်နှစ်ပါး အတွင်းခြောက်ပါး၊ အပြင်ခြောက်ပါးတို့သာလျှင် ဖြစ်၏။ ထိုအာယတနတို့မှာလည်း အမြဲတစေ တဆယ့်တစ်မီးတို့

အသီးသီး တောက်လျှောက်လောင်လျှတ် ရှိလေ၏၊ အာယတနရှိသောကြောင့် မီးအလောင်ခံရသည်၊ မီးအလောင်ခံရသောကြောင့် ပင်ပန်းဆင်းရဲကြရသည်၊ အာယတနမရှိလျှင် လောင်စာမရှိ၍ မီးလောင်ဖွယ်မရှိ မီးမလောင်လျှင် ပင်ပန်းဆင်းရဲဖွယ်မရှိ ထို့ကြောင့် မြတ်စွာဘုရားသည် 'ဆသုလောကောဝိတညတိ = အဇ္ဈတ်ကာယတနခြောက်ပါး ဗာဟိယရာတနခြောက်ပါး ဤတရားတို့ ထင်ရှားရှိလတ်သော် တနည်းဤတရားများကြောင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းသည် ပင်ပန်းနွမ်းနယ်ရ၏' ဟူ၍ဖြေဆိုတော်မူ၏၊ (ဝရအမေးအဖြေခန်းပြီး၏။)

ထိုအခါ ဟေမဝတနတ်မင်းသည် ဝဋ်ဆင်းရဲနှင့် စပ်သဖြင့် မိမိမေးမြန်လျှောက်ထားချက်ကို မြတ်စွာဘုရားက အာယတနတစ်ဆယ့်နှစ်ပါးအစွမ်းဖြင့် အကျဉ်းချုံး၍ ဆသုလောကောသမုပ္ပန္နော- စသည်ဖြင့် မိန့်မြွက်ဖြေကြားတော်မူချက်ကိုကောင်းစွာ ကွဲပြားမှတ်သားနိုင်၍ ထိုမြတ်စွာဘုရား ဖြေကြားအပ်သည့် အာယတနတရား၏ သရုပ်သဘောတိုင်း၊ ထိုအာယတနတရား၏ ဆန့်ကျင်ဘက်သဘောတိုင်း သိလိုရကား အကျဉ်းအားဖြင့် ဝရတရား၊ ဝိဝဋ္ဋတရား ဝဋ်ဆင်းရဲတရားနှင့် ဝဋ်ကင်းရာတရားနှစ်ပါးကို မေးမြန်းလျှောက်ထားလိုသဖြင့်

တတမံ တံ ဥပါဒါနံ၊ ယတ္ထလောကော ဝိဟညတိ ။

နိယျာနံ ပုစ္ဆိတောဗြူဟိ၊ ကထံဒုက္ခာ ပမုစ္စတိ ။

ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ဆသုလောကောဝိဟညတိဟူ၍ ဖြေကြား တော်မူချက်အရ အကြင်တရားခြောက်ပါးတို့ရှိလတ္တံ့သော် တနည်းအကြင်တရားခြောက်ပါးတို့ကြောင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းသည် ပင်ပန်းနွမ်းနယ်ရ၏၊ သတ္တဝါတို့ပင်ပန်းနွမ်းနယ်ရန် အကြောင်းစွဲယူအပ်သော ထိုတရားခြောက်ပါးတည်းဟူသည် အဘယ်ပါနည်း။ ဤစကားရပ်ဖြင့် ဒုက္ခသစ္စာကိုမေးလျှောက်သည်၊ ဒုက္ခသစ္စာကိုတိုက်ရိုက်မေးမြန်းလျှောက်ထားခြင်းဖြင့် ထိုဒုက္ခသစ္စာ၏ အကြောင်းဖြစ်သောကြောင့် သမုဒယသစ္စာကိုလည်း မေးမြန်းလျှောက်ထားအပ်ပြီးဖြစ်လေ၏၊ ထိုသံသရာဝဋ်မှ ထွက်မြောက်ကြောင်းတရားကား အဘယ်ပါနည်း၊ အဘယ်သို့သော အကျင့်အရာ တရားထူးဖြင့် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရပါသနည်း၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်းတရားကို မေးမြန်းလျှောက်ထားအပ်သော် ရှင်တော်ဘုရားသည် အကျွန်ုပ်တို့အားဖြေကြား တော်မူပါလော့၊ ဤဂါထာ ထတ်ဝက်စကားရပ်ဖြင့် မဂ္ဂသစ္စာကို တိုက်ရိုက်မေးလျှောက်သည်၊ မဂ္ဂသစ္စာကိုတိုက်ရိုက် မေးလျှောက်ထားခြင်းဖြင့် ထိုမဂ္ဂသစ္စာ၏ အာရုံဖြစ်သောကြောင့် နိရောဓသစ္စာ နိဗ္ဗာန်ကိုလည်း 'တန္ဓယ်ဝင်ရာ တစင်ပါ'ဟူ၏သို့ မေးမြန်းလျှောက်ထားအပ်ပြီးဖြစ်တော့လေ၏၊

ဤသို့ ဟေမဝတနတ်မင်းက ဒုက္ခသစ္စာနှင့် မဂ္ဂသစ္စာတို့ကို သရုပ်အားဖြင့် ထင်ရှားဖော်ပြ၍ရင်း သမုဒယသစ္စာလေးပါးနှင့်စပ်၍ အမေးပုစ္ဆာပြဿနာကို မေးမြန်းလျှောက်ထားလေလျှင် မြတ်စွာဘုရားသည် ထိုဝတနတ်မင်း မေးလျှောက်အပ်သော နည်းအတိုင်းပင် ဖြေကြားတော်မူလိုရကား -

ပဉ္စကာမဂုဏာ လောကေ၊ မနောဆဋ္ဌာ ပဝေဒိတာ ။

ဧတ္ထဆန္ဒံ ဝိရာဇေတွာ၊ ဧဝံဒုက္ခာ ပမုစ္စတိ။

ဟူသောဂါထာကို ဟောကြားတော်မူလေသည်၊ အဓိပ္ပါယ်ကား -

ဒါယကာဟေမဝတနတ်မင်း. . . လောက၌စိတ်လျှင် ခြောက်ခုမြောက်ရှိကုန်သော အဆင်း၊ အသံ၊

အနုံ၊ အရသာ၊ အတွေ့အထိ ဤကာမဂုဏ်ငါးပါးတို့ကိုငါဘုရား ထင်ရှားဟောပြအပ်ငုံနှ်ပြီ။ ဤဂါထာ ရှေ့ထက်ဝက်၌ စိတ်ဟူသော စကားရပ်ဖြင့် မနာယတနကို တိုက်ရိုက်ဟောပြတော်မူသည်။ ထိုသို့ စိတ်တည်းဟူသော မနာယတနကို တိုက်ရိုက်ဟောကြားခြင်းဖြင့် ထိုစိတ်၏ အာရုံဖြစ်သောကြောင့် ဓမ္မာယတနကိုလည်း ဟောကြားအပ်ပြီး ဖြစ်လေတော့၏။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဤကာမဂုဏ် ငါးပါးတို့ဖြင့် ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန ငါးပါးတို့ကို တိုက်ရိုက်ဟောပြတော်မူသည့် ထိုငါးပါးကို ဟောကြားခြင်းဖြင့် ထိုအာရုံငါးပါးတို့ ယူအပ်ကြသည့် မျက်စိ၊ နား၊ နှာ၊ လျှာကိုယ် စိတ်တည်းဟူသော အာယတန ငါးပါးတို့ကိုလည်း ဟောကြားအပ်ပြီး ယူအပ်ပြီးဖြစ်လေတော့၏။ သို့ရကား ဤဂါထာရှေ့ထက်ဝက်ဖြင့် အဇ္ဈတ္တိကာယတနခြောက်ပါး၊ ဗာဟိရာယတနခြောက်ပါးတည်းဟူသော အာယတန ဆယ့်နှစ်ပါး သတ္တလောက၏ ပင်ပန်းနွမ်းနယ်ကြောင်းစွဲယူအပ်သည့် ဥပါဒါနခေါ် ဝဋ်တရားကို ဖြေကြားတော်မူလေသည်။

ဒါယကာယေမဝတနတ်မင်း . . . ဤအာယတနတဆယ့်နှစ်ပါး ဒုက္ခသစ္စာဝဋ်တရားတစု၌ ခန္ဓာအနေဖြင့်ဖြစ်စေ၊ အာယတနအနေဖြင့်ပင်ဖြစ်စေ၊ ဓာတ်အနေဖြင့်ဖြစ်စေ၊ အကျဉ်းချုပ် နာမ်ရုပ်အနေဖြင့် ဖြစ်စေ ပိုင်းခြားမှတ်သားပြီးလျှင် လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာရှုလျက် အရဟတ္တမဂ်လျှင် အဆုံးရှိသော ဝိပဿနာဖြင့် တဏှာဆန္ဒကို အကြွင်းမဲ့ ပယ်ရှားဖျက်ဆီးရမည်၊ ယင်းသို့ ပယ်ရှားဖျက်ဆီး၍ ဤနည်းဖြင့် ဝဋ်ဆင်းရဲမှ လွတ်မြောက်ရပေ၏၊ ဤဂါထာနောက်ထက်ဝက်ဖြင့် ဝိဝဋ္ဋအမေးကို ဖြေကြားတော်မူ၏၊ မဂ္ဂသစ္စာကို လည်း ပြတော်မူ၏။ သမုဒယသစ္စာနှင့် နိရောဓသစ္စာတို့ကိုကား ရှေးအမေးဂါထာနည်းအတိုင်း သဘြိုလ်အပ်သော ကြောင့် ပြပြီးမည်ကုန်၏၊ တနည်း ဤအဖြေဂါထာရှေ့ ထက်ဝက်ဖြင့် ဒုက္ခသစ္စာကိုပြတော်မူ၏။ ဂါထာနောက်ထက်ဝက် ပါစကားရပ်စုတွင် ဆန္ဒရာဂဟူသောစကားဖြင့် သမုဒယသစ္စာကိုပြတော်မူ၏၊ ဝိရာဇေတွာ ပယ်ရှားဖျက်ဆီး၍ ဟူသောစကားရပ်၌ ဝိရာဂပုဒ်အရဖြင့် တဏှာ၏ကင်းရာချုပ်ရာ နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာကို ပြတော်မူ၏။ ဤနည်းဖြင့်ဟူသော စကားရပ်ဖြင့် သံသရာဝဋ်မှ ထွက်မြောက်ကြောင်း မဂ္ဂင်ရှစ်ပါး အကျင့်နည်းလမ်းကို ဖော်ပြသောကြောင့် မဂ္ဂသစ္စာကို ပြတော်မူ၏။ ဤသို့လျှင် အဖြေဂါထာ၌သစ္စာလေးပါးတရားတို့ကို မြတ်စွာဘုရား ဓဟာပြတော်မူအပ်ကုန်၏။

ဤသို့လျှင် သစ္စာလေးပါးတရားတို့အကွင်းစကားသားအနေဖြင့် အပြည့်အစုံပါဝင်သော ဤအဖြေ ဂါထာဖြင့် မြတ်စွာဘုရားသည် သံသရာဝဋ်မှ ထွက်မြောက်ကြောင်း၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော နိယျာနတရား ကောင်းကို ပြတော်မူပြီးလျှင် တဖန်ထိုနိယျာနကရားကောင်းတိုပင် ကိုယ်တော်မြတ်မိန့်ဆိုတော်မူလိုသော သဘာဝနိရုတ္တိစကားတစဉ်ဖြင့် တနိုင်အမာမိန့်ကြားတော်မူပြီးလျှင် နောက်ဆုံးအချုပ် နိဂုံးချုပ်တုပ်တော် မူလိုရကား -

> ဧတ်လောကဿ နိယျာနံ၊ အက္ခာတံ ဝေါယထာ တထံ ။
>
> ဧတံဝေါ အဟ မက္ခာမိ၊ ဧဝံ ဒုက္ခာ ပမုစ္စတိ ။

ဟူသောဤဂါထာကို ဟောကြားတော်မူပြန်၏၊ အမိပ္ပါယ်က ဒါယကာ ဟေမဝတနတ်မင်းသင်တို့အား ငါဘုရားသည်ကာမဓာတ်၊ ရူပဓာတ်၊ အရူပဓာတ်တည်းဟူသော တေဓာတုကသင်္ခါရလောကမှ ထွက်မြောက်

ကြောင်းဖြစ်သောမဂ္ဂရှစ်ပါး၊ ဤနိယာမတရားကို အမှန်အတိုင်း ဟောကြားတော်မူပြီ၊ ဤသို့မဂ္ဂရှစ်ပါး တရားလမ်းကြောင်းဖြင့်သာလျှင် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်ကြ၍ အခြားလွတ်မြောက်ရန် နည်းလမ်းမရှိသောကြောင့် သင်တို့ အကြိမ်တထောင်ပင် ထပ်လျှောက်၍ မေးလျှောက်ကြစေကာမူ ဤမဂ္ဂင်ရှစ်ပါးတရားကိုသာလျှင် သံသရာဝဋ်မှ ထွက်မြောက်ကြောင်း နိယျာနတရားကောင်းဟူ၍ သင်တို့အား ငါဘုရားဟောကြားမည်သာဖြစ်၏၊ အခြားတနည်းပြောင်း၍ ဟောလိမ့်မည်မဟုတ်ဟုဆိုလိုသည်၊ တနည်း၊ ဤသို့မဂ္ဂင်ရှစ်ပါး တရားလမ်းကြောင်းသာလျှင် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်ကြ၍ အခြားလွတ်မြောက်ရန် နည်းလမ်းမရှိသောကြောင့် အောက်မင်ပုလ်ကိုချိုးသော သင်တို့အား၊ အထက်ဖြစ်သော မင်ကိုချြင်းရောက်ခြင်းငှာလည်း ဤမဂ္ဂင်ရှစ်ပါး တရားကိုသာလျှင် သံသရာဝဋ်မှ ထွက်မြောက်ကြောင်း၊ နိယျာနတရားကောင်းဟူ၍ ငါဘုရားဟောကြားမည်သာ ဖြစ်၏၊ အခြားတနည်းပြောင်း၍ ဟောလိမ့်မည် မဟုတ်ဟုဆိုသည်၊

## နတ်ဘီလူးများ သောတာပန်တည်ကြခြင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အရဟတ္တဖိုလ်အထွတ်တပ်သဖြင့် တရားဒေသနာကိုကောင်းစွာပြီးဆုံးစေသည်၊ ဒေသနာနိဂုံးဆုံးလတ်သောအခါ သာတာဂိရိနတ်မင်းနှင့် ဟေမဝတနတ်မင်း နှစ်ဦးတို့သည် နောက်ပါအခြံအရံ နတ်ဘီလူးအပေါင်းတထောင်နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏၊ သောတာပန်အရိယာ ဖြစ်ကြလေကုန်၏၊ (ဝဋ္ဋဝိဝဋ္ဋ မေးဖြေခန်းပြီး၏၊)

ထိုအခါ ဟေမဝတနတ်မင်းသည် ဝင်ကိုပကတိကပင်ရားတော်ကို လေးစားသူဖြစ်သည့်ပြင် ယခုအခါ သောတာပန် အရိယာအဖြစ်၌ တည်တံ့ရကား၊ မြတ်စွာဘုရားသခင်၏ ဆန်းကြယ်စွာသော အနက်သဒ္ဒါနှင့် ပြည့်စုံသည့်တရားဒေသနာကို ကြားနာရခြင်း၌ လွန်စွာမရောင့်ရဲမတင်းတိမ်နိုင်ရကား မြတ်စွာဘုရားကို သေက္ခဘူမိတရား အောက်အရိယာတို့၏ ဖြစ်ရာတရား၊ အသေက္ခဘူမိတရား ရဟန္တာပုဂ္ဂိုလ်၏ ဖြစ်ရာတရား နှစ်ပါးကို မေးမြန်းလိုရကား -

ကောသုဓတရတိဩဃံ၊ ကောဓတရတိအဏ္ဏဝံ ။
အပ္ပတိဋ္ဌေ အနာလမ္ဗေ၊ ကောဂမ္ဘီရေ နသီဒတိ၊

ဟူသော ဂါထာကို ရွတ်ဆိုလျှောက်ထားလေ၏၊ တပ်ဥါယ်ကား၊ အဘယ်သို့သော အကျင့်ဂုဏ်နှင့် ပြည့်စုံသောသူသည် ဩဃလေးခန်း ရေပြင်ကြမ်းကို ကူးသန်းနိုင်ပါသနည်း။ ဤလောက၌ အဘယ်သို့သော အကျင့်ဂုဏ်နှင့် ပြည့်စုံသောသူသည် အပြောကျယ်လျှင် နက်လည်းနက်စွာ သံသရာတည်းဟူသော သမုဒ္ဒရာကို ကူးသန်းနိုင်ပါသနည်း။ အောက်အဖို့ဖြင့်လည်း ဆောက်တည်ရာမရှိ အထက်အဖို့ဖြင့်လည်း ဆွဲတွယ်ရာမရှိဘဲ နက်နဲလှစွာ သံသရာတည်းဟူသော သမုဒ္ဒရာ၌ မနစ်မွန်းချမ်းသာစွာ တည်နေသောလူသည် အဘယ်သူနည်း ဘုရားဟူ၍ ဆိုလိုသည်၊ ဤဂါထာရှေ့ထက်ဝက်ဖြင့် သေက္ခဘူမိကို မေးလျှောက်သည်၊ နောက်ထက်ဝက်ဖြင့် အသေက္ခ ဘူမိကို မေးလျှောက်သည်၊

ထိုအခါ မြတ်စွာဘုရားသည် အမေးဂါထာရှေ့ထက်ဝက်ဖြင့် မေးမြန်းအပ်သည့် သေက္ခရာဘူမိတရားကို မြေကြားတော်မူလိုသဖြင့် -

သဗ္ဗဒါသီလ သမ္ပန္နော၊ ပညဝါသု သမာဟိတော၊
အဇ္ဈတ္တ စိန္တိသတိမာ၊ ဩဃံတရတိ ဒုတ္တရံ၊

ဟူသော ဂါထာကို မိန့်ဆို မြေကြားတော်မူလေ၏။ အဓိပ္ပါယ်ကား ဒါယကာ ဟေမဝတနတ်မင်း . . အကြင်ရဟန်းသည် အသက်ကိုပင်စွန့်ရစေကာမူ သိက္ခာပုဒ် လွန်ကျူးမှုကိုမပြုဘဲ ထိန်းသိမ်းစောင့်ရှောက်လျှက် အခါခပ်သိမ်း သီလနှင့်ပြည့်စုံ၏၊ လောကီလောကုတ္တရာပညာအထူးနှင့်လည်း ပြည့်စုံ၏။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိနှင့်လည်း ပြည့်စုံတာကောင်းစွာတည်ကြည်၏၊ နိယကဇ္ဈတ္တခေါ်သော မိမိရုပ်နာမ်တရား၌ လက္ခဏာ ရေးသုံးပါးသို့တင်၍ ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန်ရှုလေ့ရှိ၏၊ ထိုသိက္ခာသုံးပါး သီလ၊ သမာဓိပညာ တရားစုတို့ အမြဲမပြတ် ပြုကျင့်ဆောင်ရွက်နိုင်သော သတိတရားနှင့်လည်း ပြည့်စုံ၏၊ ထိုသို့သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပုံကြွန့်တင်စုံသော ရဟန်းသည် သာမန်လူတို့ ကူးမြောက်နိုင်ခဲသော ဩဃလေးခန်း ချောင်းကြမ်းတို့ ကူးသန်းနိုင်ပေ၏ဟု ဆိုလိုသည်။

ဤသို့မြတ်စွာဘုရားသည် သေက္ခဘူမိတရားကို ဟောကြားတော်မူပြီး၍ ယခုတခါ အသေက္ခဘူမိ တရားကိုဟောကြားတော်မူလိုသဖြင့် -

ဝိရတော ကာမ သညာယ၊ သဗ္ဗသံယောဇနာဝင်္ဂေါ ။
နန္ဒီဘဝပရိက္ခီဏော၊ သောဂမ္ဘီ ရေနသီဒတိ၊

ဟူသောဂါထာကိုမိန့်ဆိုဟောကြားတော်မူလေ၏၊ အဓိပ္ပါယ်ကား -

ဒါယကာဟေမဝတနတ်မင်း . . . အကြင်သူသည် ဝတ္ထုကာမတို့၌ တွယ်တာတပ်မက်သော တဏှာနှင့် ယှဉ်သောသညာတရားအလုံးတို့မှာ အမြစ်ပြတ် ရှောင်ကြဉ်ခြင်းဖြစ်ပေ၏၊ မဂ်လေးပါးဖြင့် သံယောဇဉ် ဆယ်မျိုး လွန်ရှည်ကြီးကို ဖယ်ချိုးလွန်မြောက်ပြီးလည်း ဖြစ်ပေ၏။ နန္ဒီခေါ်သော တဏှာသုံးပါး ဘဝသုံးပါးတို့လည်း အကြွင်းမဲ့ကုန်ခန်းပြီးသူဖြစ်ပေ၏၊ ထိုသို့သော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်သည် အောက်အဖို့ဖြင့်လည်းဆောက်တည်ရာမရှိ အထက်အဖို့ဖြင့်လည်း ဆွဲကိုင်မှီတွယ်ရာမရှိဘဲ နက်နဲကျယ်ဝန်းလှစွာသံသရာ တည်းဟူသောသမုဒ္ဒရာ၌ တဏှာကုန်သဖြင့် သဉပဒိသေသနိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ရောက်၍ရင်း၊ ဘဝကုန်ခန်းသဖြင့် အနုပါဒိသေသနိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ရောက်၍ရင်း အသက်ထက်ဆုံး အချမ်းသာဆုံးသို့ရောက်ရှိကာ မနစ်မြုပ်သော သူမည်၏ဟုဆိုလိုသည်၊ သေက္ခဘူမိအသေက္ခဘူမိဟောပြနေ်ပြီး၏၊

ထိုဂါထာများရွတ်ဆိုကြ၍ နတ်ဘီလူးမင်းနှစ်ဦးတို့ ပြန်သွားကြခြင်း

ထိုအခါ ဟေမဝတနတ်မင်းသည် မိမိသူငယ်ချင်းသာတာဂိရနတ်မင်းကိုဌင်း၊ နောက်ပါအခြံအရံ ဘီလူးတထောင်ကိုဌင်း၊ ကြည်ရွှင်၍နှစ်သက်ကျေနပ်အားရဝမ်းမြောက်ကာ ဖော်ပြလတ္တံ့သော (၅)ဂါထာတို့ဖြင့် မြတ်စွာဘုရားကိုနှစ်လိုအားရ ချီးမွမ်းပြီးလျှင် မိမိ၏ သူငယ်ချင်း သာတာဂိရနတ်မင်းပါ အခြွေအရံပရိသာတ်နတ် ဘီလူးပေါင်းတစ်ထောင်နှင့်တကွ ရှိသေမြတ်နိုးရှိခိုးကြ၍ မိမိနေရာဌာနသို့ ပြန်သွားလေ၏။ ထုတိဝန္ဒနာ(၅) ဂါထာတို့တည်းဟူသည်ကား -

(၁) ရုန္ဓိရုပည် နိပုဏတ္ထဒဿိ၊ အကိဥ္စနံ ကာမဘဝေ အသတ္တံ ။
တံပဿထဿပ္ပမိ ဝိပ္ပမုတ္တံ၊ ဒိဗ္ဗေပထေက မမာနံ မဟေသိံ ။

သူငယ်ချင်းကောင်း ဘိုနတ်အပေါင်းတို့. နက်နဲလှစွာခန္ဓာစသော တရားတို့၌ခွဲခြမ်းစိတ်ဖြာ သိမြင်တတ်သော ဉာဏ်ပညာနှင့် ကောင်းစွာလုံလောက်ပြည့်စုံတော်မူထသော သိမ်မွေ့သောပညာရှင်တို့. ထုတ်ဆင်မေးမြန်းအပ်သည့် ပြဿနာ၏ အနက်ကို ပြက်ပြက်ကုန်စင် အမှန်အတိုင်းသိမြင်တော်မူထသော ရာဂဒေါသမောဟမာနနှင့် ထိုမှ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာထု သံယောဇဉ်မျိုး ကြောင့်ကြမှု တရားဆိုးတို့. စိုးစဉ်းမျှမရှိတော်မူထသော ကာမနှစ်ပါး၊ ဘဝသုံးပါးအစုဌ ငြိကပ်တွယ်တာခြင်းကင်းတော်မူသော ခန္ဓာအာယတနစသည် ဗုံဗုံထသော ကာမနှစ်ပါး၊ ... ငြိကပ်တွယ်တာခြင်းကင်းတော်မူသော ခန္ဓာအာယတနစသည် ဗုံဗုံစပ်သိမ်းသောအာရုံ၌ ဆန္ဒရာဂ အနှောင်အဖွဲ့ကင်းသဖြင့် ရှင်းရှင်းလွင်တော်မူပြီးထသော သမာပတ်ရှစ်ဖော်ဝိဗ္ဗလမ်းမတော်၌ အမြန်မနေဝင်စား ကြွနိုင်တော်မူနိုင်ထသော၊ သီလကျွန်စသည် ကျေးဇူးဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျင့်တော်မူပြီး ထိုဂေါတမနွယ်ဖွားမြတ်စွာဘုရားကို မျက်မှောက်ထင်ထင်ဖူးမြင်ကြကုန်လော့။

(၂) အနောမ နာမံ နိပုဏတ္ထဒဿိ၊ ပညာဒဒံ ကာမလယေ အသတ္တံ။
တံပဿထဿပ္ပဝိဒုံ သုမေဓံ၊ အရိယေ ပထေ ကမမာနံ မဟေသိံ။

သူငယ်ချင်းကောင်း ဘိုနတ်အပေါင်းတို့. . . မယုတ်လျော့သော ဂုဏ်ကျေးဇူးတို့ဖြင့် ချီးကျူးဝေါဟာသမ္မာသမ္ဗုဒ္ဓစသည့် ဖုံ့ဖျူးအမည်ထူးရှိတော်မူထသော၊ သိမ်မွေ့သော ပညာရှင်တို့. ထုတ်ဆင်မေးမြန်းအပ်သည့် ပြဿနာ၏ အနက်ကို ပြက်ပြက်ကုန်စင် အမှန်တိုင်းသိမြင်တော်မူထသော ပညာရကြောင်း အကျင့်ကောင်းကို ငြိမ်ညောင်းသာယာဟောပြကာဖြင့် ပညာအထူးကို ဖြန့်ဖြူးပေးဝေတော်မူထသော၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲငြိတပ်မက်ရာ ကာမဝတ္ထုအစုစု၌၊ ငါ ငါ့ဥစ္စာ တဏှာဒိဋ္ဌိ တပ်ငြိခြင်းကင်းတော်မူထသော သဗ္ဗညုတဉာဏ်၏ အခြေခံပါရမီဉာဏ်လည်းရှိတော်မူထသော ဖလသမာပတ်ခေါ် မုတ်တွင်ညောင်း အရိယာလမ်းကြောင်း၌ အချိန်ရသမျှဝင်စားကြွသွားတော်မူထသော၊ သီလကျွန်စသည့် ကျေးဇူးဂုဏ်အထူးကို ဆည်းပူးရှာမှီးလေ့ကျင့်တော်မူပြီးထသော ထိုဂေါတမနွယ်ဖွား မြတ်စွာဘုရားကို မျက်မှောက်ထင်ထင်ဖူးမြင်ကြကုန်လော့။

(၃) သုဒိဋ္ဌံ ဝတ နော အဇ္ဇ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ ။
ယံ အဒ္ဒသာမ သမ္ဗုဒ္ဓံ၊ ဩဃတိဏ္ဏ မနာ သဝံ ။

သူငယ်ချင်းကောင်း ဘိုနတ်အပေါင်းတို့. . ငါတို့သည် ဩဃလေးခန်းချောင်းကြမ်းတို့ ကူးသန်းလွန်မြောက်တော်မူထပြီးသော မြတ်စွာဘုရားကို အကြောင်းကြောင့် ကံကောင်းထောက်မမဝ်ဖိုလ်ရအောင် ဒိဋ္ဌထင်ထင်ဖူးမြင်ကြရကုန်ပြီ၊ ထို့ကြောင့် ငါတို့၏ နေ့မျက်စိအာရုံတွေ့ကြုံဖူးမြင်ရခြင်းသည် အခွင့်ကောင်းရ၍ ကောင်းလှသော ဖူးမြင်ရခြင်းဖြစ်သည်။ ဖြစ်ခဲ့လေပြီတကား နံနက်မိုးသောက်အချိန်သို့. ရောက်ရခြင်းသည် ဖြစ်ခဲ့လေပြီတကား၊ အဝင်စိတ်ကျအိပ်ရာထရခြင်းသည် လောဘ၊ ဒေါသ၊ မောဟ မတောင်းကောင်းစွာထရခြင်းသည်ဖြစ်ခဲ့လေပြီတကား။

(၄) ဣဒ္ဓိမန္တော ယသဿိနော၊ ဥဂ္ဂတွာ မဟေသက္ကာ၊ ယသဿ သိနော။
သဗ္ဗေသံ သရဏံ ယန္တိ၊ တွံနော သတ္ထာ အနုတ္တရော။

ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား၊ တမွဲဇိဒ္ဓိမျိုးတန်ခိုးနှင့် ပြည့်စုံကြကုန်သော၊ လွန်စွာများမြတ်လာဘ်တပြြအရံရှိကုန်သော ရာဝေါင်းဆယ်စောင် တထောင်အရေအတွက်ရှိကုန်သော ဝပ်သိမ်းကုန်သော၊ ဤနတ်ဘီလူးအဝေါင်းတို့သည် အရှင်ဘုရားကို တိုးကွယ်လဲလျောင်း ပုန်းအောင်းရာဘူ၍ အကျွန်ုပ်တို့နှင့်တကွ လောကဥတ္တရာ မဟာသရဏာဂုံတိုယ်လုံးထုံ၍ ခိုလှုံဆည်း ကပ်ကြပါကုန်၏၊ အရှင်မြတ်ဘုရားသည် အကျွန်ုပ်တို့၏ အတုမရှိလွန်ကဲဘိသော ပဌမအရိယာဘုံသာထွန်းမြောက် နန်းကြီးဆောင်နိုင်အောင် နှီးမြောက်မဆုံးမတက်စွာ ဆရာသခင်ဦးထိပ်တင်ကြီး ဖြစ်တော်မူပါပေ၏၊

(၅) တေမယံ ဝိစရိဿာမ၊ ဂါမာဂါမံ နဂါနဂံ၊
နမဿ မာနာ သမ္ဗုဒ္ဓံ၊ ဓမ္မဿ စသု ဓမ္မတံ၊

ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ယနေ့မှစ၍ သုံးလောကထွတ်ထား ရှင်တော်မြတ်စွာဘုရား၏ များပြားပြောဟုန် တေဇူးဂုဏ်နှင့် ပြည့်စုံထင်ရှား ဟုတ်မှန်သော ဘုရားအဖြစ်ကိုငှင်း၊ မင်္ဂိုလ်နိဗ္ဗာန်ဓမ္မကွန်ဟုဆယ်တန်ထင်ပေါ် တရားတော်၏ ဝင့်မှထွက်ကြောင်းကောင်းသော တရား၏ အဖြစ်ကိုငှင်း၊ သုံ့လူ့ရှင်ဝင် ဦးထိပ်တင်သည် သဗ္ဗညုတ ဉာဏ်ဦးကိုင်စိုးမိုးပိုင်သည် ဘုန်းလှိုင်ဘုရား မှန်လှုကြ၏၊ မြတ်ပြာဝိနေခစိန္တေလျော်သည် ဆယ်ဖော်ဓမ္မမြတ်ထွတ်လုကို ၏၊ လယ်၊ အဆုံး သုံးပါးအစုံ တောင်ခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှားဟောညွှန်ကြားခဲ့ ရှစ်ပါးအရိယာ မြတ်သံဃာလည်း သိတ္တာသုံးရပ် ခိုမှမ်း အပ်သည့် ဓေ့စဝ်လုံးစုံ တျင့်ခုံပုံကိုအာရုံနှစ်လို အားသစ်ပြု၏၊

ဤသို့စသည် ရတနာသုံးမည်၏ ဂုဏ်ရည်အသီးသီး တုံ့မပြီးကိုတချိုးမွမ်းမွမ်း မြတ်ဆိုညွှန်း၍ ဦးစွန်းထိပ်ပြင် ဆယ်လက်စုံတင်ပြီးလျှင် ကြည်ရှင်မြတ်နိုး ရှိခိုးပူဇော် နိဗ္ဗာန်ဆော်ဖြစ်ကြကုန်လျှက် နတ်ရွာတခုမှ နတ်ရွာတစ်ခုသို့ငှင်း၊ နတ်တောင်တခုမှ နတ်တောင်တစ်ခုသို့ငှင်း လှည့်လည်ကျက်စားလာ ကြွေးကြော်ပါကုန်အံ့ ဘုရား၊ (ဤဟေမဝတသုတ်ကား သုတ္တနိပါတ်ပါဠိတော်၊ စ-ဥရဂတ်၌လာရှိသည်၊) ဤတွင်သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်းတို့အကြောင်း (ဟေမဝတသုတ်) ပြီး၏၊

မြတ်စွာဘုရားသခင် သာဝတ္ထိပြည်သို့ ဒေသစာရီကြွချီတော်မူခြင်း

ဤသို့လျှင် အနာထပိဏ်သူဌေးကြီးသည် တဆယ့်ရှစ်ကုဋေသော ရွှေဂါးဒေါ်လာ အသပြာများကို ခွန့်လွှတ်သဖြင့် နလုံးမွေ့လျော်ဖွယ်ရှိသော ဥယျာဉ်တော်ရာမြေအရပ်၌ နလုံးမွေ့လျော်ဖွယ်ရှိသော ဇေတဝန်ကျောင်းတိုက်ကြီးကို တဆယ့်ရှစ်ကုဋေပင် အကုန်အကျခံတာစိမ်ဖန်တီး ဆောက်လုပ်စေပြီးလျှင် မြတ်စွာဘုရားသခင်ကြွလာတော်မူပါရန် မြတ်စွာဘုရားအထံတော်သို့တခေါ် တမာန်ကိုပင့်လျှောက်ရန် စေလွှတ်လိုက်လေ၏၊ မြတ်စွာဘုရားသခင်သည် တမာန်ဖြစ်သော သူ၏ ပင့်လျှောက်စကားကြားသိတော်မူလေလျှင် သာဝတ္ထိပြည်တွင် အရှည်သဖြင့် သီတင်းသုံးနေတော်မူအံ့သည်လည်းတကြောင်း၊ များမြောင်လှစွာသော လူနတ်ဗြဟ္မာသတ္တဝါတို့ အကျွတ်တရားရရှိရာ သာသနာအောင်မြေဖြစ်ပေလိမ့်မည်လည်းတကြောင်း၊ ဤအကြောင်းများကို ထောက်ထား ဆင်ခြင် ကြည့်ရှုသိမြင်တော်မူတာ နောက်ပါရဟန်းတော်မြတ် အပေါင်းခြံရံလျှက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်

ကျောင်းတော်မှ ထွက်ခဲ့၍ ခနိုးလမ်းအကြား တစ်ယူဇနာ တယူဇနာဝယ် အနာထပိဏ်သူဌေး ကြိုတင်စီမံဆောက်လုပ်ပြီးအပ်သော စံကျောင်းတော်များ၌ တည်၍စီတည်းခိုစံနေတော်မူကာ သာဝတ္ထိပြည်ဘက်သို့ အစဉ်သဖြင့် ခနိုးဒေသစာရီ ကြွချီတော်မူလေ၏။မြတ်စွာဘုရားသည် ရာဇဂြိုလ်ပြည်မှထွက်ကြွ၍ ဝေသာလီပြည်သို့ ရောက်တော်မူကာ၊ မဟာဝုန်တော စုလစ်မွန်ချွန်အထွဋ်တယ်သော ပြဿဒ်၌ သီတင်းသုံးစံတော်မူသောအခါ ဝါသကာတို့ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းအတွက်နဝကမ္မတဝဝကို စီမံခန့်ခွဲစောင့် ရှောက်နိုင်မည့်ရဟန်း တစ်ပါးအား၊ ဥတ်တမ္မဝါဒဖြင့် နဝကမ္မပေးအပ်ရန် သိက္ခာပုဒ်တိုပညတ်တော်မူခဲ့လေသည်။

တစ်ဖန် မြတ်စွာဘုရားသည် ဝေသာလီပြည်မှထွက်စွာ၍ သာဝတ္ထိပြည်ဘက်သို့ ခရီးဒေသစာရီကြွချီတော်မူလာခဲ့ရာ၊ လမ်းခရီးအကြား၌ သဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်များသည် ဘုရားအမှူးရှိသော သံဃာတော်များ၏အလျင် ရှေးဦးစွာသွားနှင့်ကြ၍ "ဤကျောင်းအိပ်ရာနေရာများသည် ငါတို့၏ ဥပဇ္ဈာယ်ဆရာများအတွက် နေထိုင်ရန်ဖြစ်လိမ့်မည်" ဟုပြောဆိုကာ ကျောင်းကောင်း၊ အိပ်ရာကောင်းများကို ယူထားနှင့်ကြကုန်၏။

မြတ်စွာဘုရားသခင်တပည့် သံဃာတော်များနှင့် ခရီးဒေသစာရီ ကြွချီတော်မူသောအခါ များ၌ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် "ငါကားလက်ျာရံ အဂ္ဂသာဝကကြီးဖြစ်သည်" ဟု ကိုယ်လွတ်ရုန်းကာ တကိုယ်ကောင်းစိတ်ထားဖြင့် ဘုရား၏အနီးမှ လိုက်ပါနိုင်ခွင့်ရှိသော်လည်း၊ ထိုသို့ပြုလုပ်တော်မူလေ့မရှိဘဲ မြတ်စွာဘုရားဒေသစာရီကြွချီတော်မူရာနောက်မှ လိုက်ပါလာကြသော မဟာမကျွန်းသည် ဂိလာနရဟန်း၊ သက်ကြီးရွယ်အိုရဟန်းတို့၏ ချမ်းချမ်းသာသာ လိုက်ပါနိုင်ရေးအတွက် မိမိကိုယ်တိုင်ဝင် စီမံစောင့်ရှောက် ချီးမြှောက်တော်မူကာ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များ၏ နောက်ဆုံးမှလိုက်ပါခဲ့ရ၍ ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်ရဟန်းများ ကျောင်းအိပ်ရာနေရာတို့ကို သိမ်းယူထားပြီးမှနောက်ကြွ၍ တည်းခိုရာဌာနသို့ရောက်ရှိရကား မထေရ်မြတ် အတွက်အထိုင်အိပ်ရာနေရာကို မရရှိသဖြင့် တည်၍လုံးဝင် သစ်ပင်ရင်း၌ နေထိုင်ရသောအကြောင်း ဝတ္ထုဝယ်မြတ်စွာဘုရားသည် "ယခုငါဘုရား အသက်ထင်ရှားရှိနေစဉ်ဝင် ရဟန်းများသည် အချင်းချင်း ရိုသေတိုင်းနွံခြင်းမရှိကြဘဲ နေထိုင်ကြလျှက် ငါဘုရား ဝိနိဗ္ဗာန်စံသတ်သော်ကား၊ အဘယ်သို့ပြု ကုန်လိမ့်မည်နည်း"ဟု ဆင်ခြင်တော်မူကာ ဓမ္မသံဝေဂကြီးစွာရတော်မူ၍ နံနက်မိုးသောက်ရောက်လတ်သောအခါ ရဟန်းများကို စုဝေးစေပြီးလျှင် ရဟန်းတို့ဆဗ္ဗဂ္ဂီဂုဏ်သား ရဟန်းများသည် အလျှင်ရှေးဦးစွာ သွားနှင့်ကြ၍ နေရာကောင်းများကိုမှတ်ယူကြပြီးလျှင် မထေရ်ကြီးရဟန်းတို့၏အိပ်ရာနေရာများကို မရအောင်တားမြစ်ကြကုန်၏ဟူသည် မှန်၏လော ဟူ၍မေးမြန်းတော်မူသဖြင့် ရဟန်းများက မှန်ကန်ကြောင်းပြန်ကြားလျှောက်ထားကြလေသော် ဆဗ္ဗဂ္ဂီရဟန်းတို့ကို ကဲ့ရဲ့ ရှုတ်ချ၍တရားဓမ္မဟောပြပြီးလျှင် ရဟန်းများကို "ရဟန်းတို့. . အဘယ်ရဟန်းသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ထိုက်တန်သနည်း၊"ဟု မေးမြန်းတော်မူသည်။

အချို့ရဟန်းများက"မင်းမျိုးမှ ရဟန်းပြုသောရဟန်းသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦးကို ထိုက်တန်ပါသည်" ဟု လျှောက်ထားကြကုန်၏။ အချို့ရဟန်းများက "ဗြာဟ္မဏမျိုးမှ ရဟန်းပြုသောရဟန်းသည် နေရာဦး၊ရေဦး၊ ဆွမ်းဦးကိုထိုက်တန်ပါသည်" ဟု လျှောက်ထားကြကုန်၏။ အချို့သော ရဟန်းများက "သူဌေးသူကြွယ်မျိုးမှရဟန်းပြုသောရဟန်းသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦးကိုထိုက်တန်ပါသည်" ဟုလျှောက်ထားကြကုန်သည်။ အချို့ရဟန်း

များက ဝိနည်းဓိုရ်ရဟန်းသည် အချို့ကဓမ္မကထိက ရဟန်းသည်၊ အချို့ကပဌမဈာန်ရသော ရဟန်းသည်၊ ဒုတိယဈာန်ရသောရဟန်း၊ တတိယဈာန်ရသောရဟန်း၊ စတုတ္ထဈာန်ရသောရဟန်းသည် နေရာဦး၊ ဆွမ်းဦး၊ ရေဦးတို့ကို ထိုက်တန်ပါသည်ဟု လျှောက်ထားကြကုန်၏၊ အချို့က "သောတာပန်ရဟန်းသည်၊ သကဒါဂါမ်ရဟန်းသည် အနာဂါမ်ရဟန်းသည် သုက္ခဝိပဿက ရဟန်းသည် တေဝိဇ္ဇရဟန္တာသည် ဆဠဘိညရဟန္တာသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦးကို ထိုက်တန်ပါသည်ဟု ရဟန်းများက မိမိတို့သဘောကျအတိုင်း နေရာဦး စသည်ထိုက်သော ရဟန်းတို့ကို ပြောကြားလျှောက်ထားသော အခါမြတ်စွာဘုရားသည် "ချစ်သားရဟန်းတို့... ငါဘုရား၏ သာသနာတော်၌ နေရာဦးစသည်တို့ကိုရောက်သတ်သော် မင်းမျိုးရဟန်းပမာဏမဟုတ်၊ ပုဏ္ဏားမျိုးရဟန်း၊ သူဌေးမျိုး၊ သူကြွယ်မျိုးရဟန်း၊ ဝိနည်းဓိုရ်ရဟန်း၊ သုတ္တန်ဆောင်ရဟန်း၊ အဘိဓမ္မာဆောင်ရဟန်း၊ ပဌမဈာန် စသည်ရသော ရဟန်းများ သောတာပန်ရဟန်းများ စသည်များသည်လည်း ပမာဏမဟုတ် ချစ်သားတို့... အမှန်စင်စစ်သော်ကား ဤဘုရား၏ သာသနာတော်၌ ထေရ်စဉ်ဝါလိုက် ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း၊ အမှုများကို ပြုရမည်၊ ထေရ်စဉ်ဝါလိုက်အတိုင်းသာ နေရာဦး၊ ရေဦး၊ ဆွမ်းဦးရရှိခွင့်ရှိသည်၊ ဤနေရာဦးစသည်၌ အသက်သိက္ခာဝါကြီးခြင်းသည် ပမာဏဖြစ်ချေသည်၊ ထို့ကြောင့် သီတင်းကြီးဖြစ်သော ရဟန်းသည် ထိုနေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့အားလျော်ထိုက်တန်သူ ဖြစ်သည် ချစ်သားရဟန်းတို့... ယခုအခါ၌ကား သာရိပုတ္တရာသည် ငါဘုရား၏ လက်ျာရံအဂ္ဂသာဝကဖြစ်၏၊ ငါဘုရားဟောကြားသည့် ဓမ္မစက်ကိုလည်းစေနိုင်သည့် သားကြီး ပြုရသဖြစ်၏၊ ငါဘုရား၏ အခြားမဲ့၌နေရာကို ရခြင်းငှာ ထိုက်တန်သူဖြစ်၏၊ ထိုသာရိပုတ္တရာသည်ဤ လွန်ခဲ့သည့် တညဥ့်ပတ်လုံးနေရာကိုမရရှိပဲ သစ်ပင်ရင်း၌သာ စင်္ကြံသွားခြင်း၊ ထိုင်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေခဲ့ပြီ၊ ချစ်သားတို့သည် ယခုငါဘုရား အသက်ထင်ရှားရှိစဉ်ပင် ဤသို့မရိုသေကြ၊ မကျိုးနွံကြလျှင် ရောက်လာ ရောက်လာမည့် နောင်အခါကာလ ငါဘုရားပရိနိဗ္ဗာန်စံဝင်သော အခါသမယ၌ အဘယ်သို့ပြု၍ နေကြကုန်မည်နည်း" ဟူ၍ မိန့်ဆိုတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုရဟန်းတို့အား အဆုံးအမပေးတော်မူရန် "ရဟန်းတို့... ရှေးအခါ၌ တိရစ္ဆာန်များပင်သော်လည်း ငါတို့သည် အချင်းချင်း မရိုသေကြ မကျိုးနွံကြဘဲနေသဖြင့် မသင့်လျော် ငါတို့အနက် အသက်ကြီးသူကိုသိအောင် စုံစမ်းလေ့လာစိစစ်ပြီးလျှင် ထိုအသက်အကြီးဆုံးသူအား ရိုသေမြတ်နိုး ရှိခိုးခြင်း စသည်ကို ပြုကြကုန်အံ့ဟု တိုင်ပင်ကြကာ လေးလေးနက်နက် အသက်ကြီးသူကိုစုံစမ်းစစ်ဆေးကြပြီးလျှင် ဤသူသည်ငါတို့အနက်အသက်ကြီးဆုံးသူတည်း၊ ဟုသိရှိကြ၍ ထိုအသက်ကြီးဆုံးသူအား ရိုသေမြတ်နိုး၊ ရှိခိုးခြင်း စသည်ကို ပြုလုပ်ကြ၍ နတ်ပြည်လမ်းကြောင်း ကောင်းမြတ်သော၊ ဝုဍ္ဎာပစာယန အသက်ကြီးသူကို ရိုသေခြင်း အကျင့်ကို ဖြည့်ကျင့်ကြလျှင် နတ်ပြည်လောကသို့ သွားရောက်ကြလေပြီ" ဟု မိန့်ကြားတော်မူကာ ဧကကနိပါတ်၊ ၄-ကုလာဝကဝဂ်၊ ၇-တိတ္တိရဇာတ် အတိတ်ဝတ္ထုဖြစ်ရပ်ကို ထုတ်ဆောင်ဟောကြားတော်မူလေသည်။

မြတ်စွာဘုရားသည် -

ယေဝုဍ္ဎမပစာယန္တိ၊ နရာဓမ္မဿကောဝိဒါ။
ဒိဋ္ဌေဝဓမ္မေပါသံသာ၊ သမ္ပရာယေစသုဂ္ဂတိ။

ဝုဇ္ဇစာသနနာ မထင်ရှားကြီးသူကို ရိုသေခြင်းတရား၌ရှေးခြား သိမြင်ကျွမ်းကျင်လိမ္မာကြကုန်သော၊ အကြင်သူတို့သည် ဇာတ်ဝုဏ်အရွယ်ကြီးမြတ်ခြင်း သုံးသွယ်တွင် တရွယ်နှင့်ဂုဏ် နှစ်ပါးစုံကြီးမြတ်သောသူကို သေးမြတ်ကော်ရော် ပူဇော်ကြကုန်၏။ ထိုသူတို့သည် မျက်မှောက်ဘဝ ပစ္စုပ္ပန်၌ ချီးမွမ်းထိုက်ကုန်၏၊ ထိုသူတို့အား တမလွန်လောကဟိုဘဝ၌လည်း လူ့ရပ်နတ်ရွာ ကောင်းရာသုဂတိသည် ဖြစ်စေဟူ၍ ဤတိတ္တိရ ဇာတ်တရား ဒေသနာတော်မြတ်ကို ဟောကြားတော်မူသည်။

"ရဟန်းတို့... ထိုမျောက်၊ ဆင်၊ ခါသုံးဦးသော တိရစ္ဆာန်သတ္တဝါတို့သော်မှ အချင်းချင်း ရိုသေ တို့ရှိုနှိမ့်ခြင်းရှိကြကာ တူသော အသက်မွေးခြင်းရှိကြလျှက် နေကြကုန်သေး၏၊ သင်ချစ်သားတို့သည် တရားသမြင့် ဆုံးမရာ ဤဘုရားသာသနာ၌ သဗ္ဗါကပ္ပဏ်တရဟန်းများ ဖြစ်ကြလျှက် အချင်းချင်းမရိုသေကြဘဲ မတို့ရှိုနှိမ့်ကြဘဲ တူသောအသက်မွေးမှုမရှိကြဘဲ နေထိုင်ကြလျှင် ထိုသို့နေထိုင်ခြင်းသည် တင့်တယ်နိုင်ပါမည်လော၊ မတင့်တယ် နိုင်သည်သာ၊ ရဟန်းတို့... ဤသို့ မရိုသေမတို့ရှိုမနှိမ့် နေထိုင်ကြခြင်းသည် ဤသာသနာ၌ မကြည်ညိုသေး သောသူတို့၏ ကြည်ညိုရန်လည်းမဖြစ်နိုင်၊

ဤသို့ အစရှိသည်ဖြင့် ဆဗ္ဗဂ္ဂီရဟန်းတို့ကို တဲ့ရဲ့ရှုတ်ချ စကားမိန့်ကြားတော်မူ၍ အချင်းချင်းရိုသေ တို့ရှိုနှိမ့်ခြင်းအကျိုးနှင့် စပ်သောတရားကို စကားကို အကျယ်တဝင့် ဟောကြားတော်မူပြီးလျှင် -

"ရဟန်းတို့... ဝါစဉ်အတိုင်း ရှိခိုးခြင်းကိုငှင်း ရှိခိုးရန်၊ ခရီးဦးကြိုခြင်းကိုငှင်း ခရီးဦးကြိုရန်၊ လက်အုပ်ချီခြင်းကိုငှင်း လက်အုပ်ချီရန်၊ အရိုအသေပြုခြင်းကိုငှင်း အရိုအသေပြုရန်၊ နေရာဦးနေရာ မြတ်ကိုငှင်း နေရာဦးနေရာမြတ်ကိုပေးဖို့ရန်၊ ရေဦးကိုငှင်း ရေဦးပေးရန်၊ ဆွမ်းဦးကိုငှင်း ဆွမ်းဦးပေးရန် ငါဘုရားခွင့်ပြု တော်မူ၏၊ ရဟန်းတို့... သံဃိက ကျောင်းအိပ်ရာနေရာ၌ ဝါစဉ်အလိုက်နေထိုင်ခြင်းကို မတားမြစ်ရ တားမြစ်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူလေသည်"

## ရှိမခိုးအပ်သော ပုဂ္ဂိုလ်ဆယ်မျိုး

မြတ်စွာဘုရားသည် ဖော်ပြရာပါခွင့်ပြုသည့် အနုညာတ သိက္ခာပုဒ်၊ ပယ်မြစ်သည့် ပဋိက္ခေပ သိက္ခာပုဒ်နှစ်ပါးတို့ကို ပညတ်ဟောကြားတော်မူပြီးလျှင် တဖန်ဆက်၍ "ဒသယိမေဘိက္ခဝေ အဝန္ဒိယာ အစရှိသည်ဖြင့် ရဟန်းတို့.. ဤဆိုလတ္တံ့သော ပုဂ္ဂိုလ်ဆယ်မျိုးတို့ကို ရှိမခိုးအပ်ကုန်"

(၁) အလျှင်ရှေ့ဦးရဟန်းဖြစ်သော သူတနောက်မှ ရဟန်းဖြစ်သောသူကို မရှိခိုးအပ်။

(၂) ရဟန်းသည် ရဟန်းမဟုတ်သူကို မရှိခိုးအပ်၊

(၃) ရဟန်းသည် တံကြီးတံငယ်ဟူသော သံဝါသ်ကွဲပြားသည့် အဓမ္မဝါ ဒီရဟန်းကို ဝါကြီးသူဖြစ် ဖြစ်လင့်ကစား မရှိခိုးအပ်၊

(၄) ရဟန်းသည် မာတုဂါမကို မရှိခိုးအပ်။

(၅) ရဟန်းသည် ပဏ္ဍုက်ဖြစ်နေသူကို မရှိခိုးအပ်။

(၆) ပကတတ်ရဟန်းသည် ပရိဝါသ်ကျင့်သုံးနေဆဲဖြစ်သည့် ဇော်သားရဟန်းကို မရှိခိုးအပ်။

(၇) ပကတတ်ရဟန်းသည် မူလာယပဋိကဿနာ ရဟာဇော်သားရဟန်း ပရိဝါသ်နေ့စဉ်၊ ပရိဝါသ်နေပြီး၍ မာနတ်ကျင့်ရန် ထိုက်တွန်းသော ပုဂ္ဂိုလ်ဖြစ်စဉ်၊ မာနတ်ကျင့်စဉ်၊ မာနတ်ကျင့်ပြီး၍အဗ္ဘာန်သွင်း ခြင်းငှာထိုက်တန်သော ရဟန်းဖြစ်နေစဉ် ပုံးလွှမ်းအပ်သည့် အခြားသံဃာဒိတ်သိသ်အာပတ် အမျိုးမျိုး

သင့်ရောက်ပြန်သဖြင့် အရင်းမူလပရိဝါသ်သို့ တဖန်ပြန်၍ဝင်ထိုက်သော ဝတ်သား ရဟန်းကို မရှိနိုးအပ်၊

(၈) ဝတတက်ရဟန်းသည် မာနတ္တာရဟာရဟန်း - ပရိဝါသ်နေပြီး၍ မာနတ်ပေးထိုက်သော ဝတ်သား ရဟန်းကို မရှိနိုးအပ်၊

(၉) ဝတတက်ရဟန်းသည် မာနတ်ကျင့်ဆဲသော ဝတ်သားရဟန်းကို မရှိနိုးအပ်

(၁၀) ဝတဟက်ရဟန်းသည် မာနတ်ကျင့်ပြီး၍ အဗ္ဗာန်သွင်းခြင်းငှာ ထိုက်သောဝတ်သား ရဟန်းကို မရှိနိုးအပ်၊

ဤကဲ့သို့ ရဟန်းတော်များ ရှိမနိုးအပ် ရှိမနိုးကောင်းသည့် ပုဂ္ဂိုလ်(၁၀)ပါးကို ဟောကြားတော် မူပြီးလျှင် တဖန်ဆက်၍

## ရှိနိုးအပ်သော ပုဂ္ဂိုလ်သုံးမျိုး

ရဟန်းတို့ . . . ဤဆိုလတ္တံ့သော ပုဂ္ဂိုလ်သုံးမျိုးတို့ကို ရဟန်းသည် ရှိနိုးအပ်ကုန်၏၊

(၁) နောက်မှရဟန်းဖြစ်သော ရဟန်းသည် ဝိဝိအလျှင် ရှေးဦးကရဟန်းဖြစ်နှင့်ပြီးသော ရဟန်းကို ရှစ်နိုးအပ်၏၊

(၂) ရဟန်းသည် ကံကြီးကံငယ်ဟူသော သံဝါသ်ကွဲပြားသည့် ဝါကြီးသောရဟန်းကို ဓမ္မဝါဒီရဟန်းကြီး ဖြစ်လျှင် ရှစ်နိုးအပ်ကုန်၏၊

(၃) ရဟန်းတို့ . . . နတ်ပြဟ္မာနှင့်တကွသော သတ္တလောက၌ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသောမြတ်စွာဘုရားကို ရှိနိုးအပ်၏၊ ရဟန်းတို့ ဤဆိုအပ်ပြီးသော ပုဂ္ဂိုလ်သုံးမျိုးတို့ကို ရှိနိုးအပ်ကုန်၏၊ ဤသို့ ရဟန်းတော်များရှိနိုးအပ် ရှိနိုးကောင်းသည့် ပုဂ္ဂိုလ်သုံးမျိုးတိုလည်း ဟောကြားတော်မူ၏။

## သံဃာအားလျှုဒါန်းအပ်ပြီးမဟုတ်စေတာမူသံဃာကိုရည်ညွှန်း၍ပြုအပ်သော မဏ္ဍပ်ကနားစသည်၌ မထေရ်ကြီး (ဝါကြီးသောရဟန်း) တို့ကိုနေရာပြင်မ် မတားမြစ်ရန်တဖန်ပညတ်တော်မူခြင်း

ထိုသို့မြတ်စွာဘုရားသခင်များစွာသော ရဟန်းတို့ခြံရံလျှက်သာဝတ္ထိပြည်သို့ဒေါ်စေသာစာရီ အစဉ်အတိုင်း ကြွချီတော်မူသောအခါ လမ်းခရီးအကြား၌ နေထိုင်ကြသောသူများသည် သံဃာတော်ကို ရည်ညွှန်း၍ မဏ္ဍပ် ကနားများ၊ အခင်းများ၊ သံဃာတော်တို့ ညီမှုစုဝေးရာအရပ်များကို ကြိုတင်စီမံထား ရှိကြလေသည်၊ ဆဗ္ဗဂ္ဂီရဟန်း တို့၏ တပည့်ရဟန်းများသည် ရှေးနည်းတူ နေရာကို ဦးယူနှင့်ကြသဖြင့် သာရိပုတ္တရာမထေရ်ကြီးရှေးနည်းအတူ နောက်ကျ၍ နေရာကိုမရရှိပဲ သစ်ပင်ရင်း၌သာ တညဉ့်လုံးအချိန်ကိုကုန်စေရသော အကြောင်းဝတ္ထုတွင် မြတ်စွာဘုရားသည် ဖြစ်ရပ်အမှန်ကို စစ်ဆေးမေးမြန်း၍ ဆဗ္ဗဂ္ဂီရဟန်းတို့ကို ကဲ့ရဲ့ရှုတ်ချတော်မူပြီးလျှင် -

"နဘိက္ခဝေ ဥဒ္ဒိဿကတမ္ပိယထာဝုဍ္ဎံ ပဋိဗာဟိတဗ္ဗံယော ပဋိဗာဟေယျအာပတ္တိ ဒုက္ကဋဿ - ရဟန်းတို့ သံဃာအားလှူဒါန်းအပ်ပြီးမဟုတ်သေးစေကာမူ" သံဃာကို ရည်ညွှန်း၍ ပြုလုပ်စီရင်အပ်သော မဏ္ဍပ် ကနားသည်၌ ဝါစဉ်အတိုင်းနေထိုင်ခြင်းကို မတားမြစ်အပ်၊ တားမြစ်သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေ"" ဟူ၍ သိက္ခာပုဒ်ပညတ်တော်မူလေသည်၊

ဤ၌၊ ၊ဆဗ္ဗဂ္ဂီရဟန်းများ၏ အကြောင်းဝတ္ထုနှင့် စပ်၍ဝိနည်း၊ ဝဇိရဗုဒ္ဓိဋီကာ၌ "ဆဗ္ဗဂ္ဂီရဟန်းတို့ကား မြတ်စွာ ဘုရားသခင် ဝါတော်နှစ်ဆယ်လွန်မှ ဖြစ်ပေါ်ကြောင်းနှင့် မ၊ ဝ၊ ၀၇၅ "အာရာဓယိသုမေ ဘိက္ခူစိတ္တံ - စသည်ဖြင့် ပဌမဗောဓိခေါ် ဝါတော်နှစ်ဆယ်အတွင်း၌ ရဟန်းများသည် မြတ်စွာဘုရား၏ စိတ်နှလုံးကို အားရနှစ်သက်စေကာ

ကောင်းစွာနေထိုင်ခဲ့ကြကြောင်း တောကြားချက်ရှိသောကြောင့် ယခုတခါမှ တပါးသောအခါ၌ သာဝတ္ထိပြည်သို့ သွားသောအခါ ဖြစ်ပေါ်သည့်ဝတ္ထုကို ဤအရာ၌ အာဝတ်ကို ပြဆိုရန် ယူဆောင်၍ဆိုအပ်၏" ဟု၍သူမှ သင့်လျော်မည်ကဲ့သို့ရှိကြောင်း စိစဉ်စဉ်းစား၍ မှတ်ယူသင့်ကြောင်း အထူးဖွင့်ပြထားသည်။

## လူတို့၏ ဥစ္စာကိုခွင့်ပြုတော်မူခြင်း

ထိုအခါ လူတို့သည် ရွာတွင်းဆွမ်းစားကျောင်း၌ မြင့်လွန်းသော နေရာ၊ ပလ္လင်၊ မွေးရှည်ကော်ဇောကြီး၊ ဆန်းကြယ်သော သားမွေးအခင်း၊ လဲသွတ်သောအခင်း၊ ရုပ်ပုံချယ်သားမွေးအခင်း၊ နှစ်ဘက်အမွေးရှိသော အခင်း၊ တဖက်အမွေးရှိသော အခင်း၊ ရွှေချည်ထိုးအခင်း၊ ပိုးချည်အခင်း၊ သားမွေးအခင်းကြီး၊ ဆင်ကုန်းနီး၊ မြင်းကုန်းနီး၊ ရထားခင်းနီး၊ သစ်နက်ရေအခင်း၊ ဝံပိုင်ရေအခင်း၊ မြတ်သော နီသောမျက်နှာကျက်နှင့် တုံးနီ ခြေရင်းခေါင်းရင်း နှစ်ဘက်ရှိနေရာ၌ ဖော်ပြရာဝါ ဥစ္စာသယန၊ မဟာသယန မြင့်သောနေရာ၊ မြတ်သောနေရာတို့ကို ခင်းကြကုန်၏။ ရဟန်းတို့သည်မအပ်ဟု၍ သံသယရှိကြသဖြင့် မထိုင်ဝံ့ကြဘဲရှိကုန်ကြ၏။ ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားသည် "အနုဇာနာမိဘိက္ခဝေ ဌပေတွာတိဏိအာသန္ဒိံပလ္လင်္ကံတူလိကံ အစရှိသည်ဖြင့် ရဟန်းတို့ . . . မြင့်လွန်းသောအခြေရှိသော ညောင်စောင်းအင်ပျဉ်းတည်းဟူသော မြင့်လွန်းသော နေရာ၊ ပလ္လင်၊ လဲသွတ်သောအခင်း၊ ဤသုံးမျိုးတို့ချန်လှပ်၍ လူတို့ဥစ္စာသယန၊ မဟာသယန အခင်းများကို ထိုင်ရန်ခွင့်ပြု၏၊ အိပ်ရန်သော်ကားခွင့်မပြု" ဟု၍သိက္ခာပုဒ်ပညတ်တော်မူသည်။

ထိုရွာတွင်ဆွမ်းစားကျောင်း၌ပင် လူဒါယကာများဖြင့် မွေးယှက်ထက်အောက်ကြက်သည့် ညောင်စောင်းအင်ပျဉ်ကို ခင်း၍ပေးကြသဖြင့် ရဟန်းများသံသယဖြစ်ကာ မထိုင်ဝံ့ကြသော အကြောင်းဝတ္ထု၌ -

"အနုဇာနာမိဘိက္ခဝေ ဂိဟိဝိကတံ အဘိနိသီဒိတုံ နတွေဝ အဘိနိ ပဇ္ဇိတုံ = ရဟန်းတို့ . . . လူတို့၏ ဥစ္စာဖြစ်သည့် လဲဖြင့်မွေးယှက်ထက်အောက်ကြက်သည့် ညောင်စောင်းအင်ပျဉ်ကို ထိုင်ရန်ခွင့်ပြု၏၊ အိပ်ရန်သော်ကား ခွင့်မပြု" ဟု၍သိက္ခာပုဒ်ပညတ်တော်မူလေသည်။

## အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရားသခင်ကို ကြီးစွာသော အခန်းအနားဖြင့် ဇေတဝန်ကျောင်းတော်သို့ပင့်ဆောင်ခြင်း

ရှေ့၌ဆိုအပ်ပြီးသောအတိုင်း မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှများစွာသော ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည်ဘက်သို့ ခရီးဒေသစာရီကြွချီတော်မူခဲ့ရာ အစဉ်သဖြင့် သာဝတ္ထိပြည်နယ်အတွင်းသို့ ဆိုက်ရောက်လာတော်မူလေ၏၊ အနာထပိဏ်သူဌေးကြီးသည်လည်း ကျောင်းလွှတ်ရေစက်ချပူဇော်ပွဲကြီး အခမ်းအနားကို ကြီးကျယ်စွာစီရင်ပြီးလျှင် မြတ်စွာဘုရားကို ဇေတဝန်ကျောင်းတိုက်သို့ ပင့်ဆောင်ရန် အခမ်းအနားများကိုစီမံလေတော့သည်၊ ထိုအခမ်းအနားများမှာ -

## သုမနာမင်းသမီး

ပသေနဒီကောသလမင်းကြီးမှာ သုမနာမည်သော သမီးတော်တဦးရှိလေသည်၊ ထိုသုမနာ မင်းသမီးကား လွန်ခဲ့သော(၉၁)ကမ္ဘာထက်ကပင် ဝိပဿီမြတ်စွာဘုရားကို တိုင်းသားပြည်သူတို့ ပူဇော်လုပ်ကျွေးပြုစုခွင့်

ရသောအခါ ဥဏ်ပညာထက်မြက်သူ သူဌေးသမီး သုဇာသုမန ဖြစ်၍ အများပြည်သူတို့၏ အလျှင်လက်ဦး မြတ်စွာဘုရားအမှူးပြုသော သံဃာတော်ကို ရေမရော့သောနွားနို့ယနာဆွမ်းကို ဆက်ကပ်လှူဒါန်းပြီးလျှင် "မြတ်စွာဘုရား. . တဝသ်သရာဖြစ်လေရာဝယ် တပည့်တော်မအား တောင့်တောင့်တတပင်ပန်းဆင်းရဲစွာ အသက်မွေးရမှု မည်သည်မဖြစ်ပါစေသား၊ တပည့်တော်မ လှူဒါန်းသော မုလေးပန်းကုံးကဲ့သို့ ဖြစ်လေရာ သံသရာဘဝ၌ လူအများချစ်နှစ်သက်အပ်သော အမျိုးသမီးသာဖြစ်ရပါလို၏၊ အမည်အားဖြင့်လည်း သုမနာဟူ၍ အမည်ရှိသူသာ ဖြစ်ရပါလို၏" ဟူ၍ ဆုတောင်းခဲ့သဖြင့် ထိုဆုတောင်းပြည့်ဝကာ ကိုးဆယ့်တကမ္ဘာပတ်လုံး အပါယ်သို့ မလားရောက်ရပဲ လူ့ပြည်နတ်ပြည်တို့၌သာ ကျင်လည်၍ ဖြစ်တိုင်းဖြစ်တိုင်းသော မုလေးပန်းမိုး ဖြိုးဖြိုးရွာသွန်းသဖြင့် "သုမနာ"ဟူ၍သာ အမည်တွင်ခဲ့လေသည်။

ထိုသုမနာသည် ယခုအခါ၌ ပသေနဒီကောသလမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားကြီးမှ ဖွားမြင်သော သမီးတော်ဖြစ်လာကာ ဖွားသစ်စအခါတွင် ပုဆစ်ဒူးဝန်းနစ်လုမျှသော မုလေးပန်းမိုး ဖြိုးဖြိုးရွာသွန်းသဖြင့် မင်းကြီးက သုမနာဟူသောအမည်ကို မှည့်ဆိုခေါ်တွင်စေလေသည်၊ ထိုသုမနာ မင်းသမီးနှင့်အတူ ဖွားဖက်အမျိုးသမီးငါးရာရှိလေသည်၊ ပသေနဒီကောသလမင်းကြီးသည် ဖွားဖက်အမျိုးသမီး ငါးရာနှင့်တကွ သမီးတော်သုမနာ မင်းသမီးကို ချမ်းသာစွာကြီးပြင်းစေပြီး သမီးတော်သုမနာမင်းသမီး၏ အဆောင်အယောင်အခမ်းအနားအဖြစ်ဖြင့် ရထားငါးရာ စီမံပေးအပ်၍ သုမနာမင်းသမီး ခရီးထွက်လျှင် ဖွားဖက်အမျိုးသမီးပေါင်း ငါးရာတို့လည်း ရထားကိုယ်စီဖြင့် လိုက်ပါကြရလေသည်။

သုမနာမင်းသမီး အသက်ခုနစ်နှစ်အရွယ်တွင် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်ကို အလှူခံရန် သာဝတ္ထိပြည်သို့ ယခုရောက်ဆိုက်တော်မူလာခြင်းဖြစ်သည်၊ အနာထပိဏ်သူဌေးကြီးသည် ပသေနဒီကောသလ မင်းကြီးထံသို့ သွားရောက်၍ "မြတ်သောမင်းကြီး. . မြတ်စွာဘုရားသခင် ဤကျွန်ုပ်တို့ နေရာသာဝတ္ထိပြည်သို့ ကြွရောက်တော်မူလာခြင်းသည် အကျွန်ုပ်တို့၏အတွက်လည်း မင်္ဂလာကြီးတစ်ခုဝင်ဖြစ်ပါသည်၊ ထို့ကြောင့် အရှင်မင်းကြီး၏ သမီးတော်သုမနာမင်းသမီးကို သတို့သမီးငါးရာတို့နှင့်တကွ ရေပြည့်အိုးနံ့သာ ပန်းမာလ် စသည်များကိုစွဲကိုင်ကာ မြတ်စွာဘုရားအား ကြိုဆိုပင့်ဆောင်ဖို့ရန် လွှတ်တော်မူကြစေချင်ပါသည်" ဟူ၍ လျှောက်ထားလေ၏၊ ပသေနဒီ ကောသလမင်းကြီးသည် "ကောင်းပြီသူဌေးကြီး"ဟူ၍ဝန်ခံစကား ပြောကြားပြီးလျှင် အနာထပိဏ်သူဌေးကြီး လျှောက်ထားသည့်အတိုင်း ပြုလုပ်စီမံတော်မူလေသည်။

သုမနာမင်းသမီးလည်း ခမည်းတော်မင်းကြီး မိန့်ဆိုတော်မူသည့်အတိုင်း မြတ်စွာဘုရား ထံတော်မှောက် သို့ အဆောင်အယောင်အခမ်းအနားဖြင့် သွားရောက်ကြိုဆိုပြီးလျှင် မြတ်စွာဘုရားကို ရှိသေမြတ်နိုးရှိခိုး၍ နံ့သာပန်းစသည်တို့ဖြင့် ပူဇော်ပြီးသော် သင့်လျော်လျောက်ပတ်ရာအရပ်၌ ရပ်တည်လေ၏၊ မြတ်စွာဘုရားသည် သုမနာ မင်းသမီးအား တရားဟောတော်မူလေ၏၊ သုမနာမင်းသမီးသည် အခြံအရံသတို့သမီးငါးရာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ထိုမှတပါး အခြားသတို့သမီးငါးရာတို့သည်ရင်၊ မာတုဂါမအမျိုးသမီး မိန်းမကြီး ငါးရာတို့သည်ရင်၊ ဥပါသကာဝါယကာ ငါးရာတို့သည်ရင်၊ ထိုသို့ သုမနာမင်းသမီးအား တရားဟောသော အခါ၌ပင် သောတာပတ္တိဖိုလ်သို့ ရောက်ကြလေတုန်သည်။

ဤသို့လျှင် မြတ်စွာဘုရားသခင် ဇေတဝန်ကျောင်းတိုက်တော်သို့ ရောက်ဆိုက်တော်မူသည့်နေ့မှာ လပ်းခန်းအကြား၌ပင် သောတာပန်အရိယာပေါင်း(၂၀၀၀)နှစ်ထောင်ဖြစ်ကြလေသည်။

## အနာထပိဏ်သူဌေးကြီး၏ အခဆောင်အယောင်

အနာထပိဏ်သူဌေးကြီးသည် သုမနာမင်းသမီးကို တောသလမင်းကြီးထံမှ တောင်းပန်၍ မြတ်စွာဘုရားကို ကြိုဆိုဝင့်ဆောင်စေသည်မဟုတ်သေး၊ မိမိ၏ သားတိုလည်း အဆင်တန်ဆာဆင်ပြီး သောသတို့သား သူဌေးသား ငါးရာတို့နှင့်တကွ မြတ်စွာဘုရားကို ကြိုဆိုပင့်ဆောင်ရန် စေလွှတ်လေသည်။ အနာထပိဏ်သူဌေးကြီး၏ သားသည်လည်း ဖခင်သူဌေးကြီး၏ အစီအမံအတိုင်း မိမိ၏အခြံအရံဖြစ်သော သူဌေးသားငါးရာတို့နှင့်တကွ အဆင်းငါးမျိုးရှိသော အဝတ်တို့ဖြင့် တပြောင်ပြောင်တောက်ပသည့် တံခွန်ငါးရာတို့ကို ကိုယ်စီကိုင်ဆောင်ကြလျှက် မြတ်စွာဘုရား၏ရှေ့မှာ နေရာယူ၍ လိုက်ပါပင့်ဆောင်လေသည်။

ထိုသူဌေးသားတို့၏နောက်မှ အနာထပိဏ်သူဌေးကြီး၏ သမီးများဖြစ်ကြသည့် စူဠသုဘဒ္ဒါနှင့် မဟာသုဘဒ္ဒါတို့သည် အခြံအရံသူဌေးသမီး ငါးရာတို့နှင့်တကွ ရေပြည့်အိုးများကို ရွက်ဆောင်သယ်ယူကာ လိုက်ပါပင့်ဆောင်ကြလေသည်။

ထိုသူဌေးသမီးတို့၏ နောက်မှ အနာထပိဏ်သူဌေးကတော်ကြီး ပုညလက္ခဏာဒေဝီသည် အဆင်တန်ဆာ အပြည့်အစုံတန်ဆာဆင်လျှက် သူဌေးကတော်ငါးရာတို့နှင့်တကွ နံ့သာရေစသည်တို့ဖြင့် ပြည့်သော ရွှေခွက် ငွေခွက်များကို လက်စွဲကြကာ လိုက်ပါပင့်ဆောင်ကြလေသည်။ အားလုံးတို့၏ နောက်မှ အနာထပိဏ်သူဌေးကြီး သည် ကိုယ်တိုင်က အသစ်စက်စက် သူဌေးအဝတ်တို့ကို ဝတ်ဆင်ကာ အသစ်စက်စက်ဖြစ်သည့် သူဌေးဝတ်စုံတို့ကို ဝတ်ဆင်ကြသော သူဌေးပေါင်းငါးရာတို့နှင့်တကွ မြတ်စွာဘုရားကို ခရီးဦးကြိုပင့်ဆောင်လေသည်။

မြတ်စွာဘုရားသည် ဤဖော်ပြပါဥပသကာပရိသတ်ကို ရှေ့ကထား၍ များစွာသော ရဟန်းအပေါင်း ခြံရံလျှက် ကိုယ်တော်မြတ်၏ ကိုယ်တော်ရောင်ဖြင့်တောအထူးကို မွှေ့ရည်ဖြင့် သွန်းလောင်းအပ်သော ဆေးဝါး ရွှေပါအရောင်ကဲ့သို့ ရွှေရောင်အဆင်း ဝါဝင်းတောက်ပြောင်စေလျှက် အဆုံးအပိုင်းအခြားမရှိသော ဘုရား၏ တင့်တယ်ခြင်းဖြင့်ရင်း၊ အတုမရှိသော မြတ်စွာဘုရား၏ တင့်တယ်ခြင်းဖြင့်ရင်း၊ အတုမရှိသော မြတ်စွာဘုရား၏ အာယရေတော်ဖြင့်ရင်း၊ ဇေတဝန်ကျောင်းတိုက်တော်သို့ ဝင်ကြွတော်မူလေ၏။

## ဇေတဝန်ကျောင်းတိုက်တော်ကို စတုဒ္ဒိသာသံဃိက ရေစက်ချ၍လှူခြင်း

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာတော်ကို နောက်တနေ့နံနက် ဆွမ်းတုန်း ပေးရန် ရှိသေစွာပင့်လျှောက်ပြီးလျှင် နောက်တနေ့နံနက်ရောက်သောအခါ မိမိအိမ်၌ မွန်မြတ်သော ခဲဖွယ်၊ ဆွမ်း၊ ဘောဇဉ်များကို စီမံစေပြီးလျှင် မြတ်စွာဘုရားအား "ဘုန်းတော်ကြီးသော မြတ်စွာဘုရားဆွမ်းစားချိန်တန်ပါပြီ၊ ဆွမ်းပြင်၍ပြီးပါပြီ"ဟု အခါကာလကို ကြားလျှောက်စေသည်။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ ရဟန်းအပေါင်းခြံရံလျှက် အနာထပိဏ်သူဌေးအိမ်သို့ ကြွရောက်၍ ခင်းထားအပ်သော နေရာ၌ထိုင်နေတော်မူ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာမြတ်တို့ကို မွန်မြတ်သော ဆွမ်းဘောဇဉ်များ

မြင့်တိုယ်တိုင်ကိုယ်ကျ သာဟတ္ထိကမြောက် လက်ရောက်ကြည်ဖြူ ကပ်လှူလုပ်ကျွေးပြီးသော် သင့်လျှော်လျောက်ပတ်ရာအရပ်၌ ထိုင်နေ၍ မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . အကျွန်ုပ်သည် ဤဇေတဝန်ကျောင်းတိုက်တော်ကို အဘယ်သို့ စီမံလှူဒါန်းရပါမည်နည်း" အဘယ်သို့ ရေစက်ချလှူဒါန်း ရပါမည်နည်းဟူ၍ လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက အနာထပိဏ်သူဌေးကြီးကို "သို့တပြီးကား အနာထပိဏ်သူဌေး သင်သည် ဤဇေတဝန်ကျောင်းတိုက်ကို ရောက်ပြီး၊ရောက်ဆဲ၊ ရောက်လတ္တံ့သော အရပ်လေးမျက်နှာ၌ရှိသော ရဟန်းသံဃာအား တည်ထားပူဇော်လေလော့"ဟူ၍ မိန့်ဆိုတော်မူလေသောအခါ အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရား မိန့်ကြားတော်မူချက်အတိုင်း ဇေတဝန်ကျောင်းတိုက်တော်ကို အာဂတာနာဂတစာတုဒ္ဒိသာသံဃိက ရေစက်ချလှူဒါန်းလေသည်။

(၁) သီတံဥဏှံ ပဋိဟန္တိ၊ တတောဝါဠ မိဂါနိစ၊
သရိသပေ စမကသေ၊ သိသိရေစာ ပိရဋ္ဌိယော၊ (ငါတို့လှူဒါန်းကျောင်းသင်္ခမ်းသည်ထည့်)

အရှုတ္တဓာတ်ချောက်ချားဖေါက်ပြန်ဥတု ဖောက်ပြား၍ ဖြစ်ပွားလာသော အအေးဒဏ်ကိုလည်း ဥပနိသာ ရည်းပစ္စည်းထောက်ပံ့ ပယ်ဖျောက်နိုင်ပေ၏၊ တောမီးလောင်ခြင်းစသည်ကြောင့် ဖြစ်ပေါ်သည့် မီးပူဒဏ်ကိုလည်း ဥပနိသာရည်းပစ္စည်းထောက်ပံ့ ပယ်ဖျောက်နိုင်ပေ၏၊ ထိုမှတပါး၊ ခြင်္သေ့၊ သစ်၊ ကျားစသည်များပြားသော သားရဲဘေးရန်ကိုလည်း ဥပနိသာရည်းပစ္စည်းထောက်ပံ့ ပယ်ဖျောက်နိုင်ပေ၏၊ သမာဓိပျက်အောင် နှိပ်စက်၊ ကိုက်ခဲ၊ မှက်၊ ခြင်၊ ယင် တို့ကိုလည်း ဥပနိသာယည်းပစ္စည်း ထောက်ပံ့ပယ်ဖျောက်နိုင်ပေ၏၊ သိသိရတုအခါ မြာလိုလပြည့်ကျော် (၁)ရက်မှ တပေါင်းလပြည့်အထိ (၂)လကို သိသိရရတုဟုခေါ်၏၊ ခုနှစ်ရက်မိုးဆွေသောအခါ စသည်တို့၌ ဖြစ်လာတဲ့လေ့အလွန်အေးမြသော အတွေ့တို့ကိုလည်း ဥပနိသာရည်းပစ္စည်းပံ့ထောက်မလား ရောက်အောင် ပယ်ဖျောက်နိုင်ပေ၏၊ တုတ်တုတ် ညားညားအခါများ၌ ဖြစ်ပွားဝုန်ဖြိုး ရွာသွန်းသော မိုးတို့ကိုလည်း ဥပနိသာရည်းပစ္စည်းပံ့ထောက်မလား ရောက် အောင်ပယ်ဖျောက်နိုင်ပေ၏၊

(၂) တတောဝါတာတပေါယောရော၊ သဥ္စာတောပဋိဟညတိ ။
လေဏတ္ထဉ္စသုခတ္ထဉ္စ၊ ဈာယိတုဉ္စဝိပဿိတုံ ။
ဝိဟာရဒါနံသံဃဿ၊ အဂ္ဂံဗုဒ္ဓေဟိဝဏ္ဏိတံ။

တတောထိုမှတပါး ငါတို့လှူဒါန်းကျောင်းသင်္ခမ်းသည် သည်ဥတုအလျောက်ပေါ်ပေါက်ဖြစ်ပွား၍ လာသော အဟုန်ပြင်းထန်ကြောက်ဖွယ်ဘနန်း ကြမ်းတမ်းစွာသော လေပြင်းဒဏ်၊ နေပြင်းဒဏ် အတန်တန်တို့ ဥပနိသာရည်း ပစ္စည်းပံ့ထောက်မလာရောက်အောင် ပယ်ဖျောက်တပ်ပေ၏၊ ဤစကားရပ်တို့ဖြင့် မိမိလှူဒါန်းသည့် ကျောင်းသင်္ခမ်း၏ ရဟန်းတော်တို့အား ဘေးဥပဒ်များပုံကို စဉ်းစားဆင်ခြင်ရန် ဖော်ပြသည် အခရုံထွေပြား စိတ်မသွားပဲ တပါးတည်း ကိန်းဝပ်မွေ့လျော်ခြင်းငှာရင်း၊ ဘေးကင်းရန်ကွာ ချမ်းသာစွာ နေခြင်းငှာရင်း၊ အာရမ္မဏဝနိဇ္ဈာနဈာန်ကို အဖန်ဖန်ဝင်စားရှုပွားခြင်းငှာရင်း၊ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှာရင်း၊ ဤလေးပုဒ်တို့ဖြင့်လည်း ကျောင်းလှူသူ ဒါယကာတို့ နှလုံးသွင်းရမည့်ကျောင်း၏ အာနိသင်ကို ညွှန်ပြသည်။

ဃံဃာတော်အား ကျောင်းတလျှုဒါနကို ဖြတ်၏ဟူ၍ အစုဆု ထွက်ထားမြတ်စွာဘုရားသည် မိန့်မွမ်းတော်မူ အပ်ပေ၏။

(၄) တသ္မာဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော ။
ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။

ထို့ကြောင့်သာလျှင် မိမိ၏ လူနတ်၊ နိဗ္ဗာန်သုံးတန်ဖွံ့ဖြိုးများမြတ်သော အကျိုးကိုကောင်းစွာဆင်ခြင် မျှော်သိမြင်သော အမျိုးကောင်းသား၊ ပညာရှင်မင်းယောကျ်ားသည် နေထိုင်ရန်စိတ်မွေ့လျော်မျှော်ဖွယ် ကောင်းကုန်သော ဝိဟာရန်သာဆန်း ကျောင်းသင်္ခမ်းတို့ကို ဆောက်လုပ်စေရာ၏၊ ဤမိမိတို့ ဆောက်လုပ်ပြီးသော ကျောင်းသင်္ခမ်းတို့၌ အကြားအမြင်များဖြင့် ကြွယ်ဝသီလဝန္တခေါ်ဆို ကျောင်းထိုင်ပုဂ္ဂိုလ်တို့ကို နိုးမိုးအုပ်ကာ နေထိုင်စေရာ၏၊ မိမိဆောက်လုပ်လှူဒါန်းအပ်ပြီးသောကျောင်း၌ "ဆယ်ဝါပြည့်တင်း၊ ဝိတင်းနှစ်ဖြာ၊ ကမ္မာသမ္မု ခနွတရုဇ်၊ နာမ်ရုပ်ပိုင်ပိုင် တောစွမ်းနိုင်၊ ကျောင်းထိုင် ဝါးတင်္ဂါ" ဟူသော ကျောင်းထိုင်တုန်းကြီး၏ တင်္ဂါဗဟုသုတ ဝါးဖြာနှင့် ပြည့်စုံသည့် မထေရ်တို့ကျောင်းထိုင် ပုဂ္ဂိုလ်ခန့်အပ် တင်မြှောက်ရမည်ဟုဆိုလိုသည်။

(၅) တေသံ အန္နဉ္စပါနဉ္စ၊ ဝတ္ထသေနာ သနာနိစ၊
ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေ နစေတသာ။

အသယစေတ် ဖြောင့်မတ်ဖြူစင်ကုန်သော ထိုဗဟုသုတပြည့်ဝစုံလင် ကျောင်းနေအရှင်တို့အား ဆွမ်းတို့ရှင်၊ အဖျော်ယမကာကိုရှင်၊ အဝတ်သင်္ကန်းအိပ်ရာနေရာတို့ကိုရှင်၊ ရတနာသုံးပါး၏ဂုဏ် ကံနှင့်ကံ၏ အကျိုးကို ယုံကြည်သောစိတ်ဖြင့် သဒ္ဓါဖွေးဖြူပေးလှူရာ၏။ ဤဂါထာဖြင့် ဒါယကာတို့ဘက်မှ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ရန် ညွှန်ပြတော်မူသည်။

(၆) တေတဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ ။
ယံသော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာ နာတိ နာသဝေါ ။

ထိုဗဟုသုတပြည့်ဝစုံလင်ကျောင်းနေ အရှင်တို့သည် ထိုပစ္စည်းလေးရပ်ဖြင့် ဆည်းကပ်ပြုစုသူကျောင်း လှူသောဒါယကာအားအလုံးစုံသော ဝဋ်ဆင်းရဲကို ပါယ်ဖြောက်ကြောင်းဖြစ်သော သုတ္တန်ကောင်း တရားတို့ ဟရကာနှင့် မေတ္တာတရားရှေ့ရှုထား၍ ဟောကြကုန်၏။ ဤစကားရပ်ဖြင့် ကျောင်းနေအရှင်တို့ဖက်မှ ဓမ္မာနုဂ္ဂဟဖြင့် ကျေးဇူးတုံ့ပြန်ချီးမြှောက်ရန်ကို ညွှန်ပြတော်မူသည်၊ ထိုသဒ္ဓါကြည်ဖြူ ကျောင်း လှူသောဒါယကာသည် ဤအံ့ဖွယ်မှစ်ဖြာဂါဘုရား၏ သာသနာ၌ကျောင်းနေအရှင်တို့ ဟောကြားသင်း သုတ္တန်ကောင်း တရားတို့လိုက်နာ ကျင့်ကြံသော ကိုင်းတခြားအားသိ၍ လေးဖြာအာသဝေါကွာ မလျှာကုန်ခန်းရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင် စံချွပ်ငြိမ်း နကွေဗာတ်သိမ်းရ၏။

မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီးကို ဝိဟာရနုမောဒနာဂါထာဖြင့် အနုမောဒနာတရား ဟောကြား တော်မူပြီးလျှင် ဇေတဝန်ကျောင်းတိုက်သို့ ပြန်ကြွသီတင်းသုံးတော်မူလေသည်။

## တိုးလကြာသည့် ကျောင်းရေစက်ချအောင်ပွဲကြီး

အနာထပိဏ်သူဌေးကြီးသည် ဒုတိယနေ့မှစ၍ ကျောင်းတိုက်ရေစက်ချအောင်ပွဲကြီးကို စတင်ကျင်းပသည်။ ဗိသာခါ သူဌေးကတော်ကြီး၏ ပုဗ္ဗာရုံကျောင်းတိုက် ရေစက်ချအောင်ပွဲကြီးသည် လေးလကြာမှပြီးစီးလေသည်။ အနာထပိဏ်သူဌေးကြီး၏ ဇေတဝန်ကျောင်းတိုက်တော်ရေစက်ချအောင်ပွဲကြီး သည်ကား ကိုးလကြာမှ ပြီးစီးလေသည်။ ကျောင်းရေစက်ချအောင်ပွဲ သဘင်ဆင်ယင်ရာ၌လည်း ရွှေဒင်္ဂါး ခေါ်သာဆယ့်ရှစ်ကုဋေ သန်းပေါင်းတရာရှစ်ဆယ်ကို အကုန်အကျခံ၍ စွန့်ကြဲလှူဒါန်း ပေးတမ်းခဲ့လေသည်။

ဤသို့လျှင် ဇေတဝန်ကျောင်းတိုက်တော်တခုအတွက်ပင်လျှင် ကျောင်းတိုက်မြေရာအဖိုး တဆယ့်ရှစ်ကုဋေ ကျောင်းတိုက်တည်ဆောက်ရာ၌ တဆယ့်ရှစ်ကုဋေ၊ ကျောင်းတိုက်ရေစက်ချ အောင်ပွဲသဘင် ဆင်ယင်ရာ၌ တဆယ့်ရှစ်ကုဋေအားဖြင့် ရွှေဒင်္ဂါး ခေါ်သာပေါင်း ငါးဆယ့်လေးကုဋေ သန်းပေါင် ငါးရာ့လေးဆယ် အကုန်အကျခံ၍ သာသနာတော်၌ စွန့်ကြဲလှူဒါန်းခဲ့လေသည်။ (အနာထပိဏ်သူဌေးအကြောင်းပြီး၏။)

## ညီတော်နန္ဒရဟန်းကို နတ်သမီးအာရုံဖြင့် ဖလှယ်၍ အရဟတ္တဖိုလ်သို့ ရောက်စေတော်မူခြင်း

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတိုက်တော်ကို အလှူခံပြီးလျှင် ထိုဇေတဝန်ကျောင်းတော်ပေါ်၌ သီတင်းသုံးနေထိုင်တော်မူစဉ် ညီတော်အရှင်အာနန္ဒရဟန်းသည် သာသနာတော်၌ မပျော်ပိုက်၍ အပေါင်းရဟန်းတို့အား၊ "ငါ့ရှင်တို့. . ငါသည် သာသနာတော်ဝယ် မမွေ့လျော်မပျော်ပိုက်ဘဲ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကိုကျင့်ကြံခြင်းငှာ မစွမ်းနိုင်တော့ပါ။ ရဟန်းသိက္ခာကိုစွန့်ပစ်၍ သိက္ခာချ၍ လူ့ဘောင်သို့ ပြန်လည်လျှောကြပေတော့အံ့၊ လူထွက်တော့အံ့ဟူ၍ မိမိသာသနာ၌ မပျော်ပိုက်ကြောင်း လူထွက်တော့မည်ဖြစ်ကြောင်း ပြောကြားလေ၏။"

မြတ်စွာဘုရားသည် ထိုသတင်းကိုကြား၍ အရှင်နန္ဒကို ရှေ့တော်မှောက်သို့ ခေါ်စေပြီးလျှင် "ငါ့ရှင်တို့ ငါသည်သာသနာတော်ဝယ် မမွေ့လျော်မပျော်ပိုက်ပဲ သုံးပါးသိက္ခာသာသနာတည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြံ၍ နေရပါ၏။ ယင်းမြတ်သော အကျင့်ကို ဆက်လက်ထမ်းဆောင် ကျင့်ကြံခြင်းငှာ မစွမ်းနိုင်တော့ပါ၊ ရဟန်းသိက္ခာကို စွန့်ပစ်၍ လူ့ဘောင်သို့ ပြန်လည်လျှောကြပေတော့အံ့ဟု များစွာသောအဖော်ရဟန်းတို့အား ပြောကြား၏ဟူသည် မှန်သလော ဟူ၍မေးတော်မူလေသော် အရှင်နန္ဒသည် မှန်ပါသည်နောင်တော်ဘုရား" ဟူ၍ ဝန်ခံတော်း မကွယ်မထောက် လျှောက်ထားပြန်ကြားလေ၏။

တဖန်ထပ်၍ မြတ်စွာဘုရား "ချစ်ညီနန္ဒ သင်သည် အဘယ့်ကြောင့် သာသနာတော်ဝယ် မမွေ့လျော် မပျော်ပိုက်ဘဲ သုံးပါးသိက္ခာသာသနာတည်းဟူသော မြတ်သောအကျင့်ကို ဆက်လက်ထမ်းဆောင် ကျင့်ကြံခြင်းငှာ မစွမ်းနိုင်ရသနည်း အဘယ်ကြောင့် ရဟန်းသိက္ခာကို စွန့်ပစ်၍ လူ့ဘောင်တို ပြန်လည်လျှောကြလိုရသနည်း" ဟူ၍မေးမြန်းတော်မူပြန်လျှင် အရှင်နန္ဒသည် -

ဘုန်းတော်ကြီးသော နောင်တော်မြတ်ဘုရား. . . ညီတော်သည် နောင်တော်ဘုရား၏ သပိတ်ကို ထမ်း၍ နန်းတော်မှ ထွက်ခဲ့စဉ် ဇနပဒကလျာဏီနမတော် သာကီဝင်မင်းသမီးက ဆံပင်များ တဝက်တပြတ်သာ ဖြီးရှင်းပြီးလျှင် အဆောင်တော်လေသာပြူတင်းမှ လှမ်းမြော်၍ ညီတော်ကို "တိုအရှင့်သား မြန်မြန်ကြီးပြန်၊

လာခဲ့ပါ"ဟု မှာကြားလိုက်ပါတယ်၊ နောင်တော်မြတ်ဘုရား. . ညီတော်သည် ထိုနမတော် ကြင်ယာလောင်း ဇနပဒကလျာဏီ သာတိဝင်မင်းသမီးမှာ ကြားလိုက်သောစကားကို အဖန်ဖန်အောင့်မေ့နေသည်ဖြစ်၍ သာသနာတော်ဝယ် မမွေ့လျော်မပျော်ပိုက်ပဲ သုံးပါးသိက္ခာသာသနာတည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြံနေရပါတယ်၊ ယင်းမြတ်သော အကျင့်ကိုဆက်လက်ထမ်းဆောင် ကျင့်ကြံခြင်းငှာ မစွမ်းနိုင်တော့ပါ၊ ရဟန်းသိက္ခာကို စွန့်ပစ်၍ လူ့ဘောင်သို့ ပြန်လည်လျှောကြပါတော့မည်၊ လူထွက်ပါတော့မည်ဘုရားဟူ၍ နှိုးဆော်ချင့်မတ်စွာ လျှောက်ထားလေတော့သည်။

ထိုအခါ မြတ်စွာဘုရားသည် အရှင်နန္ဒကို လက်ရုံးဆွဲကိုင်ကာ တာဝတိံသာသို့ ငှက်လိုက်သကဲ့သို့ ကိုယ်တော်မြတ်၏ တန်ခိုးအစွမ်းဖြင့် တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်တော်မူလတ်သည်တွင် လမ်းခရီးအကြားဝယ် မီးလောင်ထားသော လယ်ကွက်တစ်ခုအတွင်း မီးသင့်ထားသော သစ်ငုတ်ပေါ်၌ နားရွက်၊ နှာခေါင်း၊ အမြီးများ မီးလောင်ထားသည့် အစုတ်စုတ်အပြတ်ပြတ်ဖြစ်ကာ ထိုင်နေသော အဘိုးကြီးဝယ် အသွယ်သွယ် တို့မီးလောင်ထားသည့် မျောက်တိုမကြီး တကောင်ကို ပြတော်မူပြီးနောက် တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်တော်မူလေ၏၊ တာဝတိံသာ နတ်ပြည်သို့ ရောက်ရှိသောအခါ သိကြားမင်းထံခစားမြူစုရန် လာရောက်ကြသည့် နီခြေအသွေးနီထွေးသော အရောင်အဆင်း ရှိသည့် နတ်သမီး ငါးရာတို့ကိုယ်တော်မြတ်ကို ရှိခိုး၍ ရပ်တည်နေကြသည်တို့ကို အရှင်နန္ဒအား ညွှန်ပြတော်မူ၍-

ချစ်ညီနန္ဒ. . သင်သည် ယခုငါဘုရားမေးမည့်စကားကို မည်ကဲ့သို့ မှတ်ထင် သဘောကျသနည်း။ သင်၏နမ ကြင်ယာလောင်း ဇနပဒကလျာဏီသာတိဝင်မင်းသမီးနှင့် ဤနီခြေအသွေး နီထွေးသော အရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာတို့ရှိကြရာဝယ် အဘယ်သူက သာလွန်၍ အဆင်းတင့်တယ်၍ခြင်ဖွယ် ကြည်ညိုဖွယ်ရှိသနည်း. . တူ၍မေးတော်မူလေ၏၊ ဤ၌။ ။ထိုနတ် သမီးငါးရာတို့သည် ကဿပမြတ်စွာ ဘုရား၏ တပည့်သံဃာတော်များအား ခြေနယ်ဆီကို လှူခဲ့ဘူးသော ကောင်းမှုကြောင့် နီခြေအသွေး နီထွေးနူးညံ့သော ခြေရှိကြကုန်သည်၊

ဤ၌၊ ။မြတ်စွာဘုရားသည် ရာဂကိလေသာ မီးဖြင့် စိုစွတ်သောစိတ်ရှိသည့် အရှင်နန္ဒကို အဘယ့်ကြောင့် ကိလေသာအရား တိုးပွားလာသည့်တိုင်အောင် နတ်သမီးများကို ပြတော်မူရ ကြည့်ရှုစေတော်မူရသည်ကို ထင်ရှားစေဦးအံ့. . .လိမ္မာလှစွာသော ဆေးဆရာသည် သလိပ်၊ သည်းခြေ၊ လေ၊ ဓါသများ၊ တိုးပွား နှိပ်စက်ခံနေရသည့် သူနာကို ဆေးကုလိုသည်ရှိသော် ဆီးဆေးကို တိုက်ကျွေးခြင်းစသည်ဖြင့် ရှေးဦးစွာ ဓါသများကို တိုးပွားနူးနပ်စေပြီးနောက်မှ အန်ဆေး၊ ဝမ်းလားဆေးတို့ဖြင့် ထိုဓါသများကို အလွယ်တကူ ပယ်ရှားသကဲ့သို့. ဤအတူဝေနေယျတို့ကိုဆုံးမခြင်းနှင့် အတုမရှိလိမ္မာတော်မူသော မြတ်စွာဘုရား ဆေးသမားကြီးသည် ရာဂကိလေသာ အပြစ်ဓါသ တိုးပွားနှိပ်စက်ခံနေရသည့် ရှင်နန္ဒတည်းဟူသော သူနာကို နတ်သမီးများအား ပြတော်မူ၍ ရာဂကိလေသာ အပြစ်ဓါသကို ရှေးကထက် တိုးပွားနူးနပ်စေတော်မူ၏။ ထိုသို့ပြုခြင်းမှာလည်း အရိယာမဂ်တည်းဟူသော ကိလေသာအန်ဆေး၊ ကိလေသာဝမ်းလားပဆေးတို့ဖြင့် အကြွင်းအကျန်မရှိအောင် ကိလေသာ အပြစ်ဓါသများကို ပယ်ရှားနှင်ထုတ်ရန် ပြုလုပ်တော်မူခြင်းဖြစ်သည်၊

ထိုသို့ မြတ်စွာဘုရားမေးမြန်းတော်မူသောအခါ အရှင်နန္ဒထေရ်သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . လမ်းခရီးအကြားဝယ် နောင်တော်ဘုရားပြသခဲ့သည့် နားရွက် နှာခေါင်း အမြီး အမြတ်ပြတ်အစုတ်စုတ်ဖြစ်ကာ အင်္ဂါကြီးဝယ် အသွယ်သွယ်ကို မီးလောင်ထားသည့် မျောက်တိုမကြီးသည် ဇနပဒ - တဘ္ဗာဏီသာကီဝင် ဆလုံစာရင်း မသွင်းသင့်သကဲ့သို့ ဤအတူပင် နှမတော်ကြင်ယာလောင်း ဇနပဒ - တဘ္ဗာဏီသာကီဝင် မင်းသမီးသည် ဤနတ်သမီး ငါးရာတို့ကို ထောက်ဆလျှင် အလုံစာရင်း မသွင်းသင့်တော့ပါ၊ စင်စစ်ဆော်တား ဤနတ်သမီး ငါးရာတို့ကသာလျှင် လွန်၍ ရှုပ်အဆင်းဟင့်တယ် ရှုချင်စဖွယ် ကြည်ညိုဖွယ်ရှိကြပါကုန်သည်ဘုရား-ဟူ၍လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရား သခင်က -

ချစ်ညီနန္ဒ. . . . သင်သည်သုံးပါးသိက္ခာသာသနာတည်းဟူသော မြတ်သောအကျင့်၌သာ မွေ့လျော်ပါလော့ ချစ်ညီနန္ဒ ယင်းသို့မြတ်သော အကျင့်၌ မွေ့လျော်ပါလျှင် သင့်အတွက်သာ ငါဘုရားသည် နီခြေအသွေး နီထွေးသောအခြေ အရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာတို့ကို ရဖို့အာမခံပေသည်ဟူ၍ အာမခံ စကားမိန့်ကြားတော်မူသောအခါ အရှင်နန္ဒသည် ဘုန်းတော်ကြီးသော နောင်တော်မြတ်စွာဘုရား ညီတော်အတွက်တာ နောင်တော်ဘုရားကို နီခြေသွေးနီထွေးသော ခြေရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာတို့ကို ရဖို့ရန် အကယ်၍ အာမခံတော်မူပါလျှင် ညီတော်သည် နောင်တော်ဘုရားထံတော်ဝယ် သုံးပါးသိက္ခာသာသနာ တည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးမှု၍ မွေ့လျော်နှစ်ခြိုက်မျှော်ပိုက်ပါတော့မည်ဘုရားဟူ၍ ဝမ်းမြောက်စွာ မြန်ကြားလျှောက်ထား ဝန်ခံလေသည်၊

ဤ၌မြတ်စွာဘုရားသည် ညီတော်အရှင်နန္ဒရဟန်းအတွက် သုံးပါးသိက္ခာသာသနာတည်းဟူသော မြတ်သော အကျင့်ကို ကျင့်သုံးစေရန် အလိုတော်ရှိပါလျှက် အဘယ်ကြောင့် နတ်သမီးငါးရာတို့ကို ရရှိသုံးဆောင် ခံစား မှုတည်းဟူသော အပြဟ္မစရိယဝါသအတွက် အာမခံတော်မူရပါသနည်းဟူ၍ မေးမြန်းဖွယ်ရှိ၏၊

အဖြေကား. . . အရှင်နန္ဒ၏ ရာဂကား ဇနပဒကလျာဏီ သာကီဝင်မင်းသမီးအပေါ်၌ မြင်းထန်စွာ တျရောက်လျှက်ရှိချေသည်၊ ထိုသို့ ဇနပဒကလျာဏီသာကီဝင်မင်းသမီး အာရုံ၌မြင်းထန်စွာ ကျရောက် လျှက်ရှိသော အရှင်နန္ဒ၏ ရာဂကို အာဝဇ္ဇကဖြစ်သော နတ်သမီးငါးရာအာရုံ၌ ပြောင်းရွှေ့ပြီးမှ ပယ်ခွန့်စေဖို့ရန် အလွယ်တကူနှင့် စွမ်းနိုင်မည်ဖြစ်သောကြောင့် မြတ်စွာဘုရားသည် အပြဟ္မာစရိယ ဝါသအတွက်သာ အာမခံ ချက်ပေးတော်မူခြင်း ဖြစ်သည်ဟူပေ၊

ထိုအခါ မြတ်စွာဘုရားသည် အရှင်နန္ဒကို ခေါ်ဆောင်၍ တာဝတိံသာနတ်ပြည်၌ ကိုယ်တော်ကိုး ကွယ်ခဲ့ပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ ရောက်လတ်သောအခါ အရှင်နန္ဒသည် မြတ်စွာဘုရား၌ ဝတ်မြဲ၍ မိမိ၏ နေသန့်ရာအရပ်သို့ သွားလတ်သည်ရှိသော် မြတ်စွာဘုရားသည် ကိုယ်တော်ထံမှောက်သို့ဆည်းကပ်ခံစား တရားနာရန်လာရောက်ကြကုန်သော ရဟန်းတို့အား ထိုအကြောင်းကိုပြန်ပြောင်း မိန့်ကြားပြီးလျှင် လောက ဥပမာဖြင့် လိမ္မာသောသောကျွားသည် သစ်သားဖျဉ်ချပ်တိုင် စသည်၌ဝင်ရောက်ကာ အလွယ်နှင့် မထွက်နိုင်သော ဖယ်န အသားပုရစ်ကို အခြားမယ်နပုရစ်ငယ်တခုဖြင့် ထုရိုက်ထုတ်ပြီးမှ ထိုမယ်န ပုရစ် အသစ်ကို လတ်စသည်ဖြင့် နှဲ့တာ ဖယ်ရှား၍ ပစ်သကဲ့သို့ ထို့အတူပင် အလေ့အကျက်များ၍သော ဇနပဒကလျာဏီ သာကီဝင်မင်းသမီး

အာရုံ၌ငြိုးဝင်၍နေသော အရှင်နန္ဒ၏ ရာဂတည်းဟူသော ဖယ်နာပုရစ်ကို အာဝဇ္ဇန အာရုံဖြစ်သည် နတ်သမီးငါးရာတည်းဟူသော အခြားမယ်နာ ပုရစ်ငယ်တချက်ဖြင့် ထုနှက်ထုတ်ပြီးမှ တဖန်ထိုနတ်သမီး အာရုံကိုလည်း ဖြတ်သောအကြင်၏ အကြောင်းဖြစ်အောင်ပြုလုပ်ပြီးလျှင် ဝယ်ရှားစွန့်ပစ်တော်မူလိုရကား ရဟန်းတော်များကို

ချစ်သားတို့. . သွားကြတုန်၊ ထင်ချစ်သားတို့သည် နန္ဒရဟန်းကို "သုဓစား"ဟူသော ပြောဆိုခြင်း "အဝယ်တော်ကြီး"ဟူသော ပြောဆိုခြင်းဖြင့် ကဲ့ရဲ့စကားပြောကြားကြကုန်လော့ဟူ၍ စေခိုင်းတော်မူလေ၏၊ ထင်းသို့ မြတ်စွာဘုရားမိန့်ကြားစေခိုင်းတော်မူချက်အရ များစွာသော ရဟန်းတို့သည် "မြတ်စွာဘုရား၏ မိထွေးတော်မဟာပဇာပတိဂေါတမီ၏သား ဘုရား၏ ညီတော်နန္ဒရဟန်းသည် နတ်သမီးငါးရာတို့ကို ရလိုသောကြောင့် မြတ်သောအကျင့်ကို ကျင့်၍နေသတဲ့ မြတ်စွာဘုရားသည် အရှင်နန္ဒအတွက် ခိုခြေအသွေးနီထွေးသော ခြေအဆင်းရှိကြသည့် နတ်သမီးငါးရာတို့ကိုရဖို့ရန် အာမခံတော်မူသတဲ့ဟူသော သတင်းစကားကို အနှံ့အပြား ကြားသိကြလေကုန်၏" ထိုအခါ ရှင်နန္ဒ၏ သူငယ်ချင်းရဟန်းတို့သည် အရှင်နန္ဒထံသို့သွားရောက်ကြပြီးလျှင်

အရှင်နန္ဒကို အရှင်နန္ဒသည် "သုခ,စားကြီး" ဆိုပါလား၊ အရှင်နန္ဒသည် "အဝယ်တော်ကြီးဆိုပါကလား၊ နတ်သမီး ငါးရာတို့တို့ ရလိုသောကြောင့် မြတ်သောအကျင့်ကို ကျင့်သုံးနေသည်ဆိုပါကလား၊ မြတ်စွာဘုရားသည် အရှင်နန္ဒအတွက် ခိုခြေအသွေးနီထွေးသော ခြေရောင်အဆင်းရှိသည့် နတ်သမီး ငါးရာတို့ကို ရဖို့ရန် အာမခံတော်မူသည်ဆိုပါကလား" ဟူ၍ သုခ,စားကြီးဟူသော ပြောဆိုခြင်း "အဝယ်တော်ကြီး "ဟူသော ပြောဆိုခြင်းဖြင့် ကဲ့ရဲ့ ရှုတ်ချစကားပြောကြားကြလေ၏၊

ထိုအခါ အရှင်နန္ဒသည် သူငယ်ချင်းရဟန်းတို့၏ "သုခ,စားကြီးဟူသောပြောဆိုချက် အဝယ်တော်ကြီး" ဟူသော ပြောဆိုချက်ဖြင့် အခံရခက် ရှက်နိုးစက်ဆုပ်လှရကား တပါးတည်းဆိတ်ငြိမ်ရာသို့ တပ်လျှက် မမေ့မလျော့ မပေါ့သောလုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိကာ ရဟန်းတရားပွားများ ကြိုးကုတ် အားထုတ်တော်မူလျက် မကြာမြင့်မှီပင် အာသဝေါကုန်ခန်းရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူရကာ အသိတိ မဟာသာဝကကြီး ရှစ်ကျိပ်တွင် တပါးအပါအဝင်ဖြစ်တော်မူလေ၏၊

ထိုအခါ အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်ကြီးတယောက်သည် သန်းခေါင်ယံအခါ၌ မြတ်စွာဘုရား ထံတော်မှောက်သို့လာရောက်ချဉ်းကပ်သင့်လျော်ရာက ရပ်ပြီးလျှင်အရှင်နန္ဒမထေရ် ရဟန္တာဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်သော လျှောက်ထားပြောကြားလေသည်၊ ယင်းသို့ ဗြဟ္မာကြီး လျှောက်ထားသည့်စကား၏ အခြားမဲ့၌ပင် "အဘယ်နည်း" ဟုဆင်ခြင်စဉ်းစားတော်မူသော မြတ်စွာဘုရား၏ သန္တာန်တော်၌လည်း "နန္ဒရဟန်း သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်လေပြီဟူ၍ သိအပ်သောသဗ္ဗညုတ ဉာဏ်တော်ဖြစ်ပွားလေသည်"

## အရှင်နန္ဒမထေရ် ဘုရားထံမှောက်လာရောက်လျှောက်ထားခြင်း

ရှေ့၌ပြဆိုအပ်ပြီးသောအတိုင်း အရှင်နန္ဒမထေရ်သည် သူငယ်ချင်းရဟန်းတို့က ပြက်ရယ်ပြောင်လှောင်မှု ပြုအပ်ရကား "ငါသည် ဤသို့တောင်းစွာ ဟောကြားအပ်သော ဓမ္မဝိနယသာသနာ၌ ရဟန်းပြုပြီးလျှင် နတ်သမီးတို့ကို ရရှိဖို့ရန် မြတ်စွာဘုရားကို အာမခံသူဖြစ်အောင် ပြုခဲ့မိလေပြီ သို့ရကား ငါသည်

၂၈၉
ဝန်လေးသောအမှုကို ပြုအပ်ခဲ့လေပြီ" ဟူ၍ သံဝေဂဖြစ်ရကာ ဟိမဝန္တာပစ္စတရားကို မြင်ငွားစေချော် မနေမနာ ဖောဖိလော့ဖြောက်ဖောဖြစ် ဖြောင့်ဆိုင်း... အေးထုတ်လတ်သော် အရဟတ္တဖိုလ်သို့ ရောက်၍"ငါသည် မြတ်စွာဘုရားတို့ကို အာမခံဝန်ခံချက်မှ လွတ်မြောက် စေရပါမှ ကောင်းလေစွာဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် ထိုညဉ့် လွန်မြောက်မိုးသောက်သတ်သောအခါ မြတ်စွာဘုရားထံမှောက်သို့ သွားရောက်ချဉ်းကပ်၍ မြတ်စွာဘုရားကို"

တုန်းတော်ကြီးသော နောင်တော်မြတ်ဘုရား . . နောင်တော်ဘုရားသည် ညီတော်အတွက် နိစ္စေ အသွေး နီထွေးသော ခြေရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာတို့ကို ရရှိဖို့ရန် အာမခံတော်မူခဲ့သည်။ တုန်းတော် ကြီးသော နောင်တော်မြတ်ဘုရား နောင်တော်မြတ်ဘုရားကို အကျွန်ုပ် ညီတော်သည် ထိုဝန်ခံချက် အာမခံချက်မှ လွတ်ပါ၏ - ဟူ၍ လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရား သည်လည်း ညီတော် အရှင်နန္ဒမထေရ်ကို -

ချစ်ညီနန္ဒ . . ငါဘုရားသည်လည်း မိမိစိတ်ဖြင့် သင်၏ စိတ်ကိုပိုင်းခြားဝေဖန်ကာ "နန္ဒရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်ခဲ့လေပြီဟူ၍ သိမြင်လာခဲ့လေပြီ၊ ရဟန္တာဖြပ်ဖွာကြီးကလည်း ငါဘုရားအား သင်ချစ်ညီ ရဟန္တာဖြစ်ကြောင်း လာရောက်လျှောက်ထားခဲ့လေပြီ၊ ချစ်ညီနန္ဒ . . အကြင်အခါ အကြင်စိတ္တလတ္တဏာ၌ သင်၏ စိတ်သည် အာသဝေါတရားတို့မှ လွတ်မြောက်လေပြီ၊ ထိုအခါ ထိုစိတ္တလတ္တဏာ၏ အခြားမဲ့မှာပင် ငါဘုရားသည် ထိုအာမခံချက်ဝန်ခံချက်မှ လွတ်မြောက်ခဲ့လေပြီ" ဟူ၍ မိန့်ဆိုတော်မူပြီးလျှင် နှစ်သက်အားရ ဝမ်းမြောက်သော စိတ်ရှိတော်မူရကား -

ယဿနိတ္တိဏ္ဏော ပင်္ကော၊ မဒ္ဒိတော ကာမကဏ္ဍကော။
မောဟက္ခယံ အနုပ္ပတ္တော၊ သုခဒုက္ခေသု န ဝေဓတိ သ ဘိက္ခု။

အကြင် အရိယာပုဂ္ဂိုလ်သည် မိစ္ဆာအယူတည်းဟူသော ညွန်မြောင်းကို ဝါ သံသရာတည်း ဟူသော ညွန်မြောင်းကို အရိယာမဂ်တည်းဟူသော တံတားနှင့်ကြမ်းဖြင့် နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းရောက်အောင် ကူးမြောက်တော်မူအပ်ပေပြီ။ သတ္တဝါများဖြင့် လူပုံယင်ကို စူးဝင်မှောင့်ရောင် ကိလေသာကာမတည်းဟူသော ဆူးငြောင့်ကို ပညာဉာဏ်စက်တုတ်လတ်နတ်ဖြင့် မှုန်မှုန်ညက်ညက်ဖျက်စီးအောင် ဖျက်စီးချေမှုန်းအပ်လေပြီ၊ အကြင်အရိယာသခင် အရှင်သူမြတ်သည် မောဟ၏ကုန်ရာ အရဟတ္တဖိုလ်နိဗ္ဗာန်သို့ မဂ်ဉာဏ်ဝေးယောတ် အစဉ်လျှောက်၍ ရောက်တော်မူလေပြီ၊ ကိလေသာခိုက်ပံ မှောင်ထုခဲကို ဖြိုခွဲဖျက်ဆီးတော်မူပြီးသော ထိုရဟန္တာ သခင် အရှင်သူမြတ်သည် ချမ်းသာဆင်းရဲ ဤနှစ်တွဲတို့ကြောင့် ဝါကျဥ္စာနိင့်လောကဓံ ရှစ်ရပ်တို့ကြောင့် တောက်ပြန်တုန်လှုပ်တော်မမူဟူသော ဤဥဒါန်းဝါထာကို မြွက်ဆိုကြူးရင့်တော်မူလေ၏၊ တနေ့သ၌ ရဟန်း တော်များသည် အရှင်နန္ဒမထေရ်ကို "ငါ့ရှင်နန္ဒ . . သင်သည် ရှေးရှေးရက်များက သာသနာတော်ဝယ် မပျော်ပိုက်ဟူ၍ ပြောဆိုခဲ့လေပြီ၊ ယခုအခါ၌ သင်၏စိတ်သည် အဘယ်သို့ ဖြစ်ရလေသနည်း။" ဟူ၍ မေးမြန်း ကြသည်ရှိသော် အရှင်နန္ဒမထေရ်က "ငါ့ရှင်တို့ . . ယခုအခါ ငါ့မှာ လူ့ဘောင်သို့ လျောကြလိုသောစိတ်ပင် မရှိတော့ပြီဟူ၍ ဖြေကြားပြောဆိုလေသည်"

အရှင်နန္ဒ ဖြေကြားသည့်ထိုစကားကို ကြားကြရလျှင် ရဟန်းတော်တို့သည် "အရှင်နန္ဒသည် မဟုတ် မဟုန်သောစကားကို ပြောကြားဘိ၏၊ လွန်ခဲ့သောနေ့တို့က သာသနာ့တော်ဝယ် မပျော်မိုက်ဟူ၍ ပြောဆိုပြီးလျှင်

ယခု အခါကျမှ ငါ့မှာ လူ့ဘောင်သို့ လျှောကျလိုသော အလိုဆန္ဒလုံးဝ မရှိတော့ပြီဟု ပြောဆိုဘိ၏" ဟူ၍ရွတ်ချ စကား ပြောကြားကြပြီးလျှင် မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ကြ၍ မြတ်စွာဘုရားအား ထိုအကြောင်းတို့ လျှောက်ထားကြလေကုန်သည်။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့... လွန်ခဲ့သောနေ့တို့က နန္ဒရဟန်းကိုယ်ခန္ဓာသည် မကောင်းသဖြင့် မိုးအပ်သော အိမ်နှင့် တူ၏၊ ယခုအခါ၌မူ ကောင်းစွာမိုးအပ်သော အိမ်နှင့်တူ၏၊ မှန်၏၊ ဤနန္ဒရဟန်းသည် နတ်သမီးတို့ကိုမြင်ပြီးသောအခါမှ စ၍ရဟန်းကိစ္စအထွဋ်အထိပ်ရောက်အောင် ကျင့်ဆောင်ကြိုးကုတ် ရဟန်းတရားကို အားထုတ်လတ်ရကား ယခုအခါ ရဟန်းကိစ္စ အထွဋ်အထိပ် အရဟတ္တဖိုလ်သို့ ရောက်ပေပြီ" ဟူ၍ မိန့်တော်မူလျှင် -

(၁) ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိသမတိ ဝိဇ္ဈတိ ။

ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါသမတိ ဝိဇ္ဈတိ ။

ရဟန်းတို့ မကောင်းသဖြင့် မိုးအပ်သော အိမ်ကို မိုးရေသည် ထိုးဖောက်လှစ်ထွင်း၍ အတွင်းသို့ လွှမ်းမိုးဝင်သကဲ့သို့ ဤအတူ သမထဝိပဿနာ ဘာဝနာနှစ်ပါးတို့ဖြင့် မပွားများအပ်သော စိတ်ကို ရာဂကိလေသာသည် ဝါ ရာဂ၊ ဒေါသ၊ မောဟ၊ မာနမှ စ၍ များထွေကိလေသာတည်းဟူသော မိုးရေသည် ထိုးဖောက်လှစ်ထွင်း၍ အတွင်းသို့ လွှမ်းမိုးဝင်လေသည်။

(၂) ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌိ န သမတိ ဝိဇ္ဈတိ ။

ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိ ဝိဇ္ဈတိ ။

ရဟန်းတို့ ကောင်းစွာ မိုးအပ်သောအိမ်ကို မိုးရေသည်ထိုးဖောက်လှစ်ထွင်း၍အတွင်းသို့ လွှမ်းမိုး၍မဝင်နိုင်သကဲ့သို့ ဤအတူသမထဝိပဿနာဘာဝနာနှစ်ပါးတို့ဖြင့် ကောင်းစွာပွားများအပ်သော စိတ်ကို ရာဂကိလေသာသည် ဝါ ရာဂ၊ ဒေါသ၊ မောဟ၊ မာနမှစ၍ များထွေကိလေသာ တည်းဟူသောမိုးရေသည် ထိုးဖောက်လှစ်ထွင်း၍ အတွင်းသို့ လွှမ်းမိုးဝင်ခြင်းငှာ အလျင်းပင်မတတ်နိုင်တော့ချေဟူသော ဤတရား (၂)ဂါထာတို့ကို ဟောကြားတော်မူလေ၏၊ ဂါထာအဆုံး၌ များစွာသော ရဟန်းတို့သည် သောတာပတ္တိဖိုလ်စသည် ထိုသို့ရောက်ဆိုက်ကြကုန်၏၊ သို့ရကား၊ ဤတရားဒေသနာသည် များစွာသော လူအပေါင်းအား အကျိုးကျေးဇူးများစွာရှိသောတရားဒေသနာဖြစ်သတည်း။

## ကပ္ပဋရဟတ်ကို ဟောကြားတော်မူခြင်း

ထိုမှ နောက်အခါ၌ရဟန်းတို့သည် တရားစကားဟောကြားဆွေးနွေးရာ ဓမ္မာရုံကျောင်းဆောင်၌ "ငါ့ရှင်တို့... ဘုရားတို့မည်သည် အလွန်တရာ လက်ဖြစ်တီး၍ အံ့ချီးထိုက်တော်မူပါကုန်၏၊ ဇနပဒကလျာဏီ သာကီဝင်မင်းသမီးကို အမှီပြု၍သာသနာတော်ဝယ် မမွေ့လျော်မပျော်ပိုက်သော အရှင်နန္ဒကို စဉ်လျက် မြတ်စွာဘုရားသည် နတ်သမီးများကို ငါးစာသဖွယ် ပြုလုပ်၍ ဆုံးမတော်မူအပ်လေပြီ" ဟူ၍ မြတ်စွာဘုရား၏ ဂုဏ်ပြဖွယ် ကျေးဇူးဂုဏ်နှင့်စပ်သော စကားကို ပြောကြားနေဆဲ ရှိကြကုန်၏၊ မြတ်စွာဘုရားသည် ထိုဓမ္မာရုံကျောင်းဆောင်သို့ ကြွရောက်တော်မူလာ၍ "ရဟန်းတို့... ယခုငါဘုရားကြွရောက်လာသောအခါ၌ သင်တို့သည်

အဘယ်ခဲ့သော စကားဖြင့် ညီမူစည်းဝေး၍ နေကြကုန်လေသနည်း" ဟု၍မေးမြန်းတော်မူလေသော် ရဟန်းတို့သည် "ဤမည်သော အရှင်နန္ဒကို ရှင်တော်ဘုရား ယဉ်ကျေးအောင် ဆုံးမပုံနှင့်စပ်သောစကားဖြင့် ညီမူစည်းဝေး၍နေကြပါကုန်" ဟုပြန်ကြားလျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့. . ယခုအခါ၌သာမဟုတ်သေး၊ ရှေးအခါကလည်း ငါဘုရားသည် ဤနန္ဒရဟန်းကို မာတုဂါမဖြင့် ဖြားယောင်း၍ ဆုံးမအပ်ဖူးသည်သာတည်း" ဟုမိန့်တော်မူ၍ ထိုရဟန်းတို့ တောင်းပန်အပ်ရကား အတိတ်ဖြစ်ရပ်ကပ္ပဋဇာတ်ကို ဟောကြားထုတ်ဆောင်တော်မူသည်မှာ -

ရဟန်းတို့. . ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်တရပ်၌ ဗြဟ္မဒတ်မင်းတို့ ဗာရာဏသီပြည်၌ နေလေ့ရှိသော ကပ္ပဋအမည်ရှိသော ကုန်သည်တစ်ဦးရှိလေသည်၊ ထိုကပ္ပဋကုန်သည်မှာ တစ်ကမ္ဘာအချိန် စီးသည့်ဝန်ကို ထမ်းဆောင်နိုင်သောမြည်း လားတကောင်ရှိလေသည်၊ ထိုမြည်းသည် တနေ့ခြင်းဖြင့်ပင် ဇူနှစ် ယူဇနာသို့တိုင်အောင် သွားရောက်နိုင်၏။

တခါတပါး၌ ကပ္ပဋကုန်သည် သည် မြင်းဝန်တင် လားဝန်တင် ကုန်သည်တို့နှင့် အတူတကွ တက္ကသိုလ် ပြည်သို့ သွားရောက်၍ မိမိ၌ပါလာသော ကုန်များကို စွံအောင် မရောင်းရသေးမီ မိမိ၏ မြည်းကို လွှတ်လပ်စွာ အစာရှာ ကျက်စားရန် လွှတ်၍ထားလေသည်၊ ထိုအခါ ကပ္ပဋကုန်သည်၏ ထိုမြည်း လားသည် တျှုမြောင်း မြေနုအပြင်၌ လှည့်လည်ကျက်စားလေသော် မြည်းမတကောင်ကို တွေ့မြင်၍ အနီးသို့ ချဉ်းကပ်လာ၏၊ ထိုအခါ မြည်းမနှင့် မြည်းဖိုတို့ အတူ့အလှယ်မေတ္တာစကား နှီးနှောပြောကြားသည်မှာ -

မြည်းမ. . ရှင်ဘယ်အရပ်မှ လာခဲ့ရသနည်း၊ မြည်းဖို. . ဗာရာဏသီပြည်မှ လာခဲ့ပါသည်၊ မြည်းမ. . အဘယ်အလုပ်ဖြင့် လာခဲ့ပါသနည်း၊ မြည်းဖို. . ကုန်သွယ်ခြင်းအလုပ်ဖြင့် လာခဲ့ပါသည်၊ မြည်းမ. . ရှင်. . အဘယ်မျှလေးလံသော ဝန်ကို ထမ်းဆောင်ရပါသနည်း၊ မြည်းဖို. . တကမ္ဘာအချိန်စီးသော၀န်ကို ထမ်းဆောင်ရပါသည်၊ မြည်းမ. . ရှင်. . ဤမျှလေးလံသော ဝန်ကြီးကို ထမ်းဆောင်ကာ ခရီးယူဇနာအဘယ်မျှလောက် သွားရပါသနည်း၊ မြည်းဖို. . တနေ့လျှင် ဇူနှစ်ယူဇနာရောက်အောင် သွားရပါသည်၊ မြည်းမ. . ရှင့်မှာ ရောက်လေရာ အရပ်ဌာန၌ ခြေဆုပ်လက်နယ် မှုယုယပြုစုမည့် အလုပ်အကျွေးတစ်ဦး တယောက်များရှိပါသလား၊ မြည်းဖို. . . မရှိပါ၊ မြည်းမ. . . ယင်းသို့ဖြစ်လျှင် ဒီလိုဆိုလျှင် ရှင်သည် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားနေရမှာပေါ့ ရိသဲ့သဲ့ပြောဆိုလေသည်၊ တိရစ္ဆာန်တို့မှာ ခြေဆုပ်လက်နယ်မှုပြုစုသော သူမည်သည် မရှိသော်လည်း တာမတာနှောင်အဖွဲ့ဖြင့် ဖွဲ့စပ်မိရန် ထိုသို့သော စကားကိုပြောကြားခြင်းဖြစ်လည်း၊

မြည်းဖိုသည် မြည်းမ၏ယင်းသို့ ရိသဲ့သဲ့တနွဲ့တရပြောကြားသော စကားကြောင့်အလုပ်၌ မပျော်ပိုက်နိုင် တမှိုင်မှိုင်တတွေတွေဖြစ်၍နေလေပြီ၊ ကပ္ပဋကုန်သည်သည်လည်း မိမိပါလာသော ကုန်များကို စွံအောင်ရောင်း ချပြီး သတ်သော် ထိုမြည်းနီးသို့ လာရောက်၍ "ချစ်သား. . လာလော့၊ သွားကြကုန်စို့" ဟု၍ပြောကြားလေ၏၊ သင်တို့သာ သွားကြလော့၊ ငါကားမလိုက်နိုင်ဟု၍ မြည်းက ပြန်ကြားငြင်းဆန်လေသည်၊

ထိုအခါ ကပ္ပဋကုန်သည်သည် အဖန်ဖန်လိုက်ပါရန် အကြောင်းပြောဆိုသော်လည်း မလိုက်ပါ ထိုသော ထိုမြည်း လားတိုကြိမ်းခြောက်ပြီးမှ ထိုမြည်းကိုဆောင်ယူရတော့မည်ဟု ကြံစည်စဉ်းစားပြီးလျှင် -

(၁) ဝတောဒံ တေကရိသာမိ၊ သောဠသဝံလိကဏှကံ။
သင်္ခိုနှိသာမိတေကာသံ၊ စဝံဇာနာ ဟိံဝဖြာ။

စိတ်ထားသေးနုတ်ဟယ်မြည်းယုတ်. . သင်မြည်းယုတ်အား ငါသည် ဆယ်ခြောက်လတ်မ ဝမာဏရှည် ဖြူသံဆူးတပ်သည့် ကြိမ်လုံးဖြင့် ထိုးဆွရိုက်နှိပ်ခြင်းကို ပြုရပေလတ်အံ့၊ သင်မြည်းယုတ်၏ ကိုယ်ကိုပေါက်ပြဲ စုတ်ကွဲအောင် ဖြတ်ခွဲရပေတော့အံ့။ ဤသို့သင်မြည်းယုတ်သည် သိမှတ်လေလော့ဟူသော ဤဂါထာကို ရွတ်ဆို ပြောကြားလေသည်။

ထိုစကားကို ကြား၍မြည်းသည် "သင်းသို့ဖြစ်လျှင် ငါကလည်း သင့်အပေါ်မှာ ပြုလုပ်ရမည့် အလုပ်ကို သိရှာပေ့ါ"ဟူ၍ပြောကြားပြီးလျှင် -

(၂) ပတောဒံမေ ကရိဿသိ၊ သောဠ သဝံလိ ကဏှကံ။
ပုရတော် ဝတိဋ္ဌယိတွာန၊ ဥဒ္ဓရိတွာန ပစ္ဆတော ။
ဒန္တေတေ ပါတယိဿာမိ၊ စဝံတေ ပါတယိဿာမိ ၊
စဝံဇာနာတိကပ္ပက ။

ကပ္ပကတွင်မည် တိုကုန်သည်။ သင်သည်၊ ငါ့အား၊ ဆယ့်ခြောက်လတ်မ ပမာဏရှည် ဖြူသံဆူး တပ်သည့် ကြိမ်လုံးဖြင့် ထိုးဆွရိုက်နှက်ခြင်းကို အကယ်၍များပြုလုပ်ငြားအံ့ဤသို့ ပြုလုပ်သည်ရှိသော် ငါသည်ခြေရှေ့ဖြင့် တအားသွန်ခုတ်ခြောက်ကန်ကျောက်၍ သင်၏သွားအပေါင်းကို မြေသို့ကြွေ ကျိုးအောင်ချိုးရပေလတ်အံ့။ ဤသို့ သင်တပ္ပကကုန်သည် သင်သိမှတ်လေလော့ ဟူသောဤရန်တုံ့မူမည့် ဂါထာကို ရွတ်ဆိုပြန်ကြားလေ၏။

ထိုမြည်း၏ ရဲရဲဝံ့ဝံ့ရန်တုန့်မှုမည့်စကား ပြောကြားလတ်သည်ကိုကြားသိရ၍ ကပ္ပကကုန်သည်သည် "အဘယ်အကြောင်းကြောင့် ဤမြည်းသည် ဤသို့ပြောဆိုသနည်း"ဟု ကြံစည်ဆင်ခြင်းစဉ်းစား၍ ဤမှ ထိုမှကြည့်ရှု လတ်သည်ရှိသော် ထိုမြည်းမဖို့ကိုမြင်ရ၍ ဤမြည်းမဖို့သည် ဤမြည်းဖိုကို ဤသို့ပြောကြားအောင် သင်ကြားပေး အပ်သည် ဖြစ်ပေလိမ့်မည်၊ သို့ရကား "ချစ်သား. . သင့်အတွက်တာ ဤသို့သဘောရှိသည့် မြည်းမဖို့ကို ငါဆောင်ပေးမည်" ဟုမာတုဂါမဖြင့် ထိုမြည်းဖိုကို ဖြားယောင်း၍ ငါ့ခေါ်ဆောင်မှ သင့်လျှော်တော့မည်ဟု ကြံစည်ပြီးလျှင် -

(၃) စတုပ္ပဒိ သင်္ခမုခိ၊ နာရိသဗ္ဗင် သောဘိဏီ ၊
ဘရိယံတေ ဓာနယိဿာမိ၊ စဝံဇာနာ ဟိံဖြာ ၊

ငါ၏ သားကြီးအမောင်မြည်း. . သင့်အား ငါ သင်၏အတွက်တာ အခြေလေးချောင်းရှိသော ခရုသင်း အတုစင်ဖြူသော မျက်နှာရှိသော ခပ်သိမ်းသော ကိုယ်အင်္ဂါဖြင့် တင့်တယ်လှပသော မြည်းမဖို့ယေ် ခနီးသည်ကို တရားကသိပြည်မှောက်ရောက်လျှင် မနေ့ ငါရှာဖွေယူဆောင်၍ ပေးပေလတ်အံ့ ဤသို့ ငါ၏သားကြီး၊ အမောင် မြည်းသည် ပုံသေဆတ်ဆတ်မှ သိပါလေလော့ဟူသော ဤဖြားယောင်းသည့် ဂါထာကို ရွတ်ဆိုလေ၏။ ထိုစကားကို ကြားရ၍ မြည်းဖိုသည် အလွန်နှစ်သက် ဝမ်းမြောက်သော စိတ်ရှိရကား -

ငါ့ကျေးဇူးရှင် သခင်ကပ္ပက ငါ့အား ဝါ ငါ၏ တွက်တာခေတ်တူမှုန်းသိအခြေလေးချောင်းရှိသော ခရုသင်း

အထူးစင်ကြယ်သော မှတ်ဉာဏ်ရှိသော စင်သိမ်းသော ကိုယ်အင်္ဂါဖြင့် တင့်တယ်လှပသော မြည်းမယိုဇနီးသည်ကို တရာဏသီပြည်မှောက် ရောက်လျှင်မနေး သင်ရှာဖွေယူဆောင်၍ ပေးပြားအံ့၊ ဤသို့ စောင်မှန်လတ်သည်ရှိသော် ငါ၏ ကျေးဇူးရှင်သခင်ကပ္ပရ သင့်အား သားတော်ကြီး ငါ့မြည်းလိမ္မာသည် ရှေ့ကထက်တိုးဆပိုးလျှင် ခနိုးရှည်စေး အဆယ့်လေးယူဇနာသို့တိုင်တိုင် တနေ့ချင်းပေါက် ငါရောက်အောင်သွားပေအံ့၊ ဤသို့ သင်ငါ့ကျေးဇူးသခင် တပ္ပရသည် ပုံသေဆတ်ဆတ် သိမှတ်တော်မူပါလော့ဟူသော ဤအားထက်သည့် အကြောင်းကို ဖော်ပြသော ဂါထာကို ရွတ်ဆိုလေသည်၊

ထိုအခါ ကပ္ပရကုန်သည်သည် ထိုမြည်းဖိုကို "ချစ်သား . . ထိုသို့ဖြစ်ခဲ့လျှင်လာလော့"ဟု ခေါ်ဆောင်တာ မိမိ၏ နေရာတရာဏသီပြည်သို့ အရောက်သွားလေ၏၊ နှစ်ရက်သုံးရက်လွန်သောအခါ ထိုမြည်းသည် ကပ္ပရကုန်သည်ကို "ငါ့ကျေးဇူးရှင်သခင်ကပ္ပရ သခင်သည်" သင့်အတွက်တာ မြည်းမယိုယ် ဇနီးသည်ကို ငါဆောင်ယူ၍ပေးမည်ဟု အကျွန်ုပ်ကို ပြောခဲ့ကြပြီမဟုတ်လောဟူ၍ အရေးဆိုသော စကားတိုပြောကြား လေသည်၊ ထိုအခါ ကပ္ပရကုန်သည်သည် -

"အိမ်း ငါပြောခဲ့သည် မှန်ပေ၏၊ ငါသည် ငါ့စကားကို မဖျက်ပါ သင့်အတွက်တာ မြည်းမယိုယ်ဇနီး သည်ကိုရှာဖွေယူဆောင်၍ပေးပါမည်၊ သို့သော်လည်း စားနပ်ရိက္ခာတိုကား သင်တကောင် အတွက်သာလျှင် ငါပေးနိုင်မည်၊ သင်ဇနီးသည်မြည်းမယ်အတွက်ကိုကား ငါမပေးနိုင်၊ သင့်အတွက်တာ ငါပေးအပ်သော စားနပ်ရိက္ခာသည် သင်၏ ဇနီးအတွက်ပါ လောက်သည်မူလည်းဖြစ်စေ၊ မလောက်သည်မူလည်းဖြစ်စေ သင်သည်ပင် စဉ်းစားဆင်ခြင် အသိဉာဏ်ဝင်လေလော့ အထူးငါပြောလိုသည်မှာ . . သင်တို့နှစ်ဦး ပေါင်းဖြူ ဆက်ဆံမှုကို အကြောင်းပြု၍ သားသမီးများ မွေးဖွားလာကြပေဦးမည်၊ ထိုများစွာသော သားသမီးတို့နှင့်တကွ သင့်အတွက်တာ ငါပေးအပ်သော စားနပ်ရိက္ခာသည် လောက်ငှသည်မူလည်းဖြစ်စေ၊ မလောက်ငှသည်မူလည်း ဖြစ်စေ ငါ့တာဝန်မဟုတ်ပေ သင်သည်ပင် ထိုစားနပ်ရိက္ခာအရေးကို တွေးတောဆင်ခြင် အသိဉာဏ်ဝင်လေလော့ ချစ်သား . . ဟူ၍ အဆုံးအမပြဒါးစကား ပြောကြားလေ၏၊ မြည်းသည် ထိုကပ္ပရကုန်သည် ပြဒါးစကား မိန့်ကြား ပြောဆိုစဉ်ပင် မြည်းမယိုအပေါ်မှာ တွယ်တာငဲ့ကွက်ခြင်းကင်းပြတ်၍ သွားလေတော့၏၊

မြတ်စွာဘုရားသည် ဤကပ္ပရဇာတ် တရားဒေသနာမြတ်ကို ဆောင်တော်မူ၍ "ရဟန်းတို့ . . . ယခုအခါ ဇနပဒကလျာဏီ သာကီဝင်မင်းသမီးသည် ထိုစဉ်အခါမြည်းမယိုဖြစ်ခဲ့လေပြီ၊ ယခုအခါ နန္ဒရဟန်းသည် ထိုစဉ် အခါမြည်းဖိုဖြစ်ခဲ့လေပြီ၊ ယခုအခါ ငါဘုရားသည်ပင် ထိုစဉ်အခါ ကပ္ပရကုန်သည် ဖြစ်ခဲ့လေပြီ ဤသို့လျှင် ရှေးအခါကလည်း ထိုနန္ဒရဟန်းကို ငါဘုရားသည် မာတုဂါမဖြင့် ဖြားယောင်း၍ လိမ္မာအောင်ဆုံးမအပ်ခဲ့လေပြီ" ဟူ၍ မိန့်ဆိုတော်မူကာ ဇာတ်တော်ကို အပြီးအဆုံးနိဂုံးသတ်တော်မူ လေသည်၊ (ကပ္ပရဇာတ်ပြီး၏၊)

မြတ်စွာဘုရားဇေတဝန်ကျောင်း၌ သီတင်းသုံးနေထိုင်တော်မူစဉ်
စိဉ္စမာဏဝိကာစွပ်စွဲလာခြင်းအကြောင်း

ရှေး၌ပြဆိုအပ်ပြီးသည့်အတိုင်း မြတ်စွာဘုရားသည် သက်သာဖြို့တံခါးအရပ်၌ များစွာသောတရား ဒေသနာတို့ကို ဟောကြားတော်မူ၍ ဖရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာနှင့်တကွ တုရှေသုံးဆယ်သော

နတ်လူတို့အား သစ္စာလေးပါး တရားသိမြင်ကျွတ်တန်းဝင်စေတော်မူပြီးနောက် ထိုသက်သာမြို့မှသည် သာဝတ္ထိပြည်အရပ်သို့ ခရီးဒေသစာရီကြွချီတော်မူခဲ့၍ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ တိန်းဆောင်းမွေ့လျော်နေထိုင်တော်မူကာ ရောက်ဆိုက်လာသော ဝေနေယျသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဝေငှတော်မူလျှက်ရှိသတည်း။

ထိုသို့ နေထိုင်တော်မူသောအခါ စိဥ္စမာဏဝိကာအမည်ရှိသော မိန်းမယုတ်ပရိဗိုဇ်မသည် မြတ်စွာဘုရားသခင်အပေါ်၌ မလျော်မလျောက်ပတ်စွပ်စွဲသော အမှုကြီးဖြစ်ပေါ်လာလေသည် ဖြစ်ပေါ်လာပုံ အကြောင်းအရာအကျယ်မှာ -

ပဌမ ဗောဓိခေါ်သော နှစ်ဆယ်အတွင်း၌ မြတ်စွာဘုရားရှင်၏ တပည့်သာဝကများ ဝီရေအလားတနေ့တခြား တိုးပွားဖြစ်ထွန်း၍လာကြလေသည်၊ တိုးပွားဖြစ်ထွန်းလာကြသည့် အလျောက်ပင် မနိုင်းလှုဒ်နိုင်လောက်အောင် များပြားလှစွာသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ တရိယဘုံ ဗိုလ်လေးပါးသို့ ပါရမီကောင်းမှုတသိုလ်အလျောက် ဆိုက်ရောက်ကြလေသည်၊ သို့ရကား မြတ်စွာဘုရားရှင်၏ အရဟံအစရှိသော ကျေးဇူးတော်ဂုဏ်တော်တို့ အဝေမဆုံ နှံ့၍တက်ပြီးလျှင် မြတ်စွာဘုရားရှင်အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့အတွက်တာ ကြီးစွာသော လာဘ်ပူဇော်သက္ကာရသည်ဖြစ်လေ၏၊ တိတ္ထိတို့သည်ကား နေဝန်းထွန်းတက်သောအခါ ပိုးစုန်းကြူးများပမာ တန်ခိုးအရှိန်ဓာဝါ လာဘ်ပူဇော်သက္ကာရများ တနေ့တခြား ခေါင်းပါး၍လာလေတုန်၏၊

ထိုတိတ္ထိတို့သည် လာဘ်ပူဇော်သက္ကာရများ ဖြစ်ပွားပေါ်ပေါက်ရန် ရည်သန်တောင့်တကြ၍ လမ်းခရီးအကြား၌ ရပ်တည်ပြီးလျှင် လူအများအပေါင်းတို့ -

“ဒါယကာတို့ . . ရဟန်းဂေါတမသာ ဘုရားစင်စစ်ဖြစ်သလော ငါတို့လည်း ဘုရားစင်စစ် ဖြစ်ပါကုန်၏ ရဟန်းဂေါတမအား လှူအပ်သော အလှူသည်သာလျှင် အကျိုးကြီးသလော၊ ငါတို့အား လှူအပ်သော အလှူသည်လည်း အကျိုးကြီးပါ၏ ထို့ကြောင့် ငါတို့အားလည်း လှူဒါန်းကြလော့၊ ကုသိုလ်ကောင်းမှု ပြုကြလော့” ဟူ၍တောင်းခံကား ပြောကြားကြသော်လည်း ပစ္စည်းလေးဖြာ လာဘ်ပူဇော်သက္ကာရကို မရရှိကြကုန်သဖြင့် လူ့ဆိတ်ကွယ်ရာအရပ်၌ စည်းဝေးကြပြီးလျှင် “ငါတို့သည် အဘယ်သို့သော နည်းလမ်းဥပါယ်ဖြင့် လူကို့၏အတွင်းစိတ်၌ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ မကောင်းသတင်းကို ဖြစ်စေကြ၍ ရဟန်းဂေါတမ၏ လာဘ်ပူဇော်သက္ကာရကို ဖျက်ပြားစေကြရပါမည်နည်းဟူ၍ တိုင်ပင်ဆွေးနွေးကြလေသည်”

ထိုအခါဝယ် သာဝတ္ထိပြည်၌ စိဥ္စမာဏဝိကာအမည်ရှိသော ပရိဗိုဇ်မတယောက်ရှိလေသည်၊ ထိုသူမကား မန်းကျည်းပင်၌ သံသော၁၀ ပဋိသန္ဓေစွဲနေသူဖြစ်၍ စိဥ္စမာဏဝိကာ မန်းကျည်းပင်သန္ဓေသူမိန်းမပျိုဟု အမည်တွင်၍ နတ်သမီးတမျှမြတ်သော အဆင်းတိုဆောင်ဂာ တင့်တယ်ခြင်းကျက်သရေ မင်္ဂလာအစုသို့ ရောက်သူဖြစ်လေသည်၊ ထိုသူမ၏ ကိုယ်မှအရောင်များလည်း တဖျက်ဖျက်ထွက်ပေါ် တွန့်မြူးလျှက်ရှိကုန်၏၊

ထို့သို့တိတ္ထိများဆွေးနွေးတိုင်ပင်ကြသောအခါ၌ ရက်စက်ညစ်ညမ်းကြမ်းကြုတ်သော အကြံအစည်ရှိသည့် တိတ္ထိတဦးက “စိဥ္စမာဏဝိကာပရိဗိုဇ်မကို အစွဲပြုကာရဟန်းဂေါတမ၏ ကျေးဇူးမဲ့ မကောင်းသတင်းကို ဖြစ်ပေါ်စေပြီးလျှင် ထိုရဟန်းဂေါတမ၏ လာဘ်ပူဇော်သက္ကာရကို ဖျက်ပြားစေကြကုန်စို့” ဟူ၍ အကြံပေးတိုင်ပင်

စကားပြောကြားလတ်သည်ရှိသော် ကြွင်းကျန်သော တိတ္ထိအားလုံးတို့က "ဤနည်းလမ်း ဥပါယ်တားရှာန်း ဇါထဇ၏ လာဘ်လာဘပျက်ပြားကြောင်းနည်းလမ်းဥပါယ် ကောင်းဖြစ်ပေသည်"ဟု တညီတညွတ်တည်း သဘော တူလတ်ခဲ့ကြလေကုန်၏။

ထို့နောက် စိဥ္စမာဏဝိကာပရိဗိုဇ်မသည် တိတ္ထိများ၏ အရပ်သို့သွားရောက်ကာ ရှိခိုးဝတ်ပြုရပ်တည် သော်လည်း တိတ္ထိတို့က စကားမပြောဘဲ နေကြလေကုန်သည်။ စိဥ္စမာဏဝိကာသည် "ငါ့မှာ ဘယ်လိုအပြစ်များ ရှိပါလိမ့်ထု" အောက်မေ့ကာ "အရှင်ကောင်းတို့ . . အရှင်တို့ကို ရိုသေဖြတ်နီး ရှိခိုးပါ၏"ဟု သုံးကြိမ်တိုင်အောင် ပြောဆိုပြီးလျှင် "အရှင်ကောင်းတို့ . . တပည့်တော်မှာ မည်သို့သော အပြစ်ရှိပါသနည်း" ဘယ်လိုအပြစ်ရှိသော ကြောင့် အရှင်ကောင်းများသည် တပည့်တော်မနှင့် စကားမပြောပဲ နေကြပါသနည်း"ဟု တိုက်ရိုက်ပင်မေးမြန်း လေတော့၏။

တိတ္ထိတို့က "နှမစိဥ္စမာန် . . ငါတို့ကို ဂေါတမက နှိပ်စက်ညှင်းပန်းကာ လာဘ်လာဘ ခေါင်းပါးအောင် ပြုလုပ်ပြီးလျှင် လှည့်လည်ကျက်စားသွားလာနေသည်ကို သင်မသိသလောဟု အပြစ်တင်စကားပြောကြားလတ်သော် စိဥ္စမာဏဝိကာသည်"အရှင်ကောင်းတို့ . . ထိုအကြောင်းကို တပည့်တော်မသိရပါ။ ဤကိစ္စ၌တပည့်တော်မသည် အဘယ်သို့သောအမှုကို ပြုလုပ်ဆောင်ရွက်ရမည်နည်း ဟုမေးမြန်း၏။" တိတ္ထိတို့သည် "နှမစိဥ္စမာန် . . သင်သည် ငါတို့၏ ချမ်းသာရေးကို အလိုရှိပါလျှင် မိမိကိုယ်ကို အစွဲပြု၍ ရဟန်းဂေါတမ၏ ကျော်ဇောမှု့ မကောင်း သတင်းကို ဖြစ်စေပြီးလျှင် အချင်း၏ လာဘ်ပူဇော်သက္ကာကို ပျက်ပြားစေလော့ဟု ပြောဆိုကာ တာဝန်ပေးကြလေကုန်၏"

## စိဥ္စမာန်၏ နည်းပရိယာယ်

စိဥ္စမာန်သည် "ကောင်းပါပြီအရှင်ကောင်းတို့ . . . ဤသို့ပြုလုပ်ရန်အတွက် တပည့်တော်မ၏ တာဝန် ထားလိုက်ပါ အရှင်ကောင်းတို့သည် ထွေရာလေးပါးအကြံများ၌ မနေကြပါကုန်လင့်" ဟုရဲရဲတောက် တာဝန်ယူ စကားပြောကြားပြီးလျှင် ထိုတိတ္ထိတို့၏အရာမ်မှ ခဲ့ခွာ၍မိန်းမမာယာတို့၌ လိမ္မာပါးနပ်သူဖြစ်ရကား ထိုအချိန်မှ စ၍ သာဝတ္ထိပြည်သူအပေါင်းတို့ တရားနာပြီး ဇေတဝန်ကျောင်းတိုက်မှ ထွက်ကြသောအချိန်၌ ပိုးဂရုံအသွေး နီထွေးသော အဆင်းရှိသော အဝတ်တိုဝတ်ရုံကာ နံ့သာပန်း စသည်လက်စွဲလျှက် ဇေတဝန်ကျောင်းတိုက်သို့ရှေ့ရှု သွားလေသည်တွင် လမ်း၌တွေ့ သူ လူအများက "တိုစိဥ္စမာန် . . သင်သည် ဤယခုမိုးချုပ်ခါနီးအချိန်၌ အဘယ်အရပ်သို့ သွားမည်နည်းဟုမေးကြသော် စိဥ္စမာန်သည် "အကျွန်ုပ် ကျွန်တော်မ သွားမည့်အရပ်ကို သိသဖြင့် သင်တို့အား အဘယ်အကျိုးရှိမည်နည်း" ဟု ထင်မှတ်ဖွယ်ရာ စကားကိုပြောကြား၍ ဇေတဝန်ကျောင်းတိုက်၏ အနီး တိတ္ထိတို့အရာမ်၌ ညဉ့်အိပ်နေပြီးလျှင် စောစီးစွာဝင်" မြတ်စွာဘုရားရှင်ကို အလျှင်သတ်ဦးဖူးမြော်တုန် ဗုံဟု၍ သာဝတ္ထိမြို့မှ ဥပသကာဒါယကာတို့ ထွက်လတ်သောအချိန်၌ ဇေတဝန်ကျောင်းတိုက်ဝယ် ညဉ့်အိပ်နေခဲ့ သည့် ပုံဟန်သဏ္ဌာန်ပြု၍ သာဝတ္ထိမြို့တွင်းသို့ ဝင်လေ၏။ လမ်း၌တွေ့ ရသူ လူအပေါင်းတို့က "တိုစိဥ္စမာန် သင်သည် အဘယ်အရပ်၌ ညဉ့်အိပ်နေခဲ့သနည်းဟု မေးကြသောအခါ "ကျွန်တော်မ အိပ်ခဲ့သည့်နေရာကို သိသော်လည်း ရှင်တို့မှာ အဘအကျိုးမှ မရှိပါဘူး၊ မသိချင်ကြပါနှင့်" ဟူ၍ပင် ထင်မှားဖွယ်ရာစကားကို ပြောကြား လေသည်။

ဤနည်းနှင့် နေစဉ် သွားလာပြောဆို၍ လနှဲတလခန့် လွန်သောအခါ လမ်း၌တွေ့သူ လူများက မှေးနည်း တူမေးမြန်းအပ်သည်ရှိသော် စိဉ္စာမာန်သည် "ကျွန်တော်မကား ဇေတဝန်ကျောင်းတိုက်အတွင်းဝယ် ရဟန်းဂေါတမနှင့်တကွဝန္ဒကုဋိ ကျောင်းတခုတည်း၌ ညဉ့်အိပ်နေခဲ့ရပါသည်"ဟုစွပ်စွဲစကား ပြောကြားမြူလာလေသည်၊ ထိုသို့ပြောဆိုခြင်းဖြင့် ထိုစကားကို ကြားရသူပုထုဇဉ် လူသမာန်တို့၏စိတ်ဝယ် "ဤအကြောင်းသည် မှန်များ မှန်လေသလော၊ မမှန်ပဲများရှိသလော"ဟု ယုံမှားတွေးတောခြင်းကို ဖြစ်စေ၍သုံးလေးလလွန်သောအခါ၌မူ ပုဆိုးကြမ်း အနှီးစတို့ဖြင့် ရင်ကိုရစ်ပတ်ကာ မိမိကိုယ်ကို ကိုယ်ဝန်ဆောင်သော မိန်းမအသွင်ကိုပြ၍ထို၏ အပေါ်က နီမြန်းသောအဝတ်ကို ဝတ်ရုံကာ"ရဟန်းဂေါတမကို အစွဲပြု၍ ကျွန်တော်မသည် ကိုယ်ဝန်တိုရအပ်ခဲ့ပါပြီ" ဟုဉာဏ်ပညာမဲ့သူ လူအပေါင်းတို့ စွပ်စွဲပြောကြား အယုမှားစေခဲ့လေသည်။

ပရိသတ်လေးပါးအလယ်၌ အကြီးအကျယ်စွပ်စွဲလာခြင်း

ဤနည်းဖြင့် ရှစ်လကိုးလလွန်သောအခါ၌ စိဉ္စာမာန်သည် တကယ့်ကိုယ်ဝန်အရင့်အမာပုံဟန်ဘဲဥ ထက်ခြမ်းပုံသစ်သားဝန်းကိုရင်၌ဖွဲ့ချည်းပြီးလျှင် ထို၏အထက်၌နီမြန်းသော အဝတ်ကို ဝတ်ရုံကာလက်ဖမိုး ခြေဖမိုးတို့ကို နွားမေးရိုးဖြင့်ထုနှက်၍ ခြေလက်များမွေးဖွားကာနီး၍ အမ်းနေသည့်ဟန် တူစွာဖတ်ပြီးလျှင် မှတ်စိ၊ နဘား နှာခေါင်း ဂုတ်ခြေများ ဝင်ပန်းနွမ်းနယ်နေသည့် သဏ္ဌာန်ဖြင့် ညနေချမ်းအခါဝယ် မြတ်စွာဘုရားရှင် ဓမ္မာသန မွေပလ္လင်၌ထိုင်နေတော်မူကာ ပရိတ်သတ်လေးပါးအား တရားဟောနေတော်မူစဉ် တရားသဘင်ဆင်ယင် ကျင်းပရာနေရာသို့ သွားရောက်ပြီးလျှင် မြတ်စွာဘုရားရှင်၏ ရှေ့တည့်တည့်မှ ရပ်၍စိဉ္စာမာန်သည် -

"ရဟန်းကြီး သင်သည် လူများအပေါင်းအား တရားဟောတာနေ၏၊ သင်၏ နှုတ်ခမ်းများတား ချိုစပ် လှပ၏၊ ကျွန်တော်မ,မှာတော့ သင်ရဟန်းကြီးကိုစွဲ၍ ကိုယ်ဝန်ရရှိကာ ယခုအခါ ရင့်ကျက်သော ကိုယ်ဝန်ရှိသူ ဖြစ်ရလေပြီ၊ သင်ရဟန်းကြီးကား ကျွန်တော်မ,အတွက် သားဖွားရန် အိမ်ကိုလည်း မစဉ်းစား၊ ထောပတ်ဆီ သည်များကိုလည်း မိမိ၏ အလုပ်အကျွေး ဒါယကာဒါယိကာမများအနက် ကောသလမင်းကိုဖြစ်စေ၊ အနာထပိဏ် သူဌေးကိုဖြစ်စေ၊ ဝိသာခါကျောင်းအမကိုဖြစ်စေ တဦးဦးကို "ဤစိဉ္စာမာန်အတွက် ပြုလုပ်သင့်သည်ကို ပြုလုပ် စောင့်ရှောက်လိုက်ပါ" ဟူ၍အပ်နှင်းပြောဆိုသင့်၏၊ ထိုသို့လည်း မပြောကြားခဲ့ သင်ရဟန်းကြီးကား မွေ့လျော်ပျော်ပါးဖို့ရန် စဉ်းစား၍ ကိုယ်ဝန်သားကိုစောင့်ရှောက်ရန်ကိုကား မစဉ်းစားသူဖြစ်၏" ဟူ၍ခဲဖင်တုံးကို နှဲတိုင်ကာ လဗိမာန်ဝန်းကို ဖျက်ဆီးရန်အားထုတ်သော မိန်းမကဲ့သို့မြတ်စွာဘုရားရှင်ကို ပရိသတ်လေးပါးအလယ်၌ အကြီးအကျယ်စွပ်စွဲ ဆဲရေးစကား ပြောကြားလေတော့သည်။ မြတ်စွာဘုရားရှင်သည် ဟောနေရင်းစွဲတရားစကားကို ခေတ္တရပ်နား၍ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောအသံကိုဖြစ်စေလျှက် "နှမစိဉ္စာမာန် . . သင်ယခုပြောကြား အပ်သောစကား၏ မှန်သောအဖြစ် မမှန်သောအဖြစ်ကို သင်နှင့် ငါတို့သိကြကုန်၏" ဟူ၍မိန့်ဆိုတော်မူလေသည်၊ စိဉ္စာမာန်သည်လည်း အလျှော့မပေးပဲ ဟုတ်ပေသည် ရဟန်းကြီး . . သင်နှင့် ငါတို့နှစ်ဦးသာ သိကြသောကြောင့်ပင် ယခုလို ကိုယ်ဝန်ရင့်မာမှုဖြစ်ရလေသည်ဟူ၍ တမန်ထပ်၍စွပ်စွဲပြန်လေသည်။"

## သိကြားဆင်း၍ ပြဿနာကို ဖြေရှင်းပေးခြင်း

ထိုစဉ်၌သိကြားမင်း၏ နေရာပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် ပူနွေးသော အချင်းအရာကို ပြလေ၏၊ သိကြားမင်းသည် အကြောင်းကို ဆင်ခြင်လတ်သည်ရှိလေသော် "စိဥ္စမာန်မိန်းမယုတ်သည် မြတ်စွာဘုရားရှင်ကို မမှန်သောစကားဖြင့် စွပ်စွဲဆဲရေးဘိ၏ဟု သိရှိရ၍" "ဤအကြောင်းဝတ္ထုကို ငိုလ်ထုပရိတ်သတ်အလယ်၌ စင်ကြယ်အောင်ငါဖြေရှင်းမည်" ဟုကြံစည်ဆင်ခြင်ကာ နတ်သားလေးယောက်တို့နှင့်တကွ မြတ်စွာဘုရားရှင် တရားဟောရာ ဌာနသို့လာရောက်လေ၏၊

နတ်သားလေးယောက်တို့သည် ကြွက်ဝယ်အယောင်ဆောင်ကြ၍ စိဥ္စမာန်မွဲ့ချည်ထားသော သစ်သားဝန်း၏ ကြိုးများကိုတပြိုင်နက် ကိုက်ဖြတ်လေကုန်၏၊ စိဥ္စမာန်ဝတ်ရုံထားသော အဝတ်ကိုလည်း လေသည် အထက်သို့တိုက်လှွင့်လေ၏၊ သစ်သားဝန်း ဖွဲ့ချည်ထားသည့် ကြိုးများပြုတ်၍ကျသောအခါ စိဥ္စမာန်၏ ခြေဖမိုး ထက်၌ကျသဖြင့် ခြေများနှစ်ဖက်တို့ သွင်သွင်ကျိုးလေကုန်၏၊

## စိဥ္စမာန်ကို မြေမျိုခြင်း

တရားနာသူလူအပေါင်းတို့သည်"ထွီ. . . ဟယ် အယုတ်တမာမ နင်တား မြတ်စွာဘုရားကို စွပ်စွဲ ဆဲရေးဘိ၏"ဟု ပြောကာ ငိုင်း၍ဦးခေါင်း၌ တံတွေးထွေးကြပြီးလျှင် ခဲ၊ ဝုတ်၊ နှင်တန်စသည် လက်ကုန် စွဲလျှတ်စိဥ္စမာန်ကို ဇေတဝန်ကျောင်းတိုက်အတွင်းမှ ဆွဲထုတ်ကြလေကုန်၏၊ ထိုအခါ စိဥ္စမာန်အားမြတ်စွာ ဘုရားရှင်မြင်လောက်သော အံရပ်ကိုလွန်လျှင်ပင် မဟာပထဝီဤမြေကြီးကားကွဲ၍ အပေါက်ကိုပေးလေ၏၊ ထိုအပေါက်ထဲမှ အဝီစိငရဲမီးလျှံကြီးတက်၍လာလေသည်၊ စိဥ္စမာန်သည် ဆွေမျိုးတို့က မင်္ဂလာလက်ဆောင် ပေးအပ်သည့် ကမ္ဗလာနီကိုခြုံရုံသည့်အလား ကြောက်မက်ဖွယ်ကောင်းသည့် အဝီစိမီးလျှံဖြင့် ဝန်းရံပုံးလွှမ်းအပ်ကာ ထိုအပေါက်မှ သွားလေ၍ မဟာအဝီစိငရဲကြီး၌ ဖြစ်လေတော့သည်၊

ထိုအခါမှစ၍ တိတ္ထိတို့၏ ယုတ်မာကြောင်းကို လူများအပေါင်းသိရှိကြသဖြင့် တိတ္ထိတို့အား လာဘ်ပူဇော် သက္ကာရသည် ရှေ့ကထက်တိုး၍ လျော့ပါးဆုတ်ယုတ်လေ၏၊ မြတ်စွာဘုရားရှင်အား လာဘ်ပူဇော်သက္ကာရသည် ရှေ့ကထက်တိုး၍ အတိုင်းမသိ ပွားစီးလေတော့၏၊

## ရာဇဂြိုလ်သူဌေး၏ စန္ဒကူး သပိတ်အကြောင်း

မြတ်စွာဘုရားရှင်သည် မကုဋဗန္ဓနာင်ကျောင်း၌ဆဋ္ဌဝါဆို တော်မူပြီးနောက် ထိုဝါမှ ထတော်မူပြီးနောက် အစဉ်သဖြင့် ဓမ္မိးဒေသစာရီ ကြွချီတော်မူလတ်ရာ ရာဇဂြိုလ်ပြည်သို့ ရောက်တော်မူ၍ ဝေဠုဝန်ကျောင်း တိုက်တော်၌ သီတင်းသုံးနေထိုင်တော်မူ၏၊

ယင်းသို့ မြတ်စွာဘုရားရှင် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းဝိုက်၌ သီတင်းသုံးနေထိုင်တော်မူစဉ် တနေ့သ၌ ရာဇဂြိုလ်သူဌေးသည် ဂင်္ဂါမြစ်၌ ရေကစားလိုရကား မိမိရေကစားမည့် နေရာဌာန၏ အထက်အောက် ဂင်္ဂါမြစ်အတွင်း၌ ဓားရန်ကင်းစိမ့်သောငှာဝင်း၊ မတော်တဆမေ့လျော့သဖြင့် လျောပြုတ်ထွက်ကျွတ်ကျသော အဆင်းတန်ဆာတို့ မဆုံးရှုံးစေခြင်းငှာ ဗင်းခတ်စေ၏၊ မြစ်အထက်ဖက်ရှိ မြစ်ကမ်းပါးစပ်၌ ပေါက်ရောက်နေသော စန္ဒကူးပင်ကြီးသည် ရေတိုက်စားသဖြင့် ထိုပင်ကြီးသည် မြစ်အတွင်းသို့ ပြိုကျလာ၍ ကြေမွလွင့်ပါးကာ ရေ၌မျောလာ၏၊

တို့ကို ချထားပြီးလျှင် ဂင်္ဂါမြစ်အတွင်း၌ လွတ်လပ်စွာမိမိ၏ အခြံအရံများနှင့်တကွ ရေကစား၍နေလေ၏။

ထိုအခါ ဂင်္ဂါမြစ်ညာအထက်ကမ်းနား၌ ပေါက်ရောက်သော စန္ဒကူးပင်တပင်၏ ဂင်္ဂါရေတိုက်စားသဖြင့် အမြစ်ပါတိမ်းလဲ၍ မျောပါလာခဲ့ရာ လမ်းခရီးအကြားတို့၌ ရေပြင်ကျောက်ဆောင်စွန်းတို့၌ တိုက်မိုက်ခဲ့သဖြင့် ထိုးပွဲပွန်းပြတ်ကာ ခရီးဖရဲကစဉ့်ကလဲ အပိုင်းပိုင်းဖြစ်ခဲ့ရာ ရေတိုးပမာဏရှိသော စန္ဒကူးနီ အနှစ်တုံးကလေးသည် ကျောက်ဆောင်ကျောက်စွန်းတို့၌ တိုက်မိုက်ထိပါးလျှက် ရေလှိုင်းတံပိုးအမျိုးမျိုးတို့ဖြင့် ပုတ်ခတ်အပ်ပြန်သည် ဖြစ်၍ ချောမွတ်ပြေပြစ်သော အသားတုံးဖြစ်ကာ အစဉ်သဖြင့် မျောလာခဲ့ရာ၊ မှော်သေးများ ခြွေးယှက်ကာ ထိုရာဇဂြိုလ် သူဌေးရေချိုးရာအရပ်၌ ဝန်းရံဆည်းကာလျှက် ထားအပ်သော ပိုက်ကွန်ဝယ် ငြိတွယ်ရပ်တန့်လေ၏။ သူဌေး၏အခြံအရံ အစေအပါးယောကျ်ားတို့သည် ထိုစန္ဒကူးနီနံ့သာတုံးကို ယူဆောင်ခဲ့ကြ၍ သူဌေးအား ပေးဆက်ကြကုန်၏။

ထိုအချိန်၌ ရာဇဂြိုလ်သူဌေးကား သမ္မာဒိဋ္ဌိအယူရှိသူလည်းမဟုတ်၊ မိစ္ဆာဒိဋ္ဌိအယူရှိသည်လည်းမဟုတ်၊ အာသာရေး လက်လွှတ်နေသည်။ သို့ရကား ထိုသူဌေးသည် ထိုစန္ဒကူးတုံးကို အိမ်သို့ ယူဆောင်စေခဲ့၍ ဝဲခွပ်သွားအများဖြင့် ခုတ်ထစ်ရွှေစေလတ်သည်တွင် ချိတ်ရည်အဆင်း သင်းပျံ့မွှေးကြိုင်သော ရနံ့ရှိသည့် စန္ဒကူးနံ့သာနီ ဖြစ်ကြောင်း ကောင်းစွာသိရှိပြီးသော် "ငါ့အိမ်မှာစန္ဒကူးနံ့သာ မျိုးကား များလှပေ၏။ ယခုရရှိသော စန္ဒကူးတုံးဖြင့် အဘယ်သို့သော အသုံးအဆောင်ကို ပြုလုပ်ရပါမည်နည်း" ဟု ကြံစည်စဉ်းစားပြီး နောက်ထပ်မန်ဆက်၍ ဤသို့ အကြံဖြစ်ပြန်လေသည်။

"ဤလောက၌ ငါတို့သည် ရဟန္တာဖြစ်ကုန်၏ဟု" ပြောဆိုဝန်ခံသူတို့ကား များလှကုန်၏။ ငါကားတဦး တယောက်သောသူကိုမျှလည်း ရဟန္တာစင်စစ်ဖြစ်သည်ဟုတ်သည်ကို ဝေဖန်ပိုင်းခြား၍မသိချေ၊ ငါ၏အိမ်၌ပွတ်ခုံကို ဆင်စေပြီးလျှင် ဤစန္ဒကူးနီနံ့သာတုံးကို သပိတ်ဖြစ်အောင် ပွတ်စေမည်၊ ပွတ်စာကို ငါသုံး၍ သပိတ်ကိုကား ငါလှူခါန်းမည်၊ ယင်းစန္ဒကူးနံ့သာနီသပိတ်ကိုဆိုင်း၌ ထည့်ပြီးနောက် ဝါးအဆင့်ဆင့်အဆက်ဆက် စပ်ဆက်ထောင်ကာအတောင် (၆၀)ခန့်မျှ မြင့်မားသော ကောင်းကင်၌ တွဲလျားဆွဲထားစေပြီးသော် "ရဟန္တာစင်စစ်အမှန်ဖြစ်သောပုဂ္ဂိုလ်သည် ကောင်းကင်ခရီးဖြင့် ကြွလာကာ ချွန်ပြန်ကာ ဤစန္ဒကူးသပိတ်ကို ငါကြေညာပြောဆိုသည့်အတိုင်း၊ ကောင်းကင်ခရီး ချွန်ယာဉ်စီး၍ ရဲကြွယူဆောင်နိုင်သော ရဟန္တာပုဂ္ဂိုလ်အား ငါသည် သားမယားနှင့်တကွ ကိုးကွယ်၏'

ထိုသူဌေးသည် မိမိကြံစည်သည့်သော အတိုင်းစန္ဒကူးနီနှစ်တုံးကို ပွတ်သို့တင်ကာ သပိတ်ထွင်း စေပြီး နောက် ထိုသပိတ်ကို ဆိုင်း၌ထည့်ပြီးလျှင် ဝါးလုံးအဆင့်ဆင့် စိုက်ထောင်ကာ အတောင်.(၆၀) မြင့်မားသော ကောင်းကင်၌ သပိတ်ကိုတွဲလျားချိတ်ထားစေ၍ "ဤလောက၌ ရဟန္တာစင်စစ်ဖြစ်သောသူသည် ကောင်းကင် ခရီးဖြင့် ကြွလာကာ ဤသပိတ်ကို ယူစေသတည်း"ဟူ၍ ကြေညာပြောဆိုလေသည်။

တိတ္ထိဆရာကြီးခြောက်ဦး

ထိုအချိန်၌ ရာဇဂြိုလ်ပြည်ဝယ် တိတ္ထိဆရာကြီးခြောက်ဦးတို့ကား မိမိတို့ကိုယ်ကို ရဟန္တာဟူ၍ ဝန်ခံပြောဆိုကာ ဂိုဏ်းဆရာကြီးများအဖြစ် နေထိုင်သောအခါဖြစ်လေသည်။ ထိုတိတ္ထိဆရာကြီး ခြောက်ဦးတို့မှာ -

(၁) ပူရဏကဿပဆရာကြီး အမည်ရင်းကားပူရဏဟူ၍ ဖြစ်သည်၊ သူ၏အနွယ်ကားကဿပအ
ပူရဏကဿပဆရာကြီးဟူ၍ခေါ်သည်၊
နွယ်ဖြစ်သည်၊ အမည်နှင့် အနွယ်နှစ်မျိုး စပ်၍ ထိုဆရာကြီးကို ပူရဏကဿပဆရာကြီးဟူ၍ခေါ်သည်၊

ထိုဆရာကြီး၏ အကြောင်းအရာအကျဉ်းချုပ်ကား . . . သူဌေးတစ်ဦးမှာ အိမ်ပေါက်ကျွန် ကိုးဆယ့်ကိုးယောက်ရှိနေရာမှ သူကား တစ်ရာမြောက်၌ ဖွားမြင်သူဖြစ်သည်၊ ထို့ကြောင့် သူ၏ အမည်ကို ပူရဏဟူ၍မှည့်ခေါ်ကြသည်၊ ရာပြည့်ကျွန်၊ မောင်ရာပြည့်ဟူလို၏၊ အထူးအားဖြင့် သူကားမင်္ဂလာကျွန် ဖြစ်သောကြောင့် အလုပ်ကို မကောင်းသဖြင့် ပြုလုပ်သည်ကိုလည်း ထိုအကြောင်းကို ပြောဆို မည့်သူမရှိချေ၊ အလုပ်မလုပ်လျှင်လည်း အလုပ်မလုပ်ဟူ၍ မည်သူမျှ ပြောဆိုမည့်သူမရှိချေ၊

သို့စေကာမူ သူသည် "ငါ၏ သူဌေးအိမ်မှာ အဘယ်ကြောင့်နေရမည်နည်းဟု" ရောင့်တက်ကာ ထွက်ပြေးလေသော် သူခိုးတို့သည် ထိုသူ၏ အဝတ်တို့ကို လုယက်ကြလေ၏၊ သူသည် သစ်ရွက်ဖြင့် ဖြစ်စေ၊ မြက်ဖြင့် ဖြစ်စေ ဖုံးလွှမ်းရမည်ကိုမျှ နားမလည်သူ မသိသူဖြစ်ရကား မိမွေးတိုင်းအသွင်ဖြင့်ပင် အဝတ်မပါပဲ ရွာတခုသို့ဝင်လေ၏၊ ရွာနေသူတို့သည် သူ့ကိုမြင်ကြ၍ အကြည်ညိုမှားကြကာ "ဤရဟန်းကား ရဟန္တာတည်း၊ အလိုနည်းသူတည်း၊ ဤရဟန်းနှင့်တူသော သူမရှိဟူ၍ ချီးမွမ်းပြောဆိုကြကာ မုန့်ထွမ်းစသည်တို့ကို ယူခဲ့ကြ၍ သူ၏အထံသို့ ချဉ်းကပ်လာရောက်လေ၏၊ သူသည်"ငါ့မှာ အဝတ်မဝတ်သောကြောင့် ဤလာဘ်လာဘများဖြစ်သည်"ဟု ကြံစည်မိကာ ထိုအခါမှစ၍ အဝတ်ပုဆိုးကို ရသော်လည်း လုံးဝမဝတ်တော့ချေ၊ ထိုအဝတ်မဝတ်ခြင်းကိုပင် ပူရဏသည်ရဟန်းအဖြစ်ယူ၍ ခံယူလေတော့သည်၊ ထိုပူရဏ၏ အထံ၌အခြားအခြားသော လူငါးရာတို့သည်လည်း တပည့်ခံကြကာ အဝတ်မဝတ်ခြင်းတူသော ရဟန်းအဖြစ်ကို ခံယူကြလေကုန်၏၊ ဤသို့လျှင် ဤပူရဏ-ကဿပသည် ဂိုဏ်းဆရာကြီးဖြစ်ကာ လောကဌ်ဆရာကြီးတဦး၊ ဘုရားကြီးတဆူအနေဖြင့် ထင်ရှားကျော်ကြားလေတော့၏၊

(၂) မက္ခလိဂေါသာလ ဆရာကြီး၏ အမည်ရင်းကား မက္ခလိဟူ၍ဖြစ်သည်၊ ဂေါသာလမည်သောရွာ၌ တနည်းမိုးဥတုအခါ နွားတုပ်ကို လှောင်ထားရာဇရပ်၌ မွေးဖွားသောကြောင့် ဂေါသာလဟူ၍ ဒုတိယအမည်ထပ်မံ တွင်ပြန်သည်၊ အမည်နှစ်ရပ်ပေါင်းစပ်၍ "မက္ခလိဂေါသာလ"ဟူ၍ခေါ်ဆိုလေသည်၊

သူ၏အကြောင်းအရာ အကျဉ်းချုပ်ကား သူသည်လည်း ပူရဏကဲ့သို့ပင် ကျွန်တစ်ဦးဖြစ်လေသည်၊ တနေ့သ၌ နွံညွန်ထူထပ်သော မြေအရပ်ဝယ် ဆီကိုးထမ်းယူ၍ရသော ထိုကျွန်ကို အရှင်သခင်ဖြစ်သူက "တာတ မာခလိ • အမောင်မချော်လဲစေနှင့် သတိပြု"ဟု ပြောဆိုသတိပေးနေရင်းကပင် သူသည် မေ့လျော့သဖြင့် ချော်တိမ်းလဲကာ အရှင်သခင်ဖြစ်သူကို ကြောက်လန့်သဖြင့် အလွတ်ပြေးရန် စိမံအားထုတ်လေသည်၊

အရှင်သခင်ဖြစ်သူ အနီးသို့ပြေးလာ၍ ပုဆိုးစွန်း၌ ဆွဲကိုင်ထားလေသော်သူသည် ပုဆိုးကိုချွတ်၍ အဝတ်မပါ လွတ်ရာထွက်ပြေးလေတော့သည်၊ ကြွင်းကျန်သောဖြစ်ရပ်မှာ ပူရဏကဿပ၏ ဖြစ်ရပ်နှင့်တူ၏၊

(၃) အဇိတကေသကမ္ဗလဆရာကြီး • သူသည်လည်း ဂိုဏ်းဆရာကြီးတဦးပင်ဖြစ်သည်၊ သူ၏ အမည်ရင်းမှာ အဇိတဟူ၍ဖြစ်သည်၊ သူကားလူ့ဆံပင်ဖြင့် ရက်လုပ်အပ်သော ကမ္ဗလာအဝတ်ကို ဝတ်ဆင်သောကြောင့် ကေသကမ္ဗလဟု တွင်ပြန်သည်၊ အမည်နှစ်ရပ်ပေါင်းစပ်ပြီးလျှင် ထိုဂိုဏ်းဆရာကြီးကို "အဇိတကေသ - ကမ္ဗလဆရာကြီး" ဟူ၍ခေါ်လေသည်၊

(၄) ပကုဓကစ္စာယနဆရာကြီး ။ သူသည်လည်း ဂိုဏ်းချုပ်ဆရာကြီး တစ်ဦးပင်ဖြစ်သည်။ သူ၏အမည်ရင်းမှာ ပကုဓ ဟူ၍ဖြစ်သည်။ အနွယ်က ယစ္စာယနအနွယ်ဖြစ်သည်။ ဤသို့ အမည်နှင့် အနွယ်နှစ် ရပ်ပေါင်းစပ်၍ ထိုဆရာကြီးကို "ပကုဓကစ္စာယနဆရာကြီး"ဟူ၍ခေါ်ဆိုအပ်လေသည်။ သူကား ရေအေးကို လုံးဝရှောင်ပယ်သောသူဖြစ်သည်။ ကျင်ကြီးစွန့်ပြီးသောအခါမှသော်ငြင်း၊ အစားစားပြီးသော်အခါမှသော်ငြင်း၊ တစ်စုံတခု အညစ်အကြေးလူးလဲသောအခါမှာသော်ငြင်း သူသည် ရေအေးဖြင့် ဆေးကြောသုတ်သင်မှုမပြုချေ။ ရေနွေးကိုဖြစ်စေ၊ ပုန်းရည်ကိုဖြစ်စေ၊ ရှိမှသာ ဆေးကြောသုတ်သင်မှုပြုလေသည်။ မြစ်ချောင်းကိုဖြစ်စေ၊ လမ်းခရီး၌ရေကိုဖြစ်စေ၊ ကူးမိကျော်မိလျှင် "ငါ၏သီလကားပျက်လေပြီ"ဟု အောက်မေ့မှတ်ယူလျှက် သဲပုံတစုကို ပြုလုပ်ကာ သီလကိုဆောက်တည်၍သွားလေသည်။

(၅) သဥ္စယဗေလဋ္ဌကုတ္တဆရာကြီး ။ သူသည်လည်း ဂိုဏ်းဆရာကြီး တဦးပင်ဖြစ်လေသည်။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ ပရိဗိုဇ်အဖြစ်ဖြင့် နေခဲ့စဉ်က ထိုဆရာကြီးနှင့်အတူနေခဲ့လေသည်။ သူ၏ အမည်ရင်းကားသဥ္စယ သိဥ္စည်းဖြစ်၍ ဗေလဋ္ဌမည်သော သူ၏သားဖြစ်သောကြောင့် အမည်နှစ်ရပ် ပေါင်းစပ်ကာ "သဥ္စယ-ဗေလဋ္ဌပုတ္တဆရာကြီး" ဟူ၍ခေါ်တွင်လေသည်။

(၆) နိဂဏ္ဌနာဋပုတ္တဆရာကြီး ။ သူသည်လည်း ဂိုဏ်းဆရာကြီး တဦးပင်ဖြစ်သည်။ "ငါတို့မှာ ထုံးဖွဲ့နှောင်ယှက်တတ်သောကိလေသာမှ ကင်းစင်သူများဖြစ်ကြသည်ဟူ၍ သူ၏ထင်ရာမြင်ရာ အယူဝါဒအတိုင်း ပြောဆိုလေ့ရှိသောကြောင့် နိဂဏ္ဌာဟူ၍တွင်လေသည်" အကယ်စင်စစ် ကိလေသာအထုံးအဖွဲ့ အနှောက်အယှက်မှ ကင်းစင်သူကား မဟုတ်ချေ။ သူ၏ ဖခင်ကားနာဋမှအမည်ရှိလေသည်။ ဤသို့ နာဋ၏သားဖြစ်သောကြောင့် သူ့တိုအဖနှင့်စပ်၍ နာဋပုတ္တဟုခေါ်ဆိုပြန်လေသည်။ အမည်နှစ်ရပ်ပေါင်းစပ်ပြီးလျှင် ထိုဆရာကြီးကို "နိဂဏ္ဌနာဋပုတ္တဆရာကြီး" ဟူ၍ခေါ်တွင်လေသည်။

ထိုသို့ ရာဇဂြိုလ်သူဌေးက စန္ဒကူးသပိတ်ကို ဝါးလုံးအဆင့်ဆင့် အတောင်ခြောက်ဆယ်မြင့်သော တောင်းကင်၌ ချိတ်ဆွဲစေပြီးလျှင် "လောက၌ ရဟန္တာအစစ်ဖြစ်သော သူသည်ကောင်းကင်ခရီးဖြင့် ပျံနယာဉ်စီး၍ ကြွလာကာ ဤသပိတ်ကိုယူစေသတည်း" ဟူ၍ ကြေညာပြောဆိုသောအခါ ရှေးဦးစွာပူရဏကဿပဆရာကြီးသည် ရာဇဂြိုလ်သူဌေးထံလာရောက်၍ "သူဌေး. . . ငါသည် ရဟန္တာလည်း ဟုတ်ပေ၏၊တန်ခိုးရှိသူလည်း ဟုတ်ပေ၏။ ငါ့အားသပိတ်ကို ပေးလော့" ဟူ၍အသားလွတ် ပြောဆိုလေသော် ရာဇဂြိုလ်သူဌေးသည် "အရှင်ဘုရား. . အရှင်ဘုရားသည် ရဟန္တာလည်းဟုတ် တန်ခိုးရှိသူလည်း ဟုတ်ပါမူ တပည့်တော်၏ သပိတ်ကို ရဟန္တာတန်ခိုးရှင်အား လှူပြီးဖြစ်ပါသည်။ တန်ခိုးဖြင့်သာချတော်မူပါလော့" ဟူ၍ပါးနပ်လိမ္မာစွာ ဖြေကြားပြောဆိုလေ၏။ ပူရဏကဿပကြီးကား ရဟန္တာလည်းမဟုတ်၊ တန်ခိုးရှင်လည်းမဟုတ်သောကြောင့် ထိုသပိတ်ကို မချယူနိုင်ဘဲ လတ်လျှောကာ ပြန်သွားလေ၏။

ဒုတိယနေ့၌ မက္ခလိဂေါသာလဆရာကြီး၊ တတိယနေ့၌ အဇိတကေသကမ္ဗလဆရာကြီး၊ စတုတ္ထနေ့၌ ပကုဓကစ္စာယနဆရာကြီး၊ ပဥ္စမနေ့၌ ဗေလဋ္ဌပုတ္တဆရာကြီးတို့ အစဉ်အတိုင်းလာရောက်၍ ရှေးပူရဏကဿပ ဆရာကြီးနည်းတူပြောဆိုကြလေသော် ရာဇဂြိုလ်သူဌေးသည်လည်း ရှေးနည်းတူပင်ပြောဆိုကြလေသော်

ရာဇပြိုလ်သူဌေးသည်လည်း ရှေးနည်းတူပင် ပါးနပ်လိမ္မာစွာမြေကြားပြောဆိုသဖြင့် ထိုဆရာကြီးတို့လည်း ရှေးနည်းအတူဝင်သပိတ်ကို မချယူနိုင်ပဲ လက်လျှော့တာ ပြန်သွားကြလေ၏။

ခြောက်ရက်မြောက်သောနေ့ ဆွမ်းမနေ့၌ နိဂဏ္ဌနာဋ ပုတ္တဆရာကြီးသည် မိမိတပည့်များကို "အမောင်တို့သွားကြလော့ ရာဇပြိုလ်သူဌေးကို ဤသပိတ်တားငါတို့၏ ဆရာကြီးအားသာလျှင် လျောက်ပတ်သောသပိတ်ဖြစ်သည်၊ အနည်းငယ်မျှ မပြောပလောက်သည့် သစ်သားသပိတ်ကလေးဟူသော အကြောင်းကြောင့် ငါတို့ဆရာကြီးကောင်းကင်ခရီးဖြင့် လာရောက်ခြင်းကို မပြုပါစေနှင့်၊ သင်၏သပိတ်ကို ငါတို့ဆရာကြီးအားပေးလှူပါတော့ဟု ပြောဆိုကြလေ၏" ဤကဲ့သို့ မှာကြားပြီးလျှင် မိမိတပည့်များကို ရာဇပြိုလ်သူဌေးထံ စေလွှတ်လိုက်လေ၏။

တပည့်များသည် သွားကြ၍ သူဌေးကို ဆရာကြီးမှာကြားလိုက်သည့်အတိုင်း ပြောကြားလေသော် ရာဇပြိုလ်သူဌေးသည် ကောင်းကင်ခရီးဖြင့်ကြွလာ၍ ယူစွမ်းနိုင်သောသူသည်သာလျှင် ယူစေသတည်း" ဟူ၍ တင်းထင်းခင်ပြောဆိုလေ၏၊ နာဋပုတ္တဆရာကြီးသည် တိုင်ပင်လိုရာအား တပည့်များအား ဤဆိုလတ္တံ့သော အတိုင်းအမှတ်အချက် ပေးထားလေသည်၊

"ငါသည် လက်တဖက်ခြေတဖက်ကို မြှောက်၍ ကောင်းကင်သို့ ပျံတက်တော့မည်ကဲ့သို့ ဟန်ပြုမည်၊ သင်တို့က "ဆရာကြီး... အာလုပ်ကြမလို့နည်း၊ သစ်သားသပိတ်ဟူသော အကြောင်းကြောင့် လျှို့ဝှက်အပ်သည့် အရဟတ္တဖိုလ် ကျေးဇူးတိုလူများအား မပြုကြပါကုန်လင့်ဟု ပြောဆိုကြကာ ငါ့ကိုလက်ခြေတို့၌ ဆွဲငင်ကြလျှက် မြေကြီး၌ တိမ်းလဲစောင် ပြုလုပ်ကြကုန်လော့" ဟူ၍ အမှတ်အချက် ပေးထားလေသည်၊

နာဋပုတ္တဆရာကြီးသည် ထိုကဲ့သို့ အချက်အမှတ်ပေးပြီးလျှင် သူဌေးထံသို့ သွားရောက်၍ သူဌေးကို "သူဌေးကြီး... ဤသပိတ်သည် အခြားသူတို့အား လားလားမျှ မငါ်လျော် သင်သူဌေး ကြီးသည်အနည်းငယ်မျှ မပြောပလောက်သည့် သစ်သားသပိတ်ဟူသော အကြောင်းကြောင့်ငါ၏ ကောင်းကင်သို့ ပျံတတ်၍သာယူတော်မူကြပါသည်ဟု တိုတိုတင်းတင်းကျူးကျဉ်းပင် ပြောဆိုလေ၏"

ထိုအခါ နာဋပုတ္တဆရာကြီးသည် "ထိုသို့ဖြစ်လျှင် ဖယ်ကြဖယ်ကြဟု မိမိ၏ တပည့်များကို ဖယ်ရှားပြီးလျှင် ကောင်းကင်သို့ ပျံတက်တဲ့ဟုလက်တဖက်ခြေတဖက်ကို မြှောက်ချီလေ၏၊ ထိုအခါသူ၏ တပည့်များက ဗိုဆရာကြီး.. ဘယ်လိုအလုပ်တွေကို ပြုလုပ်နေကြဘိသနည်း၊ အဖိုးမတန်သည့် သစ်သားသပိတ်ဟူသော အကြောင်းကြောင့် လျှို့ဝှက်အပ်သည့် အရဟတ္တဖိုလ်ကျေးဇူးကို လူအများအား ပြသကြသဖြင့် ဆရာကြီးတို့မှာ ဘာအကျိုးရှိမည်နည်းဟူ၍ နဂိုကအချက် ပေးထားသည့်အတိုင်း ပြောကြားကြပြီးလျှင် သူတို့၏ ဆရာကြီးကို လက်ခြေတို့၌ဆွဲငင်ကြတာမြေ၌ တိမ်းလဲစေတုန်၏၊ နာဋပုတ္တဆရာကြီးသည် တိမ်းလဲနေရာမှ ပင်ရာဇပြိုလ်သူဌေးကို "ဗိုသူဌေးကြီး... ဤတပည့်များက ငါ့အား ကောင်းကင်သို့ ပျံတတ်ခွင့်ကို မပေးကြပါ သင်အမြင်တဲ့ ငါ့အား သပိတ်ကိုပေးသာပေးပါလော့ဟူ၍ ပြောဆိုလေသော် သူဌေးသည် ဤမြေမှပင် ကောင်းကင်သို့ တတ်၍ ယူတော်မူကြပါဘုရား"ဟု လျှောက်ထားပြောဆိုလေသည်၊

ဤသို့လျှင် တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် ခြောက်ရက်တိုင်တိုင်အားထုတ်ကြသော်လည်း သပိတ်ကို မရရှိကြလေကုန်၏။

## အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလ

ထိုနောက်ခုနစ်ရက်မြောက်သောနေ့၌ အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ် မြတ်နှစ်ပါးတို့ "ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်ကြကုန်အံ့"ဟု ဝေဠုဝန်ကျောင်းတိုက်မှ ထွက်ကြွတော်မူခဲ့ကြ၍ ရာဇဂြိုဟ်ပြည်၏ အနီးတခုသော ကျောက်ဖျာအပြင်၌ သင်္ကန်းရုံနေတော်မူကြသောအခါ သေသောက်ကြူး ထန်းရေသမားတို့သည် ဤသို့သော စကားထိပါးပြောဆိုကြကုန်၏။

"အချင်းတို့ . . . ရှေးအခါက တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် ငါတို့ကား ရဟန္တာများ ဖြစ်ကြကုန်၏ဟု ပြောဆိုလှည့်လည်ခဲ့ကြလေပြီ၊ အကယ်၍ ရဟန္တာဖြစ်ခဲ့လျှင် တောင်းကင်ခရီးဖြင့် လာလတ်၍ယူစေသတည်းဟု" ဟုပြောဆိုကာ ရာဇဂြိုဟ်သူဌေးမင်းဝါးအဆင့်ဆင့် အတောင်ခြောက်ဆယ် မြင့်အောင် စိုက်ထူကာ စန္ဒကူးသပိတ်ကို ထားခဲ့သည်မှာ ယနေ့ခုနစ်ရက်မြောက်ရောက်ခဲ့လေပြီ၊ တဦးတယောက်မျှ ငါရဟန္တာဟုပြောဆိုကာ တောင်းတင်သို့ ပျံတက်နိုင်သူမရှိချေ၊ ယနေ့မှ ငါတို့သည် လောက၌ရဟန္တာများ မရှိကြောင်း တောင်းကောင်း သိရပေပြီ ဟူ၍ ပွတ်ချုပ်ထိပါး ပြောကြားလေကုန်၏၊ ထိုစကားကို ကြား၍အရှင်မဟာမောဂ္ဂလာန်မထေရ်သည် အရှင်ပိဏ္ဍောလ ဘာရဒွါဇမထေရ်ကို "ငါ့ရှင်ဘာရဒွါဇ . . . ဤသေသောက်ကြူး ထန်းရေသမားတို့ပြောသော စကားတို့ကြားရဲ့လား၊ ဤသေသောက်ကြူးထန်းရေမူးတို့သည် မြတ်စွာဘုရားရှင်၏ သာသနာကိုပါ သိမ်းကျုံး ယှဉ်ကြသည့် ဝမာထိပါးစကားပြောကြားကုန်၏၊ ငါ့ရှင်သည်လည်း တန်ခိုးရှင်ဇာနဘော်ရှင်ဖြစ်ပေသည်၊ သွားပါလော့ ထိုစန္ဒကူးသပိတ်ကို တောင်းတင်ခရီးဖြင့်ပင်သွားရောက်ကာ ယူဆောင်ခဲ့ပါလော့" ဟူ၍တိုက်တွန်း စကားမိန့်ကြားတော်မူလေ၏၊

အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်မြတ်သည် အရှင်မဟာမောဂ္ဂလာန်ကို "ငါ့ရှင်မောဂ္ဂလာန် . . ငါ့ရှင်သည် တန်ခိုးရှင်တို့အနက်အသာဆုံး၊ အမြတ်ဆုံးဟူ၍ ဧတဒဂ်ဘွဲ့ထူးဖြင့်ချီးကျူးထင်ပေါ်ကျော်စောသူ ဖြစ်ပါသည်၊ ငါ့ရှင်ပင်ထိုသပိတ်ကိုယူစေချင်ပါသည်၊ ငါ့ရှင်မယူမှသာ ငါယူပါမည်"ဟူ၍ပြန်ကြား ပြောဆိုလေသည်၊ ထိုသို့ ပြောဆိုခြင်းမှာ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို ဦးစားပေးအရေးထား သောအားဖြင့် ပြောဆိုခြင်း ဖြစ်လေသည်၊ ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က "ငါ့ရှင်ပင် ယူဆောင်လော့ဟု"ဟူ၍ကြည်ဖြူစွာ ခွင့်ပြုစကား မိန့်ကြားတော်မူလေ၏။

## အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်တန်ခိုးဖြင့် စန္ဒကူးသပိတ်ကို ယူဆောင်တော်မူခြင်း

ထိုသို့အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကခွင့်ပြုစကား မိန့်ကြားတော်မူလတ်သော် အရှင်ပိဏ္ဍောလ ဘာရဒွါဇ မထေရ်သည် အဘိညာဏ်၏အခြေပါဒဖြစ်သော စတုတ္ထဈာန်ကိုဝင်စား၍ ထိုဈာန်မှထပြီးလျှင် အဘိညာဏ် စေတီဖြင့် တစ္စန်းတနအားသားသပ်ယပ်တိတိဖြတ်အပ်သော လဲဝါနိုင်ပမာ ထိုသုံးဂါဝုတ်မျှပမာဏရှိသော မိမိတို့ သင်္ကန်းရုံနေရာ ကျောက်ဖျာကြီးကို တောင်းကင်၌ ထွတ်စေကာ ရာဇဂြိုဟ်မြို့၏ အထက်၌ ခုနစ်ကြိမ် ပုနစ်ပတ်

လှည့်လည်စေတော်မူ၏၊ ထိုကျောက်ဖျာကြီးသည် သုံးဂါဝုတ်ပမာဏရှိသော ရာဇဂြိုလ်မြို့ကြီး၏ အပိတ် ဖုံးကြီးကဲ့သို့ ထင်ရလေသည်၊ မြို့နေလူအပေါင်းတို့သည် ကျောက်ဖျာကြီးကား "ငါတို့အပေါ်လွှမ်းမိုးခဲ့လေပြီ" ဟု ကြောက်ရွံ့ထိတ်လန့်ကြကာ ဖန်း၊ စကာ စသည်တို့ကို ဦးခေါင်း၌ဆောင်းကြ၍ ဦးတည်မိရာ ထိုထိုအရပ်သို့ ပုန်းအောင်းကြလေသည်၊ သတ္တမအကြိမ်၌ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သည် ကျောက်ဖြာကို ခွဲ၍ကိုယ်ထင် ပြတော်မူသည်၊ လူများအပေါင်းသည် မထေရ်မြတ်ကို မြင်လတ်၍ "ဘိုပိဏ္ဍောလဘာရဒွါဇအရှင်မြတ်ဘုရား၊ အရှင်ဘုရား၏ ကျောက်ဖျာကြီးကို မြဲမြဲစွာ ကိုင်ထားတော်မူပါ၊ တပည့်တော်လူအလုံးကို မဖျက်ဆီးပါစေနှင့်" ဟု လျှောက်ထားကြလေ၏၊ မထေရ်သည် လူအများကြည့်နေစဉ်ပင် ကျောက်ဖျာကို ခြေဖွနိုးဖြင့် တွန်းတန် ပစ်လွှင့်လေသည်၊ ကျောက်ဖျာသည်သွားလတ်၍ မူလနေရာ၌ ဝင်တည်လေ၏၊

အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သည် သူဌေး၏ အိမ်အထက်ကောင်းကင်၌ ရပ်တည်တော်မူလေလျှင် ရာဇဂြိုလ်သူဌေးသည် မထေရ်ကို မြင်လတ်၍ ရင်ဖြင့်မြေ၌လွှားဝပ်ပြီးလျှင် သက်ဆင်းတော်မူပါ အရှင်ဘုရားဟု လျှောက်ထားကာ ကောင်းကင်မှ သက်ဆင်းလာသော မထေရ်ကိုမိမိအိမ်၌ ထိုင်နေစေပြီးနောက်သပိတ်ကို ကောင်းကင်မှချ၍ စတုမဓုအပြည့်ထည့်ပြီးလျှင် ပိဏ္ဍောလဘာရဒွါဇမထေရ်အား ဆက်ကပ်လှူဒါန်းလေ၏။

လူအများ စုရုံးလိုက်ပါလာကြခြင်း

အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သည် သပိတ်ကို ခံယူ၍ ဝေဠုဝန် ကျောင်းတိုက်တော်သို့ ရှေးရှု ကြွတော်မူလျှင် မထေရ်မြတ်တန်ခိုးပြာဋိဟာကို မမြင်လိုက်ရသောလူ အလုံးစုံစုရုံး စည်းဝေးကြ၍ "အရှင်ဘုရား၊ တပည့်တော်တို့အားလည်း တန်ခိုးပြာဋိဟာကို ပြတော်မူပါဦးဟု၍ လျှောက်ဆိုကြကာ မထေရ်နောက်သို့ တောက် တောက်လိုက်ပါလာကြကုန်၏၊ မထေရ်မြတ်သည်ထိုသို့ လိုက်ပါလာသူတို့အားလည်း တန်ခိုးပြာဋိဟာကို ပြတော် မူလျှက် ဝေဠုဝန်ကျောင်းတိုက်သို့ ရောက်တော်မူလာပေ၏။"

တန်ခိုးပြာဋိဟာမပြရန် သိက္ခာပုဒ်ပညတ်တော်မူခြင်း

မြတ်စွာဘုရားသည် ဘုတ်ကြက်ဆူညံ ထိုလူတို့၏ အသံကို ကြားတော်မူ၍ အရှင်အာနန္ဒမထေရ်ကို "ချစ်သား အာနန္ဒာ. . . ဘုတ်ကြွက်စီညံ ယခုအသံကား အဘယ်သူ၏အသံနည်း" ဟု မေးတော်မူ၏၊ အရှင်အာနန္ဒာမထေရ်မြတ်က "ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . ပိဏ္ဍောလဘာရဒွါဇမထေရ်သည် ကောင်းကင်သို့ပျံတက်၍ ရာဇဂြိုလ်သူဌေး၏ စန္ဒကူးသပိတ်ကို ချယူအပ်ခဲ့ပါပြီ၊ ထိုသတင်း စကားကို လူအများ ကြား၍ အရှင်ပိဏ္ဍောလဘာရဒွါဇ၏နောက်သို့ လူအများ ဖဝါးခြေတစ် ထက်ကြပ်မကွာ လိုက်ပါလာခဲ့ကြပါပြီ၊ယခု အသံကား ထိုလူများ၏ ဘုတ်ကြွက်စီညံ ပြောဆိုကြသော အသံပါတည်းဟူ၍ လျှောက်ထားလေသည်"

ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုအကြောင်း နိဒါန်း၌ ရဟန်းသံဃာကို စည်းဝေးပြီးလျှင်အရှင်ပိဏ္ဍောလ ဘာရဒွါဇမထေရ်ကို "ချစ်သားဘာရဒွါဇ . . . သင်ချစ်သားသည် ရာဇဂြိုလ်သူဌေး၏ သပိတ်ကို တန်ခိုးပြာဋိဟာ ဖြင့် ချယူအပ်ပြီဟူသည် မှန်သလောဟု မေးမြန်းတော်မူ၍ မှန်ကန်ကြောင်း ပြန်ကြားလျှောက်ထားလေသော် များစွာသောအကြောင်းဖြင့် အရှင်ပိဏ္ဍောလဘာရဒွါဇကို ကဲ့ရဲ့တော်မူပြီးနောက် တရားစကား ဟောကြားတော်မူပြီး

လျှင် "နဘိတွေဝေ ကုက္ကိုပါဒ်ငြိတာရိယံ့ သေသတဒ္ဓယောဒ သေသယှအာ ပတ္တိ၀ုတ္တရေသ - ရဟန်းတို့ . . တန်ခိုး ပြာဋိဟာကို မပြအပ်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူပြီးလျှင်" ရဟန်းတို့ . စန္ဒကူးသစ်သားသပိတ်ကို အစိတ်စိတ်အမြွာမြွာ ခွဲကုန်ကြလော့၊ ခွဲကြပြီးလျှင် မျက်စဉ်းကြိတ်ကြိတ်ဖို့ရန် ရဟန်းတို့အား ခွဲဝေပေးကြလော့" "ရဟန်းတို့ . . . သစ်သားသပိတ်ကို မဆောင်ယူအပ် မသုံးစွဲအပ်ဆောင်ယူ သုံးစွဲသော ရဟန်းအား - ဒုက္ကဋ်အာပတ်သင့်စေ" ဟူ၍ ဟဖန်ဆတ်ကာ သိက္ခာပုဒ် ပညတ်တော်မူမြန်လေ၏၊

## တိတ္ထိတို့ ဆောင်ထားထကြွ စကားပြောကြားခြင်း

တိတ္ထိတို့သည် "မြတ်စွာဘုရားက တပည့်ရဟန်းများအား တန်ခိုး ပြာဋိဟာပြသမှု မပြုရန် သိက္ခာပုဒ်ကို ပညတ်အပ်ပြီတူသော သတင်းစကားကို ကြားသိကြလေလျှင်" ရဟန်းဂေါတမ၏ တပည့်များသည် ရဟန်းဂေါတမ ပညတ်အပ်သောသိက္ခာပုဒ်ကို အသက်ဟူသော အကြောင်းကြောင့်ပင်သော်လည်း မလွန်ကျူးကြကုန်၊ ယခုအခါ ငါတို့သည်အခွင့်တောင်းကို ရအပ်ချေပြီ"ဟု ကြံစည် တိုင်ပင်ကြပြီးလျှင် မြို့တွင်းလမ်းကြီးလမ်းငယ် အသွယ်သွယ် တို့၌ "ငါတို့သည် ရှေးအခါကပင် မိမိ၏ ဂုဏ်ကို စောင့်ထိန်းသော အားဖြင့် သစ်သားသပိတ်ကို အကြောင်းပြုကာ မိမိ၏ တန်ခိုးဣဒ္ဓိပါဒ်တော်ဂုဏ်ကို လူအများအားမပြခဲ့ကြပေ၊ ရဟန်းဂေါတမ၏ တပည့်များသာ အရှက်မရှိကြဘဲ ပြသခဲ့ကြ ကုန်လေသည်၊ ရဟန်းဂေါတမကား ကိုယ်တိုင်ပညာရှိသူဖြစ်သောကြောင့် ထိုသပိတ်ကို အစ ပျောက်အောင် အစိတ်စိတ်အမြွာမြွာ ခွဲစေပြီးလျှင် သူ့တပည့် ရဟန်းများအားသိက္ခာပုဒ်ကို ပညတ်အပ်ခဲ့ပြီတဲ့၊ ယခုအခါ ငါတို့သည် ရဟန်းဂေါတမနှင့် တန်ခိုးပြာဋိဟာကို ပြိုင်ဆိုင်ပြသကြကုန်အံ့"ဟူ၍ လှည့်လည် ဝါကြွား ပြောကြားလေကုန်၏၊

## တန်ခိုးပြာဋိဟာပြရန် ဘုရားရှင်မိန့်တော်မူခြင်း

ထိုအကြောင်းကို ဗိမ္ဗိသာရမင်းတရားကြီးသိလေသော် မြတ်စွာဘုရားရှင်တော်ထံသို့ သွားရောက်၍ တမြန်အလှန် မေးမြန်းလျှောက်ထား ဖြေဆိုတော်မူကြသည်မှာ -

ဗိမ္ဗိသာရမင်း။ ။ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . အရှင်ဘုရားများသည် တန်ခိုးပြာဋိဟာမပြဖို့ရန် တပည့်သာဝကများအား သိက္ခာပုဒ် ပညတ်အပ်ပါသလော၊

မြတ်စွာဘုရား။ ။ဟိမ်း ပညတ်အပ်ပေသည် မြတ်သောမင်းကြီး(မင်း) ယခုအခါ တိတ္ထိတို့သည် အရှင်မြတ်ဘုရား တို့နှင့်ပင် တန်ခိုးပြာဋိဟာကို ပြိုင်ဆိုင်ပြသကုန်အံ့ ဟူ၍လှည့်လည်မှာကြား ပြောကြားကြကုန်ပြီ၊ ယခု အဘယ်သို့ ပြုလုပ်ကြမည်နည်းဘုရား။

မြတ်စွာဘုရား။ ။ထိုတိတ္ထိတို့က တန်ခိုးပြာဋိဟာ ပြကြမည်ဆိုလျှင် ငါဘုရားသည် တန်ခိုး ပြာဋိဟာ ပြမူပြုပေအံ့ (ပြုခါဝ)၊

မင်းကြီး ။ ။အရှင်မြတ်ဘုရားတို့သည် သိက္ခာပုဒ်ကို ပညတ်ထားအပ်ပေပြီမဟုတ်ပါလော၊

မြတ်စွာဘုရား။ ။မြတ်သောမင်းကြီး . . . ငါဘုရားသည် မိမိအတွက်သိက္ခာပုဒ်ကို မပညတ်၊ သာဝက တို့ အတွက်သာ သိက္ခာပုဒ်ကို ပညတ်အပ်ပေသည်၊

မင်းကြီး။ ။အရှင်မြတ်စွာဘုရားတို့ကို ဖယ်ရှား၍ အခြားသူ တပါးတဝည့် သာဝကများဖတွက်သာ (တွက်၍) သိက္ခာပုဒ်ကို ပြညတ်မှုဖြစ်နိုင်သံပလား။

မြတ်စွာဘုရား။ ။မြတ်သောမင်းကြီး . . . ထိုသို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင်တဖန်ပြန်၍ မေးအံ့။ သင်၏ ဥယာဉ်၌ သရက်ပင်သရက်သီးများ ရှိသည်မဟုတ်လော။

မင်းကြီး ။ ။ရှိပါသည်မြတ်စွာဘုရား။

မြတ်စွာဘုရား။ ။မြတ်သောမင်းကြီး. . . ထိုဥယာဉ်တော်မှာရှိသော သရက်သီးကို အခြားလူများ ဆွတ်ခူးသွားခဲ့သော် အဘယ်သို့ဖြစ်မည်နည်း။

မင်းကြီး ။ ။မင်းပြစ်ဒိုးဒဏ်ခတ်ရပါမည်ဘုရား။

မြတ်စွာဘုရား။ သင်မင်းကြီးကိုယ်တိုင်ကတော့ ထိုသရက်သီးကို စားနိုင်ခွင့် ရပါသလော။

မင်းကြီး ။ ။ရပါသည်အရှင်ဘုရား။ တပည့်တော်အားဒဏ်ခတ်ရန်မလိုပါ၊ တပည့်တော်သည် မိမိ၏ ပစ္စည်းဥစ္စာကိုသာ ခံစားမည်ဖြစ်ပါသည်။

မြတ်စွာဘုရား။ ။မြတ်သောမင်းကြီး . . . ယူဇနာသုံးရာကျယ်ဝန်းသော ဤပြည်တဝန်း၌ သင်မင်းကြီး၏ အာဏာစက်ပျံ့နှံ့ ဖြစ်ထွန်းသကဲ့သို့ ထို့အတူပင် ငါဘုရား၏ အာဏာသည်လည်း (အာဏာခေတ်) ကြောဋ္ဌကုဋေတသိန်း၌ ပြန့်နှံ့ ဖြစ်ထွန်းသည်။ ငါဘုရားအတွက်သိက္ခာပညတ်မှု မရှိအခြား တဝည့် သာဝကများအတွက် သိက္ခာပုဒ်ပညတ်မှုရှိသည်။ ငါဘုရားသည် တန်ခိုးပြာဋိဟာပြသမှုကို ပြုပေအံ့။

မင်းကြီး ။ ။ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . အဘယ်အခါ၌ တန်ခိုးပြာဋိဟာပြသမှုကို ပြုတော်မူကြမည်နည်း။

မြတ်စွာဘုရား။ ။မြတ်သောမင်းကြီး . . . ယနေ့မှ နောက်လေးလလွန်မြောက်သောအခါ ဝါဆိုလပြည့်နေ့၌တန်ခိုးပြာဋိဟာပြသမှုကို ပြုပေအံ့။

မင်းကြီး ။ ။ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . အဘယ်အရပ်၌ ပြုတော်မူကြမည်နည်း။

မြတ်စွာဘုရား။ ။မြတ်သောမင်းကြီး . . . သာဝတ္ထိပြည်ဝယ် ကဏ္ဍမ္ဗသစ်ပင်အနီး၌ ပြုတော်မူမည်။

ကဏ္ဍမ္ဗသဖွါသည် နိုးရိုးအနေအထားဖြင့် သရက်ဖြူပင်ဟု၍ အနက်ထွက်သည်၊ မြတ်စွာဘုရားရှင် မိန့်တော်မူသည့် ကဏ္ဍမ္ဗရုက္ခဟူသည်မှာ ကဏ္ဍမည်သော ဥယျာဉ်မှူးစိုက်ပျိုးသည့် သရက်ပင်ကိုဆိုတော် မူလိုရင်းဖြစ်သည်၊ ဤ၌။ ။သာဝတ္ထိပြည်အရပ်မှာ ဘုရားရှင်တိုင်း၏ တန်ခိုးပြာဋိဟာ ပြုတော်မူရာ ဌာနဖြစ်သောကြောင့် ၎င်း။ လူများများ စည်းဝေးနိုင်စေလိုသောကြောင့်၎င်း၊ အချိန်ဝေးကြာ လေးလကွာနှင့် ခရီးဝေးကွာ ၄၅ယူဇနာအရပ်ကို မြတ်စွာဘုရားညွှန်ပြတော်မူသည်ဟု အထူးမှတ်ရာ၏။

တိတ္ထိတို့၏ဝန်ဆောင်မှုပြုချက်များ

ထိုသို့ မြတ်စွာဘုရားကိုယ်တော်မြတ် ကဝိမ္ဗိသာရမင်းတရားအား ယနေ့မှ နောက်လေး လမြောက်ဝါဆို

### ဧဒ္ဒဂါယာဓနီးသွားမှတ်တမ်း

လပြည့်နေ့ဝယ် သာဝတ္ထိပြည်တက္ကာသရက်ပင်အနီး၌ တန်ခိုးပြာဋိဟာပြမှုကို ပြုလုပ်မည်ဟူသော ရဲရဲတောက် စကားမိန့်ကြားတော်မူချက်ကို တိတ္ထိများကြားသိကြလေသော် "ငါတို့ကား ယခုအခါ ပျက်ခြင်းမလှ ပျက်စီးကြလေပြီ၊ သို့သော်လည်း တန်အမှုအရာမပျက်ဘဲ သာဝတ္ထိပြည်သို့ သွားရောက်သော ရဟန်းဂေါတမနောက်သို့ မျက်ချေးမပြတ် တောက်တောက်လိုက်ကြတုန်ဖုံ့၊ ထိုအခါလူများက ငါတို့ကိုမြင်၍ ဤသို့ပြုမူခြင်းသည် အဘယ် ကြောင့်နည်းဟု မေးကြလိမ့်မည်၊ ထိုအခါ ထိုလူများကို ငါတို့ ရဟန်းဂေါတမနှင့် တန်ခိုးပြာဋိဟာကို ပြိုင်ဆိုင်ပြသမှု ပြုတုန်ဖုံ့ဟူ၍ ပြောခဲ့ကြသည် ရဟန်းဂေါတမသည် ယခုအခါ ငါတို့မှာကြောက်၍ ထွက်ပြေးလေသည်၊ ငါတို့သည် သူ့အား ထွက်ပြေးခွင့်မပေးပဲ မျက်ချေးမပြတ် တောက်တောက်လိုက်ပါကြသည် ဟူ၍ ပြောဆိုကြတုန်ဖုံ့ ဤသို့ ပြုမူပြောဆိုသည်ရှိသော် ငါတို့အား များစွာသော လာဘ်ပူဇော်သက္ကာရသည် ဖြစ်ပေလိမ့်မည်" ဟူ၍ တိုင်ပင် ပြောဆိုကြလေတုန်၏။

### မြတ်စွာဘုရားရှင် ရာဇဂြိုလ်ပြည်မှ သာဝတ္ထိသို့ ကြွတော်မူခြင်း

ထိုသို့ တန်ခိုးပြာဋိဟာပြသဖို့ရန် ပြဿနာပေါ်ပေါက်လာသောအချိန်မှာ မဟာသက္ကရာဇ် (၁၀၈)ခုနှစ် တပေါင်းလပြည့်နေ့လောက်မှာဖြစ်သည်၊ ထိုတပေါင်းလပြည့်ကျော် (၁)ရက်နေ့လောက်အချိန်မှာ မြတ်စွာဘုရား ရှင်သည် ရာဇဂြိုလ်ပြည်အတွင်း ဆွမ်းခံလှည့်လည်တော်မူပြီး ထိုပြည်မှထွက်ခဲ့၍ ရဟန်းတပေါင်းတို့ခြံရံကာ သာဝတ္ထိပြည်ဘက်သို့ ခရီးဒေသစာရီ ကြွချီတော်မူလာခဲ့လေသည်၊

တိတ္ထိတို့သည်လည်း မြတ်စွာဘုရား၏ နောက်မှ တပါတည်း ထွက်ခဲ့ကြ၍ မြတ်စွာဘုရားဆွမ်း ကံစွပြုသော နေရာ၌ သူတို့လည်းဆွမ်းကိစ္စပြုကြလေသည်၊ မြတ်စွာဘုရား ခရီးဆက်ကြွလျှင် သူတို့လည်း ခရီးဆက်ကြ လေသည်၊ မြတ်စွာဘုရားရှင် ညဥ့်ကိန်းစက်သောနေရာ၌ သူတို့လည်းအိပ်စက်ကြ၍ နောက်တနေ့နံနက်စာ စားပြီး အတူတကွ ခရီးထွက်ခဲ့ကြလေသည်၊ လမ်းခရီးအကြား လူအများက "ဤသို့ဘုရားရှင်နောက် တကောက် ကောက်လိုက်နေခြင်းသည် အဘယ်ကြောင့်နည်းဟု မေးမြန်းအပ်ကုန်သည်ရှိသော် ရှေးဖော်ပြပါ ကြံစည်တိုင်ပင်ကြ သည့်အတိုင်း ဟန်ဆောင်မှု စကားပြောကြားကြလေသည်၊ များစွာသော လူအပေါင်းတို့သည် တန်ခိုးပြာဋိဟာတို့ ရှုမြော် ကြတုန်ဖုံ့" ဟု အစဉ်တစိုက်လိုက်ပါလာကြတုန်၏၊

### သာဝတ္ထိပြည်၌နှစ်ဘက်အစီအမံများ

မြတ်စွာဘုရားရှင်သည်လည်း အစဉ်သဖြင့် ခရီးဒေသစာရီကြွတော်မူခဲ့ရာ သာဝတ္ထိပြည်ဇေတဝန် ကျောင်းတိုက်သို့ ဆိုက်ရောက်သီတင်းသုံးနေတော်မူ၏၊ ဟိတ္ထိတို့သည်ကား မြတ်စွာဘုရားနှင့် အတူတကွ လိုက်ပါ ခဲ့ကြ၍ သာဝတ္ထိပြည်သို့ရောက်ကြလေလျှင် မိမိတို့ဆိုင်ရာ ဒကာဒကာမများကို ပြောဆိုဟောကြားအလှူခံကြ၍ တသိန်းသော အသပြာကို ရလေကြလေသော် ထိုအသပြာတသိန်းကို အရင်းတနီးပြုကာ ရှားနှစ်သားတိုင်တို့ဖြင့် မဏ္ဍာပ်ဆောက်လုပ်ကြပြီးလျှင် ထိုမိမိတို့မဏ္ဍာပ်ကို ကြာညို ပန်းတို့ဖြင့် အဆန်းတကြယ် ခြယ်လှယ်ဖုံးလွှမ်းကြ၍ "ဤမဏ္ဍာပ်၌ ငါတို့သည် တန်ခိုးပြဋိဟာကို ပြသကြတုန်ဖုံ့"ဟု ဝါကြွားဝင့်ကြွားပြောဆိုကြကာ နေထိုင်ကြတုန် လေ၏၊

ပသေနဒီကောသလမင်းတရားသည် မြတ်စွာဘုရားထံတော်သို့ သွားရောက် ချဉ်းကပ်ပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . တိတ္ထိတို့သည် ပြာဋိဟာမဏ္ဍပ်ကို ဆောက်စေတော်ပါပြီ တပည့်တော်သည်လည်း အရှင်မြတ်ဘုရားတို့အတွက် ပြာဋိဟာမဏ္ဍပ်ကို ဆောက်လုပ်ပါရစေဘုရား" ဟူ၍လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် "မြတ်သောမင်းကြီး. . . သင်မဆောက်လေလင့်၊ ငါဘုရားအတွက် မဏ္ဍပ်ဆောက်လုပ်မည့်ဒါယကာအသင့်ရှိသည်" ဟူ၍မိန့်တော်မူလေသည်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . တပည့်တော်ကိုထား၍ အခြားအဘယ်သူသည် ရှင်တော်ဘုရားအတွက်တာ မဏ္ဍပ်ဆောက်လုပ်ရန် စွမ်းနိုင်ပါမည်နည်းဟူ၍ ပသေနဒီကောသလမင်းတရားက လျှောက်ထားလေရာ "မြတ်သောမင်းကြီး . . . သိကြားနတ်မင်း ဆောက်လုပ်လိမ့်မည်" ဟူ၍ မြတ်စွာဘုရားရှင်က မိန့်တော်မူလေသည်၊ "အဘယ်အရပ်၌ တန်ခိုးပြာဋိဟာပြသမှုကို ပြတော်မူကြမည်နည်း"ဟူ၍ မင်းကြီးကမေးလျှောက်သောအခါ မြတ်စွာဘုရားရှင်က "မြတ်သောမင်းကြီးကဏ္ဍာ မ္ဗသရက်ဖြူပင်အနီး၌ ပြသကြကုန်အံ့" ဟူ၍မိန့်ကြားတော်မူလေသည်။

တိတ္ထိတို့သည် "သရက်ပင်၏ အနီး၌ မြတ်စွာဘုရားရှင်သည် တန်ခိုးပြဋိဟာ ပြသမှုကို ပြုတော်မူလိမ့်မည်တဲ့"ဟူသော သတင်းစကားကိုကြားကြလျှင်ပင် အလွန်ကြောက်ရွံ့တုန်လှုပ်ကြတာ မိမိတို့၏ အလုပ်အကျွေးဒကာများအား ပြောကြားတိုင်ပင်ကြ၍ သာဝတ္ထိပြည်၏ပတ်ဝန်းကျင် တယူဇနာအတွင်းဝယ် သရက်ပင်ရှိသမျှကို အရယ်ယူကာ ခုတ်လှဲကြကုန်၏၊ အယုတ်သဖြင့်ထိုနေ့မှ ပေါက်သစ်စဖြစ်သော သရက်ပင်ပေါက်တိုင်ပင် နုတ်ပယ်၍ ပြစ်ကြလေကုန်၏။

## ကဏ္ဍာမ္ဗ သရက်ဖြူပင်အကြောင်း

ထိုအခါ မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့၌ ရဟန်းအပေါင်းခြံရံတော်မူလာတာ သာဝတ္ထိပြည်အတွင်းသို့ ဆွမ်းခံဝင်ရန် ဇေတဝန်ကျောင်းတော်မှ ထွက်ကြွတော်မူခဲ့လေသည်၊ ကောသလမင်းကြီး၏ ဥယျာဉ်မှူးကား ကဏ္ဍာအမည်ရှိလေသည်။ ထိုဥယျာဉ်မှူးမောင်ကဏ္ဍာသည် မင်း၏ ဥယျာဉ်တော်အတွင်း သရက်တပင်၌ ချဉ်ထုပ်ယောင်းအတွင်း၌ ရွက်တုပ်သီးကြီးစွာသော သရက်သီးမှည့်တလုံးကို တွေ့မြင်ရ၍ ထိုသရက်သီး၏အနံ့အရသာ ယောအဖြင့် တသောသောကျရောက်နေသော ကျီးများကို မောင်းလှန့်ပြေးစေပြီး ထိုသရက်သီးကို မင်းကြီးအား ဆက်သမည်ဟူသော အကြံဖြင့် ဖူးဆွတ်ယူဆောင်၍ လာခဲ့ရာလမ်းခရီး အကြား၌ မြတ်စွာဘုရားကိုဖူးတွေ့ရ၍-

မင်းကြီးသည် ဤသရက်သီးကိုပွဲတော်စာတည်ရလျှင် စားသုံးရလျှင် ငါ့အားရှစ်ကျပ် သို့မဟုတ်အများဆုံးတဆယ့်ခြောက်ကျပ်သော ဆုလာဘ်ငွေအသပြာကို ပေးလေရာ၏၊ ထိုမင်းကြီးပေးသော ဆုလာဘ်ငွေ အသပြာ ရှစ်ကျပ် သို့မဟုတ် တဆယ့်ခြောက်ကျပ်သည် ငါ့အတွက် တသက်စာ စားသုံးလောက်မည်မဟုတ်ချေ၊ ငါသည် ဤသရက်သီးကို မြတ်စွာဘုရားအားလှူဒါန်း၊ ဆက်ကပ်လိုက်လျှင် ငါ့အတွက်တာအပိုင်းအခြားမရှိသော ဘဝသံသရာဟု သခွါဦးတည် ကြံစည်စဉ်းစားပြီးလျှင် ထိုသရက်သီးကို လမ်းခရီးအကြားမှာပင် မြတ်စွာဘုရားအား လှူဒါန်းဆက်ကပ် လိုက်လေသည်။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာမထေရ်ကို ကြည့်တော်မူလေလျှင် အရှင်အာနန္ဒာသည် မျက်နှိပ်မျက်ကဲနားလည်ပါးနပ်သူဖြစ်ရကား စတုမဟာရာဇ်နတ်မင်းကြီး လေးပါးတို့ကို လှူဒါန်း

တစ်သည့် ကျောက်သပိတ်ကိုညွှန်၍ ဥယျာဉ်မှူး မောင်ကဏ္ဍလှူဒါန်းသည့် သရက်သီးကိုစံသုံးတော်မူပြီးလျှင် ထိုနေရာ၌ပင် ထိုင်တော့သော အခြင်းအရာကိုပြတော်မူ၏။

အရှင်အာနန္ဒာမထေရ်သည် သင်္ကန်းကိုခင်း၍ပေး၏။ ထို့နောက် ထိုသင်္ကန်း၏ အခင်း၌ ထိုင်နေတော်မူပြီး အရှင်အာနန္ဒာမထေရ်သည် ထိုသရက်သီးကို အဖျော်ယမကာပြုလုပ်၍ ဆပ်ကပ်လေသော မြတ်စွာဘုရားအား အရှင်အာနန္ဒာမထေရ်သည် ထိုသရက်သီးကို အဖျော်ယမကာပြုလုပ်၍ ဆပ်တပ်လေသော မြတ်စွာဘုရားအား အရှင်အာနန္ဒာမထေရ်သည် သရက်သီးဖျော်ရည်ကို သောက်သုံးတော်မူပြီးလျှင် ကဏ္ဍဥယာဉ်မှူးကို "ကောကဏ္ဍ ထည်၊ မြတ်စွာဘုရားရှင်သည် သရက်သီးဖျော်ရည်ကို သောက်သုံးတော်မူပြီးလျှင် ကဏ္ဍဥယာဉ်မှူးကို "ဧကောကဏ္ဍ ထည်၊ ဤ သရက်သီးစေ့ကို ဤနေရာ၌ပင်မြေကိုယက်၍ စိုက်ပျိုးလော့" ဟုမိန့်တော်မူ၏။ ကဏ္ဍဥယျာဉ်မှူးသည် မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း ပြုလေ၏။ မြတ်စွာဘုရားသည် ထိုသရက်စေ့၏ အထက်၌ လက်တော်ကို ဆေးကြောလေ၏။

## ခဏအတွင်း သရက်ပင်ကြီးပေါက်လာခြင်း

မြတ်စွာဘုရားရှင်လက်တော်ကို ဆေးပြီးလျှင် ပြီးခြင်းပင် ထွန်တုံးဦးခန့်ပမာဏဝင် စည်လုံးခန့် ရှိသော သရက်ပင်ညောက်ကြီးမြေမှ တမဟုတ်အတွင်း ပေါ်ထွက်လာလေသည်။ ကြည့်စဉ် ကြည့်စဉ်ပင် တရိပ်ရိပ်ကြီးထွား လာကာ အတောင်ငါးဆယ် အမြင့်အစောက်ရှိသော သရက်ပင်ကြီးဖြစ်၍ လာလေသည်၊ အရှေ့ အနောက်တောင် မြောက်၊ အရပ်လေးမျက်နှာ၌ အကိုင်းကြီးလေးကိုင်း အထက်၌ အကိုင်းကြီးတကိုင်း ဤသို့အားဖြင့် ခက်မငါးဖြာ အကိုင်းကြီး ငါးကိုင်းတို့သည် အတောင်ငါးဆယ်စီပင် ရှိကြကုန်၏။ ထိုသရက်ပင်ကြီးသည် ခဏခြင်းမှာပင် အပွင့်အသီးများ တရိပ်ရိပ်ပွင့်သီးဖုံးလွှမ်းကာ သရက်သီးမှည့် အနိုင်တို့ဖြင့် တပင်လုံးပြည့်နှက်လျှက်ရှိလေ၏။ နောက်မှလာသော ရဟန်းတို့သည် ထိုသရက်ပင်မှ သရက်သီးမှည့်တို့ကို စားသုံးလိုက်ပါကြရကုန်၏။ သို့စေကာ သရက်သီးတို့ကားမကုန်နိုင်။ ပသေနဒီကောသလမင်းကြီးသည် "ဤသို့ အံ့ဖွယ်သရဲထူးကဲသော သဘောရှိသည့် သရက်ပင်ကြီး ပြီးပြီးထွန်းတောက်ပေါက်ရောက်လာပြီ" ဟူသော သတင်းစကားကို ကြားသိတော်မူ၍ "ထိုသရက်ပင် ကို မည်သူတစ်ဦးတယောက်မှ မခုတ်ဖြတ်ရ"ဟု မင်းမိန့်ထုတ်ဆင့်ကာ အစောင့်အနေရှုထားစေတော်မူ၏။

ထိုသရက်ပင်ကြီးကားကဏ္ဍမည်သော ဥယျာဉ်မှူး စိုက်ပျိုးခဲ့အပ်သောကြောင့် ကဏ္ဍမွှရက္ခ • ဥယျာဉ်မှူး မောင်ကဏ္ဍစိုက်ပျိုးအပ်သည့် သရက်ပင်ဟူ၍ထင်ရှားလေသည်၊ ထိုသရက်ပင်ကို ရည်ရွယ်တော်မူ၍ပင် မြတ်စွာ ဘုရားသည် ဗိမ္ဗိသာရမင်းတရား၊ ပသေနဒီကောသလမင်းတရားတို့ကို မေးလျှောက်သောအခါ၌ "ကဏ္ဍမွှ သရက်ပင်အနီး၌ တန်ခိုးပြသတော်မူမည်ဟု မိန့်တော်မူခြင်းဖြစ်သည်၊ တိတ္ထိတို့ကားထိုအကြောင်းကို မသိသော ကြောင့် သာဝတ္ထိပြည်ပတ်ဝန်းကျင် တယူဇနာအတွင်းရှိ သရက်ပင်တို့ကို အညောက်မှမကျန် မြတ်စွာဘုရား တန်ခိုးပြဋ္ဌိဟာမပြနိုင်ရန် ဝယ်ယူလှဲခုတ်နုတ်ပစ်ကြလေသည်။

ထို့နောက်မှ သေသောက်ကြူးတို့သည်လည်း ကဏ္ဍဥယျာဉ်မှူး စိုက်ပျိုးအပ်သော ထိုသရက်ပင်မှသရက်သီး မှည့်ကိုနှစ်သက်အားရ စားသုံးကြပြီးလျှင် "ဟယ်တိတ္ထိပျက်တို့ • • ရဟန်းဂေါတမသည် ကဏ္ဍမွှသရက်ပင် အနည်း၌တန်ခိုးပြဋ္ဌိဟာ ပြသမှုပြုလိမ့်မည်"ဟု စိုးရွံ့ကြကာ သင်တို့သည်၊ သာဝတ္ထိပြည်၏ ပတ်ဝန်းကျင် တယူဇနာအတွင်း၌ ထိုနေ့ပေါက်သည့် သရက်ပင်ညောက်ကိုမှမချန် သရက်ပင်မှန်သမျှကို မြေလှန်နုတ်ပစ်

ယ်ဆပ်ခဲ့လေပြီ မြတ်စွာဘုရား ခိန့်ကြားတော်မူသည့် ကဏ္ဍာမှသရက်ပင်ဟူသည်မှာ သစ်တို့ထင်သည့် သရက်ဖြူ ဝင်မထုတ် ဤယခုကဏ္ဍာဥယျာဉ်မှူး စိုက်ပျိုးအပ်သည့် သရက်ပင်ဖြစ်လေသည်" ဟု ရေရွတ်စကားပြောဆိုကြကာ ထိုတိတ္ထိတို့ကို မိမိတို့ စားသုံးပြီးသော သရက်စေ့တို့ဖြင့် ဝိုင်းဝန်းပြစ်ခတ်ကြလေကုန်၏၊

တိတ္ထိတို့၏ မဏ္ဍပ်ကို လေနတ်သားတိုက်ခက်ဖျက်သိမ်း၍

တိတ္ထိတို့ မွှုံးနိမ့်ပျက်စီးကြခြင်း

သိကြားမင်းသည် လေနတ်သားတို့ကို "တိတ္ထိတို့၏ မဏ္ဍပ်ကိုလေဖြင့် တိုင်ဖေ့တိုင်ပါကျွစ်စေ၍ မသန့်ပြန့်သော မြေအရပ်၌ပစ်ချလေလော့"ဟူ၍ စေခိုင်းလေ၏၊ လေနတ်သားသည် သိကြားမင်းစေခိုင်းသော အတိုင်း ပြုလုပ်ကြလေသည်၊

တဖန်သိကြားမင်းသည် နေနတ်သားကို"နေဝိမာန်အဝန်းကို အောက်သို့ နှိမ့်ချလျှက် ပူလောင်စေတဲ့ဟု စေခိုင်းပြန်၏၊ နေနတ်သားသည်လည်း သိကြားမင်းစေခိုင်းသည့် အတိုင်းပြုလုပ်လေသည်" တဖန် သိကြားမင်းသည် လေနတ်သားကို "လေပွေကို ထစေလျှက် သွားလော့ - တိတ္ထိတို့၏ မဏ္ဍပ်နေရာ၌ထွတ်မြဲ လေပွေတိုက်ခတ်လော့"ဟုစေခိုင်းပြန်လေ၏၊ မိုးနတ်သားသည်လည်း သိကြားမင်းစေခိုင်းသည့် အတိုင်းပြုလုပ်လေရကား တိတ္ထိတို့၏ ချွေးပေါက်ချွေးသီး တဒီးဒီးယိုစီးကြသော ကိုယ်အားလုံးမှာ မြူမှုန်ဖုံလုံးတို့ လွှမ်းမိုးစွဲတပ်လျှက်ရှိချေ၏၊ ထိုအခါ တိတ္ထိတို့သည်တောင်ပို့နီကြီးများနှင့်တူ၍ နေကုန်၏၊

ထိုနောက်မှ သိကြားမင်းသည် မိုးနတ်သားကို "အလွန်ကြီးသည့်မိုးပေါက်များတို ဖြိုးဖြိုးဖျတ်ဖျတ် ရွာသွန်းလော့" ဟုစေခိုင်းပြန်၏၊ မိုးနတ်သားသည်လည်း သိကြားမင်းစေခိုင်းသည့်အတိုင်း ပြုလုပ်လေသည်၊ ထိုအခါတိတ္ထိတို့၏ ကိုယ်အလုံးသည် နွားနီကျားနှင့်တူနေလေသည်၊

တိတ္ထိအပေါင်းတို့သည်လည်း မဏ္ဍပ်ကလည်းပျက်ခဲ့ချေပြီ၊ နေကလည်း ပူလှလေ၊ လေပွေကလည်း အလွန်ထ၊ မိုးလေးကလည်း တဖြောက်ဖြောက် ရွာသဖြင့် ကိုးကွယ်ရာမရ မာန်ဟနလျှော့ကြကာ ဦးတည်ရာအရပ်သို့ပြေးကြလေကုန်၏၊

ပုရဏကဿပဆရာကြီး လည်ပင်းကြိုးကွင်းတပ်လျှက်ရေ၌ ဆင်းသေခြင်း

ထိုသို့ တိတ္ထိဆရာကြီး ခြောက်ဦးတို့ ဦးတည်ရာအရပ်ရပ်သို့ ပြေးသွားကြသည့်အနက် ပုရဏကဿပ ဆရာကြီး၏ အလုပ်အကျွေးတပည့်ဒါယကာ လယ်သမားတယောက်သည် ယခုအခါ၌ ငါတို့အရှင်မြတ်များ တန်ခိုးပြာဋိဟာကို ကြည့်ဦးတဲ့ဟု ကြံစည်ပြီးလျှင် နွားများကို ထွန်မှချွတ်လွှတ်ခဲ့၍ နံနက်စောစောက ယာဂုထည့် ယူခဲ့သောအိုး၊ ကြိုးနှင့်နင်တဲ့တို့ကိုယူဆောင်ခဲ့၍ ပြာဋိဟာပွဲသို့ လာရောက်လေသော် ပုရဏကဿပဆရာကြီး ရှေးကြီးသုတ်ပျာပြေးသွားနေသည်ကိုမြင်ရ၍ "အရှင်ဘုရား . . တပည့်တော်သည် အရှင်မြတ်တို့၏ တန်ခိုးပြာဋိဟာကို ဖူးမြော်တဲ့ဟူ၍ လာခဲ့ပါသည်။ အရှင်ဘုရားတို့ ယခုတယ်အရပ်သို့ ကြွကြမည်နည်း ဟုမေးလေ၏" ပုရဏကဿပဆရာကြီးသည် "သင်(မင်)ပြာဋိဟာဖြင့် အဘအကျိုးရှိမည်နည်း၊ သင့်လက်ထဲ ယူဆောင်လာသည့် ဤအိုးနှင့် ကြိုးကိုသာ ငါ့အားပေးလော့ဟု ပြောဆိုလေ၏၊ ထိုဆရာကြီးသည် ထိုတပည့်

လယ်သမားပေးလိုက်သည့် တိုးနှင့်ကြိုးကိုယူဆောင်ကာ ရေစီးသောချောင်းကမ်းထိပ်သို့ သွားရောက်၍ တိုးကိုသဲအပြည့်ထည့်ပြီးလျှင် ယူဆောင်ခဲ့သော ကြိုးဖြင့် မိမိလည်ပင်း၌ဖွဲ့၍ ရေစီးသန်သော ချောင်းရေအိုင်အတွင်း ခုန်ဆင်းကာ ရေမြုပ်တို့ကို တစီစီထစေလျှက် စုတ်ပြတ်ကြေ သေသွန်ပြီးသော် မဟာအဝီစိငရဲ၌ ပဋိသန္ဓေတည်နေ လေတော့သည်။"

ယတ္တကံ စုက္ခပွန္တိ၊ ဗာလာနံ အဝိဇာနတံ ။
သဲတံ သုခံ တတ္တကံ၀၊ သာယံလောကဿ ဓမ္မတာ ။

အသိအလိမ္မာ၊ ဉာဏ်ပညာတို့၊ လွန်စွာခေါင်းပါး၊ သူတို့အားလျှင်၊ ရှည်လျားဒုက္ခ၊ ရောက်သမျှပင်၊ ပညာ့တံခွန်၊ ဉာဏ်ရည်ထွန်းသည်၊ သူမွန်မြတ်များ၊ ရှင်တို့အားမှု၊ တရားလက်ကိုင်၊ ကျေးဇူးလှိုင်၍၊ တမြိုင်မြိုင်သုခ၊ ဘောင်းကျိုးရသည်၊ လောကဓမ္မတာတရား။

## ပြာဋိဟာပွဲ၌ မြတ်စွာဘုရားရှင်ကို တပည့်များလျှောက်ထားကြပ

လူနတ်တို့၏ ဆရာ၊ သမ္မာသမ္ဗုဒ္ဓသုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ အတွက်သော်ကား သိကြားနတ်မင်းသည် ညနေချမ်းကာလဝယ်ဆင်ခြင်လတ်သော် "မြတ်စွာဘုရား၏ အထွတ်ရတနာ မဏ္ဍပ်ဆောက် လုပ်ရန်ကား ငါတို့၏တာ၀န်ပေတည်း" ဟုသိ၍ ဝိသကြုံနတ်သားကို စေလွှတ်ပြီးလျှင် တဆယ့်နှစ်ယူဇနာ ကျယ်ဝန်းလျှက် ကြာညိုပန်းတို့ဖြင့် ဖုံးလွှမ်းအပ်သော ရတနာခုနှစ်ပါးဖြင့်ပြီးသည့် မဏ္ဍပ်ကြီးကို ဖန်ဆင်းစေသည်။ ယင်းမဏ္ဍပ်၌ မြတ်စွာဘုရား၏ တပည့်ရဟန်းရှင်လူများတို့ စည်းဝေးညီမူကြလေသည်။

မြတ်စွာဘုရားသည် မွန်းလွဲပြီးနောက် ညနေပိုင်းအချိန်သို့ ရောက်သောအခါ တန်ခိုးပြာဋိဟာ ပြသမူ ပြုတော်မူရန် ဇေတဝန်ကျောင်းတော်မှထွက်ကြွတော်မူ၍ ဝိသကြုံဖန်ဆင်းအပ်သည့် ရတနာမဏ္ဍပ်အတွင်းတယူဇနာ ပမာဏ ရှိသော ရတနာပလ္လင်တော်၌ သုံးယူဇနာပမာဏ ရှိသော နတ်ထီးဖြူဆောင်း မိုးလျှက် သီတင်းသုံး နေတော်မူလေသည်။

လွန်ခဲ့သောတပေါင်းလပြည့်နေ့ကပင် "ဤနေ့မှ နောက်လေးလလွန်မြောက် ဝါဆိုလပြည့်နေ့သို့ရောက် သောအခါ သာဝတ္ထိပြည်ကဏ္ဍမ္ဗသရက်ပင်အနီး၌ တန်ခိုးပြာဋိဟာကို ပြသမည်ဟု ဗိမ္ဗိသာရမင်းတရားအား မိန့်ကြားကြ၍ ယမိုက်ပြာဋိဟာကို ဖူးမြော်လိုကြသောကြောင့် သာဝတ္ထိပြည်သို့ ပေါင်းဆုံစုဝေးမိကြသော ရဟန်း ယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမ ဤလူဗာတ် ပရိတ်သတ်လေးပါးတို့ကား မြတ်စွာဘုရားကို အလယ်ဗဟိုထား၍ ရှေ့၊ နောက်၊ ဝဲ၊ ယာ ◦ လေးမျက်နှာ တို့၌ တဆယ့်နှစ်ယူဇနာစီရှိကုန်၏။ တဘက်သော ပရိသတ်အစွန်းမှ အခြားတဘက် ပရိသတ်အစွန်းသို့ တိုင်အောင် နှစ်ဆယ့်လေးယူဇနာရှိကုန်၏။ အဝန်းအဝိုင်း အားဖြင့်(၇၂)ခုနှစ်ဆယ့်နှစ်ယူဇနာရှိ၏။ဇာတိခေတ်စကြာဝဠာပေါင်း တိုက်တသောင်းတို့၌ နေထိုင်ကြသော နတ်ဗြဟ္မာအပေါင်းတို့သည် တပြိုင်နက်တည်း စည်းဝေးပေါင်းစုကြလေကုန်၏။

## ယရက်ဳအမျိုးသမီးလျှောက်ထားပုံ

ထိုအစည်းအဝေး၌ "ယရက်ဳ" အမည်ရှိသော တန်ခိုးကြီးမြတ်သည့် ဖဲနာဂါမ်တည် ဥပါသိကာ ဓါယီတာမ

သည် မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ ရပ်တည်လျက် လက်အုပ်ချီမိုး၍ရှိခိုးလျှောက်ထား သည်မှာ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . တပည့်တော်မတဲ့သို့သော သမီးတော်တယောက် ထင်ရှားရှိပါလျက်နှင့် ရှင်တော်ဘုရားတို့အပင်ပန်းခံ ပြုလုပ်ရန်ကိစ္စမရှိပါ၊ တပည့်တော်မသည် တန်ခိုးပြာဋိဟာ ပြသမှုကို ပြုပါရစေ"ဟူ၍ လျှောက်ထားလေသည်၊ မြတ်စွာဘုရားရှင်က "ချစ်သမီး ယရကီ . . သင်ချစ်သမီးသည် အဘယ်သို့သောပုံစံဖြင့် တန်ခိုးပြာဋိဟာ ပြသမှုကို ပြုမည်နည်း" ဟူ၍ မေးမြန်းလေသော် ယရကီမည်သော အနာဂါမ်တည်ဥပါသိကာ ဒါယိကာ မကာ-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . တပည့်တော်မသည် ဤစကြာဝဠာတိုက်အတွင်း၌ ရှိရင်းစွဲ ဝထဝီမြေကြီးကို ရေပြုလုပ်ကာ စကြာဝဠာတတိုက်လုံး ရေတပြင်တည်းဖြစ်အောင် ဖန်ဆင်းပြီးနောက် ရေကြက်မတဲ့သို့ ရေ၌ငုပ်လျှိုးပြီးလျှင် အရှေ့စကြာဝဠာအနားရော၌ မိမိကိုယ်ကိုပေါ်ပြပါမည်၊ ထိုအခါ ဤသူမကား အဘယ်မည်သောသူနည်းဟု တဦးတယောက်က မေးမြန်းလတ်သော် အခြားသူများက "ဤသူမကား ယရကီ အမည်ရှိသော မြတ်စွာဘုရား၏သမီးတော် အနာဂါမ်တည် ဥပါသိကာ ဒါယိကာမ ဖြစ်သည်"ဟု ပြောဆိုကြပါလိမ့်မည်၊ ထိုအခါ တွေ့မြင်သူ ပရိတ်သတ်အားလုံးတပင် ဤအာနုဘော်တော်မှာမူ အဘယ်သို့ဖြစ်လိမ့်မည် မမှန်းဆနိုင်အောင် ရှိတော့သည်" ဟူ၍ ပြောဆိုကြပါလိမ့်မည်၊

ဤသို့ဖြစ်သည်ရှိသော် တိတ္ထိတို့သည် အရှင်မြတ်ဘုရားတို့ကို ပြန်စောင်းမျှ မကြည့်ဝံ့ဘဲ ရှောင်လွှဲတိမ်းရှောင်ပြေးကြပါကုန်လိမ့်မည်ဟူ၍ လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားရှင်သည် "ချစ်သမီး . . သင်ချစ်သမီး ဤသို့သအောရှိသော် တန်ခိုးပြာဋိဟာပြသမှုပြုနိုင်စွမ်းကြောင်းကို ငါဘုရား ကောင်းစွာသိပေသည်၊ သို့သော်လည်း ဤပန်းထုပ် မုန်တိုင်းပန်းစည်းကား သင်ချစ်သမီး အတွက်ဖွဲ့ချည်ထားအပ်သည်မဟုတ်" ဟူ၍ မိန့်ဆိုပယ်မြစ်တော်မူလေသော် ယရကီဥပါသိကာမသည် ငါအားမြတ်စွာဘုရားသည် ခွင့်ပြုတော်မမူ၊ ငါထက်သာလွန်မြင့်မြတ်သော တန်ခိုးပြဋ္ဌိဟာပြသမှုကို ပြုနိုင်စွမ်းသူ အခြားသူတဦးတယောက်ရှိပေလိမ့်မည်"ဟု ကြံစည်ဆင်ခြင်မိကာ သင့်တင့်လျှောက်ပတ်ရာ အရပ်၌ တည်နေလေ၏၊

မြတ်စွာဘုရားရှင်သည် "ဤငါ၏ သားတော်၊ သမီးတော်များသည် ငါဘုရားက မေးလျှင် ဤနည်းဖြင့် နှစ်ဆယ့်လေးယူဇနာအလျား၊ အနံရှိသော ပရိသတ်၏အလယ်၌ စံပါယ်ရဲရင့်စွာ ခြင်္သေ့မင်းဝဲမာ လျှမ်းလျှမ်းတောက်စေား လျှောက်ထားကြပေလိမ့်မည်၊ ဤနည်းဖြင့် ထိုငါ့သားတော်၊ သမီးတော်တို့၏ ဂုဏ်ကျေးဇူးတား ထင်ရှားပေသိမ့်မည်" ဟုကြံစည်ဆင်ခြင်တော်မူကာ အခြားသော သာဝကတို့ကလည်း အသီးသီး သင်တို့သည် အဘယ်သို့ တန်ခိုးပြာဋိဟာပြသမှုကို ပြုကြမည်နည်းဟု မေးတော်မူ၏၊ ထိုတပည့်သာဝကတို့သည် ဤသို့ပြုကြပါမည်ဘုရားဟူ၍ အသီးသီး အမျိုးမျိုးအဖုံဖုံ လျှောက်ထားကြကာ မြတ်စွာဘုရားရှေ့တော်မှောက်၌ ရဲရဲတောက်စကား လျှောက်ထားကြလေကုန်၏၊

စူဠအနာထပိဏ်လျှောက်ထားပုံ

ထိုသို့ ရဲရဲတောက် လျှောက်ထားကြသော တပည့်သားသာဝက တပည့်မသာဝိကာတို့အနတ် စူဠအနာထပိဏ်ဒါယကာသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . တပည့်တော်ကဲ့သို့သော အနာဂါမ်တည်

ဥပါသကာ သားတောင်းတယောက်ထင်ရှားရှိပါလျက် ရှင်တော်ဘုရားတို့ အပင်ပန်းခံပြုရန်ကိစ္စမရှိပါ၊ တပည့်တော်သည် တန်ခိုးပြာဋိဟာ ပြသမှုကို ပြုပါရစေ၊"ဟူ၍ လျှောက်ထားလေ၏၊ထိုအခါ မြတ်စွာဘုရားရှင်သည် "ချစ်သား အနာထပိဏ်. . . ငါဘုရားသည် သင်ချစ်သား၏ ဤသို့ သဘောရှိသော အာနုဘော်ကိုသိစေ၏၊ သင်ချစ်သားသည် ရပ်တန့်ဦးလော့"ဟု မိန့်တော်မူလေသည်၊

## ခုနစ်နှစ်အရွယ် "စီရာ"သာမဏေထေရ်ရီမလေးလျှောက်ထားပုံ

ထို့နောက် တယောက်သော ပဋိသန္ဓိဝါညာဏ်ရှင်ခုနစ်နှစ်အရွယ် စီရာမည်သော သာမဏေထေရ်ရီယ်မသည် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . တပည့်တော်မ တန်ခိုးပြာဋိဟာပြသမှုကို ပြုရပါစေ"ဟူ၍ လျှောက်ထားလေ၏၊ မြတ်စွာဘုရားရှင်က "ချစ်သမီးစီရာ... သင်ချစ်သမီးသည် အဘယ်သို့သော ပုံပန်းဖြင့် တန်ခိုးပြာဋိဟာပြသမှုကို ပြုမည် နည်းဟူ"၍ မိန့်တော်မူလေလျှင် စီရာသာမဏေ ထေရ်ရီယ်မက -

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . တပည့်တော်မသည် မြင့်မိုရ်တောင် စကြာဝဠာတောင်၊ ဟိမဝန္တာတောင် ဤတောင်ကြီး သုံးလုံးတို့ကို တန်ခိုးအာနုဘော်ဖြင့်လှူဆောင်ခဲ့၍ ဤပြဋိဟာပွဲသဘင် ဆင်ယင်ရာ၌ အစဉ်လိုက်အတန်းလိုက် ချထားပါမည်၊ ယင်းသို့ တန်းထားပြီး နောက်တပည့်တော်မသည် ဟင်္သာငှက်မငယ်တလေးကဲ့သို့ ထိုထိုတောင်ကြီး သုံးလုံးတို့မှ ထွက်ခဲ့ကာ မငြိမတပ်လွှပ်လယ်စွာ ပျံသန်းသွားလာမှုကိုပြုပါမည်" လူများအပေါင်းသည် တပည့်တော်မကို မြင်ကြ၍ "ဤသူမကလေးကား အဘယ်သူနည်း" ဟုမေးကြသော အခါ ဝရိသတ်တို့က ဤသူမကလေးက "စီရာ"မည်သော သာမဏေထေရ်ရီယ်မလေး ဖြစ်သည်၊ ပြောကြားပြောဆိုပါလိမ့်မည်၊ ထိုစကားကိုကြားကြ၍ တိတ္ထိတို့သည် "ဤအာနုဘော်ကား ပွဲဦးအစခုနစ်နှစ်အရွယ် သာမဏေထေရ်ရီယ်မလေး၏ အာနုဘော်သာဖြစ်ချေသေးသည်၊ မြတ်စွာဘုရား၏ အာနုဘော်ကား အဘယ်သို့ဖြစ်လိမ့်မည် မမှန်းဆနိုင်အောင်ပင် ရှိတော့သည်" ဟူ၍ ပြောဆိုကြောက်ရွံ့ကြကာ အရှင်မြတ်ဘုရားတို့ကို ပြန်စောင်းမျှ မကြည့်ဝံ့ဘဲရှောင်လွှဲ တိမ်းသွေ့ပြေးကြပါကုန်လိမ့်မည်ဟူ၍လျှောက်ထားလေ၏၊ ဤမှ နောက်၌ တပည့်သာဝက တို့ပြန်ကြားလျှောက်ထားကြသည့်ဤ စကားမျိုးကို ဤနည်းတူပင် မှတ်ယူရာ၏၊ အကျယ်မရေးတော့ပြီ၊ ဘုရား တို့သာ ရေးသားဖော်ပြတော့အံ့၊ ထို "စီရာ" မည်သောသာမဏေထေရ်ရီမလေးအား မြတ်စွာဘုရားသည် "ချစ်သမီး ၏ အာနုဘော်ကို ငါဘုရားသိပေ၏"ဟု မိန့်တော်မူပြီးလျှင် ရှေ့နည်းအတူပင် တန်ခိုးပြာဋိဟာပြသခွင့်ကို ပြုတော် မမူချေ၊

## ခုနစ်နှစ်အရွယ် "စုန္ဒ"မည်သော ရဟန္တာသာမဏေငယ်လေး လျှောက်ထားပုံ

ထို့နောက် တပါးသော ပဋိသမ္ဘိဒါဉာဏ်ရှင် ခုနစ်နှစ် အရွယ်'စုန္ဒ'မည်သော သာမဏေငယ်သည် မြတ်စွာ ဘုရားကိုရှိခိုးပြီးလျှင် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . အကျွန်ုပ်တန်ခိုးဖြင့် ပြာဋိဟာပြသမှုကိုပြုပါရစေ ဟူ၍လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်က "ချစ်သား စုန္ဒ သင်ချစ်သားသည် အဘယ်သို့သော ပုံပန်းအားဖြင့် ပြာဋိဟာပြသမှုကိုပြုမည်နည်းဟူ၍ မေးတော်မူလေလျှင် စုန္ဒ သာမဏေငယ်က -

ဘုန်းတော်ကြီးသောမြတ်စွာဘုရား . . . တပည့်တော်သည် ဇမ္ဗူဒိပ်ကျွန်း၏ ဓောင်လံတံခွန် သဖွယ် ဖြစ်သော ဇမ္ဗူသပြေပင်ကြီးကို ပင်စည်မှကိုင်၍ လှုပ်ကာ ဇမ္ဗူသပြေသီးကို ယူဆောင်ခဲ့ပြီးလျှင် ဤယခုစည်းဝေး နေကြသည့် ပရိတ်သတ်ကို ကျွေးပါမည်၊ တာဝတိံသာ နတ်ပြည်ရှိ ပင်လယ်ကသစ်ပွင့်တို့ကို ယူဆောင်ခဲ့ပြီးလျှင် ဤပရိတ်သတ်အားပေးပါမည်ဟူ၍ လျှောက်ထားလေ၏၊ ထိုစုန္ဒသာမဏေငယ်တို့ကိုလည်း မြတ်စွာဘုရား ရှင်သည် ရှေးနည်းတူမိန့်ကြား၍ ခွင့်ပြုတော်မမူချေ။

## ဥပ္ပလဝဏ်ထေရီမ လျှောက်ထားပုံ

ထို့နောက် ဥပ္ပလဝဏ်ထေရီမသည် မြတ်စွာဘုရားကိုရှိခိုးမြတ်နိုးရှိခိုး၍ ရှေးနည်းအတူ မိမိတန်ခိုး ပြာဋိဟာပြသရန် ခွင့်ပန်ကောလျှောက်ထားသဖြင့် မြတ်စွာဘုရားက "အဘယ်သို့ပြသမည်နည်း" ဟုမေးတော်မူ၍ ဥပ္ပလဝဏ်ထေရီမက-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား တပည့်တော်သည် (၁၂) ယူဇနာအတိုင်းအရှည်ရှိသော ပရိတ် သတ်ကို ဖန်ဆင်းယူဆောင်၍ (၃၆) ယူဇနာအဝန်းအဝိုင်းရှိသော စကြာဝတေးမင်း၏ ပရိတ်သတ်ခြံရံ အပ်လျက် စကြာဝတေးမင်းအသွင်ဖန်ဆင်းလာရောက်၍ အရှင်မြတ်ဘုရားတို့ကိုရှိခိုးပါမည်" ဟူ၍ လျှောက်ထား လေ၏၊ ထိုဥပ္ပလဝဏ်ထေရီမကိုလည်း မြတ်စွာဘုရားရှင်သည် "သင်ချစ်သမီး၏ အာနုဘော်ကို ငါဘုရားသိပေ၏ ဟုမိန့်တော်မူပြီးလျှင် ရှေးနည်းအတူပင်တန်ခိုးပြာဋိဟာပြသခွင့်ကို ခွင့်ပြုတော်မမူချေ။

## အရှင်မဟာမောဂ္ဂလာန်မထေရ်သူမြတ်လျှောက်ထားပုံ

ထို့နောက် ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်နှင့် ဘုရားရှင်တို့ တန်ခိုးပြဋိဟာပြသရန်နှင့်စပ်၍ အပြန် အလှန်လျှောက်ထားမေးမြေတော်မူပုံမှာ -

အရှင်မောဂ္ဂလာန် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . တပည့်တော်သည် တန်ခိုးပြာဋိဟာပြသမှုကိုပြုပါရစေ ဘုရား၊" မြတ်စွာဘုရား "ချစ်သားမောဂ္ဂလာန် . . . သင်ချစ်သားသည် တန်ခိုးပြာဋိဟာပြသမှုကို အဘယ်သို့ ပြုမည် နည်း" အရှင်မောဂ္ဂလာန် "ဘုန်းတော်ကြီးသောမြတ်စွာဘုရား . . . တပည့်တော်မြင်းမိုရ်တောင်မင်းကို သွားကြား၌ ထား၍ မုံညင်းစေ့ကလေးသဖွယ် ပရိတ်သတ်အလယ်၌ စားခါး၍ ပြပါမည်ဘုရား" မြတ်စွာဘုရား "အခြားဘယ်လို များ တန်ခိုးပြသမှု ပြုဦးမည်နည်း" အရှင်မောဂ္ဂလာန် "ဤမဟာပထဝီမြေကြီးကို သင်ဖျာကလေးကဲ့သို့ ခေါက်ပြီး လျှင် လက်ချောင်းကြား၌ထား၍ ပြပါမည်အရှင်" မြတ်စွာဘုရား "အခြားဘယ်လိုများတန်ခိုးပြသဦးမည်နည်း" အရှင်မောဂ္ဂလာန် "မဟာပထဝီဤမြေကြီးကို ကိုးထိန်းစက် ကိုးပုတ်သမားတို့၏ မပြတ်သော ယန္တရားတို့ ကဲ့သို့ အထက်အောက်လည်အောင်ပြုပြီးလျှင် လူများအပေါင်းတို့မြေကြီး၏ အောက်အပြင်၌ရှိသော မြေဆီ မြေလွှာဩဇာကို စားပါစေမည်၊ ကျွေးပါမည်ဘုရား" မြတ်စွာဘုရား "အခြားဘယ်လိုများ တန်ခိုးပြသမှု ပြုဦးမည်နည်း" အရှင်မောဂ္ဂလာန် "မဟာပထဝီဤမြေကြီးကို လက်ဝဲလက်မခါးပေါ်၌ ထားပြီးလျှင် ဤသတ္တဝါ များကိုမူ အခြားကျွန်း၌ထား၍ ပြပါမည်ဘုရား" မြတ်စွာဘုရား "အခြားဘယ်လိုများ တန်ခိုးပြသမှုပြုဦးမည်နည်း" အရှင်မောဂ္ဂလာန် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . တပည့်တော်သည် မြင်းမိုရ်တောင်ကို ထီးမိုးသဖွယ်

မြူလုပ်ပြီးလျှင် မဟာပထဝီမြေကြီးကို ထီးရွက်ဖမာ အထက်သို့မြောက်ချီကာ မြင်းမိုရ်တောင်၏ ဦးထိပ်၌ မြူလုပ်ပြီးလျှင် မဟာပထဝီမြေကြီးကို ထီးရွက်ဖမာ အထက်သို့မြောက်ချီကာ မြင်းမိုရ်တောင်၏ ဦးထိပ်၌ ထားပြီးလျှင် ထိုးလက်ခွဲသော ရဟန်းတာ၊ ဒီကဲ့သို့ လက်တဖက်တည်းဖြင့် ခွဲကိုင်၍ ကောင်းကင်၌ လှုံးလားတဲ့ ခေါက်ကြွေလျှောက်၍ပြပါမည်ဘုရား"

မြတ်စွာဘုရားရှင်သည် "ချစ်သား မောဂ္ဂလန် သင်ချစ်သား၏ အာနုဘော်ကို ငါဘုရားသိ၏" ဟု မိန့်တော်မူပြီးလျှင် အရှင်မဟာမောဂ္ဂလာန်မထေရ်အားလည်း တန်ခိုးပြာဋိဟာပြသရန် ခွင့်ပြုတော်မမူချေ။ အရှင်မဟာမောဂ္ဂလန် မထေရ်သည်လည်း "မြတ်စွာဘုရားရှင်သည် ဤပရိတ်သတ်၌ ငါ့ထက်သာလွန်မြင့်မြတ်သည့် တန်ခိုးပြာဋိဟာပြသမှုပြုဖို့ရန် သိမြင်တော်မူလေရာတကား"ဟု စဉ်းစားဆင်ခြင်တော်မူပြီးလျှင် သင့်လျော်ပတ်ရာ အရပ်၌ရပ်တည်နေတော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားရှင်သည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကို "ချစ်သားမောဂ္ဂလန် . . ဤပန်းထုပ် စုန်တိုင်အား သင်ချစ်သားအတွက် ဖွဲ့ထားအပ်သော ပန်းထုပ်မဟုတ်မှန်၊ ငါဘုရားတား သူမတူတန် ဝန်ထိုဆောင်နိုင်သူဖြစ်သည် ငါဘုရား၏ဝန်ကို အခြားစွမ်းနိုင်မည့်သူ မရှိချေ၊ ယခုဘုရားဖြစ်သောအခါ ငါဘုရား၏ ဝန်ထို အခြားဆောင်နိုင်မည်သူမရှိခြင်းတား မတုံ့ဖြလောတ်သေးပါပေ၊ ပါရမီနစဉ်အတိတ် တိရစ္ဆာန်မျိုး၌ ငါဘုရားဖြစ်သောအခါ၌သော်မှလည်း ငါဘုရား၏ဝန်ကို ဆောင်နိုင်မည့်သူ မရှိခဲ့ချေ"ဟူ၍ မိန့်တော်မူပြီးလျှင် အရှင်မောဂ္ဂလာန်မထေရ်ထောင်းပန်အပ်သည်ဖြစ်၍ (တေနိပါတ်၊ ၃ - တုရင်ဝင်၊ ၉၃ - ခုမြောက်၊ တဌ္ဌာ၊ မှတ်နှာ ၂၀၉ - လာ) ထကျဉ်ဿဇာတ်ကို အကျယ်ဟောကြားတော်မူလေ၏။

ရတနာစင်္ကြန်ဖန်ဆင်းတော်မူခြင်း

ထကျဉ်ဿဇာတ်ကို ဟောကြားတော်မူပြီးလျှင် အရှေ့နှင့်အနောက် စကြာဝဠာတိုက်ပေါင်း တသောင်း အလျားရှိသော ရတနာစင်္ကြန်ကို ဖန်ဆင်းတော်မူလေ၏၊ ဖန်ဆင်းတော်မူပုံမှာ. . . အရှေ့ အနောက်တန်းလျှက် စကြာဝဠာတိုက်တသောင်းတို့၌ရှိသော မြင်းမိုရ်တောင်ပေါင်း၊ တသောင်းတို့ကိုအစဉ်လိုက် တန်းလိုက်တူ စိုက်အပ်သော ရတနာစင်္ကြန်တိုင်ကြီးများအဖြစ် ထားလျှက်စကြာဝဠာ တိုက်တသောင်းအလျားရှိသော ရတနာစင်္ကြန်ကြီးကို ဖန်ဆင်းတော်မူ၏၊ ထိုရတနာစင်္ကြန်ကြီး၏ အရှေ့ဘက်စွန်းမှာ စကြာဝဠာတိုက်၏ အနားရှေ့၌ စိုက်လျှက်တည်၏၊ အနောက်ဘက်စွန်းမှာ အနောက်ဖျားဆုံး စကြာဝဠာတိုက်၏ အနားရှေ့၌ စိုက်လျှက်တည်၏၊ ထိုရတနာစင်္ကြန်ကြီး၏ အနံပမာဏမှာ တဆယ့်နှစ်ယူဇနာပြန့်ကျက်လေသည်၊ ဝဲယာ တောင်ဖက်မြောက်ဖက် နံပါးနှစ်ဖက်တို့၌ အလွန်မွေ့လျော်ဖွယ်ကောင်းသော စင်္ကြန်တော်အပိုင်း၊ အခြားရွှေသားမြေကို ဖန်ဆင်းတော်မူလေ၏၊ ထို၏ အလယ်၌ ရတနာဆယ်ပါးဖြင့်ပြီးသော ထုပ် - လျှောက် - ဒိုင်းမြားတို့၏ အပေါ်ဝယ် ဇရှုမျဉ်ချပ် အမိုးများကို ဖန်ဆင်းတော်မူလေ၏၊ စင်္ကြန်၌ရှိသော ပွတ်လုံးများတား ရွှေအတိပြီး၏၊ ပတ္တမြား၊ ပုလဲတို့ကိုရတနာစင်္ကြန်တော်အတွင်း သဲအဖြစ်ဖြင့် ခင်းထားအပ်ကုန်၏၊

ထိုအခါ ရှေ့နောက်ဝဲယာ လေးမျက်နှာတို့၌ ပရိတ်သတ်ကား ဆယ့်နှစ်ယူဇနာစီရှိလေ၏၊ အဖြောင့်အားဖြင့် နှစ်ဆယ့်လေးယူဇနာရှိ၏၊ နတ်ပြဟ္မာပရိတ်သတ်ကား အပိုင်းအခြားမရှိ များလှဘိ၏၊

ဆိုများစွာသော လူနတ်ဗြဟ္မာ ပရိတ်သတ်တို့၏ အလယ်၌ မြတ်စွာဘုရားသည် ယမိုက်ပြာဋိဟာ ပြာတော်မူပုံကို ဖော်ပြသည့် ပါဠိတော်မှ သိသာရုံ ထုတ်ဆောင်ပြဦးအံ့။

(၁) အထက်ပိုင်းကိုယ်တော်မှမီးအလျှံများ တဖွားဖွားထွက်၍ အောက်ပိုင်းကိုယ်တော်မှရေအယဉ် တသွင်သွင်စီးလျှက်ရှိ၏၊ နောက်တမျိုးပြောင်းလဲ၍ အောက်ပိုင်းကိုယ်တော်မှ မီးအလျှံများ တဖွားဖွားထွက်၍ အထက်ပိုင်းကိုယ်တော်မှ ရေအယဉ် တသွင်သွင်စီးလျှက်ရှိ၏၊

(၂) ရှေ့ပိုင်း ကိုယ်တော်မှမီးအလျှံများ တဖွားဖွားထွက်၍ နောက်ပိုင်းကိုယ်တော်မှ ရေအယဉ်တသွင်သွင်စီးလျှက်ရှိ၏၊ နောက်တမျိုးပြောင်းလဲ၍ နောက်ပိုင်းကိုယ်တော်မှ မီးအလျှံများ တဖွားဖွားထွက်၍ ရှေ့ပိုင်း၊ ကိုယ်တော်မှ ရေအယဉ်တသွင်သွင်စီးလျှက်ရှိ၏။

(၃) လကျ်ာမျက်လုံးတော်မှ မီးအလျှံများ တဖွားဖွား ထွက်၍ လက်ဝဲ မျက်လုံးတော်မှ ရေအယဉ် တသွင်သွင်စီးလျှက်ရှိ၏၊ နောက်တမျိုးပြောင်းလဲ၍ လက်ဝဲမျက်လုံးတော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လကျ်ာမျက်လုံးတော်မှ ရေအယဉ်တသွင်သွင်စီးလျှက်ရှိ၏၊

(၄) လကျ်ာနားတော်မှ မီးအလျှံများ တဖွားဖွား ထွက်၍ လက်ဝဲနားတော်မှ ရေအယဉ်တသွင်သွင်စီးလျှက်ရှိ၏၊ တဖန်မျက်စိမိတ်၍ ကြည့်လိုက်သောအခါ တမျိုးပြောင်းလဲ၍ လက်ဝဲနားတော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လကျ်ာနားတော်မှ ရေအယဉ်တသွင်သွင်စီးလျှက်ရှိ၏။

(၅) လကျ်ာနှာခေါင်းတော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ဝဲနှာခေါင်းတော်မှ ရေအယဉ်တသွင်သွင်စီးလျှက်ရှိ၏၊ နောက်တမျိုးပြောင်းလဲ၍ လက်ဝဲနှာခေါင်းတော်မှ မီးအလျှံများတဖွားဖွားထွက်၍ လကျ်ာ နှာခေါင်းမှ ရေအယဉ်တသွင်သွင်စီးလျှက်ရှိ၏၊

(၆) လကျ်ာပခုံးစွန်းတော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ဝဲပခုံးစွန်းတော်မှ ရေအယဉ်တသွင်သွင်စီးလျှက်ရှိ၏၊ နောက်တမျိုးပြောင်းလဲ၍ လက်ဝဲ ပခုံးစွန်းတော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လကျ်ာပခုံးစွန်းတော်မှ ရေအယဉ်တသွင်သွင်စီးဆင်းလျှက်ရှိ၏၊

(၇) လကျ်ာလက်တော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ဝဲလက်တော်မှ ရေအယဉ်တသွင်သွင်စီးလျှက်ရှိ၏၊ နောက်တမျိုးပြောင်းလဲ၍ လက်ဝဲလက်တော်မှ မီးအလျှံများတဖွားဖွား ထွက်၍လကျ်ာလက်တော်မှ ရေအယဉ် တသွင်သွင်စီးလျှက်ရှိ၏၊

(၈) လကျ်ာနံပါးတော်မှ မီးအလျှံများ တဖွားဖွား ထွက်၍ လက်ဝဲ နံပါးတော်မှ ရေအယဉ်တသွင်သွင်စီးလျှက်ရှိ၏၊ နောက်တမျိုး ပြောင်းလဲ၍ လက်ဝဲနံပါးတော်မှ မီးအလျှံများ တဖွားဖွား ထွက်၍လကျ်ာနံပါးတော်မှ ရေအယဉ်တသွင်သွင် စီးလျှက်ရှိ၏၊

(၉) လကျ်ာခြေတော်မှ မီးအလျှံများ တဖွားဖွား ထွက်၍ လက်ဝဲခြေတော်မှ ရေအယဉ်တသွင်သွင်စီး လျှက်ရှိ၏၊ နောက်တမျိုးပြောင်းလဲ၍ လက်ဝဲခြေတော်မှ မီးအလျှံများ တဖွားဖွားထွက်၍ လကျ်ာခြေတော်မှ ရေအယဉ်တသွင်သွင် စီးလျှက်ရှိ၏၊

(၁၀) လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူဆယ်ဆူတို့မှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ချောင်းတော်ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏အကြားအကြားမှ ရေအယဉ်တသွင်သွင် စီးလျှက်ရှိ၏၊ နောက်တဖန်ပြောင်းလဲ၍ လက်ချောင်းတော်ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြားအကြားမှ မီးအလျှံများ တဖွားဖွားထွက်၍ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူဆယ်ဆူတို့မှ ရေအယဉ်တသွင်သွင်စီးလျှက်ရှိ၏၊

(၁၁) မွေးညှင်းတော်တဆူဆူမှ မီးအလျှံများတဖွားဖွားထွက်၍ အခြားအခြားသော မွေးညှင်းတော်တဆူတဆူမှ ရေအယဉ်တသွင်သွင် စီးလျှက်ရှိ၏၊

(၁၂) မွေးညှင်းတွင်းတတွင်းတတွင်းမှ မီးအလျှံများ တဖွားဖွားထွက်၍ အခြားအခြားသော မွေးညှင်းတွင်းတတွင်းမှ ရေအယဉ်တသွင်သွင် စီးလျှက်ရှိသည်၊

ထိုထိုဆိုင်ရာ ကိုယ်တော်အစိတ်အပိုင်းမှ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇေဋ္ဌ၊ ပဘဿရဟူသော ရောင်ခြည်တော်ခြောက်သွယ်တို့သည် အစုလိုက် အစုလိုက် တွန့်မြူးထွက်ပေါ်လာကြလေသည်၊ ဤ၌အထူးမှတ်ရန်ကား၊ မြတ်စွာဘုရားကိုယ်တော်မြတ်မှာ တေဇောကသိဏ်းချာန် တေဇောတသိုဏ်းကိုအာရုံပြုသော ချာန်သမာပါတ်အစွမ်းကြောင့် အထက်ပိုင်းကိုယ်တော်မှ မီးအလျှံများ တဖွားဖွားထွက်၍ အာပေါကသိဏ်းချာန် အာပေါတသိဏ်းကို အာရုံပြုသောချာန် သမာပတ်စွမ်းကြောင့် အောက်ပိုင်းကိုယ်တော်မှ ရေအယဉ်တသွင်သွင်စီး၍ထွက်သည်၊ ဆိုလိုရင်းမှာ မီးအလျှံထွက်ဖို့ရန် တေဇောတသိဏ်း ချာန်သမာပတ်ကို ဝင်စားတော်မူ၍ ရေအယဉ်တသွင်သွင် စီးထွက်ဖို့ရန် အာပေါကသိဏ်းချာန် သမာပတ်ကို ဝင်စားတော်မူသည်ဟု ဆိုလိုသည် ပြောင်းလဲ၍ဖန်ဆင်းရာ၌လည်း ထိုနည်းအတူပင်တည်း။

ဤ၌မီးအလျှံများသည် ရေအယဉ်နှင့် မရောနှောကုန်၊ ရေအယဉ်သည်လည်း မီးအလျှံများနှင့် မရောနှောချေ၊ သန့်လျှက်ပင်တည်နေကြကုန်၏၊ တချိန်တည်း၌ စိတ်နှစ်မျိုးတပြိုင်နက် မဖြစ်နိုင်သောကြောင့် မီးအလျှံကို ဖန်ဆင်းသည်ကား တကာလ၊ ရေအယဉ်ကို ဖန်ဆင်းသည်ကား တကာလဖြစ်၏၊ ဤသို့ ကာလ ကွာခြားသော်လည်း မြတ်စွာဘုရားမှာ တစ်ထိနှင့် တပီထိအကြား၊ ဘဝင်ခြားမှုနည်းပါးသောကြောင့်၎င်း၊ ဝသီတော် ငါးပါးအတွက် အထိပ်သို့ရောက်တော်မူသောကြောင့်၎င်း။ ဖူးမြင်ရသော ဝေနေယျတို့၏ စိတ်သန္တာန်၌ မီးအလျှံ ရေအယဉ်တို့ တချိန်တည်း တခဏတည်း၊ တပြိုင်နက်တည်း ဖြစ်သည်ဟု ထင်မှတ်ကြရသည်၊ ထိုစဉ်ကလောက လျှင်မြန်လှပေ၏၊

ထိုမီးအလျှံနှင့် ရေအယဉ်အစုံတို့သည် မြတ်စွာဘုရားကိုယ်တော်မှ ထွက်ပြီးလျှင် ဘဝဂ်တိုင်အောင် ဖျံ့တက်၍ ဓာတ်ခေတ် ကြောဝဠာ တိုက်တသောင်းတို့တွင်အစွန်းအဖျားဖြစ်သော စကြာဝဠာတိုက်များ၏ အနား ရောက်၍ သက်ဆင်းကြရောက်လေသည်၊

## လောကဝိဝရဏတန်ခိုးပြခြင်း

ထိုသို့ ရေ မီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူသော မြတ်စွာဘုရားသည် လောကဝိဝရဏ ပြာဋိဟာကိုလည်း ပြတော်မူ၏၊ ပြတော်မူပုံမှာ၊ ဩဒါတကသိုဏ်းလျှင် အာရုံရှိသော ရူပါဝစရကမ္မိယာ စတုတ္ထချာန်ကို ဝင်စားတော်မူပြီးလျှင် "စကြာဝဠာပေါင်း တိုက်တသောင်းတို့၌ အလင်းရောင်ကိုဖြစ်စေသတည်း

ဟု၍ ဟစ်ဒွာန်တော်မူလေသည်၊ ယင်းသို့ ဟစ်ဒွာန်မူသည်နှင့် တပြိုင်နက်ပင်လျှင် မဟာပထဝီမြေကြီးမှ စ၍ မြေကြီးတပါတခင် အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် တပြင်တည်း အလင်းရောင်အတိဖြစ်လေသည်"

ထိုအခါ လူပြည်လူသား အများတို့သည် မိမိတို့ နေရင်းဒွာနှ၍ ရပ်တည်ရင်း ထိုင်နေရင်းကပင် စတုမဟာ ရာဇ်နတ်ပြည်မှအစ ကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် အလုံးစုံသော နတ်ဗြဟ္မာတို့ကို ရှုမြင်ကြရကုန်၏၊ မြင်ကြရ ပုံမှာ အမျိုးမျိုးသော နတ်ဗြဟ္မာတို့ကို မိမိတို့၏ အထူးထူးအပြားပြား များလှစွာသော ဘုံပြည်နေရပ် ပြာသာဒ်ဗိမာန်ရေကန် ဥယျာဉ် ပလ္လင် ညောင်စောင်း ယာဉ်ကောင်း အဆောင်အယောင် စသည်တို့၌ တသီးသီး တည်နေသွားလာလှည့်ပတ်ကြကုန်လျှက် နှစ်သက်ကြည်နူး မြူးတူးပျော်ပါး တစေးရွှင်လန်းနေကြသည်တို့ကိုရင်း၊ မိမိတို့၏ နတ်အာနုဘော်တို့ဖြင့် ရတနာပုံဖုံ့ဗိမာန်အရောင်တို့ဖြင့် တပြောင်ပြောင်တဝင်းဝင်း ထွန်းလင်း တောက်ပလျှက် ရှိနေကြသည်၊ ထိုသို့ ကြီးစွာသော နတ်စည်းစိမ်တို့ ဖြိန်ရှက်စွာ ခံစားသုံးဆောင်နေကြသည် တို့တို့ရင်း၊

ရူပါစရဗြဟ္မာပြည်တဆယ်ခြောက်ဌာနဝယ် ရှိကြသော ဗြဟ္မာတို့အနက် အချို့သောဗြဟ္မာတို့သဘော တူရှာ ပေါင်းစည်းစုကြလျှက် သုခုမသဏ္ဍာ ဓမ္မအရာပြဿနာအရေးတို့ ဆွေးနွေးတိုင်ပင်နေကြသည်တို့ကိုရင်း၊ မြတ်စွာဘုရားရှင်၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် ပကတိသော မျက်စိဖြင့်ပင် ထင်ရှားစွာရှုမြင်ကြရကုန်၏၊

ထို့အတူ အောက်မဟာပထဝီမြေအတွင်းတည်ရှိကြသည့်ငရဲကြီး ရှစ်ထပ်တို့၌ရင်း၊ တထပ်တထပ်၏ လေးမျက်နှာဝယ် ဖတ်ကာဝန်းလည် တည်ရှိသော ဥဿဒငရဲငယ် တဆယ့်ခြောက်ထပ်တို့၌ရင်း၊ စကြာဝဠာတိုက် သုံးခု၊ သုံးခုတို့၏အကြား၊ အကြား၌တည်ရှိကြသည့် မှောင်အတိသာလျှင် ဖြစ်၍နေသော လောကန္တ ငရဲတို့၌ရင်း၊ ဘုံအလိုက်ထံအလိုက်ထိုက်သင့်ရာရာ ကြီးမားလှသော ငရဲဒုက္ခခံစား၍နေကြရသည်၊ ငရဲသား ငရဲသတ္တဝါများတို လည်း လူတို့သည် ပကတိမျက်စိဖြင့်ပင် မြတ်စွာဘုရားရှင်၏ တန်ခိုးတေဇော်အာနုဘော်တော်ကြောင့် ထင်ရှားစွာ ရှုမြင်ကြရကုန်၏၊

ထို့အပြင် အတိခေတ်ပေါင်း စကြာဝဠာ တိုက်တသောင်း၌ နေထိုင်ကြသည့် နတ်ဗြဟ္မာအပေါင်းတို့သည် ကြီးစွာသော နတ်ဗြဟ္မာတို့၏ အာနုဘော်ဖြင့် မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ ချဉ်းကပ်ရောက်ရှိကြပြီးလျှင် အလွန်အံ့ဩယိုဖိတ် ကြည်ညိုစိတ်ဖြစ်ရှိကြကာ လက်အုပ်အဥ္စလီဒေါင်းမိုး ထိပ်မိုးဦးညွှတ်ကျိုးလျှက် ရှိခိုးပူဇော်ကြ ကုန်၏၊ ဘုရားဂုဏ်ကျေးဇူးရှင်နှင့် စပ်ယှဉ်သော ဂါထာတို့ကို ဖွဲ့ဆိုကျူးရင့်ကြကာ မိုးမွှမ်းကြလျှက် လက်ပန်းပေါက် ခပ်ကြ လက်ခမောင်းခပ်ကြ မြူးတူးရယ်ရွှင်ကြနှစ်သက် ဝမ်းမြောက်စားပြောကြားလေသည်၊ ထိုအလုံးစုံနှင့်တကွ ရေမိုးအစုံစုံသော တန်ခိုးပြာဋိဟာ ရောင်ခြည်တော်ခြောက်သွယ် အံ့ဖွယ်တို့ကိုပါ လူအများ ကြည်ညိုစွာ ဖူးမြင် ကြရလေကုန်၏၊

## ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးခြင်း

(၁) နီလရောင်ခြည်တော်. . ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြုတော်မူသော မြတ်စွာဘုရား၏ ယမကပြာဋိ ဟာရိယကို ပြုတော်မူသောမြတ်စွာဘုရား၏ ယမကပြာဋိဟာရိယ ဉာဏ်တော်အစွမ်းအာနုဘော်ကြောင့် ရောင်ခြည်တော်ခြောက်သွယ်တို့ ကွန့်မြူးထွက်ပေါ်ကြရာ ဆံတော်မုတ်ဆိတ်တော်ပေါက်ရာနေရာနှင့် မျက်နက်

တော်ဟို့မှ နီလရောင်ခြည်တော်များ၊ ကွန့်မြူးထွက်ပေါ်ကြလေသည်၊ ယင်းနီလရောင်ခြည်တော်တို့၏ အစွမ်းသတ္တိ
ကြောင့် တောင်းကင်တပြင်လုံး မျက်စဉ်းခတ်တျောက်ညိုမှုန်ဖြင့် ကြဲဖျန်း၍ ထားအပ်သကဲ့သို့၎င်း၊ အောင်မဲ
ညိုပန်း၊ ကြာညိုပန်းတို့ဖြင့် ဖုံးလွှမ်းထားအပ်သကဲ့သို့၎င်း၊ တလွဲ့လွဲ့ ယပ်အပ်သည့် ပတ္တမြား၊ ရပ်ခန်းညိုကဲ့သို့၎င်း၊
နီလာရောင်တို့ဖြင့် ဖုန်းအုပ်လျှက်ရှိလေသည်၊

(၂) ပီတရောင်ခြည်တော်. . အရေတော်နှင့် မျက်လုံးတော်အတွင်း၊ ဝါဝင်းရာရာ အရပ်တော်တို့မှ ပီတ
ရောင်ခြည်တော် ရွှေသော အဆင်းရှိသည့်ရောင်ခြည်တော်တို့ ကွန့်မြူးထွက်ပေါ်လာကြလေသည်၊ ယင်းပီတ
ရောင်ခြည်တော်တို့၏ အစွမ်းသတ္တိတို့ကြောင့် ဝန်းကျင်ပါတ်လုံး အလုံးစုံသော အရပ်မျက်နှာတို့သည် ရွှေရည်ဖြင့်
လောင်း၍ ထားအပ်တုန်သကဲ့သို့၎င်း၊ ကုတ်ုံမ်မှုန့်မဟာလှေကားပန်းတို့ဖြင့် ကြဲဖြန်း၍ထားအပ်ကုန်သကဲ့သို့၎င်း၊
ရွှေရောင်လွှမ်းလျှက် အဆန်းတကြယ် တင့်တယ်ကြလေကုန်သည်၊

(၃) လောဟိတရောင်ခြည်တော်. . အသားတော်သွေးတော်တို့နှင့် မျက်လုံးတော်အတွင်း နီမြန်းရာရာ
အရပ်တို့မှ လောဟိတရောင်ခြည်တော် နီသောရောင်ခြည်တော်တို့ ကွန့်မြူးထွက်ပေါ်လာကြပေသည်၊
ယင်းလောဟိတ ရောင်ခြည်တော်တို့၏ အစွမ်းသတ္တိတို့ကြောင့် ဝန်းကျင်ပါက်ခြုံ အလုံးစုံသော အရပ်မျက်နှာ
တို့သည် ဆုန်ခြင်းမှုန့် ဟင်္သာပြဒါးမှုန့်တို့ဖြင့်ထပ်ဆိုး၍ ထားအပ်ကုန်သကဲ့သို့၎င်း၊ တောင်းစွာကျက်သော ချိပ်ရည်
တို့ဖြင့် သွန်းလောင်း၍ ထားအပ်ကုန်သကဲ့သို့၎င်း၊ ကမ္ဗလာနီအထွာတည်တို့ဖြင့် ထက်ဝန်းကျင်ဝန်းရံခြုံ၍
အပ်ထားကုန်သကဲ့သို့၎င်း၊ မိုးစွေပန်း ကသစ်ပန်း လယ်ခေါင်ရည်ပန်းတို့ဖြင့် ကြဲဖျန်း၍ ထားအပ်ကုန်သကဲ့သို့၎င်း၊
အဆန်းတကြယ် တင့်တယ်ကြကုန်လေသည်၊

(၄) ဩဒါတရောင်ခြည်တော်. . အရိုးတော်၊ သွားတော်၊ စွယ်တော်၊ မျက်ဖြူတော်တို့မှ ဩဒါတရောင်ခြည်တော်
ဖြူသောအဆင်းရှိသော ရောင်ခြည်တော်တို့ ကွန့်မြူးထွက်ပေါ်လာကြလေသည်၊ ယင်းဩဒါတ ရောင်ခြည်တော်
တို့၏ အစွမ်းသတ္တိကြောင့် ဝန်းကျင်ပတ်ခြုံအလုံးစုံသော အရပ်မျက်နှာတို့သည် ငွေအိုးတို့မှ နို့ရေအယာဉ်ကို
တသွင်သွင်သွန်းလောင်း ကြဲဖြန်းအပ်ကုန်သကဲ့သို့၎င်း၊ ငွေမျက်နှာကျက် ငွေရက်ငွေပြား ငွေလွှာများကို
အလွှားလွှားဖြန့်ထားသိုင်းခြုံအပ်သကဲ့သို့၎င်း၊ ငွေယပ်ဝန်းကို တလွဲ့လွဲ့ ခပ်အပ်ကုန်သကဲ့သို့၎င်း၊ သင်းခွေဝန်း၊
ကုမုဒြာကြာဖြူပန်း၊ ရေညှနဲ့ပန်း၊ မုလေးပန်း၊ ကြတ်ရုံးပန်း၊ စပယ်ပန်းစသည်ရှိသော ပန်းတို့ဖြင့် ဖုံးလွှမ်း၍ ထားအပ်
သကဲ့သို့၎င်း၊ အဆန်းတကြယ် တင့်တယ်ကြကုန်လေသည်၊

(၅) မဉ္ဇေဋ္ဌရောင်ခြည်တော်. . လက်ဖဝါးအပြင်၊ ခြေဖဝါးအပြင် အစရှိသော စဉ်းငယ်နီမြန်းရာ
အရပ်တော်တို့မှ မဉ္ဇေဋ္ဌရောင်ခြည်တော် မှည့်မောင်းသောရောင်ခြည်တော်တို့ ကွန့်မြူးထွက်ပေါ်လာလေသည်၊
ယင်းမဉ္ဇေဋ္ဌရောင်ခြည်တော်တို့၏ အစွမ်းသတ္တိကြောင့် ဝန်းကျင်ပတ်ခြုံအလုံးစုံသော အရပ်မျက်နှာတို့သည်
သန္တာတွန်ရက် ဖြန့်ကြက်ထားအပ်ကုန်သကဲ့သို့၎င်း၊ လိပ်ဆူးရွှေ လိပ်စရွှေဟုခေါ်ကြသည် အနီပန်းတို့ဖြင့်
ကြဲဖျန်း၍ ထားအပ်ကုန်သကဲ့သို့၎င်း အဆန်းတကြယ် တင့်တယ်ကြကုန်လေသည်၊

(၆) ပဘဿရရောင်ခြည်တော်. . ဥဏ္ဏလုံ၊ မွေးရှင်တော်၊ လက်သည်း၊ ခြေသည်း၊အစရှိသော အရောင်တ
လက်လက် ထွက်ရာအရပ်တို့မှ ပဘဿရရောင်ခြည်တော် ပြိုးပြိုးပြက်ပြက် တလက်လက်တောက်ပသော

ရောင်ခြည်တော်တို့ ထွန်းမြူးထွက်ပေါ်လာကြလေသည်။ ယင်းယာသာရဒရောင်ခြည်တော်တို့၏ အစွမ်းသတ္တိကြောင့် ဝန်းကျင်ပတ်မြို့အလုံးစုံသော အရပ်မျက်နှာတို့သည် သောတ်ရွှေးကြယ် အစုတို့ဖြင့်ပြည့်၍ နေကုန်သကဲ့သို့ ငှင်း လျှပ်စစ်လျှပ်စီးလွှာ စသည်တို့ဖြင့် ပြည့်၍ နေကုန်သကဲ့သို့ရင်း၊ အဆန်းတကြယ် တင့်တယ်ကြလေကုန်သည်။ ဤရောင်ခြည်တော်ခြောက်ပါးအကြောင်းကို ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ၊ ဒုတိယတုပ်၊ စာမျက်နှာ ၁၃ မှ ထုတ်နုတ်ပေါ်ပြပါမည်။

ပေါ်ပြရာပါ ရောင်ခြည်တော်ခြောက်ပါးတို့သည် ယန္တရားပြွန်မှ ရွှေရည်ငွေရည် ပတ္တမြားရည်အယာဉ်တို့ အဆွင်သွင် ထွက်ကြသကဲ့သို့ စကြဝဠာတိုက်မှသည် အထက်သို့ပျံတက်ကြကာ ဘဝဂ်ဘုံတို့ စိုက်ပြီးမှ တဖန်ပြန်နှစ်၍ စကြာဝဠာတိုက်အနားရေသို့ ကျရောက်ကြလေကုန်သည်။ သို့ရကား စကြဝဠာတိုက်အလုံးသည် ရထနာ ဝိုင်းမွှန်းတို့ဖြင့် သားနားဆန်းကြယ် အလွန်တင့်တယ်သော ရွှေအိမ်ကြီးသဖွယ်ဖြစ်ရှိကာ အရောင်အဝါ တစ်တည်း လင်းလျှက်ရှိပေ၏။

စကြံန်တော်ကြွရင်းက တရားဟောတော်မူခြင်း

ထိုနေ့အဖို့ရာ မြတ်စွာဘုရားရှင်သည် အရှေ့အနောက် စကြာဝဠာတိုက် တသောင်းပေါ်တ်အောင် အလျားရှည်သော ထိုထိုရတနာစကြံန်တော်၌ စကြံန်ကြွတော်မူကာ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူရင်း သဝင် အကြားကြား၌ လူများအပေါင်းအားစေ့ိက်နှင့် လျော်ရာတရားတို့လည်း ဟောတော်မူသည်။ ယင်းသို့ တရားဟော တော်မူလိုက်လတ်သော မြတ်စွာဘုရားသည် လူများအပေါင်းအား အနားပေးသောအနေ တန်ခိုးတော်ကို ခေတ္တမျှ ရပ်စဲတော်မူလေသည်။ ထိုခဏ၌ပင် လူအပေါင်းကား သာဓုတောင်းဈိုးပေးလေသည်။ထိုလူအပေါင်း သာဓုတောင်း၊ ချီးပေးနေသောအခါ၌ မြတ်စွာဘုရားသည် ထိုမျှများပြားလှသော ပရိတ်သတ်၏ စိတ်ဖြစ်ပုံကို ကြည့်ရှုဆင်ခြင်တော်မူသည်။ ကြည့်ရှုဆင်ခြင်တော်မူသည်မှာ တယောတ်ယောတ်သောသူ၏ စိတ်ဖြစ်ပုံကို ဝိတ္တာနုပဿနာဒေသနာ၌လာသည့်အတိုင်း တဆယ့်ခြောက်ပါးသော အခြင်းအရာ၏ အစွမ်းဖြင့် ကြည့်ရှုဆင်ခြင်တော်မူလေ သည်။ မြတ်စွာဘုရားရှင်တို့၏ စိတ်တော်ကား၊ သို့စဉ်ကလောတ် လျှင်မြန်သော အမြန်ရှိပေသည်။

ထိုသို့ လူအများ၏ စိတ်ဖြစ်ပုံကို ကောင်းစွာကြည့်ရှုဆင်ခြင်တော်မူပြီးမှ ထိုထို လူပုဂ္ဂိုလ်၏ နှစ်သက်ကြည်ညိုအပ်သော တန်ခိုးပြာဋိဟာနှင့် ထိုထိုလူပရိတ်သတ်၏ အလိုအဈွာသယဓာတ်နှင့်လိုတ် လျော်သင့်လျော်သော တရားဆင်ပုံဆင်နည်းကို ကောင်းစွာသိရှိတော်မူ၍ ထိုထိုလူဝရိတ်သတ်တို့ ကြည်ညိုအပ်သည့် တန်ခိုးပြာဋိဟာတိုလည်း တဖန်ပြသတော်မူပြန်လေသည်။ ထိုထိုလူပရိတ်သတ်တို့၏ အလိုအဈွာသယဓာတ်နှင့် လိုတ်လျော သင့်လျော်သော တရားဒေသနာတိုလည်း ဟောတော်မူလေသည်။ ဤကဲ့သို့ သတ္တဝါတို့၏ အလိုအကြိုက် အဈွာသယဓါတ်သဘောနှင့် လိုက်လျောသင့်လျော်သည့်တရားဒေသနာကို ဟောတော်မူအပ်သော်ရင်း၊ တန်ခိုးပြာဋိဟာကို ပြတော်မူအပ်သော် များစွာသော သတ္တဝါအပေါင်းတို့၏ သစ္စာလေးပါးတရားသိမြင် ကျွတ်တန်းဝင် ကြခြင်းတည်းဟူသော ဓမ္မာဘိသမယအောင်ပွဲကြီး အကြီးအကျယ်ဖြစ်လေတော့သည်။

## ကိုယ်တော်ပွား နိမ္မိတဘုရားတို့ကို ဖန်ဆင်းတော်မူခြင်း

မြတ်စွာဘုရားသည် ထိုမှုများပြားသော ပရိုက်သတ်အစည်းအဝေးကြီး၌ ကိုယ်တော်မြတ်၏ စိတ်အလိုကို ရယူတာ ပြဿနာမေးလျှောက်မည့် ပုဂ္ဂိုလ်တဦးတယောက်တို့မျှ မတွေ့ရ၍ နိမ္မိတဘုရားတို့ ဖန်ဆင်းတော်မူလေသည်။ ဖန်ဆင်းတော်မူသည်ရှိသော် တဆူနှစ်ဆူ သုံးလေးဆူ ငါးဆယ်မြင့် အစဉ်အတိုင်း တိုးပွားစေတော်လေသည်၊ အရာမကများစွာသော နိမ္မိတာရုံ ရုပ်ပွားတော်မြတ်ကို ဖန်ဆင်းတော်မူလေသည်။ .

ထိုနိမ္မိတာရုံ ရုပ်ပွားမြတ်စွာဘုရားက မေးအပ်သော ပြဿနာတို့ ပကတိဓာတ်သားရှင်တော် ဘုရားက ဖြေကြားတော်မူ၍ ပကတိဓာတ်သားရှင်တော်ဘုရားက မေးအပ်သော ပြဿနာတို့ နိမ္မိတာရုံ ရုပ်ပွားတော် မြတ်စွာဘုရားက ဖြေကြားတော်မူလေသည်။ ဣရိယာပုထ်အနေအားဖြင့်လည်း နိမ္မိတရုပ်ပွား မြတ်စွာဘုရားတို့မှာ အချို့တား ရပ်တော်မူကြကုန်လျှက် အချို့ကလျှောင်းစက်တော်မူကြကုန်လျှက် အချို့တားထိုင်တော်မူကြကုန်လျှက် ဣရိယာပုထ်လေးပါးလုံးပင် နိမ္မိတဘုရားပေါင်းများစွာ တည်ရှိကြလေကုန်သည်။

ထိုအခါ ပကတိဓာတ်သားကိုယ်တော်ဘုရား၏ ရောင်ခြည်တော်ခြောက်သွယ်တို့သည်၎င်း၊ နိမ္မိတရုပ်ပွား မြတ်စွာဘုရားတို့၏ ရောင်ခြည်တော်ခြောက်သွယ်တို့သည်၎င်း၊ မီးအလျှံရေအယဉ်တို့သည်၎င်း၊ နိမ္မိတရုပ်ပွား အရာမကသော မြတ်စွာဘုရားတို့သည်၎င်း၊၊ ကောင်းကင်တပြင်လုံးရောယှက် ပြွမ်းလှုက်ကြသော သာဝတတို့နှင့် ဆေတ်ဆံနိုင်စံဖွယ်ရာမရှိအောင် ပြုကုန်၍ ကောင်းကင်တပြင်ကို လွှမ်းစွာတင့်တယ်စေကြလေကုန်၏။

များစွာသော ဗြဟ္မာနတ်လူတို့သည်လည်း ကောင်းချီးကောင်းမွမ်းကြားပြောဆိုကြလေကုန်၏၊ ကောင်းကင် တပြင်လုံး၌ နတ်တို့၏ သီချင်းသံတို့ ဖုံးလွှမ်းလျှက်ရှိကုန်၏၊ နတ်ဗြဟ္မာတို့သည် နတ်ပန်းမိုးကို ဖြိုးဖြိုးရွာသွန်း ကြကုန်၏၊ နတ်၌ဖြစ်သောတူရိယာ လူ၌ဖြစ်သောတူရိယာ ထောင်ပေါင်းများစွာတို့ဖြင့် တခဲနက်အုတ်အုတ် ကျွတ်ကျွတ်ဖြစ်တာ တခုတည်းသော ပွဲလမ်းသဘင်ကို ဆင်ယင်ကျင်းပသကဲ့သို့ ဖြစ်၍နေပေ၏။

## ဗြဟ္မာနတ်လူကုဋေနှစ်ဆယ်ကျွတ်တန်းဝင်ကြခြင်း

ဤကဲ့သို့ ပဉ္စေတဝုဉ္စါသာဝတတို့နှင့် မခက်ဆံယမက ပါဋိဟာရိယ ခေါ်သော အံ့သြဖွယ်ရာ ရှောက်တော်မြတ်ဖြင့် မြတ်စွာဘုရားရှင်တန်ခိုးပြာဋိဟာကိုပြ၍ တကြားကြား၌ စရိုက်နှင့်လျှော်စွာ တရားဒေသနာ ကို ဟောကြားတော်မူသောအခါ တန်ခိုးပြာဋိဟာတိုဖူးမျှော်ရ၍ တရားကိုလည်း ကြားနာရသဖြင့်ထို "ယမိုက် ပြာဋိပွဲသဘင်အစည်းအဝေးကြီး၌ ကုဋေနှစ်ဆယ်သော လူနတ်ဗြဟ္မာသတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တန်းဝင်ကြလေကုန်၏၊

ဤအရာ၌ အခွင့်သင့်သဖြင့် သဗ္ဗါတရားကြီးမားထက်သန်ကြသည့် ရှင်လူတို့အလို့ငှာ မဟာနမတ္တာရ ကျမ်းလာ "ယမကပြာဋိဟာရိယဝန္ဒနာ" ဘုရားရှစ်ခိုးဂါထာပါဠိအနက်ကို အကြားညှပ်၍ ရေးသားပြဦးအံ့

### ယမကပြာဋိဟာရိယဝန္ဒနာဘုရားရှစ်ခိုးဂါထာပါဠိအနက်

တဏ္ဍမ္ဗမူလေ ပရဟိတ ကရောယော မုနိန္ဒော နိသိန္နော၊
အစ္ဆေရံ သိယံနယန သုဘဝံ အာတုလန္တွဲ အာယံ၊
ဝိစ္စာလမ္ဗံသ မုနိတိဝဟိတ ပါရိဟောရံ အကာသိ၊

ဝနေ့တဲ ဿဒ္ဓ ပရမရတိဝံ ဣန္ဒီဝမေဝှုပေတံ၊ (ဝစလုံးဖွဲ့ ကုသုမိတလ ဝဲဇ္ဇိတာဂါထာ)

ဝေနေယျများ သုတပါးတို့ စီးပွားဥစ္စာဖြစ်စေငှာလျှင် ဝါလေးဆယ့်ငါးကာလလျှားတောင် ဘုရားတို့ငြိမ်း တိနွတော်ဝါးခါးကို ကြိုးပန်းမယုတ်ဖြုလုပ်ပြီး ပြေတော်မူတေတတ်ထသော၊ အာဂါရိကစသည် အပြားမုန်များ၏ ဦးများပရမ သုံးလူ့ဆွေဖြစ်တော်မူသော အကြင်မြတ်စွာဘုရားသည် ကဗ္ဗာဟုသည် လူ့အမည်ဖြင့် ဝုဏ်ရည် ယှဉ်ညီးသရက်ပင်၏ အနီး၌ ၊ ၊ တိတ္ထိတဝေးရန် အလေ့ကို ဝေးရပ်ထို၌ ပြေးစိမ့်မည်ဟု မျှည်ယာပိုက်နှစ်မြိုက် ပွင့်ပြူသိတင်းသုံး နေတော်မူလျှက် မကြုံစဖူး မမြင်ဘူးကို အထူးတွေ့ကြုံသိုဖြစ်ပုံကြောင့် လူ့ဘုံနတ်ရွာ တောင်းတင် ငြာလျှက် ဖြဟွာမဝင့ုတ် အဝစ်လှုပ်စောင် လက်ခုပ်ငြာတည်၊လက်ဖြစ်တီး၍ တုံးချိုးဖြင်းငှာ ထိုက်တန်စွာထသော ရေအယာဥ်ကို ဖန်ဆင်းသည်ကား တကာလမ်းအလျှံကို ဖန်ဆင်းသည်ကား တမာလဤသို့လျှင် ဟာလခြားကာ ဖြစ်တုံပါလည်းဖြဟွာနတ်လူ ဖူးမြင်သူတို့ စွဲယူမှတ်သား "တချိန်တည်း၊ ဘဝဇာတည်းဖြစ်သည်"ဟု အထင်မှားရ တောင်လျှင် ထင်ရှားစွာထသော၊ နတ်လူရှိရှိဖူးကြသူ မျက်စိဝယ် ပိတ်ဟုန်ဆင့်လွှမ်းအောင် အဆန်းတကြယ် တင့်တယ်သပ္ပါယ်စွာထသော နိယျာနိက သာသနမှလျှင် ဖြင်ပဗာဟိဝံတဏှိတို့ ထို၌မြေယုက် မိစ္ဆာအယူတည်းဟူ သော ကွန်ရက်ကိုချိုးဖျက်ခြင်းငှာ စွမ်းနိုင်စွာထသော ကဿပမြတ်စွာဘုရား အစဖြာသား မဟာပရမ ပွင့် တော်မူကြပြီးသော သုံးလူ့ဆွေတို့သည် ဤနေရာ၌ငှာနဝယ် မြဲမြဲမြံမြံ မှန်မလွဲသဖြင့် မစွန့်ဖယ်အပ်သော အရှားတမျိုးလည်းဖြစ်ထသော ရောယုက်ထွေးတုံ ရေမီးအစုံအစုံ တည်းဟူသော တန်ခိုးပြာဋိဟာတို -

(၁) အထက်ဖြစ်သောကိုယ်တော်အပိုင်းမှမီးလျှံ နောက်ဖြစ်သောကိုယ်တော်အစိတ်မှ ရေအယာဉ် (တဖန်) နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယာဉ်၊

(၂) ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယာဉ် (တဖန်) နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယာဉ်၊

(၃) လကျ်ာမျက်လုံးတော်မှ မီးအလျှံ၊ လက်ဝဲမျက်လုံးတော်မှ ရေအယာဉ်၊ (တဖန်) လက်ဝဲမျက်လုံး တော်မှ မီးအလျှံ၊ လကျ်ာမျက်လုံးတော်မှ ရေအယာဉ်၊

(၄) လကျ်ာနားတွင်းတော်မှ မီးအလျှံ၊ လက်ဝဲနားတွင်းတော်မှ ရေအယာဉ်၊ (တဖန်) လက်ဝဲ နားတွင်း တော်မှ မီးအလျှံ၊ လကျ်ာနားတွင်းတော်မှ ရေအယာဉ်၊

(၅) လကျ်ာနှာခေါင်းတော်မှ မီးအလျှံ၊ လက်ဝဲနှာခေါင်းတော်မှ ရေအယာဉ်၊ (တဖန်) လက်ဝဲ နှာခေါင်း တော်မှ မီးအလျှံ၊ လကျ်ာနှာခေါင်းတော်မှ ရေအယာဉ်၊

(၆) လကျ်ာပခုံးတော်မှ မီးအလျှံ၊ လက်ဝဲပခုံးတော်မှ ရေအယာဉ်၊ (တဖန်) လက်ဝဲ ပခုံးတော်မှ မီးအလျှံ၊ လကျ်ာပခုံးတော်မှ ရေအယာဉ်၊

(၇) လကျ်ာလက်တော်မှ မီးအလျှံ၊ လက်ဝဲလက်တော်မှ ရေအယာဉ်၊ (တဖန်) လက်ဝဲ လက်တော်မှ မီးအလျှံ၊ လကျ်ာလက်တော်မှ ရေအယာဉ်၊

(၈) လကျ်ာနံပါးတော်မှ မီးအလျှံ၊ လက်ဝဲနံပါးတော်မှ ရေအယာဉ်၊ (တဖန်) လက်ဝဲ နံပါးတော်မှ မီးအလျှံ၊ လကျ်ာနံပါးတော်မှ ရေအယာဉ်၊

(၉) လက်ျာခြေတော်မှ မီးတောက်၊ လက်ဝဲခြေတော်မှ ရေအယဉ်၊ (တဖန်) လက်ဝဲ ခြေတော်မှ မီးတောက်၊ လက်ျာခြေတော်မှ ရေအယဉ်၊

(၁၀) လက်ချောင်းတော် ဆယ်ဆူဆယ်ဆူတို့၏ အကြားအကြားမှ မီးတောက်၊ ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ ရေအယဉ်၊ (တဖန်) လက်ချောင်းတော် ဆယ်ဆူဆယ်ဆူတို့မှ ရေအယဉ်၊ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြားအကြားမှ မီးတောက်၊

(၁၁) တခုတခုသော မွေးညှင်းအတွင်းတော်မှ မီးတောက် အခြားတခုတခုသော မွေးညှင်းအတွင်းတော်မှ ရေအယဉ်၊

(၁၂) တဆူတဆူသော မွေးညှင်းတော် အဆင်ကွဲသဖြင့် တဲ့ပြဲ၍မဝ ချိုးပန်း၍မကုန် ရောင်ခြည်တော်ခြောက်စုံတို့ နှင့်သကွဲအစုံအစုံသော ရေမီးတန်ခိုးပြာဋိဟာကို ထိတွဲ့တဝန်းတကွတွန်းတို့ ဦးစွန်းဖွေလျှောက် ခြေတော်နှင့်ပေါက် နှင့်သကွဲ့သို့ နောက်တဖန် မာန်မတင်းဝံ့အောင် ဖန်ဆင်းပြသတော်မူခဲ့လေပြီ၊ ချိုးမွှမ်းအပ်သူ နတ်လူပြဟ္မာ၊သတ္တဝါ ဟူသမျှတို့ လွန်ကြူးအထူးသဖြင့် ချီးမွှမ်းအပ်မြတ်တော်မူထသော၊ နလုံးအာရုံ ခွံ့ပြီ ထုံကဘုံနန်း သိဝနိဗ္ဗာန်ဗျာတော် ဇလတော်ရူး လွန်ပြန်ပြူးသဖြင့် အထူးနှစ်သက်စေတတ်သည့် အမြတ်ဥစ္စာရတနာ တဆူဖြစ်တော်မူထသော၊ ဣန္ဒိတစ်နွေယျ ဓမ္မကျော်ဂုဏ် အထူးတို့နှင့် လောက်ဌကုန်လုံ ပြည့်စုံတော်မူထသော အာဝါရိက စသည့်အပြားမုနိ များ၏ ဦးဖျားပရမေ သုံးလူ့ဆွေဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို ယမကပြာဋိဟာရိယာ ရှေ့တွဲသာသည့် အသာဓာဂုဏ်၊ မဟာဂုဏ်ကိုအာရုံမျှော်ကိုး သဥ္စါမြိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

မြတ်စွာဘုရား တျောာင် ဇလကျော်ရူးလွန်ပြန့်ပျှံသဖြင့် အထူးနှစ်သက်စေတတ်သည့် မြတ်ဥစ္စာရတနာ ထစ်ဆူဖြစ်တော်မူထသော၊ ဣန္ဒိတစ်နွေယျ ဓမ္မကျော်ရူးဂုဏ်အထူးတို့နှင့် လောက်ဌကုန်လုံ ပြည့်စုံတော်မူထသော အာဝါရိကစသည် အပြားမုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို ယမက ပြာဋိဟာရိယာ ရှေ့တွဲ့သာသည့် အသာဓာဂုဏ်၊ မဟာဂုဏ်ကို အာရုံမျှော်ကိုး သဥ္စါမြိုး၍ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

တာဝတိံသာနတ်ပြည်သို့ ကြွတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ယမိုက်ပြာဋိဟာလို ပြုတော်မူစဉ်ပင် ရှေးရှေးနောင်တော် ဘုရားရှင်တို့ ၁ည် ယမိုက်ပြာဋိဟာကို ပြုတော်မူပြီးသောအခါ အဘယ်အရပ်၌ ဝါကပ်တော်မူကြကုန်သနည်းဟု၍ ဆင်ခြင်တော်မူ သည်ရှိသော် 'တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူကြ၍ မယ်တော်နတ်သားအား အဘိဓမ္မာတရားဟောကြား တော်မူကြမြဲဖြစ်ကုန်၏' ဟုသိမြင်တော်မူလတ်၍ လက်ျာခြေတော်ကို ချီမြှောက်၍ ယုဂန္ဓိုတောင်ထိပ်၌ မူထားဘဲ ဟူ၍ကြံစည်တော်မူလေ၏၊ ထိုခဏ၌ ယူဇနာပေါင်း လေးသောင်းနှစ်ထောင်အမြင့် ယုဂန္ဓိုတောင်သည် ဖဝါး တော်အောက် အလိုလိုလာရောက်၍ လက်ျာခြေတော်အောက် အလိုလိုလာရောက်၍ လက်ျာခြေတော်ကို ခံလင့်ပေ၏။ ထို့နောက် လက်ဝဲခြေတော်ကို ချီမြှောက်တော်မူသည်ရှိသော် မြေအပြင်မှသည် ယူဇနာပေါင်း ရှစ်သောင်းလေးထောင်အမြင့်ဆောင်သည့် မြင်းမိုရ်တောင်ထိပ်သည် ဖဝါးတော်အောက် အလိုလိုလာရောက်၍

လက်ဝဲခြေတော်ကို ခံလင့်လေ၏၊

ဤ၌၊ ယုဂန္ဓိုရ်တောင်၊ မြင်းမိုရ်တောင်တို့ ဖဝါးတော်အောက်သို့ ညွတ်ကိုင်းလာသည်ကိုလည်းတစ်ဦး တယောက်မျှ မမြင်ရချေ၊ မြတ်စွာဘုရားကိုယ်တော်မြတ်၏ အဖို့ရာလည်း ထိုမျှခရီး ယူဇနာဝေးကွာလှသော အရပ်သို့ ခြေတော်ကို အမြင်မတော်အောင် ကျဲကျဲကြီးကြွလှမ်းမှုတွေ့၍လည်း မရှိချေ၊ ဤအရာမျိုးကား တန်ခိုး၏ အရာသာဖြစ်သည် မကြံအပ်မစည်အပ်ကောင်းပေ၊

ဤသို့လျှင် မြတ်စွာဘုရားသည် ခြေလှမ်းနှစ်လှမ်းတည်းဖြင့်ပင် လူ့ပြည်မှသည် တာဝတိံသာနတ်ပြည်သို့ ရောက်တော်မူလေသည်၊ တာဝတိံသာနတ်ပြည်ကား မြင်းမိုရ်တောင်ထိပ်၌ တည်ရှိ၍ မြင်းမိုရ်တောင်ထိပ်သို့ ရောက်လျှင် တာဝတိံသာနတ်ပြည်သို့ ရောက်လေတော့၏၊

သိကြားမင်းအကြံမှားခြင်း၊

သိကြားနတ်မင်းသည် မြတ်စွာဘုရားရှင်ကို ဖူးမြင်ရလျှင်ပင် - မြတ်စွာဘုရားရှင်သည် ဤတာဝတိံသာ နတ်ပြည် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၌ ဤယခုဝါဆိုတော်မူလိမ့်မည်ထင်၏၊ များစွာသောနတ် ဗြဟ္မာတို့အား ဥပကာရကျေးဇူးအထူး များပေလိမ့်မည်၊

အထူးအားဖြင့် ဤပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၌ ဝါတွင်းသုံးလပါတ်လုံး မြတ်စွာဘုရား ဝါဆိုသီတင်းသုံး နေတော်မူသော အခြားတစ်ဦးတယောက်သော နတ်ဗြဟ္မာမျှလက်တိုပင် တင်ထားနိုင်စွမ်းယူဇနာခြောက်ဆယ်၊ အနံ့အပြန့်ယူဇနာငါးဆယ် အမြင့်ယူဇနာတဆယ့်ငါးရှိ၍ ကြီးမားလှဘိ၏၊ မြတ်စွာဘုရားရှင် ထိုပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ဝါလပါတ်လုံး သီတင်းသုံးတော်မူသော်လည်း ဝန်းကြီး စကောကြီး အလယ်၌ စာဝတီးငှက်ငယ် နားနေသည့် ပမာအသုံးဝင်သောနေရာကား အနည်းအပ၊ အသုံးမဝင်သော နေရာကသာ များသဖြင့် အချည်းနှီး ကဲ့သို့ဖြစ်ချေတော့သည်တကားဟု၍ ဆင်ခြင်စဉ်းစား အကြံမှားလေသည်၊ မြတ်စွာဘုရားရှင်သည် သိကြားမင်း၏ စိတ်အလိုအကြံကို သိတော်မူ၍ ကိုယ်တော်မြတ်၏ နှစ်ထပ်သင်္ကန်းကြီးကို ကျောက်ဖျာတခုလုံး ဖုံးအုပ်ခင်းထားလိုက် လေသည်၊ သိကြားမင်းသည် 'သင်္ကန်းတော်ကို ကျောက်ပြာတခုလုံး ဖုံးအုပ်ချထားနိုင်သည် ရှိဦးလော့၊ မြတ်စွာဘုရား ကိုယ်တော်တိုင်ကမူ အနည်းငယ်မျှသောနေရာ၌ သာထိုင်နေတော်မူပေလိမ့်မည်ဟု'၍ မိုးမိုးပင်ကြံစည် စဉ်းစား ပြန်လေသည်၊ မြတ်စွာဘုရားရှင်သည် သိကြားမင်း၏ စိတ်အလိုအကြံကို သိတော်မူ၍ အင်္ဂါဖျဉ်ငယ် ထိုင်နံ့ဝယ် ပုံသဏ္ဌာန်တင်ဆောင်မထေရ်ကြီးတပါး ထိုင်နေတော်မူသည့်ပမာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကြီး တစ်ခုလုံးကို တင်ပလ္လင်ခွေ၏ အတွင်း၌သာပြု၍ ထိုင်နေတော်မူလိုက်လေ၏၊

ထိုအခါ သိကြားမင်းသည် မိမိအပြစ်ကို သိမြင်လာကာ 'ကိုယ့်ပမာဏကို မသိခြင်းကား ကြီးစွာသော အကျိုးမဲ့ကြီးပါတကား၊ မြတ်စွာဘုရားရှင် မည်သည်အဘယ်သို့သော ပုဂ္ဂိုလ်ဖြစ်သည်ဟု၍ အတုန်အစင် ငါတို့သည် မသိမြင်နိုင်ကုန်စွတကား၊ ဤသို့လျှင် မကြံအပ်မကြံစည်နိုင်သော ဂုဏ်ကျေးဇူးအပေါင်းနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရားရှင်အားပင်သော်မှ ကျွန်ုပ်သည် ဤကဲ့သို့အကြံမှား အထင်မှားခဲ့လေပြီတကားဟု မိမိ၏အပြစ် ဓါးသတို့ ထင်စွာပြု၍ မြတ်စွာဘုရားကို နိုသေမြတ်နိုး ရှိခိုးကန်တော့လေသည်၊

လူအများ ဘုရားရှင်ကို မမြင်ကြရ၍ ငိုကြွေးမြည်တမ်းကြဖြင်း၊

ထိုစဉ်လူပြည်လောက ငါတို့သည် ယမိုက်ပြာဋိဟာကိုဖူးမြော်ကြကုန်တုံဟူ၍ ကြည်နူး မြော်ကြကုန်စဉ် လူများအပေါင်းသည် တခဏအတွင်း မြတ်စွာဘုရားရှင်ကို မမြင်ကြရ၍ လတထောင်နေတထောင်တို့ ကွယ်ဝင်သောအခါ ကဲ့သို့ဖြစ်လေ၏၊ အကြောင်းအသို့နည်းဟု အချင်းချင်းပြောဆိုကြကာ

ဝတောန စိတ္တကုဋ်ဝါ၊ တောလာသိဝါ ယုဂန္ဓိရ

နနောဒတွေ မုသမ္ဗန္ဓ လောက ဓမ္မေနရာ သတ်၊

ငါတို့သည်လောကသုံးပါး၏ ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူပေထသော၊ လူမြတ်ထွတ်မှူးပုဂ္ဂိုလ်ထူးကြီးဖြစ်တော်မူပေထသော သဗ္ဗညုဗုဒ္ဓအမည်ရသည့် လောကထွတ်ထား ထိုမြတ်စွာဘုရားသည် စိတ္တကုဋ်တောင်သို့မူလည်း၊ သောသောကြွက်ဆူ၍ ဤမှုလောက်ပြောထူသည့် လူတို့နှင့်မနီးမဝေးရပ်ကို ငါနိုမ်းမည်ဟု ခရီးယာယီ ကြွချီတော်မူလေရော့လား၊ ယုဂန္ဓိုတောင်သို့မူလည်း သောသောကြွဆူ ဤမှုလောက် ပြောထူသည့်လူတို့နှင့် မနီးမဝေးရပ်ကို ငါနိုမ်းမည်ဟု ခရီးယာယီကြွချီတော်မူလေရော့သလားဟူသော ဤဂါထာကို ရွတ်ဆိုကြကာ လူတို့သည် ငိုကြွေးကြကုန်၏၊

အခြားတပါးသော လူအချို့တို့ကမူ မြတ်စွာဘုရား မည်သည် ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် ငါကားဆိတ်ငြိမ်ရာ၌ မွေ့လျော်သူဖြစ်ပါလျက် ဤမှုများပြားသော ပရိသတ်ဝယ် ဤသို့စဉ် ဆန်းကြယ်သော တန်ခိုးပြာဋိဟာပြသမှုကို ပြုမိလေပြီလားဟု အရှက်အားကြီးကာ လူမမြင်ရာအရပ်တပါးသို့ ကြွသွားတော်မူသည်ဖြစ်လိမ့်မည်၊ ယခုငါတို့သည် ထိုမြတ်စွာဘုရားကို မဖူးမြော်ရတုန်ဟုပြောဆိုကာ -

ဝိဝေ တရတော ဓိရော၊ နယိမံ လောက ပုနေဟိပိ

နနောဒတွေ မုသမ္ဗုဒ္ဓ လောကဇေဋ္ဌ နရာသဘ -

သဗ္ဗညုတဉာဏသခင် ရှင်ဘုရားကိုယ်တော်မြတ်ကြီးသည် အာရုံငါးထပ် ဆိတ်ငြိမ်ရာအရပ်၌သာ ချဉ်းကပ်မွေ့လျော် ပျော်ပိုက်တော်မူသည်ဖြစ်၍ အာရုံငါးချက်နက်၍ အေးကွက်မရှုပ်ပြင်းလှကား လောကဘုံပြင် ဤလူ့ခွင်သို့ နောက်ထပ်၍သော် ကြွလာတော်မူမည်မဟုတ်ချေ၊ ငါတို့သည်လောကသုံးပါး၏ ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူပေထသော သဗ္ဗညုဗုဒ္ဓအမည်ရသည့် လောကထွတ်ထားမြတ်ဘုရားကို ဖူးမြော်နေစဉ် ယခုမင် မမြင်ကြရကုန်တော့ချေဟူသော ဂါထာကို ရွတ်ဆိုငိုကြွေးလေကုန်၏၊

လူများအပေါင်းတို့သည် အရှင်မဟာမောဂ္ဂလာန်မထေရ်ကို အရှင်ဘုရား. . . ယခုအခါ မြတ်စွာဘုရားရှင်သည် အဘယ်အရပ်၌ ရှိတော်မူပါသနည်းဟု မေးမြန်းကြလေသည်၊ အရှင်မဟာမောဂ္ဂလာန်မထေရ်သည်ကိုယ်တိုင်က ဘုရားရှင်တာဝတိံသာနတ်ပြည်၌ ရှိတော်မူနေသည်ကို သိသော်လည်း၊ 'သူတပါးတို့၏ ဂုဏ်ကျေးဇူးများ ထင်ရှားကြပါစေ'ဟု နှလုံးပိုက်တော်မူကာ 'အရှင်အနုရုဒ္ဓါကို မေးကြလော့' ဟူ၍ မိန့်ဆိုတော်မူလေသည်၊ လူများအပေါင်းက အရှင်အနုရုဒ္ဓါကို မေးမြန်းကြသဖြင့် အရှင်အနုရုဒ္ဓါသည် တာဝတိံသာနတ်ပြည်ဝယ် ပင်လယ်ကသစ်ပင်ရင်း၊ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၌ ဝါကပ်တော်မူ၍ မယ်တော်မိနတ်သားအမှူးပြုသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာပိဋကတ်ကို ဟောကြားတော်မူရန် ကြွသွားတော်မူသည်ဟု

ဖြေကြားတော်မူ၏၊ အဘယ်အခါ၌ ပြန်ကြွတော်မူမည်နည်း'ဟု လူများအပေါင်းကမေးသဖြင့် အရှင်အနု ရှု၌ပါထေရ် သူမြတ်သည် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးမှ သီတင်းကျွတ် လပြည့် မဟာပဝါရဏာနေ့၌ ကြွတော်မူလာလိမ့်မည်" ဟူ၍ ဖြေကြားတော်မူလေသည်။

လူအပေါင်းတို့သည် "မြတ်စွာဘုရားကိုမဖူးမြော်ကြရဘဲ ငါတို့ကား မသွားကြတုန်'ဟု ကြံစည်တိုင်ပင်ကြ တာ ထိုအရပ်မှ သစ်ပင်ခုတ်တဲ ယာယီမဏ္ဍပ် ဆောက်လုပ်ကြလေတုန်သည်။ ကောင်းကင်ကြီးတပင် ထိုလူများ အပေါင်းတို့ စွန့်ပစ်သမျှသော ကိုယ်၏ အညစ်အကြေးများကို သူ့အလိုလိုမျိုပစ်သဖြင့် ထိုမှများပြားစွာသော ပရိသတ်၏အညစ်အကြေးဟူ၍ မတွေ့ရချေ၊ နေရာတိုင်းမှာပင် မြေတပြင်သည် စင်ကြယ်လျှက်ရှိချေသည်။

မြတ်စွာဘုရားရှင်သည်လည်း ပဌမရှေးဦးတပင် အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကို 'သင်ချစ်သား ဤပရိတ်သတ်အား တရားဟောရစ်ရမည်၊ စူဠအနာထပိဏ် ဝါယကာက ထိုပရိတ်သတ်အား အစာအာဟာရ ပေးလှူလိမ့်မည်"ဟူ၍ မိန့်ဆိုတော်မူပြီးဖြစ်လေသည်၊ ထို့ကြောင့် ထိုဝါတွင်း သုံးလပါတ် စူဠအနာထပိဏ် ဒါယကာသည် ထိုပရိတ်သတ်အား စောစောကပင်လျှင် ယာဂု၊ ဆွမ်း၊ ခဲဖွယ်၊ စားဖွယ်၊ ကွမ်း၊ ဆေး လဖက်၊ နံ့သာ၊ ပန်းမာလ်၊ အဆင်တန်ဆာအစရှိသော လူ့အသုံးအဆောင်များကို လိုလေသေးမရှိရအောင် စေ့ငှစုံလင်စွာ ပေးလှူလေသည်၊ မြတ်စွာဘုရားရှင်၏ ရှေးဦးပဌမ ကြိုတင်မိန့်တော်မူချက်အတိုင်း အရှင်မောဂ္ဂလာန်မထေရ် သည် ထိုပရိတ်သတ်အား ဝါတွင်းသုံးလပတ်လုံး တရားဟောတော်မူလေသည်။

## စကြာဝဠာတိုက်တသောင်းမှ
## နတ်ဗြဟ္မာအပေါင်းတို့ မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်ရောက်ရှိကြခြင်း

အဘိဓမ္မာတရားကို ဟောကြားတော်မူဖို့ရန် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းအပ်သော ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၌ ဝါကပ်တော်မူသော မြတ်စွာဘုရားထံတော်မှောက်သို့ ဇာတိခေတ်စကြာဝဠာ တိုက်တသောင်းတို့မှ နတ်ဗြဟ္မာအပေါင်းတို့သည် အဘိဓမ္မာတရားကိုနာယူကြရန် ဝန်းရံဆည်းကပ်ကြလေတုန် သည်၊ ထိုမျှ များစွာနတ်ဗြဟ္မာမျှ ရှပ်ရှည်အဆင်းအားဖြင့် မြတ်စွာဘုရားထက် သာလွန်မတင့်တယ်နိုင်ချေ၊ ခင်စစ်ကား မြတ်စွာဘုရားတသာလျှင် ခပ်သိမ်းသော နတ်ဗြဟ္မာတို့ကို လွှမ်းမိုးလွန်တင့်တယ်တော်မူလေသည်။

ဤသို့လျှင်ခပ်သိမ်းသော နတ်ဗြဟ္မာတို့ကို ကိုယ်တော်မြတ်၏ ကိုယ်တော်ရောင်ဖြင့် လွှမ်းမိုးတင့်တယ် ကာ မြတ်စွာဘုရားသခင် ထိုင်နေတော်မူပြီးလတ်သော် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားသည်မိမိ၏ ဝိမာန်တုသိတာဘုံမှ ဆင်းသက်လတ်၍ မြတ်စွာဘုရားရှင်၏ ရှေ့တော်ဝယ် လက်ျာနံပါး၌ ရိုသေစွာထိုင်နေလာသည်။

## အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့၏ အကြောင်း

မယ်တော်မိနတ်သား ထိုင်နေပြီးသောအခါ ဣန္ဒကနတ်သားသည်လည်း မြတ်စွာဘုရားထံမှောက်သို့ လာရောက်၍ လက်ျာနံပါးဖက်၌ပင် ထိုင်နေသည်၊ အင်္ကုရနတ်သားသည် လက်ဝဲဘက်နံပါး၌ ထိုင်နေလေသည်။ ထိုအင်္ကုရနတ်သားသည် တန်ခိုးကြီးသောနတ်ဗြဟ္မာတို့ လာတိုင်းလာတိုင်းနေရာတ်သို့ ဆုတ်၍ဆုတ်၍ နေရာပေး ရသဖြင့် မြတ်စွာဘုရားမှ တဆယ့်နှစ်ယူဇနာဝေးကွာသော အရပ်၌ နေရာကိုရလေသည်။ ဣန္ဒကနတ်သား

မူတား ဓုလရုင်းနေရာ၌ဝင် မစံရှုမပြောင်းရဘဲ နေမြဲနေထိုင်ရုံးလသည်၊

## အကုံရနတ်သားအကြောင်းအကျဉ်းချုပ်

အကုံရနတ်သားတူသည်မှာ. . . သာသနာပြင်ပကာတိရတာအခါ ကဿပမြတ်စွာဘုရား လွယ်ပြီး နောတ်တခါ ဥဇ္ဇရမစုရာစ်ပြည့်ရှင် မဟာသာဂရမင်းကြီးသားတော် ဥပသာဂရမင်းသားနှင့် ဥဇ္ဇရာစထတိုင်းဝယ် ကံသမင်းကြီး၏ စားကျေးမြို့ဖြစ်သော အသိတဉ္စနမြို့၌ မဟာကံသမင်းကြီး၏ သမီးတော် ဒေဝဂဗ္ဘာမင်းသမီးတို့သင့်မြတ်ကြရာ သမီးတော်အဥ္စနဒေဝီ မင်းသမီးတပါး၊ သားတော်ဝါသုဒေဝမင်းသားစသော မင်းသားတကျိပ် အားဖြင့် သားတော်သမီးတော်တကျိပ်တပါး ထွန်းကားခဲ့ရာတွင် သားတော်အငယ်ဆုံးထား အကုံရမင်းသား အမည်ရှိလေသည်၊

ထိုအကုံရမင်းသားသည် အရွယ်သို့ ရောက်လတ်သောအခါ နောင်တော်ဝါသုဒေဝစသော မင်းသားတို့ စတ်လတ်နက်ဖြင့် ဇမ္ဗူဒိပ်တျွန်းလုံးကို တိုက်ခိုက်သိမ်းယူပြီးနောက် မိမိအတွက်ဝေပုံကျရရှိသော မြို့စားမင်း တဖြစ်တို့ အမကြီးဖြစ်သူ အဥ္စနဒေဝီမင်းသမီးအားပေးစေ၍ မိမိကိုယ်တိုင်ကမူ နောင်တော်အစ်မတော်တို့၏ နိုင်ပိုင်ရာမြို့နယ်အတွင်း၌ အကောက်အခွန်လွတ်ငြိမ်းခွင့်ကိုသာ တောင်းယူပြီးလျှင် အရောင်းအဝယ်တုန်သွယ်ခြင်း အလုပ်ဖြင့်သာ ချမ်းသာစွာနေထိုင်ခဲ့ကြလေသည်၊

နောက်တချိန်၌ အကုံရမင်းသားသည် လှည်းအစီးငါးရာဖြင့် တုန်ရောင်းသွားရာ သဲကန္တာရအတွင်း၌ မျှတ်စီလည်လမ်းမှား၍ စားနပ်ရိက္ခာပြတ်သဖြင့် ဒုက္ခကြီးစွာရောက်ရှိလေသည်၊ ထိုသဲကန္တာရ၌ လက်ျာလတ် တဘက်တည်းမှ လိုသမျှအသုံးအဆောင်ကို ပေးနိုင်စွမ်းသော ညောင်ပင်စောင့်နတ် တဦးရှိလေသည်၊ထိုညောင်ပင် စောင့်နတ်သည် ရှေးလူဖြစ်စဉ်ဘဝက အကုံရမင်းသား မြုစုမောင့်ရှောက်ခဲ့ဘူးသော ကျေးဇူးတိုသိမြင်သူပုဂ္ဂိုလ်ဖြစ် ရကား မင်းသားနှင့်တကွ ဝရိုက်သတ်တို့ လိုသမျှသော အသုံးအဆောင်ကို လက်ျာဘက် လက်တချောင်း တည်းဖြင့် ညွှန်ပြပေးလှူလတ်သည်တွင် အကုံရမင်းသားက ရှေးကောင်းမှုကိုမေးသဖြင့် ညောင်စောင့်နတ်မင်းသည် "မိမိရှေးလူဖြစ်စဉ်တရော ဂုဝမြို့၌ အာသယှသူဌေး၏ ထိမ်အနီး ဆင်းရဲသားအပ်ချုပ်သမားဖြစ်ခဲ့၍ အသယှ သူဌေး အလှူကြီးပေးသောအခါ ရောက်လာသောအလှူခံပုဂ္ဂိုလ်တို့အား ဝမ်းမြောက်ကြည်ညိုစွာ လက်ျာလတ် ကိုဆန့်တန်း၍ အလှူမဏ္ဍပ်ရှိရာဌာနကို ညွှန်ပြခဲ့သော ကောင်းမှုကြောင့် ဤတဲ့သို့ လကျာ်လက်မှ အလိုရှိအပ်သမျှ သော လူ့အသုံးအဆောင် စားဖွယ်သောက်ဖွယ်၊ ဝတ်ဖွယ်တစရှိသည်တို့ တသွင်သွင်ယိုစီး၍ ကျရောက်နေကြောင်း မြွက်ကြားခဲ့လေသည်"

ထိုညောင်စောင့်နတ်မင်းကို အားကျ၍ အကုံရမင်းသားသည် ဒွါရဝတီနေပြည်တော်သို့ ရောက်သောအခါ ကြီးစွာသောအလှူကြီး ဇမ္ဗူဒိပ်တကျွန်းလုံးတွင် တုံးပိတ်ပေးလှူသဖြင့် မင်းများအခွန်အတုပ်မရှိ၍ နောင်တော်မင်း တို့က အကုံရညီတော်မင်းသားကို တိုင်းတိုင်းရှုည်ရှည်လှူဖို့ရန် မတ္တာရပ်ခံသောကြောင့် အကုံရမင်းသားသည် စတွီဏာပထတိုင်းသို့ ပြောင်းရွှေ့သွားရောက်တာ စမိဋ္ဌနိင်ငံ၌ သမုဒြာအနီးဝယ်ဆယ့်နှစ်ယူဇနာဝေါက်မြေ တလျှောက်၌ ခုံးသောက်ချင်းဆက်တာ အနှစ်တစ်ဆောင်းကြာ ကြီးစွာသောအလှူဌာနတိုပေး၍ ထိုဘဝမှစုတေ

လတ်ဆော် တာဝတိံသာနတ်ပြည်၌ အင်္ကုရဟူသော ရွှေအမည်ဖြင့် နတ်သားဖြစ်လေသည်။

အင်္ကုရမင်းသားသည် ထိုကြီးစွာအလှူကြီးပြင့်လှူဒါန်းရသော်လည်း သာသနာပြင်ပဖြစ်၍ ဝုဿိလ အလှူခံများကိုသာ လှူဒါန်းခဲ့ရကား၊ မြေညံ၌ စိုက်ပျိုးအပ်သော မျိုးစေ့ကဲ့သို့ အကျိုးဖြစ်ထွန်း သင့်သလောက် မဖြစ်ထွန်းပဲ ရှိရလေသည်။ဤကား အင်္ကုရနတ်သား၏ အကြောင်းအရာအကျဉ်းချုပ်တည်း။ အကျယ်ကိုအလိုရှိမူ ပိဋကတ်တော် မြန်မာပြန်ပေတဝတ္ထုပါဠိတော်၊ ၂- ဥရဂဝဂ်၊ ၉ - အင်္ကုရပေတဝတ္ထုမှ မှတ်ယူရာ၏။

ဣန္ဒကနတ်သားအကြောင်း အကျဉ်းချုပ်

ဣန္ဒကနတ်သားအကြောင်းကား. . . ဤသို့ဆိုအပ်ခဲ့သည့် အတိုင်းအင်္ကုရနတ်သားသည် တာဝတိံသာနတ်ပြည်၌ဖြစ်၍ နတ်စည်းစိမ်ကိုခံစားနေစဉ် ငါတို့၏မြတ်စွာဘုရားလက်ထက်တော်အခါ၌ ဣန္ဒက အမည်ရှိသော လုလင်သည် ဆွမ်းခံကြွတော်မူလာသော အရှင်အနုရုဒ္ဓါမထေရ် သဒ္ဓါကြည်ညိုသော စိတ်ရှိလျှက် ယောက်ချိုမျှသောဆွမ်းကို လှူဒါန်းခဲ့လေသည်။ ဣန္ဒကလုလင်သည် နောက်အခါ စုပ်ပြတ်ကြွေသေလွန်ခဲ့၍ သာသနာတည်းဟူသော လယ်ရမြေကောင်း၌ ဆွမ်းတယောက်ချို အလှူဒါနတည်းဟူသော ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးခဲ့သော အာနုဘော်ကြောင့် တာဝတိံသာနတ်ပြည်၌ တန်ခိုးအာနုဘော်ကြီးသော ဣန္ဒကအမည်ရှိသော နတ်သားဖြစ်ပြီးလျှင် နတ်၌ ဖြစ်သော (၁)သုံးဆောင်မှုယ်ရာ အဆင်းအာရုံ (၂) အသံအာရုံ (၃) အနံ့အာရုံ (၄) အရသာအာရုံ (၅) အတွေ့အထိ အာရုံတို့နှင့် တကွ (၆) အသက်ရှည်ခြင်း (၇) အခြံအရံများခြင်း (၈) ပုံပန်းသဏ္ဌာန်တင့်တယ်ခြင်း (၉) ချမ်းသာကြီးခြင်း (၁၀) အစိုးရခြင်း။ ဤဆယ်ရပ်သော ဂုဏ်ကျေးဇူးတို့ဖြင့် အင်္ကုရနတ်သားကို လွှမ်းမိုးသာလွန်တင့်တယ်လေသည်။

ထို့ကြောင့်ဤယခုအဘိဓမ္မာတရားနာ၌အင်္ကုရနတ်သားမှာ တန်ခိုးအာနုဘော် မကြီးမားလှသောကြောင့် တန်ခိုးကြီးသည့်နတ်ဖြစ်ဟူတို့ လာတိုင်းလာတိုင်း နေရာဖယ်ရှားပေးရသဖြင့် မြတ်စွာဘုရားမှ ဝေးကွာသည့် တဆယ့်နှစ်ယူဇနာအရပ်၌ နေရာကို ရလေသည်။ ဣန္ဒကနတ်သားမှုကား၊ တန်ခိုးကြီးသူဖြစ်၍ မြတ်စွာဘုရား၏ တနီးမှာပင် ပဋ္ဌမယူအပ်သောနေရာ၌ အခြားသို့မရွှေ့မပြောင်းရဘဲ နေနိုင်ခွင့်ကို ရရှိလေသည်။

မြတ်စွာဘုရားရှင်သည် ထိုအင်္ကုရနတ်သားနှင့်တကွ ဣန္ဒကနတ်သား နှစ်ဦးသားတို့ကို ကြည့်ရှုတော်မူ၍ ကိုယ်တော်မြတ်၏ သာသနာ၌မြတ်သော အလှူခံပုဂ္ဂိုလ်တို့အား လှူအပ်သော အလှူဒါန၏ အကျိုးကြီးမြတ်ကြောင်းကို သိစေတော်မူလိုသည်ဖြစ်၍ "အင်္ကုရ . . သင်သည် အနှစ်တသောင်းကြာ ကာလပတ်လုံး ဆယ်ယူဇနာ အလျှာတ် ခုံလောက်ချင်းဆက်ကာ ကြီးစွာသောအလှူဒါနကို ပေးလှူအပ်ခဲ့ပါလျှက် ယခုအခါ ငါဘုရား၏ အဘိဓမ္မာတရားသဘင် အစည်းအဝေးသို့ လာရောက်ပြီးလျှင် ဆယ့်နှစ်ယူဇနာဝေးကွာသော အရပ်၌ အဘယ်ကြောင့် နေထိုင်ခွင့်ကိုရသနည်း"ဟု မေးတော်မူလိုရကား -

မဟာဒါနံ တယာဒိန္နံ၊ အင်္ကုရဒီဃ မန္တရေ
အတိဒူရေ နိသန္နောသိ၊ အာဂစ္ဆ မမသန္တိကေ။

အင်္ကုရဟူနာမထင်ရှားတိုခါယကာနတ်သား၊ သင်သည် အနှစ်တသောင်းရှည်ညောင်းမြင့်ကြာ အခါတွင်

ဆယ့်နှစ်ယူဇနာပေါက် မြေတလျှောက်ဝယ် နံ့လောက်ခြင်းဆက်ကား ကြီးစွာသောအလှူဒါနကို သဒ္ဓါရှေ့သွင်၍ ပေးလှူခဲ့နပြီ၊ အတိမ္ဟာဒေသနာနက်လေးဤယခုတစည်းတဝေ၌ ငါဘုရားနှင့် ဝေးကွာလှစွာ ဆယ်ယူဇနာအရပ်၌ အဘယ်ကြောင့်၊ တန်ခိုးကြီးစွာ နတ်ပြဟ္မာတို့ ရောက်လာတိုင်း၊ နောက်သို့ဆုတ်၍ ပြောင်းရွှေ့နေထိုင်သည်ဖြစ်သနည်း။ ငါဘုရား၏ ထံပါးမျက်မှောက်စက်ခိုပ်အောက်သို့သာလျှင် မကြွသင်လာရောက်ပါတော့လော့။

ဤဂါထာကို မိန့်ဆိုမြွက်ကြားတော်မူလေသည်၊ ထိုသို့မြတ်စွာဘုရားက အင်္ကုရနတ်သားကို မေးမြန်းမြွက်ဆိုသောအခါသည် အောက်မြေအပြစ်သို့ ဆိုက်ရောက်လေသည်၊ ထိုအရာကို လူ့ရပ်၊ လူပြည်၌ ရှိသော ပရိတ်သတ်များ ကြားရလေသည်၊ ဓမ္မပဒဋ္ဌ -၂ ၁၄၄ - ၅

ဤသို့ မြတ်စွာဘုရားရှင် မေးမြန်းအပ်သည်ရှိသော် အင်္ကုရနတ်သားပြန်လည်ဖြေကြားလျှောက် ဆိုသော တဂါထာခွဲ ၆-ပါဒ နှင့်တကွ သင်္ဂီတိကာရကမထေရ်ကို ပြည့်စွက်ဟောကြားအပ်သည့် ဂါထာဝတ်ပါ နှစ်ဂါထာကို ပါဠိတော်၌ ဤသို့ သင်္ဂါယနာတင်၍ ထားအပ်လေသည်၊

> စောဒိတောသာ ဝိတဗ္ဗေန၊ အင်္ကုရော ဧတဒဗြဝိ
> ကိံမယှံတေန ဝါနေန၊ ဒက္ခိဏေယျ နသုညတံ
> အယံသော ဣန္ဒကောယက္ခော၊ ဒဇ္ဇာဒါနံ ပရိတ္တကံ၊
> အတိရောစ တိအမှေဟိ၊ စန္ဒောတာရာ ဂဏေယထာ၊

ကာယစိတ္တဘာဝနာ နှစ်ပါးပွားများတော်မူပြီးသော မြတ်စွာဘုရားသည်၊ စောဒနာ စစ်ဆေးမေးမြန်းအပ်သည်ဖြစ်၍ သာသာပြင်ပတာဟီရဝယ်ဒါန ပြုပွားအင်္ကုရနတ်သားသည် ဤသို့ ဆိုလတ္တံ့သော အဖြေစကားကို လက်အုပ်ချီမိုးရှိုးလျှောက်ဆိုလေပြီ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သီလဝန္တခေါ်ဆိုသော အလှူခံပုဂ္ဂိုလ်မှ မပါလုံးလုံးကင်းဆိတ်သုန်းသော သာသနာပြင်ပ တာဟီရဂယ်လုံ့လသည်း၄ အကြင်ဒါနကောင်းမှုသည်ရှိ၏၊ အကျွန်ုပ်၏၊ သာသနာပြင်ပ တာဟီရဝယ်ကာလရှည်လျား ပွားများအားထုတ်ခဲ့သော ထိုဒါနကောင်းမှုဖြင့် အဘယ် မူစတုံနည်း။

ရှင်တော်ထံပါး ဤဣန္ဒကနတ်သားသည် ဆွမ်းတယောက်ချိုမျှ အနည်းငယ်သော အလှူဒါန အနုရုဒ္ဓါ ထေရ်မဟာအား သဒ္ဓါထိန်လင်း ပေးလှူခဲ့ခြင်းကြောင့် ပြသာဒ်ငွေသား ရထားသည် နက္ခတ်များစွာ ကြယ်တာရာ အပေါင်းတို့ကို အရောင်ဖြိုးဖြိုး လွှမ်းမိုးတင့်တယ်သကဲ့သို့ သာသနာပြင်ပ တာဟီရဝယ် ဒါနမျိုးချယ် တန်ခိုးငယ်သော အကျွန်ုပ်တို့ကို ဌာနဆယ်မျိုး နတ်တန်းဖြင့် လွှမ်းမိုးမြန်တယ် တင့်တယ်ထွန်းပပါပေ၏၊

ဤသို့ အင်္ကုရနတ်သားက လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ဣန္ဒကနတ်သားကို "ဣန္ဒက. . . သင်သည် ငါဘုရား၏ လက်ျာနံပါး၌ မရွေ့ရှားထိုင်နေ၏၊ အဘယ်ကြောင့် တန်ခိုးကြီးသည့် နတ်များလာ ရောက်ကြသောအခါ မဖယ်မရှားရပဲ ထိုင်နေပြီ နေနိုင်သနည်း" ဟု၍ မေးတော်မူ၏၊ ဣန္ဒကနတ်သားသည်လည်း- "ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . တပည့်တော်သည်လယ်မြေကောင်း၌ မျိုးစေ့အနည်းငယ်ကို စိုက်ပျိုးသော လယ်သမားများကဲ့သို့ အလှူခံပုဂ္ဂိုလ်တည်းဟူသော လယ်မြေကောင်း၏ ပြည့်စုံခြင်းကို ရရှိခဲ့သူဖြစ်ပါသည်" ဟူ၍ လျှောက်ဆိုပြီးလျှင် မြတ်သောအလှူခံပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးကို ထင်ရှားပြလိုသည်ဖြစ်၍

ဥဠ္ဌလေယထာ ခေတ္တေ၊ ဗီဇံဗဟုမ္ပိ ရောပိတံ။
န ဖလံ ဝိပုလံ ဟောတိ၊ န ပိ တောသေတိ ကဿကံ။
တထေဝ ဒါနံ ဗဟုကံ၊ ဒုဿီလေသု ပတိဋ္ဌိတံ။
န ဖလံ ဝိပုလံ ဟောတိ၊ န ပိ တောသေတိ ဒါယကံ။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . ဩဇာဓါတ်ဆီမသိဝေးလွင့် ဆပ်ပြာပွင့်သည်း ကုန်းမြင့် ခေါင်ခွေ ကျောက်တုံးမြေ၌ လုံ့လအားကြီး စိုက်ပျိုးကြဲချအပ်သော၊ မျိုးစေ့သည် အရေအတွက်အား များပြားလှသော်လည်း၊ ဖြန့်ပြောခိုင်ဖြိုး အသီးကိုသီးနိုင်၏၊ မဖြစ်သကဲ့သို့ ထွန်ယက်လုပ်စား၊ လယ်သမားကို၊ ပီတိဝုက်တတ် မနှစ်သက်လည်း မနှစ်သက်စေနိုင်သကဲ့သို့၊ ထို့အတူပင် ဒုဿီလခေါ် ဆို အလှူခံပုဂ္ဂိုလ်တို့၌ လှူဒါန်းသောအား စိုက်ပျိုးတည်ထားအပ်သော၊ သာသနာပြင်ပ စာဟိရအလှူမျိုးသည်၊ သချာဆပွား မည်မျှပင်များသော်လည်း၊ ဖြန့်ပြောဝှန်းဖြိုး များမြတ်သောအကျိုးရှိသည်မဖြစ်နိုင်၊ ပေးလှူတတ်စွာ ဒါယကာကို၊ ပီတိဝှန်တက် မနှစ်သက်လည်း မနှစ်သတ်စေနိုင်ပါဘုရား။

ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပမ္ပိ ရောပိတံ။
သမ္မာဓာရံ ပဝေစ္ဆန္တေ၊ ဖလံ တောသေတိ ကဿကံ။
တထေဝ သီလဝန္တေသု၊ ဂုဏဝန္တေ သုတ္တာဒိသု။
အပ္ပကံ ကာရံ ပုညံ ဟောတိ မဟပ္ပလံ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . ဓါတ်ဆီပြဇာရသာ ပြည့်ညောင်းလယ်မြေကောင်း၌လုံ့လအားကြီး စိုက်ပျိုးကြဲချအပ်သော မျိုးစေ့သည်၊ အနည်းငယ်မျှ မပြောပလောက်သော်လည်း မိုးရေအယဉ်ကို ကောင်းမွန် မှန်ကန်စွာ မြေကောင်းဖြစ်က ဆယ့်ငါးရက်တစ်ကြိမ်၊ မြေအလတ်စားဖြစ်က ဆယ်ရက်တစ်ကြိမ်၊ ထိုအောက်ညံ့ သောမြေဖြစ်ကာ ငါးရက်တစ်ကြိမ် အချိန်သင့်နိုးရာ သွန်းဖြိုးသည်ရှိသော် အောင်မြင်ခိုင်ဖြိုးပြည့်စုံသည့် အသီးသည် ထွန်ယက်လုပ်စား လယ်သမားများကို ပီတိယျံ့တက် နှစ်သက်အားရစေသကဲ့သို့၊ ထို့အတူသာလျှင်၊ သီလကျေးဇူး အထူးကုံလုံ ပြည့်စုံတော်မူကြကုန်သော၊ သမာဓိဟုန် ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူကြကုန်သော တာဒိဂုဏ်ရှင် အရိယာသခင်တို့၌ ပေးလှူဆက်ကပ်ပြုလုပ်အပ်သော ဥပကာရ ကျေးဇူး ကောင်းမှုအထူးသည် ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိသည်၊ ဩဇာဝှန်ဖြိုး မြေမျိုးဝယ် စိုက်ပျိုးအပ်ငှား မျိုးစေ့အလားလျှင် ထင်ရှား ဖြစ်နိုင်ပါ၏ဘုရား၊ ဤလေးဂါထာတို့ကို ရွတ်ဆိုလျှောက်ထားအပ်လေသည်၊

ဤသို့ ဣန္ဒကနတ်သားလျှောက်ထားအပ်သည်ရှိသော် မြတ်စွာဘုရားသည် အင်္ကုရနတ်သားကို 'အင်္ကုရ. . အလှူဒါနမည်သည်ကို လှူဖွယ်ဝတ္ထုကောင်း၊ အလှူခံပုဂ္ဂိုလ်ကောင်း ဤနှစ်ရပ်ကို ရွေးချယ် စိစစ်၍ လှူသည်ရှိသော် ထိုဒါနသည် လယ်မြေကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့ကဲ့သို့ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိနိုင်သည်၊ သင့်မှာမူကား သာသနာပြင်ပ ကာလဝိပတ္တိနှင့် ကြုံကြိုက်သဖြင့် ထိုကဲ့သို့ စိစစ်လှူဒါန်းမှုကို မပြုနိုင်ခဲ့ချေ၊ ထို့ကြောင့် သင်၏အလှူဒါနသည် ဣန္ဒကနတ်သား၏ အလှူလောက် အကျိုးမကြီးပဲ ဖြစ်ရလေသည်ဟူ၍ မိန့်တော် မူပြီးလျှင် ထိုအနတ်သဘောကို ထင်ရှားစေတော်မူလိုသဖြင့် -

စိတ်ဧယျဒါနံ ဒါယကဿ သတ္တိဒိန္နံ မဟပ္ဖလံ။
စိတ္တေ ဒါနံ ဖတ္တန္တံ၊ သဒ္ဓံစန္တံ ဒါယကာ။
စိတ္တေ ဒါနံ သုဝတေ သင်္ဃ၊ ယေတတ္တံ ကောဿာ ကုစနံ လောကေ။
စေတောသုဒ္ဓိ ဒိန္နဒါနံ မဟပ္ဖလာနိ၊ ဝိပါကံ ဝုတ္တာနိ သတ္ထာသုခေတ္တေ။

အတိုချုပ်မှာ ခထင်ရှား ဆို ဒါယကာနတ်သား၊ သီလဝန္တခေါ်ဆို ကကြင်ကလျာခံပုဂ္ဂိုလ်တို့၌ သဒ္ဓါမှု၌ စတိုလျူအပ်သော အလှူဒါနသည် များပြတ်သောအကျိုးရှိ၏ ထိုသီလဝန္တခေါ်ဆိုကလျာခံ ပုဂ္ဂိုလ်တို့ကို ရွေးချယ်မလျှပ်ဘဲ စိတ်၌ အလှူဒါနကို သဒ္ဓါမှု၌ ပေးလှူခြင်းကြောင့် အလှူဒါယကာတို့သည် နတ်ရွာသို့လား ရောက်ရတုန်၏၊ လှူဖွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ် ဤနှစ်ပါးတို့ကို ကောင်းနိုးရာရာ ရွေးချယ်စိစစ်၍ သဒ္ဓါမှု၌ ပေးလှူခြင်းကို အရှင်ဘုရားတို့သည် ချီးမွမ်းအပ်ပေ၏၊ အသက်ရှည်ထွေတည် နေကြပါ၍ လောကဉ်၊ သီလဝန္တခေါ်ဆို အကြင်မြတ်သော အလှူခံပုဂ္ဂိုလ်၌ သဒ္ဓါမှု၌ ပေးလှူအပ်သော အလှူဒါနတို့သည် ကြည်ပြည့်ညောင်းသယ်မြေကောင်း၌ ကြဲချစိုက်ပျိုး အပ်တုန်သော မျိုးစေ့ဝါးတန် စိစစ်တို့ကဲ့သို့ လူ့ရပ်နတ်ဌာန်နိဗ္ဗာန်တိုင်ထိသမ္ပတ္တိနှံ့ပြီးများမြတ်သော အကျိုးရှိတုန်၏၊

ဤကဲ့သို့ မိန့်ကြားတော်မူပြီးလျှင် ထိုဝုအထက်တဆင့်တက်၍ မဝရောက်ဖိုလ်တည် ဖြစ်စေရန် တရားဒေသနာကို တိုးချဲ့ဟောတော် မူလိုရကား ဤဆိုလတ္တံ့သော လေးဂါထာတို့ကို ဆက်လက်ဟောကြားတော်မူလေသည်။

တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံပဇာ။
တသ္မာဟိ ဝီတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ၊

စိစစ်ငါးမျိုး စိုက်ပျိုးကြဲချရာ သယ်ယာတို့သည် ပေါင်းမြက်ဟူသော အပြစ်ပေါ်ကြပေကုန်၏၊ လူနတ်ဗြဟ္မာ ဤသတ္တဝါအပေါင်းသည်၊ ရာဂဟူသော အပြစ်ပေါ်ကြပေ၏၊ ထို့ကြောင့်သာလျှင် ရာဂမအောင်း အရိယာသူတော်ကောင်းတို့၌ သဒ္ဓါမှု၌ ပေးလှူအပ်သော အလှူဒါနသည် လူရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုးများမြတ်သော အကျိုးရှိသည်ဖြစ်ပေ၏၊

တိဏဒေါသာ နိခေတ္တာနိ၊ ဒေါသဒေါသာ အယံပဇာ၊
တသ္မာဟိဝီတ ဒေါသေသု၊ ဒိန္နံဟောတိ မဟပ္ဖလံ၊

စိစစ်ငါးမျိုး စိုက်ပျိုးကြဲချရာ သယ်မြေရာတို့သည်၊ ပေါင်းမြက်ဟူသော အပြစ်ပေါ်ကြပေကုန်၏၊ လူနတ်ဗြဟ္မာ ဤသတ္တဝါအပေါင်းသည် ဒေါသဟူသော အပြစ်ပေါ်ကြပါပေကုန်၏၊ ထို့ကြောင့်သာလျှင်၊ ဒေါသမအောင်း အရိယာသူတော်ကောင်းတို့၌သဒ္ဓါမှု၌ ပေးလှူအပ်သော အလှူဒါနသည် လူ့ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုးများမြတ်သော အကျိုးရှိသည်ဖြစ်ပေ၏၊

တိဏဒေါသာ နိခေတ္တာနိ၊ မောဟဒေါသာ အယံပဇာ၊
တသ္မာဟိဝီတ မောဟေသု၊ ဒိန္နံဟောတိ မဟပ္ဖလံ၊

စိစစ် ငါးမျိုးစိုက်ပျိုးကြဲချရာ သယ်မြေယာတို့သည်၊ ပေါင်းမြက်ဟူသော အပြစ်ပေါ်ကြပေကုန်၏၊ လူနတ်

ဗြဟ္မာ ဤသတ္တဝါအပေါင်းသည် မောဟဟူသော အပြစ်ပေါ်ကြပေကုန်၏၊ ထိုကြောင့်သာလျှင် မောဟမထောင်း အရိယာသူတော်ကောင်းတို့၌ သဒ္ဓါရှေ့ရှု၍ ပေးလှူအပ်သော အလှူဒါနသည်၊ လူရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိ ဖွံ့ဖြိုးများပြတ်သော အကျိုးရှိသည်ဖြစ်ပေ၏၊

တိဏဒေါသာ နိခေတ္တာနိ၊ ဣစ္ဆာဒေါသာ အယံပဇာ၊
တသ္မာတိ ဝိဂတိစ္ဆေသု၊ ဒိန္နံဟောတိ မဟပ္ဖလံ၊

ဗီဇ ငါးမျိုးစိုက်ပျိုးကြဲချရာ လယ်မြေယာတို့သည်၊ ပေါင်းမြက်ဟူသော အပြစ်ပေါ်ကြပေကုန်၏၊ လူနတ်ဗြဟ္မာ ဤသတ္တဝါအပေါင်းသည်၊ ငါးပါးအာရုံ ကာမဂုဏ်ကို ခင်မင်နှစ်သက်မက်မောတတ်စွာ ဣစ္ဆာမထောင်း အရိယာသူတော်ကောင်းတို့၌ သဒ္ဓါရှေ့ရှု၍ ပေးလှူအပ်သော အလှူဒါနသည်၊ လူရပ်နတ်ဌာန်၊ နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိ ဖွံ့ဖြိုးများပြတ်သော အကျိုးရှိသည် ဖြစ်ပေ၏၊

ဤဒေသနာဆုံးလတ်သောအခါ အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏၊ များစွာသော နတ်ဗြဟ္မာအပေါင်း၏ အတွက်လည်း အကျိုးရှိသော တရားဒေသနာဖြစ်လာ၏၊

## တာဝတိံသာနတ်ပြည်၌ သတ္တမဝါကပ်တော်မူ၍ အဘိဓမ္မာတရား ဟောကြားတော်မူခြင်း၊

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့ကို သောတာပတ္တိဖိုလ်၌ တည်စေတော်မူပြီးလျှင် သတ္တမမြောက်ဝါကို တာဝတိံသာနတ်ပြည်၌ဝါကပ်တော်မူကာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ထက်ဝက်ဖွဲ့ခွေ ထိုင်တော်မူလျှက် မယ်တော်မိနတ်သား၊ သန္တုသိတနတ်သား၊ အမှူးပြုသည့် ဇာတိခေတ်စကြာဝဠာပေါင်း တိုက်တသောင်းတို့မှ ခညောင်းရောက်ရှိလာကြသည့် နတ်ဗြဟ္မာပရိတ်သတ်၏ အလယ်၌ "ကုသလာဓမ္မာ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ" အစရှိသောနည်းဖြင့် ကောင်းကင်မြစ်ကြီး တသွင်သွင် ထိုးစီးသည့်အလား အဘိဓမ္မာ တရားတော်မြတ်ကိုဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ ဟောကြားတော်မူလေသည်၊

ဤ၌ အထူးမှတ်ရန်ကား-ဆွမ်းအနုမောဒနာတရားဟောကြားတော်မူသောအခါ ဖြစ်သော်လည်း၊ အတန်ငယ်တိုး၍ အနုမောဒနာတရား ဟောကြားတော်မူကြသော မြတ်စွာဘုရားရှင်တို့၏ တရားဒေသနာတော်သည် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်ခန့် ပမာဏရှိပေ၏၊ နေ့လွဲအခါ ရောက်ဆိုက်လာသော ပရိတ်သတ်အားတရားဟောတော်မူကုန်သော မြတ်စွာဘုရားရှင်တို့၏ တရားဒေသနာတော်သည် သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်တော် တည်းဟူသော နိကာယ်ကြီး နှစ်ရပ်ခန့်ပမာဏရှိပေ၏၊ အကြောင်းသော်ကား၊ မြတ်စွာဘုရားရှင်တို့မှာ တဝိထိနှင့်တဝိထိအကြား ဘဝင်စိတ်အခြားကား နည်းလှပေ၏၊ ဘဝင်စိတ် နှစ်ကြိမ်ခန့်သာခြား၏၊ နှုတ်ခမ်းတော်ကား အလွန်ပင်စေ့စပ်လှ၏၊ ကောင်းစွာထိ၏၊ နှုတ်ခမ်းတော်လှုပ်ခြင်းသည် တနည်း-နှုတ်လျှာတော်သည် ပြေပြစ်စေ့စပ်လှပေ၏၊ လျှာတော်ကလည်း အလွန်နူးညံ့ပါးလျှရှည်သွယ်လှ၏၊ အသံတော်ကလည်း အငြိရှပ်ပါးရှိ၍ နာချင်စဖွယ် အလွန်ချိုမြိန်လှ၏၊ သို့ရကား စကားအသံတော်သည် -

"တစ်ရာ့တစ်ပါး၊ လူမျိုးများတို့၊ စကားတခွန်း၊ မြွက်ဆိုညွှန်းက ရှစ်ခွန်းအာနန်၊ မိန့်လျှပ်ပြန်၏၊

'အနန်ထေရ်ကျော်၊ တစ္ဆန်းတော်မူ၊ ရှင်တော်ဘုရား၊ လျှင်လျှားတုမဲ့၊ တစ်ဆယ့်ခြောက်ခွန်းထပ်ပို၏၊ လောကီလူများ၊ တစ္ဆန်းထားမူ၊ တုရားလူ့ဘာ၊ မုနိန္ဒလျှင်၊ တရားနှစ်ဆယ့်ရှစ်ခွန်းကယ်၏" ဟူသော အတိုင်း၊ လျှင်မြန်လှပေ၏၊ သို့ရကား၊ ဆွမ်းအနုမောဒနာတရားတော် ဟောကြားသောအခါ၊ မွန်းလွဲတခါ ရောက်ဆိုက်လာသော ပရိသတ်အား၊ ဟောကြားသောအခါတို့၌ တရားဒေသနာ ပမာဏသည် ဖော်ပြအပ်ပြီးအတိုင်း နိကာယ်ကြီး နှစ်ရပ်ခန့် ရှိလေသည် ဝါတွင်း သုံးလပတ်လုံး ဟောကြားတော်မူအပ်သော အဘိဓမ္မာတရားတော်မြတ်ကား အဆုံးမထင်နိုင် မနှိုင်းယှဉ်နိုင်လောက်အောင်ပင်ရှိလေသည်။

## အဘိဓမ္မာတရားဟောကြားတော်မူသောအခါကိုယ်တော်ကိုမှုတစေပုံ

ဤဝါတွင်းသုံးလပါတ်လုံး အကြားမလပ် အဘိဓမ္မာတရားကို ဟောကြားတော်မူသော မြတ်စွာဘုရားရှင်၏ ဆွမ်းခဲဖွယ်၊ ဘောဇဉ်နှင့်စပ်၍သော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်ကို မှီဝဲသုံးဆောင်ရမှုသာ သန္တာန်ဆက်စည်တည် နိုင်သော ဥပါဒိန္နက သက်ရှိခန္ဓာကိုယ်တော်သည် အဘယ်သို့ မှုတစေသနည်း" ဟူ၍ မေးခဲ့သော် "ဆွမ်းခဲဖွယ် ဘောဇဉ်မြင် လုပ်ကျွေးမွေးမြူမှုသာလျှင် မှုတ၏" ဟူ၍ အကျဉ်းဖြေဆိုရာ၏၊ အကျယ်ဖြေတော်ကား။

မြတ်စွာဘုရားရှင်တို့မှာ ထိုထိုအချိန်ကာလများကား ကောင်းစွာပိုင်းခြား မှတ်သားအပ်ပြီး မျက်မှောက်ပြု အပ်ပြီးသာဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရားတော် ဟောကြားတော်မူရင်းကပင် လူ့ပြည် လောက၌ ရောက်ဆိုက်နေသည့် အချိန်ကာလကို ဆင်ခြင်ကြည့်ရှုတော်မူ၏၊ ယင်းသို့ ဆင်ခြင်ကြည့်ရှုတော်မူ၍ မြတ်စွာဘုရားရှင်သည် ဆွမ်းခံချိန် ကျရောက်လတ်သောအခါ နိမ္မိတရုပ်ပွား ကိုယ်တော်အားကို ဖန်ဆင်းမတော်မူ၍

"ဤနိမ္မိတရုပ်ပွား၊ ငါ့ကိုယ်စား၏ သင်္ကန်းကိုင်ပုံ၊ သပိတ်ကိုင်ပုံ၊ အသံပြုပုံ၊ အသွင်ပြင် အလုံးစုံသည် ငါဘုရားနှင့် ထပ်မျှတူညီ ဤသို့သဘောရှိသည်ဖြစ်စေသား၊ ဤမျှအတိုင်းအရှည်ရှိသောတရားကို ငါ၏ကိုယ်စား ဟောကြားရစ်စေသား" ဟူ၍ အဓိဋ္ဌာန်တော်မူပြီးလျှင် သပိတ်သင်္ကန်းကို ယူဆောင်တော်မူကာ အနောတတ်အိုင်သို့ ကြွတော်မူလေ၏။

အနောတတ်အိုင်၌ မြတ်စွာဘုရားရှင်အား နတ်များက ကွမ်းနှိုးတံပူကို ဆက်ကပ်ကြလေသည်၊ တံပူကိုဝါး သုံးတော်မူပြီးလျှင် အနောတတ်အိုင်၌ ရေချိုးသန့်စင် ကိုယ်တော်ကို သုတ်သင်ပြီးသော် ဆေးဝါနီးမြင်းသိလာ ကျောက်ဖျာအပြင်၌ရပ်တော်မူကာ ကောင်းစွာတပ်ဆိုအပ်သည် နှစ်ထပ်သင်္ကန်းကို ဝတ်ရုံတော်မူလျှင် စတု မဟာရာဇ် နတ်မင်းကြီးလေးပါးတို့ သတ္တဒ္ဒာန စံတော်မူစဉ် သတ္တမသတ္တဟ - လင်းလွန်းပင်ရင်းတုန်းက လျှူဝါမ်း ဆက်တပ်အပ်သည့် အနာသေးရစ် တလုံးတည်းဖြစ်ရှိသည့် ကျောက်ညိုသပိတ်ကို ယူတော်မူ၍ ဥတ္တရကုရု မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူလေသည်၊ ထိုမြောက်ကျွန်းမှ ဆွမ်းခံယူတော် မူခဲ့ပြီးနောက် အနောတတ်အိုင်၏ ဆိပ်တမ်းသာဝယ်သပ္ပါယ်စွာ ထိုင်နေလျှက်ထိုဆွမ်းကို ဘုန်းပေးပြီးလျှင် နေ့သန့်တော်မူရန် စန္ဒကူးတောသို့ ကြွတော် မူလေသည်။

တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည်လည်း ထိုစန္ဒကူးတောသို့ သွားရောက်၍ မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ်ပြုပြီးလျှင် တမြစ်ခြောက်ပါးလွတ်ရာအရပ်၌ ထိုင်နေတော်မူ

လေသည်၊ ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာမထေရ်မြတ်အား -

"ချစ်သား၊သာရိပုတ္တရာ. . ငါဘုရား၊သည် ဤမျှသောတရား၊ကို ဟောကြားအပ်ခဲ့ပြီဟု နည်းပေးတော. . အကျဉ်း၊ချုပ်မျှ ဟောကြား၊တော်မူလေသည်။ ဤသို့ မြတ်စွာဘုရားက နည်းပေးတော်မူလတ်သည်ရှိသော် ပဋိသမ္ဘိဒါ ဉာဏ်လေးပါး၊သို့ ရောက်တော်မူသော အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်အဖို့မှာ ကမ်းနား၌ရပ်တည်၍ လက်ကိုဆန့်တန်း၊ကာ မဟာသမုဒ္ဒရာကြီး၊ကို ပြအပ်သကဲ့သို့ နည်း၊ရတော်မူလေသည်၊ သို့ရကား မထေရ်မြတ်အဖို့မှာလည်း၊ နည်းပေါင်း၊တရာအထောင် အသိန်း၊ဖြင့် မြတ်စွာဘုရား၊ဟောကြား၊အပ်သည့် တရား၊တော်များ ထင်လင်း၊လေတော့၏၊ အကျယ်ပြန့်ရှိ၍ သိတော်မူလေ၏၊

အရှင်သာရိပုတ္တရာမထေရ်သည် လင်း၊နို့သား၊ဖြစ်ဘူး၊သော ရဟန်း၊ငါး၊ရာတို့အား၊
အဖန်ဖြန့်၍ အဘိဓမ္မာတရား၊ ဟောကြား၊တော်မူခြင်း၊

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်လည်း၊ မြတ်စွာဘုရား၊ရှင် အကျဉ်း၊ဆုံး၊နည်း၊ဖြင့် နေ့စဉ်၊နေ့စဉ် ဟောကြား၊လိုက်သော အဘိဓမ္မာတရား၊တော်ကို ဆောင်တော်မူခဲ့၍ မိမိ၏ သဒ္ဓိဝိဟာရိက ဥပဇ္ဈာယ်ယူ အတူနေ တပည့်ရဟန်း၊ငါး၊ရာတို့အား၊ မကျဉ်း၊မကျယ်သော အလယ်အလတ်ဖြစ်သော နည်း၊ဖြင့် အဖန်ဖြန့်၍ဟောကြား၊တော်မူလေသည်၊ ထိုရဟန်း၊ငါး၊ရာတို့၏ ရှေးကောင်း၊မှု အကြောင်း၊ကား. . ထိုရဟန်း၊ငါး၊ရာတို့သည် ကဿပ မြတ်စွာဘုရား၊ရှင် လက်ထက်တော်အခါက လင်း၊နို့ငယ်မျိုး၌ဖြစ်ကြ၍ တခုသော လိုဏ်ခေါင်း၊ဝယ် တွဲလျား၊ဆွဲကာ နေကုန်ကြစဉ် အဘိဓမ္မာ ပိဋကတ်ကို ရွတ်ဖတ်သရဇ္ဈယ်ကြသော ဒါဘိဓမ္မာဆောင် ရဟန်း၊နှစ်ပါး၊တို့၏ အဘိဓမ္မာ တရား၊သံ၌ အာရုံနိမိတ်ကိုယူကြ၍ လဆန်း။ လဆုတ် ပက္ခဟူသည်ကို မသိကြသော်လည်း၊ အဘိဓမ္မာတရား၊သံ၌ အာရုံ နိမိတ်ယူရုံမျှဖြင့် စုတိပြတ်ကြွေ သေလွန်ခဲ့ကြပြီး၊သော် နတ်ပြည်၌ ဖြစ်ကြလေကုန်၏၊ ထိုလင်း၊နို့ငယ် ငါး၊ရာတို့သည် အဘိဓမ္မာတရား၊တော်ဟူ၍လည်း၊ မသိကြ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာဟူ၍လည်း၊ မသိကြ၊ လဆန်း၊ပက္ခ၊ လဆုတ်ပက္ခသည်မျှကိုသော်လည်း၊ မသိကြချေ၊ သို့သော်ကြား၊ရသော အဘိဓမ္မာတရား၊သံက အလွန် ကောင်း၊မြတ်သော ကမ္မနိမိတ်ဖြစ်သဖြင့် သေခါနီး၊ကာလဝယ် ထိုအဘိဓမ္မာတရား၊သံတည်း၊ဟူသော ကမ္မနိမိတ်အာရုံ ကောင်း၊ကို အာရုံပြုကြရသဖြင့် နတ်ပြည်၌ဖြစ်ကြရလေသည်ဟု ဆိုလိုသည်၊

ထိုလင်း၊နို့သား၊ဖြစ်ဖူး၊သည့် နတ်သား၊ငါး၊ရာတို့သည် ကဿပမြတ်စွာဘုရား၊ရှင်နှင့် ဤဘုရား၊ရှင် တို့အကြား၊ တခုသော ဗုဒ္ဓန္တရအသင်္ချေယျ ကာလပတ်လုံး၊ အပါယ်သို့မလား၊ရောက်ကြပဲ နတ်ပြည်၌ ဘဝတခုပြီး၊တခု ဖြစ်၍ကာ နေခဲ့ကြ၍ ဤဘုရား၊ရှင် လက်ထက်တော်အခါ၌ လူပြည်၌ ဖြစ်ကြပြီး၊သော် ယမိုက်ပြာဋိဟာ ပွဲ၌ ကြည်ညိုသဖြင့် ဖြစ်ပွား၊ကြကာ အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရား၊ ဟောတိုင်း၊ ဟောတိုင်း၊သောအဘိဓမ္မာတရား၊ကို နေ့စဉ်ဆောင်ယူတော်မူခဲ့၍ ထိုလင်း၊နို့သား၊ ဖြစ်ခဲ့ဘူး၊သည့် မိမိ၏သဒ္ဓိဝိဟာရိက ဥပဇ္ဈာယ်ယူ အတူနေ တပည့် ရဟန်း၊ငါး၊ရာတို့အား၊ မကျဉ်း၊မကျယ် အလယ်အလတ်ဖြစ်သောနည်း၊ဖြင့် နေ့စဉ်နေ့စဉ် ဟောကြား၊ပို့ချတော်မူလေသည်၊

မြတ်စွာဘုရား၊ရှင်၏ နေ့စဉ်နေ့စဉ်ပင် ရှေး၌ ဆိုအပ်ပြီး၊သောအတိုင်း၊ နေ့တူး၊တော၌ ဆွမ်း၊ဘုဉ်း၊ပေးခြင်း၊

တိစ္စပြီးဆုံးသောအခါ အရှင်သာရိပုတ္တရာမထေရ်အား "ချစ်သားသာရိပုတ္တရာ ယနေ့ဝါတုရားသည် ဤသို့ ဤသို့သောအရာဖြင့် ဤမျှ အတိုင်းအရှည်ရှိသော အဘိဓမ္မာတရားတော်ကို ဟောကြားအပ်ပြီ နိဗ္ဗိတရှစ်ပွားကသောအရာဖြင့် ဤမျှ အတိုင်းအရှည်ရှိသော အဘိဓမ္မာတရားတော်ကို ဟောကြားအပ်ပြီ၊ သင်ချစ်သားသည် မိမိ၏ တပည့်ရဟန်းငါးရာတို့အား ပို့ချလေလော့" ဟူ၍ အကျဉ်းချုပ် မိန့်တော်မူပြီးနောက် ကိုယ်တော်တိုင် တာဝတိံသာနတ်ပြည်သို့ ကြွသွား၍ နိဗ္ဗိတရှစ်ပွားတော်ဖြတ် ဟောကြားအပ်ပြီးသော ဌာနမှ အစဉ်မပြတ် ဆက်လက်၍ ကိုယ်တော်တိုင် အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူလေသည်။

ဤနည်းဖြင့် ဝါတွင်းသုံးလ ပြည့်မြောက်သော သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာတရား ဟောကြား၍ ပြီးဆုံး လေသည်၊ ထိုအခါ ကုဋေပေါင်းရှစ်သောင်းသော နတ်ဗြဟ္မာတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်ထန်းဝင်ကြလေသည်၊ မယ်တော်မိနတ်သား သန္တုသိတနတ်သားသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

သာဝတ္ထိပြည်မှ လူပရိတ်သတ်များ သင်္ကဿမြို့သို့ ပြောင်းရွှေ့စုဝေးကြခြင်း

သာဝတ္ထိပြည်၌ စုဝေးတည်ရှိရင်းဖြစ်သော သုံးဆယ့်ခြောက်ယူဇနာ အဝန်းရှိသည့် ထိုလူပရိတ်သတ်သည်လည်း သီတင်းကျွန်လဆန်း ကိုးရက်နေ့၌ အရှင်မဟာမောဂ္ဂလာန် မထေရ်ထံသို့ ချဉ်းကပ်ပြီးလျှင်

"အရှင်ဘုရား . . မြတ်စွာဘုရားရှင်၏ လူ့ပြည်သို့ သက်ဆင်းတော်မူမည့် ရက်နေ့ကို သိတော်မူမြို့မှ သင့်ပါမည်၊ မှန်ပါသည် တပည့်တော်တို့ကား၊ မြတ်စွာဘုရားကို ဖူးမျှော်ရလျှင် ပြန်ကြမည် မဟုတ်ပါတုန်ဖူးမြော်ရပြီးကြမှသာ ပြန်ကြမည်ဖြစ်ပါသည်" ဟူ၍ လျှောက်ထားလေသည်၊ အရှင်မောဂ္ဂလာန် မထေရ်သည် ထိုစကားကို ကြားတော်မူ၍

"ကောင်းပြီတကာတို့" ဟူ၍ မိန့်တော်မူပြီးလျှင် ထိုနေရာ၌ပင် မြေကြီးအတွင်းသို့ ငုပ်လျှိုးဝင်တော်မူကာ မြင့်မိုရ်တောင်ခြေ အရောက်ကြွသွားတော်မူ၍ "မြင့်မိုရ်တောင်အတွင်းမှ တာဝတိံသာနတ်ပြည်သို့ တက်ရောက်သော ငါ့ကို ပရိတ်သတ်သည် မြင်ပါစေသတည်း" ဟု အဓိဋ္ဌာန်ပြုတော်မူပြီးနောက် ပတ္တမြားရတနာ၏ အတွင်း၌ ထည့်သွင်းကုန်ဖွဲ့၍ ထားအပ်သည့် ကမ္ဗလာချည်ကြိုးကဲ့သို့ လူတများ မျက်ဝါးထင်ထင် မြင်ရသော အဆင်းရှိတော်မူလျက် မြင့်မိုရ်တောင်အလယ်ချက်မှ တာဝတိံသာနတ်ပြည်သို့ တက်တော်မူလေ၏။

လူအပေါင်းတို့သည် ရှင်မဟာမောဂ္ဂလာန်မထေရ်ကို ယခု တယူဇနာတက်ရောက်မိပြီ၊ ယခု နှစ်ယူဇနာ တက်ရောက်မိပြီ အစရှိသည်ဖြင့် မျက်ဝါးထင်ထင် မြင်ကြရလေသည်၊ မထေရ်သည်လည်း မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးခေါင်းဖြင့် ချိုးနွက်သောသူကဲ့သို့ တာဝတိံသာ နတ်ပြည်သို့ တက်ရောက်တော်မူ၍မြတ်စွာဘုရားကို ရှိခိုးမြတ်နိုးရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . လူပရိတ်သတ်အပေါင်းသည် ရှင်တော်ဘုရားတို့ကို ဖူးမြော်ပြီးမှသာ မိမိတို့ နေရာဌာနသို့ ပြန်သွားကြပါတုန်၏၊ အဘယ်အခါ၌ လူ့ပြည်သို့ ဆင်းသက်တော်မူပါသနည်းဘုရား" ဟူ၍ လျှောက်ထားလေလျှင်

မြတ်စွာဘုရားရှင်သည် "ချစ်သားမောဂ္ဂလာန် . . သင်၏နောင်တော်ကြီးဖြစ်သော သာရိပုတ္တရာသည် ယခုအခါ အဘယ်အရပ်၌ ရှိနေသနည်း" ဟု မေးတော်မူ၏၊ ရှင်မောဂ္ဂလာန်မထေရ်မြတ်က ဘုန်းတော်ကြီးသော

မြတ်စွာဘုရား . . အရှင်သာရိပုတ္တရာမထေရ်သည် သက်ယမြို့၌ဝါဆိုတပ်ဝါသည်ဘုရားတု လျှောက်ထားလတ် သော် မြတ်စွာဘုရားရှင်သည် -

"ချစ်သားမောဂ္ဂလန် . . ငါဘုရားသည် ယနေ့မှ နောက်ခုနစ်ရက်မြောက်ဖြစ်သော သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ဝယ် သင်္ကဿမြို့တံခါး၌ သက်ဆင်းပေအံ့၊ ငါဘုရားကို ဖူးမျှော်လိုသူတို့သည် ထိုအရပ်သို့ လာရောက်ကြစေကုန်၊ သာဝတ္ထိပြည်မှ သင်္ကဿမြို့တံခါးတိုင်အောင် ယူဇနာသုံးဆယ်ပေး၏၊ ဤမျှလောက် ရှည်လျားသော ခရီး၌ လမ်းခရီးရိက္ခာယူဆောင်ရန် ကိစ္စလုံးဝ မရှိ၊ ဥပုသ်နေ့၌ ဥပုသ်ဆောက်တည်ကြပြီးလျှင် မြို့ဦးကျောင်း၊ ရွာဦးကျောင်းသို့တရားနာရန် သွားရောက်ကြသကဲ့သို့ ခရီးကွာမပါဘဲ လာရောက်ကြကုန်တည်း၊ သင်ချစ်သားသည် ထိုလူများအား ပြောကြားလေလော့" ဟူ၍ မိန့်တော်မူလေ၏၊ မထေရ်မြတ်သည် "ကောင်းပါပြီ ရှင်တော်ဘုရား" ဟူ၍ ဝန်ခံစကား လျှောက်ထားပြီးလျှင်သာဝတ္ထိပြည်သို့ တဖန်ပြန်၍ လူများအား မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း ပြန်ကြားမိန့်ဆိုတော်မူလေ၏၊

## စောင်းတန်းသုံးသွယ်ဖြင့် သင်္ကဿမြို့တံခါးသို့ သက်ဆင်းတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဝါကျွတ်လတ်သော် သီတင်းကျွတ်လပြည့်နေ့၌ သိကြားမင်းအား "ဒါယကာ သိကြားမင်း . . ငါဘုရားသည် လူ့ပြည်ခရီးသို့ ပြန်ကြွပေတော့အံ့" ဟူ၍ ခွင့်ပန်စကား မိန့်ကြားတော်မူလေ၏၊ သိကြားမင်းသည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူသော စောင်းတန်းသုံးသွယ်တို့ဖန်ဆင်း လေ၏၊ ထိုစောင်းတန်းသုံးသွယ်တို့၏ အခြေတို့ကား သင်္ကဿမြို့တံခါး၌တည်ကုန်၏၊ စောင်းတန်းဦးများကား မြင့်မိုရ်တောင်ထိပ်၌ တည်ကုန်၏၊ ထိုစောင်းတန်းသုံးသွယ်တို့အနက် (၁) လက်ျာဘက်မှ ရွှေစောင်းတန်းကား နတ်များ အတွက် ဖြစ်လေသည်၊ (၂) လက်ဝဲဘက်မှ ငွေစောင်းတန်းကား ဗြဟ္မာကြီးများအတွက်ဖြစ်လေသည်၊ (၃) အလယ်မှ ပတ္တမြားစောင်းတန်းကား မြတ်စွာဘုရားရှင်အတွက် ဖြစ်လေသည်၊

မြတ်စွာဘုရားရှင်သည်လည်း မြင့်မိုရ်တောင်ထိပ်၌ ရပ်တော်မူ၍ နတ်ပြည်မှ လူ့ပြည်သို့သက်ဆင်းတော်မူ သောအခါ၌ ရေမီးအစုံ တန်ခိုးပြာဋိဟာကိုပြတော်မူပြီးလျှင် အထက်ကောင်းကင်သို့ ကြည့်တော်မူလေ၏၊ ထိုအခါ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင်သော အရပ်မှ အပိတ်အပင်အဆီးအတားမရှိ ဟင်းလင်းပွင့်ပြီး တပြင်တည်း သာလျှင် ဖြစ်လေ၏၊ ထို့နောက် အောက်အရပ်ကို ကြည့်တော်မူပြန်လေလျှင်အဝီစိငရဲတိုင်အောင်သောအရပ်မှာ အပိတ်အပင်အဆီးအတားမရှိ ဟင်းလင်းပွင့်ပြီး တပြင်တည်းသာလျှင် ဖြစ်လေ၏၊ ထို့နောက် တရှူအရပ်အထောင့် အရပ်တို့ကို ကြည့်တော်မူပြန်လေလျှင် ပတ်ဝန်းကျင်မှ ကြောဠောတိုက်ပေါင်း အထောင်များစွာတို့သည် အပိတ် အပင် အဆီးအတားမရှိ ဟင်းလင်းပွင့်ပြီး တပြင်တည်းသာလျှင်ဖြစ်လေ၏၊ သို့ရကား နတ်ဗြဟ္မာတို့လည်းလူတို့ကို မြင်ကြရကုန်၏၊ လူတို့ကလည်း နတ်ဗြဟ္မာတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရကုန်၏၊

မြတ်စွာဘုရားရှင်သည် ရောင်ခြည်တော် ခြောက်သွယ်တို့ကို လွှတ်တော်မူ၏၊ ထိုသို့ တာဝတိံသာ နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူသောနေ့၌ မြတ်စွာဘုရား၏ အသရေတော်ကို ဖူးမြော်ကြရ၍ သုံးဆယ့်ခြောက် ယူဇနာအဝန်းရှိသော ပရိတ်သတ်၌တဦးသောသူမျှလည်း ဘုရားအဖြစ်ကို မတောင့်တသော

မည်သည်မရှိချေ။

လက်ျာဘက်ရွှေစောင်းတန်းဖြင့် နတ်များ သက်ဆင်းလိုက်ပါကြလေသည်၊ လက်ဝဲဘက် ငွေစောင်းတန်းဖြင့် ဗြဟ္မာကြီးများ သက်ဆင်းလိုက်ပါကြလေသည်၊ အလယ်ဖဟိုပတ္တမြားစောင်းတန်းဖြင့် မြတ်စွာဘုရားသည် ကိုယ်တိုင်သက်ဆင်း ကြွမြန်းတော်မူလေသည်၊ ပဉ္စသိခ်နတ်သားသည် ဗေဠုဝနတ်စောင်းကိုပိုက်လျက် လက်ျာနံပါး၌ရပ်တည်ကာ မြတ်စွာဘုရားရှင်အား စောင်းတီး၍ပူဇော်မှုပြုလျက် သက်ဆင်းလိုက်ပါလေသည်၊ သုယာမနတ်မင်းသည် စာမရီသားမြီးရပ်ကို ခပ်လျက် လက်ျာဘက်မှပင် ပူဇော်ကာသက်ဆင်းလိုက်ပါလေသည်၊ သန္တုသိတနတ်မင်းသည် ပတ္တမြားရပ်ဝန်းကို တလွှဲလွှဲခပ်လျက် ထိုအတူ လက်ျာဘက်မှ ပူဇော်လိုက်ပါလေသည်။ သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကို မှုတ်လျက် ထိုနည်းတူလက်ျာဘက်မှ ပူဇော်လိုက်ပါလေသည်။ ဤနည်းအတူ ကြွင်းသော စကြာဝဠာဟိုက်၌ နေကြသောနတ်တို့သည်လည်း အထူးထူးသောပူဇော်မှုကို ပြုကြလျက် သက်ဆင်း လိုက်ပါကြလေသည်၊ လက်ဝဲဖက်ငွေစောင်းတန်းမှလည်း မဟာဗြဟ္မာကြီးသည် ဗြဟ္မာ့ထီးဖြူကြီးကို ဆောင်းမိုးပူဇော်ကာ သက်ဆင်းလိုက်ပါလာလေသည်။

မြတ်စွာဘုရားရှင်သည် ဤသို့ ဆိုအပ်ပြီးသည့် နတ်ဗြဟ္မာပရိတ်သတ်အခြံအရံဖြင့် သက်ဆင်းတော်မူ၍ သင်္ကာသမြို့ တံခါးဝ၌ ရပ်တည်တော်မူလေ၏၊ သာဝတ္ထိပြည်၌ စည်းဝေးရောက်ရှိနေကြသည့် ထိုမှ များပြားလှသောပရိတ်သတ်အပေါင်းသည်လည်း သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ နံနက်စာ စားကြပြီးလျှင် ယနေ့မြတ်စွာဘုရားကို သင်္ကာသမြို့တံခါး၌ ဖူးမြော်ကြရကုန်တော့အံ့ဟု ထုတ်ခဲ့ကြရာ ရှာဦးကျောင်းသို့ ဝင်ကြသည့်အလား အချိန်အနည်းငယ်အတွင်းမှာ မဝင်ပန်းပဲ သင်္ကာသမြို့တံခါးသို့ ဆိုက်ရောက်ကြလေကုန်၏။

## သာရိပုတ္တသုတ္တန်ကို ဟောကြားတော်မူခြင်း

တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူ၍လူ့ပြည်သို့အရောက် စောင်းတန်းဦး၌လက်ျာခြေတော်ကို ချမိလျှင်ပင် မြတ်စွာဘုရားရှင်ကို အရှင်သာရိပုတ္တရာမထေရ်သည် ရှေးဦးစွာရှိခိုးဖူးမြော် ပူဇော်လေသည်၊ ထိုနောက်နောင်မှ ကျန်သော ပရိတ်သတ်တို့ မြတ်စွာဘုရားကို ရှိခိုးဖူးမြော် ပူဇော်ကြလေသည်။ ထိုသင်္ကာသမြို့တံခါး၌ စောင်းတန်းမှ သက်ဆင်းတော်မူ၍ ပဌမဦးဆုံးလက်ျာအရပ်သည် 'အစလဓေတီယဌာန' ဟူ၍ နောက်ဆုံးအချိန်၌ အမည်ထင်ရှားလေသည်။

ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြသတော်မူပြီးနောက် တာဝတိံသာနတ်ပြည်၌ ဝါဆိုကပ်တော်မူ၍ အဘိဓမ္မာတရားကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူပြီးလျှင် စောင်းတန်းသုံးသွယ်ဖြင့် သင်္ကာသမြို့ တံခါးဝသို့ သက်ဆင်းကြွရောက်တော်မူ၍ လက်ျာခြေတော်ကို ပဌမဦးဆုံး ချရာဌာနသည် ခပ်သိမ်းသော ဘုရားရှင်တို့၏ မပြောင်းလဲ မစွန့်အပ်သောဌာနတပါး အပါအဝင်ဖြစ်၏၊ ဘုရားရှင်တိုင်း ဘုရားရှင်တိုင်းပင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြား၍အပြီး လူ့ပြည်သို့ စောင်းတန်းသုံးသွယ်ဖြင့် သက်ဆင်းတော်မူသောအခါ ယခု သင်္ကာသမြို့တံခါးဝနေရာ၌ စောင်းတန်းဦးကျွန်ပဌမဆုံး လက်ျာခြေတော်ကို ချတော်မူကြမြဲဖြစ်သည်ဟု ဆိုလိုလည်း။

### မြတ်စွာဘုရားရှင်တို့အား နတ်လူတို့ ချစ်ခင်နှစ်သက်ကြကြောင်း

ရှေ့ကဆိုခဲ့ပြီးသောအတိုင်း စောင်းတန်းဦး၌ လက်ျာခြေတော်ကို ပဒုမ္မာဦးစွာချ၍ ရပ်တည်တော်မူသော မြတ်စွာဘုရားအား ရှင်သာရိပုတ္တရာမထေရ်သည် ရှေ့ဦးစွာဖူးမြော်ပူဇော် ကန်တော့ပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.. ယနေ့ခပ်သိမ်းသော နတ်လူတို့သည် အရှင်ဘုရားတို့အားချစ်ခင် နှစ်သက်မြတ်နိုးကြပါကုန်၏၊ ဘုရားရှုကို ပန်ဆင်တောင့်တကြပါကုန်၏"ဟု လျှောက်ထားလေလျှင်

မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ မထေရ်ကို "ချစ်သားသာရိပုတ္တရာ.. ဤသို့သတောရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်တို့ကို ပြဟ္မာနတ်လူခပ်သိမ်းသော သူတို့သည် ကြည်ဖြူလေးမြတ် ချစ်ခင်နှစ်သက်အပ်ကုန်သည်သာ ဖြစ်ပေ၏"ဟူ၍ မိန့်တော်မူလိုသည့်အတွက်

ယေဈာနပ္ပ သုတာဓီရာ၊ နေက္ခမ္မူပသ မေရတာ။
ဒေဝါပိတေ သံပိဟ ယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ။

ချစ်သားသာရိပုတ္တရာ၊ သဗ္ဗညုဉာဏ်ရှင် အကြင်ဘုရားသခင်တို့သည်၊ အရဟ္မကုလတွကူဟု နှစ်ဆူသော ဈာန်တရားတို့၌ ငါးရပ်သော ဝသီတော်တို့ဖြင့် မွေ့လျော်နှစ်ခြိုက်မျော်ပိုက် ကြိုးကုတ်အားထုတ် လေ့လာတော်မူကြကုန်၏၊ ဗုက္ခခပ်သိမ်းမှ လွတ်ငြိမ်းရာစကန် နိဗ္ဗာန်ပရမတ်၌၊ ဖလသမာပတ် ဝင်စံလတ်၍ မပြတ်ရွှင်မျော် မွေ့လျော်တော်မူကြကုန်၏၊ တမြဲယှဉ်လတ် မပြတ်သတိရှိတော်မူကြကုန်သော၊ သဗ္ဗညုတဉာဏ်ရှင် ထိုဘုရားသခင်တို့အား အထက်ရပ်ရွာ နတ်ပြဟ္မာတို့သော်မှလည်း၊ ကြွခဲကြုံလာတို့သူငါသည် မြတ်စွာဗုဒ္ဓဖြစ်ကြမူ ကောင်းစွတကား" ဟု နှုတ်မြွက်ကြ၍ အားရနှစ်သက် မြတ်နိုးကြကုန်၏ဟူသော ဤဂါထာကို ဟောကြားတော် မူလေသည်။

### မြတ်စွာဘုရားပရိနိဗ္ဗာန် စံဝင်တော်မူခါး၊ ဆင်ပြောင်ကြီးကဲ့သို့ ပြန်ကြည့်တော်မူခြင်း

ထို့နောက် မြတ်စွာဘုရားရှင်သည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူဆောင်တော်မူကာ ဝေသာလီပြည်အတွင်းသို့ ဆွမ်းခံလှည့်လည်တော်မူပြီးလျှင် ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှ ပဲ့ခွာတော်မူခဲ့၍ ဝေသာလီပြည်ကို ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်တော်ကိုပါ ပြန်လှည့်လျှက် ကြည့်ရှုတော်မူပြီးလျှင်

"ချစ်သားအာနန္ဒာ.. ဤယခုကြည့်ရှုခြင်းသည် ဝေသာလီပြည်ကို မြတ်စွာဘုရား၏ နောက်ဆုံးကြည့်ရှုခြင်း ဖြစ်ပေ၏၊ ချစ်သားအာနန္ဒ.. လာ၊ သွားကြစို့ ဘဏ္ဍုရွာသို့ သွားရောက်ကြကုန်အံ့" ဟု အရှင်အာနန္ဒမထေရ်ကို မိန့်ဆိုတော်မူလေ၏၊ အရှင်အာနန္ဒာမထေရ်သည်လည်း "ကောင်းပါပြီ မြတ်စွာဘုရား" ဟု မြတ်စွာဘုရား မိန့်ကြားတော်မူချက်ကို ဝန်ခံစကားပြန်ကြား လျှောက်ထားလေသည်။

### ဘဏ္ဍုရွာ၌ တရားဟောခြင်း

ထို့နောက် မြတ်စွာဘုရားရှင်သည် ရဟန်းများစွာ ခြံရံလျှက် ဘဏ္ဍုရွာသို့ ကြွရောက်တော်မူ၍ ထိုရွာ၌ သီတင်းသုံးနေတော်မူ၏၊ ထိုရွာ၌ နေတော်မူစဉ် မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့ မိန့်ကြား တရားဟော တော်မူ၏၊

"ရဟန်းတို့.. တရားလေးပါးတို့ကို အနုဗောဓဉာဏ် ပဋိဝေဓဉာဏ်တို့ဖြင့် လျှော်ကန်စွာမသိခြင်း၊

ထိုးထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်လည်းကောင်း၊ သင်ချစ်သားတို့သည်လည်းကောင်း၊ ဤမျှရှည်လျားလှစွာ သံသရာကာလပတ်လုံး ကျင်လည်ပြေးသွား ကျက်စားခဲ့ရလေပြီ၊ တရားလေးပါးတို့ဟူသည်မှာ -

၁- ရဟန်းတို့ . . မြတ်သော အရိယသီလကို အနုဗောဓဉာဏ်ပဋိဝေဓဉာဏ်တို့ဖြင့် လျှော်ကန်စွာမသိခြင်း၊ ထိုးထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်လည်းကောင်း၊ ချစ်သားတို့သည်လည်းကောင်း၊ ဤမျှရှည်လျားလှစွာ သံသရာကာလပတ်လုံး ကျင်လည်ပြေးသွား ကျက်စားခဲ့ရလေပြီ၊

၂- ရဟန်းတို့. . . မြတ်သော အရိယသမာဓိကို (ပ)

၃- ရဟန်းတို့. . . မြတ်သောအရိယပညာကို (ပ)

၄- ရဟန်းတို့ . . . မြတ်သောလွတ်မြောက်မှု၊ ပဋိဝေဓဉာဏ်တို့ဖြင့် လျော်ကန်စွာ မသိခြင်း၊ ထိုးထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်လည်းကောင်း၊ သင်ချစ်သားတို့သည်လည်းကောင်း၊ ဤမျှရှည်လျားလှစွာ သံသရာကာလပတ်သုံး ကျင်လည်ပြေးလွှားကျက်စားခဲ့ရလေပြီ၊

ရဟန်းတို့. . ငါဘုရားသည် ထိုမြတ်သော အရိယာသီလကို လျော်ကန်စွာသိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ ထိုမြတ်သော အရိယာသမာဓိကို (ပ)၊ ထိုမြတ်သော အရိယာပညာကို (ပ)၊ ထိုမြတ်သော လွတ်မြောက်မှု - အရိယာဝိမုတ္တိကို လျော်ကန်စွာသိအပ်ပြီ၊ ထိုးထွင်း၍သိအပ်ပြီ ဘဝ၌တက်မက်ခြင်း- ဘဝတဏှာကို အမြစ်ဖြတ်အပ်ပြီ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သော ကြိုးနှင့်တူစွာသော ဘဝတဏှာသည် ငါဘုရားသန္တာန်၌ ကုန်ခဲ့လေပြီ၊ ယခုအခါ ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီဟု မိန့်တော်မူ၏၊ ထို့နောက်မြတ်စွာဘုရားသည် ရဟန်းတို့ကို ဆက်၍ မိန့်ကြွန်တော်မူသည်မှာ-

"သီလသမာဓိ ပညာစ၊ ဝိမုတ္တိစ အနုတ္တရာ၊
အနုဗုဒ္ဓါ ဣမေဓမ္မာ၊ ဂေါတမေ နယသဿိနာ၊

ရဟန်းတော်များ၊ တို့ချစ်သားတို့၊ အတုမရှိ လွန်မြတ်ထိသော၊ အရိယာသီလကိုလည်းကောင်း၊ အရိယာသမာဓိကိုလည်းကောင်း၊ အရိယာပညာကိုလည်းကောင်း၊ အရိယာဝိမုတ္တိကိုလည်းကောင်း၊ ဤတရားအစုတို့ကိုလည်းကောင်း၊ များသောအခြံအရံရှိတော်မူသော ဂေါတမနွယ်ဖွားရှင်တော်ဘုရားသည် မဖောက်မပြန် အမှန်အတိုင်း၊ သိအပ်ကုန်ပြီ၊

ဣတိဗုဒ္ဓေါ အဘိညာယ၊ ဓမ္မမက္ခာ သိတိက္ခုနံ၊
ဒုက္ခဿန္တ ကရောသတ္ထာ၊ စက္ခုမာ ပရိနိဗ္ဗုတော၊

ဤသို့ သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား၊ မြတ်ဘုရားသည် ထူးသောဉာဏ်ဖြင့် အမှန်ကို သိမြင်တော်မူ၍ ရဟန်းတို့အား၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို၊ ကရုဏာရှေ့ထား၊ ဟောကြားတော်မူလေပြီ၊ ဝိုင်း၊ ဓမ္မ၊ သမန္တနှင့် မံသ၊ ငါးဖြာသော စက္ခုနှင့်တုမဲ့ကုံလုံ ပြည့်စုံတော်မူသော၊ ကိလေသာစဉ်သိမ်း ငြိမ်းအေးတော်မူပြီးသော နတ်တို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်သန္တာန်သူ့သန္တာန်ဝယ် သံသရာဝဋ်ဒုက္ခဟူသမျှတို့ လုံးဝပျယ်ပြုန်းဆုံးစေခြင်းငှါတော် မူခဲ့လေပြီ" ဟူသော စကားကိုလည်း၊ မိန့်ကြားတော်မူပြန်၏၊

မြတ်စွာဘုရားရှင်သည် ထိုပဏ္ဍုရွာ၌ နေတော်မူစဉ်လည်း ရှေးဖော်ပြပါအတိုင်း ပရိနိဗ္ဗာန်စံလွန်တော်မူရန် ခရီးနီးကပ်လာပြီးဖြစ်သောကြောင့် ရဟန်းတို့ကို ဆုံးမတော်မူလတ်သည်ရှိသော် ဤဆိုလတ္တံ့သော တရားစကား ဖြင့် ရဟန်းတို့အား အကြိမ်များစွာ ဟောကြားတော်မူ၏၊

"ဤကားသီလတည်း၊ ဤကားသမာဓိတည်း၊ ဤကားပညာတည်း၊ သီလ၌တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသောအကျိုးအာနိသင်ရှိ၏၊ သမာဓိ၌တည်၍ဖြစ်စေအပ်သော ပညာသည်များသော အကျိုး အာနိသင်ရှိ၏၊ ပညာ၌တည်၍ဖြစ်စေအပ်သောစိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝတည်းဟူသော အာသဝတရားတို့မှ အကြွင်းအကြွင်းမှ မကျန်ရအောင် ကောင်းစွာပင်လျှင် လွတ်မြောက်၏"ဟုဟောတော်မူ၏၊

## ဘောဂမြို့၌ မဟာပဒေသလေးပါးကို ဟောကြားတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည် ပဏ္ဍုရွာ၌ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာထေရ်ကို "အာနန္ဒာ . . လာသွားကြကုန်စို့၊ ဟတ္ထိရွာ (ပ)၊ အမ္ဗရွာ (ပ)၊ ဇမ္ဗုရွာ (ပ)၊ ဘောဂမြို့သို့ သွားကုန်စို့" ဟု မိန့်တော်မူ၏၊

"တောင်းပါပြီ မြတ်စွာဘုရား"ဟု အရှင်အာနန္ဒာမထေရ်သည်လည်း မြတ်စွာဘုရား မိန့်ကြားတော်မူချက်ကို ဝန်ခံတောင်းပန်ကြား လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းများစွာ ခြံရံလျက် ဘောဂမြို့သို့ ကြွရောက်တော်မူ၍ ထိုဘောဂမြို့ အာနန္ဒစေတီ၌ သီတင်းသုံးနေတော်မူ၏၊ ထိုအာနန္ဒစေတီ၌ သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့အား မဟာပဒေသလေးပါး ဂုဏ်ကြီး သူတို့ကို ထိုးထား၍ ပြောဆိုသော စကားအရာတို့ကို အမှားအမှန် ဝေဖန်ဆုံးဖြတ်ရန် နည်းညွှန်း၊ ဥပဒေသလေးပါးတို့ကို ဟောကြားတော်မူသည်မှာ

(၁) ရဟန်းတို့ . . . ဤသာသနာ၌ တစုံတယောက်သော ရဟန်းသည် ဤသို့ ပြောဆိုငြားအံ့ -

"ငါ့ရှင်တို့ . . . ငါသည် ဤတရားကို မြတ်စွာဘုရားမျက်မှောက်တော်မှ ကြားနာခဲ့ရခံယူခဲ့ရပါ၏၊ ဤတရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတော်ပါတည်း"ဟု ပြောဆိုငြားအံ့၊

"ငါ့ရှင်တို့ . . . ငါသည် ဤတရားကို မြတ်စွာဘုရားမျက်မှောက်တော်မှ ကြားနာခဲ့ရ ခံယူခဲ့ရပါ၏၊ ဤကားမြတ်စွာဘုရား၏ အဆုံးအမတော်ပါတည်းဟု ပြောဆိုငြားအံ့၊"

"ရဟန်းတို့ ထိုရဟန်း၏စကားကို အလွယ်တကူနှင့် လက်လည်းမခံသေးဘဲ ပယ်လည်းမပယ်သေးပဲ ထိုရဟန်း ပြောဆိုသော ပုဒ်ဗျည်းတို့ကို ကောင်းစွာမှတ်သား၍ သုတ်တရားတော်၌ သွင်း၍ကြည့်ကြရမည်၊ဝိနည်းတရားတော်၌ နှီးနှောကြည့်ကြရမည်"

ယင်းသို့ သုတ်တရားတော်၌ သွင်း၍ကြည့်လတ်သော် ဝိနည်းတရားတော်၌လည်း နှီးနှောစဉ်ကြလျှင် 'ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ဤရဟန်း၏ မှားယွင်းစွာ သင်ယူထားသော စကားသာဖြစ်ချေသည်" ဟူ၍ အရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့ . . ဤသို့ ဆုံးဖြတ်ပြီးလျှင် ထိုစကားကို ပယ်ကြစွန့်ကြလေ၊

သို့မဟုတ် သုတ်တရားတော်၌ သွင်း၍ ကြည့်လတ်သော် ဝိနည်းတရားတော်၌ နှီးနှောကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း သက်ဝင်၊ ဝိနည်းတရားတော်၌လည်း နှီးနှောမိခဲ့လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စစ်စစ်ဖြစ်ပေသည်၊ ဤရဟန်း၏ ကောင်းစွာသင်ယူထားသော စကားလည်းဖြစ်ပေသည်" ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့. . ရှေးဦးစွာသော ဤမဟာပဒေသကို မှတ်သားထားကြကုန်လော့

(၂) ရဟန်းတို့. . ထို့ပြင် ဤသာသနာ၌ တစုံတယောက်သော ရဟန်းသည် ဤသို့ ပြောဆိုငြားအံ့ -

ဤမည်သော ကျောင်းတိုက်၌ အကြီးအမှူးမထေရ်နှင့်တကွသော သံဃာသည် နေထိုင်လျက်ရှိ၏။ ငါသည် ထိုသံဃာ၏မျက်မှောက်မှ ကြားနာခဲ့ရ ခံယူခဲ့ရပါ၏။ ဤကား တရားတော်ပါတည်း။ ဤကားဝိနည်းတော်ပါတည်း။ ဤကားမြတ်စွာဘုရား၏ အဆုံးအမတော်ပါတည်း" ဟု ပြောဆိုငြားအံ့။

ရဟန်းတို့. . ထိုရဟန်း၏စကားကို အလွယ်တကူနှင့် လက်လည်းမခံပဲ ပယ်လည်းမပယ်သေးပဲ ထိုရဟန်းပြောဆိုသောပုဒ်ဗျည်းတို့ကို သုတ်တရားတော်၌သွင်း၍ ကြည့်ကြရမည်၊ ဝိနည်းတရားတော်၌ နှီးနှောကြည့်ကြရမည်။

ယင်းသို့ သုတ်တရားတော်၌ သွင်း၍ကြည့်လတ်သော် ဝိနည်း တရားတော်၌ နှီးနှော၍ ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း မသက်ဝင် ဝိနည်းတရားတော်၌လည်း မနှီးနှောမိကြလျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ထိုသံဃာ၏ မှားယွင်းစွာ သင်ယူထားသော စကားသာဖြစ်ချေသည်" ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့ . . . ဤသို့ ဆုံးဖြတ်ပြီးလျှင် ယင်းစကားကို ပယ်ကြစွန့်ကြလေ။

သို့မဟုတ် သုတ်တရားတော်၌ သွင်း၍ ကြည့်လတ်သော် ဝိနည်းတရားတော်၌ နှီးနှော၍ ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း သက်ဝင်ဝိနည်း တရားတော်၌လည်း နှီးနှောမိခဲ့လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော် စင်စစ်ဖြစ်ပေသည်၊ ထိုသံဃာ၏ ကောင်းစွာသင်ယူထားသောစကားလည်း ဖြစ်ပေသည်ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်၊ ရဟန်းတို့. . နှစ်ခုမြောက်ဖြစ်သော ဤမဟာ ပဒေသကို မှတ်သားထားကြကုန်လော့။"

(၃) ရဟန်းတို့. . . ထို့ပြင် ဤသာသနာ၌ တစုံတယောက်သော ရဟန်းသည် ဤသို့ ပြောဆိုငြားအံ့ -

"ဤမည်သော ကျောင်းတိုက်၌ အကြားအမြင်လည်း များကုန်သော၊ ပါဠိတော်ကိုလည်း နှုတ်ငုံဆောင်ကုန်သော တရားတော်၊ ဝိနည်းတော်ကိုလည်း ဆောင်ကုန်သော များစွာသောမထေရ် ရဟန်းတို့သည် နေထိုင်လျက်ရှိကြပါ၏။ ငါသည် ထိုမထေရ်တို့၏ မျက်မှောက်မှ ကြားနာခဲ့ ခံယူခဲ့ရပါ၏။ ဤကား တရားတော်၏ မျက်မှောက်မှ ကြားနာခဲ့ရ ခံယူခဲ့ရပါ၏၊ ဤကား၊ တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း။ ဤကား မြတ်စွာဘုရား၏ အဆုံးအမပါတည်း" ဟု ပြောဆိုငြားအံ့။

ရဟန်းတို့. . ထိုရဟန်းစကားကို အလွယ်တကူနှင့် လက်လည်း မခံသေးပဲ ပယ်လည်း မပယ်သေးပဲ ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့ကိုကောင်းစွာမှတ်သား၍ သုတ်တရားတော်၌သွင်း၍ ကြည့်လတ်သော် ဝိနည်း

တရားတော်၌ နှီးနှော၍ ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း မသက်ဝင်၊ ဝိနည်းတရားတော်၌လည်း မနှီးနှောမိကြလျှင် ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ။ ထိုမထေရ်တို့၏ မှားယွင်းစွာ သင်ယူထားသော စကားသာဖြစ်ချေသည်" ဟူ၍ ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့. . . ဤသို့ဆုံးဖြတ်ပြီးလျှင် ထိုစကားကို ပယ်ကြစွန့်ကြလေ။

သို့မဟုတ် တရားတော်၌ သွင်း၍ ကြည့်လတ်သော် ဝိနည်းတရားတော်၌ နှီးနှော၍ ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်းသက်ဝင် ဝိနည်းတရားတော်၌လည်းနှီးနှောမိခဲ့လျှင်"ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်၊ ထိုမထေရ်တို့၏ ကောင်းစွာသင်ယူထားသောစကားလည်း ဖြစ်ပေသည်ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့ သုံးခုမြောက်သော ဤမဟာပဒေသကို မှတ်သားထားကြကုန်လော့။"

(၄) ရဟန်းတို့. . ထို့ပြင် ဤသာသနာ၌ တစုံတယောက်သောရဟန်းသည် ဤသို့ ပြောဆိုငြားအံ့။

"ဤမည်သော ကျောင်းတိုက်၌ အကြားအမြင်များသော ပါဠိဂတ်ကိုလည်း နှုတ်ငုံဆောင်သော တရားတော်ဝိနည်းတော်ကိုလည်းဆောင်သော၊ ပါတိမောက်ကိုလည်းဆောင်သော တစ်ဦးသောမထေရ်သည် နေထိုင်လျှက်ရှိပါ၏။ ငါသည် ထိုမထေရ်၏ မျက်မှောက်မှကြားနာခဲ့ရ ခံယူခဲ့ရပါ၏၊ ဤကား တရားတော်ပါတည်း၊ ဤကားဝိနည်းတော်ပါတည်း၊ ဤကားမြတ်စွာဘုရား၏ အဆုံးအမတော်ပါတည်းဟု ပြောဆိုငြားအံ့။ရဟန်းတို့. . ထိုရဟန်းစကားကို အလွယ်တကူနှင့် လက်လည်း မခံသေးပဲ ပယ်လည်းမပယ်သေးတဲ ထိုရဟန်း ပြောဆိုသော ပုဒ်ဗျည်းတို့ကို ကောင်းစွာမှတ်သား၍ သုတ်တရားတော်၌ သွင်း၍ကြည့်ကြရမည်။

ယင်းသို့ သုတ်တရားတော်၌ သွင်း၍ ကြည့်လတ်သော် ဝိနည်းတရားတော်၌နှီးနှော၍ ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်းမသက်ဝင် ဝိနည်းတရားတော်၌လည်း မနှီးနှောမိကြလျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ။ ထိုမထေရ်တို့၏ မှားယွင်းစွာ သင်ယူထားသောစကားသာ ဖြစ်ချေသည်" ဟုဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့. . ဤသို့ဆုံးဖြတ် ပြီးလျှင် ထိုစကားကို ပယ်ကြစွန့်ကြလေ။

သို့မဟုတ် သုတ်တရားတော်၌ သွင်း၍ ကြည့်လတ်သော် ဝိနည်းတရားတော်၌ နှီးနှော၍ ကြည့်လတ်သော် ထိုရဟန်း ပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်းသက်ဝင်၊ ဝိနည်း တရားတော်၌လည်း နှီးနှောမိခဲ့လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်။ ထိုမထေရ်၏ ကောင်းစွာ သင်ယူထားသော စကားလည်းဖြစ်ပေသည် ရဟန်းတို့ . . . လေးခုမြောက်ဖြစ်သော ဤမဟာပဒေသကို မှတ်သားထားကြကုန်လော့" ရဟန်းတို့. . ဤမဟာပဒေသ လေးပါးတို့ကို မှတ်သားထားကြကုန်လော့ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားရှင်သည် ထိုဘောဂမြို့ အာနန္ဒစေတီ၌ နေတော်မူစဉ်လည်း၊ ရှေ့တော်ပြရာ ပါအတိုင်း ပရိနိဗ္ဗာန်စံလွန်တော်မူရန် အချိန်နီးကပ်လာပြီဖြစ်သောကြောင့် ရဟန်းတို့ကို ဆုံးမတော်မူလတ် သည်ရှိသော် ဤဆိုလတ္တံ့သော တရားစကားကိုသာ ရဟန်းတို့အား အကြိမ်များစွာ ဟောကြားတော်မူ၏။

"ဤတားသိလတည်း၊ ဤတားသမာဓိတည်း၊ ဤတားပညာတည်း၊ သီလ၌ ဖြစ်စေတော်သော သမာဓိသည် များသော အကျိုးအာနိသင်ရှိ၏၊ သမာဓိ၌တည်၍ ဖြစ်စေတော်သော စိတ်သည်တာမှသာလ ဘဝါသဝ အဝိဇ္ဇာသဝတည်းဟူသော အာသဝတရားတို့ အရိပ်မမြွက်မှု မကျန်ရစေတောင် ကောင်းစွာပယ်သျှင် ထွန်းကြောက်၏" ဟု ဟောတော်မူ၏။

## စုန္ဒရွှေပန်းထိမ်သည် ဝတ္ထု

ထိုအခါ မြတ်စွာဘုရားရှင်သည် ဘောဂါမြို့၌ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာထေရ်ကို "အာနန္ဒာ . . လာ သွားကြစို့၊ ပါဝါပြည်သို့ သွားကြကုန်စို့"ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာထေရ်သည်လည်း "ကောင်းပါပြီမြတ်စွာဘုရား" ဟု မြတ်စွာဘုရားမိန့်ကြားတော်မူချက်ကို ဝန်ခံတော်ား ပြန်ကြားလျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းများစွာ ခြံရံလျှက် ပါဝါပြည်သို့ကြွရောက်တော်မူ၍ ထိုပါဝါပြည်ဝယ် စုန္ဒမည်သော ရွှေပန်းထိမ်သည်သား လှူဒါန်းဆောက်လုပ်အပ်သော သရက်ဥယျာဉ်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။

ကျောင်းတိုက်ဒါယကာ စုန္ဒရွှေပန်းထိမ်သည်သားသည် မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာ၍ မိမိ၏ သရက်ဥယျာဉ်ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူကြောင်း ကြားသိလေလျှင် မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ဝပ်လျှိုး ရှိခိုးဝတ်ပြုကာ အပြစ်လွတ်ရာ အရပ်၌ထိုင်နေလေ၏၊ မြတ်စွာဘုရားရှင်သည်လည်း ကျောင်းတိုက်ဒါယကာစုန္ဒ ရွှေပန်းထိမ်သည်သားကို တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေလျှက် တရားကို ဆောက်တည်စေတော တရားကျင့်သုံးရန် သတ်သာရွှင်လန်းစေတော်မူ၏၊ တရားနာပြီးသောအခါ စုန္ဒ ရွှေပန်းထိမ်သည်သားသည် မြတ်စွာဘုရားရှင်ကို -

"မြတ်စွာဘုရား ရှင်တော်ဘုရားသည် ရဟန်းသံဃာနှင့်တကွ နက်ဖြန်ကောင်းမှုတည်းဟူသော အလို့ငှာ တပည့်တော်၏ ဆွမ်းကိုလက်ခံတော်မူပါ"ဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူသဖြင့် စုန္ဒရွှေပန်းထိမ်သည်သား၏ လျှောက်ထားပင့်ဖိတ်ချက်ကို လက်ခံတော်မူ၏။

စုန္ဒရွှေပန်းထိမ်သည်သားသည် မြတ်စွာဘုရားရှင်လက်ခံတော်မူသည်ကို သိ၍ နေရာမှထလာ မြတ်စွာဘုရားကို ရှိခိုးလျှက် အရိုအသေပေးပြီးလျှင် ခွဲခွာသွားခဲ့၍ ထိုညဉ့်လွန်ကြောက်ပြီးနောက် မိမိနေအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကိုလည်းကောင်း "သူကရမဒ္ဒဝ" ဟုခေါ်သည့် မကြီးလွန်းမငယ်လွန်း အလယ်အလတ် ဖြစ်သော ဝက်၏ နူးညံ့သိမ်မွေ့သော အသားများကိုလည်းကောင်း ကောင်းစွာချက်ပြုတ်စီရင်စေပြီး၍

"မြတ်စွာဘုရား . . ဆွမ်းဘုဉ်းပေးချိန်တန်ပါပြီ၊ ဆွမ်းပြင်၍ ပြီးပါပြီ"ဟု ဆွမ်းဘုန်းပေးရန်အချိန်တန် ကြောင်း မြတ်စွာဘုရားအား လျှောက်စေလေ၏

ထိုအခါ မြတ်စွာဘုရားရှင်သည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူဆောင်တော်မူလျှက် ရဟန်းသံဃာနှင့်အတူ စုန္ဒရွှေပန်းထိမ်သည်သား၏ နေအိမ်သို့ ကြွရောက်၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏။

ထိုသို့ ထိုင်နေတော်မူပြီးနောက် မြတ်စွာဘုရားသည် စုန္ဒ ရွှေပန်းထိမ်သားကို "စုန္ဒ.. သင်စီရင်ထားသည့်နူးညံ့သော တောဝက်သားဖြင့် ဘုရားကိုလုပ်ကျွေးလော့၊ သင်စီရင်ထားသည့် အခြားခဲဖွယ်ဘောဇဉ်များဖြင့် ရဟန်းသံဃာကိုလုပ်ကျွေးလော့" ဟု မိန့်တော်မူ၏။

စုန္ဒရွှေပန်းထိမ်သည်သားသည် မြတ်စွာဘုရားမိန့်ကြားချက်ကို "ကောင်းပါပြီ မြတ်စွာဘုရား" ဟု လျှောက်ထားဝန်ခံ၍ မြတ်စွာဘုရားရှင်တမိန့်အတိုင်း၊ မိမိစီရင်ထားသည့် နူးညံ့သော တောဝက်သားဖြင့် မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးလေ၏၊ မိမိစီရင်ထားသည့် အခြားခဲဖွယ် ဘောဇဉ်များဖြင့် ရဟန်းသံဃာကို ပြုစုလုပ်ကျွေးလေ၏။

ထို့နောက် မြတ်စွာဘုရားရှင်သည် ဆွမ်းဘုန်းပေးတော်မူပြီးလျှင်ပင် စုန္ဒရွှေပန်းထိမ်သားကို "စုန္ဒ.. သင်၏ ကြွင်းကျန်သော နူးညံ့သော တောဝက်သားကို တွင်းတူး၍ မြှုပ်လိုက်လော့၊ စုန္ဒ.. မြတ်စွာဘုရားကိုထား၍၊ နတ်၊မာရ်နတ်၊ ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ၊ မင်း၊မှူး၊ လူများနှင့် တကွသော ဤလောကဝယ်နူးညံ့သော တောဝက်သားတို့စားလျှင် ကောင်းစွာအစာကြေတဲ့သော ပုဂ္ဂိုလ် ငါဘုရား မမြင်မတွေ့ရချေ" ဟု ရဲရဲတောက်တောင်း မိန့်ကြားတော်မူလေ၏။

စုန္ဒရွှေပန်းထိမ်သည်သားသည် မြတ်စွာဘုရားမိန့်ကြားချက်ကို "ကောင်းပါပြီ မြတ်စွာဘုရား"ဟု လျှောက်ထားဝန်ခံ၍ မြတ်စွာဘုရားရှင် အမိန့်အတိုင်း ကြွင်းကျန်သောနူးညံ့သည့် တောဝက်သားကို တွင်း၌မြှုပ်နှံပြီးလျှင် မြတ်စွာဘုရားထံတော်သို့ချဉ်းကပ်၍ ရှိသေမြတ်နိုး ရှိခိုးဦးညွှတ်ကာအပြစ်လွှတ်ရာအရပ်၌ ထိုင်နေလေ၏၊ ထိုအခါ မြတ်စွာဘုရားရှင်သည် စုန္ဒရွှေပန်းထိမ်သည်သားကို တရားစကားဟောကြားညွှန်ပြတော်မူကာ နေရာမှ ထ၍ ကြွသွားတော်မူလေ၏။

ထို့နောက် စုန္ဒရွှေပန်းထိမ်သည်သား၏ ဆွမ်းကို ဘုဉ်းပေးတော်မူပြီးသောအခါ မြတ်စွာဘုရားရှင်၏ ကိုယ်တော်မှ ကြမ်းတမ်းသော အနာရောဂါ ကပ်ရောက်လျှက် သေလောက်အောင် ပြင်းထန်သော သွေးသွန်သည့် ရောဂါဝေဒနာများ ဖြစ်ပွားလာကြကုန်၏၊ မြတ်စွာဘုရားရှင်သည် ထိုဝေဒနာတို့ကို သတိရှိလျှက်၊ဆင်ခြင်လျှက် ပင်ပန်းသည်ဟု မရေတွက်ပဲသည်းခံတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားရှင် သည် အရှင်အာနန္ဒာမထေရ်ကို

"အာနန္ဒာ.. လာသွားကြစို့၊ ကုသိနာရုံပြည်သို့ သွားရောက်ကြကုန်စို့" ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာသည်၊ "ကောင်းပါပြီ မြတ်စွာဘုရား"ဟု မြတ်စွာဘုရား မိန့်ကြားချက်ကို လျှောက်ထားဝန်ခံလေသည်။

## သောက်ရေဆောင်စေတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် လမ်းခရီးမှဖဲ၍တစုသော သစ်ပင်ရင်းသို့ ဦးချဉ်းကပ်တော်မူပြီးလျှင် အရှင် အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ.. ငါဘုရား၏ ဒုကုဋ် (၂) ထပ် သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးလော့၊ ချစ်သားအာနန္ဒာ ငါဘုရားပင်ပန်းလာပြီ ထိုင်ဦးတဲ့" ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာမထေရ်သည် "ကောင်းပါပြီ မြတ်စွာဘုရား"ဟု လျှောက်ထားဝန်ခံ၍ ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးလေ၏၊ ထိုခင်းပြီးသောနေရာ၌ ထိုင်နေတော်မူပြီးသောအခါ မြတ်စွာဘုရားရှင်နှင့် အာနန္ဒာတို့အပြန်အလှန် မိန့်ဆို လျှောက်ထားတော်မူကြသည်မှာ -

၃၄ "ချစ်သားအနန္ဒာ သောက်ရေကို ဆောင်ချေ ခပ်ချေလော့၊ . . ငါဘုရားသည် ရေသောက်တော်မူလို၏. . . ငါဘုရားရေသောက်တဲ့"

အာနန္ဒာ-"မြတ်စွာဘုရား. . . လှည်းအစင်းငါးရာတို့ ယခုပင် ချောင်းကို ဖြတ်ကူးသွားကြပါသည်၊ ထိုသို့လှည်းများ ဖြတ်ကူးထားသောကြောင့် ထိုအနည်းငယ်သော ချောင်းရေသည် နှောက်ချားနောက် ကျူလျက်စီးနေပါ၏၊ မြတ်စွာဘုရား ကကုဓာမြစ်သည်မဝေးလှတော့ပါ၊ ထိုမြစ်သည် ကြည်လင်သောရေရှိပါ၏၊ ဆိပ်ကမ်းလည်း သာယာမွေ့လျော်ဖွယ်ရာလည်း ရှိပါ၏၊ ဤကကုဓါမြစ်၌ မြတ်စွာဘုရားသည်ရေကိုလည်း သောက်တော်မူရပါလိမ့်မည်၊ ကိုယ်တော်ကိုလည်းအေးမြအောင် ပြုတော်မူရပါလိမ့်မည်"

၃၅ "ချစ်သားအနန္ဒာ သောက်ရေကို ဆောင်ချေ ခပ်ချေလော့ . ငါဘုရားသည် ရေသောက်တော်မူလို၏. . ငါဘုရားရေသောက်တဲ့"

အာနန္ဒာ-"မြတ်စွာဘုရား. . . လှည်းအစင်းငါးရာတို့ ယခုပင် ချောင်းကို ဖြတ်ကူးသွားကြပါသည်။ ထိုသို့ လှည်းများ ဖြတ်ကူးထားသောကြောင့် ထိုအနည်းငယ်သော ချောင်းရေသည် နှောက်ချားနောက်ကျူလျက် စီးနေပါ၏၊ မြတ်စွာဘုရားက ကုဓာမြစ်သည် မဝေးလှတော့ပါ၊ ထိုမြစ်သည် ကြည်လင်သော ရေရှိပါ၏၊ ချိုမြိန်သောရေ အေးမြသောရေ ညွန်ကင်းသောရှိပါ၏၊ ဆိပ်ကမ်းလည်း သာယာမွေ့လျော်ဖွယ်ရာလည်း ရှိပါ၏၊ ဤကကုဓါမြစ်၌ မြတ်စွာဘုရားသည် ရေကိုလည်း သောက်တော်မူရပါလိမ့်မည်၊ ကိုယ်တော်ကိုလည်း အေးမြအောင်ပြုတော် မူရပါလိမ့်မည်"

၃၆- "ချစ်သားအနန္ဒာ သောက်ရေကိုဆောင်ချေ ခပ်ချေလော့ . . ငါဘုရားသည် ရေသောက်တော်မူလို၏. ငါဘုရားရေသောက်တဲ့" ဟု (၃) ကြိမ်တိုင် မြတ်စွာဘုရားရှင်က သောက်တော်ရေ အလိုရှိကြောင်း မြွက်မိန့်တော်မူလေလျှင် အရှင်အာနန္ဒာမထေရ်သည် -

"ကောင်းပါပြီ မြတ်စွာဘုရား . . "ဟုလျှောက်ထားဝန်ခံ၍ သပိတ်ကို ယူဆောင်ကာ ထိုချောင်းငယ်ရှိရာသို့ သွားရောက်လေ၏၊ ထိုအခါ လှည်းများဖြတ်ကူးထားသောကြောင့် နှောက်ခြားနောက်ကျိုလျက် စီးနေသော ထိုချောင်းရေ အနည်းငယ်သည် အရှင်အာနန္ဒာမထေရ် ချဉ်းကပ်ရောက်ရှိလျှင်ပင် အံ့ဩဖွယ်ရာ ကြည်လင်သန့်ရှင်း နောက်ကျူခြင်းကင်းလျက် စီးလေ၏၊ ထိုအခါအရှင်အာနန္ဒာမထေရ်သည် -

"အို. . မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် ကြီးမြတ်တော်မူခြင်းသည် အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ၊ ယခုပင်လှည်းများ ဖြတ်ကူးထားသောကြောင့် နှောက်ချား နောက်ကျူလျက် စီးနေသောဤချောင်းရေ အနည်းငယ်သည် ငါချဉ်းကပ်ရောက်ရှိလျှင်ပင် ကြည်လင်သန့်ရှင်းနောက်ကျိုခြင်း ကင်းလျက် စီးလေဘိ၏" ဟု အံ့ဩစိတ်ဝင် ဆင်ခြင်စဉ်းစားပြီးလျှင် သပိတ်ဖြင့်သောက်ရေကိုခပ်ယူကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားရှင်ကို ဤသို့ လျှောက်ထားလေ၏၊

မြတ်စွာဘုရား. . . ရှင်တော်ဘုရား၏ တန်ခိုးအာနုဘော် ကြီးမြတ်တော်မူခြင်းသည် အံ့ဖွယ်ရှိပေစွာမဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ မြတ်စွာဘုရား. . . . ယခုပင် လှည်းများဖြတ်ကူးထားသောကြောင့် နှောက်ခြားနောက်ကျိုလျက် စီးနေသော ထိုချောင်းရေအနည်းငယ်သည် အကျွန်ုပ်ချဉ်းကပ် ရောက်ရှိလျှင်ပင် ကြည်လင်သန့်ရှင်း နောက်ကျိုခြင်း ကင်းလျက် စီးဆင်းနေပါသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သောက်ရေကို သုံးဆောင်တော်

မူပါလော့"ဟုလျှောက်ထားကာ မြတ်စွာဘုရားရှင်အား သောက်တော်ရေကို ဆက်ကပ်လေ၏၊ ထိုအခါ မြတ်စွာဘုရားရှင်သည် သောက်ရေကို သုံးဆောင်တော်မူလေ၏။

ပုက္ကုသ-မလ္လမင်းသားဝတ္ထု

ထိုသို့ မြတ်စွာဘုရားရှင် သောက်တော်ရေသုံးဆောင်ပြီး သစ်ပင်ရင်း၌ ထိုင်နေတော်မူစဉ်အခါ ကာလာမ အနွယ်ဖြစ်သည့် အာဠာရဂိုဏ်းဆရာကြီး၏ တပည့်ဖြစ်သူ ပုက္ကုသမည်သော မလ္လမင်းသားသည် ကုသိနာရုံပြည်မှ ပါဝါပြည်သို့ ခရီးသွားဆဲဖြစ်၏၊ ထိုပုက္ကုသ-မလ္လမင်းသားသည် မြတ်စွာဘုရားရှင်တစုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူသည်ကို မြတ်လတ်၍ မြတ်စွာဘုရားရှင်ထံတော်မှောက်သို့ သွားရောက်ရှိခိုးကာ အမြစ်လွတ်သော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားရှင်ကို -

"မြတ်စွာဘုရား . . တဲ့ဖွယ်ရှိပါပေစွ၊ မြတ်စွာဘုရား မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ ရဟန်းတို့သည်ငြိမ်သက်သော သမာပတ်ဖြင့် နေတော်မူကြပါပေစွတကား"

"မြတ်စွာဘုရား . . ရှေးဖြစ်ဘူးသည်မှာ-ကာလာမအနွယ်ဖြစ်သည့် အာဠာရဂိုဏ်း ဆရာကြီးသည် ခရီးသွားစဉ် လမ်းမမှဖဲ၍ လမ်း၏ အနီးတစ်ခုသော သစ်ပင်ရင်း၌ ရေသန့်စင်ရန် ထိုင်နေပါ၏၊ မြတ်စွာဘုရား . . ထိုအခါ ငါးရာမျှသောလှည်းတို့သည် ကာလာမနွယ်ဖြစ်သည့် အာဠာရဂိုဏ်းဆရာကြီးအနီး၌ကပ်လျှက် ဖြတ်သန်းသွားကြပါသည်၊

မြတ်စွာဘုရား . . ထိုအခါ ယောကျ်ားတစ်ယောက်သည် ထိုလှည်းငါးရာ၏နောက်မှလိုက်လာ လတ်သော် ကာလာမ အနွယ်ဖြစ်သော အာဠာရဂိုဏ်းဆရာကြီးထံသို့ ချဉ်းကပ်ပြီးလျှင်

ဒါယကာ- "အရှင်ဘုရား . . ဤအနားမှ ဖြတ်သန်းသွားသော လှည်းအစီးငါးရာတို့ကို မြင်တော်မူလိုက်ပါသလော" အာဠာရ- "ဒါယကာ . . ငါမမြင်လိုက်ပေ၊"ဒါယကာ- "အရှင်ဘုရား . . အသို့နည်း (ဘယ့်နှယ့်လဲ) ထိုလှည်းများ၏အသံကို ကြားလိုက်ပါ၏လော၊" အာဠာရ- "ဒါယကာ . . . ငါအိပ်ပျော်နေသည်လည်း မဟုတ်ပေ"ဒါယကာ- "အရှင်ဘုရား . . အသို့နည်း (ဘယ့်နှယ့်လဲ) ထိုအချိန်၌ အရှင်ဘုရားသည် စိတ်သညာရှိနေပါ၏လော။" အာဠာရ- "ဒါယကာ ထိုအချိန်၌ ငါသည် စိတ်သညာလည်း ရှိနေပေ၏၊"

မြတ်စွာဘုရား . . ထိုတဲ့သို့ အာဠာရ ဂိုဏ်းဆရာကြီးနှင့် ဒါယကာတို့ တပြန်တလှန် မေးမြေစကား ပြောကြားကြပြီးသောအခါ ထိုယောကျ်ားသည်

"တို . . တဲ့ဖွယ်ရှိပါပေစွ၊ အိုး . . မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ ရဟန်းတို့သည် ငြိမ်သက်သော သမာပတ်ဖြင့် နေတော်မူကြပါပေစွ၊ ဤအာဠာရဆရာကြီးသည် မိမိအနီး၌ ကပ်လျှက်ကပ်လျှက် ဖြတ်သန်းသွားကြသော လှည်းအစီးငါးရာတို့ကို စိတ်သညာရှိ၍ နိုးကြားနေပါလျှက် မြင်လည်း မမြင်လိုက်ပဲ ရှိတဲ့ဘိ၏၊ အသံကိုလည်း မကြားလိုက်ပဲ ရှိတဲ့ဘိ၏" ဟု ထင်မြင်စဉ်းစားလျှက် ကာလာမအနွယ်ဖြစ်သော အာဠာရ ဂိုဏ်းဆရာကြီးအပေါ်၌ လွန်ကဲသော ကြည်ညိုခြင်းကို လျှောက်ထားပြီးလျှင်ဖဲခွာ၍ သွားပါသည်"

ထိုအခါ မြတ်စွာဘုရားရှင်က-ပုက္ကုသ -မလ္လမင်းသားကို "ပုက္ကုသ . . သခု ငါဘုရားမေးမြန်းမည့် စကားကိုသင်မည်သို့ မှတ်ထင်သဘောကြသနည်း၊ တစ်ဦးသောသူသည်အနီး၌ ကပ်လျှက်ကပ်လျှက် ဖြတ်သန်းသွားကြ

သည့် လှည်းအစီးငါးရာတို့ကို စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်းမမြင်ရာ အသံကိုလည်းမကြားရာ
(၁) အခြားတစ်ဦးသောသူသည်ကား စိတ်သညာရှိ၍နိုးကြားနေပါလျက် မြင်လည်းမမြင်ရာ အသံကိုလည်းမကြားရာ
(၁) အခြားတစ်ဦးသောသူသည်ကား စိတ်သညာရှိ၍ နိုးကြားပါလျက် မိုးရွာ၍ ထစ်ချုန်းမိုးကြိမ်းစဥ် လျှပ်စစ်များ
ပြက်၍ မိုးကြိုးပစ်စဥ်မြင်လည်းမမြင်ရာ၊ အသံကိုလည်းမကြားရာ၊ ထိုသူနှစ်ဦးတို့တွင်အဘယ်သူ၏ အမှုအရာသည် ပြုဖို့ရန်လည်းသာလွန်ခဲယဥ်းသနည်း ဟုမေးမြန်းတော်မူလျှင် ပုက္ကုသမလ္လမင်းသားသည် မြတ်စွာဘုရားရှင်ကို “မြတ်စွာဘုရား . . . လှည်းအစီးငါးရာဖြစ်စေ၊ ခုနစ်ရာ၊ ရှစ်ရာ၊ ကိုးရာ၊ တစ်ထောင်ဖြစ်စေ လှည်းအစီး တစ်သိန်းပင်ဖြစ်စေ၊ အဘယ်သို့ပြုနိုင်တဲ့နည်း။ အနီး၌ကပ်လျက်ဖြတ်သန်းသွားကြသော ထိုလှည်းများကို မမြင်မကြားပဲနေနိုင်သူ၏အမှုသည် ခဲယဥ်းသည်ဟု မဆိုသာပါ။ စင်စစ်သော်ကား မိုးရွာ၍ တချုန်းချုန်းမိုးကြိမ်းစဥ် လျှပ်စစ်များပြက်၍ မိုးကြိုးပစ်စဥ် စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်းမမြင်ပဲ၊ ကြားလည်းမကြားပဲ နေနိုင်သူ၏အမှုသည်သာလျှင်ပြုဖို့ရန် လည်းသာလွန်၍ခဲယဥ်းလှပေ၏၊ ဖြစ်ဖို့ရန်လည်းသာလွန်၍ခဲယဥ်းလှပါ၏” ဟု ပြန်ကြားလျှောက်ထားလေ၏။ ထိုအခါမြတ်စွာဘုရားရှင်သည် ပုက္ကုသမလ္လမင်းကို -

ပုက္ကုသ. . . အခါတပါး၌ငါဘုရားသည် အာတုမမြို့ ကောက်မိုးတဲကျောင်းဝယ်သီတင်းသုံး လျက်ရှိ၏၊ ထိုအခါမိုးရွာ၍ တစ်ချုန်းချုန်းမိုးကြိမ်းစဥ်လျှပ်စစ်များပြက်၍ မိုးကြိုးပစ်သောကြောင့် ကောက်မိုးတဲကျောင်း၏ အနီး၌ နွားလားလေးကောင်နှင့် လယ်သမားညီနောင်နှစ်ယောက်တို့သည် သေကြကုန်လေ၏။

ပုက္ကုသ. . . ထိုအခါ များစွာသော လူအပေါင်းသည်အာတုမမြို့မှ ထွက်လာကြ၍ ထိုနွားလား လေးကောင် နှင့်လယ်သမားညီနောင်နှစ်ယောက်တို့ သေနေရာအရပ်သို့ ချဥ်းကပ်သွားရောက်ကြ၏၊ ပုက္ကုသ. . ထိုအခါ ငါဘုရားသည် ကောက်မိုးတဲကျောင်းမှ ထွက်၍ ထိုတဲကျောင်း၏အနီး ဟင်းလင်းပြင် လွင်တီးခေါင်၌ စင်္ကြံသွား လျက်နေ၏၊ ပုက္ကုသ. . ထိုအခါ များစွာသော လူအပေါင်းထဲမှ ယောက်ျားတယောက်သည် ငါဘုရားထံသို့ ချဥ်းကပ်၍ ငါဘုရားကို ရှိသေမြတ်နိုးရှိခိုးပြီးသော် အပြစ်လွတ်ရာ အရပ်၌ရပ်တည်နေ၏၊ ပုက္ကုသ. . ထိုအခါ ငါဘုရားနှင့် ထိုယောက်ျားတို့အပြန်အလှန် မေးဖြေကြသည်မှာ -

ပုစ္ဆ - ဒါယကာ. . . ဤလူအပေါင်းသည် အဘယ်ကြောင့်စုဝေးနေသနည်း။

ဒါယကာ- မြတ်စွာဘုရား. . မိုးရွာ၍တချုန်းချုန်းမိုးကြိမ်းစဥ် လျှပ်စစ်များပြက်၍ မိုးကြိုးပစ်သောကြောင့် နွားလားလေးကောင်နှင့် လယ်သမားညီနောင်နှစ်ယောက်တို့ သေဆုံးသွားကြပါသည်၊ ဤအကြောင်း ကြောင့် လူအများအပေါင်းစုဝေးနေကြပါ၏၊ အရှင်ဘုရားသည် ဘယ်အရပ်မှာရှိနေပါသနည်း။

ပုစ္ဆ - ဒါယကာ. . . ငါဘုရားသည် ဤအရပ်၌ပင်ရှိနေပေ၏။

ဒါယကာ - မြတ်စွာဘုရား အသို့နည်း (ဘယ့်နှယ့်လဲ) မြင်လိုက်တော်မူလိုက်ပါ၏လော။

ပုစ္ဆ - ဒါယကာ. . ငါဘုရားသည်မမြင်လိုက်ပေ။

ဒါယကာ - မြတ်စွာဘုရား အသို့ပါနည်း (ဘယ့်နှယ်လဲ) အသံကိုတော ကြားတော်မူလိုက်ပါ၏လော။

ပုစ္ဆ - ဒါယကာ. . အသံကိုလည်း ငါဘုရားမကြားလိုက်ပေ။

ဒါယကာ - မြတ်စွာဘုရားအသို့နည်း (ဘယ့်နှယ်လဲ) ထိုအချိန်၌ ရှင်တော်ဘုရားသည် အိပ်ပျော်နေပါသလော။

ဂူ - ဝါယကာ... ငါတိုင်ပျော်နေသည်လည်းမဟုတ်ပေ။

ဝါယကာ - မြတ်စွာဘုရားအသို့နည်း (ဘယ်နယ်လဲ) ထိုအချိန်၌ ရှင်တော်ဘုရားသည် စိတ်သညာရှိနေပါ၏လော။

ဂူ - ဝါယကာ .. ထိုအချိန်၌ ငါဘုရားသည် စိတ်သညာလည်း ရှိနေပေ၏။

ဝါယကာ - မြတ်စွာဘုရား... ရှင်တော်ဘုရားသည် မိုးရွာ၍ တချွန်းချွန်းမိုးကြိုးပစ်ခဲ့ လျှပ်စစ်များပြက်၍ မိုးကြိုးပစ်ခဲ့ စိတ်သညာရှိ၍ နိုးကြားနေပါလျှက် မြင်လည်းမြင်တော်မမူလိုက်ပဲ ရှိပါသလော။

ဂူ - ဝါယကာ.. အိမ်း ဟုတ်ပေ၏။

ပုက္ကုသ... ထိုကဲ့သို့ ငါဘုရားနှင့် ဝါယကာတို့ အပြန်အလှန်မေးမြန်းကား ပြောကြားပြီးကြသောအခါ ထိုဝါယကာသည် "အို...၊ အံ့ဖွယ်ရှိပါပေစွ၊ အို.. မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ၊ ရဟန်းတို့သည် ငြိမ်သက်သော သမာပတ်ဖြင့် နေတော်မူကြပါပေစွ။ ဤမြတ်စွာဘုရားရှင်သည် မိုးရွာ၍ တချွန်းချွန်း မိုးကြိုးပစ်ခဲ့ လျှပ်စစ်များ ပြက်၍ မိုးကြိုးပစ်ခဲ့ စိတ်သညာ၌ နိုးကြားနေပါလျှက် မြင်လည်း မမြင်လိုက်ပဲ ရှိတုံ၏၊ အသံကိုလည်း မကြား လိုက်ပဲ ရှိတုံ၏" ဟု စဉ်းစားလျက် ငါဘုရားအပေါ် လွန်စွာသောကြည်ညိုခြင်းကို လျှောက်ထားကြပြီးလျှင် ငါဘုရားကို ရှိခိုး၍အရို အသေပြုလျက် ခွဲခွာသွားလေသည်" ဟု မိန့်တော်မူ၏။

"ပုက္ကုသ ... မလ္လမင်းသား၏ ထူးခြားသော သဒ္ဓါစေတနာသာဖြစ်သည်" ဤသို့ မြတ်စွာဘုရား မိန့်ကြားတော်မူလတ်သော် ပုက္ကုသမလ္လမင်းသားသည် မြတ်စွာဘုရားရှင်ကို

"မြတ်စွာဘုရား.. အကျွန်ုပ်သည် ကာလာမအနွယ်ဖြစ်သော အာဠာရဂိုဏ်းဆရာကြီးအပေါ်၌ ကြည်ညို နေသော သဒ္ဓါတရားကို လေပြင်းမုန်တိုင်း၌မူလည်း တစုံတခုကို လွင့်ဘိသကဲ့သို့ လွှင့်ပြစ်လိုက်ပါ၏၊ ရေစီး သန်သော မြစ်၌မူလည်း တစုံတခုကို မျှောဘိသကဲ့သို့ မျှောပစ်လိုက်ပါ၏။"

မြတ်စွာဘုရား... အလွန်နှစ်သက်ဖွယ်ရှိပါပေစွ... မြတ်စွာဘုရား.. လောကဥပမာအားဖြင့် မှောက်၍ထားအပ်သော ဝတ္ထုကို လှန်လိုက်သကဲ့သို့လည်းကောင်း ဖုံးထားသော အရာဝတ္ထုကိုဖွင့်လှစ် လိုက်သကဲ့သို့ လည်းကောင်း၊ မျက်စိလည်လမ်းမှားသောသူအား လမ်းမှန်ကို ပြောကြားလိုက်သကဲ့သို့ လည်းကောင်း၊ မျက်စိအမြင် ရှိသောသူတို့သည် အဆင်းအမျိုးမျိုးတို့ မြင်ကြပေလိမ့်မည်" ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိ ထားသကဲ့သို့လည်းကောင်း၊ ထို့အတူပင် မြတ်စွာဘုရားသည် အကျွန်ုပ်အား များစွာသော အကြောင်းဖြင့် တရား တော်ကိုထင်ရှားစွာ ဟောပြတော် မူအပ်ပါပေပြီ။ မြတ်စွာဘုရား.. အကျွန်ုပ်သည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကို လည်းကောင်း၊ ရဟန်းတော်၊ သံဃာတော်လည်းကောင်း။ ကိုးကွယ်ရာလျောင်း ပုန်းအောင်းရာဟူ၍ သိမှတ်ဆည်းကပ်ပါ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့ကစ၍ အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံ တည်သူဥပါသကာဟူ၍ မှတ်ယူတော်မူပါလော့" ဟု လျှောက်ထားကာသရဏဂုံ ခံယူလေ၏။

ထို့နောက်ပုက္ကုသ-မလ္လမင်းသားသည် မင်းချင်းယောက်ျားတစ်ယောက်ကို ခေါ်ယူ၍ "အမောင်.. ငါ၏ ရွှေအဆင်းရှိသော မင်္ဂလာပွဲထိုင် အဝတ်စော (ဝတ်လဲတော်)အစုံကို ဆောင်ယူခဲ့လော့" ဟု စေခိုင်းကာ မင်းချင်း ယောက်ျား ယူဆောင်၍ရောက်ရှိလာသောအခါ ပုက္ကုသ-မလ္လမင်းသားသည် "မြတ်စွာဘုရား.. ရွှေအဆင်းရှိသော မင်္ဂလာပွဲထိုင် အဝတ်စောအစုံကို ရှင်တော်ဘုရားသည် အကျွန်ုပ်ကို သနားသမျှ အကြောင်းပြု၍ ကရုဏာရှေ့ရှု

အလှူခံတော်မူပါ" ဟု လျှောက်ထားပြီးလျှင် ရွှေအဆင်းရှိသော ထိုမင်္ဂလာပွဲထိုင် အဝတ်ချောတစုံကို မြတ်စွာဘုရားအား ဆက်ကပ်လေ၏။

ထိုအခါ မြတ်စွာဘုရားရှင်က "ပုက္ကုသ. . ထိုသို့ဖြစ်လျှင် အဝတ်အထည်ကို ငါဘုရားအားလှူလော့၊ ကျန်သော အဝတ်အထည်ကို အာနန္ဒာအားလှူလော့"ဟု မိန့်တော်မူသဖြင့် ပုက္ကုသမလ္လမင်းသားသည်မြတ်စွာဘုရားအားလှူ၍ ကျန်တထည်ကို ရှင်အာနန္ဒာအား လှူဒါန်းလေ၏။

ထို့နောက် မြတ်စွာဘုရားရှင်သည် ပုက္ကုသ-မလ္လမင်းသားကို တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေလျှတ်တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေတော်မူ၏၊ ပုက္ကုသမလ္လ မင်းသားသည်လည်း မြတ်စွာဘုရားရှင်က တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေအပ်လျှက် တရားကိုဆောက်တည်အပ်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေအပ်ပြီးရကား နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးမြတ်နိုးရှိခိုး လက်ယာရစ်လှည့်ပြီးလျှင် ဖဲခွာသွားလေ၏၊

ထို့နောက် အရှင်အာနန္ဒာမထေရ်သည် ပုက္ကုသ-မလ္လမင်းသားဖဲသွား၍ မကြာမြင့်မီပင် ရွှေအဆင်းရှိသော အဝတ်ချောတစုံကို မြတ်စွာဘုရားရှင်၏ ကိုယ်တော်၌ ဆက်ကပ်တင်သွင်း ပေးလေ၏၊ မြတ်စွာဘုရားရှင်၏ ပြိုးပြိုးပြက်ပြက် တောက်ပသော ပကတိကိုယ်တော်၌ ဆက်ကပ်တင်လှူပ်း လိုက်သောအခါ အဝတ်တစုံသည် အရောင်အဝါကင်းသကဲ့သို့ ဖြစ်သွားလေ၏၊ ဤအကြောင်းကို အရှင်အာနန္ဒမထေရ်က တအံ့အဩ မြတ်စွာဘုရားရှင်ကို လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို "အာနန္ဒာ. . . ဤစကားသည် မှန်ပေ၏၊ နှစ်ပါးသော အခါတို့၌ မြတ်စွာဘုရား၏ ကိုယ်တော်သည် အလွန်လျှင်စင်ကြယ်၏၊ အရေအဆင်း တော်သည်၊ အလွန်လျှင် ပြိုးပြိုးပြက်ပြက်တောက်ပ၏ နှစ်ပါးသောအခါတို့ဟူသည်မှာ"

"အာနန္ဒာ- မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိ ဉာဏ်ကို ရတော်မူသော အခါနှင့် ခန္ဓာအကြွင်းမရှိငြိမ်းခြင်းသဘော-နိဗ္ဗာန်ဓာတ်ဖြင့်- ပရိနိဗ္ဗာန်ဝင်စံတော်မူသော ညဉ့်အခါတို့ဖြစ်သည်"

"ချစ်သားအာနန္ဒာ. . ဤနှစ်ပါးသောအခါ၌၊ မြတ်စွာဘုရားကိုယ်တော်သည် အလွန်လျှင် စင်ကြယ်၏ အရေအဆင်းတော်သည် အလွန်လျှင် ပြိုးပြိုးပြက်ပြက် တောက်ပ၏၊ချစ်သားအာနန္ဒာ. . ယနေ့ညဉ့်သန်းလွဲ- ပစ္ဆိမယာမ်၌ ကုသိနာရုံပြည်မြို့ဝင်ခါနီးလမ်းကွေ့ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် အင်ကြင်းပင်အစုံတို့၏ အကြား၌ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ဝင်စံခြင်းသည် ဖြစ်လိမ့်မည်" ဟု မိန့်တော်မူပြီးလျှင်

"အာနန္ဒာ လာသွားကြစို့၊ ကကုဓေမြစ်သို့ သွားကြကုန်စို့" ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာမထေရ်သည်လည်း "တောင်းပါပြီမြတ်စွာဘုရား" ဟု မြတ်စွာဘုရား မိန့်ကြားချက်ကို ဝန်ခံလျှောက်ထားလေ၏၊

ထိုအခါ မြတ်စွာဘုရားသည် များစွာသောရဟန်းသံဃာနှင့်တကွ ကကုဓာမြစ်သို့ရောက်တော်မူ၍ ထိုမြစ်၌ သက်ဆင်းလျှက် ရေချိုးတော်မူသောက်တော်မူပြီး နောက်တဖန်ပြန်တက်ပြီးလျှင် ထိုမြစ်ကမ်းတနီးရှိ သရက်တောသို့ ချဉ်းကပ်တော်မူ၍ ထိုအချိန်၌ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်၏ ရေသနုတ်တော်ကို လှစ်ထားကျန်ရစ်သဖြင့် ကိုယ်တော်၏အနီး၌ တည်ရှိသော အရှင်စုန္ဒမထေရ်ကို -

"ချစ်သားစုန္ဒ. . ငါဘုရား၏ ဧုအင်္ဂသင်္ကန်း (၂ ထပ်သင်္ကန်း)ကြီးကို လေးထပ်ခေါက်၍ ခင်းပေးလော့၊

ချစ်သားစုန္န ငါဘုရားပင်ပန်း၏၊ ကျောင်းစက်ဦးအံ့ဟု မိန့်တော်မူ၏။" အရှင်စုန္နမထေရ်သည်လည်း၊

"ကောင်းပါပြီ မြတ်စွာဘုရား" ဟု မြတ်စွာဘုရားမိန့်ကြားချက်ကို ဝန်ခံစကားလျှောက်ထားပြီးလျှင် စုတုဍ္ဍသင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးလေ၏၊ ထို့နောက် မြတ်စွာဘုရားသည် စဦးဝယ်လွှန်ကာ တင်းထား၍ သတိရှိလျက်၊ ဆင်ခြင်လျက် မည်သည့်အချိန်၌ထမည်ဟု ဥဋ္ဌာနသညာကို နှလုံးသွင်းပိုင်းခြားလျက် လက်ျာနံတောင်းဖြင့် မြတ်သောလျောင်းစက်ခြင်းကို ပြုတော်မူ၏၊ အရှင်စုန္နသည်ကား၊ ထိုအရပ်၌ပင် မြတ်စွာဘုရားရှင် မျက်မှောက်တော်၌ ထိုင်နေလေသည်။

## ဆွမ်းနှစ်မျိုးအကျိုးတူညီကြောင်း

ဤမျှသောအချိန်ဖြင့် အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်၏ အနီးထံတော်မှောက်သို့ ရောက်ရှိလာလေပြီ၊ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို ဤသို့အမှာတော်စကား မိန့်ကြားတော်မူလေ၏။

"ချစ်သားအာနန္ဒာ . . တစ်စုံတစ်ယောက်သောသူသည် အချင်းစုန္န . . သင်၏ဆွမ်းကို နောက်ဆုံး ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူရ၏။ ထို့ကြောင့်သင့်အဖို့ရာ လာဘ်မကောင်းလေစွ၊ အရမတော်လေစွ" ဟု ပြောဆိုလျက် ရွှေပန်းထိမ်သည်၏သား စုန္န၏ နှလုံးမသာခြင်းကို ဖြစ်စေတော်မူဖြစ်စေပေလိမ့်မည်။"

"ချစ်သားအာနန္ဒာ . . ထိုသို့ဖြစ်စေခဲ့လျှင် သင်ချစ်သားတို့သည် စုန္န၏နှလုံးမသာခြင်းကို ဤသို့ ပြေဖျောက်ကြရမည်။"

"ဒကာစုန္န . . သင်၏ဆွမ်းတို နောက်ဆုံးဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထို့ကြောင့် သင့်အဖို့ရာ လာဘ်ကောင်းလေစွ၊ အရတော်လေစွ၊ ဒကာစုန္န . . မြတ်စွာဘုရား၏ မျက်မှောက်တော်၌ ဤစကားကို ငါတို့ ကြားနာလိုက်ရ ခံယူလိုက်ရ၏၊ အဘယ်သို့ ခံယူလိုက်ရသနည်းဟူမူ အခြားဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားကုန်လျက် အချင်းချင်းတူမျှ၍ အကျိုးဝိပတ်တူမျှကုန်သော ဤဆွမ်းနှစ်မျိုးတို့သည် ရှိကုန်၏။

အဘယ်နှစ်မျိုးတို့နည်းဟူမူ (၁) အကြင်ဆွမ်းကို ဘုန်းပေးတော်မူ၍ မြတ်စွာဘုရားသည် အမြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏၊ ဤဆွမ်းမျိုးလည်းတမျိုး၊ (၂) အကြင်ဆွမ်းကိုဘုန်းပေးတော်မူ၍ မြတ်စွာဘုရားသည် ခန္ဓာအကြွင်းမရှိသော ငြိမ်းခြမ်းခြင်းသဘော၊ နုပဒိသေသ နိဗ္ဗာန်ဓါတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူ၏၊ ဤဆွမ်းလည်းတမျိုး၊ အခြားဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားကုန်လျက် အချင်းချင်းတူမျှ၍ အကျိုးဝိပတ်တူမျှကုန်သော ဆွမ်းနှစ်မျိုးတို့ဟူသည် ဤဆွမ်းတို့ပင်တည်း၊" ဟူ၍မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤစကားကို ငါတို့ ကြားနာလိုက်ရ၏၊ ထို့ကြောင့် ရွှေပန်းထိမ်သည်သား ဒကာစုန္နသည် နာလိုက်ရ၏၊ ထို့ကြောင့် ရွှေပန်းထိမ်သည်သား ဒကာစုန္နသည်အသက်ရှည်ခြင်းကို ဖြစ်စေတတ်သောကံကို ဆည်းပူးရပေ၏၊ အဆင်းလှခြင်းကို ဖြစ်စေတတ်သောကံကိုလည်း ဆည်းပူး၍ရပေပြီ၊ ချမ်းသာခြင်းကို ဖြစ်စေတတ်သောကံကိုလည်း ရပေပြီ၊ အခြံအရံများခြင်းကို ဖြစ်စေတတ်သောကံကိုလည်း ဆည်းပူးရပေပြီ၊ နတ်ပြည်သို့ရောက်စေတတ်သော ကံကိုရပေပြီ၊ အကြီးအကဲဖြစ်စေတတ်သောကံကို ဖြစ်စေတတ်သော ကံကိုဆည်းပူးရပေပြီ - ဟု ပြောကြား၍ ရွှေပန်းထိမ်သည်

သား စုနှင့် နှလုံးမသာခြင်းကို ဖြေဖြောက်ကြရမည်" ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ဤအကြောင်းအရာကိုသိတော်မူ၍ ထိုအခိုက်ဝယ် ဥဒါန်းကျူးရင့်တော်မူ၏။

ဒဒတော ပုညံ ပဝဍ္ဎတိ၊ သံယမတော ဝေရံ နစီယတိ။

ကုသလော စဇဟာ တိပါပကံ။

ရာဂဒေါသ မောဟ ယက္ခယာသနိဗ္ဗုတော။

သဒ္ဓါကြည်ဖြူပေးလှူသောသူ၏ အဖို့ရာ ဖြစ်ဝင်လှစွာ ကောင်းမှုတရားထည်သာ တနေ့တခြား တိုးပွား စည်ပင်၏။ ကိုယ်နှုတ်နှလုံးစောင့်သုံးတိန်းချုပ်သူ၏ အဖို့ရာ ထေည်ထွေပြားရန်ငြိုးဝါးသည် ဆီလတန်နိုးပယ်နိုင် ချိုးသဖြင့် မတိုးပွားနိုင်။ ဓိဝသနာ ဉာဏ်ပညာအစ အရဟတ္တမဂ်ဉာဏ်တိုင်အောင်သော ပညာဉာဏ်နှင့် လောတ်င ကုန်လုံ ပြည့်စုံသောသူသည်ကား ယုတ်မာညစ်ဆိုး ကိလေသာမျိုးကို အမြစ်မကျန် ပယ်လှန်ဖွင့်ပြစ်၏။ ထိုဒါန၊ သီလ၊ သမထ၊ ပညာ ဤလေးပြားနှင့် ကောင်းစွာ လောက်လှုပြည့်စုံသောသူသည် ရာဂ၊ ဒေါသ၊ မောဟ စင်း အကြွင်းမဲ့ကုန်ခြင်းကြောင့် ကိလေသာတတ်သိမ်း၍ အေးရလေပြီ။

ကုသိနာရုံပြည်သို့ရောက်ခြင်း

ထို့နောက် မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို "အာနန္ဒာ. . လာသွားကြစို့ ဟိရညဝတီမြစ်၏ ထိုမှာဘက်ကမ်းကုသိနာရုံ ပြည်မြို့ဝင်ခါနီး မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ သွားကြကုန်စို့" ဟု မိန့်တော်မူ၏။

"ကောင်းပါပြီ မြတ်စွာဘုရား. " ဟု အရှင်အာနန္ဒာမထေရ်သည်လည်း၊ မြတ်စွာဘုရားရှင် မိန့်ကြားချက်ကို ဝန်ခံတော၊ လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် များစွာသောရဟန်းသံဃာနှင့်အတူတကွ ဟိရညဝတီမြစ်၏ ဟိုမှာဘက်ကမ်း ကုသိနာရုံပြည်မြို့ ဝင်ခါနီးလမ်းတွေ့မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ကြွရောက်ပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို "အာနန္ဒာ. . အင်ကြင်းပင်အစုံတို့၏အကြား၌ မြောက်အရပ်သို့ ဦးခေါင်းပြုကာ ညောင်စောင်းကို ခင်းလော့ အာနန္ဒာ. . ငါဘုရား ပင်ပန်းလှ၏၊ လျောင်းစက်တဲ့ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာ မထေရ်သည်လည်း "ကောင်းပါပြီမြတ်စွာဘုရား" ဟု လျှောက်ထားဝန်ခံ၍ မြတ်စွာဘုရား မိန့်ကြားတော်မူချက်အတိုင်း အင်ကြင်းပင်အစုံတို့၏ အကြား၌ မြောက်အရပ်သို့ ဦးခေါင်းပြုကာ ညောင်စောင်း ကိုခင်းလေ၏။ မြတ်စွာဘုရား ရှင်သည်လည်း လက်ျာခြေပေါ်၌ လက်ဝဲခြေကို စဉ်းငယ်လွန်ကာ တင်ထား၍ သတိရှိလျှက် ဆင်ခြင်လျှက် လက်ျာနံတောင်းဖြင့် မြတ်သော လျောင်းစက်ခြင်းကို ပြုတော်မူ၏။

အင်ကြင်းပင်နှင့် နတ်တို့ကပူဇော်ခြင်း

ထိုသို့ မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန် ညောင်စောင်း၌ လျောင်းစက်တော်မူသောအခါ အင်ကြင်း ပင်အစုံ တို့သည် အခါမဲ့ပွင့်သော ပန်းတို့ဖြင့် ပင်လုံးကျွတ်ပွင့်ကြလျှက်ရှိကုန်၏။ ထိုအင်ကြင်းပင်တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ပန်းပွင့်တို့ကို မြတ်စွာဘုရားရှင် ကိုယ်တော်ထက်သို့ မပြတ်မစဲ ကြဖြန့်လေကုန်၏။

မန္ဒာရဝမည်သော နတ်ပန်း ထင်ရှားပန်းတို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏။ ထိုနတ်ပန်းတို့ သည်လည်း နတ်တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်ထက်သို့ မပြတ်မစဲ

ကြဲဖြန့်လေကုန်၏။

နတ်၌ဖြစ်သော စန္ဒကူးနံ့သာ မှုန့်တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏။ ထိုစန္ဒကူးနံ့သာမှုန့်တို့ကိုလည်း နတ်တို့သည် မြတ်စွာဘုရားကို ပူဇော်သည့် အနေဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်ထက်သို့ မပြတ်မစဲ ဖြန့်ကြလေကုန်၏။

နတ်တူရိယာတို့ကိုလည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့်ကောင်းကင်၌ တီးမှုတ်လျက် ရှိကုန်၏။ နတ်သီချင်းသံတို့သည်လည်း မြတ်စွာဘုရားကိုပူဇော်သည့်အနေဖြင့် ကောင်းကင်၌ဖြစ်ပေါ်လျက်ရှိကုန်၏။

## အမြတ်ဆုံးသော ပူဇော်မှု

ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ . . အင်ကြင်းပင်အစုံတို့သည် အခါမဲ့ပွင့်သောပန်းတို့ဖြင့် ပင်လုံးကျွတ် ပွင့်ကြလျက်ရှိကုန်၏။ ထိုအင်ကြင်းပင်တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ပန်းပွင့်တို့ကို မြတ်စွာဘုရားရှင် ကိုယ်တော်ထက်သို့ မပြတ်မစဲကြဲဖြန့်ကြလေကုန်၏။

မန္ဒာရဝဖြည်သော နတ်ပန်း ထင်ရှားပန်းတို့သည် ကောင်းကင်မှကျလာကုန်၏။ ထိုနတ်ပန်းတို့ကလည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် မြတ်စွာဘုရားရှင်ကိုယ်တော်ထက်သို့ မပြတ်မစဲ ကြဲဖြန့်ကြလေကုန်၏။ နတ်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့်တို့သည်လည်း ကောင်းကင်မှကျလာကုန်၏။ ထိုစန္ဒကူးနံ့သာမှုန့် တို့ကိုလည်း နတ်တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်ထက်သို့ မပြတ်မစဲ ကြဲဖြန့်ကြလေကုန်၏။

နတ်တူရိယာတို့ကိုလည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ တီးမှုတ်လျက်ရှိကုန်၏။ နတ်သီချင်းသံတို့သည်လည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ ဖြစ်ပေါ်လျက်ရှိကုန်၏။

ချစ်သားအာနန္ဒာ ဤမျှလောက်ပူဇော်မှုဖြင့် မြတ်စွာဘုရားကို အရိုအသေပြုသည်မမည်သေး၊ အလေးအမြတ်ပြုသည်၊ မြတ်နိုးသည်၊ ပူဇော်သည်၊ ပသသည် မမည်သေး။ ချစ်သားအာနန္ဒာ . . ရဟန်းယောက်ျား ဖြစ်စေ၊ ဥပါသိကာမိန်းမဖြစ်စေ တမုတ်မထင်အကြင်သူသည် လောကုတ္တရာတရားနှင့် လျော်သော တရားကို ကျင့်လျက် နေ၏၊ လျော်သောအကျင့်ကို ကျင့်လျက်နေ၏၊ ထိုသူသည် အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် မြတ်စွာဘုရားကို အရိုအသေပြုသည်မည်၏၊ အလေးပြုသည်၊ မြတ်နိုးပူဇော်သည်၊ ပသသည် မည်၏"

"ချစ်သားအာနန္ဒာ . . သို့ရကား ဤသာသနာတော်၌ လောကုတ္တရာတရားနှင့် လျော်သောတရားကိုကျင့်လျက် နေကုန်အံ့၊ လျော်သောအကျင့်ကို ကျင့်လျက်နေကုန်အံ့၊ တရားနှင့်လျော်စွာကျင့်လျက် နေကုန်အံ့ဟု ဤသို့နှလုံးသွင်းလျက် သင်တို့ကျင့်ကြံကြိုးကုတ် အားထုတ်ရမည်" ဟု မိန့်တော်မူ၏။

## ဥပဝါဏမထေရ်

ထိုအခါ အရှင်ဥပဝါဏမထေရ်သည် မြတ်စွာဘုရားကို ယပ်ခပ်လျက် မြတ်စွာဘုရား၏ ရှေ့တော်၌ ရပ်တည်နေဆဲရှိ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်ဥပဝါဏမထေရ်ကို "ရဟန်း ဖဲသွားလော့ ငါဘုရားရှေ့၌ ရပ်မနေလင့်" ဟု မိန့်တော်မူကာ ဖဲသွားစေတော်မူ၏။ အရှင် ဥပဝါဏမထေရ်သည်လည်း တစ်ခွန်းတည်းသော

တောတော်မြင့်ဝင် ထန်းရွက်ယပ်ဝန်းကိုချ၍ အပြစ်လွတ်ရာအရပ်၌ ရပ်တည်နေလေ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်၏ စိတ်သန္တာန်ဝယ် "ဤအရှင်ဥပဝါဏသည် ကာလရှည်မြင့်စွာ ပဌမဗောဓိ-ဝါတော်နှစ်ဆယ်အတွင်းက မြတ်စွာဘုရား၊ ရှင်ထံတော်ပါး၌ နေ၍ အပြစ်ရှိသောအလုပ်အကျွေး မြစ်ခဲ့ဖူးပါလျှက် မြတ်စွာဘုရားသည် ဤယခု နောက်ဆုံးပရိနိဗ္ဗာန် စံတော်မူခါနီးကာလသို့ ရောက်။ . . မဲသွားလော၊ ငါဘုရားရှေ့၌ ရပ်မနေလင့်ဟု မိန့်လျှက် မဲစေတော်မူ၏၊ ထိုသို့ မဲစေရာ၌ အကြောင်းဘယ်သို့ရှိသနည်း" ဟု အကြံအစည်ဖြစ်ရှိကာ အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်ကို-

"မြတ်စွာဘုရား. . ဤအရှင် ဥပဝါဏသည် ကာလရှည်မြင့်စွာ မြတ်စွာဘုရား ထံတော်ပါး၌နေ၍တန်း၍ အပြစ်ရှိသော အလုပ်အကျွေးဖြစ်ခဲ့ဘူးပါလျှက် ရှင်တော်ဘုရားသည် ဤယခုနောက်ဆုံးပရိနိဗ္ဗာန် စံတော်မူခါနီး ကာလ၌ ရောက်. . သွားလော့၊ ငါဘုရားရှေ့၌ ရပ်မနေလင့်ဟု မိန့်လျှက် မဲစေတော် မူခဲ့ပါသည်၊ ထိုသို့ မဲစေရာ၌ အကြောင်းအဘယ်သို့ ရှိပါသနည်း"

ထိုအခါ မြတ်စွာဘုရားရှင်သည် "အာနန္ဒာသည် ဥပဝါဏ ရဟန်း၌ အပြစ်ရှိ၍ မဲစေသည်ဟုထင်နေ၏၊ ယခုအခါ ငါဘုရားသည် ဥပဝါဏရဟန်း၏ အပြစ်မရှိသော အပြစ်ကိုပြောကြားပေအံ့ဟု ကြံစည်တော် မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို -

"ချစ်သားအာနန္ဒာ. . ကြောဝဠာတိုက်တသောင်း၌ရှိသော နတ်ပြဟ္မာအပေါင်းတို့သည် မြတ်စွာ ဘုရားကိုဖူးမြော်ရန် အသည်းသတ်ပြဟ္မာနှင့် အရှုပ်ပြဟ္မာတို့ကိုလား၍ များသောအားဖြင့် စည်းဝေးလာကြကုန်၏၊ ချစ်သားအာနန္ဒာ. . ကုသိနာရုံပြည်၏ အင်ကြင်းဥယျာဉ် ထက်ဝန်းကျင် တဆယ့်နှယူဇနာအတွင်း၌ တန်ခိုးကြီးသော နတ်တို့ဖြင့် မတွေ့စေမပြည့်သောအရပ်မသေမည်သည် သားမြီးဖျားထောက်မျှပင် မရှိချေ"

(က) "ချစ်သားအာနန္ဒာ. . နတ်တို့သည် ဥပဝါဏ ရဟန်းကို ငါတို့အား မြတ်စွာဘုရားကို ဖူးမြော်ရန် အဝေး ထားခဲ့ရကုန်၏၊ အရယံဝုက်ရှင်၊ သမ္မာသမ္ဗုဒ္ဓဝုက်ရှင် ဘုရားသခင်တို့သည် လောက၌ တခုသောအခါသာ ပွင့်ကြ ကုန်၏၊ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်စံတော်မူခြင်းသည် ယနေ့ည၌ သန်းလွဲ မဏ္ဍိမယံ၌ပင် ဖြစ်တော့မည် တန်ခိုးကြီး သော ဤဥပဝါဏရဟန်းကလည်း၊ မြတ်စွာဘုရားရှေ့တော်၌ကွယ်လျှက် ရပ်တည်နေဘိ၏၊ ငါတို့သည် ယခု နောက်ဆုံးကာလ၌ မြတ်စွာဘုရားအား ဖူးမြော်ခွင့်ကို မရကြပါဟောတတတ" ဟု ကဲ့ရဲ့ကော ပြောကြားနေကြ၏၊ ထို့ကြောင့် ငါဘုရားသည် ဥပဝါဏရဟန်းကို ဖယ်ရှားစေသည်" ဟု ရှင်းလင်းမိန့်ဆိုတော်မူ၏။

ဤသို့ မြတ်စွာဘုရားရှင်က အရှင်ဥပဝါဏကို အပြစ်ရှိ၍ ဖယ်ရှားစေသည်မဟုတ်၊ နတ်တို့ကကဲ့ရဲ့ သောကြောင့် ဖယ်ရှားစေရကြောင်းကို မိန့်တော်မူလေလျှင် အရှင်အာနန္ဒာသည် တဖန်ဆက်၍ မြတ်စွာဘုရားကို-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . ရှင်တော်ဘုရားသည် နတ်ပြဟ္မာများကို အဘယ်ကဲ့သို့ ဖြစ်ရှိ နေကြသည်ကို နှလုံးသွင်းဆင်ခြင်တော်မူမိပါသနည်းဘုရား"ဟု လျှောက်ထားမေးမြန်းလေ၏၊ နတ်ပြဟ္မာတို့သည် ရှင်တော်ဘုရားပရိနိဗ္ဗာန် စံတော်မူမည်ကို သည်းခံနိုင်စွမ်းရှိကြပါ၏လော" ဟု မေးလိုရင်းဖြစ်သည်။ ထိုအခါ မြတ်စွာဘုရားရှင်သည် နတ်ပြဟ္မာတို့ သည်းမခံနိုင်ကြသည့် အဖြစ်ကိုပြတော်မူလို၍ အရှင်အာနန္ဒာ မထေရ်မြတ်ကို

"ချစ်သားတာနန္ဒာ . . တောင်းကင်၌ မြေပြင်ဟုအမှတ်ရှိလျက်တည်နေသော နတ်တို့သည် ကုန်စွာတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူလိမ့်မည်တကား၊ ကောင်းသောစကားကို ပြောကြားတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူလိမ့်မည်တကား၊ ပညာမျက်စိ ရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာလောကမှ ကွယ်ပျောက်တော်မူလိမ့်မည်တကား" ဟု ဆံပင်တို့ကို ဖြန့်၍ ငိုကြွေးကြကုန်၏၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကြကုန်၏၊ ကမ်းပါးပြတ်၍ကျသကဲ့သို့ လဲကျကုန်၏၊ ရှေ့ရှုလူးလိမ့်ကြကုန်၏၊ ထိုထိုဤဤ လူးလိမ့်ကြကုန်၏။

ချစ်သားတာနန္ဒာ . . . မြေပြင်၌ မြေပြင်ဟုအမှတ်ရှိလျက်တည်နေသောနတ်တို့သည် "ကုန်စွာတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာပရိနိဗ္ဗာန်စံတော်မူလိမ့်မည်တကား၊ ကောင်းသော စကားကိုမိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူလိမ့်မည်တကား၊ ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူလိမ့်မည်တကား"ဟု ဆံပင်တို့ကိုဖြန့်၍ငိုကြွေးကြကုန်၏၊ လက်မောင်းတို့ကိုမြှောက်၍ငိုကြွေးကြကုန်၏၊ ကမ်းပါးပြင်၌ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေ့ရှုလူးလိမ့်ကုန်၏၊ ထိုထိုဤဤ လူးလိမ့်ကြကုန်၏၊

ကာမရာဂ ကင်းပြီးသော နတ်တို့သည်ကား မြဲမြံ၍မရသော သင်္ခါရတရားတို့သည် မမြဲသော သဘောရှိကုန်၏၊ ဤမြဲမြံမရသောသင်္ခါရတရားတည်း၌ ထိုမြဲမှုသဘောကို အဘယ်မှာရနိုင်ပါအံ့နည်း။ မရနိုင်သည်သာ တည်းဟု အောက်မေ့ဆင်ခြင်လျက် သည်းခံနိုင်ကုန်၏"

## သံဝေဂရစေမည့် ဌာနလေးပါး

ထို့နောက်ဆက်၍ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား အရပ်မျက်နှာတို့၌ ဝါကပ်၍ဝါကျွတ်ပြီးသော ရဟန်းတို့သည်မြတ်စွာဘုရားကို ဖူးမြော်ကြရန်ရှေးအခါက ကြွလာကြကုန်၏၊ ထိုကြွလာသော ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့် ရဟန်းတို့ကို ရှေးအခါက တပည့်တော်များဖူးမြော်ခွင့် ဆည်းကပ်ခွင့်ကို ရခဲ့ပါကုန်၏၊ မြတ်စွာဘုရား ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော်မူသွားပြီး နောက်အခါ၌ကား၊ ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့်ရဟန်းတို့ကို ရှေးအခါကလို တပည့်တော်များဖူးမြော်ခွင့်၊ ဆည်းကပ်ခွင့်ကိုရကြတော့မည် မဟုတ်ပါဘုရား" ဟုလျှောက်ထားလေ၏၊

ဘုရားရှင်လက်ထက်တော်က ရဟန်းတို့သည် (၁) ဝါဆိုရက် နီးကပ်သောအခါ ကမ္မဋ္ဌာန်း သင်ယူရန်အတွက် ဘုရားရှင်ရှိရာသို့ လာရောက်၍ စည်းဝေးကြသည် တကြိမ် (၂) ဝါကျွတ်သောအခါ မိမိတို့ သင်ယူတတ်သော ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် ရရှိသောမဂ်၊ ဖိုလ်တရားထူးကို လျှောက်ထားရန် ဘုရားရှင်ရှိရာသို့ လာရောက်၍ စည်းဝေးကြသည်တကြိမ် - ဤသို့အခါနှစ်ပါး၌ ရဟန်းတို့ စည်းဝေးကြလေသည်၊ ဘုရားရှင်လက်ထက်မှာကဲ့သို့ပင် သီဟိုဠ်ကျွန်း၌လည်း (၁) ဝါဆိုရက် နီးကပ်သောအခါ ဤမှာဘက်တမ်းနေ ရဟန်းတို့သည် လောဟပါသာဒြသာစ်၌ စည်းဝေးကြ၍ ထိုမှာဘက်ကမ်း (မဟာဂါမ ဘက်တမ်း) နေရဟန်းတို့သည် ကာကဝဏ္ဏတိဿမင်းကြီး ဆောက်လုပ်သော တိဿကျောင်းတိုက်ကြီး၌ စည်းဝေးကြကုန်၏၊ ထိုရဟန်းတို့တွင် ဤမှာဘက်တမ်းနေ ရဟန်းတို့သည်

အမှိုက်စွန့်ရန်တောင်း၊ တံမြက်စည်းများကိုယူဆောင်ကြကာ မဟာဝိဟာရကျောင်းတိုက်၌ လာရောက် စုဝေးကြ၍ မဟာစေတီ၌ အင်္ဂတေမှုလိုအပ်သလို အင်္ဂတေဆေးဖာမှု၊ လုံးသုတ်နှီး၊ စေတီကပ်မှုများ ပြုလုပ်ကြပြီးလျှင်

"ဝါကျွတ်သောအခါ လာရောက်ကြ၍ လောဟပါသာဒပြဿာဒ်၌ စည်းဝေးကြကုန်လော့" ဟု တိုင်ပင် ညီညွတ်ကြကာ မိမိတို့နေရာ၌ တံမြက်စည်းလှည်းမှု အမှိုက်စွန့်မှုစသော ဝတ်ကိုပြုကြပြီးလျှင် မိမိတို့ချမ်းသာရာ အရပ်၌ ဝါတစ်သီတင်းသုံးတော်မူကြလေသည်။ (၂) ဝါကျွတ်သောအခါ တဖန်လာရောက်ကြ၍ လောဟပါသာဒ ပြဿာဒ်အတွင်း ပဥ္စနိကာယတန်ဆောင်း ဝန်းနီကာယ်ငါးဆော်း တန်ဆောင်းဝင်း၌ စည်းဝေးကြ၍ ပါဠိ သင်သောရဟန်းတို့က ပါဠိတော်ကိုသရဇ္ဈာယ်ကြ၍ အဋ္ဌကထာသင်သော ရဟန်းတို့က အဋ္ဌကထာကို သရဇ္ဈာယ် ကြလေသည်။ ပါဠိကိုဖြစ်စေ၊ အဋ္ဌကထာကို ဖြစ်စေ၊ မှားယွင်းသရဇ္ဈာယ်သောရဟန်းကို -

"ငါ့ရှင်သည် အဘယ်ဆရာ၏အထံ၌ သင်ယူအပ်သနည်း" ဟုမေးမြန်းစိစစ်၍ ဖြောင့်မှန်အောင် ပြုလုပ်ကာ ရွတ်ဆဲသင်ကြားစေကြလေ၏၊ ဟိုမှာဘက်ကမ်း မဟာဂါမဖက်ကမ်းနေ ရဟန်းတို့သည်လည်း တိဿကျောင်းတိုက်ကြီး၌ ဤအတူပင်ပြုလုပ်ကြကုန်၏၊ ဤသို့လျှင် မြတ်စွာဘုရားလက်ထက်တော်က နှစ်ပါးသော အခါတို့ဝယ် စည်းဝေးကြသော ရဟန်းတို့အနက် ဝါဆိုဦးအခါက ကမ္မဋ္ဌာန်းကို သင်ယူ၍သွားပြီးလျှင် ဝါကျွတ်သော အခါ မိမိရရှိသော မဂ်ဖိုလ်တရားထူးကို မြတ်စွာဘုရားအားလျှောက်ထားရန် လာရောက်ကြသည့် ရဟန်းတို့ကို ရည်၍ အရှင်အာနန္ဒာမထေရ်သည် ရှေးဆိုအပ်ပြီးသောအတိုင်း မြတ်စွာဘုရားကို လျှောက်ထားလေသည်၊

အရှင်အာနန္ဒာမထေရ်သည်ကား ဝတ်အကျင့်နှင့်ပြည့်စုံသူ ဖြစ်သောကြောင့် သီတင်းကြီးရဟန်း တွေလာ သည်ကိုမြင်လျှင် မည်သည့်အခါမှ မာန်မာနစွဲ၍မနေ၊ ခရီးဦးကြို၍ သီတင်းကြီးအာဂန္တုရဟန်း၏ လက်မှထီး၊ သပိတ်၊ သင်္ကန်းများကို ဆီးကြိုယူပြီးလျှင်ထိုင်စရာ အင်းပျဉ်ကိုခင်း၍ နေရာပေးလေသည်၊ ထိုနေရာ၌ သီတင်းကြီး ရဟန်းထိုင်နေပြီးလတ်သော် ရသင့်သောကျောင်းကို သုတ်သင်ရှင်းလင်း၍ ပေးလေသည်၊ သီတင်းငယ်အာဂန္တု ရဟန်းကိုမြင်လျှင်လည်း ဆိတ်ဆိတ်နေတော်မမူပဲ ထိုအာဂန္တုရဟန်းအနီး၌ ရပ်တည်၍ပြုသင့်သမျှသောဝတ်များကို ပြုတော်မူလေသည်၊ ထို့ကြောင့် အရှင်အာနန္ဒာမထေရ်သည် ထိုမိမိပြုနေကြဖြစ်သည့် ဝတ်ကြီးဝတ်ငယ်များ မလုပ်လျှော့မှုကိုတောင့်တလင့်ဆို အလိုရှိတော်မူသည်ဖြစ်၍ မြတ်စွာဘုရားရှင်အား ထိုကဲ့သို့ လျှောက်ထား လေသည်၊

ထိုအခါ မြတ်စွာဘုရားရှင်သည် အာနန္ဒာအား "ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့်ရဟန်းတို့ကို ငါဖူးမြော်ခွင့် ရဝေလိမ့်မည်" ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ. . . သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအဖို့ရာ ဖူးမျှော်ထိုက်၍ ယင်းသို့ ဖူးမျှော်သူအား သံဝေဂရစေမည့် ဌာနတို့သည် လေးပါးရှိကုန်၏၊ လေးပါးတို့ဟူသည်မှာ -

(၁) ချစ်သားအာနန္ဒာ. . လုမ္ဗိနီအင်ကြင်းတောဌာနသည် "ဤဌာန၌မြတ်စွာဘုရားဖွားမြင်တော်မူ၏" ဟုကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအဖို့ရာ ဖူးမျှော်ထိုက်၍ ယင်းသို့ ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတပါးဖြစ်သည်၊

(၂) ချစ်သားအာနန္ဒာ . . မဟာဗောဓိမဏ္ဍိုင်ဌာနသည် ဤဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးသော သဗ္ဗညု သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရတော်မူ၏ဟု ကြည်ညိုသောက်မေ့ကာ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား အမိုးရာ ဖူးမြော်သောသူအား သံဝေဂရစေမည့်ဌာနတပါးဖြစ်သည်။

(၃) ချစ်သားအာနန္ဒာ . . မိဂဒါဝုန်တောအရပ်သည် "ဤဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးသော တရားတော် ဓမ္မစက်ကို ဟောမြွက်တော်မူ၏ဟု ကြည်ညိုသောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား အမိုဖူးမြော်ထိုက်၍ ယင်းသို့ဖူးမြော်သော သူအားသံဝေဂရစေမည့် ဌာနတစ်ပါးဖြစ်သည်။

"ချစ်သားအာနန္ဒာ . . သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ ဥပါသကာယောက်ျား၊ ဥပါသိကာ မိန်းမများသည်' ၁- ဤလုမ္ဗိနီဌာန၌ မြတ်စွာဘုရား ဖွားမြင်တော်မူ၍ လည်းကောင်း ၂- မဟာဗောဓိ ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သဗ္ဗညုသမ္မာသမ္ဗောဓိဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးသော သဗ္ဗညုသမ္မာသမ္ဗောဓိဉာဏ်ကိုရတော်မူ၏ ဟူ၍လည်းကောင်း။ ၃- ဤမိဂဒါဝုန်ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံး ဖြစ်သောတရားတော် ဓမ္မစက်ကိုဟောမြွက်လည်စေတော်မူ၏ ဟူ၍လည်းကောင်း၊ ၄ - ဤကုသိနာရုံဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော အနုပါဒိသေသနိဗ္ဗာနဓါတ်ဖြင့် ဝင်စံတော်မူ၏ ဟူ၍ လည်းကောင်း ကြည်ညိုသောက်မေ့ကြလျှက် လာရောက်ကြလိမ့်မည်၊ ချစ်သားအာနန္ဒာ . . စေတီပုထိုးတို့ကို ဖူးမြော်ရန်သွားလာ လှည့်လည်နေကြသော သူတို့သည် ကြည်ညိုသော စိတ်ရှိကြလျှက် သေကြကုန်လျှင်ထိုသူ အားလုံးတို့သည် ကိုယ်ခန္ဓာပြတ်ကြွေစုတေသည်မှ နောက်ကာလ၌ ကောင်းသောလားရာ နတ်ရွာသုဂတိသို့ရောက်ရှိ ကြလိမ့်မည်" ဟု မိန့်တော်မူလေ၏။

### အရှင်အာနန္ဒာ၏အသေးစိတ်မေးလျှောက်ခန်း

တို့နောက် အရှင်အာနန္ဒာမထေရ်က အသေးစိတ်မေးလျှောက်၍ မြတ်စွာဘုရားရှင်က အသေးစိတ် ဖြေကြားတော်မူပုံမှာ -

အရှင်အာနန္ဒာ - မြတ်စွာဘုရား အကျွန်ုပ်တို့သည် မာတုဂါမနှင့် စပ်လျဉ်း၍ အဘယ်သို့ ကျင့်သုံးရပါမည်နည်း။

မြတ်စွာဘုရား - ချစ်သားအာနန္ဒာ . . မတွေ့မမြင်ရအောင် ကျင့်သုံးရမည် (မကြည့်နှင့်ဟုဆိုလိုသည်)။

အရှင်အာနန္ဒာ - မြတ်စွာဘုရား . . တွေ့မြင်ခဲ့သော် အဘယ်သို့ ကျင့်သုံးရပါမည်နည်း။

မြတ်စွာဘုရား - ချစ်သားအာနန္ဒာ စကားမပြောဘဲနေရမည်။(စကားမပြောနှင့် အာနန္ဒာဟုမြေလိုရင်းဖြစ်သည်)

အရှင်အာနန္ဒာ - မြတ်စွာဘုရား . . (မလွဲသာ၍) စကားပြောရသော်အဘယ်သို့ ကျင့်သုံးရပါမည်နည်း။

မြတ်စွာဘုရား - ချစ်သားအာနန္ဒာ . . အမိအရင်းစသည်ကဲ့သို့ အမှတ်သတိထား၍ ပြောဆိုရမည်။

အရှင်အာနန္ဒာ - မြတ်စွာဘုရား . . ရှင်တော်ဘုရားပရိနိဗ္ဗာန် စံတော်မူသွားသောအခါ တပည့်တော်များသည် ရှင်တော်ဘုရား၏ ဥတုရုပ်ကလာပ်တော်နှင့် စပ်လျဉ်း၍ အဘယ်သို့ ဆောင်ရွက်ရပါမည်နည်း။

မြတ်စွာဘုရား - ချစ်သားအာနန္ဒာ . . ငါဘုရားလေးနက်စွာ တိုက်တွန်း၏ သင်ချစ်သားတို့သည် မြတ်သော အကျင့်၌သာ အားစိုက်ကြကုန်လော့၊ မြတ်သောအကျင့်၌ မမေ့မလျော့ပြင်းစွာ အားထုတ်ကြ လျှက် နိဗ္ဗာန်သို့ စိတ်စေလွှတ်၍ နေကြကုန်လော့။ချစ်သားအာနန္ဒာ . . မြတ်စွာဘုရား၌ အလွန်

ကြည်ညိုကုန်သော မင်းပညာရှိပုဏ္ဏားပညာရှိ သူဌေးသူကြွယ် ပညာရှိတို့သည် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်အား ပူဇော်မှုကို ပြုကြလိမ့်မည်။

အရှင်အာနန္ဒာ - မြတ်စွာဘုရား. . ထိုမင်းပညာရှိ ပုဏ္ဏားပညာရှိ သူဌေးသူကြွယ်ပညာရှိတို့သည် ရှင်တော်ဘုရား၏ ဥတုဇရုပ်ကလပ်ရှိဘူဌေးသူကြွယ်ပညာရှိတို့သည် ရှင်တော်ဘုရား၏ဥတုဇရုပ်ကလပ်တော်၌ အဘယ်သို့ဆောင်ရွက်အပ်ပါသနည်း၊ (ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ ထိုမင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ် ပညာရှိတို့သည် ကောန်ပင် အကျွန်ုပ်ကို အရှင်အာနန္ဒာဘုရား. . တပည့်တော်များသည် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်၌ အဘယ်သို့ ဆောင်ရွက်ကြရမည်နည်းဟု မေးကြလိမ့်မည်၊ ထိုသူတို့အား တပည့်တော်သည် အဘယ်သို့စကားတုံ့အဖြေရပါမည်နည်း" ဟုမေးလိုရင်းဖြစ်သည်။

မြတ်စွာဘုရား - ချစ်သားအာနန္ဒာ. . စကြာဝတေးမင်း၏ ဥတုဇရုပ်ကလပ်၌ ဆောင်ရွက်သကဲ့သို့ မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်၌ ဆောင်ရွက်အပ်ပေ၏။

ရှင်အာနန္ဒာ - မြတ်စွာဘုရား. . စကြာဝတေးမင်း၏ ဥတုဇရုပ်ကလပ်၌ အဘယ်သို့ ဆောင်ရွက် ကြပါသနည်း။

မြတ်စွာဘုရား - ချစ်သားအာနန္ဒာ. . စကြာဝတေးမင်း၏ ဥတုဇရုပ်ကလပ်ကို ထိုကာသိတိုင်းဖြစ်အဝတ်သစ်ဖြင့် ရစ်ပတ်ကြရသည်၊ (ထိုကာသိတိုင်းဖြစ် အဝတ်သစ်မှာ အလွန်နူးညံ့လှသောကြောင့် ဆီကို မစုပ်ယူနိုင်၊ ဝါဂွမ်းဆိုင်ကသာ ဆီကို စုတ်ယူနိုင်သည်ဖြစ်သောကြောင့်၊ကာသိတိုင်းဖြစ် အဝတ်သစ်ဖြင့် ရစ်ပတ်ပြီးနောက် ဝါဂွမ်းနှဖြင့် တဖန်ရစ်ပတ်ကြရပြန်သည်၊)ဤနည်းအတိုင်း ပုဆိုးအစုံငါးရာတို့ဖြင့် စကြာဝတေးမင်း၏ ဥတုဇရုပ်ကလပ်ကို ရစ်ပါတ်ပြီးလျှင် ဆီနှင့်တကွထည့်ထားသော ရွှေကလား-ရွှေခေါင်း၌ထည့်၍ အခြားရွှေကလားဖုံး- ရွှေခေါင်းဖုံးဖြင့် ဖုံးအုပ်ပြီးသော် အလုံးစုံသော နံ့သာတို့ကို ထင်းပုံပြု၍ စကြာဝတေးမင်း၏ ဥတုဇရုပ်ကလပ်ကိုမီးသဂြိုလ်ကြရ၏။ လမ်းလေးခွဆုံရာ၌ စကြာဝတေးမင်း၏ စေတီကို တည်ထားကြရကုန်၏၊ ချစ်သားအာနန္ဒာ. . ဤသို့ဆိုအပ်ပြီးသောအတိုင်း စကြာဝတေးမင်း၏ ဥတုဇရုပ်ကလပ်၌ဆောင်ရွက်ကြရ၏။

## စေတီတည်ထားရမည်

"ချစ်သားအာနန္ဒာ. . စကြာဝတေးမင်း၏ ဥတုဇရုပ်ကလပ်၌ ဆောင်ရွက်ကြသကဲ့သို့ မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်၌လည်း ဆောင်ရွက်အပ်ပေ၏။ လမ်းလေးခွဆုံရာ၌ မြတ်စွာဘုရား၏ စေတီတော်ကို တည်ထားအပ်ပေ၏၊ ထိုစေတီတော်၌ အကြင်သူတို့သည် ပန်းကိုဖြစ်စေ၊ နံ့သာကိုဖြစ်စေ၊ နံ့သာမှုန့်ကိုဖြစ်စေ တင်လှူမှုလည်း တင်လှူကြလိမ့်မည်၊ ရှိခိုးမှုလည်း ရှစ်ခိုးကြလိမ့်မည်၊ စိတ်ဖြင့်မှုလည်း ကြည်ညိုကြလိမ့်မည်၊ထိုသို့ပြုခြင်းသည် ရှည်မြင့်စွာသော ကာလပတ်လုံးထိုသူတို့အဖို့ရာ စီးပွားချမ်းသာအလို့ငှာဖြစ်ပေလိမ့်မည်။"

## စေတီတည်ထိုက်သော ပုဂ္ဂိုလ်လေးမျိုး

ချစ်သားအာနန္ဒာ. . ဤဆိုလတ္တံ့သော ပုဂ္ဂိုလ်လေးမျိုးတို့သည် စေတီတည်ထိုတ်ကုန်၏၊ လေးမျိုးတို့ဟူသည်မှာ

၁။ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားသခင်ကို စေတီတည်ထိုက်၏၊
၂။ ပစ္စေကဗုဒ္ဓါကို စေတီတည်ထိုက်၏၊
၃။ မြတ်စွာဘုရား၏ သာဝက အရိယာကို စေတီတည်ထိုက်၏။
၄။ စကြာဝတေးမင်းကို စေတီတည်ထိုက်၏၊ ဤလေးမျိုးတို့ဖြစ်သည်၊

ချစ်သားအာနန္ဒာ. . . အဘယ်သို့သော အကျိုးထူးကိုစွဲ၍ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်၏စေတီတော်တည်းဟု လူအများတို့မိမိစိတ်ကို သဒ္ဓါရွှန်းစို ကြည်ညိုစေကြကုန်၏၊ ထိုလူတို့သည် ထိုစေတီတော်၌ သဒ္ဓါရွှန်းစို ကြည်ညိုကြပြီးသော် ကိုယ်ခန္ဓာပြတ်ကြွေစုတေသည်မှနောက်၌ ကောင်းသောလားရာသို့ ရောက်ရကုန်၏၊ ချစ်သားအာနန္ဒာ. . . ဤအကျိုးထူးကို စွဲ၍ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်ကို စေတီတည်ထိုက်၏၊

ချစ်သားအာနန္ဒာ. . အဘယ်သို့သော အကျိုးထူးကိုစွဲ၍ ပစ္စေကဗုဒ္ဓါကိုစေတီ တည်ထိုက်သနည်းဟူမူကား ချစ်သားအာနန္ဒာ. . "ဤစေတီကား ကိုယ်တိုင်သစ္စာလေးပါး တရားထူးကို သိမြင်တော်မူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏စေတီတော်တည်းဟု လူအများတို့သည် မိမိစိတ်ကိုသဒ္ဓါရွှန်းစို ကြည်ညိုကြပြီးသော် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှနောက်၌ ကောင်းသောလားရာ နတ်ရွာသို့ ရောက်ရကုန်၏၊ ချစ်သား. . ဤအကျိုးထူးကိုစွဲ၍ ပစ္စေကဗုဒ္ဓါကို စေတီတည်ထိုက်၏၊

ချစ်သားအာနန္ဒာ. . အဘယ်သို့သော အကျိုးထူးကိုစွဲ၍ မြတ်စွာဘုရား၏ သာဝကအရိယာကို စေတီတည်ထိုက်သနည်းဟူမူကား. . . ချစ်သားအနန္ဒာ. . "ဤစေတီသည်ကား အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ထိုဘုရားသခင် တပည့်သာဝကအရိယာ၏ စေတီတော်တည်း" ဟု လူအများ တို့သည် မိမိစိတ်ကိုသဒ္ဓါရွှန်းစို ကြည်ညိုစေကြကုန်၏၊ ထိုလူတို့သည် ခန္ဓာပြတ်ကြွေစုတေသည်မှ နောက်၌ ကောင်းသောလားရာသို့ ရောက်ရကုန်၏၊ ချစ်သားအာနန္ဒာ. . ဤအကျိုးထူးကိုစွဲ၍ မြတ်စွာဘုရား၏ တပည့်သာဝကအရိယာကို စေတီတည်ထိုက်၏၊

ချစ်သားအာနန္ဒာ. . အဘယ်သို့သော အကျိုးထူးကိုစွဲ၍ စကြာဝတေးမင်းကို စေတီတည်ထိုက် သနည်းဟူမူကား. . ချစ်သားအာနန္ဒာ ဤစေတီကား တရားစောင့်သော ထိုတရားမင်း စကြာဝတေး၏ စေတီတည်း" ဟု လူအများတို့သည် မိမိစိတ်ကို သဒ္ဓါရွှန်းစို ကြည်ညိုကြပြီးသော် ကိုယ်ခန္ဓာပြတ်ကြွေစုတေသည်မှ နောက်၌ ကောင်းသောလားရာ နတ်ရွာသို့ ရောက်ရကုန်၏၊ ချစ်သားအာနန္ဒာ. . ဤအကျိုးထူးကိုစွဲ၍ စကြာဝတေးမင်းကို စေတီတည်ထိုက်၏၊ ချစ်သားအာနန္ဒာ. . စေတီတည်ထိုက်သော ပုဂ္ဂိုလ်ကား ဆိုအပ်ပြီးသော လေးမျိုးတို့ပေတည်း၊

ဤကား အရှင်အာနန္ဒာမထေရ်က အသေးစိတ်မေးလျှောက်၍ မြတ်စွာဘုရားရှင်က အသေးစိတ် ဖြေကြား တော်မူပုံတည်း။

### အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးများ

ထိုသို့ မြတ်စွာဘုရားရှင်က မေးလျှောက်အပ်သမျှကို အသေးစိတ်ဖြေကြားတော်မူပြီးသောအခါ

ရှင်အာနန္ဒာမထေရ်သည် "မြတ်စွာဘုရားသည် ငါ့အား သံဝေဂရစေမည့်ဥာနလေးပါးကိုလည်း ဟောကြား တပ်ပြီးပြီ၊ စေတီတော်ကို ဖူးမျှော်ရန် လှည့်လည်ခြင်း၏ အကျိုးရှိသောအဖြစ်ကိုလည်း ဟောကြားတပ်ပြီးပြီ၊ ကိုယ်တော် မာတုဂါမများအပေါ်၌ ကျင့်သုံးရန်နှင့်စပ်၍ မေးမြန်းလျှောက်ထားချက်ကိုလည်း ဖြေကြားတပ်လေပြီ ကိုယ်တော် မြတ်၏ ဥတုဇရုပ်ကလပ်တော်၌ စီမံပူဇော်ရမည့် လုပ်ငန်းရပ်များကိုလည်း ဟောကြားတပ်လေပြီ၊ စေတီတည်ထိုက် သည့် ပုဂ္ဂိုလ်လေးမျိုးတို့ကိုလည်း ဟောကြားတပ်လေပြီ၊ ကေနပင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူလိမ့်မည်" ဟု ဆင်ခြင်စဉ်းစားလေသည်။ ထိုသို့ဆင်ခြင်စဉ်းစားသော အရှင်အာနန္ဒာ စိတ်သန္တာန် စိတ်အစဉ်ဝယ် အားကြီး သော နှလုံးမချမ်းသာမှု စိတ်မချမ်းသာမှုဖြစ်ရှိလေသည်။ ထိုအခါ မထေရ်မြတ်၏ စိတ်သန္တာန်ဝယ် -

"မြတ်စွာဘုရား၏ အနီး၌ ငိုကြွေးခြင်းသည် အလွန်မချမ်းသာဖွယ်ဖြစ်သည်၊ သို့ရကား တနေရာသို့ သွားရောက်၍ ငါ၏နှလုံးပူပန်မှုကို ပါးအောင်ပြုရတုံးမည်" ဟု အကြံအစည်ဖြစ်ပြီးနောက် အရှင်အာနန္ဒာသည် ကျောင်းတွင်းသို့ ဝင်၍တံခါးတိုင်ကို မှီပြီးလျှင် "ငါသည် သိက္ခာသုံးပါး အကျင့်တရားကို ကျင့်နေဆဲ သေက္ခ ပုဂ္ဂိုလ်မျှသာဖြစ်၍ အထက်မဂ်သုံးပါး အလို့ငှာ ပြုဖွယ်ကိစ္စရှိချေသေး၏၊ ငါ့အား တစဉ်သနားစောင့်ရှောက် တော်မူသော ဆရာသခင် မြတ်စွာဘုရားရှင်သည် လည်း မကြာခင်ပရိနိဗ္ဗာန်စံတော်မူလိမ့်မည်"ဟု ကြံစည်တောက် မှုတာ သည်းစွာငိုကြွေးလျှက် ရပ်တည်နေလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို "ရဟန်းတို့ . . အာနန္ဒာအဘယ်မှာနည်း" ဟု မေးတော်မူ၍ ရဟန်းတို့က "မြတ်စွာဘုရား . . ဤအရှင်အာနန္ဒာသည် ကျောင်းတွင်းသို့ဝင်၍ တံခါးတိုင်ကို မှီပြီးလျှင် ငါသည်သိက္ခာ သုံးပါး အကျင့်တရားကိုကျင့်နေဆဲ သေက္ခပုဂ္ဂိုလ်မျှသာ အထက်မဂ်သုံးပါး အလို့ငှာ ပြုဖွယ်ကိစ္စ ရှိနေချေသေး၏၊ ငါ့အား တစဉ်သနား စောင့်ရှောက်တော်မူသော ဘုရားသခင် မြတ်စွာဘုရားရှင်သည်လည်း မကြာခင် ပရိနိဗ္ဗာန် စံတော်မူပေလိမ့်မည်" ဟု ငိုကြွေးလျှက် ရပ်တည်နေပါသည်ဟု လျှောက်ထားကြလေလျှင် မြတ်စွာဘုရားရှင်သည် ရဟန်းတပါးကို

"ရဟန်း . . သွားလော့၊ သင်သည် ငါဘုရား၏စကားဖြင့် ငါ့ရှင်အာနန္ဒာ . . သင့်ကို မြတ်စွာဘုရား ခေါ်တော်မူ၏ဟု အာနန္ဒာကို ခေါ်ချေလော့"ဟု မိန့်တော်မူ၏။ ထိုရဟန်းသွားရောက် ခေါ်ငင်ချက်အရ အရှင် အာနန္ဒာမထေရ်သည်မြတ်သည် မြတ်စွာဘုရားရှင်ထံတော်သို့ ချဉ်းကပ်၍ လျှောက်ပတ်သော နေရာ၌ ထိုင်နေလတ် သော် မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို -

"တန်တော့ချစ်သားအာနန္ဒာ . . မစိုးရိမ်မပူဆွေးလင့်၊ မငိုကြွေးလင့်၊ ချစ်ခင်မြတ်နိုးအပ်သော သူအားလုံး တို့နှင့် ရှင်ကွဲကွဲကွာခြင်း၊ နာနာဘာဝ၊ သေကွဲကွဲကွာခြင်း၊ ဝိနာဘာဝ တဝခြားလျှက် ကွဲကွာခြင်းသည် အညထာ ဘာဝကို ရှေ့မဆွကပင် ငါဘုရားဟောကြားအပ်ခဲ့ပြီ မဟုတ်လော၊ ချစ်သားအာနန္ဒာ . . ဤအရာအသစ် ဖြစ်ပေါ် လာခြင်း၊ ထင်ရှားဖြစ်ပေါ်ခြင်း၊ ပြုပြင်ပေးရခြင်း သဘောရှိ၍ပျက်စီးခြင်း သဘောရှိသောတရားကို မြတ်စွာဘုရား ၏ ကိုယ်တော်ပင်ဖြစ်လင့်ကစား မပျက်စီးပါစေလင့်ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာရနိုင်အံ့နည်း။ ဤသို့ရနိုင်ရန် အကြောင်းမရှိချေ။"

"ချစ်သားအာနန္ဒာ . . သင်ချစ်သားသည် မြတ်စွာဘုရား၏ စီးပွားချမ်းသာကို လိုလားလျှက် မျက်မှောက် မျက်ကွယ် ခြားနားခြင်းမရှိဘဲ ပြုအပ်သည့်အတိုင်း မသိများပြားစွာသော မေတ္တာကာယကံဖြင့် ကြာမြင့်စွာသော ကာလပတ်လုံး မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးခဲ့လေပြီ၊ မြတ်စွာဘုရား၏ စီးပွားချမ်းသာကို လိုလားလျှက် မျက်မှောက်၊ မျက်ကွယ်ခြားနားခြင်းမရှိဘဲ ပြုအပ်သည့်အတိုင်းမသိ များပြားစွာသော မေတ္တာဝစီကံဖြင့် ကြာမြင့်စွာသော ကာလပါတ်လုံး မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးခဲ့လေပြီ၊ မြတ်စွာဘုရား၏ စီးပွားချမ်းသာကို လိုလားလျှက် မျက်မှောက်မျက်ကွယ် ခြားနားခြင်းမရှိဘဲ ပြုအပ်သည့်အတိုင်းမသိ များပြားစွာသော မေတ္တာမနောကံဖြင့် ကြာမြင့်စွာသော ကာလပါတ်လုံး မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးခဲ့လေပြီ၊ ချစ်သားအာနန္ဒာ . . သင်ချစ်သားသည် ကုသိုလ်တောင်းမှုကို များစွာပင် ပြုပြီးသူဖြစ်၏၊ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရစ်လော့၊ လျှင်စွာပင် ရဟန္တာ ဖြစ်ပေလိမ့်မည်" ဟု သောတပျော်ဖွယ် အားပေးတရား ဟောကြားတော်မူလေသည်၊ ထို့နောက် မြတ်စွာဘုရားရှင်သည် တနေရာရာ၌ခေါက်လိပ်၍ တည်နေသော မဟာပထဝီမြေကြီးကို ဖြန့်လိုက်သော ယောက်ျားကဲ့သို့ လည်းကောင်း၊ တွန့်လိပ်၍ တည်နေသော ကောင်းကင်ကြီးချဲ့ထွင်သော ယောက်ျားကဲ့သို့လည်းကောင်း။ ယူဇနာပေါင်း တသိန်းခြောက်သောင်းလေးထောင် အစောက်ရှိသော စကြာဝဠာတောင်ကြီးအောက်သို့ သတ်စေသော ယောက်ျားကဲ့သို့လည်းကောင်း၊ ယူဇနာပေါင်း တစ်သိန်းခြောက်သောင်းရှစ်ထောင် အစောက်ရှိသော မြင့်မိုရ်တောင်မင်းကို မြှောက်ခဲ့သော ယောက်ျားကဲ့သို့ လည်းကောင်း၊ ယူဇနာတရာ အမြင့်အပြန့်ရှိသော သပြေပင်ကို ပင်စည်၌ လှုပ်လိုက်သော ယောက်ျား ကဲ့သို့လည်းကောင်း အရှင်အာနန္ဒာမထေရ်၏ ဂုဏ်ကျေးဇူးကို ဟောကြားတော်မူလိုရကား ရဟန်းတို့ကို -

"ရဟန်းတို့ . . ရှေးကာလ၌ ပွင့်တော်မူကြသော အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင် တို့၏ အလုပ်အကျွေးတို့သည်လည်း ငါဘုရား၏ အလုပ်အကျွေးဖြစ်သူအာနန္ဒာကဲ့သို့ ဂုဏ်ကျေးဇူးအတိုင်းအရှည် ရှိခဲ့ကြလေပြီ။"

"ရဟန်းတို့ . . နောက်ကာလ၌ ပွင့်တော်မူကြမည့် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင် တို့၏ အလုပ်အကျွေးတို့သည်လည်း ငါဘုရား၏ အလုပ်အကျွေးဖြစ်သူအာနန္ဒာကဲ့သို့ ဂုဏ်ကျေးဇူးအတိုင်းအရှည် ရှိခဲ့ကြလေပြီ။"

"ရဟန်းတို့ . . အာနန္ဒာသည် ပညာရှိပေ၏၊ ထက်မြက်သော ဥာဏ်ရှိပေ၏၊ ဤအခါကား မြတ်စွာဘုရား ကို ဖူးမြော်ခြင်းငှာ ရဟန်းတို့ချဉ်းကပ်ရန် အခါတည်း၊ ဤအခါကားရဟန်းမိန်းမတို့ ချဉ်းကပ်ရန်အခါတည်း၊ ဤအခါကား ဥပါသကာ ဥပါသိကာ တို့ချဉ်းကပ်ရန်အခါတည်း၊ ဤအခါကား မင်းနှင့်အမတ်ကြီးတို့ တိတ္ထိနှင့်တိတ္ထိ တပည့်တို့ ချဉ်းကပ်ရန်အခါတည်းဟု သိပေ၏၊ ဤစကားရပ်ဝယ် ပစ္စုပ္ပန်မှအပါး အခြားဘုရားတဆူ ပွင့်ထွန်း နေဆဲမရှိသောကြောင့် ရဟန်းတို့ . . ယခုအခါ ပွင့်တော်မူဆဲဖြစ်သည့်အလျှိုသော ပစ္စုပ္ပန်နဂါရမ ဟောအပ် သတည်း။

အရှင်အာနန္ဒာ၏ အံ့ဖွယ်ဂုဏ်လေးပါး

ရဟန်းတို့. အာနန္ဒာ၌မဖြစ်ဖူးမြဲဖြစ်သော အံ့ဖွယ်ဂုဏ်လေးပါးတို့ကို ထင်ရှားရှိကုန်၏၊ 'လေးပါးဟူသည်မှာ

(၁) ရဟန်းတို့ . . ရဟန်းပရိတ်သတ်သည် အကယ်၍ အာနန္ဒာကို ဖူးမြော်ရန်ချဉ်းကပ်လျှင် ပရိတ်သတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏၊ ထိုပရိတ်သတ်၌ အာနန္ဒာသည် အကယ်၍တရားဟောလျှင် ယင်းသို့ ဟောကြားအပ်သော တရားဖြင့်လည်းထိုပရိတ်သတ်သည် နှစ်သက် ဝမ်းမြောက်၏၊ ရဟန်းတို့ အာနန္ဒာသည် တရားဟောမှုကိုရပ်နား၍ ဆိတ်ဆိတ်နေသည့်တိုင်အောင်ရဟန်း ပရိတ်သတ်သည် တရားနာ၍ မရောင့်ရဲ နိုင်သည် သာလျှင်ဖြစ်၏၊ ဤသည်လည်း အံ့ဖွယ်တပါး၊

(၂) ရဟန်းတို့ . . ရဟန်းမိန်းမပရိတ်သတ်သည် အကယ်၍ အာနန္ဒာကို ဖူးမြော်ရန်ချဉ်းကပ်လျှင် ပရိတ်သတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏၊ ထိုပရိတ်သတ်၌ အာနန္ဒာသည် အကယ်၍ တရားဟောလျှင် ယင်းသို့ ဟောကြားအပ်သောတရားဖြင့်လည်း ထိုပရိတ်သတ်သည် နှစ်သက်ဝမ်းမြောက်၏၊ ရဟန်းတို့ အာနန္ဒာသည် တရားဟောမှုကိုရပ်နား၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် ရဟန်းမိန်းမပရိတ်သတ်သည် တရားနာ၍ မရောင့်ရဲနိုင်သည်သာလျှင်ဖြစ်၏၊ ဤသည်လည်း အံ့ဖွယ်တပါး၊

(၃) ရဟန်းတို့ . . ဥပါသကာပရိတ်သတ်သည် အကယ်၍ အာနန္ဒာကို ဖူးမြော်ရန်ချဉ်းကပ်လျှင် ပရိတ်သတ်သည် ဖူးမြော်ရသဖြင့်နှစ်သက်ဝမ်းမြောက်၏၊ ထိုပရိတ်သတ်၌ အာနန္ဒာသည်အကယ်၍ တရားဟောလျှင် ယင်းသို့ ဟောကြားအပ်သော တရားဖြင့်လည်း ထိုပရိတ်သတ်သည် နှစ်သက်ဝမ်းမြောက်၏၊ ရဟန်းတို့ အာနန္ဒာသည် တရားဟောမှုကိုရပ်နား၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် ဥပါသကာပရိတ်သတ်သည် တရားနာ၍ မရောင့်ရဲနိုင်သည်သာလျှင်ဖြစ်၏၊ ဤသည်လည်း အံ့ဖွယ်တပါး၊

(၄) ရဟန်းတို့ . . ဥပါသိကာဒါယိကာမ ပရိတ်သတ်သည် အကယ်၍ အာနန္ဒာကို ဖူးမြော်ရန်ချဉ်းကပ်လျှင် ပရိတ်သတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏၊ ထိုပရိတ်သတ်၌ အာနန္ဒာသည် အကယ်၍ တရားဟောလျှင် ယင်းသို့ဟောကြားအပ်သော တရားဖြင့်လည်း ထိုပရိတ်သတ်သည် နှစ်သက် ဝမ်းမြောက်၏၊ ရဟန်းတို့ အာနန္ဒာသည် တရားဟောမှုကိုရပ်နား၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် ဥပါသိကာဒါယိကာမပရိတ်သတ်သည် တရားနာ၍ မရောင့်ရဲနိုင်သည်သာလျှင် ဖြစ်၏၊ ဤသည်လည်း အံ့ဖွယ်တပါး၊

ရဟန်းတို့ . . . အာနန္ဒာ၌ မဖြစ်ဖူးမြဲဖြစ်သော အံ့ဖွယ်ဂုဏ်တို့ကား ဤလေးပါးတို့တည်း မြတ်စွာဘုရား မိန့်ကြားတော်မူချက်ကား မပြီးဆုံးသေးပါ၊

## စကြာဝတေးမင်း၏ အံ့ဖွယ်ဂုဏ်လေးပါး

ရဟန်းတို့ စကြာဝတေးမင်း၌ မဖြစ်ဖူးမြဲဖြစ်သော အံ့ဖွယ်ဂုဏ်လေးပါးဟူသည်မှာ -

(၁) ရဟန်းတို့ . . မင်းပရိတ်သတ်သည်အကယ်၍ စကြာဝတေးမင်းကို ဖူးမြော်ရန်ချဉ်းကပ်လျှင်ထိုပရိတ်သတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏၊ ထိုပရိတ်သတ်၌ စကြာဝတေးမင်းသည် အကယ်၍စကားပြောလျှင် ယင်းသို့ပြောဆိုအပ်သောစကားဖြင့်လည်း ထိုပရိသတ်သည် နှစ်သက်ဝမ်းမြောက်၏၊ ရဟန်းတို့ . . စကြာဝတေးမင်းသည် စကားပြောမှုကို ရပ်နား၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် မင်းပရိတ်သတ်သည် မရောင့်ရဲနိုင်သည် သာလျှင် ဖြစ်၏၊ ဤသည်လည်း အံ့ဖွယ်တပါး၊

(၂) ရဟန်းတို့ကို ပုဏ္ဏားပရိတ်သတ်သည် (ပ)

(၃) ရဟန်းတို့ . . သူဌေးသူကြွယ်ပရိတ်သတ်သည် (ပ)

(၄) ရဟန်းတို့ . . သူတော်သူမြတ်ပရိတ်သတ်သည် အကယ်၍ကြာဝတောမင်းကို ဖူးမြော်ရန် ချဉ်းကပ်လျှင် ထိုပရိတ်သတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏၊ ထိုပရိတ်သတ်၌ ကြာဝတောမင်းသည် အကယ်၍ စကားပြောလျှင်ယင်းသို့ ပြောဆိုအပ်သော စကားဖြင့်လည်း ပရိတ်သတ်သည် နှစ်သက်ဝမ်းမြောက်၏၊ ရဟန်းတို့ . . ကြာဝတောမင်းသည် စကားပြောမှုကို ရပ်နား၍ ဆိတ်ဆိတ်နေသည်တိုင်အောင် သူတော်မြတ် ပရိတ်သတ်သည် မရောင့်ရဲနိုင်သည်သာလျှင် ဖြစ်၏၊ ဤသည်လည်းအံ့ဖွယ်တပါး ဤလေးပါးတို့ပင်တည်းဟု မိန့်တော်မူ၏။

မဟာသုဒဿနသုတ်ကို ဟောတော်မူခြင်း

ဤသို့မြတ်စွာဘုရား အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးများကို မိန့်ကြားတော်မူပြီးလတ်သော်အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်ကို -

"မြတ်စွာဘုရားရှင်တော်ဘုရားသည် ကျေးတောကျ၍ မြို့လတ်မျှသာဖြစ်သော ဤကုသိနာရုံ မြို့သိမ်မြို့ငယ်၌ ပရိနိဗ္ဗာန်စံတော် မမူပါလင့်၊ မြတ်စွာဘုရား . . . အခြားတပါးသော စမ္ပာပြည် ရာဇဂြိုလ်ပြည်၊ သာဝတ္ထိပြည်၊ ကေတပြည်၊ ကောသမ္ဗီပြည်၊ ဗာရာဏသီ ပြည်ကြီးတို့သည်၊ ရှိကြပါကုန်၏၊ ထိုပြည်ကြီးများ၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူပါ၊ ထိုပြည်ကြီးများ၌ ရှင်တော်ဘုရားကို ကြည်ညိုကြသည့် မင်း၊ သူဌေး ပုဏ္ဏား၊ သူဌေးသူကြွယ် သူဌေးဘို့သည် များစွာရှိကြပါသည်၊ ထိုသူဌေးများသည် ရှင်တော်ဘုရား၏ ဥတုဓရုပ်ကလာပ်တော်ကို ခမ်းနား ကြီးကျယ်စွာ ပူဇော်ကြပါလိမ့်မည်"ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ ကျေးတောကျ၍ မြို့လတ်မျှသာ ဖြစ်သော မြို့သိမ်မြို့ငယ်ဟု ဤသို့မဆိုလင့်၊ ချစ်သားအာနန္ဒာ . . ဤသို့မဆိုလင့်" "ချစ်သားအာနန္ဒာ . . ရှေး၌အကြောင်းဖြစ်ဖူးအကြောင်းထူးကား တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကိုအစိုးရသော မဟာသုဒဿန ကြာဝတောမင်းသည်ရှိ၏၊ ထိုမင်းသည် ရန်အပေါင်းတို့ကို အောင်နိုင်လျှက် တိုင်းနိုင်ငံကို တည်ငြိမ်စေသည့်ပြင် ကြာဝတေး မင်းတို့ဆိုင်ရာ ရတနာ ခုနစ်ပါးနှင့်ပြည့်စုံ၏၊ ချစ်သားအာနန္ဒာ ဤကုသိနာရုံမြို့သည် ထိုစဉ်အခါက မဟာသုဒဿန ကြာမင်း၏ ကုသာဝတီမည်သော နေပြည်တော် ဖြစ်ခဲ့ဘူး၏၊ အရှေ့အနောက် အလျားတဆယ့်နှစ် ယူဇနာရှိ၏၊ တောင်မြောက် အနံ ခုနှစ်ယူဇနာရှိ၏"

"ချစ်သားအာနန္ဒာ . . ကုသာဝတီနေပြည်တော်သည် ပြည့်စုံကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသော လူဦးရေရှိ၏၊ လူမျိုးစုံတို့ဖြင့် ပြွမ်း၏၊ အစားအစာပေါများ၏၊ ချစ်သားအာနန္ဒာ . . ဥပမာအားဖြင့် ဝေဿဝဏ် နတ်မင်း၏ အာဠကမန္ဒာမည်သော နတ်မြို့တော်သည် ပြည့်စုံကြွယ်ဝသကဲ့သို့၊ စည်ပင်ဝပြောသကဲ့သို့ များသော နတ်ဦးရေရှိသကဲ့သို့ နတ်ဘီလူးမျိုးစုံတို့ဖြင့် ပြွမ်းသကဲ့သို့ အစားအစာပေါများသကဲ့သို့၊ ချစ်သားအာနန္ဒာ . . ဤအတူပင် ကုသာဝတီနေပြည်တော်သည် ပြည့်စုံကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသောလူဦးရေရှိ၏၊ လူမျိုးစုံ တို့ဖြင့်ပြွမ်း၏၊ အစားအစာပေါများ၏၊"

“ချစ်သား.. ကုသဝတီ နေပြည်တော်သည် ဆင်သံ၊ မြင်းသံ၊ ရထားသံ၊ စည်ကြီးသံ၊ မရိုးစည်သံ၊ သီချင်းသံ၊ ခရုသင်းသံ၊ ချည်းဝါးသံ ကြေးနင်းခွက်ခွင်းသံ “စားလှည့်ပါ၊ သောက်လှည့်ပါ၊ ခံလှည့်ပါ” ဟုမိတ်မန္တကပြုသော မိတ်ခေါ်သံမိတ်ကြားသံ-ဤအသံဆယ်မျိုးတို့ဖြင့် နေ့ရောညဉ့်ပါ မစဲ မဆိတ်သည်သာဖြစ်၏”

“ချစ်သားအာနန္ဒာ.. ကုသဝတီ နေပြည်တော်သည် ထံတိုင်း ဝုနစ်ထပ်တို့ဖြင့် ရံအပ်ပေ၏။ ဤသို့ အစရှိသည်ဖြင့် မြတ်စွာဘုရားရှင်သည် နှစ်ဆယ်ဂါထာဝါရအတိုင်းအရှည်ရှိသော မဟာသုဒဿနသုတ္တန်ကြီးကို အကျယ်ကို သုတ်မဟာဝါပါဠိတော် မြတ်မာပြန်၌ ကြည့်ရှုလေ ဟောကြားပြီးဆုံးစေတော်မူပြီးလျှင် အရှင် အာနန္ဒာမထေရ်မြတ်ကို -

ချစ်သားအာနန္ဒာ.. သင်သွားချေလော့၊ ကုသိနာရုံပြည်သို့ ဝင်ပြီးလျှင် “ဝါသေဋ္ဌ အနွယ်ဖြစ်သော မလ္လမင်းတို့.. ယနေ့ညဉ့်သန်းလွဲ ပစ္ဆိမယံ၌ပင် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်စံ တော်မူခြင်းသည် ဖြစ်ပေလိမ့်မည်၊ ဝါသေဋ္ဌ အနွယ်ဖြစ်သော မလ္လမင်းတို့.. လာကြကုန်လော့၊ လာကြကုန်လော့၊ ငါတို့၏ နယ်ပယ်အတွင်း မြတ်စွာဘုရားပရိနိဗ္ဗာန် စံတော်မူပါလျှက် ငါတို့သည် နောက်ဆုံးကာလ၌ မြတ်စွာဘုရားကို ဖူးမြော်ခွင့် မရလိုက်ကြဟု နောက်အခါ နှလုံးမသာမဖြစ်ကြကုန်လင့်ဟူ၍ ကုသိနာရုံပြည်သား မလ္လမင်းတို့အား ပြောကြားချေလော့”ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာမထေရ်သည်လည်း “ကောင်းပါပြီ မြတ်စွာဘုရား”ဟု ဝန်ခံစကားလျှောက်ထားပြီးလျှင် အဖော်ရဟန်းတစ်ပါးနှင့် အတူတကွ ကုသိနာရုံပြည်သို့ ဝင်လေ၏

## မလ္လမင်းတို့ ငိုကြွေးခြင်း

အရှင်အာနန္ဒာမထေရ်သည်မြတ် ကုသိနာရုံပြည်သို့ ဝင်ကြွတော်မူသောအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့သည် မင်းကိစ္စတစ်ခုဖြင့် မင်းကွန်းလွှတ်တော်ရုံး၌ တစုတရုံးတည်း စုရုံးစည်းဝေး နေဆဲဖြစ်ကြသည်၊ ထိုအခါ အရှင်အာနန္ဒာသည် မလ္လမင်းတို့၏လွှတ်တော်ရုံးသို့ ကြွရောက်ပြီးလျှင် မြတ်စွာဘုရားရှင် မှာကြားတော်မူ လိုက်သည် အတိုင်း “ဝါသေဋ္ဌအနွယ်ဖြစ်သော မလ္လမင်းတို့ လာကြကုန်လော့..၊ လာကြကုန်လော့၊ ငါတို့၏ နယ်ပယ်အတွင်း၌ မြတ်စွာဘုရား၊ ပရိနိဗ္ဗာန်စံတော်မူပါလျှက် ငါတို့သည် နောက်ဆုံးကာလ၌ မြတ်စွာဘုရားကို ဖူးမြော်ခွင့် မရလိုက်ကြဟု နောက်အခါနှလုံးမသာ မဖြစ်ကြကုန်လင့်ဟု မလ္လမင်းတို့အား ပြောကြားတော်မူလေ၏။”

အရှင်အာနန္ဒမထေရ်၏ စကားကို ကြားရလျှင် မလ္လမင်းတို့သည် ၎င်းမင်းတို့၏ သားသမီး၊ ချွေးမမိဘုရား တို့သည်လည်းကောင်း၊ အလွန်ကြေကွဲဝမ်းနည်းကြလျှက် စိတ်ဆင်းရဲကုန်သည်ဖြစ်၍ “ဘုန်းတော်ကြီးသော မြတ်စွာဘုရား အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန်စံလိမ့်မည်တကား၊ ကောင်းသော စကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာလောကမှ ကွယ်ပျောက်တော်မူ လိမ့်မည်တကား”ဟု ဆံပင်တို့ကိုဖြန့်၍ ငိုကြွေးကြကုန်၏၊ လက်မောင်းတို့ကိုမြှောက်၍ ငိုကြွေးကြကုန်၏၊ ကမ်းပါးပြတ်၍ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေ့ရှုလူးလိမ့်ကုန်၏၊ ထိုထို ဤဤလူးလိမ့်ကုန်၏။

ထိုအခါ မလ္လမင်းတို့သည်လည်းကောင်း၊ ထိုမင်းတို့၏ သားသမီး၊ ချွေးမမိဘုရား တို့သည်လည်းကောင်း၊ အလွန်ကြေကွဲဝမ်းနည်းကြလျှက် စိတ်ဆင်းရဲကုန်သည်ဖြစ်၍ အင်ကြင်းဥယျာဉ်သို့သွားရောက်ကြကာ အရှင်

အာနန္ဒာမထေရ်ထံသို့ ချဉ်းကပ်လေ၏။ ထိုအခါ အရှင်အာနန္ဒာ၏ စိတ်သန္တာန်ဝယ် -

"ငါသည် ကုသိနာရုံပြည်သား မလ္လမင်းများကို တယောက်စီ တယောက်စီ မြတ်စွာဘုရားရှင်အား ဖူးမြော်ကန်တော့စေလျှင် မလ္လမင်းတို့ ကန်တော့၍မပြီးသေးမီပင် ဤညဉ့်သည် ကုန်ဆုံးသွားလိမ့်မည်၊ ငါသည် ကုသိနာရုံပြည်သား မလ္လမင်းများကို အမျိုးတူအစုလိုက်ထား၍၊ မြတ်စွာဘုရား.. ဤမည်သော မလ္လမင်းသည် သားသမီး၊ မိဖုရား၊ အမတ်ပရိတ်သတ်နှင့်တကွ ရှင်တော်ဘုရားကို ခြေတော်ဦးခိုက်လျှက် ကန်တော့ပါသည်ဟုလျှောက်ကာလျှောက်ကာ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့စေရပါမူ ကောင်းလေစွ" ဟု အကြံဖြစ်ရှိပြီးနောက် အရှင်အာနန္ဒာသည် မိမိကြံစည်ဆင်ခြင် စဉ်းစားမိသည့်အတိုင်း ကုသိနာရုံပြည်သား၊ မလ္လမင်းများကို အမျိုးတူ အစုလိုက်ထား၍၊

"မြတ်စွာဘုရား.. ဤမည်သော မလ္လမင်းသည် သားသမီး၊ မိဖုရား အမတ်ပရိတ်သတ်နှင့်တကွ ရှင်တော်ဘုရား ကို ခြေတော်ဦးခိုက်လျှက် ကန်တော့ပါသည်" ဟု လျှောက်ကာလျှောက်ကာ ကန်တော့စေလေသည်။ ဤနည်းဖြင့် အရှင်အာနန္ဒာသည် ကုသိနာရုံပြည်သား မလ္လမင်းများကို မြတ်စွာဘုရားရှင်အား ရှိခိုးကန်တော့စေရာ ညဉ့်ဦးယံ၌ပင်လျှင် ပြီးဆုံးလေ၏။

## သုဘဒ္ဒပရိဗိုဇ်ဝတ္ထု

ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် ကုသိနာရုံပြည်၌ တည်းခိုနေထိုင်ဆဲရှိ၏၊ ထိုသုဘဒ္ဒပရိဗိုဇ်သည် ကုသိနာရုံပြည်၌ တည်းခိုနေထိုင်ဆဲရှိ၏။ ထိုသုဘဒ္ဒပရိဗိုဇ်သည် "ယနေ့ညဉ့်သန်းလွဲ ပစ္ဆိမယံ၌ ရဟန်းမြတ်ဂေါတမ၏ ပရိနိဗ္ဗာန်စံခြင်းသည် ဖြစ်လိမ့်မည်တဲ့"ဟု သတင်းစကားကြားသိလေ၏၊ ထိုအခါ သုဘဒ္ဒပရိဗိုဇ်၏ စိတ်သန္တာန်ဝယ် "အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်တို့သည် လောက၌တရံတခါသာ ပွင့်တော်မူကြကုန်၏ဟု အသက်အရွယ်ကြီးရင့်ကြသောဆရာ၊ ဆရာဖြစ်ကြသည့် ပရိဗိုဇ်ဆရာကြီးများ ပြောကြားသောစကားကိုငါကြားဖူးသည်၊ ယနေ့ညဉ့်သန်းလွဲ ပစ္ဆိမယံ၌ပင်လျှင် ရဟန်းမြတ်ဂေါတမ၏ ပရိနိဗ္ဗာန်စံခြင်းသည် ဖြစ်ပေလိမ့်မည်၊ ငါ့သန္တာန်မှာလည်း ဤယုံမှားတစ်ခု ဖြစ်ပေါ်လျှက်ရှိ၏၊ ဤယုံမှား ဝါဝါယ်ပျောက်နိုင်အောင် ရဟန်းဂေါတမသည် ငါ့အားတရားဟောခြင်း တတ်စွမ်းနိုင်၏ဟု ငါသည်ရဟန်းမြတ်ဂေါတမအပေါ်၌ အကြွင်းမဲ့ယုံကြည်၏"ဟု အကြံအစည် ဖြစ်ရှိလေသည်။

## သုဘဒ္ဒ၏ အတိတ်အကြောင်း

ဤယခု သုဘဒ္ဒပရိဗိုဇ်ဟူသည်မှာ ဥပက္ကနှင့်စာပါတို့၏သား သုဘဒ္ဒလည်းမဟုတ်၊ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် အရှင်မဟာကဿပမထေရ်မြတ်ကြီး ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်းများစွာဖြင့်ကြွရောက်တော်မူသောအခါ နောက်ပါရဟန်းတို့အထဲမှ "မြတ်စွာဘုရားပရိနိဗ္ဗာန် စံပြီးဖြစ်၍ ငါတို့ပြုလုပ်လိုရာ လွတ်လပ်စွာ ပြုလုပ်ကြရတော့မည်"ဟု နိုင်းပြရင့်သီးသည့် စကားပြောကြားသော တောထွက်သုဘဒ္ဒရဟန်းကြီးလည်း မဟုတ်ချေ၊ စင်စစ်သော်ကား ဤယခု သုဘဒ္ဒပရိဗိုဇ်ဟူသည်မှာ အလွန်ထင်ရှားသည့် ပုဏ္ဏားသူဌေးမျိုးမှ ပရိဗိုဇ်ရဟန်းပြုသည့် မြတ်စွာဘုရား၏ နောက်ဆုံး ဝေနေယျဖြစ်သောအဝတ်ဝတ်သည့် ပရိဗိုဇ်ရဟန်းတစ်ဦး ဖြစ်လေသည်။

ထိုနောက်ဆုံး ဝဋ္ဋဝေနေယျဖြစ်သည့် သုဘဒ္ဒပရိဗိုဇ်၏ စိတ်သန္တာန်ဝယ် ဤယနေ့ ပရိနိဗ္ဗာန်စံတော်မူ ခါနီးမှကပ်၍ အဘယ်ကြောင့် ဤမော်ပြပါအကြံအစည်မျိုး ဖြစ်ရသနည်းဟူမူ နောက်ဆုံးအချိန်မှ အကျွတ်တရား ရနိုင်သည့် ဥပနိဿယပစ္စည်း ရှေးကောင်းမှုကို ဆည်းပူးခဲ့သောကြောင့် ယနေ့နောက်ဆုံးပရိနိဗ္ဗာန် စံတော်မူခါနီးမှ ဤမော်ပြခဲ့ပါ အကြံအစည် ဖြစ်ရလေသည်။

ရှေးဦးတုံ- ရှေးအခါ ကဿပမြတ်စွာဘုရား ပွင့်တော်မူချိန်၌ ညီအစ်ကို နှစ်ဦးတို့ရှိကြလေသည်။ ထိုညီ အစ်ကို နှစ်ဦးသားတို့သည် တပေါင်းတစည်းတည်း ကောက်စပါးပို့ပြုလုပ်ကြလေသည်။ ထိုသူနှစ်ယောက်တို့တွင် အစ်ကိုကြီးဖြစ်သူ၏ စိတ်သန္တာန်ဝယ် "ကကြိမ်တကြိမ်ပြုလုပ်အပ်သော ကောက်စပါး၌ ငါသည် ကောက်ဦးကို ကိုးကြိမ်လှူဒါန်းပြုသင့်၏"ဟု အကြံဖြစ်ရှိလေသည်။

အစ်ကိုကြီးဖြစ်သူသည် ထိုသို့ အကြံဖြစ်ရှိသည့်အတိုင်း ကောက်စပါးစိုက်ပျိုး ကြဲချသောအခါ မျိုးစပါး တည်းမှ အဦးအဖျားကိုယူ၍ မျိုးဦးဒါနပေးလှူပြီးနောက် ကောက်စပါးပင်များ ကောက်သားဝင်သောအခါ) "ငါ့ညီ.. ယခုကောက်ပင်များ ကောက်သားဝင်သောအခါ ကောက်သားနို့ရည်ကို ဖောက်ထုတ်၍ ကောက်သား တစ်ဦးအလှူဒါန ပြုကြစို့လား"ဟု တိုင်ပင်စကား ပြောကြားလေသော်ညီဖြစ်သူသည်။

"အစ်ကိုကြီး.. အစ်ကိုကြီးသည်ကား ကောက်နုကလေးများကို ဖျက်ဆီးလိုဘိ၏တကား"ဟု ကန့်ကွက် စကားပြောကြားလေ၏။

အစ်ကိုကြီးဖြစ်သူသည် ညီဖြစ်သူက မိမိအလိုသို့ မလိုက်ပါမည်ကိုကောင်းစွာ ရိပ်မိသိရှိ၍ လယ်ခင်းကို တယောက်တဝက်စီ ခွဲပြီးလျှင်မိမိအဖို့ရရှိသော လယ်ခင်းမှကောက်သားကိုခွဲ၍ နို့ရည်ကို ထုတ်ပြီးလျှင် ထောပတ်၊ ဆီဦးတို့နှင့်ရောစပ်၍ ကောက်သားဦးအလှူဒါနကိုပေးလှူလေသည်။ မုန့်ဆန်း ပြုလုပ်သောအခါ မုန့်ဆန်းအလှူ ဒါနကို ပေးလှူလေသည်။ ကောက်စပါးတို့ကိုရင့်၍ ရိတ်သောအခါမှာလည်း ရှေးဦးရိတ်သော ကောက်ဆုပ် တို့ကိုယူ၍ ရိတ်ဦးအလှူဒါနကို ပေးလှူလေသည်။ ကောက်လှိုင်းထုံးဖွဲ့သော အခါမှာလည်း ရှေးဦးစွာထုံးဖွဲ့သော ကောက်လှိုင်းအများကို ထုတ်ယူ၍ကောက်လှိုင်းဦးအလှူဒါနကို ပေးလှူလေသည်။ ကောက်လှိုင်းတို့ကို တပေါင်း တစည်း စုပုံသောအခါမှာလည်း အဦးအစကိုယူ၍ ကောက်ပုံဦးအလှူဒါနကို ပေးလှူလေသည်။ ကောက်ပုံမှထုတ်၍ နယ်သောအခါမှာလည်း နယ်ဦးအလှူဒါနကို ပေးလှူလေသည်။ နယ်ပြီးသော ကောက်စပါးများကို လှေ့ပြီးလျှင် တလင်းတပြင်၌စပါးပုံ ပြုလုပ်သောအခါ အဦးအစကိုယူ၍ စပါးပုံဦးအလှူဒါနကို ပေးလှူလေသည်။ ကောက်နယ် တလင်းမှကျီအတွင်းသို့ ထည့်သွင်းသောအခါမှာလည်း အဦးအစကိုယူ၍ ကျီဦးအလှူဒါနကို ပေးလှူလေသည်။ ဤသို့လျှင် အစ်ကိုကြီးဖြစ်သူသည် ကောက်စပါးတစ်ကြိမ် တစ်ကြိမ် စိုက်ပျိုးရာ၌ ကိုးကြိမ်ကိုးကြိမ် အဦးအလှူဒါနကို လှူဒါန်းလေသည်။

ညီဖြစ်သောသူသည်ကား မိမိစိုက်ပျိုးအပ်သောကောက်စပါးများ အားလုံး ရိတ်သိမ်းပြီး၍ ကျီအတွင်း သွင်းပြီးနောက်မှ ကျီမှထုတ်၍ အလှူဒါနပြုလေသည်။

ထိုညီနောင် နှစ်ယောက်တို့တွင် အစ်ကိုကြီးဖြစ်သူသည် ဤဘုရားသာသနာဝယ် အညာသိကောဏ္ဍည မထေရ်ဖြစ်လာလေသည်။ မြတ်စွာဘုရားသည် "အဘယ်သူအား ငါသည် တရားဦး ဟောရပါမည်နည်း" ဟု

ဆင်ခြင်ကြည့်ရှုတော်မူလေသော်

"အညာသိကောဏ္ဍညသည် ကောက်စပါးတကြိမ် စိုက်ပျိုးရာ၌တိုးကြိမ်အဦးဒါနကို ပေးလှူခဲ့သူဖြစ်သည်။ ဤဓမ္မစကြာတရားဦးကို အလှူဒါနရှင်ဖြစ်သူ ထိုအညသိတ ကောဏ္ဍညအား ငါဘုရားဟောကြားပေအံ့"ဟု ကြံစည်ဆင်ခြင်တော်မူ၍ သုခပ်သိမ်းတို့၏အလျှင်လက်ဦး ဓမ္မစကြာတရားထူးကို ဟောကြားတော်မူလေသည်၊ ထိုအညာသိကောဏ္ဍညသည် ဖြဟ္မာပေါင်း၊ တဆယ့်ရှစ်ကုဋေတို့နှင့်အ-ဟူတကွ သောတာပတ္တိဖိုလ်၌တည်လေသည်။

ညီဖြစ်သောသူသည်ကား နောက်ချန်၍နောက်ကာလမှ အလှူဒါနကို ပေးလှူသောကြောင့် မြတ်စွာဘုရားရှင် ပွင့်တော်မူခါနီးရှေ့၌ ဆိုအပ်ပြီးသည့်အတိုင်း ကြံစည်ဆင်ခြင်မိ၍ မြတ်စွာဘုရားတို့ဖူးမြော်ရန် အလိုရှိလာလေသည်။ ဤကား သုဘဒ္ဒပရိဗိုဇ်၏ အကြောင်းဝတ္ထုတည်း။

သုဘဒ္ဒပရိဗိုဇ်သည် ပါရမီကောင်းမှု ကုသိုလ်၏ လှုံ့ဆော်ချက်အရ ထိုသို့ ကြံစည်ပြီးသောအခါ အချိန်ကို မဆွဲပဲ ထိုခဏမှာပင် အင်ကြင်းဥယျာဉ်သို့ သွားရောက်၍ အရှင်အာနန္ဒာမထေရ်ထံသို့ ချဉ်းကပ်ပြီးလျှင် -

"ကိုယ်အရှင်အာနန္ဒာ.. အရဟံဂုဏ်ရှင်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်တို့သည် လောက၌တခါသာ ပွင့်တော်မူကြကုန်၏ဟု အသက်အရွယ်ကြီးရင့်သောအခါ ဆရာ့ဆရာဖြစ်ကြသည့် ပရိဗိုဇ် ဆရာကြီးများ ပြောကြားသောစကားကို ကျွန်ုပ် ကြားရဘူးပါသည်၊ ယနေ့ ညဉ့်သန်းလွဲ ပစ္ဆိမယံ၌ပင်လျှင် ရဟန်းမြတ် ဂေါတမ၏ ပရိနိဗ္ဗာန် စံခြင်းသည် ဖြစ်ပေလိမ့်မည်၊ အကျွန်ုပ်၏ သန္တာန်မှာလည်း ဤယုံမှားတစ်ခု ဖြစ်ပေါ်လျှက်ရှိပါ၏၊ ဤယုံမှားကို ငါပယ်ဖျောက်နိုင်အောင် ရဟန်းမြတ်ဂေါတမအပေါ်၌ အကြွင်းမဲ့ယုံကြည်ပါ၏၊ ကိုအရှင်အာနန္ဒာ.. အကျွန်ုပ်တောင်းပန်ပါ၏၊ အကျွန်ုပ်သည် ရဟန်းမြတ် ဂေါတမကိုဖူးမြော်ခွင့် ရပါလို၏"ဟု တောင်းပန်စကား ပြောကြားလေ၏၊

ဤသို့ လျှောက်ထားလေသော် အရှင်အာနန္ဒာမထေရ်မြတ်သည် "ဤသာသနာပြင်ပ အာဟိရကအယူရှိကြသော တိတ္ထိတို့မည်သည် မိမိအယူကိုသာစွဲမြဲစွာ ယူတတ်ကြ၏၊ ထိုသုဘဒ္ဒပရိဗိုဇ်၏ မိစ္ဆာအယူကို စွန့်ပယ်ဖို့ရန် မြတ်စွာဘုရား တရားများစွာဟောကြားတော် မူပါလျှင် ကိုယ်တော်မြတ်၏ ကိုယ်နှုတ် ပင်ပန်းနွမ်းနယ်ရုံသာရှိပေလိမ့်မည်၊ ဤသုဘဒ္ဒပရိဗိုဇ်သည် မိမိ၏မိစ္ဆာအယူကို စွန့်ပယ်လိမ့်မည်မဟုတ် မြတ်စွာဘုရားသည်လည်း ပကတိအားဖြင့် ပင်ပန်းနွမ်းနယ်တော်မူဆဲ ဖြစ်လေသည်ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် သုဘဒ္ဒပရိဗိုဇ်ကို -

"ငါ့ရှင်သုဘဒ္ဒ.. ခွင့်မပြုနိုင်ပါ မြတ်စွာဘုရားသည် ပင်ပန်းတော်မူလျှက်ရှိ၏၊ မြတ်စွာဘုရားကို မညှဉ်းဆဲပါလင့်" ဟု ပြန်ကြားတော်မူလေ၏။

သုဘဒ္ဒပရိဗိုဇ်သည် "ငါ့အား ဤအရှင်အာနန္ဒာသည် ခွင့်မပြုချေ၊ သို့သော် အလိုရှိသောသူ မည်သည်ကား သူ့အလို လိုက်၍ ပြုလုပ်ထိုက်ပေသည်ဟု ကြံစည်ပြီးလျှင် နှစ်ကြိမ်မြောက်လည်း ရှေးနည်းအတူတောင်းပန်စကား လျှောက်ထားလေ၏၊ အရှင်အာနန္ဒာမထေရ်သည်လည်း ရှေးနည်းအတူပင် ပြန်ကြားတော်မူလေ၏၊ သုံးကြိမ်မြောက်လည်း သုဘဒ္ဒပရိဗိုဇ်သည် ရှေးနည်းအတူ တောင်းပန်စကားလျှောက်ထား ပြန်လေသော် ရှေးနည်းအတူပင် အရှင်အာနန္ဒာမထေရ်သည်လည်း ပြန်ကြားတော်မူလေ၏။

မြတ်စွာဘုရားရှင်သည် သုဘဒ္ဒပရိဗိုဇ်နှင့် အရှင်အာနန္ဒာစကား ပြောဆိုနေသည်ကို ပတတိနာ၊ မြင့်မင် ကြားသိတော်မူလေလျှင် သုဘဒ္ဒသည် မြတ်စွာဘုရားကို ဖူးမျှော်ခွင့် ရပါစေလော့၊ သုဘဒ္ဒသည်ငါဘုရားကိုမေးမြန်း သမျှသည် ညှင်းဆဲလို၍မဟုတ်ပဲသိလို၍ မေးမြန်းခြင်းသာဖြစ်လိမ့်မည့်သူ မေးသည်ကို ငါဘုရား ဖြေကြားလိုက်လျှင် ထိုအဖြေကို လျှင်မြန်စွာသူသိပေလိမ့်မည်" ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် သုဘဒ္ဒပရိဗိုဇ်ကို "ငါ့ရှင် သုဘဒ္ဒ . . မြတ်စွာဘုရားသည် သင့်အား ခွင့်ပြုတော်မူနေပြီ၊ သွားပေတော့၊"ဟု ခွင့်ပြုစကား မိန့်ကြားလေ၏၊ ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရား ထံသို့ ဆည်းကပ်၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောကြား၍ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကား ကိုပြီးဆုံး စေလျှက် အပြစ်လွတ်ရာနေရာ၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားရှင်ကို ဤသို့ လျှောက်ထားမေးမြန်းလေ၏၊

"အိုအရှင်မြတ်ဂေါတမ . . အကြင်သမဏ၊ ဗြဟ္မဏအမည်ခံ ပုဂ္ဂိုလ်တို့သည် တပည့်ပေါင်းနှင့်လည်း ပြည့်စုံတုန်၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံကုန်၏၊ ဂိုဏ်းဆရာလည်း ဖြစ်ကြကုန်၏၊ ထင်ရှားကျော်စောကုန်၏၊ အယူဝါဒ တီထွင်သူတို့ ဖြစ်ကြကုန်၏၊ သူတော်ကောင်းဟု လူအများကသမုတ်ထား သူများဖြစ်ကုန်၏၊ ဤသူတို့ကားအဘယ် သူတို့နည်းဟူမူ (၁) ပူရဏကဿပ (၂) မက္ခလိ-ဂေါသာလ (၃) အဇိတ ကေသကမ္ဗလ (၄) ပကုဓ-ကစ္စာယန (၅) ဗေလဋ္ဌ၏သားသဉ္စယနှင့် (၆) နာဋ၏သား နိဂဏ္ဌာတို့ပင်တည်း။

ထိုသူအားလုံးတို့သည်ပင် မိမိတို့၏ ဝန်ခံချက်အတိုင်း တရားအားလုံးကိုသိကြပါကုန်သလော၊ သို့မဟုတ် ထိုသူအားလုံးတို့သည်ပင် မိမိတို့ ဝန်ခံချက်အတိုင်း တရားအားလုံးတို့ကို မသိကြကုန်သလော၊ သို့မဟုတ် အချို့က သိ၍ အချို့ကမသိမှိကြပါကုန်သလော" ဟု မေးလျှောက်သောအခါ မြတ်စွာဘုရား၏ ကုသိနာရုံပြည်သို့ ကြွလာ တော်မူခြင်းကပင် -

"ပထမယံ၌ မလ္လမင်းတို့အားတရားဟောမည် ပြီးလျှင် မဇ္ဈိမယံ၌ သုဘဒ္ဒအား တရားဟောမည်၊ ပြီးလျှင် ပစ္ဆိမယံ၌ ရဟန်းသံဃာကို အဆုံးအမပြဒါနပေး၍ မိုးသောက်အားကြီးလင်းခါနီး၌ ငါဘုရားပရိနိဗ္ဗာန်စံ မည် ဟူသောရည်ရွယ်တော် မူချက်ဖြင့်ကြွရောက်လာခြင်းဖြစ်ရကား၊ ထိုတိတ္ထိဂိုဏ်းဆရာကြီး တို့တရား၏ နိယ်ာနိက တရားမဟုတ်ကြောင်းဟောပြသဖြင့် သုဘဒ္ဒအဖို့ရာတစုံတရာအကျိုးရှိမည် မဟုတ်သောကြောင့်လည်းကောင်း၊ ထိုသို့ဟောပြနေရန် အချိန်အခါအခွင့် မရှိသောကြောင့် လည်းကောင်း။ မြတ်စွာဘုရားရှင်သည်သုဘဒ္ဒပရိဗိုဇ်ကို အကယ်ပင်သံသရာဝဋ်မှ ကျွတ်လွတ်စေမည့် အဋ္ဌင်္ဂိကမဂ်တည်းဟူသော မဇ္ဈိမပဋိပဒါတရားဒေသနာကို ဟောပြ တော်မူလိုသည်ဖြစ်၍ -

"ချစ်သားသုဘဒ္ဒ . . မမေးလင့်၊ ထိုသူတို့အားလုံးတို့သည်ပင် မိမိတို့၏ ဝန်ခံချက်အတိုင်း တရားအားလုံးကို သိကြပါကုန်သလော သို့မဟုတ် ထိုသူအားလုံးတို့သည်ပင် မိမိတို့ ဝန်ခံချက်အတိုင်း တရားအားလုံးကို မသိကြပါ ကုန်သလော၊ သို့မဟုတ် အချို့ကသိ၍ အချို့က မသိပဲ ရှိကြပါကုန်သလော" ဟူသော ဤအမေးကို လွတ်ရာဖယ်ရှား ထားဦးလော့၊

"ချစ်သားသုဘဒ္ဒ . . သင်အား ငါဘုရားသည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကိုသာလျှင် ဟောအံ့ ထိုတရားကို သင်နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ အကျယ်အားဖြင့် ငါဘုရားဟောကြားပေအံ့"ဟု မိန့်တော်မူ၍ သုဘဒ္ဒပရိဗိုဇ်က "ကောင်းပါပြီမြတ်စွာဘုရား" ဟု ဝန်ခံစကား လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်

သည် ဤဆိုလတ္တံ့သော တရားစကားကို ဟောကြားတော်မူလေ၏။

"ချစ်သားအာနန္ဒာ.. အကြင်ဓမ္မဝိနယ တရားသမြင့် ဆုံးမရာ သာသနာ၌ အင်္ဂါရှစ်ပါးရှိသောအရိယာမဂ်တရားသည်မရှိ ထိုအရိယာမဂ်တရားမရှိသော သာသနာ၌ သောတာပန် ရဟန်းသည်လည်း မရှိ ဒုတိယအဆင့် သကဒါဂါမ် ရဟန်းသည်လည်း မရှိ တတိယအဆင့် အနာဂါမ်ရဟန်းသည်လည်းမရှိ စတုတ္ထအဆင့်၊ ရဟန္တာရဟန်းသည်လည်းမရှိ။

"ချစ်သားသုဘဒ္ဒအကြင်ဓမ္မဝိနယ တရားသမြင့်ဆုံးမရာ သာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရားသည် ရှိလည်းရှိ၏၊ ဒုတိယအဆင့် သကဒါဂါမ်ရဟန်းသည်လည်းရှိ၏၊ တတိယအဆင့် အနာဂါမ် ရဟန်းသည်လည်းရှိ၏၊ စတုတ္ထအဆင့် ရဟန္တာရဟန်းသည်လည်းရှိ၏။"

"ချစ်သားသုဘဒ္ဒ.. ငါဘုရား၏ တရားသမြင့်ဆုံးမရာ ဤဓမ္မဝိနယသာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရားသည် ထင်ရှားရှိပေ၏၊ ဤအရိယာ မဂ်တရားထင်ရှားရှိရာ ငါဘုရား၏ ဓမ္မဝိနယ သာသနာ၌ သာလျှင် သောတာပန်ရဟန်းသည်ရှိပေ၏၊ ဤအရိယမဂ်တရား ထင်ရှားရှိရာ ငါဘုရား၏ဓမ္မဝိနယ သာသနာ၌ သာလျှင် ဒုတိယအဆင့် သကဒါဂါမ်ရဟန်းသည်ရှိပေ၏၊ ဤအရိယမဂ်တရား ထင်ရှားရှိရာ ငါဘုရား၏ ဓမ္မဝိနယ သာသနာ၌သာလျှင် တတိယအဆင့်အနာဂါမ် ရဟန်းသည်ရှိပေ၏၊ ဤအရိယမဂ်တရားထင်ရှားရှိရာ ဓမ္မဝိနယ သာသနာ၌သာလျှင် စတုတ္ထအဆင့် ရဟန္တာရဟန်းသည်ရှိပေ၏။

ဤငါဘုရား၏ ဓမ္မဝိနယ သာသနာတော်မှ တပါးသောအယူဝါဒသာသနာတို့သည် တရားကို သိမြင်ကြသည် မဂ္ဂဉာဏ်အရိယာလေးယောက်၊ ဖလဉာဏ်အရိယာလေးယောက်၊ မဂ်လေးပါးကိုရဖို့ရန် အားထုတ်ဆဲ ဖြစ်သည် ဝိပဿက လေးယောက်တည်းဟူသော ရဟန်းမြတ် တစ်ကျိပ်နှစ်ယောက်တို့မှ ဆိတ်သုန်းကုန်၏။"

"ချစ်သားသုဘဒ္ဒ.. ဤဖော်ပြပါ ရဟန်းမြတ် တကျိပ်နှစ်ယောက်တို့သည် မှန်စွာအဆင့်ဆင့် ဟောပြော လျှက် နေကြကုန်သည်ရှိသော်လောကသည်ရဟန္တာတို့မှ မဆိတ်သုန်းသည်သာ ဖြစ်လေရာ၏။

ချစ်သားသုဘဒ္ဒ.. ငါဘုရားသည် သဗ္ဗညုတဉာဏ်ကို ရှာလိုသည်ဖြစ်၍ နှစ်ဆယ့်ကိုးနှစ် အရွယ်ကရဟန်း ပြုခဲ့၏၊ ချစ်သားသုဘဒ္ဒ .. ငါရဟန်းပြုသည်မှစ၍အနှစ်ငါးဆယ်ကျော်ခဲ့လေပြီ၊ ဤငါဘုရား၏ သာသနာတော်မှ အပ၌ အရိယမဂ်တရား၏ ရှေ့ပိုင်းဖြစ်သော ဝိပဿနာကို ပွားများသော သူလည်းမရှိချေ၊ သောတာပန် ရဟန်းသည်လည်းမရှိချေ၊ ဒုတိယအဆင့်သကဒါဂါမ်ရဟန်းသည်လည်းမရှိချေ၊ တတိယအဆင့် အနာဂါမ် ရဟန်း သည်လည်းမရှိချေ၊ စတုတ္ထအဆင့် ရဟန္တာရဟန်းသည်လည်းမရှိချေ။

ငါဘုရား၏ဓမ္မဝိနယ သာသနာတော်မှ တပါးသောအယူဝါဒ သာသနာတို့သည် တရားကို သိမြင်ကြ သည့်ရှေးဖော်ပြရာပါ ရဟန်းမြတ်တကျိပ်နှစ်ယောက်တို့မှ ဆိတ်သုန်းကုန်၏၊ ချစ်သား သုဘဒ္ဒ.. ဤရဟန်းမြတ် တကျိပ်နှစ်ယောက်တို့သည် မှန်စွာအဆင့်ဆင့်ဟောကြား ပြောကြားကြလျှက် နေကြကုန်သည်ရှိသော်လောကသည် ရဟန်း။ ရဟန္တာတို့မှ မဆိတ်သုန်းသည်သာ ဖြစ်လေရာ၏" ဟု တရားစကား ဟောကြားတော်မူလေသည်။

## သုဘဒ္ဒပရိဗိုဇ် ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း

ဤသို့ မြတ်စွာဘုရားရှင် တရားစကားပြောကြားတော် မူလတ်သည်ရှိသော် သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား. . တလွန်နှစ်သက်ဖွယ်ရှိပါပေစွ. . ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . လောကဥပမာအားဖြင့် လှောက်ထားအပ်သော်ဝတ္ထုကို လှန်လိုက်သကဲ့သို့လည်းကောင်း၊ မျက်စိလည် လမ်းမှားသောသူအား လမ်းကို ဖွင့်လှစ်လိုက်သကဲ့သို့လည်းကောင်း၊ မျက်စိအမြင်ရှိသောသူတို့သည် အဆင်းအမျိုးမျိုးတို့ကို မြင်ကြပေလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိထားသကဲ့သို့လည်းကောင်း၊ ထို့အတူပင် မြတ်စွာဘုရားသည် အကျွန်ုပ်အားများစွာသော အကြောင်းဖြင့် တရားတော်ကိုထင်ရှားစွာ ဟောပြတော်မူအပ်ပေပြီ၊ မြတ်စွာဘုရား. . ထိုအကျွန်ုပ်သုဘဒ္ဒသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း။ ရဟန်းသံဃာတော်ကိုလည်းကောင်း၊ ကိုးကွယ်ရာလဲလျောင်း၊ ပုန်းအောင်းရာဟူ၍ သိမှတ်ဆည်းကပ်ပါ၏။ မြတ်စွာဘုရားအကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရပါရစေ" ဟုလျှောက်ထားတောင်းပန်လေ၏။ ထိုသို့ လျှောက်ထားတောင်းပန်သောအခါ မြတ်စွာဘုရားရှင်က -

"ချစ်သားသုဘဒ္ဒ. . ဤသာသနာတော်မှ တပါးသောအယူရှိသည် တိတ္ထိဖြစ်ဖူးသောသူသည် ဤဓမ္မဝိနယသာသနာတော်၌ အကယ်၍ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရယူလိုမူ လေးလတို့ပါတ်လုံး ပရိဝါကျင့်သုံးရမည်၊ လေးလလွန်သောအခါ ရဟန်းတို့သည် ကျေနပ်သော စိတ်ရှိကြလျှင် ရှင်ပြုပေးကြလိမ့်မည်၊ ရဟန်းအဖြစ်သို့ မြှင့်တင်ပေးကြလိမ့်မည်။ သို့သော်လည်း ဤအရာ၌ ငါဘုရားသည် ပုဂ္ဂိုလ်၏ ခြားနားချက် ဤသူကားတိတ္ထိယပရိဝါသီ ကျင့်သုံးထိုက်သူဖြစ်သည်၊ ဤသူကား တိတ္ထိယပရိဝါသီ ကျင့်သုံးထိုက်သူ မဟုတ်ဟူသော အချက်တိ လင်းလင်းထင်းထင်း သိမြင်အပ်ပေ၏" ဟူ၍ မိန့်တော်မူလေလျှင် သုဘဒ္ဒပရိဗိုဇ်သည်

"မြတ်စွာဘုရား. . ဤသာသနာတော်မှတပါးသောအယူရှိသည် တိတ္ထိဖြစ်ဘူးသောသူတို့သည် ဤဓမ္မဝိနယသာသနာတော်၌အကယ်၍ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရယူလိုကြမူ လေးလတို့ပတ်လုံး ပရိဝါသီကျင့်သုံးကြရသည်ဖြစ်လျှင် လေးလလွန်သောအခါ ရဟန်းတို့သည် ကျေနပ်သောစိတ်ရှိကြ၍ ရှင်ပြုပေးကြ၊ ရဟန်းအဖြစ်သို့ မြှင့်တင်၍ ပေးကြမည်ဖြစ်လျှင်အကျွန်ုပ်သည် လေးနှစ်ပတ်လုံးတိတ္ထိယ ပရိဝါသီကိုကျင့်သုံးပါမည်။ လေးနှစ်လွန်သောအခါ ရဟန်းတို့သည် ကျေနပ်သော စိတ်ရှိတော်မူကြပါလျှင် ရှင်ပြုပေးတော် မူကြပါစေ၊ ရဟန်းအဖြစ်သို့ မြှင့်တင်ပေးတော် မူကြပါစေ" ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို

"ချစ်သား. . . သို့ဖြစ်လျှင် သုဘဒ္ဒကို ရှင်ရဟန်းပြုပေးလိုက်လေ" ဟု မိန့်ကြားတော်မူ၍ အရှင်အာနန္ဒာမထေရ်သည်လည်း "ကောင်းပါပြီမြတ်စွာဘုရား. ." ဟုလျှောက်ထားဝန်ခံလေသည်။

ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် အရှင်အာနန္ဒာမထေရ်ကို "ငါ့ရှင်အာနန္ဒာ သင်တို့သည် ဤသာသနာတော်ဝယ် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ တပည့်အဖြစ်ဖြင့် အဘိသိက်သွန်းခြင်းကို ရရှိပါကုန်၏၊ ငါ့ရှင်အာနန္ဒာ. . သင်တို့သည် လာဘ်ကောင်းပါပေကုန်စွ၊ အရတော်ပါပေကုန်စွဟု လျှောက်ထားပြောဆိုလေသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် သုဘဒ္ဒပရိဗိုဇ်ကို သင့်လျော်ရာနေရာ၌ ခေါ်ဆောင်သွား၍ ရေစူးမှ ရေဖြင့် ဦးခေါင်းကိုဆွတ်ပြီးလျှင် တစပဉ္စကမ္မဋ္ဌာန်းကို ဟောကြားတော်မူ၍ ဆံမုတ်ဆိတ်တို့ပယ်ရိတ်ခြင်း၊ သင်္ကန်း

တို့ကို ဝတ်စေခြင်း၊ သရဏဂုံပေးခြင်းတည်းဟူသော ရှင်ပြုမှု သုံးရပ်တို့ကို အစဉ်အတိုင်း ပြုပေးပြီးလျှင် သုဘဒ္ဒသာမဏေကို မြတ်စွာဘုရားထံတော်သို့ ခေါ်ဆောင်သွားလေ၏။

မြတ်စွာဘုရားရှင်သည် သုဘဒ္ဒသာမဏေအား ထိုခဏမှာပင် ပဉ္စင်းခံပေးစေ၍ ကမ္မဋ္ဌာန်း တရားတော်ကို ဟောကြားတော်မူလေသည်၊ သုဘဒ္ဒရဟန်းသည် မြတ်စွာဘုရားဟောကြားအပ်သော ထိုကမ္မဋ္ဌာန်းကိုယူ၍ အင်ကြင်းဥယျာဉ်အတွင်း ဆိတ်ငြိမ်ရာတစ်ခုသောနေရာ၌ စင်္ကြံသွားခြင်း ဣရိယာပုထ်တစ်ခုတည်းဖြင့် မနေမနား တရားအားထုတ်လေရာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မမူမီထိ ထိုညဉ့်မှာပင် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍ ဘုရားရှင်ထံမှောက်သို့ လာရောက်ရှိခိုး၍ ထိုင်နေလေ၏၊

အရှင်သုဘဒ္ဒသည် အာသဝေါက္ခယ ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်၍ မြတ်စွာဘုရား၏ နောက်ဆုံး-ပစ္ဆိမ မျက်မှောက်တပည့်သာဝက ဖြစ်လေသတည်း။

မဟာပဒကျမ်းလာ သုဘဒ္ဒပရိဗိုဇ်ဝတ္ထု

ဤဆိုအပ်ပြီးသော သုဘဒ္ဒပရိဗိုဇ်၏ အကြောင်းအရာ ဝတ္ထုစကားအစဉ်သည် သုတ်မဟာဝါပါဠိတော်နှင့် အဋ္ဌကထာတို့၌ လာရှိသော စကားအစဉ်ဖြစ်လေသည်၊ မဟာပဒကျမ်းလာ သုဘဒ္ဒပရိဗိုဇ်၏ အကြောင်းအရာဝတ္ထုစကားအစဉ်ကိုလည်း ဤ၌အကျဉ်းမျှ ဖော်ပြဦးအံ့ -

မြတ်စွာဘုရားရှင်မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်းပရိနိဗ္ဗာန် ညောင်စောင်း၌ လျောင်းတော်မူစဉ် ဤသုဘဒ္ဒပရိဗိုဇ်သည် "ငါကားပြဿနာသုံးရပ်တို့၌ မိမိတို့၏ ယုံမှားသံသယကို ပရိဗိုဇ်ဆရာကြီးများကို မေးမြန်း၍ ရဟန်းမြတ် ဂေါတမကိုမူ အသက်အရွယ်ငယ်သူဖြစ်သည်ဟူသော ဒေမှတ်ဖြင့်အထင်သေးကာမမေးမိခဲ့ချေ၊ ယခုလည်းထိုရဟန်း မြတ်ဂေါတမ၏ ပရိနိဗ္ဗာန်စံလွန်ရန် အချိန်နီးကပ်လာလေပြီ၊ ယခုမမေးမိလိုက်လျှင် နောင်တချိန်၌ ငါ့အဖို့ရာ ရဟန်းဂေါတမအား မမေးလိုက်မိခြင်းဟူသော အကြောင်းကြောင့် နှလုံးမသာယာမှု ဖြစ်လေရာ၏"ဟု ကြံစည်ဆင်ခြင်မိကာ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ သွားရောက်၍ အရှင်အာနန္ဒာအား ဘုရားကိုဖူးမြော်ခွင့်ပြုရန်လျှောက်ထားလေရာ အရှင်အာနန္ဒာက ဖော်ပြပါအတိုင်း တားမြစ်ပါသော်လည်း မြတ်စွာဘုရားရှင်က -

"ချစ်သားအာနန္ဒာ.. သုဘဒ္ဒကို မတားမြစ်ပါလင့်၊ ငါဘုရားကို အမေးပုစ္ဆာပြဿနာ မေးလျှောက်ပါစေ" ဟု ခွင့်ပြုစကားမိန့်ကြားတော်မူလတ်သည်တွင် တင်းတိမ် တန့်လန့်ကာအတွင်းသို့ ဝင်ရောက် ၍ ညောင်းစောင်းတော်အောက်က ထိုင်နေပြီးလျှင် -

"၁-အိုရဟန်းမြတ်.. အသို့နည်း ဘယ်နှယ့်လဲ ကောင်းကင်၌ ခြေရာမည်သည်ဖြစ်နိုင်ရှိ နိုင်ပါသလော"

"၂-ဤဘုရားမြတ်စွာသာသနာတော်မှ အပြင်အပတိတ္ထိတို့၏ အယူဝါဒ၌ ကိလေသာကို ငြိမ်းစေတတ်သည် ရဟန်းသူမြတ်များ ဖြစ်နိုင် ရှိနိုင်ပါသလော၊"

"၃- မဖောက်မပြန် မပျက်စီးပဲ အမြဲတည်သော သင်္ခါရတို့ မည်သည်ဖြစ်နိုင်ရှိနိုင်ပါကုန်၏လော"ဟူ၍ အမေးပုစ္ဆာပြဿနာသုံးချက်တို့ကို မြတ်စွာဘုရားရှင်အား လျှောက်ထားမေးမြန်းလေသည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် သုဘဒ္ဒပရိဗိုဇ်အား ထိုသုံးမျိုးလုံးဝင် မဖြစ်နိုင်ကြောင်း၊ မရှိနိုင်ကြောင်း၊ ဖြေကြားတော်မူလိုသည်ဖြစ်၍ ဤဆိုလတ္တံ့သော ဂါထာတို့ဖြင့် တရားကိုဟောကြားတော်မူလေသည်၊

အာကာသေ ပဒံနတ္ထိ၊ သမဏောနတ္ထိ ဗာဟိရေ၊
ပပဉ္စာဘိ ရတာပဇာ၊ နိပ္ပပဉ္စာ တထာဂတာ။ (၁)

ချစ်သား၊သုဘဒ္ဒ၊ အာကာသ၌ ခြေရာမည်သည်၊ မရှိကောင်း တင်၌ တစ်ဦးတစ်ယောက်၏ ခြေရာမည်သည်၊ မရှိကောင်း စင်စစ်မှန် သကဲ့သို့၊ ဤသာသနာတော်မှ အပြင်အပတိတ္ထိတို့၏ အယူဝါဒ၌၊ ကိလေသာခပ်သိမ်းကို အေးငြိမ်းစေတတ် ရဟန်းမြတ်တကျိတ်နှစ်ပါးသည် မရှိကောင်း စင်စစ်မှန်၏၊ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းသည် တဏှာ၊ မာန၊ ဒိဋ္ဌိ အားလုံးတွေ့မြားသည့်ပမာ တရား၌ သာမွေ့ပါးနှစ်ခြိုက်၍နေပေ၏။ ဘုရားရှင်သည်၊ တောခိုညောင်မင်း၊ ဝင်ခြေရင်း၌ပင် အကြွင်းမဲ့ပယ်ဖြတ်ပြီးကြ၍ ပပဉ္စတရားလားလားမျှ ရှိတော်မမူကြကုန်။

အာကာသေ ပဒံနတ္ထိ၊ သမဏောနတ္ထိ ဗာဟိရေ၊
သင်္ခါရာ သဿတာနတ္ထိ၊ နတ္ထိဗုဒ္ဓါ နိမိဉ္ဇိတံ။ (၂)

ချစ်သားသုဘဒ္ဒ၊ အာကာသ၌ ခြေရာမည်သည်၊ မရှိကောင်း တင်၌ တစ်ဦးတစ်ယောက်ခြေရာမည်သည်၊ မရှိကောင်း စင်စစ်မှန်၏ မရှိကောင်းစင်စစ် မှန်သကဲ့သို့၊ ဤသာသနာတော်မှ အပြင်အပ တိတ္ထိတို့၏ အယူဝါဒ၌၊ ကိလေသာခပ်သိမ်းကို အေးငြိမ်းစေတတ် ရဟန်းမြတ်တကျိပ်နှစ်ပါးသည်၊ မရှိကောင်းစင်စစ်မှန်၏၊ မဖောက်မပြန် မပြိုမကွဲ မြဲသောသဘော ရှိကုန်သော၊ ခန္ဓါငါးပါး သင်္ခါရတရားတို့သည် တစိုးတစိမရှိ စကောင်းစင်စစ်မှန်ကုန်၏၊ သဗ္ဗညုထွတ်တင် ဘုရားရှင်တို့၏ သန္တာန်၌ တဏှာတည်းဟူသော တုန်လှုပ်ခြင်း။ မာနတည်းဟူသော တုန်လှုပ်ခြင်း၊ စသည်တို့မရှိကောင်း စင်စစ်မှန်၏။

ဤတရားဒေသနာ ဂါထာနိဂုံးဆုံးသောအခါ သုဘဒ္ဒပရိဗိုဇ်သည် အနာဂါမိဖိုလ်၌ တည်လေ၏။ ထိုအခါ မြတ်စွာဘုရား၏ အနီး၌ ရောက်ဆိုက်သော ပရိတ်သတ်အဖို့ရာလည်း အကျိုးရှိသော တရားဒေသနာဖြစ်လေ၏။

ဤတားမွပကျမ်း၌လာသော သုဘဒ္ဒပရိဗိုဇ်၏ အကြောင်းအရာဝတ္ထုတည်း။ ဤအရာ၌ သုဘဒ္ဒ ပရိဗိုဇ်သည် သုတ်မဟာဝါပါဠိတော်လာပြဿနာကို မေးမြန်းလျှောက်ထား၍ မြတ်စွာဘုရား၏ ဖြေကြားချက်ကို နာယူပြီးနောက် ဓမ္မပဒကျမ်းလာ ပြဿနာသုံးချက်ကို ဆက်၍ လျှောက်ထားကာ မြတ်စွာဘုရား၏ ဖြေကြားချက်ကို နာယူအဆုံး အနာဂါမ်အရိယာဖြစ်ပြီးလျှင် သုတ်မဟာပါဠိတော်လာအတိုင်း သရဏဂုံကို ခံယူကာ ရှင်ရဟန်း အဖြစ်ကို တောင်းခံရယူ၍ ရဟန်းတရားအားထုတ်သဖြင့် ဘုရားပရိနိဗ္ဗာန်စံတော်မမူမီ အာသဝေါကုန်ခန်း၊ ရဟန္တာအဖြစ်သို့ရောက်ကာ မြတ်စွာဘုရား၏ နောက်ဆုံးပန္တိမ မျက်မှောက်သာဝက ဖြစ်လေသည်ဟု မှတ်ယူလျှင် ကျွန်းဂန်နှစ်ရပ် မဆန့်ကျင်ထဲ စကားစပ်မိ၏။

## မြတ်စွာဘုရား၏ နောက်ဆုံးဩဝါဒစကားတော်

မြတ်စွာဘုရားရှင်သည် နောက်ဆုံး • ပန္တိမတပည့်သာဝကအဖြစ် တပည့်ဖြစ်သူ သုဘဒ္ဒပရိဗိုဇ် ရဟန္တာ ဖြစ်ပြီးသောအခါ ရဟန်းသံဃာအား နောက်ဆုံးဩဝါဒပေးတော်မူလိုသည်ဖြစ်၍ အရှင်အာနန္ဒာမထေရ်ကို

တရားနာခံတော ဤဆိုလတ္တံ့သောပြဝါဒစကားကို မိန့်ကြားတော် မူလေသည်။ မိန့်ကြားတော်မူပုံမှာ -

(က) "ချစ်သားအာနန္ဒာ . . သင်ချစ်သားတို့၏စိတ်သန္တာန်မှာ တရားစကားတော်သည် ဟောကြားသောဘုရားမှ ကင်းကွာခဲ့လေပြီ ဟောကြားသူဆရာဘုရားမှ တင်းတွာသောတရားစကားတော် ဖြစ်ခဲ့လေပြီ၊ ငါတို့၏ ဆရာဘုရားသည် မရှိတော့ပြီ' ဟု ဤသို့ မထင်မှတ်ထိုက်ပေ၊ ချစ်သားအာနန္ဒာ. . လေးဆယ့်ငါးဝါ ကာလကြာအောင်ငါဘုရား ဟောကြားပညတ်အပ်သော တရားတော်၊ ဝိနည်းတော်သည် ငါဘုရားကွယ်လွန်သောအခါ၌ သင်ချစ်သားတို့၏ ဆရာဘုရားပင်ဖြစ်လေ၏။

(ခ) ချစ်သားအာနန္ဒာ. . ယခုအခါ ရဟန်းတို့သည် တချင်းချင်း တပါးကတပါးကို အာဝုသော ငါ့ရှင်ဟူသော စကားဖြင့် ကြီးငယ်မရွေးခေါ်ဝေါ်ပြောဆိုကြသကဲ့သို့ ငါဘုရား ကွယ်လွန်သောအခါ၌ကား ဤကဲ့သို့ မခေါ်ဝေါ် မပြောဆိုကြလင့် ချစ်သားအာနန္ဒ မထေရ်ကြတ်ကြီးဖြစ်သော ရဟန်းကသီတင်းငယ်ဖြစ်သော ရဟန်းကိုအမည် ဖြစ်စေ အနွယ်ဖြင့်ဖြစ်စေ 'အာဝုသော -ငါ့ရှင်ဟူစကားဖြင့်ဖြစ်စေ ခေါ်ဝေါ်ပြောဆိုကြရမည်။ သီတင်းငယ်ဖြစ်သော ရဟန်းသည်ကား၊ မထေရ်ကြီးဖြစ်သောရဟန်းကို "အရှင်အရှင်ဘုရား" ဟူ၍လည်းကောင်း "အယသ္မာ - သက်တော်ရှည်အရှင်" ဟူ၍သော်လည်းကောင်း။ ဤသို့သာ ခေါ်ဝေါ်ပြောဆိုရမည်။

(ဂ) ချစ်သားအာနန္ဒာ. . သံဃာတော်သည် ငါဘုရားကွယ်လွန်သောအခါ၌ တသေးတနုပ်သိက္ခာ ပုဒ်များကို ပယ်နုတ်လိုခဲ့သော် ပယ်နုတ်လေလော့။

(ဃ) ချစ်သားအာနန္ဒာ. . ငါဘုရားကွယ်လွန်သောအခါ၌ ဆန္နရဟန်းအား ဗြဟ္မဒဏ်ပေးအပ်၏၊ -ပေးရမည်ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာမထေရ်က "မြတ်စွာဘုရား ဗြဟ္မဒဏ်ဟူသည် အဘယ်ပါနည်း"ဟု လျှောက်ထား မေးမြန်းလေလျှင် မြတ်စွာဘုရားရှင်သည်

"ချစ်သာအာနန္ဒာသည်. . ဆန္နရဟန်းသည် သူပြောဆိုလိုရာ စကားကိုပြောဆိုနိုင်၏၊ သို့ရာတွင်ရဟန်းတို့ကမူ ထိုဆန္နရဟန်းတို့ မပြောဆိုအပ် မဆုံးမအပ် မတားမြစ်အပ်၊ ဤကားဗြဟ္မဒဏ်တည်း" ဟု မိန့်တော်မူ၏။

ထိုသို့ အရှင်အာနန္ဒာမထေရ်ကို မိန့်ကြားတော်မူပြီးသောအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို - ရဟန်းတို့. တစုံတယောက်သော ရဟန်း၏စိတ်သန္တာန်ဝယ် "ဘုရားဟုတ်လေသလော မဟုတ်လေသလော၊ တရားကောင်းဟုတ်လေသလော၊ မဟုတ်သလော၊ နိဗ္ဗာန်ရောက်ကြောင်း မဂ်အစစ်ဟုတ်သလော၊ မဟုတ်သလော၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဟုတ်သလော၊ မဟုတ်သလောဟု ဘုရား၌ဖြစ်စေ၊ တရားတော်၌ဖြစ်စေ၊ သံဃာတော်၌ဖြစ်စေ၊ အကျင့်၌ဖြစ်စေ၊ ယုံမှားတွေးတောမှုဖြစ်ရှိြားအံ့၊ ရဟန်းတို့. . . ငါဘုရားကို မေးကြတုန်လော့၊ မြတ်စွာဘုရားသည် ငါတို့မျက်မှောက်၌ ထင်ရှားရှိခဲ့ပါလျက် ငါတို့သည်မြတ်စွာဘုရားကို ဝရှေ့တော်၌ မေးမြန်းဖွာ မစွမ်းနိုင်ခဲ့ကြပါတကားဟု သင်ချစ်သားတို့၏ နောင်အခါ နောင်တပူပန်ခြင်း မဖြစ်ကြစေကုန်လင့်"ဟု မိန့်တော်မူလေ၏၊ ဤသို့ မိန့်တော်မူလတ်သော် ရဟန်းတို့သည် ဆိတ်ဆိတ်သာနေကြကုန်၏။ နှစ်ကြိမ်မြောက်ထပ်၍ မိန့်တော်မူသောအခါမှာလည်းထို့အတူ ဆိတ်ဆိတ်သာနေကြကုန်၏။ သုံးကြိမ်မြောက် မိန့်တော်မူသော အခါမှာလည်း ထို့အတူပင် ဆိတ်ဆိတ်သာနေကြသောကြောင့် မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို -

"ရဟန်းတို့သင်တို့သည် ငါတို့ကား ဘုရားထံ၌ ရဟန်းပြုကြသူများဖြစ်သည်၊ ငါတို့၏ ပစ္စည်းလေးပါး

တို့မှာလည်း မြတ်စွာဘုရား၏ ဥစ္စာတို့သာဖြစ်ကုန်၏၊ ထိုဝါတို့သည် ဤမည်မျှကြာအောင် ယုံမှားမှုကို မမြကြပဲ ယခုနောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူခါနီးအခါမှ ယုံမှားမှုကိုပြုရန်မထိုက်" ဟု အောက်မေ့ကြကာ ဘုရား၌ ရှိသေသဖြင့် မမေးကြသည်မူလည်း ဖြစ်နိုင်၏၊ ရဟန်း ထိုသို့ဖြစ်ခဲ့လျှင် အဖော်ရဟန်းအချင်းချင်းဟိုမူလည်း မိမိ၏ ယုံမှားတွေးတောချက်ကို ပြောကြားလော့"ဟု မိန့်တော်မူ၏၊ ဤသို့ပင် မိန့်တော်မူလေသော်လည်း ထိုရဟန်းတို့သည် ဆိတ်ဆိတ်သာလျှင် နေကြကုန်လေ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား . . လက်ဖြစ်တီး၍ တုံးချီးထိုက်ပါပေစွာ၊ မြတ်စွာဘုရား . . ဤရဟန်းသံဃာထဲ၌ 'ရဟန်းတပါးမျှ၏ သန္တာန်မှာပင် မြတ်စွာဘုရား၌ ဖြစ်စေ တရားတော်၌ဖြစ်စေ မဂ်၌ဖြစ်စေ၊ အကျင့်ဖြစ်စေ၊ ယုံမှားစွေးတောခြင်း အလျဉ်းမရှိဟူ၍ အတွန်ုပ် ယုံကြည်ပါသည်ဘုရား" ဟု လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို -

"ချစ်သားအာနန္ဒာ . . သင်ချစ်သားသည် ယုံကြည်ခြင်းကြောင့်သာလျှင် ဤသို့ဆိုပေ၏၊ ချစ်သား အာနန္ဒာ . . ဤရဟန်းသံဃာထဲ၌ ရဟန်းတပါးမျှ၏ သန္တာန်မှာပင် မြတ်စွာဘုရားဖြစ်စေ၊ တရားတော်၌ဖြစ်စေ၊ သံဃာတော်၌ဖြစ်စေ၊ မဂ်၌ဖြစ်စေ ယုံမှားတွေးတောခြင်း အလျှင်းမရှိကြောင်းကို မြတ်စွာဘုရား၏ အဖို့ရာသိပြီး ပင်ဖြစ်ပေ၏၊ ယုံကြည်ချက်မျှသာ မဟုတ်ဟုလို ချစ်သားအာနန္ဒာ . . ဤရဟန်းငါးရာတို့အနက် နောက်ဆုံး အောက်ဆုံးဖြစ်သော ရဟန်းသည်ပင် အပါယ်သို့ကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော ဖထတ်မင် ဆုံးပါးလျှင် နောက်ဆုံးလားရာ ရောက်ရာရှိသော သောတာပန်အရိယာဖြစ်ပေ၏၊ အရှင်အာနန္ဒာကို ရည်ညွှန်း သည်ဟူ၍ မိန့်တော်မူပြီးလျှင် ရဟန်းတော်များတို့ နောက်ဆုံးဩဝါဒ ပေးတော်မူသောအားဖြင့် -

"ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ - ရဟန်းတို့ . . သင်ချစ်သားတို့အဖို့ရာယခုငါဘုရား နောက်ဆုံး ဩဝါဒစကားမိန့်ကြားလိုသည်မှာ ပြုပြင်ပေးရသမျှ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏၊ အပ္ပမာဒေန သမ္ပာဒေထ - သို့ရကား မမေ့သော သတိတရားဖြင့် သင်ချစ်သားတို့သည် တိစ္စပြီးအောင်အားထုတ်ကြ ကုန်လော့" ဟူ၍ မိန့်တော်မူလေ၏၊ ဤသည်လျှင် မြတ်စွာဘုရားရှင်၏ နောက်ဆုံးဩဝါဒ မိန့်ခွန်းတော်ပေတည်း၊ ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်ညောင်စောင်း၌ လျောင်းတော်မူရင်းတပင် ၄၅ ဝါကာလကြာ ဟောကြားပေးဝေခဲ့သမျှသော ဩဝါဒအလုံးစုံကို အပ္ပမာဒတဝုဒ်တည်း၌ထည့်သွင်း၍ နောက်ဆုံးဩဝါဒပေးတော်မူ လေသတည်း။

ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း

ဗုဒ္ဓဝင်စာရွှသပ္ပုရိသနွယ်ဝင်ဖို့ သူတော်စင် . . အသင်၏စိတ်၌ တခုသတိချပ်စေချင်သည်မှာ မြတ်စွာ ဘုရားသည် "အပ္ပမာဒေနသမ္ပာဒေထ" ဟူသောစကားကို မိန့်ကြားတော်မူပြီးနောက် တခွန်းတပါဒမျှ နှုတ်တော်ဖွင့် ၍မိန့်တော်မမူတော့ချေ၊ အင်ကြင်းတောကြီးတစ်ခုလုံး တိတ်ဆိတ်၍သွားလေပြီ၊ မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန် ဝင်စံဘို့ရန် ပြင်ဆင်မှု -ပရိကံဘာဝနာ စိတ်အလုပ်ကိုသာ ပြုလုပ်ပွားများတော်မူသည်မှာ -

ရှေးဦးစွာရူပါဝစရပဌမဈာန်ကို ဝင်စားတော်မူ၏၊ ထိုဈာန်မှထပြီးသော် ဒုတိယဈာန်ကိုဝင်စား တော်မူ၏၊ ထိုဈာန်မှထပြီးသော် တတိယဈာန်ကို ဝင်စားတော်မူ၏၊ ထိုဈာန်မှထပြီးသော် ရူပါဝစရစတုတ္ထ

ဈာန်ကိုဝင်စားတော်မူ၏၊ ထိုဈာန်မှထပြီးသော် အရူပါဝစရကြိယာ အာကာသာနဉ္စ ယတနသမာပတ်ကို ဝင်စားတော်မူ၏၊ ထိုသမာပတ်မှ ထပြီးသော် ဝိညာဏဉ္စာ ယတနသမာပတ်ကို ဝင်စားတော်မူ၏၊ ထိုသမာပတ်မှ ထပြီးသော် အာကိဉ္စညာ ယတနသမာပတ်ကို ဝင်စားတော်မူ၏၊ ထိုသမာပတ်မှထပြီးသော် နေဝသညာ နာသညာ ယတန သမာပါတ်ကို ဝင်စားတော်မူ၏ ။ ထိုနေဝသညာ နာသညာ ယတနသမာပါတ်မှ ထပြီးသော် သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓ သမာပတ်ကို ဝင်စားတော်မူ၏။

ထိုသို့ နိရောဓ သမာပတ်ကို ဝင်စားတော်မူသောအခါ မြတ်စွာဘုရားရှင်၏ ကိုယ်တော်မှာ ထွက်လေ ဝင်လေ - ထွက်သက်၊ ဝင်သက်နှစ်ပါးတို့ ချုပ်ငြိမ်း၍ နေလေသည်။ ယင်းသို့ ဘုရားရှင်၏ ကိုယ်တော်မှ ထွက်လေ ဝင်လေ နှစ်ပါးတို့ ချုပ်ငြိမ်းနေသည်ကို မြင်ရ၍ အရှင်အာနန္ဒာမထေရ်သည် အရှင်အနုရုဒ္ဓါမထေရ်မြတ်ကို "အရှင်အနုရုဒ္ဓါဘုရား . . မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန် စံတော်မူသွားပြီလော" ဟု စိုးရိမ်တကြီး မေးလျှောက်လေသည်။

ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်က "ငါ့ရှင်အာနန္ဒာ . . မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန် စံတော်မမူသေးပါ။ သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားတော်မူလျှက် ရှိပါသည်" ဟု ပြန်ကြား ဖြေဆိုတော်မူလေ၏။ ထို့နောက် မြတ်စွာဘုရားသည် သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓ သမာပတ်မှ ထတော်မူ၍ နေဝသညာ နာသညာ ယတန သမာပတ်ကို ဝင်စားတော်မူနေ၏၊ ထိုနေဝသညာနာသညာ ယတနသမာပတ်မှ ထတော်မူ၍ အာကိဉ္စညာ ယတန သမာပတ်ကို ဝင်စားတော်မူ၏။ အာကိဉ္စညာယတန သမာပတ်မှ ထတော်မူ၍ ဝိညာဏဉ္စယတန သမာပတ်ကို ဝင်စားတော်မူ၏။ ထိုဝိညာဏဉ္စ ယတနသမာပတ်မှ ထတော်မူ၍ အာကာသာနဉ္စ ယတနသမာပတ်ကို ဝင်စားတော်မူ၏။ ထိုအာကာသာနဉ္စ သမာပတ်မှ ထတော်မူ၍ ရူပါဝစရကြိယာ၊ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏၊ ထိုစတုတ္ထဈာန်မှ ထတော်မူ၍ တတိယဈာန်ကို ဝင်စားတော်မူ၏။ ထိုတတိယဈာန်မှ ထတော်မူ၍ ဒုတိယဈာန်ကို ဝင်စားတော်မူ၏။ ထိုဒုတိယဈာန်မှ ထတော်မူ၍ ပဌမဈာန်ကိုဝင်စားတော်မူ၏။

တဖန် မြတ်စွာဘုရားရှင်သည် ပဌမဈာန်မှထတော်မူ၍ ဒုတိယဈာန်ကို ဝင်စားတော်မူ၏။ ထိုဒုတိယဈာန်မှထတော်မူ၍ တတိယဈာန်ကို ဝင်စားတော်မူပြန်၏၊ ထိုတတိယဈာန်မှထတော်မူ၍ စတုတ္ထဈာန်ကို ဝင်စားတော်မူပြန်၏၊ ထိုစတုတ္ထဈာန်မှ ထတော်မူပြီးနောက် ထိုစတုတ္ထဈာန်၌ ပါရှိသော၊ ဥပေက္ခာ၊ ဧကဂ္ဂတာတည်း ဟူသော ဈာန်အင်္ဂါနှစ်ပါးတို့ကို တပါးစီလည်းကောင်း၊ နှစ်ပါးပေါင်း၍ လည်းကောင်း ဆင်ခြင်တော်မူပြီး ထိုဝန္ဓစေတွာ မဟာကြိယာစေတနာ၏ အဆုံးဝယ် အဗျာကတ ဒုက္ခသစ္စာဖြစ်သော သောမနဿဟဂုဏ် ဉာဏသမ္ပယုတ် အသင်္ခါရိကပဌမ မဟာဝိပါတ်၊ ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းဒုက္ခခတ်သိမ်းတော် မူလေသတည်း။

## သံဝေဂကထာများ

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူလတ်သည်ရှိသော် ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တပြိုင်နက်ပင် မွေးညှင်းရှင်ပြ ကြက်သီးထလေလျှတ် ကြောက်မက်ဖွယ်ရာကြီးစွာသော မြေလျင်လှုပ်ခြင်းသည် ဖြစ်လေ၏။ တော်လည်းသံ-နတ်စည်ထို့ထည်လည်း တဖြိမ့်ဖြိမ့် မြည်ဟီးလေတုန်၏။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူလတ်သည်ရှိသော် ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တပြိုင်နက်ဝင် သဟမ္ပတိဗြဟ္မာကြီးသည် ဤဆိုလတ္တံ့သော သံဝေဂဂါထာကို ရွတ်ဆိုလေကုန်၏။

သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာလောကေ သမုဿယံ။

ယတ္ထဧတာ ဒိသောသတ္ထာ၊ လောကေ အပ္ပဋိ ပုဂ္ဂလော။

ယထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

ဖြစ်လျှင် ပျက်ရတကြင်လောကကြီးထဲ၌ သန္တာနဝယ ခန္ဓာပင်းလင်းလင်းဆင်ထင် ကိုယ်တော်သိမြင်တော်မူသော၊ ကာယ၊ ဉာဏဗလစွမ်းဟုန် အားဆယ်စုံနှင့် ကုံလုံပြည့်ဝတော်မူသော၊ နှိုင်းပြင်စံယူ ပုဂ္ဂိုလ်ဟူ၍ရှိတော်မမူသော လူနတ်ဗြဟ္မာသတ္တဝါတို့၏ ဆရာသခင် ဦးထိပ်တင်ကြီးဖြစ်တော်မူသော ဤသို့ရှုတပ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသော်မှ၊ ပရိနိဗ္ဗာန်စံတော် မူရချေသေး၏၊ ဖြစ်လျှင်ပျက်ရ ထိုလောကကြီးထဲ၌၊ ရှိသမျှ (၃၀) ဘုံ သတ္တဝါအလုံးစုံသည်ပင်လျှင် ရုပ်နာမ်အတုတုသော ဤခန္ဓာကိုယ်အတ္တဘောကို စုတိတိုင်လစ် ထိုရှိန်ခတ်ဝယ် စွန့်ပစ်ကြရတုန်လိမ့်မည်တကား။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူလတ်သည်ရှိသော် ပရိနိဗ္ဗာန်စံသည်နှင့် တပြိုင်နက်ပင် သိကြားနတ်မင်းသည် ဤဆိုလတ္တံ့သော သံဝေဂဂါထာကို ရွတ်ဆိုလေ၏။

အနိစ္စာဝတ သင်္ခါရာ ဥပ္ပါဒဝယ ဓမ္မိနော။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

တေဘူမက သင်္ခါရတို့သည်၊ ကေန္တ-စင်စစ်ကေန်အမှန်အားဖြင့် အမြဲမရှိကြကုန်၊ ဖြစ်ခြင်းပျက်ခြင်းသဘောရှိကုန်၏၊ ဖြစ်ပြီး၍ချုပ်ပျောက်ကြကုန်၏၊ ထိုတေဘူမက သင်္ခါရတို့၏ ချုပ်ရာငြိမ်းရာ မဟာအသခ်တဓါတ် နိဗ္ဗာန်ပရမတ်သည် ချမ်းသာစေကန် စင်မှန်စွတကား..။

တနည်း-တေဘူမကသင်္ခါရတို့သည် အကြောင်းကြောင့်တည်၊ ဥပါဒ်ထင်ရှား ဖြစ်ပွားကြ၍ ဓေါရောတ်ချုပ်ပျောက်ကြကုန်၏၊ ထို့ကြောင့်၊ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောရင်းသာရှိကုန်၏။ ခိုင်မြဲခြင်းသဘော အလျှင်းမရှိဟုဆိုလိုသည် အကြောင်းကြောင့်ဖြစ်ခြင်း၊ ပျက်ခြင်း သဘောရင်းသာရှိကြကုန်၏၊ ထို့ကြောင့် မမြဲစေကန် မမှန်တန်စွာတကား၊ ထိုတေဘူမက သင်္ခါရတို့၏ ငြိမ်းရာအေးရာ မဟာအသခ်တဓါတ် နိဗ္ဗာန်ပရမတ်သည်၊ချမ်းသာ စေကန်စင်စစ်မှန်စွာတကား..။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူလတ်သည်ရှိသော် ပရိနိဗ္ဗာန်စံတော်မူသည်နှင့် တပြိုင်နက်ဝင် အရှင်အနုရုဒ္ဓါမထေရ်သည် ဤသံဝေဂဂါထာကို ရွတ်ဆိုတော်မူ၏။

နာဟုအဿာ သာပဿာသော၊ ဋ္ဌိတစိတ္တဿ တာဒိနော။

အနေဇော သန္တိ မာရဗ္ဘ၊ ယံကာလ မကရီမုနိ။

ဝါ့ရှင်ဘုရား၊ ရဟန်းများ၊တို့ ဘဝတဏှာ စေတပ်သိမ်း၊ ငြိမ်းတော်မူပြီးသော အကြင်ပုဒ္ဓမုနိ အတုမရှိ သားကြီးဘဝဆရာ တို့မြတ်စွာသည် အနုပါဒိသေသ နိဗ္ဗာနဓါတ်ကို ဝါသွားတော့မည် ရည်ရွယ်တော်မူ၍၊ ပရိနိဗ္ဗာန်စံတော်မူလေပြီ၊ လောကဓလေ့ မုန်တိုင်းဒေ့လည်း၊ မရွေ့မထိုင်ကြနိုင်သော စိတ်ရှိတော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော၊ ထိုဗုဒ္ဓမုနိ တုမရှိ သန္တိနိရောဓ် ပင်နီးစံပျော်၍ မပေါ်မဖြစ်တော့ပြီတကား...။

> အသလ္လီနေ နုဝိဇ္ဇေနု၊ စဝနေ အဗ္ဗဝါသယိ။
>
> ပစ္စွာတစေဿဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတုသောတဟု။

ရဟန်းတော် ဘုရားရဟန်းများတို့၊ ငါတို့ဆရာ မြတ်စွာဘုရားသည် တွန့်တိုညှိုးငယ်ခြင်း အလျဉ်းမရှိသော စိတ္တ စေတနာကို အဓိဝါသနာခံ၍ နှလုံးကိုယ်တော်သုံး၍ မပျက်မဟောက်ပြန် သည်းခံတော်မူခဲ့လေပြီ၊ လောင်စာပြတ်တင်း မီးတောက်မီးလျှံ၏ ငြိမ်းခြင်းကဲ့သို့၊ ထိုငါတို့ဆရာ မြတ်စွာဘုရား၏ တစ်စုံတစ်ခုသော တရားမြင့်မှုမတားမြစ်အပ်။ စိတ်တော်မြတ်၏ အမြစ်ဓာတ်ရုပ်သိမ်း၊ အပြီးတိုင် ချုပ်ငြိမ်းလွတ်မြောက်ခြင်းသည်ဖြစ်ခဲ့လေပြီတကား။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူလတ်သည်ရှိသော် ပရိနိဗ္ဗာန်စံဝင်တော်မူသည်နှင့်တပြိုင်နက်တည်း အရှင်အာနန္ဒာမထေရ်သည် ဤသံဝေဂဂါထာကို ရွတ်ဆိုတော်မူ၏။

> တဒါသိ ယံ ဘိံသနကံ၊ တဒါသိ လောမဟံသနံ။
>
> သဗ္ဗာကာရ ဝရူပေတေ၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။

ရဟန်းတော် ဘုရားရဟန်းများတို့ အလုံးစုံမြင့်မြတ်ချီးမွမ်းအပ်သည့် ကြောင်းရပ်မှုမှ ဝေနေယျဂုဏ်နှင့် ပြည့်စုံ ထင်ရှား ငါတို့ဆရာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း၊ ဘုံဓာတ်သိမ်းတော်မူသည်ရှိသော ထိုအခိုက်၌၊ ကြောက်မှုယ်ဖြင်းထန်၊ မြေလှုပ်ခြင်းသည် အထင်အရှားဖြစ်ပွားခဲ့လေပြီတကား၊ ထိုပရိနိဗ္ဗာန်ဝင်စံသော အခိုက်၌၊ မွေးညှင်း ရွှမ်ဖြူ ကြက်သီးထမွှယ် ခြောက်သွယ်ထန်ပြင်း၊ မြေလှုပ်ခြင်းသည် အထင်အရှား၊ ဖြစ်ပွားခဲ့လေပြီတကား။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူလတ်သည်ရှိသော် ထိုမြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူရာ အရပ်၌ရှိကြသည့် ရာဂမကင်း၊ ဒေါသမကင်းကြသေးသော ပုထုဇဉ် သောတာပန် သကဒါဂါမ်ရဟန်းတို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့လေပြီတကား၊ ကောင်းသော စကားကို မိန့်ကြားတော်မူတတ်ခဲ့လေပြီတကား၊ ကောင်းသောစကားကို မိန့်ကြားတော် မူတတ်သော မြတ်စွာဘုရား သည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့လေပြီတကား၊ ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရား သတ္တလောက၏ မျက်စိသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန်စံခဲ့လေပြီ တကား"ဟု ပြောဆိုကြကာ လက်မောင်းတို့ကိုမြှောက်ချီ၍ ငိုကြွေးမြည်တမ်းကြကုန်၏၊ ကမ်းပါးပြတ်၍ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေ့ရွှလူးလိမ့်၊ ထိုထိုဤဤလူးလိမ့်ကုန်၏၊

ရာဂဒေါသကင်းပြီးသော အနာဂါမ်ရဟန်း၊ ရဟန္တာတို့သည်ကားပြုပြင်မရသော သင်္ခါရတရားတို့သည် မမြဲသော သဘောရှိကုန်၏။ ပြုပြင်မရသော သင်္ခါရတရားထဲ၌ ထိုမြဲမှုသဘောကို အဘယ်မှာ ရနိုင်ပါအံ့နည်း- မရနိုင်သည်သာတည်း"ဟု တောက်မေ့ဆင်ခြင်လျှက် သည်းခံနိုင်ကြကုန်၏။

ထိုအခါအရှင်အနုရုဒ္ဓါမထေရ်သည် ရဟန်းတို့ကို "ငါ့ရှင်တို့.. တန်ကြသော၊ မစိုးရိမ်မပူဆွေးကြလင့်၊ မငိုကြွေးကြလင့်၊ ချစ်ခင်မြတ်နိုးအပ်သော သူအားလုံး တို့နှင့် ရှင်ကွဲကွဲကွာခြင်း • နာနာဘာဝ၊ သေကွဲကွဲကွာခြင်း• ဝိနာဘာဝ ဘဝခြားလျှက်ကွဲကွာခြင်း • အညထာဘာဝတို့ ရှေးမဆွကပင် မြတ်စွာဘုရားဟောကြားအပ်ခဲ့ပြီ မဟုတ်လော၊ ငါ့ရှင်တို့.. ဤအရာ၌ အသစ်ဖြစ်ပေါ်လာခြင်း၊ ထင်ရှားဖြစ်ပေါ်ခြင်း ပြုပြင်ပေးရခြင်းသဘော ရှိ၍ ပျက်စီးခြင်း၊ သဘောရှိသော တရားကို မပျက်စီးပါလင့်" ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာ

ရနိုင်တဲ့နည်း၊ ဤသို့ရနိုင်ရန် အကြောင်းမရှိချေ။

"ငါ့ရှင်တို့ . . အရှင်ကောင်း အရှင်မြတ်တို့သည် မိမိတို့ကိုယ်တိုင်က သည်းမခံနိုင်ကြလျှင် ကြွင်းကျန်သော လူအပေါင်းကို အဘယ်မှာလျှင်သက်သာ စေနိုင်ကြလိမ့်မည်နည်း"ဟု နတ်တို့ကပင် တဲ့ရဲ့စကား ပြောကြား ကြကုန်၏" ဟု သတိပေးသံဝေဂစကား မိန့်ကြားတော်မူလေ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်က အရှင်အနုရုဒ္ဓါမထေရ်ကို "အရှင်အနုရုဒ္ဓါဘုရား . . အရှင်ဘုရားသည် နတ်ဗြဟ္မာများကို အဘယ်ကဲ့သို့ ဖြစ်ရှိနေကြသည်ကို နှလုံးသွင်းဆင်ခြင်မိပါသနည်း" ဘုရားဟု မေးမြန်း လျှောက်ထားလေလျှင် အရှင်အနုရုဒ္ဓါ မထေရ်သည်လည်း၊ အရှင်အာနန္ဒာမထေရ်ကို "ငါ့ရှင်အာနန္ဒာ . . ကောင်းကင်၌ မြေပြင်ဟုအမှတ်ရှိလျက် တည်နေသောနတ်တို့သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့လေပြီတကား၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့လေပြီတကား၊ ပညာမျက်စိရှိသော မြတ်စွာဘုရား တနည်း-သတ္တလောက၏ မျက်စိသဖွယ်ဖြစ်သော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ လောကမှ ကွယ်ပျောက် တော်မူခဲ့လေပြီတကား"ဟု ပြောဆိုကြကာ ဆံပင်တို့ကိုဖြန့်၍ ငိုကြွေးကြကုန်၏၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကြကုန်၏၊ ကမ်းပါးပြတ်၍ကျသကဲ့သို့ လဲကျကုန်၏၊ ရှေ့ရှုလူးလိမ့်၊ ထိုထိုဤဤ လူးလိမ့်ကြကုန်၏၊

ငါ့ရှင်အာနန္ဒာ . . . မြေပြင်၌ မြေပြင်ဟုအမှတ်ရှိကြကုန်သော နတ်တို့သည် "ဘုန်းတော်ကြီးသောမြတ်စွာ ဘုရားသည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့လေပြီတကား၊ ကောင်းသောစကားကို မိန့်ကြားတော်မူ တတ်သော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့လေပြီတကား၊ ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် တနည်း - သတ္တလောက၏ မျက်စိသဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် အလွန်လျှင် မြန်စွာလောကမှ ကွယ်ပျောက်ခဲ့လေပြီတကားဟု ပြောဆိုကြကာ ဆံပင်တို့ကိုဖြန့်၍ ငိုကြွေးကြကုန်၏၊ လက်မောင်း တို့ကိုမြှောက်၍ ငိုကြွေးကြကုန်၏၊ ကမ်းပါးပြတ် ၍ကျသကဲ့သို့လဲကျကုန်၏၊ ရှေ့ရှုလူးလိမ့်၊ ထိုထိုဤဤ လိမ့်ကြ ကုန်၏။

ကာမရာဂ ကင်းပြီးသော နတ်တို့သည် ဖြူဖြင်မရှသော သင်္ခါရတရားတို့သည် မမြဲသော သဘောရှိကုန်၏၊ ဤဖြူဖြင်မရှသော သင်္ခါရတရားထဲ၌ ထိုမြဲမှုကိုအဘယ်မှာ ရနိုင်ပါအံ့နည်း - မရနိုင်သည်သာတည်းဟု အောက်မေ့ ဆင်ခြင်လျက် သည်းခံနိုင်ကုန်၏" ဟု မိန့်တော်မူ၏၊ ထို့နောက် အရှင်အနုရုဒ္ဓါမထေရ်နှင့် အရှင်အာနန္ဒာမထေရ် တို့သည် ထိုညဉ့်ကြွင်းမိုးသောက်ယံ အနည်းငယ်သော အချိန်ကျန်ကို "ငါ့ရှင် နတ်နှင့်တကွသော လောကတခယ် မက်ဖြိုင်မည့်သူမရှိ ငါတို့၏ဆရာ မြတ်စွာဘုရားအားပင်သော်မှ ဤသေမင်းသည် မရှက်ဆုံတုံသေး၏၊ သာမာန် လောကီ ထိုထိုဤဤ လူများအပေါ်၌ကား အဘယ်ကြောင့် ရှက်လိမ့်မည်နည်း - မရှက်အံ့သည်သာတည်း"

ဤအစရှိသည့် သေခြင်းတရားနှင့်စပ်သော တရားစကားဖြင့် ကုန်လွန်စေကြကုန်၏၊ မထေရ်နှစ်ပါး တရားစကား ပြောဆိုနေစဉ် မကြာမြင့်မီပင် အာရုံတက်၍ လာလေတော့၏။

ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်သည် အရှင်အာနန္ဒာမထေရ်ကို "သွားပါချေ ငါ့ရှင်အာနန္ဒာ . . ကုသိနာရုံ ပြည်သို့ဝင်၍ မလ္လမင်းတို့အား . . မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူလေပြီ၊ ယခုအခါ၌ ဆောင်ရွက်ရန်မှာ

သင်တို့၏ အလိုအတိုင်းပင်ဖြစ်သည်ဟု ပြောကြားခဲ့လော့"ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာမထေရ်သည်လည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ အဖော်ရဟန်းတပါးကို ခေါ်ဆောင်ကာ ကုသိနာရုံပြည်သို့ ဝင်ကြွတော်မူလေ၏။

ထိုအချိန်၌မလ္လမင်းများသည် "မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာဌာန၌ အဘယ်သို့သော ပန်းနံ့သာသည် ပူဇော်ဖွယ်ဖြစ်သင့်သည် ရဟန်းသံဃာတော်များအတွက် အဘယ်သို့သော ခဲဖွယ်စားဖွယ်များကို စီမံထားသည် ဤသို့အစရှိသည်ဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခြင်းနှင့်စပ်သော ပြုဖွယ်ကိစ္စဖြင့်ပင်လျှင် မင်းတဲလွှတ်တော်၌ တိုင်ပင်ဆွေးနွေး စည်းဝေးလျက်ရှိကြကုန်၏၊ ထိုအခါ အရှင်အာနန္ဒာမထေရ်သည် ကုသိနာရုံပြည်သား မလ္လမင်းများ၏ စည်းဝေးတိုင်ပင်ရာ လွှတ်တော်သို့ သွားရောက်ပြီးလျှင် -

"ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့. . မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူလေပြီ၊ ယခုအခါ၌ ဆောင်ရွက်ရန်မှာ သင်တို့၏ အလိုအတိုင်းပင်ဖြစ်သည်" ဟု မိန့်ကြားတော်မူလေ၏၊ အရှင်အာနန္ဒာ၏ ဤစကားကို ကြားကြကုန်သည်ရှိသော် မလ္လမင်းတို့သည်လည်းကောင်း၊ မင်းတို့၏ သား၊ သမီး၊ ချွေးမ မိဘုရားတို့သည်လည်းကောင်း၊ အလွန်ကြေကွဲ ဝမ်းနည်းကြလျက် စိတ်ဆင်းရဲကုန်သည်ဖြစ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူလေပြီတကား၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီတကား၊ ဝဥ္စာမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူခဲ့လေပြီတကား" ဟု ပြောဆိုကြကာ အချို့တို ဆံပင်တို့ကို ဖြန့်၍ ငိုကြွေးကြကုန်၏၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကြကုန်၏၊ တမ်းပါးပြတ်၍ ယဲတွေ့သကဲ့သို့ လဲကျကုန်၏၊ ရှေ့နောက်လူးလိမ့်ကာ ထိုထိုဤဤ လူးလိမ့်ကြကုန်၏။

## ဥတုစရုပ်ကလပ်တော်ကို ပူဇော်ကြခြင်း

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းများသည် မင်းချင်းယောကျ်ားတို့ကို "အချင်းတို့. . ထိုသို့ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးဖြစ်ရကား ကုသိနာရုံပြည်၌ရှိသည့် ပန်းနံ့သာကိုလည်းကောင်း၊ အတီး အမှုတ် - တူရိယာအလုံးစုံကိုလည်းကောင်း စုခဲ့ကြလော့" ဟု အမိန့်ပေးစကားပြောကြား၍ ပန်းနံ့သာ မျိုးစုံတို့ကို လည်းကောင်း၊ အတီးအမှုတ်တူရိယာ မျိုးစုံတို့ကိုလည်းကောင်း၊ ပုဆိုးအစုံ ပိတ်ချောထုပ် ငါးရာတို့ကိုလည်းကောင်း၊ ယူဆောင်ခဲ့ကြ၍ အင်ကြင်းဥယျာဉ်အတွင်း၊ မြတ်စွာဘုရား၏ ဥတုစရုပ်ကလပ်တော်ရှိရာသို့ သွားရောက် ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရား၏ ဥတုစရုပ်ကလပ်တော်ကို ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့် လည်းကောင်း၊ ပန်းနံ့သာတို့ဖြင့်လည်းကောင်း၊ အရိုအသေပြုကြ အလေးပြုကြ၊ မြတ်နိုးကြ ပူဇော်ကြလျက် ပိတ်ဘန် မျက်နှာ ကြက်များကို ပြုလုပ်ကြက်ကြကာ တန်ဆောင်ဝန်းများကို အသစ်စီမံကြလျက် ထိုနေ့တဖို့ကို ကုန်လွန်စေကုန်၏။

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းများသည် "မြတ်စွာဘုရား၏ ဥတုစရုပ်ကလပ်တော်ကို မီးသဂြိုလ် ရန်မှာ ယနေ့အချိန်အလွန်နှောင်းလေပြီ ငါတို့သည် ဥတုစရုပ်ကလပ်တော်ကို နက်ဖြန်ကျမှ မီးသဂြိုလ်ကြကုန်စို့" ဟု ကြံစည်တိုင်ပင် ဆွေးနွေးဆုံးဖြတ်ကြလေသည်။

ထို့နောက် မလ္လမင်းများသည် မြတ်စွာဘုရား၏ ဥတုစရုပ်ကလပ်တော်ကို ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း

တို့ဖြင့် လည်းကောင်း၊ ပန်းနံ့သာတို့ဖြင့်လည်းကောင်း၊ အမွှေးအသေပြုကြ အလေးပြုကြ၊ မြတ်နိုးကြ ပူဇော်ကြလျှက် ဗိတာန်မျက်နှာကြက်များကို ပြုလုပ်ကြက်ကြတာ တန်ဆောင်ဝန်းများကို ဖွဲ့သစ်စီပံကြရင်းပင် နှစ်ရက်မြောက်သော နေ့ကိုလည်း ကုန်လွန်စေကြကုန်၏၊ ထို့အတူ သုံးရက်မြောက်သောနေ့၊ လေးရက်မြောက်သောနေ့ကိုလည်း ကုန်လွန်စေကြကုန်၏။

ထို့နောက် ခုနစ်ရက်မြောက်သောနေ့၌ ကုသိနာရုံပြည်သား မလ္လမင်းများသည် "ငါတို့သည် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်ကို ကခြင်း-သီခြင်း-တီးမှုတ်ခြင်း တို့ဖြင့်လည်းကောင်း၊ ပန်းနံ့သာတို့ဖြင့်လည်းကောင်း၊ အမွှေးအသေပြုကြ၊ အလေးပြုကြ၊ မြတ်နိုးကြ၊ ပူဇော်ကြလျှက် မြို့၏တမြင် တောင်တက်လမ်းဖြင့် မြို့၏အပြင် တောင်အရပ်သို့ ဆောင်ယူကြပြီးလျှင် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်ကို မြို့၏တောင်ဘက်၌ပင် မီးသင်္ဂြိုလ်ကြကုန်စို့" ဟု တိုင်ပင်ဆုံးဖြတ်ကြကုန်၏၊

ထို့နောက် အကြီးအမှူး အားကောင်းမောင်းသန် မလ္လမင်းရှစ်ဦးတို့သည် ဦးခေါင်းဆေးကြ၍ အသစ်စက်စက် အဝတ်တို့ကို ဝတ်ဆင်ကြကုန်လျှက် "မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်ကို ငါတို့ ချီမကုန်အံ့" ဟု ရည်ရွယ်ကာ တပြိုင်နက်ချီမကြသည်တွင် ရုပ်ကလပ်တော်ကို ကြွစေခြင်းငှာ မတတ်နိုင်ပဲရှိကြကုန်၏၊ ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းများသည် အခြားမထေရ်ကြီးများကို ထင်ရှားရှိကြသော်လည်း အရှင်အနုရုဒ္ဓါမထေရ်သည် ဒိဗ္ဗစက္ခုအသိဉာဏ်ရှိသည့်အရာဝယ် ဧတဒဂ်ရပုဂ္ဂိုလ် ဖြစ်တော်မူရကား -

"ဤအရှင် အနုရုဒ္ဓါသည် ငါတို့အား ထင်ရှားအောင်ဖြေကြားတော်မူနိုင်လိမ့်မည်"ဟု ယုံကြည်ချက်မြဲစွာ ရှိကြလျှက် အရှင် အနုရုဒ္ဓါ မထေရ်မြတ်ကို "အရှင်အနုရုဒ္ဓါဘုရား . . ဤအကြီးအမှူး မလ္လမင်းရှစ်ဦးတို့သည် ဦးခေါင်းဆေးကြ၍ အသစ်စက်စက် အဝတ်တို့ကို ဝတ်ဆင်ကြကုန်လျှက် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်ကို ငါတို့ ချီမကုန်အံ့ဟု ရည်ရွယ်ကာ တပြိုင်နက် ချီမကြသော်လည်း ရုပ်ကလပ်တော်ကို ကြွစေခြင်းငှာ မတတ်နိုင်ပဲ ရှိကြပါသည်၊ အရှင်အနုရုဒ္ဓါဘုရား . . အကြောင်း အထောက်အပံ့ကား အဘယ်မှာနည်း" ဟု မေးလျှောက်ကြကုန်၏၊ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကား "ဝါသေဋ္ဌာနွယ်ဖွား မလ္လမင်းများတို့ . . သင်တို့၏ အလိုကားတမျိုး နတ်တို့၏အလိုကား တစ်မျိုး ဖြစ်၍နေ၏"ဟု မိန့်တော်မူလေလျှင် မလ္လမင်းတို့သည် "အရှင်အနုရုဒ္ဓါဘုရား . . နတ်တို့၏အလိုကား အဘယ်သို့ပါနည်း" ဟု မေးလျှောက်ကြလေကုန်၏၊

ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်သည် မလ္လမင်းတို့ကို "ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့ . . သင်တို့၏ အလိုကား ငါတို့သည် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်ကို ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းဖြင့်လည်းကောင်း။ ပန်းနံ့သာတို့ဖြင့်လည်းကောင်း အမွှေအသေပြုကြ၊ အလေးပြုကြ၊ မြတ်နိုးပူဇော်ကြလျှက် မြို့၏တမြင်တောင်ဘက် လမ်းဖြင့် မြို့၏အပြင် တောင်အရပ်သို့ ဆောင်ယူကြပြီးလျှင် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်ကိုမြို့၏ တောင်ဘက်၌ပင် မီးသင်္ဂြိုလ်ကြကုန်အံ့"ဟု ဤသို့ဖြစ်၏

"ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့ . . နတ်တို့၏ အလိုကား ငါတို့သည် မြတ်စွာဘုရား၏ ဥတုဇရုပ် ကလပ်တော်ကို နတ်တို့၏ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့်လည်းကောင်း၊ နတ်ပန်းနံ့သာတို့ဖြင့်လည်းကောင်း

တန့်ဆာဆေးပြုကြ၊ အလေးပြုကြ၊ မြတ်နိုးကြ၊ ပူဇော်ကြလျှက် မြို့၏တပြင် မြောက်ဘက်လမ်းဖြင့် မြို့၏မြောက်အရပ်သို့ဆောင်ယူကြပြီးလျှင် မြောက်ဘက်တံခါးမှ မြို့တွင်းသို့ သွင်းကြလျှက် မြို့လယ်လမ်းအတိုင်း ပင့်ဆောင်ကြကာ အရှေ့တံခါးမှထွက်၍ မြို့၏အရှေ့အရပ် မလ္လမင်းများ၏ မကုဋဗန္ဓနမည်သော စေတီဌာန၌ မြတ်စွာဘုရား၏ ဥတုဓရှုပ်ကလယ်တော်ကို မီးသင်္ဂြိုဟ်ကြကုန်အံ့၊ ဟု ဤသို့ဖြစ်၏" ဟု မိန့်တော်မူလေ၏။

မလ္လမင်းတို့သည်လည်း "အရှင်ဘုရား . . နတ်တို့၏ အလိုအတိုင်းပင် ဖြစ်ပါစေသော"ဟု လျှောက်ထားကြကုန်၏။ ထိုစဉ်အခါ မလ္လမင်းတို့၏ ကုသိနာရုံပြည်ဝယ် တံခါးဝင်းခြံစပ်နှင့် အညစ်အကြေးစွန့်ရာ တံမြက်ချေးစွန့်ရာ အရပ်များပါမကျန် ဒူးနှစ်ဆုံးဖုံးမျှ နတ်ပန်း ထင်ရှားပန်းတို့ဖြင့် ပြည့်နှက်လောက်အောင် ဖြန့်ခင်းထားလျှက်ရှိလေ၏။

ထိုအခါ နတ်တို့သည်လည်းကောင်း၊ ကုသိနာရုံပြည်သား မလ္လမင်းတို့သည်လည်းကောင်း၊ နတ်လူတို့၏ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း တို့ဖြင့်လည်းကောင်း ပူဇော်ကြလျှက် မြို့၏တပြင် မြောက်ဘက်လမ်းဖြင့် မြို့၏ မြောက်အရပ်သို့ ဥတုဓရှုပ်ကလယ်တော်ကို ယူဆောင်ကြပြီးလျှင် မြောက်ဘက်တံခါးမှမြို့တွင်းသို့ သွင်းကြကုန်လျှက် မြို့လယ်လမ်းအတိုင်း ခမ်းနားစွာပင့်ဆောင်ကြလေကုန်၏။

ဥတုဓရှုပ်ကလယ်တော်ကို ဗန္ဓုလစစ်သူကြီးကတော်
မလ္လိကာက မဟာလတာ တန်ဆာဖြင့် ပူဇော်ခြင်း၊

ထိုသို့မြတ်စွာဘုရားရှင်၏ ဥတုဓရှုပ်ကလယ်တော်ကို မြို့လယ်လမ်းအတိုင်း ပင့်ဆောင်အပ်သည်ရှိသော် ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာသည် "မြတ်စွာဘုရား၏ ဥတုဓရှုပ်ကလယ်တော်ကို ပင့်ဆောင်ကြပြီတဲ့"ဟူသော သတင်းစကားကို ကြားသိရ၍ မိမိ၏အရှင် ဗန္ဓုလစစ်သူကြီးကွယ်လွန်သည် အချိန်မှစ၍ မဝတ်မဆင်မသုံးမစွဲပဲ ဘိမ်းဆည်းထားအပ်သော ဝိသာခါ၏ အဆင်တန်ဆာနှင့် အလားတူဖြစ်သည့် မဟာလတာ တန်ဆာကို သိမ်းဆည်းရာမှ ထုတ်ဆောင်ကြပြီးလျှင် "ဤတန်ဆာဖြင့် မြတ်စွာ ဘုရားကို ပူဇော်မေတဲ့" ဟု ကြံရွယ်ကာ မြူမှုန်များကို ပွတ်သုတ်စေ၍ နံ့သာရေဖြင့် ဆေးကြောပြီးလျှင် မိမိ၏အိမ်တံခါးဝက အသင့်ရပ်တည်စောင့်မျှော်နေလေ၏။

ထိုမဟာလတာတန်ဆာကား (၁) ဝိသာခါ၏အထံ (၂) မလ္လိကာ၏အထံ (၃) ဓေဝဒါနိယ မည်သော နိုးဘုန်း၏အိမ်၊ ဤသုံးဌာနတို့၌သာလျှင် ရှိ၏ဟူသတတ်၊ ထိုမဟာလတာ တန်ဆာကိုပင် ယခုခေတ်အခါ၌ မလ္လိကာတန်ဆာဟုခေါ်၏။

မလ္လိကာစစ်သူကြီးကတော်သည် မြတ်စွာဘုရား၏ ဥတုဓရှုပ်ကလယ်တော် မိမိအိမ်တံခါးဝသို့ ရောက်လတ်သည်ရှိသော် မောင်မင်းများတို့ . . မြတ်စွာဘုရား၏ ဥတုဓရှုပ်ကလယ်တော်ကို ခေတ္တခဏချထားပါဦး" ဟု တောင်းပန်ပြောဆို၍ ထိုမဟာလတာ တန်ဆာကို မြတ်စွာဘုရားရှင်၏ ဥတုဓရှုပ်ကလယ်တော်ကို စွပ်ဝတ်လိုက်သော်၏၊ ဦးခေါင်းတော်မှစ၍ စွပ်အပ်ဝတ်အပ်သော မဟာလတာတန်ဆာသည် ခြေဖဝါးတော်တပြင်သို့တိုင် ရောက်လေ၏၊ ရွှေရောင်အဆင်းဝါဝင်းသော မြတ်စွာဘုရား၏ ဥတုဓရှုပ်ကလယ်တော်ကို ရတနာခုနစ်ပါး စီချယ် အပ်သော မဟာလတာတန်ဆာဖြင့် တန်ဆာဆင်အပ်ရကား၊ အလွန်ပင်တင့်တယ်လှ၏၊ ထိုတင့်တယ်ပုံကို မြင်ရ၍

မလ္လိကာသည် သန္ဓါကြည်ညိုစိတ် တနိုင်နိုင်ဖြစ်ရှိလျက် "မြတ်စွာဘုရား. . သံသရာဝဋ်၌ကျင်လည်ရသမျှ ကာလပတ်လုံး တပည့်တော်မ၏ ဖြစ်လေရာ ဘဝရာ သံသရာဘဝကိုယ်စနွာသည် တမြိတစေတေ့ာ်ဆာဆင်ပြီး ဝတ်ပြီးကဲ့သို့သာလျှင် ဖြစ်ရပါလို၏" ဟုဆုတောင်း ပတ္တနာမှုကိုပြုလေ၏၊ မလ္လိကာသည်နောက်တခါ၌ ရတ်ကြေ သေလွန်ပြီးနောက် တာဝတိံသာနတ်ပြည်၌ ဆုတောင်းပြည့်ဝသော နတ်သမီးဖြစ်လေသည်၊ ထိုအကြောင်းအရာ အကျယ်ကို ဝိမာန--ဝတ္ထုဋ္ဌ၊ စာမျက်နှာ ၁၅၀ မှစ၍ ၁-ဂ္ဂါဝွိပိမာန ၃- ပါရိစ္ဆတ္တကာဝဂ်၊ ၈-မလ္လိကာ၏ မာနဝတ္ထုအဖွင့် အဋ္ဌကထာ၌ကြည့်ရှုမှတ်ယူရာ၏၊

ထို့နောက် မလ္လမင်းများသည် မြတ်စွာဘုရားရှင်၏ ရုပ်ကလာပ်တော်ကို မဟာလတာတန်ဆာနှင့် တကွ ချိမကြ၍ ရွှေတံခါးမှထုတ်ဆောင်ကြပြီးလျှင်မြို့၏ အရှေ့မျက်နှာမလ္လမင်းများ၏ မကုဋဗန္ဓနမည်သော စေတီဌာနသို့ မြတ်စွာဘုရားရှင် ရုပ်ကလပ်တော်ကို ချထားကြတုန်၏၊

ဥတုဇရုပ်ကလာပ်တော်၌ ဆောင်ရွက်ကြပုံ

ထိုအခါ မလ္လမင်းတို့သည် အရှင်အာနန္ဒာမထေရ်ကို "အရှင်အာနန္ဒာဘုရား. . တပည့်တော်များသည် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်၌ အဘယ်သို့ ဆောင်ရွက်ကြရပါမည်နည်း" ဟု မေးလျှောက်ကြတုန်၏၊ "ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းတို့. . စကြာဝတေးမင်း၏ ဥတုဇရုပ်ကလပ်၌ စီမံသကဲ့သို့ စီမံဆောင်ရွက် ကပ်ပေ၏" ဟု အရှင်အာနန္ဒာမထေရ်က ပြန်ကြားမိန့်ဆိုတော် မူလေလျှင် မလ္လမင်းတို့သည် တဖန်ဆက်၍ "အရှင်အာနန္ဒာ ဘုရား စကြာဝတေးမင်း၏ ဥတုဇရုပ်ကလပ်၌ အဘယ်သို့ စီမံဆောင်ရွက်ကြပါ ကုန်သနည်း" ဟု မေးမြန်းလျှောက် ထားကြတုန်၏၊

ထိုအခါ အရှင် အာနန္ဒာမထေရ်သည် မလ္လမင်းတို့ကို "ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့. . စကြာဝတေးမင်း၏ ဥတုဇရုပ်ကလပ်ကို အသစ်စက်စက် အဝတ်ဖြင့်ရစ်ပတ်၍ ရကုန်၏၊ အသစ်စက်စက် အဝတ်ဖြင့် ရစ်ပတ်ပြီးလျှင် ဝါဂွမ်းနုဖြင့်ရစ်ပတ်ရပြန်ကုန်၏၊ ဝါဂွမ်းနုဖြင့် ရစ်ပတ်ပြီးလျှင် တဖန်အသစ်စက်စက်အဝတ်ဖြင့် ရစ်ပတ်ရပြန်ကုန်၏၊ ဤနည်းအတိုင်း အဝတ်ငါးရာဖြင့် စကြာဝတေးမင်း၏ ဥတုဇရုပ်ကလပ်ကို ရစ်ပတ်ပြီး လျှင်ဆီနှင့် တကွသော ဆီထည့်ထားသော ရွှေကလား ရွှေခေါင်း၌ထည့်၍ အခြားရွှေကလားဖုံး ရွှေခေါင်းဖုံး ဖြင့် ဖုံးအုပ်ပြီးသော် နံ့သာမျိုးစုံတို့တိုထင်းပုံ ပြု၍ စကြာဝတေးမင်း၏ ဥတုဇရုပ်ကလပ်ကို မီးသဂြိုဟ်ရကုန်၏၊ လမ်းမလေးခု လမ်းလေးခွဆုံရာ၌ စကြာဝတေးမင်း၏ သရီရဓါတ်တော်များကိုစေတီ တည်ထားရကုန်၏၊ ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့. . ဤဆိုအပ်ပြီးသောအတိုင်း စကြာဝတေးမင်း၏ ဥတုဇရုပ်ကလာပ်၌ စီမံ ဆောင်ရွက်ရကုန်၏"

ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့. . စကြာဝတေးမင်း၏ ဥတုဇရုပ်ကလာပ်၌ စီမံဆောင်ရွက်ရသကဲ့သို့ ဝင် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်၌ စီမံဆောင်ရွက်အပ်ပေ၏၊ လမ်းမလေးခု လမ်းလေးခွ ဆုံရာ၌ မြတ်စွာဘုရား၏ သရီရဓါတ်တော်များကို စေတီတော်တည်ထားအပ်ပေ၏၊ ထိုစေတီ၌ အကြင်သူတို့သည် ပန်းကို ဖြစ်စေ၊ နံ့သာကိုဖြစ်စေ၊ နံ့သာမှုန့်ကို ဖြစ်စေ တင်လှူမှုလည်း တင်လှူကုန်ကြအံ့၊ ရှိခိုးမှုလည်း ရှိခိုးကုန်ကြအံ့၊

စိတ်ဖြင့်မှုလည်း သဠါရွှန်းနိ ကြည်ညိုကုန်ခြားတဲ့၊ ထိုအပြုအမူများသည် ရှည်လျားစွာသော ကာလပတ်လုံးစီးပွား ချမ်းသာအလို့ငှာ ဖြစ်ပေလိမ့်မည်" ဟု နောက်မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့သည့်အတိုင်း ပြန်ကြား မိန့်ဆိုတော်မူလေ၏။

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းများသည် "အချင်းတို့.. ထိုသို့ဖြစ်လျှင် မလ္လမင်းတို့၏ ဝါဂွမ်းနမျှားကို စုဆောင်းခဲ့ကြကုန်လော့"ဟု မင်းချင်းယောက်ျားတို့ကို အမိန့်ပေးစကား ပြောကြားကြလေကုန်၏။

ထို့နောက် မလ္လမင်းတို့သည် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို အရှင်အာနန္ဒာပြန်ကြားမိန့် ဆိုတော် မူသည့်အတိုင်း၊ အသစ်စက်စက်အဝတ်ဖြင့် ရစ်ပတ်ပြီးလျှင် ဝါဂွမ်းနဖြင့် ရစ်ပတ်ပြန်ကုန်၏၊ ဤနည်း အတိုင်း အဝတ်စုံငါးရာတို့ဖြင့် မြတ်စွာဘုရားရှင်၏ ဥတုဇရုပ်ကလပ်တော်ကို ရစ်ပတ်ကြပြီးလျှင် ဆီနှင့်တကွသော ဆီထည့်ထားသော ရွှေတလားရွှေခေါင်း၌ ထည့်သွင်းကြ၍ ရွှေတလားအဖုံး ရွှေခေါင်းအဖုံးဖြင့်ဖုံးအုပ်ပြီးသော နံ့သာမျိုးစုံတို့ကို ထင်းပုံပြု၍ မြတ်စွာဘုရားရှင်၏ ဥတုဇရုပ်ကလပ်တော်ကို ထိုထင်းပုံထက်၌ တင်ထားကြလေကုန်၏။

မဟာကဿပမထေရ်ဝတ္ထု

ထိုစဉ်အခါ အရှင်မဟာကဿပမထေရ်မြတ်သည် ပါဝါပြည်တွင်း၌ ဆွမ်းခံလှည့်လည်တော်မူပြီးသော် "ကုသိနာရုံပြည်သို့ ရဟန်းတို့နှင့်အတူတကွ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာတော်မူလျှက်ရှိ၏၊ ထိုအခါ ရှင်မဟာကဿပမထေရ်သည် ခရီးမှဖဲ့ခဲ့၍ တခုသော သစ်ပင်ရင်း၌ ရဟန်းတို့နှင့် အတူတကွ ထိုင်နေတော် မူလေ၏။"

ဤ၌ နေသန့်ရန် ထိုင်နေခြင်းမဟုတ်၊ အပန်းဖြေရန် ထိုင်နေခြင်းဖြစ်သည်ကို အထူးမှတ်ယူရာ၏၊ ရှဲ့ဦးအံ့ မထေရ်မြတ်၏ပရိတ်သတ် ရဟန်းအားလုံးပင် ဘုန်းကြီးသူချမ်းသာစွာ ကြီးပွားခဲ့ရသူများဖြစ် ကြလေသည်၊ ထိုရဟန်းတို့သည် မွန်းတည့်နိုန်ရှိန် နေ့အချိန်၌ လောလောပူသည့် ကျောက်ဖြာအတူ အလွန်ပူပြင်းလှသော မြေအပြင်ဝယ် ခြေလျှင်ကြွလာကြရကုန်သဖြင့် အလွန်လျှင်ဝင်ပန်းလျှက် ရှိကုန်၏။

အရှင်မဟာကဿပမထေရ်မြတ်သည် ထိုရဟန်းတို့ အလွန်ပင်ပန်းကြသည်ကို မြင်တော်မူ၍ ရဟန်းတို့ သည် ဝင်ပန်းကြလှ၏၊ သွားရမည့်ခရီးသည်လည်း အဝေးကြီးမဟုတ်တော့ချေ၊ အတန်ငယ်အပန်းဖြေ အပူအအိုက် ကို ငြိမ်းစေးစေပြီး ညနေချမ်းအချိန်ကြမှ ကုသိနာရုံပြည်သို့ အရောက်သွားကာ မြတ်စွာဘုရားရှင်ကို ဖူးမျှော် တော့မည်ဟု ကြံစည်တော်မူကာ ခရီးမှဖဲ့၍ တစ်ခုသော သစ်ပင်ရင်း၌ သင်္ကန်းကြီးကို ခင်းပြီးလျှင် ရေဗူးမှရေဖြင့် လက်ခြေတို့ကိုဆွတ်ဖြန်း အေးချမ်းစေပြီး ခေတ္တအပန်းဖြေ နားနေတော်မူလေသည်၊ ပရိသတ် ရဟန်းတို့သည်လည်း သစ်ပင်ရင်း၌ ထိုင်နေကြကာ ကမ္မဋ္ဌာန်းနှလုံးကျင့်သုံးကြလျှက် အချို့က ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးစကားတို ပြောကြားကြကာ ထိုင်နေလျှက် ရှိကြကုန်၏။

ထိုအချိန်၌ ကတ္တဋ္ဌာန်းတစ်ယောက်သည် ကုသိနာရုံပြည်မှ မန္ဒာရနတ်ပန်းပွင့်ကြီးတစ်ခုကို တန်းငှား တပ်ပြီးလျှင် ထီးကဲ့သို့ ဆောင်းမိုးယူဆောင်ကာ ပါဝါပြည်ဘက်သို့ လာလျှက်ရှိ၏၊ ရှင်မဟာကဿပမထေရ်သည် ထိုတတ္တဋ္ဌာန်း လာနေသည်ကို အဝေးမှပင် မြင်တော်မူ၍ "တတ္တဋ္ဌာန်း၏ လက်တွင်း၌ဤမန္ဒာရဝ နတ်ပန်းပွင့်ကြီးကို

လင်းလင်းထင်ထင် မြင်၍နေရ၏၊ ဤမနုဿရဝ နတ်ပန်းမည်သည် လူပြည်မရိုး၌ အခါခပ်သိမ်းမြင်ရသည် မဟုတ်ချေ၊ စင်စစ်သော်ကား၊ တန်ခိုးရှင်တဦးဦးက တန်ခိုးပြအံ့စီအရင် ပြုသောအခါမျိုး၊ ဘုရားအလောင်းမတော်များ မယ်တော်ဝမ်းသို့ သက်သောအခါမျိုး ပဋိသန္ဓေနေသောအခါမျိုး စသည်တို့၌သာ ထင်ရှား ဖြစ်ပေါ်မြဲ ဖြစ်လေသည်၊ ယနေ့ကား၊ တန်ခိုးရှင် တစ်ဦးတစ်ယောက်မျှ တန်ခိုးအစီအရင်ကို ပြုအပ်သည်လည်းမဟုတ်၊ ငါ၏ဆရာ မြတ်စွာ ဘုရားသည် မယ်တော်ဝမ်းသို့ သက်တော်မူသည်လည်း မဟုတ်၊ မယ်တော်၏ဝမ်းမှ ဖွားမြောက်တော်မူသည် လည်းမဟုတ်၊ ယနေ့ ငါ့ဆရာ မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူခြင်းလည်း ဖြစ်သည်မဟုတ်၊ မွေတြောတရားဦး၊ ဟောကြားတော်မူခြင်း၊ ယမိုက် ပြာဋိဟာ ပြတော်မူခြင်း၊ တာဝတိံသာနတ်ပြည်မှ သက်ဆင်း တော်မူခြင်း၊ အာယုသင်္ခါရကို လွှတ်တော်မူခြင်းများလည်း ဖြစ်သည်မဟုတ်၊ စင်စစ်သော်ကား ငါ၏ဆရာ မြတ်စွာဘုရားသည် အသက်အရွယ်တော် ကြီးရင့်ခဲ့လေပြီ ဧကန်ပင် ပရိနိဗ္ဗာန်စံတော်မူပြီး ဖြစ်လိမ့်မည်" ဟု ကြံစည်တော်မူပြီးနောက် ထိုတက္ကတွန်းကို မေးဦးမှပဲဟု စိတ်တော်ဖြစ်ရှိတာ -

"အကယ်၍ ထိုင်နေရင်းကပင် မေးခဲ့လျှင် ငါ့ဆရာဘုရား၏ ပေါ်၌ မရှိမသေပြုရာ ရောက်ချေ တော့မည်" ဟု စဉ်းစားတော်မူမိ၍ နေရာမှထကာ တည်နေရင်းအရပ်မှ အနည်းငယ်ဖဲလတ်၍ ဆဒ္ဒါန်ဆင်မင်းသည် ပဒ္မမြား ဦးခေါက်ကို ဆင်မှုတ်ချျသည့်အလား မြတ်စွာဘုရားရှင် လဲလှယ်ပေးအပ်သည့် မိုးတိမ်ညိုအဆင်းရှိသော ပံ့သကူ သင်္ကန်းကို မြှုရုံတော်မူ၍ လက်သဲဆယ်ပွင့်ဖြင့် တင့်တယ်တောက်ပသော လက်အုပ်ကို ဦးထိပ်တင်ထားပြီးလျှင် ဘုရားရှင်၌ ပြုအပ်သော ရိုသေခြင်းဖြင့် တက္ကတွန်းဘက်သို့ မျက်နှာတော်မူကာ "ငါ့ရှင်. . ငါတို့ဆရာ မြတ်စွာဘုရား ကို သင်သိပါသလော" ဟု မေးတော်မူလေ၏။

ထိုသို့ အရှင်မဟာမဿပမထေရ်မြတ်က မေးမြန်းတော်မူလိုက်သောအခါ တက္ကတွန်းသည် "ငါ့ရှင် ထိမ်း. . သိပါ၏၊ ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုသည်မှ ယနေ့ ခုနစ်ရက်ရှိခဲ့ပြီ၊ ထိုပရိနိဗ္ဗာန်ပြုရာ အရပ်မှ ဤမန္ဒာရဝ နတ်ပန်းကို ငါယူလာခဲ့ပါသည်" ဟု ပြန်ကြား ပြောဆိုလေ၏။

ထိုအခါ အရှင်မဟာကဿပမထေရ်၏ နောက်ပါရဟန်း ငါးရာတို့တွင် ရာဂမကင်းသေးသော အချို့ ရဟန်းတို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီတကား၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့ လေပြီတကား၊ သတ္တလောက၏ မျက်စိသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် လောကမှကွယ်ခြင်းမလှကွယ် ပျောက်တော်မူခဲ့လေပြီတကား" ဟု ပြောဆိုကြကာ လက်မောင်းတို့ကိုမြှောက်၍ ငိုကြွေးကြကုန်၏၊ ကမ်းပါးပြတ်၍ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေ့ရှုလူးလိမ့် ထိုထိုဤဤ လူးလိမ့်ကြကုန်၏။

ကာမရာဂကင်းပြီးသော ရဟန်းတို့သည်ကား၊ "ပြုပြင်မရသော သင်္ခါရတရားတို့သည် မမြဲသော သဘောရှိ ကုန်၏၊ ဤပြုပြင်မရသောအခါ သင်္ခါရတရားထဲ၌ ထိုမြဲမှုသဘောကို အဘယ်မှာရနိုင်အံ့ပါနည်း- မရနိုင်သည်သာ တည်း၊ဟု ဆောက်မေ့ဆင်ခြင်ကြလျှက် သည်းခံနိုင်ကုန်၏။

## သုဘဒ္ဒတောထွက်ရဟန်းကြီး

ထိုစဉ်အခါ သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးသည် ထိုရဟန်းငါးရာ ပရိတ်သတ်၌ ပါဝင်လျှက်ရှိ၏၊ ရဟန်းတော်များ ဆောက်တည်ရာမရ ငိုကြွေးကြသောအခါ ထိုသုဘဒ္ဒတောထွက် ရဟန်းကြီးသည် ရဟန်းတို့ကို

"ငါ့ရှင်တို့ . . တန်ကြလော့၊ မစိုးရိမ် မပူဆွေး မငိုကြွေးကြလင့်။ ယခုအခါ ငါတို့သည် ရဟန်းကြီးမှ ကောင်းကောင်းကြီး လွှန်မြောက်ကြကုန်ပြီ၊ ထိုရဟန်းကြီးသည် ငါတို့ကို- ဤအရာသည် သင့်တို့အဖို့အပ်စပ်၏၊ ဤအရာသည် သင်တို့အဖို့ မအပ်စပ်ဟု ချုပ်ချယ်ခဲ့၏၊ ယခုအခါ၌ကား ငါတို့သည် အလိုရှိအပ်သောအရာကိုပြုကြရကုန်တော့အံ့၊ အလိုမရှိအပ်သောအရာကို မပြုပဲနေနိုင်ကြရကုန်တော့အံ့" ဟု နှိုင်းပြရင့်သီးသော စကားကို ပြောကြားလေ၏။

## သုဘဒ္ဒတောထွက် ရဟန်းကြီးအကြောင်း

ဤအရာ၌- "သုဘဒ္ဒရဟန်းကြီးသည် အဘယ်ကြောင့် ဤသို့ နှိုင်းပြ ရင့်သီးသောစကားကို ပြောကြားဘိသနည်း"ဟု မေးဖွယ်ရှိ၏၊ မြတ်စွာဘုရားရှင်အပေါ်၌ ရန်ငြိုး - အာဃာတ ထားရှိသောကြောင့် ဤသို့ နှိုင်းပြ ရင့်သီးသော စကားကို ပြောကြားဘိ၏၊ ဤကားအဖြေအကျဉ်းတည်း -

ချဲ့ဦးအံ့- တချိန်က လူဖြစ်စဉ်ဝယ် ဆတ္တာသည် ဖြစ်ခဲ့ဖူးသော ထိုသုဘဒ္ဒတောထွက် ရဟန်းကြီးသည် သာလာသောစကား ဆန်းကြယ်သော အတတ်ရှိ၍ မိမိတို့ဆရာအတတ်ဖြစ်သော ဆတ္တာသည် အမှု၌ကျွမ်းကျင်လိမ္မာကြသည့်သား သာမဏေငယ်နှစ်ပါးနှင့်အတူတကွ အာတုမမြို့၌နေထိုင်ဆဲရှိလေ၏။ မြတ်စွာဘုရား ရှင်သည် ရဟန်းတော်ပေါင်း တထောင့်နှစ်ရာငါးကျိပ်တို့နှင့် အတူတကွ ကုသိနာရုံပြည်မှ အာတုမမြို့သို့ ကြွလာတော်မူသည်တွင် ထိုသုဘဒ္ဒ တောထွက်ရဟန်းကြီးသည် ဘုရားရှင်ကြွလာသောကြောင့် သိတင်းစကား ကြားသိရ၍ မြတ်စွာဘုရား အာတုမမြို့သို့ ရောက်လျှင် ယာဂုအလှူဒါနကြီးကို ပေးလှူအံ့ဟုကြံစည်ကာ သာမဏေငယ်နှစ်ပါးတို့ကို "ချစ်သားတို့ . . . မြတ်စွာဘုရားသည် ရဟန်းတော်ပေါင်း တစ်ထောင့်နှစ်ရာငါးကျိပ်နှင့် အတူအကွ အာတုမမြို့သို့ကြွလာတော်မူသတဲ့၊ ချစ်သားတို့ သွားကြကုန်လော့၊ သင်မုန်းအိတ်ကို ယူဆောင်ကြ၍ ခွက်ဖြင့်လည်းကောင်း၊ အိတ်ဖြင့်လည်းကောင်း၊ အိမ်တိုင်းအိမ်တိုင်း လှည့်လည်ကုန်လော့၊ ဆား - ဆီ - ဆန် - ခဲဖွယ်များတို့ ရသမျှစုရုံးယူဆောင်ခဲ့ကြကုန်လော့၊ မြတ်စွာဘုရားရောက်ရှိတော်မူလာလျှင် ယာဂုဆွမ်းအလှူဒါနကြီး ပေးလှူကုန်အံ့" ဟုပြောဆိုစေလွှတ်လိုက်လေသည်၊

သားသာမဏေငယ်တို့သည် ဖခင်တောထွက်ရဟန်းကြီး ပြောဆိုတိုင်း ပြုလုပ်ကြလေကုန်၏၊ မြို့သူမြို့သားလူအများတို့သည် အသံသာယာ ပညာဆန်းကြယ်သော ထိုသာမဏေငယ်နှစ်ပါးတို့ကို တွေ့မြင်ကြရ၍ ဆံမုတ်ဆိတ်တိုပါယ်ရိတ် ပြုပြင်လိုကြသူအားလုံးသည်ပင် အမြဲအမြင်ခိုင်းကြလေသည်။ ပြုပြင်ပြီးသောအခါ -

"ချစ်သားတို့ . . အဘယ်အရာဝတ္ထုကို ယူကြမည်နည်း" ဟု လူအများကမေးကြလေသော် ထိုသာမဏေငယ်နှစ်ပါးတို့သည် "ငါတို့အဖို့ရာ အခြားတစုံတရာသော ဝတ္ထုကိုမျှ အလိုမရှိပါ၊ စင်စစ်သော်ကား ငါတို့ဖခင်ရဟန်းကြီးသည် မြတ်စွာဘုရား[ ]လာသောအခါ ယာဂုအလှူပေးလှူလိုပါသည်" ဟု ပြောဆိုကြလေ၏။

ထိုစကားကို ကြားရ၍ လူတို့သည် တန်ရာတန်ကြေးကို မရေတွက်ကြပဲ ထိုသာမဏေငယ်များယူနိုင် သလောက်အားလုံးကို ပေးကြသည့်အပြင် သာမဏေငယ်များ မသယ်ယူနိုင်သည့် ဆန်၊ ဆီ၊ ဆား၊ ခဲဖွယ်များ ကိုလည်း မိမိတို့တိမ်မှ အစေအပါးလူများကို လိုက်ပါပို့စေကြကုန်၏။

ထို့နောက် မြတ်စွာဘုရားရှင် အာတုမမြို့သို့ရောက်၍ ကောက်မိုးအုံကျောင်းသို့ ဝင်တော်မူလေလျှင် သုဘဒ္ဒ တောထွက်ရဟန်းကြီးသည် ညနေချမ်းအခါ ရွာတံခါးသို့ သွားရောက်၍ လူများကို "ဒကာတို့ . ငါသည်သင်တို့ထံမှ အခြား တစ်စုံတစ်ရာကိုမျှ မတောင့်တပါ၊ ငါ့သားငယ်များ ယူဆောင်လာသည့် ဆန်၊ ဆီ၊ ဆား ခဲဖွယ်များသည် ဝင်သံဃာတော်အတွက် လောက်လောက်ငငရှိပါသည် ဒကာတို့တား၍အား လက်မှု အကူအညီကိုသာပေးကြပါ လော့ဟု ပြောဆိုခေါ်ဝင်ခဲ့၍ ဤဝတ္ထုများကိုလည်း ယူခဲ့ကြလော့"ဟု ခပ်သိမ်းသော တိုး၊ ခွက်၊ ယောက်မနှံလောက် စသော အဆောက်အဦးများကို ယူခဲ့စေပြီးလျှင် မိမိ၏ ကျောင်းတိုက်အတွင်း၌ ခုံလောက်တို့ကို တည်ထားစေတော သက်န်း အညိုတစ်ထည်ကိုဝတ်၍ အခြားသက်န်းအညို တစ်ထည်ကိုရုံကာ -

"ဤအမှုကို ပြုကြလော့၊ ဤအမှုကို ပြုကြလော့" ဟု တညဥ့်လုံးလုံး ကိုယ်တိုင်ကြပ်မတ် စီမံလျှက်အသမြာ တသိန်းတန်စွန့်လွှတ်ကာ ထပ်ထပ်သောယာဂု ဘောဇ္ဇယာဂုနှင့် များမုန့်ဆုတ်တို့ကို များစွာစီမံစေလေ၏၊ ဘောဇ္ဇ ယာဂု ထပ်ထပ်သောယာဂုဟူသည်မှာ- ရှေ့ဦးစွာဝါး၍စားပြီးမှ သောက်အပ်သော ယာဂုအဖျော်မျိုးဖြစ်သည်၊ ထိုယာဂုကို ထောပတ်၊ ပျား၊ တင်လဲ၊ ငါး၊ အမဲ၊ ပန်းပွင့်ရည်၊ သစ်သီးရည်စသည့် ခဲဖွယ်မျိုးစုံကို ထည့်သွင်းကျိုချက် အပ်လေသည်၊ မြူးတူးပျော်ရွှင်လိုသူတို့အဖို့ရာ ခေါင်းလိမ်းဆီဖြစ်တဲ့သို့ ဦးခေါင်းကိုလည်း လိမ်းကြနိုင်၍ မွှေးကြိုင်သော ရနံ့ရှိလေသည်။

ထိုအခါ မြတ်စွာဘုရားသည် စောစောထ၍ ကိုယ်လက်သုတ်သင်မှု ပြုတော်မူပြီးလျှင် ရဟန်းအပေါင်း ခြံရံလျှက် ဆွမ်းခံလှည့်လည်တော်မူရန် အာတုမမြို့သို့ ရှေ့ရှုကြွချီတော်မူလာလေ၏။ လူအပေါင်းတို့သည် သုဘဒ္ဒ တောထွက် ရဟန်းကြီးအား မြတ်စွာဘုရားရှင် ဆွမ်းခံကြွဝင်တော်မူလာ၏၊

"အရှင်ဘုရားသည် အဘယ်သူအတွက် ယာဂုကို စီရင်အပ်သနည်း" ဟုပြောကြားကြလေ၏။

သုဘဒ္ဒတောထွက် ရဟန်းကြီးသည် မိမိဝတ်ရုံမြဲတိုင်းသော သင်္ကန်းညိုကြီးများဖြင့် လက်တဖက်က ယောက်မ၊ ယောက်ချိုများကိုစွဲကိုင်ကာ ဗြဟ္မာထိုင်ထိုင်လျှက် လက်ျာဒူးခေါင်းကိုမြေ၌ချထားကာ ထိုင်လျှက် မြတ်စွာ ဘုရားကို ရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား . ရှင်ပင်ဘုရားသည် တပည့်တော်၏ ဘောဇ္ဇယာဂု ဆွမ်းကို အလှူခံတော်မူပါဘုရား"ဟု လျှောက်ထားပင့်ဖိတ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဝိနည်းမဟာဝါ၊ ၆ ဘေသဇ္ဇက္ခန္ဓက ပိဋကတ် မြန်မာပြန်၊ မျက်နှာ ၃၅၂၌ လာရှိသော အတိုင်း အကြောင်းအရာကို မေးမြန်းကြားသိတော်မူ၍ ထိုတောထွက်ရဟန်းကို အကြောင်းပေါင်း များစွာတို့ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူပြီးလျှင် ထိုအကြောင်းဝတ္ထု၌ (၁) အကပ္ပိယသမာဒါနသိက္ခာပုဒ် မအပ်စပ်သော အရာ၌ ဆောက်တည်စေသော ရဟန်းပြုလုပ်စေသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်အပ်သော သိက္ခာပုဒ် (၂) ခုရာဘဏ္ဍပရိဟရဏသိက္ခာပုဒ်- သင်ခုန်း အိပ်ကိုဆောင်ယူသော ဆတ္တာသည် ဖြစ်ဘူးသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်အပ်သော သိက္ခာပုဒ် ဤသိက္ခာပုဒ်နှစ်ပါးတို့ကို ပညတ်တော်မူပြီးလျှင်

"ရဟန်းတို့ . . ကမ္ဘာတုငွေဝေါင်းများစွာသော ကာလတို့ပါတ်လုံး အစာအဟာရအောင်ဖင်ကို . ရှာမှီးတုန်လှုတ်သော သင်ချစ်သားတို့သည် အချိန်ကို ကုန်လွန်စေခဲ့ကြကုန်၏၊ ယခု သုဘဒ္ဒတောထွက် ရဟန်းကြီးလှူဒါန်းသည့် ယာဂုဆွမ်းကား ချစ်သားတို့အဖို့ရာ လုံးဝမအပ်စပ်သည့် မတရားသဖြင့်ဖြစ်သော ဘောဇဉ်ဖြစ်ချေသည်၊ ဤဘောဇဉ်ကိုစားသုံးသူတို့ အဖို့ရာကို အဖြစ်ထောင်ပေါင်းများစွာ အပါယ်လေးပါးတို့၌ ဖြစ်ကြရလိမ့်မည်၊ ချစ်သားတို့ . . ဖယ်ရှားကြလော့ မခံယူကြကုန်လင့်" ဟု မိန့်တော်မူပြီးလျှင် ဆွမ်းခံတော်မူပြီးလျှင် ဆွမ်းခံရာသို့ ရှေးရှုကြွသွားတော်မူလေ၏၊ ရဟန်းတပါးတမျှ ထိုသုဘဒ္ဒတောထွက်ရဟန်းကြီး၏ ယာဂုဆွမ်း အနည်းငယ်မျှကိုပင် ဦးသော်လည်း မခံယူအပ်တော့ချေ၊

သို့ရကား ရဟန်းကြီးသုဘဒ္ဒသည် နှလုံးမသာမယာဖြစ်ရှိကာ "ဤရဟန်းကြီးသည် အလုံးစုံကိုငါသိ၏ ဟု ပြောဆိုလှည့်လည်၏၊ အကယ်၍ခံယူလိုလျှင် တဦးတယောက်ကိုစေလွှတ်၍ ပြောကြားသင့်၏၊ ဤယခု ကျိုချက်ပြီးသော အစာအဟာရမည်သည် အကြာဆုံးခံလှမှ ခုနစ်ရက်မျှသာ ခံနိုင်လေရာ ထားနိုင်လေရာ၏၊ ဤယခု ကျိုချက်ပြီးသော အစာအဟာရတို့သည် အစိမ်းလိုက်ထားရှိလျှင် ငါ့အဖို့ရာ တသက်ပါတ်လုံး • စားသောက်နိုင်လေရာ၏၊ ယခုမူ အလုံးစုံကို ရဟန်းကြီးသည် ဖျတ်ဆီးအပ်လေပြီ၊ ဤ ရဟန်းကြီးသည် ငါ့အပေါ်မှာ အကျိုးမဲ့ကိုလိုလားသူ • ရန်သူ ဖြစ်ချေသည်" ဟုကြံစည်အောက်မေ့ပြီးလျှင် မြတ်စွာဘုရားရှင်အပေါ်၌ ရန်ငြိုးဖွဲ့၍

"ဤရဟန်းကြီးကား မြင့်မြတ်သော သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် အထွတ်တန်းစား ပုဂ္ဂိုလ် တစ်ပါးဖြစ်သည်၊ တစုံတရာ ငါပြောလျှင်ငါ့ကိုသာ ဖြိမ်းခြောက်ပေလိမ့်မည်" ဟု ကြံစည်တွေးတောပြီးလျှင် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလ၌တစုံတရာမျှ မပြောဆိုဝံ့ခဲ့ချေ၊

ထိုသုဘဒ္ဒရဟန်းကြီးသည် ယနေ့သော်ကား "မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီ" ဟူသော သတင်း စကားကို ကြားရ၍ သတ်သာရာရခဲ့သကဲ့သို့ ဖြစ်ရှိကာ လွန်စွာဝမ်းမြောက်လျှက် ဤကဲ့သို့ပြောဆိုလေသည်၊

## အရှင်မဟာကဿပ၏ စိတ်အကြံတော်

အရှင်မဟာကဿပမထေရ်သည် ထိုသုဘဒ္ဒရဟန်းကြီး၏ ရင့်သီးရိုင်းပြသောစကားကို ကြားရလျှင် နှလုံးသား၌ ရိုက်ပုတ်လိုက်သကဲ့သို့လည်းကောင်း၊ ဦးထိပ်ထက်၌ စက်မိုးကြိုး ကျရောက်သကဲ့သို့လည်းကောင်း အောက်မေ့တော်မူလေ၏၊ မထေရ်မြတ်၏ စိတ်သန္တာန်ဝယ် ဩ . . မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်မှာ ခုနစ်ရက်မျှသာ ရှိသေးသည်၊ ယနေ့ပင်လည်း ထိုမြတ်စွာဘုရား၏ ရွှေရောင်အဆင်း ဝါဝင်းသော သရီရခါတ် ဥတုစရှိုကလပ်တော်ကြီး အထင်အရှား ရှိနေပေသေးသည်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပင်ပန်းဆင်းရဲ ငြိုငြင်စွာ တည်ထောင်အပ်သည့် သာသနာတော်မြတ်ကြီး သို့တယောက်စဉ် လျှင်မြန်စွာ ရဟန်းယုတ်တည်းဟူသော အမှိုက်သရိုက် စူးငြောင့်ခလုတ်များ ထင်ရှားဖြစ်ပေါ်အံ၏၊ ဤရဟန်းယုတ်ကြီးကား မဟာနတ်ကားသဖြင့် ကြီးပွား၍ များလာခဲ့လျှင်လူကဲ့သို့ပင် အခြားတပါးသော ရဟန်းယုတ် အပင်းအသင်း အပေါင်းအပေါင်းတို့ကို ရရှိ၍ သာသနာ တော်ကို ဆုတ်နှစ်စေနိုင်သည်ဟု ဆင်ခြင်တော်မူကာ ဓမ္မသံဝေဂ တရားသံဝေဂကြီးစွာ ဖြစ်လေ၏၊

ထို့နောက် မထေရ်မြတ်၏သန္တာန်ဝယ် ဤဆိုလတ္တံ့သော အတိုင်းမေ့သယာ ရတနာတင်ဖို့ရန် အကြံအစည် များ ဆက်လက်ဖြစ်ပွားလာလေသည်။ ဖြစ်ပွားပုံမှာ "အကယ်၍ ငါသည် ဤသက်ကြီးတောထွက် ရဟန်းတိုကြီးကို ဤအရပ်၌ပင် ပုဆိုးကြမ်းကို ဝတ်စေကာ မြာဖြင့် ကြိုဖြန့်၍ နှင်ထုတ်လိုက်မည်ဆိုပါက များစွာသော လူအပေါင်း တို့သည် ရဟန်းဂေါတမ၏ ဥတုစရွှိကလပ် ထင်ရှားရှိနေစဉ်ပင် သူ့တပည့်များ အငြင်းပွားကုန်ကြပြီဟု ငါတို့ အပေါ်၌ အပြစ်တင် ပြောဆိုကြလိမ့်မည် ငါကား စောင့်ထိန်းသည်။ မိဦးမည်။"

မှန်၏- မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်များသည် မကုံးမသီအပ်သေးသည့် ပန်းပုံကြီးသဖွယ် ဖြစ်ရှိနေပေသေးသည်၊ ထိုတရား ပန်းကုံးကြီးဝယ် လေတိုက်ခတ်အပ်သည့် မကုံးမသီရသေးသော ပန်းများသည် ကစဉ့်ကလျား လွင့်ပါးသွားနိုင်ကုန်သကဲ့သို့ ထို့အတူပင် ဤသုတအွရဟန်းကြီးကဲ့သို့သော ပုဂ္ဂိုလ်ယုတ် တို့၏ စွမ်းအားဖြင့် အချိန်အခါလွန်၍လွန်၍ သွားခဲ့လျှင် ဝိနည်းပိဋကတ်တော်၌ သိက္ခာပုဒ် တစ်ခု၊ နှစ်ခု ပျောက်ပျက်ကုန်လိမ့်မည်၊ သုတ်တန်ပိဋကတ်တော်၌ အမေးအဖြေ တစ်ခုနှစ်ခု ပျောက်ပျက်ကုန်လိမ့်မည်၊ အဘိဓမ္မာပိဋကတ်တော်၌ ကာမဝစရတရား၊ ရူပါဝစရတရား၊ အရူပါဝစရတရား၊ လောကုတ္တရာ တရားတည်း ဟူသော တရားထူးများတစ်ပါးစ နှစ်ပါးစ ပျောက်ပျက်ကုန်ကြလိမ့်မည်၊ ဤနည်းဖြင့် အစဉ်အတိုင်း သာသနာတော် ၏ အရင်းအမြစ်ဖြစ်သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကတ်တော်များ ပျောက်ပျက်ကုန်လျှင် လောကဥပမာ အားဖြင့် သစ်ပင်၌ စိုးအုပ်မှီတွယ်နေသော မြေဘုတ်ဘီလူးသည် ထိုသစ်ပင်၏ အကိုင်းအခက်များ ပျောက်ပျက်လျှင် ပင်စည်ကိုမှီ၍ နေနိုင်သေး၏၊ ပင်စည်ပျောက်ပျက်လျှင် အမြစ်ကိုတွယ်၍ နေနိုင်သေး၏။ အမြစ် ပျောက်ပျက်လျှင် ကား လုံးဝမှီရာမရှိတော့သကဲ့သို့ ထို့အတူ ငါတို့သည်လည်း မှီရာကင်းမဲ့သူများ ဖြစ်ကြရပေတော့မည်၊ တနည်း- ဖခင်ဖြစ်သော မြေဖုတ်ဘီလူးသည် မိမိ၏သားဝယ်ဖြစ်သော မြေဖုတ်ဘီလူးအား ကိုယ်ပျောက်ဆေးမြစ် တစ်ခုခုကို ပေးအပ်ထားလေရာ ထိုကိုယ်ပျောက်ဆေးမြစ် သတိလစ်၍ ဖြစ်စေ၊ အလုအယက်ခံရ၍ဖြစ်စေ ပျောက်ပျက်သော မြေဘုတ်ဘီလူးငယ်သည် ဆောက်တည်ရာမရနိုင်သကဲ့သို့ ထို့အတူပင် ပိဋကတ်တော်များ ပျောက်ပျက်ကုန်လျှင် ငါတို့သည်လည်း ဆောက်တည်ရာမရ ဖြစ်ကြရပေတော့မည်၊ သို့ရကား ငါတို့သည် ဓမ္မဝိနယသံဂါယနာကို တင်ကြမည်၊ ဤသို့ သံဂါယနာတင်လျှင် ပန်းသီကြိုးဖြင့် ကောင်းစွာ သီကုန်းအပ်သည့် ပန်းများပမာ ဤဓမ္မဝိနယ သာသနာသည် မတုန်မလှုပ် မယိမ်းမယိုင် ကြံ့ခိုင်ပေလိမ့်မည်။"

ဤသို့ ဓမ္မဝိနယသံဃာယနာ တင်ဖို့ရန်ပင် မြတ်စွာဘုရားသည် ငါ့အားသုံးဂါဝုတ်သို့တိုင်တိုင် ကြွရောက်ကာ ခရီးဦးကြိုဆိုမှု ပြုတော်မူခဲ့လေသည်၊ အဆုံးအမ ဩဝါဒသုံးကော်ဖြင့် ရဟန်းပဥ္စင်းအဖြစ်ကို ပေးတော်မူခဲ့လေသည်၊ ကိုယ်တော်မြတ် ဝတ်ရုံနေဆဲသင်္ကန်းကို စွန့်တော်မူ၍ ငါ၏ကိုယ်၌ ဝတ်ရုံနေဆဲသင်္ကန်းနှင့် သင်္ကန်းချင်းလဲလှယ်မှု ပြုတော်မူခဲ့လေသည်၊ ကောင်းကင်၌ လက်တော်ကို လှုပ်ပြ၍ စန္ဒာပမာအကျင့်ပဋိပတ်ကို ဟောတော်မူရာမှာလည်း ငါ့ကိုယ်တော်မျက်မှောက် သက်သေပြုကာ ဟောကြားမတော်မူခဲ့လေသည်၊ ငါ့အား သုံးကြိမ်တိုင်တိုင် အလုံးစုံသော သာသနာ့အမွေကို အပ်နှင်းတော်မူခဲ့လေသည်၊ ကဿပသံယုတ်လာဩဝါဒ သုံးသုတ်ကို ရည်ညွှန်းသည်။

ငါသို့စင် ဘုရားရှင်သား ရဟန်းတပါး ထင်ရှားရှိနေစဉ် ဤသူယုတ်မာသည် သာသနာ၌ကြီးပွားခြင်းကို မရစေလင့် မတရားမထွန်းတားသေးမီ၊ ဓမ္မကို မတားမြစ်အပ်သေးမီ၊ ဘုရားရှင်အဆုံးအမ မဟုတ်သောအရာများ

မထွန်းကားသေးမီ၊ ဘုရားရှင်အဆုံးအမ တရားတော်များ မတည်မြစ်တင်သေးမီ၊ မတရားပြောကြားသူတို့အား မရှိသေးမီ၊ အဆုံးအမ မဟုတ်သောတရားများ ပြောကြားသူတို့အား မရှိကြသေးမီ၊ ဘုရားရှင်တို့အဆုံးအမ မဟုတ်သောတရားများ မထွန်းကားသေးမီ။ ဘုရားရှင် အဆုံးအမတရားတော်များ မတည်မြစ်တင်သေးမီ။ မတရားပြောကြားသူတို့ အားမရှိသေးမီ၊ တရားသည်ကို ပြောကြားသူတို့အားမနှဲ့သေးမီ၊ ဘုရားရှင်၏အဆုံးအမ မဟုတ်သောတရားများ ပြောကြားသူတို့အား မရှိသေးမီ၊ ဘုရားရှင် အဆုံးအမတရားတော်ကို ပြောဆိုဟောကြားလေ့ ရှိသူတို့အား မနှဲ့ကြသေးမီ၊ ငါသည် သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတော်များကို သံဃာယနာတင်ပေအံ့။

ထိုသို့သံဃာယနာတင်သည်ရှိသော် ရဟန်းတို့သည် မိမိတို့စွမ်းနိုင်သလောက် တတ်နိုင်သလောက် ဉာဏ်ငုံနိုင်သလောက် သင်ယူကြ၍ အစ်မအစ် ဝိနည်းတရား စကားပြောကြား ဆွေးနွေးကြလိမ့်မည်၊ ထိုအခါ ဤသူယုတ်မာသည် မိမိအလိုလိုပင် အနှိမ်ခံရခြင်းသို့ရောက်ရှိကာ ဦးခေါင်းတပန် ထောင်ခံ့တော့မည် မဟုတ်သည့်အပြင် ဘုရားရှင် သာသနာတော်သည်လည်း ပြည့်စုံစည်ပင် ဝပြောခြင်းသို့ ရောက်ပေလိမ့်မည်"

ဤကဲ့သို့ ဓမ္မသံဃာယနာတင်ဖို့ရန် အကြံအစည်များ ဆက်လက် ဖြစ်ပွားလာလေသည်၊ မထေရ်မြတ်သည် "ငါ၏သန္တာန်ဝယ် ဤသို့သော စိတ်အကြံဖြစ်ရှိသည်"ဟူ၍ ရဟန်းတပါးအားမျှ အခြားမည်သူ တစ်ဦးတယောက်အားမျှ မိန့်ကြားတော်မမူပဲ၊ စိုးရိမ်ငိုကြွေးကြသော ရဟန်းအပေါင်းကို ဤဆိုလတ္တံ့သောအတိုင်း သက်သာရာ ရအောင် တရားစကား ဟောကြားတော်မူလေသည်၊ ဟောကြားတော်မူပုံမှာ :

"ငါ့ရှင်တို့ . . တန်ကြလော့၊ မစိုးရိမ် မပူဆွေး မငိုကြွေးကြကုန်လင့်၊ ချစ်ခင်မြတ်နိုးအပ်သောသူ အားလုံးတို့နှင့် ရှင်ကွဲကွဲကွာခြင်း နာနာဘာဝ၊ သေကွဲကွဲကွာခြင်း၊ အညထာဘာဝကို ရှေးမဆွကပင် မြတ်စွာဘုရား ဟောကြားအပ်ခဲ့ပြီမဟုတ်လော၊ ငါ့ရှင်တို့ . . ဤနေရာ၌ အသစ်ဖြစ်ပေါ်လာခြင်း၊ ထင်ရှားဖြစ်ပေါ်လာခြင်း၊ ပြုပြင်ပေးရခြင်း၊ သဘောရှိသော ပျက်စီးခြင်းသဘောရှိသော တရားကို မပျက်စီးပါစေလင့်ဟု လိုလားတောင့်တ ချက်တိုင်း အဘယ်မှာရနိုင်အံ့နည်း။ ဤသို့ရနိုင်ရန်အကြောင်း မရှိချေဟု ဤစကားကို မြတ်စွာဘုရားရှင် ကြိုတင်၍ ဟောတော်မူဘူးသည် မဟုတ်ပါလော" ဟု သက်သာရာရအောင် တရားစကား ဟောကြားတော် မူလေသည်။

## ဥတုဇရုပ်ကလပ်တော်ကို မီးသင်္ဂြိုလ်ကြခြင်း

ထိုစဉ်အခါ အကြီးအမှူး အားကောင်းမောင်းသန် မလ္လမင်းလေးဦးတို့သည် ဦးခေါင်းဆေးကြ၍ အသစ်စက်စက်အဝတ်တို့ကို ဝတ်ဆင်ကြလျက် "မြတ်စွာဘုရား၏ နံ့သာထင်းပုံကို ငါတို့ မီးတိုက်ကုန်အံ့" ဟု ရည်ရွယ်တာ မီးတိုက်ကြသည်ရှိသော် မီးစွဲလောင်စေခြင်းငှာ မည်သည့်နည်းနှင့်မျှမတတ်နိုင်ပဲ ရှိကြကုန်၏။

ထိုအခါ မလ္လမင်းတို့သည် အရှင်အနုရုဒ္ဓါမထေရ်ကို မီးမစွဲလောင်ခြင်း၏ အကြောင်းကိုမေးလျှောက်ကြသဖြင့် အရှင်အနုရုဒ္ဓါမထေရ်က "ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့ . . နတ်တို့၏အလိုကား တစ်မျိုးဖြစ်နေ၏" ဟု မိန့်တော်မူလေလျှင် မလ္လမင်းတို့သည် "အရှင်ဘုရား . . နတ်တို့၏အလိုကား အဘယ်သို့ပါနည်း" ဟု မေးလျှောက်ကြပြန်၏။

ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်သည် မလ္လမင်းတို့ကို "ဝါသေဋ္ဌ နွယ်ဖွား မလ္လမင်းများတို့ အရှင်ကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ငါးရာမျှသော ရဟန်းသံဃာများနှင့်အတူ ကြွလာတော်မူလျှက်ရှိ၏၊ အရှင်မဟာကဿပသည် မြတ်စွာဘုရား၏ နံ့သာထင်းပုံသည် မီးမတောက်လောင်စေသတည်း"ဟု နတ်တို့အလိုသည် ဖြစ်လျှက်ရှိ၏" ဟု မိန့်တော်မူလေသော် မလ္လမင်းတို့သည် "အရှင်ဘုရား . . နတ်တို့၏ အလိုအတိုင်းသာ ဖြစ်ပါစေလော့" ဟု လျှောက်ထားကြကုန်၏။

လူအပေါင်းတို့သည် ထိုအကြောင်းကို ကြားသိရ၍ ကိုအမျှင်းတို့ . . မဟာကဿပအမည်ရှိသော ရဟန်းတော်သည် ရဟန်းငါးရာတို့နှင့်အတူ မြတ်စွာဘုရား၏ ခြေတော်တို့ကိုရှိခိုးဖို့ဟု လာနေသတဲ့၊ ထိုမဟာကဿပရဟန်းတော်သည် အသားမည်းသလော၊ အသားဖြူသလော၊ အရပ်တော်ရှည်သလော၊ အရပ်တော်တိုသလော၊ အဘယ်သို့သော အဆင်းအရောင် ပုံပန်းသဏ္ဍာန် ရှိလေသနည်း၊ အချင်းတို့ . . ဤသို့ သတော်ရှိသော ရဟန်းတော်တပါး အထင်အရှားရှိနေပါလျှက် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်စံတော်မူခြင်း မည်သည်အဘယ်သို့ ဖြစ်ပေမည်နည်း" ဟု ကြံစည်ကြ၍ အချို့က နံ့သာ ပန်းစသည် လက်စွဲကြလျက် ခရီးရင်ဆိုင်သွားကြလေ၏၊ အချို့တမူ လမ်းခရီးများကို အဆန်းတကြယ် မွမ်းမံပြင်ဆင်ကြလျက် ကြွလာမည့်လမ်းကို မျှော်မှန်းရပ်တည်လျှက် နေကြကုန်၏။

ထိုအခါ အရှင်မဟာကဿပမထေရ်သည် ကုသိနာရုံပြည် မလ္လမင်းတို့၏ မကုဋဗန္ဓနမည်သောစေတီဌာန၌ စန္ဒကူးနံ့သာ ထင်းပုံသို့ ကြွရောက် ချည်းကပ်ပြီးနောက် သင်္ကန်းကိုပခုံးတဖက်၌ လက်တန်ဆောင်ကာ လက်အုပ်ချီပြီးလျှင် စန္ဒကူးနံ့သာ ထင်းပုံကို လက်ျာရစ် သုံးပတ်လှည့်လည်ကာ ဆင်ခြင်တော်မူလတ်သည်တွင် "ဤအရပ်၌ မြတ်စွာဘုရား၏ ဦးခေါင်းတော်ရှိ၏၊ ဤအရပ်၌ မြတ်စွာဘုရား၏ ခြေတော်ရှိ၏၊"ဟု ကောင်းစွာ ပိုင်းပိုင်းခြားခြား သိတော်မူ၍ ဥတုစရုပ်တလပ်တော်၏ ခြေရင်းတော်၌ ရပ်တည်ပြီးလျှင် အဘိညာဏ်၏ အခြေပါဒတဖြစ်သော စတုတ္ထဈာန်ကိုဝင်စား၍ ထိုဈာန်မှ ထပြီးနောက်

"အကန့်တစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သည့် စက်လက္ခဏာဝါရှိသော မြတ်စွာဘုရား၏ခြေတော်အစုံတို့သည် ဝါဂွမ်းစိုင်အထပ်ထပ် အလွှာများနှင့်တကွ ပုဆိုးအစုံငါးရာကိုလည်းကောင်း၊ ရွှေတလား ရွှေခေါင်းကိုလည်းကောင်း၊ စန္ဒကူးနံ့သာ ထင်းပုံကိုလည်းကောင်း နှစ်ဖြာခွဲကာ ငါ၏ ဦးထိပ်ထက်၌ တည်လာပါစေကုန်သတည်း" ဟု အဓိဋ္ဌာန်တော်မူလိုက်လေ၏၊ အဓိဋ္ဌာန်သည်နှင့်တပြိုင်နက်ပင် ပုဆိုးအစုံငါးရာတို့ကို နှစ်ဖြာခွဲ၍ တိမ်တိုက်ကြားမှ လပြည့်ဝန်းကြီးပေါ်ထွန်းလာသည့်ပမာ မြတ်စွာဘုရား၏ ခြေတော်အစုံတို့သည် ထွက်ပြူ၍ လာလေကုန်၏၊ မထေရ်မြတ်သည် ပွင့်သစ်စ ကြာနီဝန်းအသွေး နီထွေးသော မိမိလက်တို့ကို ဖြန့်၍ မြတ်စွာဘုရား၏ ရွှေရောင်အဆင်း ဝါဝင်းသော ခြေတော်အစုံတို့ကို ဖမျက်တော်တိုင် မြဲစွာဆုပ်ကိုင်၍ မိမိ၏ဦးခေါင်းထိပ်ဖျားဝယ် တင်ထားမြတ်နိုး ရှိခိုးတော်မူလေ၏၊

လူအပေါင်းသည် ထိုအံ့ဖွယ်သရဲကို မြင်ကြရ၍ တပြိုင်နက်တည်းပင် သည်းစွာဟစ်ကျော် ကောင်းချီးကြွေးကြော်ကြ၍ နံ့သာပန်း စသည်တို့ဖြင့် ပူဇော်ကြကာ မိမိတို့အလိုရှိတိုင်းပင် ရှိခိုးဦးညွတ်ကြလေ၏၊ အရှင်မဟာကဿပမထေရ်နှင့်အတူတကွ လိုက်ပါလာကြသော ရဟန်းငါးရာတို့သည်လည်း သင်္ကန်းကိုပခုံး

တဘက်၌ လက်ကန်တော့တင်ကာ လက်အုပ်ချီပြီးလျှင် နံ့သာထင်းပုံကိုလက်ျာရစ် သုံးပတ်လှည့်ပြီး၍ မြတ်စွာဘုရား၏ ခြေတော်သို့ ရှိခိုးဦးခိုက်ကြလေ၏။

ဤသို့လျှင် အရှင်မဟာကဿပမထေရ်သည် ရင်းလူများ အပေါင်းသည်လည်းကောင်း ရဟန်းငါးရာတို့သည်လည်းကောင်း မြတ်စွာဘုရား ခြေတော်တို့ကို အလိုရှိတိုင်း ဦးခိုက်ရှိခိုးကြပြီးလေလျှင် တခန့်အဓိဋ္ဌာန်ဖွယ်ကိစ္စမရှိ ပကတိအဓိဋ္ဌာန်ချက်ဖြင့်ပင် မထေရ်မြတ်၏လက်တော်မှ လွတ်လျှင်ပင် ချိတ်ရည်အသွေး နီထွေးသော အဆင်းရှိသည့် မြတ်စွာဘုရား၏ ခြေတော်အစုံတို့သည် စန္ဒကူးထင်းတုံးအစရှိသည်တို့တွင် တစုံတခုကိုမျှ မလှုပ်ရှားစေဘဲ ရွှေတလား- ရွှေခေါင်းတော်အတွင်း တည်မြဲတိုင်းသောမူလနေရာ၌ တစ်ဖန်ပြန်၍တည်လေကုန်၏။ မှန်၏၊ မြတ်စွာဘုရား၏ ခြေတော်အစုံတို့ ရွှေတလား၊ ရွှေခေါင်းတော်အတွင်းသို့ ပြန်ဝင်သောအခါများ၌ ဝါမျှင်တခုမျှ အပြိတ်အဆာချည်မျှင်တပင်မျှ ဆံကြည်တပေါက်မျှ စန္ဒကူးနံ့သာ ထင်းတုံးတတုံးမျှ မူလနေရာဌာနမှ လှုပ်ရှားမှု မည်သည်မရှိ၊ အလုံးစုံသည်ပင် မူလတည်နေမြဲဌာန၌ တည်နေကြသည်ချည်းဖြစ်ပေ၏။

လဝန်း နေဝန်းတို့ ပေါ်ထွန်းထွက်ပြူပြီးနောက် ထိုလဝန်းနေဝန်းတို့ အတ္တတောင်စွယ်သို့ ဝင်ကွယ်ကြသည့်အလား မြတ်စွာဘုရားရှင်၏ ခြေတော်တို့ရွှေတလား- ရွှေခေါင်းတော်အတွင်းသို့ ဝင်ကွယ်ကြသောအခါ လူများအပေါင်းသည် သည်းထန်စွာငိုကြွေးကြလေ၏။ ပရိနိဗ္ဗာန်စံတော်မူသောအခါကထက် သာလွန်စွာ သနားစဖွယ် ဖြစ်လေတော့၏။

အရှင်မဟာကဿပမထေရ်ရှင့် ထိုရဟန်းငါးရာတို့အလိုရှိသမျှရှိခိုးပြီးလတ်သော် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်တည်ရာ စန္ဒကူးနံ့သာ ထင်းပုံသည် လူပြည့်လူသားတစ်ဦး တစ်ယောက်တမျှ မီးမရှို့ရပဲ နတ်တို့၏ အာနုဘော်ကြောင့် ထက်ဝန်းကျင်မှ တပြိုင်နက်တည်း မီးတောက်လောင်လေတော့၏။ ယင်းကိုပင် တေဇောဓါတ် မီးလောင်ကျွမ်းသည်ဟု ခေါ်ဆို၏။

တေဇောဓါတ်မီးလောင်ကျွမ်းသော မြတ်စွာဘုရားရှင်၏ ဥတုဇရုပ်ကလပ်တော်မှ အရေပါး၊ အရေထူ၊ အသားအကြော၊ အစေးတို့၏ပြာများမှိုင်းများ မထင်မရှိပဲ သရီရဓါတ်တို့သည်သာလျှင် ကြွင်းကျန်ရစ်ကုန်၏၊ လောကဥပမာအားဖြင့် မီးတောက်လောင်သော ထောပတ်ဆီတို့၏ ပြာများမှိုင်းများ မထင်သကဲ့သို့တည်း။ ရုပ်ကလပ်တော်ကို ရစ်ပတ်၍ထားသော ပုဆိုးအစုံငါးရာတို့တွင် အတွင်းအကျဆုံး ပုဆိုးနှင့် အပြင်အကျဆုံးပုဆိုး ဤနှစ်ထည်တို့ကိုသာလျှင် မီးမလောင်ပဲ ရှိကုန်၏။

ဥတုဇရုပ်ကလပ်တော်ကို တေဇောဓါတ် မီးလောင်ကျွမ်းပြီးသော် ကောင်းကင်မှ မောင်းဖျားခန့် သလုံးမြင်းခေါင်းခန့် ထန်းလုံးခန့်မျှသောရေအယဉ်ကြီးများ နတ်တို့အာနုဘော်ကြောင့်ကျရောက်ကြကာ စန္ဒကူးနံ့သာ ထင်းပုံတို့ကို ငြိမ်းစေကြလေ၏။ ပတ်ဝန်းကျင်၌ တည်ရှိသော အင်ကြင်းပင်တို့၏ ပင်စည်အကြားသစ်ခွအကြားတို့မှလည်း ရေပန်းကြီးများဖြာထွက်၍ စန္ဒကူးနံ့သာ ထင်းပုံကြီးအားငြိမ်းစေကြလေသည်။ မြတ်စွာဘုရား၏ ဥတုဇရုပ်ကလပ်တော်တင်ထားရာ စန္ဒကူးနံ့သာထင်းပုံကြီးကားအလွန်ကြီးမား၏။ သံတောင်တရာ့နှစ်ဆယ်ခန့်မြင့်၏၊ သို့ရကား နံ့သာထင်းပုံ၏ ပတ်ဝန်းကျင်မှလည်း မြေအပြင်ကိုဖောက်ခွဲကာ ထွန်တုံးဦးခန့် ပမာဏရှိသော ရေလုံးကြီးများ ပန်းထွက်ကာ နံ့သာထင်းပုံကို ငြိမ်းစေကြလေ၏။

ကုသိနာရုံပြည်သား မလ္လမင်းများသည်လည်း ရွှေအိုး၊ ငွေအိုးများ အပြည့်ထည့်၍ ယူဆောင်လာသော နံ့သာမျိုးစုံဖြင့် ရေသွန်းလောင်းကြကာ အသွားရှစ်ချောင်းရှိသော ရွှေထွန်ဖျစ်တို့ဖြင့် မွှေနှောက်ဖြန်းကြ၍ စန္ဒကူး နံ့သာထင်းပုံကို ငြိမ်းစေကုန်၏၊ ဤအရာ၌ အထူးအံ့ဖွယ် ကောင်းသော အချက်မှာနံ့သာထင်းပုံကို ဝေဝေဖါဖါ မီးလောင်ကျွမ်းနေစဉ် ပတ်ဝန်းကျင်တည်ရှိသော အင်ကြင်းပင်တို့၏ အခက်ကြား၊ အခွကြား၊ အရွက်ကြားတို့မှ မီးလျှံများတဖွားဖွား တက်ကြသော်လည်း အရွက်၊ အခက်၊ အပွင့်များ မီးလောင်သည်ဟူ၍ မရှိကြ၊ ပိုးရွ ချပုန်းများ၊ မျောက်များသည်လည်း မီးလျှံများအကြားမှာပင် အနေမပျက် လှည့်လည်ကျက်စား သွားလာကြလေသည်။

သာဓုကီဠနသဘင် ဆင်ယင်ကျင်းပခြင်း

ဤသို့စန္ဒကူးနံ့သာထင်းပုံကို မီးငြိမ်းသတ်ပြီးနောက် မလ္လမင်းများသည် မင်းတွန်း- မင်းတဲ၌ တောင်စလယ်၊ ဂုဏ်မာလာကိုကျ၊ လေးညှင်းပွင့်၊ ပန်းညိုရွက်- ဤလေးမျိုးတို့ကြိတ်၍ ဖြုလုပ်အပ်သော နံ့သာဖြင့် ပြေပြစ်အောင် လိမ်းကျံပက်ဖျန်းမှု ပြုကြ၍ စလပ်ပန်း၊ မုလေးပန်း၊ နေဇာပန်း၊ ဇာလာတိုတန္တြပန်း၊ ပေါက်ပေါက်ပန်း ဤပန်း ၅ မျိုးတို့ ကြဖြန့်ကြပြီးလျှင် ဗိမာန်မျက်နှာကြက် ဖွဲ့ယှက်ကြ၍ ရွှေကြယ်၊ ငွေကြယ် စသည်စီချယ်ကြကာ ထိုမင်းတဲ၌ နံ့သာပန်းဆိုင်၊ ရတနာဆိုင်းတို့ကို အပြိုင်းပြိုင်း အရွဲရွဲတွဲရရွဲချိတ်ဆွဲကြပြီးနောက် မင်းတွန်း မင်းတဲမှီသည် မကုဋဗန္ဓနစေတီအရောက် တင်းတိမ်ကန့်လန့်ကာမှုကိုပြုကြ၍ ဗိမာန် မျက်နှာအကြက် ဖွဲ့ယှက်ကြကာ ရွှေကြယ်၊ ငွေကြယ်စသည် စီချယ်ကြလျှက် ထိုနေရာ၌လည်း နံ့သာဆိုင်း၊ ပန်းဆိုင်း၊ ရတနာဆိုင်းများကို အပြိုင်းပြိုင် အရွဲရွဲ ချိတ်ဆွဲကြပြီးလျှင် မြစိမ်းရောင်ဝါးတို့ဖြင့် အဆင်းဝါးပါးရှိသော အလံတံခွန်တို့ကို စိုက်ထူ လွှင့်တင်ကြကာ ထက်ဝန်းကျင်မှ လေတဖျတ်ဖျတ်ခပ်လတ်သော် ကုက္ကားတို့ကိုလည်း ဝန်းရန်စိုက်ထူ၍ သန့်ရှင်းပြေပြစ်သော လမ်းခရီးတို့၌ ငှက်ပျောပင်များ ရေပြည့်အိုးများ စိုက်ပျိုးတည်ထားစေလျှက် မီးရှူးတိုင်များကို မားမားထွန်းညှိ စိုက်ထူပြီးလျှင် တန်ဆာစုံလင် ဆင်ယင်အပ်ပြီးသော မင်္ဂလာဆင်တော်၏ ကျောက်ကုန်းထက်၌ ဓါတ်တော်နှင့်တကွသော ရွှေခေါင်းကို တင်ထားကြလေသည်။ ဤ၌ မြတ်စွာဘုရား၏ ဥတုဇရုပ်တလပ်တော်ကို မီးသင်္ဂြိုလ်ရာဌာနကား မြို့၏ အရှေ့ဖက်မကုဋဗန္ဓန စေတီဖြစ်သည်။ မင်းတွန်း- မင်းတဲဗိုလ်တဲကား မြို့တွင်းမှာ ဖြစ်သည်ကို ဉာဏ်မျက်စိ ဖြင့် ကြည့်ရှုသိမြင်ထားရာ၏

ထို့နောက်မလ္လမင်းတို့သည် သရီရဓါတ်တော်များဝါရှိသည့် ရွှေခေါင်းကို မင်္ဂလာဆင်တော်ထက် အသင့် တင်ကြပြီးနောက် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကြလျှက် သာဓုကီဠန ပွဲကြီးသဘင် ဆင်ယင်ကျင်း၀ တီးမှုတ် ကခုန် ပူဇော်ကြကာ ကုသိနာရုံမြို့တွင်းသို့သွင်းဆောင်ခဲ့ကြ၍ ထိုမြို့တွင်းဝယ် အသင့်ပြင်ဆင်ထားသော မင်းတွန်း- ဗိုလ်တဲအတွင်း-သရေညမည်သော သားရဲအရုပ်ခံ တနည်းရတနာခုနှစ်ပါးဖြင့်ပြီးသောပလ္လင်ဖျံ၌ တင်ထားကြပြီးလျှင် ထို၏ အထက်အထက်၌ ထီးဖြူတော်ကို တုပ်မိုး၍ထားကြလေသည်။

ထို့နောက် မလ္လမင်းတို့သည် သရီရဓါတ်တော်များထားရှိရာ မင်းတွန်းဗိုလ်တဲ လုံခြုံရေးအတွက် ရှေ့ဦးစွာ ဦးကာင်းချင်းထိလှမျှ မြင်းတပ်ကြီးကို ဝန်းရံချထားလေသည်၊ ထို၏အပြင်ဖက်မှ အစွန်းခြင်းထိလှမျှ မြေလျှင် တပ်ကြီး၊ ထို၏အပြင်ဘက်မှ အစွန်းခြင်းထိလှမျှ လေးသည်တော်တပ်ကြီး၊ လှံတပ်ကြီးများကို အထပ်ထပ် ဝန်းရံ

ရှိထားကြလေသည်၊ ဤသို့လျှင် မလ္လမင်းတို့သည် ထက်ဝန်းကျင် တယူဇနာအရပ်တိုင် ချပ်မိန်ညီညွတ်ရတ်ကို ခွဲ့ယှက်တင်သည့်အား ပြုလုပ်ကြ၍ ခုနစ်ရက်ပတ်လုံး အစောင့်အနေများချထားကာ သာဓုကီဠန သူတော်တောင်းတို့၏ မြူးထူးပျော်ရွှင်မှု ရှာပနသဘင်ကို ကြီးကျယ်စွာ ဆင်ယင်ကျင်းပကြလေသည်။

ထိုမလ္လမင်းတို့သည် အဘယ်ကြောင့် ဤသို့ ပြုလုပ်စီမံကြသနည်းဟူမူ မွေလွန်ခဲ့ပြီးသောနှစ် သတ္တာဟ ၁၄-ရက်တို့၌ ထိုမလ္လမင်းတို့သည် ရဟန်းသံဃာတော်အတွက် နေရာထိုင်ခင်း စီမံခြင်း၊ ခဲဖွယ်၊ ဘောဇဉ်များကို စီမံခြင်းတို့ကို ရွက်ဆောင်အားထုတ်နေကြရသဖြင့် သာဓုကီဠနသဘင် ဆင်ယင်ကျင်းပခွင့် မရခဲ့ချေ၊ ထို့ကြောင့် ထိုမလ္လမင်းတို့၏ စိတ်သန္တာန်ဝယ် 'ဤယခုသတ္တာဟ ခုနစ်ရက် ပတ်လုံး ငါတို့သည် သာဓုကီဠန • သူတော်တောင်းတို့၏ မွေ့သဲဝေဝနှင့်စင်သော မြူးတူးပျော်ရွှင်မှု ရှာပနသဘင်ကို ဆင်ယင်ကျင်းပကြကုန်အံ့၊ ငါတို့မှေ့လျော့ပျော်ရွှင်နေကြသည်ကို သိ၍ တစုံတယောက်သောသူ လာရောက်ကာ သရီရဓါတ်တော်များကို ခိုးယူဆောင်သွားနိုင်ရန် အကြောင်းရှိချေသည်၊ ထို့ကြောင့် အစောင့်အနေကို လုံခြုံစွာချထားပြီးမှ ငါတို့ သာဓုကီဠနသဘင်ဆင်ယင်ကျင်းပကြမည်"ဟု ကြံစည် ဆင်ခြင်ခြင်းဖြင့် ဤသို့ ပြုလုပ်စီမံကြလေသည်။

ဓာတ်ရဓါတ်တော်များကို ဝေဖန်ခြင်းအကြောင်း

မဂဓတိုင်းရှင်ဘုရင် အဇာတသတ်မင်းသည် မြတ်စွာဘုရားရှင် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မူကြောင်းကို ကြားသိလေ၏၊ သတင်းစကား ကြားသိပုံအကြောင်းအရာအကျယ်မှာ မွေဦးစွာ အဇာတသတ်မင်း၏ အမတ်ကြီးများသည် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူလေပြီ၊ ထို မြတ်စွာဘုရားကို တဖန်အသက်ရှင်အောင် ဆောင်ပြန်ခြင်းငှာ တယ်နည်းနှင့်မျှ မတတ်နိုင်ချေ၊ မဖြစ်နိုင်ချေ၊ ပုထုဇဉ်တို့၏ သဗ္ဗါတရားမှာလည်း ငါတို့မင်းကြီးနှင့်တူသော လူတလူမျှမရှိ ဖြစ်ချေသည်၊ အကယ်၍ငါတို့ မင်းကြီးသည် ဤနည်းအတိုင်း ပကတိအစနေအတိုင်း ထိုသတင်းကို ကြားသိတော်မူရလျှင် စကန်ပင် ငါတို့မင်းကြီးနှလုံးကွဲ တွဲချေမည်၊ စင်စင်သော်ကား ငါတို့သည် မင်းကြီးကို ရပ်ကွဲနာဖြင့် နတ်ရွာမစံအောင် စောင့်ရှောက်သင့်လှသည်ဟု ကြံစည်တိုင်ပင်ကြ၍ ရွှေခေါင်း ရွှေတင်းထုံးလုံးတို့ကို ယူဆောင်ကြလျှက် တော်မရုံအပြည့်ထည့်ကြပြီးလျှင် အဇာတသတ် မင်းကြီးထံသွားရောက်ကြ၍ -

"အရှင်မင်းကြီး. . အကျွန်ုပ်တို့သည် မကောင်းသောအိပ်မက်ကို မြင်မက်အပ်ပါသည်၊ ထိုအိပ်မက်ဆိုး မကောင်းတို့ကို ပယ်ဖျောက်နိုင်ရန်အတွက် အရှင်မင်းကြီးတို့သည် အွဲ့ခြုံနှစ်ထပ် ဝတ်စုံတော်များ ဝတ်ကြပြီးလျှင် နှာခေါင်းမှပေါ်ရုံမျှ နှာခေါင်းမျှကိုဖော်၍ တော်မရုံရွှေကင်း၌ လျှောင်းတော်မူမှ သင့်ပါမည်" ဟု လျှောက်ထားကြလေကုန်၏။

မင်းကြီးလည်း၊ အကျိုးလိုလားသည့် အမတ်တို့စကားကို ကြားရလျှင် "အမတ်တို့. . သင်တို့ပြောသည့်အတိုင်း ဖြစ်ပစေ" ဟု ပြောဆိုလက်ခံကာ အွဲ့ခြုံနှစ်ထပ် ဝတ်စုံတော်များ ဝတ်ဆင်၍ နှာခေါင်းမျှတိုသာဖော်ပြီးလျှင် တော်မရုံရွှေတင်း၌ လျှောင်းတော်မူလေ၏။

ထိုအခါ အမတ်တစ်ယောက်သည် တန်ဆာကိုချွတ်၍ ဆံပင်ဖားယားချပြီးလျှင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူရာအရပ်ဘက်သို့ မျက်နှာမူလျှက် ကုသိနာရုံပြည်ဘက်သို့ မျက်နှာမူလျှက် လက်အုပ်ကို ချီမြှောက်ပြီးလျှင် အဇာတသတ်မင်းကြီးကို "အရှင်မင်းကြီး သေခြင်းတရားမှ လွတ်မြောက်သော သတ္တဝါသည် မရှိမိ။ အကျွန်ုပ်တို့၏ အာယုဝဍ္ဍန အသက်ရှည်ဆေးကြီးသဖွယ်လည်း ဖြစ်တော်မူသော၊ ဆရာအဆေဖြူရာ စေတီတစ်ဆူလည်းဖြစ်တော်မူသော၊ ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်လည်းဖြစ်တော်မူသော ရာဇာအဘိတ်သိတ်သဘင်ဆင်ယင်ရာ၌ မင်္ဂလာဘိတ်သိတ်ရေချမ်း ဘွန်းဖြန်းရာလည်း ဖြစ်တော်မူသော လူနတ်တို့၏ဆရာ ထိုဘုရားမြတ်စွာသည် ယခုအခါဝယ် ကုသိနာရုံပြည် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပါပြီ" ဟု မလျှောက်ထားလေ၏။

အဇာတသတ်မင်းသည် ထိုသတင်းစကားကို ကြားသိလျှင် ကြားသိခြင်း တွေဝေမိန်းမောနစ်ခွန်း၍ သွားလေတော့၏၊ သောကအရှိန်မီး အဟုန်ကြီးလှသောကြောင့် စတုမဓုတွင်း၌ အငွေ့ခြောင်းခြောင်း ထောင်းထောင်းလွှတ်လေ၏။ ထိုအခါ အမတ်တို့သည် အဇာတသတ်မင်းကိုပွေ့ချီကြ၍ ဒုတိယစတုမဓု ရေတွင်း၌ ထည့်သွင်း လျှောင်းစေကြလေကုန်၏၊ အဇာတသတ်မင်းလည်း တဖန်သတိရလာပြန်၍ "အမတ်တို့ အဘယ်စကား ကို သင်တို့ပြောကြား လုံးကြသနည်း"ဟု မေးလေ၏။

"မြတ်သောမင်းကြီး.. မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီ"ဟု အမတ်တို့က လျှောက်ထားသောလျှင် အဇာတသတ်မင်းကြီးသည် တဖန် တွေဝေမိန်းမော နစ်မြောပြန်လေ၏၊ စတုမဓုရေတွင်း၌ အငွေ့ခြောင်းခြောင်း ထောင်းထောင်း လွှတ်ပြန်လေ၏။ ထိုအခါ မင်းကြီးကို အမတ်တို့သည် ဒုတိယရေတွင်းမှပွေ့ချီကြ၍ တတိယ ရေတွင်း၌ထည့်သွင်း လျှောင်းစေကြကုန်၏၊ မင်းကြီးသည် တဖန်သတိရလာပြန်၍ ရှေးနည်းအတူ မေးပြန်သောလျှင် ရှေးနည်းအတူပင် အမတ်တို့က လျှောက်ထားကြ၍ ရှေးနည်းအတူပင် တွေဝေမိန်းမောနစ်မျောပြန်လေ၏၊ ထိုအခါ မင်းကြီးကို စတုမဓုရေတွင်းမှ ထုတ်ဆယ်ပွေ့ချီ၍ နံ့သာရေမိုး ရွှေပြီးလျှင် ဦးထိပ်ထက်၌ရေစင် ရေချမ်းများကို တိုးအလုံးလုံး သွန်းဖျန်း၍ ပေးကြရလေကုန်၏။

အဇာတသတ်မင်းသည် သတိရလာ၍ ထပြီးလျှင်နံ့သာမျိုးစုံထုံအပ်သည့် မဟူရာကျောက်ရောင် ညိုမှောင်သော ဆံတို့ကိုဖရိုဖရဲကြဲဖြန့်၍ ရွှေဖျဉ်ချပ်တန္တနီး ကျောကုန်းထက်၌ ဖားယားချလျှက် လက်ဖြင့်ရင်ကို ထုပြီးလျှင် သန္တာနီညွန့်ပုံမှီ ထွတ်ထွတ်နီသော လက်ချောင်းတို့ဖြင့် ဘောင်းစွာခင်းစီအပ်သော ပလော်ဖျဉ်အဆင်းရှိသည့်ချစ် စပ်အပ်သည့်ဝမာ မြဲမြဲစွာကိုင်၍ သည်းထန်စွာငိုကြွေးလျှက် သူရှူ၏ပုံအဆင်းဖြင့် မြို့တွင်းမင်းလမ်းမသို့ သက် ဆင်းလေ၏။

အဇာတသတ်မင်းသည် တန်ဆာဆင်အပ်သော တခြသည်အပေါင်း ခြံရံလျှက် မြို့မှထွက်၍ ဇီဝက၏ သရက်ဥယျာဉ် ကျောင်းတိုက်သို့ သွားရောက်ကာ မြတ်စွာဘုရားတရားဟောတော်မူရာကို ကြည့်ရှု၍"ဘုန်းတော် ကြီးသော သဗ္ဗညုမြတ်စွာဘုရား.. အရှင်ဘုရား ဤနေရာ၌ ထိုင်နေ၍ တပည့်တော်အား တရားဟောသည် မဟုတ်ပါလော၊ အရှင်ဘုရားတို့သည် ဤနေရာ၌ တရားဟောတော်မူကြကာ တပည့်တော်၏ သောကပြောင်

တဆင်းတို့ ဝယ်ရှင်းတော်မူခဲ့ကြသည် မဟုတ်ပါလော၊ တပည့်တော်သည် အရှင်ဘုရားတို့ကို တိုးတွယ်ရာတွင်၌ ဆည်းကပ်သူ၊ သရဏဂုံတည်သူ ဥပါသကာ တစ်ယောက်ဖြစ်ပါသည်မြတ်စွာဘုရား.. ယခုအခါ၌တား ရှင်တော်ဘုရားတို့သည် တပည့်တော်အား စကားတုံ့တခွန်းမျှ မြွက်ညွှန်းတော်မမူကြပါတကား"

ဤကဲ့သို့ ပြောဆိုကာ သည်းစွာ ငိုကြွေး၍ "ရှင်တော်ဘုရား.. တပည့်တော်သည် တခြားအခါ၌သို့သော အချိန်မျိုး၌ ရှင်တော်ဘုရားတို့သည် ရဟန်းများစွာ ခြံရံလျက် ဇမ္ဗူဒိပ်တခွင်ဝယ် ဒေသစာရီ ကြွချီတော်မူကြသတဲ့" ဟူသော သတင်းစကားကို ကြားသိရသည် မဟုတ်ပါသလော၊ ယခုအခါမူ တပည့်တော်သည် ရှင်တော်ဘုရားတို့အတွက်တာ မသင့်လျော်သော သတင်းစကားတိုသာ ကြားသိရပါတော့သည်ဘုရား"

ဤသို့ စကားရှိသော လွမ်းဆွတ်တသစကားများကိုလည်း ပြောကြား၍ ဝါထာချောက်ဆယ်မျှဖြင့် ဘုရားဂုဏ်ကို တဖန်ဖန် အောက်မေ့ပြီးလျှင် "ငါ့အဖို့မှာ ငိုကြွေးနေရုံမျှဖြင့် တိစ္စမပြီးသေး၊ မြတ်စွာဘုရား၏ ဓါတ်တော်များကို ဆောင်ယူ့စေရန် အရေးတာကြီးကျယ်စွာ ရှိသေး၏၊" ဟု ဆက်လက်ကြံစည် စဉ်းစားမိလေ၏၊ ဤတား အဇာတသတ်မင်းကြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူကြောင်း သတင်းစကားကိုကြားသိပုံ အကျဉ်းတည်း၊

ထို့နောက် မာဂဓတိုင်းရှင်ဘုရင် အဇာတသတ်မင်းသည် မလ္လမင်းများထံသို့ "ကုသိနာရုံပြည်သား မလ္လမင်းများတို့.. မြတ်စွာဘုရားသည်လည်း၊ အသမ္ဘိန္နခတ္တိယနွယ်ရှိ၊ မင်းမျိုးဖြစ်၏၊ သို့ရကား ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓါတ်တော်များကို တစုတပုံရထိုက်၏၊ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓါတ်တော်များကို စေတီပုထိုး တည်ထားပူဇော်အံ့" ဟု သံတမာန်စေလွှတ်ကာ သဝဏ်လွှာပါးလိုက်လေ၏၊

သံတမာန်စေလွှတ်ကာ သဝဏ်လွှာ ပါးပြီးနောက် "မလ္လမင်းများသည် အတယ်၍ပေးကြလျှင် တပြစ်မရှိ ကောင်းလှတိ၏၊ မပေးကြလျှင်ကား ရနိုင်သောနည်းဖြင့် သရီရဓါတ်တော်တို့ကို ငါဆောင်ယူမည်ဟု ကြံစည် စဉ်းစား၍ အဇာတသတ်မင်းကိုယ်တိုင်လည်း ဆင်၊ မြင်း၊ ရထား၊ ခြေလျှင်အားဖြင့် အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးတို့ ခင်းကျင်းစီစဉ်ကာ ရာဇဂြိုလ်ပြည်မှ ထွက်ခဲ့လေ၏၊

အဇာတသတ်မင်းနည်းအတူပင် ဝေသာလီပြည်သား (၁) လိစ္ဆဝီမင်းများသည်လည်းကောင်း၊ (၂) ကပိလဝတ်ပြည်သား သာကီဝင်မင်းများသည်လည်းကောင်း (၃) အလ္လကပ္ပပြည်သား ဗုလိ (ကာဗုလိ)မင်းများသည် လည်းကောင်း၊ (၄) ယာမဂ္ဂါသား ကောဠိယမင်းများသည်လည်းကောင်း သံတမာန်လွှတ်ကာ သဝဏ်လွှာပါး ကြပြီးလျှင် မလ္လမင်းများသည်အကယ်၍ပေးကြလျှင် အပြစ်မရှိကောင်းလှတိ၏၊ မပေးကြလျှင်ကား ရနိုင်သော နည်းဖြင့် သရီရဓါတ်တော်တို့ကို ငါတို့ ဆောင်ယူကြမည် ဟု ကြံစည်စဉ်းစားကြ၍ အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးတို့ ခင်းကျင်းစီစဉ်ကြကာ မိမိတို့ပြည်မှထွက်ခဲ့ကြလေ၏၊

ဝေဠဒီပတိုင်းသား ပုဏ္ဏားသည်လည်း မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုကြောင်း ကြားသိလေလျှင် မလ္လမင်းများထံသို့ "ကုသိနာရုံပြည်သား မလ္လမင်းများတို့.. မြတ်စွာဘုရားသည်လည်း ခတ္တိယနွယ်ရှိ မြတ်သောမင်းမျိုး ဖြစ်တော်မူ၏၊ ငါသည်လည်း ဗြဟ္မာဏနွယ်ရှိ မြတ်သောပုဏ္ဏားမျိုးဖြစ်၏၊ သို့ရကား ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓါတ်တော်များကို တစ်စုတစ်ပုံရထိုက်၏၊ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓါတ်တော်များကို

စေတီဂုဏ်ထိုးတည်ထားခဲ့စေတော်ဘုံ" ဟု သံတာမာန်စေတ္တတ်တာ သဝဏ်လွှာပါပြီးလျှင် မိမိကိုယ်တိုင်လည်း မိမိတမြတ်ရ ပန်ချိတ်သတ်နှင့်တကွ ထွက်ခဲ့သော်။

ပါဠိပြည်သား မလ္လမင်းသည်လည်း အစောတသတ်မင်းနည်းတူဝင် သံတမာန်လွှတ်တာ သဝဏ်လွှာ ပါးကြ၍ တဂါလေးပါးရှိသော စစ်တပ်ကြီးတို့ ခင်းကျင်းစီစဉ်ကြတာ ပါဝါပြည်မှ ထွက်ခဲ့ကြလေ၏။ (ဤ၁နှစ်ပြည် ထောင်မင်းများအနက် ပါဝါပြည်သား မလ္လမင်းများသည် အခြားပြည်ထောင်မင်းထက် ကုသိနာရုံပြည်နှင့် အလွန်နီး ကပ်လှစွာသော သုံးဂါဝုတ်မျှသာ ခရီးဝေးသည်။ ပါဝါပြည်၌ နေကြပါလျှက် မြတ်စွာဘုရားသည်လည်း ပါဝါပြည်သို့ ဝင်ပြီးမှ ကုသိနာရုံပြည်သို့ ကြွလာတော်မူကြပါလျှက် အဘယ်ကြောင့်အလျှင်လတ်ဦး၊ မလာရောက်နိုင်ကြသနည်း" ဟု မေးခဲ့သော် "ထိုပါဝါပြည်သား မလ္လမင်းများတား အခမ်းအနား အဆောင်အယောင် အခြားမင်းများထက်အလွန် ကြီးကျယ် ခမ်းနားလှသောကြောင့် ထိုအခမ်းအနား ကြီးကျယ်စွာ စီမံခန့်ခွဲနေကြရသဖြင့် နောက်ကျနေကြခြင်း ဖြစ်သည်" ဟု ဖြေဆိုရာ၏။

ဤသို့ ၁နှစ်ပြည်ထောင်မင်းများတ သံတမာန်စေတ္တတ်ကြတာ သဝဏ်လွှာ ပါးကြ၍ အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးမှုးဖြင့် လာရောက်ကြတာ "ငါတို့အား ဓါတ်တော်ကိုမူလည်းပေးတုန်လော့၊ ဓါတ်တော်များကို မပေးလိုကြမူ စစ်တိုမူလည်း ထိုးတုန်လော့" ဟု အရေးဆိုကြတာ ကုသိနာရုံပြည်ကို ဝိုင်း၍ ထားကြလေသော် ကုသိနာရုံပြည်သား မလ္လမင်းများသည်

"ငါတို့သည် မြတ်စွာဘုရားထံဝင့်လျှောက်၍ ဝင့်ကြသည်လည်းမဟုတ်၊ ကိုယ်တိုင်သွားရောက် ဝင့်ကြသည် လည်းမဟုတ်၊ စင်စင်သော်တား မြတ်စွာဘုရားသည် ကိုယ်တော်တိုင်သာ ကြွတော်မူလာ၍ သတင်းစကားကြား ရောက်သိစေတော်မူတာ ငါတို့ကို တခင်ခေါ်တော်မူစေခဲ့လေသည်၊ သင်မင်းတို့သည်လည်း မိမိနိုင်ငံအတွင်း ဖြစ်ထွန်းပေါ်ပေါက်သော ရတနာများတို့ ငါတို့အားပေးကြသည်မဟုတ်၊ နတ်နှင့်တကွသော သတ္တလောကကြီးထဲ၌ လည်း ဘုရားရတနာနှင့်တူသော ရတနာမည်သည် တစ်ုံတစ်ခုမျှမရှိချေ၊ ဤသို့သော အမြတ်ဆုံးဖြစ်သည့် ဘုရား ရတနာကို ငါတို့ရရှိကြ၍ငါတို့သည် အဘယ်နည်းနှင့်မျှမပေးနိုင်ကြတုန်။ သင်တို့သည်သာ အမိနို့ကို သောက်စို့ခဲ့ကြရ သည်မဟုတ် ငါတို့သည်လည်းအမိနို့ကို သောက်စို့ခဲ့ကြရသည်။ သင်တို့သာ ယောကျ်ားဖြစ်ကြသည်မဟုတ်၊ ငါတို့ သည်လည်း ယောကျ်ားများ ဖြစ်ကြသည်။ သင်တို့ပြောဆိုသည့်အတိုင်း သူ့ရွှံ့ငါနိုင် အပိုင်စစ်ထိုးမှု ဖြစ်စေတော့"ဟု ပြန်ကြားပြောဆိုကြတာ သူတလူလူမာန်ဟုကြ၍ သတင်းအသွားအပြန် ပို့သစေကြလေသည်။

အချင်းချင်းမာန လွှမ်းဖုံးကြ၍ဝါးမှု စစ်တိုက်ကြလျှင်ကား ကုသိနာရုံပြည်သား မလ္လမင်းများကသာ အောင်နိုင်ကြမည်ဖြစ်၏၊ အကြောင်းတား မြတ်စွာဘုရား၏ သရီရဓါတ်တော်များကို ဆည်းကပ်ပူဇော်ကြရန် လာရောက်ကြသောနတ်တို့သည် "နည်းမှန်လမ်းကြွအားဖြင့် သရီရဓါတ်တော်များသည် မလ္လမင်းတို့၏ ဥစ္စာသာ ဖြစ်တုန်၏"ဟု အမှန်အတိုင်း ဆင်ခြင်အောက်မေ့ကြကာ ထိုမလ္လမင်းတို့၏အပင်းအသင်း၌ တည်ကြလေကုန်သည်။ ထို့ကြောင့် စစ်တိုက်ကြလျှင် မလ္လမင်းများကသာ အောင်နိုင်ကြမည်ဖြစ်၏။

### ဓါနပုဏ္ဏားဓါတ်တော်များကို ခွဲဝေပေးခြင်း

ဤသို့ ဝုနှစ်ပြည်ထောင်မင်းတို့နှင့် မလ္လမင်းတို့ အချင်းချင်း စစ်ဖြစ်ရဲသောစကားပြောကြား ကြလေလျှင် ဓါနပုဏ္ဏားသည် ထိုမင်းတို့၏ ခိုက်ရန်စကားကို ကြားသိရ၍ "ဤမင်းများကား မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် စံတော်မူရာဌာန၌ ခိုက်ရန် ဖြင်းခုံမှု ပြုကြသိ၏ အမှုသည် လုံးဝမသင့်လျော်ချေ၊ ခိုက်ရန် ဖြင်းခုံမှုဖြင့် အကျိုးမရှိ ငါသည် ထိုခိုက်ရန်ဖြင်းခုံမှုကို ငြိမ်းစေအံ့" ဟု ကြံစည်ဆင်ခြင်၍ ဖြင်းခုံရာအရပ်သို့ သွားရောက်ကာ မြေကုန်းမြင့် တစ်ခု၌ရပ်တည်ပြီးလျှင် နှစ်ဘာဏဝါရရှိ သံယာယနာတင်သောအခါ မထေရ်မြတ်တို့ ရှစ်ကြိမ်မှတ်စတ်ရသည့် ပါဠိအစုအတိုင်း အရှည်ရှိသည့် ဓါဏဂ္ဂိတ- ဓါန ပုဏ္ဏား၏ တရားဂုဏ်တို့ကို ချီးမွမ်းကြူးဝါးချက် မြတ်စွာဘုရား ၏အကြောင်းနှင့် ပြည့်စုံပုံ- စေတုသမ္မဝါ အကျိုးနှင့် ပြည့်စုံပုံ- မလသမ္မဝါသဏ္ဌဂါတို့အား ကျေးဇူးပြုမှုနှင့် ပြည့်စုံပုံ သဏ္ဍုပဏရယမ္မဝါ - ဤသမ္မဝါသုံးပါး အဝတ္ထုသုံးပါးနှင့်စပ်သော တရားရှုပ်ဂုဏ်တို့ကို ချီးမွမ်းကြူးဝါးချက် မည်သော တရားဂါထာအစုတို့အား သွန်းမှတ်ပြောကြားလေ၏။

ထိုသို့ ဓါနပုဏ္ဏားကြီး နှစ်ဘာဏဝါရရှိ မှတ်ဆိုရာတွင် ပဌမဘာဏဝါရ၌ ထိုမင်းများတား အငြင်းပွား ဆူညံနေကြသဖြင့် တပုဒ်မျှ မကြားမသိလိုက်ကြကုန်၊ ဒုတိယဘာဏဝါရ ပြီးဆုံးခါနီးအချိန်တိုင်မှ ဤအသံကား ဆရာကြီး၏အသံနှင့် တူစွတကားဟု ပြောဆိုကြကာ အားလုံးသောမင်းတို့သည် အသံတိတ်ငြိမ်သက်၍ သွားကြ လေသည်။ မှန်၏- ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထိုစဉ်အခါ အမျိုးကောင်းသား လုလင်များသည် များသောအားဖြင့် ဓါဏဆရာကြီး၏ တပည့်များသာဖြစ်ကြလေ၏။ တပည့်မဟုတ်သူကား မရှိသလောက်ပင်ရှားလှ၏။ ထိုအခါ ဓါန ဆရာကြီးသည် ထိုမင်းများ မိမိစကားကိုကြားကြ၍ အသံတိတ်ဆိတ် နေကြသည်ကိုသိရှိကာ တဖန်ဆက်၍ "အရှင်တို့. . အကျွန်ုပ်၏ တခွန်းသောစကားကို နားထောင်ကြပါဦး၊ အကျွန်ုပ်တို့၏ မြတ်စွာဘုရားမှာ သည်းခံသော အယူဝါဒရှိပါသည်။ ထိုမြတ်စွာဘုရား၏ သရီရဓါတ်တော်များကို ခွဲဝေရေးကြောင့် စစ်ဖြစ်ရန် မသင့်ပါ။"

"အရှင်တို့. . ငါတို့အားလုံးပင် တပေါင်းတည်း အညီအညွတ် ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ သရီရ ဓါတ်တော်များကို ရှစ်စုရှစ်ပုံ ခွဲဝေကြပါစို့။ မြတ်စွာဘုရားကို လူအများ ကြည်ညိုကြပါသည်။ ထိုလူအများအတွက် အရပ်မျက်နှာဒေသတို့၌ စေတီပုထိုးများ အနှံ့အပြား တည်နိုင်ကြပါစေ"ဟု မင်းတို့ကို ပြောကြားလေ၏။ ထိုအခါ မင်းများသည်လည်း ဓါနဆရာကြီး ပြောကြားချက်ကို သဘောကျနှစ်သက်ကြကာ "ဆရာပုဏ္ဏား ထိုသို့ဖြစ်လျှင် ဆရာကြီးသည်ပင် မြတ်စွာဘုရား၏ သရီရဓါတ်တော်တို့ကို ရှစ်ပုံအညီအမျှ ခွဲဝေပါလော့" ဟု ဆိုကြကုန်၏။

ဓါနပုဏ္ဏားသည် "အရှင်တို့. . ကောင်းပါပြီ" ဟုထိုမင်းတို့ပြောကြားချက်ကို ဝန်ခံ၍ ရွှေတလား. . ရွှေတင်းကို ဖွင့်စေလေ၏။ မင်းတို့သည် ရွှေကင်းတနီးသို့လာရောက်ကြ၍ ရွှေတင်း၌မလှုပ်မယှက် ပကတိ တည်နေသော ရွှေရောင်အဆင်းရှိသည့် ဓါတ်တော်များကို ဖူးမျှော်ကြရလေလျှင် -

"သဗ္ဗညု ထွတ်တင် ရှင်ပင် မြတ်ဘုရား. . ရှေးအခါကဆိုလျှင် တပည့်တော်များသည် အရှင်ဘုရားတို့၏ မဟာပုရိသလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်လျက် ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် စီခြယ်အပ်သည့် လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ဖြင့် တင့်တယ်တောက်ပသော ရွှေရောင်အဆင်း ဝါဝင်းသော ကိုယ်တော်မြတ်ကို ဖူးမြော်ကြပါသည်။ ယခုသော်ကား ရွှေရောင်အဆင်းဝါဝင်းသော သရီရဓါတ်တော်များသာ

ကြွင်းကျန်ကြပါတော့သည်. . . မြတ်စွာဘုရား. . ဤသို့ဖြစ်ရခြင်းသည် အရှင်ဘုရားတို့အဖို့ရာ မသင့်လျော်လှပါ ဘုရား"ဟု ပြောဆို ငိုကြွေးကြလေကုန်၏။

ထိုအခါ ဒေါနပုဏ္ဏားသည် မင်းအများတို့ မေ့လျော့ကြသောအဖြစ်ကို ရိပ်မိသိရှိကြကာ မြတ်စွာဘုရား၏ လက်ျာစွယ်တော်ဓါတ်ကို နှုတ်ယူကာ မိမိ၏ဦးရစ် ခေါင်းပေါင်းကြား၌ ဝှတ်ထားလိုက်လေ၏။ ထိုနောက် မင်းများ သတိရလာကြသောအခါ သရီရဓါတ်တော်များကို ရွှေပြည်တောင်းဖြင့် ချင်တွယ်၍ တစ်ပုံလျှင် နှစ်ပြည်ကျခွဲဝေ ပေးလေ၏။ အလုံးစုံသောဓါတ်တော်များသည် ဗတေတိပြည်တောင်းဖြင့် ဆယ့်ခြောက်ပြည် တတင်းသာ ရှိကြ လေသည်။ ပြည်ထောင်မင်းတစ်ဦးတည်းလျှင် နှစ်ပြည်ကျစီ ရရှိကြလေသည်။

သုဒ္ဓိလတ်မှ သုဝှတ်လုသည်တူဘိသတဲ့သို့ ဒေါနပုဏ္ဏားကြီးဓါတ်တော်များကို ခွဲဝေပေးနေစဉ် သိကြား နတ်မင်းသည် "နတ်နှင့်တကွသော လူအပေါင်း၏ ယုံမှားကို ပယ်ဖြောက်ရန် အမှန်လေးချက် တရားနက်ကို မြွက်တော်မူကြောင်း တောင်းမြတ်သော ဥဝန်သသည်း ပစ္စည်းစင်စစ်ဖြစ်သည့် မြတ်စွာဘုရား၏ လက်ျာစွယ်တော် မြတ်ကို အဘယ်သူသည် ရယူအပ်လေသနည်း" ဟု ကြည့်ရှုလတ်သော် ဒေါနပုဏ္ဏားကြီး ဦးရစ်ခေါင်းပေါင်း ကြား၌ ဝှတ်၍ ယူထားအပ်သည်ကို ထင်ရှားစွာမြင်သိ၍ "ဤပုဏ္ဏားသည် လက်ျာစွယ်တော်မြတ်အား လျော်ပတ် သော ပူဇော်မှုကို ပြုနိုင်လိမ့်မည် မဟုတ်၊ ထိုလက်ျာ စွယ်တော်မြတ်ကိုငါပင် ဆောင်ယူတော့အံ့"ဟု ကြံစည်ဆင်ခြင် ကာ ဦးရစ်ခေါင်းပေါင်းကြားမှ လက်ျာစွယ်တော်ဓါတ်ကို ပင့်ဆောင်ယူ၍ ရွှေပန်းတောင်း၌ ထားရှိပြီးလျှင် နတ်ပြည် သို့ပင့်ဆောင်လျှက် စူဠာမဏိစေတီတော်အတွင်း ထည့်သွင်းဌာပနာလေ၏။

ဒေါနပုဏ္ဏားသည်လည်း သရီရဓါတ်တော်များကို ခုနှစ်ပြည်ထောင်မင်းတို့အား ခွဲဝေပြီးလျှင် မိမိဦးရစ် ခေါင်းပေါင်းအကြား၌ ဝှတ်၍ထားသော လက်ျာစွယ်တော်ဓါတ်ကို စမ်းသပ်ရှာဖွေသော်လည်း မတွေ့မြင်ရကား နိုးဝှတ်၍ ယူထားအပ်သောကြောင့် "အဘယ်သူသည် ငါ၏စွယ်တော်ဓါတ်ကို ယူအပ်သနည်း" ဟုလည်း မမေးဝံ့၊

"ဆရာကြီး. . ဆရာကြီးသည်ပင်ဓါတ်တော်များကို ခွဲဝေပေးအပ်သည် မဟုတ်ပါလော၊ ဆရာကြီးသည် အဘယ်ကြောင့် ရှေးဦးတပင် မိမိ၏ ဓါတ်တော်များကို အလိုရှိကြောင်းကို မစဉ်းစားမဆင်ခြင်ဘိသနည်း"ဟု မိမိအပေါ်၌ အပြစ်တင်ကြမည်ကို ဆင်ခြင်စဉ်းစား မိသောကြောင့် ငါ့အားလည်း ဓါတ်တော်ဝေစုများ ပေးကြပါ တုန်လော့"ဟုလည်း မပြောဆိုဝံ့ချေ။ သို့ရကား ဤဓါတ်တော်ခြင်သော ပြည်တောင်းသည်လည်း ဓါတ်တော် အလားရှိသည်သာဖြစ်၏၊ ယင်းပြည်တောင်းဖြင့် ဓါတ်တော်များကို ခြင်တွယ်အပ်ခဲ့ကုန်ပြီ၊ သို့ရကား ငါသည် ပြည်တောင်းကိုပင် စေတီပုထိုး တည်ထားကိုးကွယ်ရတော့မည်ဟု ကြံစည်စဉ်းစားပြီးလျှင် ပြည်ထောင်မင်းတို့ကို-

"အရှင်တို့. . အတွန်ုပ်အား ဤဓါတ်တော်ခြင်သော ပြည်တောင်းကို ပေးကြပါလော့ အတွန်ုပ်သည်လည်း ဓါတ်တော်ခြင်သော ပြည်တောင်းကို စေတီပုထိုး တည်ထားကိုးကွယ်ပူဇော်ပါအံ့ဟု" ပြောဆိုလေ၏၊ ပြည်ထောင် မင်းတို့သည်လည်း ဒေါနပုဏ္ဏားအား ဓါတ်တော်ခြင်သော ပြည်တောင်းကို သဘောတူပေးကြလေကုန်၏။

မောရိယမင်းတို့ နောက်မှ ရောက်လာကြခြင်း

ပိပ္ပလိဝနတိုင်းသား မောရိယမင်းများသည်လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူကြောင်း၊ သတင်း ကြားသိကြ၍ အဇာတသတ်မင်းတည်းဟူ သော ဓာန်ဓလွှတ်ကာ သဝဏ်လွှာပါးကြ၍ အငါးလေးဝါးရှိသော စစ်ထပ်

ကြီးဖြင့် ကုသိနာရုံပြည်အရောက် နောက်ကျမှ ရောက်လာကြလေ၏။ ထိုကုသိနာရုံပြည်သား မလ္လမင်းများက ဗြတ်စွာဘုရား၏ သရီရဓါတ်တော်ကို ခွဲဝေ၍ ပေးပြီးကုန်ပြီ၊ ဤမီးသပြိုလ်ရာအရပ်မှ မီးသွေးကိုသာ ယူဆောင်ကြ ကုန်လော့"ဟု ဆိုသဖြင့် မောရိယမင်းတို့သည် မီးသပြိုလ်ရာအရပ်မှ မီးသွေးကိုသာယူဆောင် ပြန်သွားကြလေ ကုန်၏။

(၁) မဂဓတိုင်း ရှင်ဘုရင် အဇာတသတ်မင်းသည် ရာဇဂြိုလ်ပြည်၌ မြတ်စွာဘုရား၏ သရီရဓါတ်တော်တို့ကို စေတီပုထိုးတည်ထား ပူဇော်ကြကုန်၏၊ (၂) ဝေသာလီပြည်သား လိစ္ဆဝီမင်းများသည် ဝေသာလီပြည်၌ မြတ်စွာဘုရား၏ သရီရဓါတ်တော်တို့ကို စေတီပုထိုးတည်ထား ပူဇော်ကြကုန်၏၊ (၃) ကပိလဝတ်ပြည်သား သာကီဝင်များသည်လည်း ကပိလဝတ်ပြည်၌ မြတ်စွာဘုရား၏ သရီရဓါတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်ကြကုန်၏၊ (၄) အလ္လကပ္ပပြည်သား ဗာဝုလီမင်းများသည် မိမိတို့ အလ္လကပ္ပပြည်၌ မြတ်စွာဘုရား၏ သရီရဓါတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်ကြကုန်၏၊ (၅) ရာမရွာသား ကောလိယမင်းများသည် မိမိတို့ ရာမရွာ၌ မြတ်စွာဘုရား၏ သရီရဓါတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏၊ (၆) ဝေဌဒီပတိုင်းသား ပုဏ္ဏားတို့သည်လည်းမိမိ၏ ဝေဌဒီပတိုင်း၌ မြတ်စွာဘုရား၏ သရီရဓါတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်လေ၏၊ (၇) ပါဝါပြည်သား မလ္လမင်းများသည် မိမိတို့ ပါဝါပြည်၌ မြတ်စွာဘုရား၏ သရီရဓါတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြ၏၊ (၈) ကုသိနာရုံပြည်သား မလ္လမင်းများသည် မိမိတို့ ကုသိနာရုံပြည်၌ မြတ်စွာဘုရား၏ သရီရဓါတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်ကြကုန်၏၊ (၉)ဒေါနပုဏ္ဏားသည်လည်း မိမိရသော ပြည်တောင်းကို စေတီပုထိုး တည်ထားပူဇော်လေသည်၊ (၁၀) ပိပ္ပလိဝနတိုင်းသား မောရိယမင်းများသည်လည်း မိမိတို့ ရရှိခဲ့ကြသည့် မီးသပြိုလ်ရာအရပ်မှ ဗင့်ဆောင်ခဲ့သော မီးသွေးတို့ကို ပိပ္ပလိဝနတိုင်း၌ စေတီပုထိုးတည်ထား ပူဇော်ကြကုန်၏၊ ဤသို့လျှင် သရီရဓါတ် စေတီပုထိုးတော်ဖြတ်ရှစ်ဆူနှင့် ကိုးခုမြောက် ပြည်တောင်း စေတီပုထိုး တဆူ ဆယ်ခုမြောက်မီးသွေးစေတီပုထိုးတဆူတအားဖြင့် ဤစေတီပုထိုးတော် ဆယ်ဆူတို့ ထင်ရှားဖြစ်ပေါ်ခဲ့လေသတည်း။

# အရှိနဲ့အသိ တရားရှိပါ

| | |
|---|---|
| မာရ်နတ်လိုလဲ | မယုတ်မာနဲ့ |
| ဒေဝဒတ်လိုလဲ | မကြံ့စည်နဲ့ |
| အဇာတသတ်လိုလဲ | အပေါင်းမမှားနဲ့ |
| အင်္ဂုလိမာလလိုလဲ | မရက်စက်နဲ့ |
| ဒဿဂီရိလိုလဲ | အချစ်မကြီးနဲ့ |
| စူဠသုဘဒ္ဒါလိုလဲ | ရန်ငြိုးမထားနဲ့ |
| ဇူဇကာလိုလဲ | အစားမကြူးနဲ့ |
| မဖျိုင်းလိုလဲ | ဘဝင်မမြင့်နဲ့ |

ဤရှစ်ယောက်တို့၏ စိတ်ထားများသည် လောဘကြောင့် ဒေါသဖြစ်၏။ ဒေါသကြောင့်မောဟဖြစ်၏။ ထိုကဲ့သို့ မဖြစ်စေရန် မလိုခြင်လေ ရလေ ရလေ မလိုခြင်လေ ဖြစ်အောင်ကျင့်ပါ။ လိုခြင်လေ မရလေ မရလေ လိုခြင်လေ ဖြစ်အောင်မကျင့်ပါနှင့်။



တအုပ်လင့်ပေါင်းစုံ
09 789 422 340